# سيرة النبي صلى الله عليه وسلم

# တမန်တော်မြတ်

## စတုတ္ထတွဲ

၁၉၈၈–ခု နိုဝင်ဘာလ

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၄၉၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၆၈)

ပထမအကြိမ် အုပ်ရေ ၃၀၀၀

ကျမ်းပြု၊ သီရိပျံချီ ဃာဇီ မူဟမ္မဒ် ဟာရှင်မ်

ထုတ်ဝေသူ။ ဦးလှတင် (ခ) ဦးဃနီ (၀၉၆၃)
အစ္စလာမ်သာသနာရေးရာကောင်စီ ဌာနချုပ်
အမှတ် ၁၈၃၊ မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း) (၀၂၆/၁၁)
ဇော်ဦးပုံနှိပ်တိုက်၊ အမှတ် ၂၊ ချွန်း ၁–လမ်း၊
ပုသိမ်ညွန့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ရန်ကုန်မြို့။

သာသနာ့အလှူကြေး

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **အသက်ဥစ္စာဂုဏ်သိက္ခာကာကွယ်ရေးဆိုင်ရာစာရေးဥပဒေများ** | ၁၁ |
| အမွေခန်း | ၁၂ |
| (ဝဆ္စိယတ်) သေတမ်းစာ | ၁၃ |
| (ဝကပ်) | ၁၆ |
| ထိမ်းမြားခြင်း၊ ပြတ်စဲခြင်း | ၁၀ |
| သတ်စားသတ်ခြင်း | ၁၉ |
| **ဟာလာလ်နှင့် ဟရာမ်** | ၃၁ |
| စားသောက်ဖွယ်ရာများတွင် စားသုံးပိုင်သော -ပစ္စည်းနှင့် မစားသုံးပိုင်သော ပစ္စည်း | ၃၆ |
| သေရည်သေရက်ကို ပိတ်ပင်တားမြစ်ခြင်း | ၄၁ |
| အတိုးစားခြင်းကို ပိတ်ပင်တားမြစ်တော်မူခြင်း | ၄၁ |
| **နောက်ဆုံးဟဂျ်** | ၄၅ |
| အစဉ်လာဆိုးအရပ်ရပ်ဖျက်၊ လူတန်းစားမခွဲရ | ၅၅ |
| လူသတ်ပွဲရပ် | ၅၇ |
| **အတိုးစားခြင်းပိတ်** | ၅၈ |
| **အမျိုးသမီးတို့၏ အခွင့်အရေးကျပ်ပြည့်ပေး** | ၅၉ |
| **အသက်နှင့်ဥစ္စာ ကာကွယ်ရာ** | ၆၀ |
| ကုရ်အာန်ကို ဆုပ်ကိုင်ထား လမ်းမမှား | ၆၁ |
| မူပိုင်းဆိုင်ရာ အဆိုအမိန့် ပညတ်များ | ၆၂ |
| အမွေစားတစ်ဦးအဖို့ အင်၍ မှာကြားပေးတော်မူရန်မလို | ၆၂ |
| ကိုယ့်အိပ်ရာပေါ်တွင် မွေးသည့်သား ကိုယ့်သား | ၆၂ |
| အဖေအရင်းကိုစွန့်၍ တပါးသူကို အဖေမခေါ်ရ | ၆၂ |
| လင်၏ပစ္စည်းကို ခွင့်မရှိပဲ မယားမလှူရ | ၆၃ |
| ကြွေးဆပ်၊ ငှား၊ ပြန်ပေး၊ လက်ဆောင်တုန့်ပြန် | ၆၃ |
| အာမခံသူသည် ဒဏ်ဆောင်ရမည် | ၆၃ |
| တာဝန်ကျေမကျေ ကြိုတင်စိစစ်ရမည် | ၆၄ |
| နောက်ဆုံးဟဂျ်တွင် တမန်တော်မြတ်၏ အဆောင်အယောင် | ၆၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဘာသာရေးတွင် အယူမသည်းရ | ၆၈ |
| အချိန်ရှိခိုက် ဟဂျ်ကျင့်စဉ်များသင်ယူကြ | ၆၉ |
| အစ္စလာမ်သည် ဘဝမှန်သို့ ရောက်ပြီ | ၇၀ |
| စစ်မတိုက်ရသော လများ | ၇၁ |
| အသက်၊ ဥစ္စာ၊ သိက္ခာ မြတ်နိုးရာ | ၇၂ |
| အချင်းချင်းသတ်ဖြတ်၍ ကိုယ့်ကိုယ်ကို မဖျက်ဆီးရ | ၇၄ |
| ပြစ်မှုကျူးလွန်သူကိုသာ အပြစ်ပေး | ၇၄ |
| ကုရ်အာန်နှင့် အညီ ဦးဆောင်မှုပေးသော ခေါင်းဆောင်၏ .... အမိန့်ကို နာခံရမည် | ၇၅ |
| အသေးအဖွဲကိစ္စကလေးတွေတွင်မျှရှိုင်တွာန်ဝမ်းသာအောင် ....မလုပ်ရ | ၇၆ |
| ဂျန္နဟ်ရောက်ကြောင်းတရား | ၇၇ |
| တာဝန်ကျေ မကျေ ပြန်လည်စိစစ် | ၇၈ |
| ရှေ့မှောက်တွင် ရှိသူများသည် ရှေ့မှောက်တွင် မရှိသူများအား ....တဆင့်ဟောကြားကြရမည် | ၇၉ |
| 'အလ်ဝဒါဟ်' ဟူ၍ နှုတ်ဆက်တော်မူခြင်း | ၇၉ |
| ကုရ်ဗာနီပြုလုပ်တော်မူခြင်း၊ ဆံချတော်မူခြင်း | ၈၁ |
| ဇမ်ဇမ်ရေကို သောက်သုံးတော်မူခြင်း | ၈၂ |
| အိုင်ယာမိတရှ်ရိုက်တွင် မီနာ၌ပင် ရပ်နားတော်မူခြင်း | ၈၂ |
| နောက်ဆုံး တဝါးဖ်၊ မဒီနာသို့ ပြန်ကြွတော်မူခြင်း | ၈၃ |
| ခုမ်း၌ရပ်နား၊ ထပ်ပြီး မှာကြား | ၈၃ |
| မောင်လာအလီနှင့် ပတ်သက်၍ ထပ်မံမှာကြားတော်မူခဲ့ခြင်း | ၈၅ |
| ဂုဏ်ဘော်မွမ်းကာ မြို့တော်သို့ ဝင်တော်မူခြင်း | ၈၆ |
| ကွယ်လွန်သေဆုံးတော်မူခြင်း | ၈၉ |
| ကလောင်စာနှင့် စက္ကူတောင်းတော်မူခြင်း | ၉၅ |
| နောက်ဆုံးမိန့်ခွန်း | ၉၆ |
| ဒဖန်– သဂြိုဟ်မြေမြှုပ်ခြင်း | ၁၀၆ |
| ထားရှိတော်မူခဲ့သော အရာများ | ၁၁၄ |
| မြေယာ | ၁၁၆ |
| အစီးအနင်းများ | ၁၁၇ |
| လခီးဖ်၊ အုဖိုင်ရ်၊ အသ္ဘဖာ (ကဆွ်ဝါ) | ၁၁၈ |
| တီးဟ် (ဒုလ် ဒုလ်) | ၁၉၁ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကာကွယ်ရေးဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဓားလွယ်များ | ၁၂၀ |
| သံချပ်အင်္ကျီများ၊ တူးလေး(ဒူးလေး)များ၊ မြှားအိတ် | ၁၂၁ |
| ဒိုင်း၊ ဓားတို၊ ဓားမောက်၊ သံခမောက်၊ ဂျွဗွတ်၊ အလုံ၊ ဆံတော် | ၁၂၂ |
| ဖိနပ်တော်၊ ခွက်တော်၊ ဓားလွယ်ကော့် ဇုမ္ဘိကာ ရိဘယ်ရောက် | ၁၂၃ |
| အဝတ်အစားတော်များ၊ လက်စွပ်တော်၊ တောင်ဝှေးတော် | ၁၂၃ |
| အိမ်တော် | ၁၂၄ |
| နို့ထိန်းတော် | ၁၂၇ |
| တပည့်ရင်းများ၊ သာဝကကြီး အဗ်ဒုလ္လာဟ်ဏွဗ်နူမတ်စ်အုဒ် | ၁၂၈ |
| သာဝကကြီး ဗိလာလ် | ၁၂၉ |
| သာဝကကြီး အနက်စ် ဏွဗ်နီမာလိတ် | ၁၃၀ |
| **ရုပ်ဆင်းသဏ္ဌာန်တော်** | ၁၃၁ |
| နဗ္ဗဝါတ်တံဆိပ်တော် | ၁၃၂ |
| ဆံတော် | ၁၃၃ |
| လှမ်းလျှောက်ပုံ၊ ပြောပုံဆိုပုံ | ၁၃၄ |
| ပြုံးရွှင်ပုံ၊ ဝတ်စားဆင်ယင်ပုံ | ၁၃၆ |
| အိမာမဟ် ပေါင်းထုပ်တော်၊ ရုံထည် | ၁၃၇ |
| အနီရောင်ရုံထည် | ၁၃၈ |
| ခြေနင်းတော်၊ အိပ်ရာတော်၊ လက်စွပ်တော်၊ သံချပ်အင်္ကျီ၊ သံခမောက် | ၁၃၉ |
| **အစားအစာ** | ၁၄၀ |
| စားပုံ သောက်ပုံ၊ အဝတ်အစား | ၁၄၂ |
| နှစ်သက်တော်မူသော အရောင်အဆင်း | ၁၄၃ |
| နှစ်သက်တော်မမူသော အရောင်အဆင်း | ၁၄၄ |
| နံ့သာကိုသုံးဆောင်ခြင်း၊ သန့်ပြန့်မှုကို နှစ်သက်တော်မူခြင်း | ၁၄၅ |
| မြင်းပြိုင်ပွဲ | ၁၅၀ |
| မြင်းပြိုင်ပွဲစည်းကမ်းများ | ၁၅၁ |
| **တမန်တော်မြတ်၏ နေ့စဉ်လုပ်ရပ်များ** | ၁၅၃ |
| အိပ်စက်တော်မူခြင်း | ၁၅၄ |
| ညအခါဝတ်ပြုတော်မူခြင်း | ၁၅၆ |
| ဆွလာတ်တွင် တမန်တော်မြတ်၏ အလေ့အထများ | ၁၅၇ |
| ခွတ္တဗဟ် ဩဝါဒ | ၁၆၀ |
| ခရီးတွင် တမန်တော်မြတ်၏ အလေ့အထများ | ၁၆၃ |
| ဂျိဟာဒ်တွင် တမန်တော်မြတ်၏အလေ့အထများ | ၁၆၇ |

မသာအိမ်သွားရာတွင် လူမမာကြည့်ရာတွင်
....တမန်တော်မြတ်၏ အလေ့အထများ ၁၆၉
တွေ့ဆုံရာတွင် တမန်တော်မြတ်၏ အလေ့အထများ ၁၇၀
လက်ယာဘက်ကို ဦးစားပေးတော်မူခြင်း ၁၇၃
**ဓမ္မသဘင်** ၁၇၄
တရားဓမ္မဟောကြားတော်မူခြင်း ၁၇၈
ဓမ္မသဘင်တွင် စောင့်သိရှိသေအပ်သည့်အချက်များ ၁၇၈
ဓမ္မသဘင်အချိန်များ ၁၈၁
အမျိုးသမီးများအတွက် သီးသန့်ဓမ္မသဘင် ၁၈၄
တရားဓမ္မဟောကြားနည်း ၁၈၅
ဓမ္မသဘင်တွင်ပြုံးရွှင်တော်မူခြင်း ၁၈၈
တမန်တော်မြတ်ထံတော်ပါး နေ့ထိုင်ခြင်း၏အကျိုး ၁၈၉
**စာပေဂုဏ်မြောက်သော ဓမ္မဒြဲဝါဒ** ၁၉၁
တရားဟောပုံ ၁၉၂
ဓမ္မဒြဲဝါဒတော်၏ အမျိုးအစား၊ အစားစား ၁၉၃
မဒီနာမြို့၌ ပထမသောကြာနေ့တွင် ဟောကြားတော်မူသော
....ပထမခွတ္တဗဟ် ဓမ္မဒြဲဝါဒ ၂၀၄
အကျိုးသက်ရောက်မှု ၂၀၅
**အိဗါဒတ် ဝတ်ပြုမှု** ၂၂၂
ဆုပန်ကြားမှုနှင့် ဝတ်ပြုမှု ၂၂၃
ဆွ ယာမ်ဥပုသ် ဆောက်တည်မှု ၂၃၄
ဇကာတ် ၂၃၇
ဟာဂျ် ၂၃၈
အလ္လာဟ်အရှင်မြတ်အား အမြဲတစေ တသတော်မူခြင်း ၂၃၉
သာသနာ့ကျင့်သုံးမှု ထက်သန့်စွာပြု ၂၄၁
စစ်မြေပြင်တွင် အလ္လာဟ်အရှင်မြတ်အား တသ သတိရတော်မူခြင်း ၂၄၄
အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ငြားတော်မူခြင်း ၂၅၁
ငိုကြွေးတော်မူခြင်း ၂၅၄
အလ္လာဟ်အရှင်မြတ်အား ချစ်ကြည်မြတ်နိုးတော်မူခြင်း ၂၅၇
တဝက္ကလ် အလ္လာဟ်အရှင်မြတ်အား ယုံကြည်အားထားခြင်း ၂၆၃
သည်းခံတော်မူခြင်း၊ ကျေးဇူးတင်တော်မူခြင်း ၂၇၈

# အမှာစာ

မြန်မာနိုင်ငံတော် အစ္စလာမ်သာသနာရေးရာအဖွဲ့၏ သာသနာ့စာပေဖြန့်ချိရေးတာဝန်ပိုင်းအရ၊ စာစဉ်(၃၂)အဖြစ်နှင့် ဤကျမ်း တမန်တော်မြတ်စတုတ္ထတွဲကို ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။ အစ္စလာမ် သာသနာရေးအဖွဲ့ မူလစတင်ထူထောင်ခဲ့သည်မှ ယခုထိ အနှစ်၃၀-ခရီးကိုကျော်လွန်ဖြတ်သန်းနိုင်ခဲ့ပြီ ဖြစ်သည်။ သာသနာ့စာပေများ ဘာသာပြန်ဆိုလျက်ပင်ရှိပါသည်။

ဤကာလအတွင်း အစ္စလာမ်သာသနာရေးရာ အဖွဲ့ချုပ်မှ ဖြန့်ချိဆဲ ဖြန့်ချိခဲ့သော စာစောင်၊ စာပေ ကျမ်းဂန်နှင့် လက်ကမ်းစာစောင်ငယ်များ အတော်များများဖြန့်ချိနိုင်ခဲ့ပါသည်။ ထုတ်ဝေခဲ့သောစာပေကျမ်းဂန်တို့မှ အမြတ်အစွန်းကို လုံးဝမမျှော်လင့်ပါ။ ရည်ရွယ်ခြင်းလည်းမရှိပါ။

တိုင်းရင်းသားအစ္စလာမ် သာသနာ့ဝင်တို့ထံသို့ တိုင်းရင်းဘာသာ မြန်မာစာပေဖြင့် ပီပီပြင်ပြင်ဖွင့်ဆိုထားသော 'အစ္စလာမ်'ကို အိမ်တိုင်ရာရောက်ပေးပို့ဖြန့်ဖြူးရမည့်တာဝန်ပိုင်းကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဤအချက်ကို အစ္စလာမ်အအသင်းဝင်များ သိမြင်ကြစေချင်သည်။ တမန်တော်မြတ်အတ္ထုပ္ပတ္တိတော်ကို တိုင်းရင်းမြန်မာစာပေဖြင့် တိကျမှန်ကန်စွာ ဘာသာပြန်ဆိုခြင်းများ ပြည့်စုံစွာ ဖော်ထုတ်နိုင်ခြင်း မရှိသေးပါ။ ယခုအချိန်မျိုးတွင် အစ္စလာမ် တိုင်းရင်းဘာသာစာပေဖြင့် ပုံနှိပ်ထုတ်ဝေရေးမှာ မလွယ်ကူပါ။ ဌာနချုပ်ဥက္ကဋ္ဌကြီး သီရိပျံချီ အလ်ဟာဂျ်မုဖတ်စီရုလ်ကူရ်အာန်အလ္လာမဟ်အာဇာမုဟမ္မဒ်ဖာရှင်မ်မှာ မမာမကျန်းဖြစ်နေမှုကတကြောင်း၊ အခြားကိစ္စရပ်များ မအားလပ်အောင်ရှိနေမှုကတကြောင်း၊ ယင်းသည့်အထဲမှ အချိန်ကိုကျားကုတ်ကျားခဲကြိုးပမ်းပြီး ဤတမန်တော်မြတ်စတုတ္ထတွဲကိုရေးနိုင်ခဲ့ခြင်းအတွက် ဥက္ကဋ္ဌကြီး၏မျိုးချစ်စိတ်ကို တိုင်းရင်းမွတ်စလင်မ်များ ဂုဏ်ယူမဆုံး၊ ကျေးဇူးတင်မဆုံးဖြစ်ကြရသည်။

အစ္စလာမ်အဖွဲ့ချုပ်ဥက္ကဋ္ဌကြီး၏ အလွန်တန်ဖိုးရှိလှသော မြန်မာဘာသာပြန်ဆိုချက်များအရ၊ တမန်တော်မြတ်ကျမ်းစတုတ္ထတွဲအထိ၊ ကျမ်း ၄-တွဲနှင့် တမန်တော်မြတ်သြဝါဒတော်ကျမ်း ၁-တွဲ၊ အခြားကျမ်းငယ်များစွာကို ထုတ်ဝေဖြန့်ချိပေးနိုင်ခဲ့သဖြင့် တိုင်းရင်း အစ္စလာမ်ဝင်တို့အဖို့

လွန်စွာတန်ဖိုးရှိသော ရတနာသိုက်များကို ဖွင့်လှစ်အသုံးချပေးနိုင်ခြင်းအတွက်လည်း ကျေးဇူးတင်မဆုံး၊ ဂုဏ်ယူမဆုံး ဖြစ်ကြရပါသည်။

ယင်းကြောင့် ထာဝရအသျှင်အလ္လာဟ်၏ မဟာကရုဏာတော်များမှာ ပြည်ထောင်စုဖွား အစ္စလာမ်ဘာသာဝင်တိုင်းအပေါ် ကျရောက်၍လာနေပြီကို အကြွင်းမဲ့ယုံကြည်မှုရှိကြရပါသည်။

ယခု တမန်တော်မြတ်စာတွဲ၏ ခေါင်းစဉ်အကြောင်းများကို သုံးသပ်သည့်တွင်.... ၁။ အသက်၊ ဥစ္စာ၊ ၂။ ဂုဏ်သိက္ခာကာကွယ်ရေးဆိုင်ရာ ဥပဒေများ၊ ၃။ ဟလာမ်နှင့် ဟာရာမ်၊ ၄။ နောက်ဆုံးဟိဂျ်၊ ၅။ ကွယ်လွန်ဝဖလ်ဖြစ်တော်မူခြင်း၊ ၆။ ထားရှိတော်မူသောအရာများ၊ ၇။ ရုပ်ဆင်းသဏ္ဌာန်တော်၊ ၈။ တမန်တော်မြတ်၏နေ့စဉ်လုပ်ငန်းများ၊ ၉။ ဓမ္မသဘင်၊ ၁၀။ စာပေဂုဏ်မြောက်သော ဓမ္မဩဝါဒ၊ ၁၁၊ အဲဗ်ဒါသ်ခဝတ်မှုများ.... စသည့်ခေါင်းစဉ်ပါအကြောင်းရပ်များ အသေးစိတ်လေ့လာဖတ်ရှုခွင့်ရသူများအဖို့ ကျမ်းမြတ်ကုရ်အာန်စူရာ ၃၃၊ အာယတ်တော် ၂၁-၌ အသျှင်မြတ်က ဤသို့မိန့်ဆိုထားသည်ကို နှလုံးသွင်းကြရန်လိုအပ်လှပါသည်။

**မိန့်ဆိုထားချက်**

အလ္လာဟ်အရှင်မြတ်ကို ဖူးမြော်ခွင့်နှင့် ကမ္ဘာ့နောက်ဆုံးတရားစီရင်မည့်နေ့ကို အလိုရမ္မက်ထားကြသူများ၊ အလ္လာဟ်အရှင်မြတ်ကို များစွာအောက်မေ့တသနေထိုင်ကြသူများအဖို့ အလ္လာဟ်အရှင်က တာဝန်ပေးစေလွှတ်သော တမန်တော်မြတ်၌ အကောင်းဆုံးသော စံနမူနာအတုယူစရာများ အမှန်မုချရှိ၏။ (ကုရ်အာန် ၃၃း၂၁)

ဤမှကွာပါဋ္ဌတော်အရ၊ ကမ္ဘာ့စံနမူနာဖြစ်တော်မူသည့် တမန်တော်မြတ်မုဟမ္မဒ် (ဆွာလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကို အနီးကပ်သုံးသပ်လေ့လာနိုင်ကြပါစေ၊ တမန်တော်မြတ်၏ ကျင့်စဉ်ကျင့်ရပ်များနှင့် သီတင်းသုံးနေထိုင်တော်မူခဲ့သည့် စံနမူနာတို့နှင့်အညီ တိုင်းရင်းသား အစ္စလာမ်ဘာသာဝင်တို့သည် မိမိတို့ကိုယ်ကို အတတ်နိုင်ဆုံး ကျင့်သုံးနေထိုင်သွားကြရန်လည်း ကြိုးပမ်းအားထုတ်နိုင်ကြသည်ဖြစ်ပါစေ။

ဦးဆာနီ
အတွင်းရေးမှူးချုပ်
အစ္စလာမ်သာသနာရေးရာဌာနချုပ်

## အသက်၊ ဥစ္စာ၊ ဂုဏ်သိက္ခာ ကာကွယ်ရေးဆိုင်ရာ တရားဥပဒေများ

လူသားအချင်းချင်းတွင် ဖြစ်ပေါ်လေ့ရှိသော အမှုအခင်းများနှင့် စပ်လျဉ်း၍ အစ္စလာမ်၏တရားဥပဒေသည် တစ်ဖြည်းဖြည်းသာ ပြီးပြည့်စုံလာခဲ့၏။ ဥပမာ အမွေခန်း၊ ထိမ်းမြားရေး၊ ပြတ်စဲရေး၊ သတ်စား သတ်ဖြတ် ကွပ်မျက်ရေး ....စသည့် အမှုအခင်းများ၊ တရားဥပဒေများသည် တမန်တော်မြတ် ပွင့်တော်မူပြီးနောက် အချိန်အတော်ကြာမှ ကျရောက်လာခဲ့၏။ အကြောင်းကား ယင်းသည့် တရားဥပဒေများကို လက်တွေ့ အာဏာတည်စေရန်အတွက် အာဏာစက်လို၏။ ထို အာဏာစက်ကိုကား အစ္စလာမ်သည် ယခုတိုင် မရရှိခဲ့သေးပေ။ အာဏာစက်မရှိသော တရားဥပဒေသည် အသက်မရှိပေ။

အစ္စလာမ်၏ နိုင်ငံရေး အာဏာစက်သည် 'ဗဒ်ရ်' စစ်ပွဲနောက်မှ စတင်ပေါ်ပေါက်လာခဲ့၏။ ဟိဂျ်ရီ ၁–ခုနှစ်၊ ၂–ခုနှစ်တွင် 'ကစ်ဗ်လဟ်'= မျက်နှာမူရာဌာနရွှေ့ပြောင်း၊ ဆွံယာမ်ဥပုသ်ဆောက်တည်ခြင်း၊ ဖိတ္တရဟ် ပေးခြင်း၊ အီဒ်ဆွလာတ်ဝတ်ပြုခြင်း၊ ကုရ်ဗာနီပြုလုပ်ခြင်းနှင့် စပ်လျဉ်းသည့် အမိန့်များ ကျရောက်လာခဲ့၏။ ဟိဂျ်ရီ ၃–ခုနှစ်မှ စ၍ အစ္စလာမ် လှုပ်ရှားမှုများ တိုးတက်များပြားလာခဲ့သည့်အခါ ဦးစွာ ပထမအမွေခန်းနှင့် စပ်လျဉ်းသည့် တရားဥပဒေသည် ကုရ်အာန်ကျမ်းမြတ်တွင် ကျရောက်လာခဲ့လေသည်။

**အမွေခံကား။**

မဒီနာမြို့သို့ မွတ်စလင်မ်များ စတင်ရောက်ရှိလာခဲ့သည့်အချိန်တွင် အခြေအနေကား အဖေဖြစ်သူ မွတ်စလင်မ်ဖြစ်လျှင် သားဖြစ်သူက ကာဖိရ် ဖြစ်နေ၏။ ညီဖြစ်သူကာဖိရ်ဖြစ်လျှင် အစ်ကိုသည် မွတ်စလင်မ်ဖြစ်နေ၏။ သားနှင့်အဘ၊ ညီနှင့်အစ်ကိုသည် ဘာသာအယူဝါဒမတူကြပေ။ ထို့သည့် အခြေအနေတွင် သားချင်းများ၏ အမွေနှင့် စပ်လျဉ်းသည့် တရားဥပဒေ သည် အသို့လျှင် အတည်ဖြစ်နိုင်အံ့နည်း။ ထို့အတွက်ကြောင့်ပင် တမန် တော်မြတ်သည် မဒီနာမြို့သို့ ရွှေ့ပြောင်းကြွလာတော်မူသည့် အခါ မုဟာဂျိရ်များနှင့် အန်ဆွာရ်များစပ်ကြားတွင် (မုဝါခါးတ်) ညီနောင် ဖွဲ့ပေးတော်မူခဲ့၏။ ထိုသို့ ညီနောင်ဖွဲ့ပေးတော်မူခြင်းဖြင့် ဥပဒေတစ်ရပ်ဖြစ် ပေါ်လာခဲ့သည်မှာအန်ဆွာရ်တစ်ဦးတစ်ယောက်သေဆုံးလျှင် ၎င်း၏အမွေ ကို ၎င်း၏ ညီနောင်ဖြစ်သူ မုဟာဂျိရ်ကရရှိ၏။

အရပ်လူမျိုးတို့တွင် ယခင်ကလည်းဥပဒေတစ်ခုရှိခဲ့သည်မှာ ပုဂ္ဂိုလ် နှစ်ဦးသည် အချင်းချင်း အမွေစားများဖြစ်ကြမည်ဟူ၍ ကတိပြုလေ့ရှိခဲ့ ကြ၏။ သို့ကတိပြုပြီးနောက်နှစ်ဦးအနက်တစ်ဦးသေဆုံးလျှင် ထိုသေဆုံးသူ၏ အမွေကို ကျန်တစ်ဦးက ရယူလေ့ရှိခဲ့၏။ သို့ရာတွင် ဟိဂျရီ ၃–ခုနှစ်တွင် အဆိုပါ အရပ်တို့၏ဥပဒေကို အောက်တွင် ဖော်ပြပါ ကုရ်အာန် ကျမ်း လာ မုကဒ္ဒပါဠ်တော်က ပယ်ဖျက်လိုက်လေသည်။

وَأُولُوا الْأَرْحَامِ بَعْضُهُمْ أَوْلَىٰ بِبَعْضٍ فِي كِتَابِ اللَّهِ

(8:75) قرآن

"သားချင်းများသည်၊ အချင်းချင်းပို၍ နီးစပ်ကြပေသည်"

ကုရ်အာန်(၈း၇၅)

အထက်ပါ မုကဒ္ဒပါဠ်တော်ကျရောက်လာသည့်အခါ (မုဝါခါးတ်) ညီနောင် ဖွဲ့မှုကိုအကြောင်းပြု၍ ရရှိခဲ့သော အမွေသည် ရပ်ဆိုင်းသွား ခဲ့၏။ အမွေသည် သားချင်းများအတွင်း၌သာ တည်ရှိနေခဲ့၏။

အမွေခန်းနှင့် စပ်လျဉ်း၍ မုက္ခပါဠ်တော် မကျရောက်မီ ကုရ်အာန်သည် (ဝဆိယတ်)သေဆုံးခါနီး မှာကြားခြင်းနှင့် စပ်လျဉ်း၍ ဥပဒေကို အတည်ပြုခဲ့၏။ ထိုဥပဒေအရ သေဆုံးခါနီးပုဂ္ဂိုလ်တစ်ဦးသည်မိမိပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ မည်သူ့အား မည်ရွေ့၊ မည်သူ့အား မည်မျှ....စသည်ဖြင့် မှာကြားသွားရ၏။ သေတမ်းစာရေးသွားရ၏။ သေဆုံးသွားသည့်အခါ မှာကြားသွားခဲ့သည့်အတိုင်း ထိုသူ၏ ပစ္စည်းများကို ခွဲဝေပေးရ၏။ မသေမီ ယင်းသို့ မှာကြားသွားခြင်းသည် မွတ်စလင်မ်ဟိုင်းအဖို့ (ဖရှသ်) မလုပ်မနေရ တာဝန်ဖြစ်ခဲ့၏။

كُتِبَ عَلَيْكُمْ إِذَا حَضَرَ أَحَدَكُمُ الْمَوْتُ إِن تَرَكَ
خَيْرًا الْوَصِيَّةُ لِلْوَالِدَيْنِ وَالْأَقْرَبِينَ بِالْمَعْرُوفِ
حَقًّا عَلَى الْمُتَّقِينَ ۝ قرآن (2:180)

''အသင်တို့အပေါ်၌ အမိန့်ပြဋ္ဌာန်းထားတော်မူသည်မှာ- အသင်တို့ အနက် တစ်ဦးတစ်ယောက်ထံသို့ သေခြင်းတရားဆိုက်ရောက်လာသော်၊ အကယ်၍ ထိုသူသည် တစ်စုံတစ်ရာဥစ္စာပစ္စည်းထားရှိခဲ့မူ (မိမိ၏) မိဘနှစ်ပါးနှင့် သားချင်းများအားတို့ ကောင်းမွန်စွာ (သေတမ်းစာဖြင့်) မှာကြားသွားရမည်။ ဤသည် သူတော်စင်များအပေါ်၌ မလွဲမရှောင်သာ လိုက်နာဆောင်ရွက်ရမည့် တာဝန်ပင်''

ကုရ်အာန်(၂း၁၈၀)

အချို့ပုဂ္ဂိုလ်များသည် ခရီးသွားလာရင်း လမ်းခရီးတွင် သေဆုံးသွားကြ၏။ ယင်းသို့သော ပုဂ္ဂိုလ်များ၏ မှာကြားချက်နှင့် စပ်လျဉ်း၍ သက်သေခံရန်အတွက်လည်း၊ ဥပဒေကို ကုရ်အာန်ကျမ်းမြတ်တွင် အသေးစိတ် မိန့်ဆိုထားတော်မူပေသည်။

ကြည့်-ကုရ်အာန်(၂း ၁၈၀-၁၈၂)
" (၅း ၁၀၆-၁၀၈)

ဗဒ်ရ်စစ်ပွဲ ဖြစ်ပွားပြီးနောက်ပိုင်းတွင် မွတ်စလင်မ် ဦး ရေ သည် သိသိသာသာ တိုးတက်များပြားလာခဲ့၏။ အရစ်တို့သည် မျိုးနွယ်လိုက်၊ အုပ်စုလိုက်၊ အစ္စလာမ်သို့ ကူးပြောင်းလာခဲ့ကြ၏။ ထို့အတွက်အမွေပစ္စည်း ခွဲဝေရေးနှင့် စပ်လျဉ်း၍ သီးသန့်ဥပဒေလိုလာခဲ့၏။ (ဝဆိယတ်) သေတမ်းစာဖြင့် အမွေခွဲဝေပေးသည့် စံနစ်တွင်လည်း ရုတ်တစ်ရက် သေဆုံးသည့်အခါ မျိုး၌အခက်အခဲဖြစ်လာခဲ့၏။ ဥပဒေတစ်စုံတစ်ရာသတ်မှတ်ပြဋ္ဌာန်းရန်လည်း မလွယ်ကူပေ။ ဥပမာ—မွတ်စလင်မ်များသည် 'ဂျိဟာဒ်' စစ်ပွဲများတွင် အခြေအနေအရ ထောင်နှင့်ချီ၍ ပါဝင် ဆင်နွှဲကြ၏။ ထိုအခါမျိုးတွင် စစ်ပွဲ၌ မည်သူမည်ဝါ ကျဆုံးမည်ဟူ၍ မည်သူမျှတာတ်အပ်သေချာမသိနိုင်ပေ။ ထိုအခြေအနေတွင် သေတမ်းစာ ရေးရမည်လည်းအခက်။ မရေးကလည်း အခက်၊ သေတမ်းစာမရေးမိပဲသေဆုံးသွားပါက သေဆုံးသူ၏ အမွေပစ္စည်းများကို သေဆုံးသူ၏ သားချင်းများအနက် ဦးရာပုဂ္ဂိုလ်က အပိုင်စီး၏။ ''အုဟွဒ်'' စစ်ပွဲတွင် ယင်းသို့သော အပိုင်စီးမှုများပေါ်လာခဲ့၏။ ဥပမာ—ဥစ္စာပစ္စည်း အလွန် ကုံလုံကြွယ်ဝသော သာဝကကြီးစအ်ဒ်ဣဗ်နုရဗိအ်သည် အဆိုပါ စစ်ပွဲတွင် ကျဆုံးသွားခဲ့၏။ ထိုအခါ အဆိုပါ သာဝကြီး၏ဇနီးသည် တမန်တော်မြတ်ထံရောက်ရှိလာပြီး၊ ကျွန်မ၏ခင်ပွန်း (သာဝကကြီးစအ်ဒ်ဣဗ်နုရဗိဒ်)သည် တမန်တော်မြတ် ရှေ့မှောက်တွင်ပင် ကျဆုံးသွားပြီးဖြစ်ကြောင်း၊ သမီးနှစ်ယောက်ကျန်ရစ်ခဲ့ကြောင်း၊ သို့တစ်စေလည်း သာဝကကြီးစအ်ဒ်၏ အမွေပစ္စည်းအားလုံးကို ၎င်း၏အစ်ကိုဖြစ်သူက သိမ်းယူထားကြောင်း တင်ပြရာ၊ တမန်တော်မြတ်က – ''အလ္လာဟ်စီရင်တော်မူပါလိမ့်မည်'' ဟု မိန့်ကြားတော်မူလိုက်၏။ ထို့နောက် ဟိဂျ်ရီ ၄–ခုနှစ်ခန့်တွင် အမွေပစ္စည်းခွဲဝေရေးနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အသေးစိတ် မုဂ္ဂပ ါဌ်တော်များကျရောက်လာခဲ့ပေသည်။

يُوصِيكُمُ اللّٰهُ فِيٓ اَوْلَادِكُمْ لِلذَّكَرِ مِثْلُ حَظِّ
الْاُنْثَيَيْنِ الخ قرآن (4:11-12)

''အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ သားသမီးများနှင့် စပ်သက်၍ အသင်တို့အား အမိန့်တော်မှုသည်မှာ–

ယောကျ်ားတစ်ယောက်၏ ဝေစုသည် မိန်းမနှစ်ယောက်၏ဝေစုနှင့် ညီမျှသည်။.... 'အဆုံးတိုင်'

ကုရ်အာန် (၄း၁၁-၁၂)

အထက်ပါ မိုက္ခပါဠ်တော် ကျရောက်လာသည့်အခါ တမန်တော်မြတ်သည် ကျဆုံးသွားသော သာဝကကြီး စအ်ဒ်၏အစ်ကိုအား ခေါ်၍ 'ကျဆုံးသူ စအ်ဒ်၏အမွေပစ္စည်းများအနက် သုံးပုံနှစ်ပုံကို ၎င်း၏သမီးများအားပေး၊ ရှစ်ပုံတစ်ပုံကို ၎င်း၏ဇနီးအားပေး၊ ထို့နောက် ကျန်သောအမွေပစ္စည်းကို အသင်ယူ'ဟု မိန့်ကြားတော်မူလိုက်လေသည်။

အစ္စလာမ်မထွန်းကားမီ အမိုက်ခေတ်တွင် အရပ်တို့သည် အမျိုးသမီးများအား အမွေပစ္စည်းခွဲဝေပေးလေ့မရှိခဲ့ပေ။ 'ဓားလွယ်ကို အသုံးချနိုင်သောသူသာလျှင် အမွေဆိုင်သည်'ဟု ထင်မြင်ယူဆပြောဆိုလေ့ရှိခဲ့ကြ၏။ အမျိုးသမီးများ အမွေရလာခဲ့သည့် ပထမနေ့မှာ အဆိုပါ နေ့ပင်ဖြစ်ပေသည်။

**ဝဆ္စီယတ်- သေတမ်းစာ**

အမွေပစ္စည်း ခွဲဝေရေးနှင့် စပ်လျဉ်း၍ အမိန့်တော်များ ကျရောက်လာပြီးသည့်နောက်ပိုင်းတွင်လည်း ဝဆ္စီယတ်သေတမ်းစာဖြင့် အမွေခွဲဝေပေးခွင့်သည်တည်ရှိနေခဲ့သေး၏၊ သို့ရာတွင် အမွေခွဲဝေပေးခြင်း အားဖြင့် အမှန်တကယ် အမွေရထိုက်သော အမွေစားများ၏ အခွင့်အရေး နစ်နာသွားမည်ကို စိုးရိမ်ရပေသည်၊ ထို့အတွက် ဝဆ္စီယတ် သေတမ်းစာဖြင့် အမွေခွဲဝေပေးခြင်းနှင့် စပ်လျဉ်း၍ ဘောင်ခတ်ရန် လိုလာပြန်သည်။

ဟိဂျရီ ၁၀-ခုနှစ်တွင် အာမိရ်၏ဖခင် သာဝကကြီး စအ်ဒ်သည် မမာမကျန်းဖြစ်ခဲ့၏။ လူမမာအားကြည့်ရှုရန် တမန်တော်မြတ် ကြွသွားတော်မူခဲ့၏။ ထိုအခါ သာဝကကြီး စအ်ဒ်က 'ကျွန်တော်သေအံ့ဆဲဆဲ ဖြစ်နေပါပြီ၊ ကျွန်တော်မှာ သမီးကလေးတစ်ယောက်သာရှိပါသည်၊ကျွန်တော်သည် မိမိပိုင် ပစ္စည်းသုံးပုံနှစ်ပုံကို လှူဒါန်းလိုပါသည်'ဟု လျှောက်ထားရာ၊ တမန်တော်မြတ်သည် ခွင့်ပြုတော်မမူပေ။ အဆိုပါ သာဝကကြီးက 'သို့ဖြစ်လျှင်

သုံးပုံတစ်ပုံလှူဒါန်းပါရစေ’ဟု လျှောက်ထားရာ၊ တမန်တော်မြတ်ကြီး ဤသည်လည်း များသေးသည်၊ အမွေစားများအား လက်ဖြန့်တောင်းရမ်းစားသုံးသူများအဖြစ်နှင့်ထားပြီး သေခြင်းထက် မကြောင့်ကြရသူများအဖြစ်နှင့်ထားပြီး သေရခြင်းက ပို၍ကောင်းပါသည်’ဟု မိန့်ကြားတော်မူလိုက်လေသည်။ သို့ပင်တစ်စေ တမန်တော်မြတ်သည် ဝဆီယတ်သေတမ်းစာဖြင့် သုံးပုံတစ်ပုံ လှူဒါန်းခြင်းကိုမူ ခွင့်ပြုတော်မူခဲ့လေသည်။ ထိုအချိန်မှစ၍ သုံးပုံတစ်ပုံထက်ပို၍ ဝဆီယတ်သေတမ်းစာဖြင့် လှူဒါန်းခြင်းမှာ ပိတ်ပင်ပြီး ဖြစ်လာခဲ့လေသည်။ တရားမဝင်တော့ပေ။

ကြည့်– (ဗိုခါရီကျမ်း၊အတွဲ ၁၊ ဝဆီယတ်အခန်း)

**ဇကတ်။**

ဇကတ်သည် အစ္စလာမ်တွင် အရေးကြီးလှသော ပြဿနာပင် ဖြစ်၏။ တမန်တော်မြတ်သည် မဒီနာသို့ ရွှေ့ပြောင်းတော်မူသည့် ဟိဂျရီ ၁–ခုနှစ်တွင် အစ္စလာမ်သည် ဤပြဿနာကို အထူးတလှည့်ရှင်းလင်းထားသည်။ တမန်တော်မြတ်သည် မဒီနာသို့ ရွှေ့ပြောင်းတော်မူသည့် ဟိဂျရီ ၁–ခုနှစ်တွင် ဘသက်ဆိုးလေးပင် ဗလီတော်တည်တော်မူခဲ့၏။ ဗလီတည်သောမြေမှာ ဘသက်ဆိုးလေးပင် နှစ်ဦးပိုင်သောမြေဖြစ်နေခဲ့၏၊ မြေ၏ အဘိုးငွေပေးတော်မူလိုသည့်အခါ သက်ဆိုင်ရာပုဂ္ဂိုလ်များက (لا والله لا نطلب ثمنه الا الى الله)

‘ဤသို့မဖြစ်နိုင်၊ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်ပြောပါရစေ၊ ကျွန်တော်တို့သည် မြေ၏အဘိုးကိုယူကြမည်မဟုတ်၊ သို့ရာတွင် အလ္လာဟ်အရှင်ထံတော်မှာပင် ယူကြပါမည်’ဟု ပြောဆိုခဲ့ကြ၏။

ဤသည် အစ္စလာမ်၏ပထမ ဇကတ်ပင်ဖြစ်သည်၊ ထိုနောက် ဟိဂျရီ ၄–ခု၊ သို့မဟုတ် ၅-ခုနှစ်တွင် အောက်ပါ မုကဒ္ဒပါဠိတော် ကျရောက်၍ လာခဲ့၏။

لَنْ تَنَالُوا الْبِرَّ حَتَّىٰ تُنْفِقُوا مِمَّا تُحِبُّونَ قرآن(3:91)

အသင်တို့သည် မိမိတို့နှစ်သက်မြတ်နိုးသောပစ္စည်းကို မလှူဒါန်းကြသမျှကာလပတ်လုံး ကောင်းကျိုးအလျဉ်းရကြမည်ကားမဟုတ်ပေ။

ကုရ်အာန် (၃း၉၁)

ထိုအခါ သာဝကကြီး အဗူတွလ်ဟာဟ်သည် တမန်တော်မြတ်ထံ ရောက်ရှိလာပြီး 'တမန်တော်မြတ် ကျွန်တော်သည် 'ဗိုင်ရဟာ' * ကို အလွန်နှစ်သက်ပါသည်၊ ဤမြေယာကို အလ္လာဟ်လမ်းတော်တွင် လှူဒါန်းလိုပါသည်၊ ကုသိုလ်အကျိုးကို အလ္လာဟ်ထံတော်တွင် ရလိုပါသည်။ တမန်တော်မြတ် ကြိုက်နှစ်သက်ရာဌာနတွင် အသုံးပြုတော်မူပါ'ဟု မေတ္တာရပ်ခံရာ၊ တမန်တော်မြတ်က 'အဆိုပါ မြေယာကို အလ္လာဟ်လမ်းတော်တွင် လှူဒါန်းပြီး ထိုမြေယာမှရရှိသော အကျိုးအမြတ်များကို မိမိသားချင်းအတွက် သတ်မှတ်လှူဒါန်းရန် ညွှန်ကြားတော်မူလိုက်လေသည်။

ထိုအချိန်အထိ 'ဝကဖ်'ပြုလုပ်လှူဒါန်းခြင်းသဘောမှာ ပစ္စည်းတစ်ခုပေါ်မှ မိမိပိုင်ဆိုင်မှုကို စွန့်လွှတ်ပြီး အလ္လာဟ်ပိုင်ဆိုင်မှုတွင် ထည့်သွင်းပေးလှူခြင်းဟူ၍သာဖြစ်ခဲ၏၊ ခိုင်ဗရ်စစ်ပွဲနောက်ပိုင်းတွင် 'ဝကဖ်'၏ သဘောမှာ လုံးဝရှင်းလင်းသွားခဲ့ပေသည်။

ဥပမာ ခိုင်ဗရ်စစ်ပွဲတွင် သာဝကကြီးအုမရ်သည် မြေတစ်ကွက် ရရှိခဲ့၏။ သာဝကကြီး အုမရ်သည် အဆိုပါမြေကို ဝကဖ် ပြုလုပ် လှူဒါန်းလို၏။ တမန်တော်မြတ်ထံရောက်ရှိလာပြီး မိမိဆန္ဒတင်ပြသည့်အခါ တမန်တော်မြတ်က ان شئت حبست اصلها وتصدقت بمنافعها အသင်အလိုရှိသော မြေ၏မူရင်းကို ထိန်းသိမ်းချန်ထားပြီး ရရှိသောအကျိုးကို

* မဒီနာမြို့၌ရှိအဖိုးတန်လှသော မြေယာ၏အမည်ဖြစ်သည်။

အမြတ် ကို လှုဒါန်းပါ’ဟု မိန့်ကြားတော်မူလိုက်၏။ ထိုနောက် တမန်တော်မြတ် ၏ ညွှန်ကြားချက်အရ၊ သာဗိကကြီး အုမရ်သည်အဆိုပါမြေကို အောက်ပါ စည်းကမ်းချက်များနှင့် အညီ အလ္လာ့ဟ်လမ်းတော်တွင် ဝကဖ့် ပြုလုပ်လှူဒါန်းလိုက်လေသည်။

انه لا يباع اصلها، ولا يوهب، ولا يورث،

မူရင်းမြေကိုရောင်းဝယ်ခြင်းမပြုရ၊ ‘ဟိဗဟ်’ တစ်ဦးတစ်ယောက်အား အခကြေးငွေမယူပဲ အပြီးအပိုင်မပေးရ၊ အမွေပစ္စည်းအဖြစ် မျှဝေပေးခြင်းလည်း မပြုရ။

**ထိမ်းမြားခြင်း၊ ပြတ်စဲခြင်း။**

အစ္စလာမ်မှထွန်းကားမီ အမိုက်ခေတ်တွင် အာရေဗျပြည်၌ ထိမ်းမြားခြင်းအမျိုးမျိုးရှိခဲ့၏၊ ထိုနည်းအမျိုးမျိုးတွင် နည်းသနည်းမှ အပ၊ ကျန်အားလုံးမှာ (ဇိနာ) ကာမေသုမိစ္ဆာစာရနှင့် ဆင်တူဖြစ်နေခဲ့၏။ အစ္စလာမ်သည် ဦးစွာမှထမ ယင်းသည့်နည်းများကို မပြုပိုင်ဟူ၍ ပိတ်ပင်လိုက်၏။

အမိုက်ခေတ်တွင် အချိန်ကန့်သတ်၍ ထိမ်းမြားလေ့ရှိခဲ့ကြ၏။ ယင်းသို့ ထိမ်းမြားခြင်းကို ‘မွတ္တာအဟ်’ ဟုခေါ်သည်။ ထိုသည့် မွတ္တာအဟ်သည် အခြေအနေအရ၊ အကြိမ်ကြိမ်တရားဝင်လိုက် မဝင်လိုက်ဖြစ်နေ၏။ နောက်ဆုံး ဟိဂျရီ ၇–ခု၊ ခိုင်ဗရ်စစ်ပွဲတွင် အန္တလငမ်က ‘ဟာရာမ်’ ဟူ၍ လုံးဝပိတ်ပင်တားမြစ်လိုက်လေသည်။ မွတ္တာအဟ်နှင့် စပ်လျဉ်း၍ တိုင်းပြည်အစွမ်းတွင် အထူးသဖြင့် နယ်စွန်နယ်ဖျား၌ နေထိုင်သူများတွင် မပျံ့နှံ့သေးသည်အတွက် သမ္မတကြီး အုမရ်သည် ထိုခေတ်တွင် မွတ္တာအဟ် ဟာရာမ်မဖြစ်ကြောင်း အတိအလင်းထပ်မံကျေညာခဲ့လေသည်။

ထိမ်းမြားခြင်း၊ ပြတ်စဲခြင်းနှင့် စပ်လျဉ်းသည့်အမိန့်၊ ပညတ်များအကြောင်း၊ ဥပမာ- မွေးစားသား၏ ဇနီးမိန်းမသည် ဟာရာမ်မဟုတ်ကြောင်း၊ ထိမ်းမြားခွင့်ရှိသော အမျိုးသမီးအရေအတွက် ကန့်သတ်ချက် တလာခ်ရှင်းပြတ်စဲခြင်းအရေအတွက် ကန့်သတ်ချက်၊ ပြတ်စဲခြင်းခံနေရသော အမျိုးသမီးများ ရေတွက်ရသည့်အချိန်၊ မဟာရ်ခေါ် မင်္ဂလာဦးပစ္စည်း၊ မလွဲမရှောင်သာပေးရမည့်အကြောင်း၊ 'ဇွဟာရ်'မိမိဇနီး၏အား၊ ဟာရာမ်ဖြစ်သော အစိတ်အပိုင်းများနှင့် နှိုင်းယှဉ်ပြောဆို၍ပြတ်စဲသည့်အကြောင်း 'လီအာန်'ခင်ပွန်းယောကျ်ားက မိမိဇနီးအား ဖောက်ပြားသည်ဟုထင်ခြင်း စသည့် အကြောင်းများကို ရှေ့တွင် သီးသန့်အခန်းတွင် တွေ့ရှိရပေမည်။

အထက်ဖော်ပြပါ အမိန့်၊ ပညတ်အားလုံးသည် ကုရ်အာန် ကျမ်းမြတ်တွင် အသေးစိတ်ပါရှိသည်။ ထိုအမိန့်၊ ပညတ်များသည် ဟိဂျ်ရီ ၄-၅-ခုနှစ်များတွင် ကျရောက်လာခဲ့ပေမည်။

**သတ်စားသတ်ခြင်း။**

ဂျူလူ့လောကတွင် အသက်ထက်အဖိုးတန်သော အရာကား မရှိချေ။ သက်စားသတ်ခြင်းနှင့် စပ်လျဉ်းသည့် များစွာသော ဥပဒေများသည် တမန်တော်မြတ် မဒီနာမြို့သို့ ရွှေ့ပြောင်းသွားတော်မူပြီး နှစ်အတန်ကြာမှ ကျရောက်လာခဲ့၏။ သို့ငြင်တစ်စေ အကြောင်းမဲ့သူတစ်ပါး၏ အသက်ကို မသတ်ရန် ပညတ်တော်ကား မက္ကာမြို့တော်တွင်ပင် ကျရောက်ခဲ့ပြီး ဖြစ်သည်။ တမန်တော်မြတ် 'မီအိရာဂျ်'သို့ ကြွသွားတော်မူခဲ့သည့် အကြောင်းနှင့် စပ်လျဉ်း၍ ကျရောက်လာခဲ့သော ဆက်ဆံမှု၊ ယဉ်ကျေးမှုဆိုင်ရာ မုက္ခပ္ပါဌ်တော်များတွင် အောက်ပါ မုက္ခပါဌ်တော်တစ်ပါးလည်း ပါရှိခဲ့လေသည်။

وَلَا تَقْتُلُوا النَّفْسَ الَّتِي حَرَّمَ اللَّهُ إِلَّا بِالْحَقِّ وَمَن
قُتِلَ مَظْلُومًا فَقَدْ جَعَلْنَا لِوَلِيِّهِ سُلْطَانًا فَلَا يُسْرِف
فِّي الْقَتْلِ إِنَّهُ كَانَ مَنصُورًا (17:33) قرآن

'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်က ဟာရာမ်ဟူ၍ တားမြစ်ထားတော်မူသော အသက်ကို တရားသဖြင့် တုံ့ပြန်သတ်ဖြတ်ခွင့်ရှိသည်မှတစ်ပါး မသတ်ဖြတ်ကြနှင့်။ အကြင်သူတစ်ဦးသည် မတရားသဖြင့် သတ်ဖြတ်ခြင်းခံရပါလျှင် ငါအသျှင်မြတ်သည် ထိုသတ်ဖြတ်ခြင်း ခံရသူ၏ သက်ဆိုင်ရာ သားချင်းအမွေစားအမွေခံအားအခွင့်အရေးပေးထားတော်မူသည်။ သို့ဖြစ်ရာ ထိုအမွေစားသည် တုံ့ပြန်သတ်ဖြတ်ရာတွင် စည်းကမ်းမလွန်ရ၊ ဧကန်အမှန် ထိုသူသည် ကူညီခြင်းခံရမည့်သူဖြစ်သည်။'

ကုရ်အာန် (၁၇း ၃၃)

အစ္စလာမ်မထွန်းကားမီအရပ်တို့တွင်လည်း သတ်စားသတ်ခြင်းနှင့် စပ်လျဉ်း၍ အချို့ဥပဒေများရှိခဲ့၏။ ယဟူဒီများသည် အာရေဗျပြည်တွင် အတော်ပင် ပေါလွင်ကျော်ကြားနေခဲ့ကြ၏၊ ၎င်းတို့အမြတ်တနိုး ထားခဲ့ကြသည့် တောင်ရာတ်ကျမ်းတွင်လည်း သတ်စားသတ်ခြင်းဆိုင်ရာ ဥပဒေများရှိနေခဲ့၏။ သို့တစေလည်း ထိုခေတ်ထိုအခါတွင် အာရေဗျပြည်တွင် စနစ်တကျ စီမံကွပ်ကဲအုပ်ချုပ်နိုင်သော အစိုးရအာဏာစက်မရှိခဲ့သည့်အတွက် အဆိုပါ ဥပဒေများသည် အကောင်အထည် မပေါ်နိုင်ခဲ့ပေ။ တမန်တော်မြတ် မဒီနာမြို့သို့ ကြွသွားတော်မူသည့်အခါ ယဟူဒီများသည် ၎င်းတို့၏အမှုများစီရင်ဆုံးဖြတ်ပေးရန် တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့ကြ၏။

တမန်တော်မြတ်သည်လည်း အစပထမတွင် ၎င်းတို့၏ အမှုများကို ၎င်းတို့၏ကျမ်းဂန်လာဥပဒေများနှင့် အညီ စီရင်ဆုံးဖြတ် ပေးတော်မူခဲ့လေသည်။

အမိုက်ခေတ်တွင် အရပ်တို့သည် လူသတ်မှုတစ်ခုကို အကြောင်းပြု၍ အတော်မသတ် စစ်ပွဲများ ဆင်နွှဲလေ့ရှိခဲ့ကြ၏၊ ထို့အတွက် ဗဒ်ရ်စစ်ပွဲနောက်အစ္စလာမ့်အင်အားကောင်းလာသည့်အခါသတ်စားသတ်ခြင်းဆိုင်ရာအမိန့်တော်ကျရောက်လာခဲ့၏။

အထက်တွင် ရေးသားခဲ့သည့်အတိုင်း မဒီနာမြို့ပတ်ဝန်းကျင်တွင် ယဟူဒီမျိုးနွယ်စုများဖြစ်သော ကုရိုင်ဇာဟ်မျိုးနွယ်နှင့် နသ္ဇီရ်မျိုးနွယ်များ နေထိုင်လျက်ရှိခဲ့ကြ၏။ အဆိုပါမျိုးနွယ် [၂] ခုနက် နသ္ဇီရ် မျိုးနွယ်သည် ပို၍ဂုဏ်ရှိခဲ့၏၊ သူတစ်ပါးတို့၏လေးစားခြင်းကို ခံခဲ့ရ၏။ ထို့အတွက် ကုရိုင်ဇာဟ်မျိုးနွယ်ဝင် တစ်ဦးသည် နသ္ဇီရ် မျိုးနွယ်ဝင် တစ်ဦးအား သတ်ဖြတ်လျှင် နသ္ဇီရ် မျိုးနွယ်ဝင်များသည် အဆိုပါ လူသတ်သမားအား သက်စားသတ်ပစ်လေ့ရှိခဲ့ကြ၏။ ထိုသို့မဟုတ်ပဲ အကယ်၍ နသ္ဇီရ်မျိုးနွယ်ဝင် တစ်ဦး၏လက်ချက်ဖြင့် ကုရိုင်ဇာဟ် မျိုးနွယ်ဝင်တစ်ဦး သေဆုံးသွားလျှင် နသ္ဇီရ်မျိုးနွယ်ဝင်များသည် အဆိုပါ လူသတ်သမားများအား သတ်စားသတ်ပစ်လေ့ရှိခဲ့ကြ၏။ ထိုသို့မဟုတ်ပဲ အကယ်၍ နသ္ဇီရ်မျိုးနွယ်ဝင် တစ်ဦး၏လက်ချက်ဖြင့် ကုရိုင်ဇာဟ် မျိုးနွယ်ဝင်တစ်ဦး သေဆုံးသွားလျှင် နသ္ဇီရ်မျိုးနွယ်ဝင်များသည် အသက်ဖိုး လျော်ကြေးအဖြစ် စွန်ပလွံသီး 'ဝစတ်က်' အချိန် [၁၀၀] ပေးလေ့ရှိခဲ့ကြ၏။

တမန်တော်မြတ် မဒီနာမြို့သို့ ကြွရောက်တော်မူလာပြီး မကြာမီအတွင်းမှာပင် အဆိုပါ ယဟူဒီမျိုးနွယ်ဝင်များ၏ အလားတူလူသတ်မှုတစ်ခုသည် တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့၏။ ထိုအခါ ကုရ်အာန် ကျမ်းမြတ်၊ ကလ္လာမ်စဉ်၏ အချို့မုကွ်ာပါဠ်တော်များ ကျရောက်လာခဲ့၏၊ ယင်းမုကွ်ာပါဠ်တော်များတွင် အောက်ပါမုကွ်ာပါဠ်တော်လည်း တစ်ပါးအပါအဝင်ဖြစ်၏။

وَكَتَبْنَا عَلَيْهِمْ فِيهَا أَنَّ النَّفْسَ بِالنَّفْسِ وَالْعَيْنَ
بِالْعَيْنِ وَالْأَنْفَ بِالْأَنْفِ وَالْأُذُنَ بِالْأُذُنِ
وَالسِّنَّ بِالسِّنِّ وَالْجُرُوحَ قِصَاصٌ قرآن (۵:۴۵)

''ငါအသျှင်မြတ်သည် ယင်း [တောင်ရာတ်] ကျမ်းတွင် ၎င်းတို့အပေါ်၌ အသက်အစား အသက်၊ မျက်စိအစား မျက်စိ၊ နှာခေါင်းအစား နှာခေါင်း၊ နားရွက်အစား နားရွက်၊ သွားအစား သွား တို့ပြန်လက်စားချေရန်နှင့် အချို့ဒဏ်ရာဒဏ်ချက်များတွင်လည်း လက်စားချေခွင့်ရှိကြောင်း အမိန့်တော် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသည်။''

ကုရ်အာန် (၅း၄၅)

အထက်ပါ မုက္ခပါဠ်တော်သည် ယဟူဒီများနှင့် ပတ်သက်သည်။ သို့ရာတွင် အောက်ပါ မုက္ခပါဠ်တော်သည် ဤပြဿနာကို လုံးဝရှင်းလင်းထားသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ كُتِبَ عَلَيْكُمُ ٱلْقِصَاصُ
فِى ٱلْقَتْلَى ۖ قرآن (٢: ١٧٨)

'အို....အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မတရားအသတ်ခံရသူများနှင့် ပတ်သက်၍ တုံ့ပြန်လက်စားချေရန် အသင်တို့အပေါ်တွင် အမိန့်တော် ပြဋ္ဌာန်းတော်မူလိုက်ပြီ။'

ကုရ်အာန် (၂း ၁၇၈)

ဤမုက္ခပါဠ်တော်၏ ကျေးဇူးကြောင့် လူလောကတွင် လူသားတို့အတွက် တန်းတူရည်တူ အခွင့်အရေးသည် အမြဲတန်းအဖို့ ရရှိလာခဲ့ပေတော့သည်။

ယဟူဒီများတွင် အသက်ဖိုး လျော်ကြေးနှင့် စပ်လျဉ်း၍ ဥပဒေ မရှိခဲ့ပေ။ အရစ်တို့ထံတွင်မူ ဥပဒေရှိခဲ့ပေသည်၊ အစ္စလာမ်သည် ယင်းဥပဒေကိုပင် အချို့ပြင်ဆင်ချက်များနှင့် တကွ အတည်ပြုထားခဲ့သည်။

فَمَنْ عُفِىَ لَهُۥ مِنْ أَخِيهِ شَىْءٌ فَٱتِّبَاعٌۢ
بِٱلْمَعْرُوفِ وَأَدَآءٌ إِلَيْهِ بِإِحْسَٰنٍ ۗ

ကုရ်အာန် 2: **178**

အကြွင်သူသည် မိမိ၏ညီနောင်ဘက်မှ (အသတ်ခံရသူ၏ သက်ဆိုင်ရာသားချင်းများဘက်မှ) အနည်းငယ်ခွင့်ပြုခြင်းခံရလျှင်(သက်ဆိုင်ရာ သားချင်းတို့ကလည်း) ကောင်းမွန်စွာ တောင်းရပေမည်၊ (လက်သည်ဖြစ်သူကလည်း) သာယာချောင်စွာ ပေးဆောင်ရပေမည်။'

ကုရ်အာန် [၂း ၁၇၈]

ထိုအချိန်ထိ သတ်ဖြတ်လိုသည့် စေတနာဖြင့် တမင်သတ်ဖြတ်ခြင်းနှင့် မှားယွင်းသတ်ဖြတ်မိခြင်းတွင် ခွဲခြားမှုမရှိခဲ့သေးပေ။ ဟိဂျရီ [၆] ခုနှစ်တွင် မွတ်စလင်မ်တစ်ဦးသည် အခြားမွတ်စလင်မ်တစ်ဦး၏ မှားယွင်းသတ်ဖြတ်ခြင်းကို ခံလိုက်ရပြီး သေဆုံးသွားခဲ့၏။ အန်ဆွာရီ မွတ်စလင်မ်တစ်ဦး၏ လက်ချက်ဖြင့် ကုရိုက်ရှ်မျိုးနွယ်ဝင်တစ်ဦး သေဆုံး သွားခဲ့ရ၏၊ ထိုအခါ တမန်တော်မြတ်သည် အသက်ခံရသူ၏ညီအား အသက်ဖိုးလျော်ကြေးပေး၍ ကျေနပ်စေအောင်မူခဲ့၏။ ထိုနောက် ထိုသူသည် ပရိယာယ်ဖြင့် အစ္စလာမ်အရေးကို ခြုံလိုက်၏။ ပြီးနောက် မိမိအစ်ကိုအား သတ်ဖြတ်ခဲ့သော အဆိုပါ အန်ဆွာရီကိုသတ်ဖြတ်ပြီး ကုရိုက်ရှ်မျိုးနွယ်နှင့် သွားရောက်ပူးပေါင်းနေလိုက်၏၊ အသက်ပါ ဖြစ်ရပ်များကြောင့် အောက်ပါ အတိုင်း အမိန့်တော်များ ကျရောက်လာခဲ့ပေသည်။

وَمَا كَانَ لِمُؤْمِنٍ أَن يَقْتُلَ مُؤْمِنًا إِلَّا خَطَأً ۚ وَمَن قَتَلَ
مُؤْمِنًا خَطَأً فَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ وَدِيَةٌ مُّسَلَّمَةٌ
إِلَىٰ أَهْلِهِ إِلَّا أَن يَصَّدَّقُوا ۚ فَإِن كَانَ مِن قَوْمٍ عَدُوٍّ
لَّكُمْ وَهُوَ مُؤْمِنٌ فَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ ۖ وَإِن كَانَ
مِن قَوْمٍ بَيْنَكُمْ وَبَيْنَهُم مِّيثَاقٌ فَدِيَةٌ مُّسَلَّمَةٌ
إِلَىٰ أَهْلِهِ وَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ ۖ فَمَن لَّمْ يَجِدْ
فَصِيَامُ شَهْرَيْنِ مُتَتَابِعَيْنِ تَوْبَةً مِّنَ اللَّهِ ۗ وَكَانَ اللَّهُ
عَلِيمًا حَكِيمًا ۝

وَمَن يَقْتُلْ مُؤْمِنًا مُّتَعَمِّدًا فَجَزَاؤُهُ جَهَنَّمُ
خَالِدًا فِيهَا وَغَضِبَ اللَّهُ عَلَيْهِ وَلَعَنَهُ وَأَعَدَّ لَهُ
عَذَابًا عَظِيمًا ۝

قرآن (၄:၉၂-၉၃)

'မွတ်စလင်တစ်ဦးသည် မွတ်စလင်တစ်ဦးအား မှားယွင်းသတ်ဖြတ်မိခြင်းမှတစ်ပါးသတ်ဖြတ်ခွင့်အလျဉ်းမရှိ၊ အကြင်သူသည် မွတ်စလင်မ်တစ်ဦးအား မှားယွင်း သတ်ဖြတ်မိလျှင် မွတ်စလင်မ်ကျွန်တစ်ယောက်ကို ကျွန်အဖြစ်မှ လွတ်မြောက်စေရမည်၊ ၎င်းပြင် အသက်ဖိုးလျှော်ကြေးကို ထိုအသတ်ခံရသူ၏သက်ဆိုင်ရာ သားချင်းများထံသို့ အရောက်ပို့ပေးရမည်၊ သို့ရာတွင် ထိုသားချင်းများက ခွင့်လွှတ်ကြသည်ရှိသော် (ခွင့်လွှတ်ကြသည်နှင့် အမျှ သက်သာပေမည်)။ အကယ်၍ အသတ်ခံရသူသည် အသင်တို့၏ ရန်သူမျိုးနွယ်ဖြစ်သော်........ ထိုအသတ်ခံရသူမှာ မွတ်စလင်မ်ဖြစ်နေသော်....၊ မွတ်စလင်မ် ကျွန်တစ်ယောက်ကို ကျွန်အဖြစ်မှလွတ်မြောက်စေရမည်၊ အကယ်၍အသတ်ခံရသူသည် အသင်တို့နှင့် စာချုပ်ချုပ်ဆိုထားသော မျိုးနွယ်မှဖြစ်နေသော် အသက်ဖိုးလျော်ကြေးကို ထိုအသတ်ခံရသူ၏ သက်ဆိုင်ရာ သားချင်းများထံ အရောက်ပို့ပေးရမည်။ ၎င်းပြင် မွတ်စလင်မ်ကျွန်တစ်ယောက်ကို ကျွန်အဖြစ်မှ လွတ်မြောက်စေရမည်၊ အကြင်သူတစ်ဦးသည် ယင်းသို့ ပြုလုပ်နိုင်စွမ်းမရှိသော်.... အလ္လာဟ်ထံတော်မှ လွတ်ငြိမ်းခွင့်ရရှိရန် အလို့ငှာ နှစ်လတိုတို ဆက်တိုက် ဆွမ်ယာမ်ဥပုသ် ဆောက်တည် ရပေမည်၊ အလ္လာဟ်အသျှင်မြတ်သည် အရာရာကိုသိတော်မူသော အသျှင်၊ ကျွမ်းကျင်တော်မူသောအသျှင် ဖြစ်တော်မူသည်။

အကြင်သူသည် မွတ်စလင်မ်တစ်ဦးကိုသိပါလျက် တမင်သက်သက် သတ်ဖြတ်ခဲ့သော် ထိုသူ၏အပြစ်ဒဏ်မှာ ဂျဟန္နမ်ငရဲဖြစ်သည်။ ထိုသူသည် ထိုငရဲတွင် အမြဲထာဝစဉ်ခံစားနေရမည်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အပေါ်၌ အမျက်ဒေါ်ထားတော်မူ၏၊ ထိုသူ့အတွက်ကျိန်ဆဲတော်မူ၏၊ ထိုသူ့အတွက်ကြီးလေးသောအပြစ်ဒဏ်ကို အသင့်စီစဉ်ထားတော်မူ၏။

ကုရ်အာန်-(၄း ၉၂-၉၃)

သာဝကကြီး ဇွဗ်နူ အမွာစ်၏ ပြောပြချက်အရ၊ သတ်စားသတ်ခြင်း၊ တုံ့ပြန်လက်စားချေခြင်းနှင့် စပ်လျဉ်း၍ ဤသည် နောက်ဆုံးအမိန့်တော်ဖြစ်ပေသည်။ မက္ကာမြို့တော်ကို အောင်နိုင်တော်မူသည့် နေ့တွင် တမန်တော်မြတ်က 'အမိုက်ခေတ်၏သွေးများသည် ကျွန်ုပ်၏ခြေနှစ်ဘက်အောက်တွင် ရှိသည်'ဟု မိန့်ကြားတော်မူပြီး အသက်များကို ကာကွယ်တော်မူခဲ့၏။ ထိုနောက် တမင်သတ်ဖြစ်မှုနှင့် ဆင်ဆင်ဖြစ်သော မှားယွင်းသတ်ဖြစ်မှု၏နှုယ်နိမိတ်ကို သတ်မှတ်ပေးတော်မူခဲ့၏။ မှားယွင်းသတ်ဖြစ်မှုတွင် လျော်ကြေး ဒိနာရ် (၄၀၀) သတ်မှတ်တော်မူခဲ့၏။

ဟိဂျ်ရီ [၆] ခုနှစ်အထိ တိုက်ခိုက်လုယက်သတ်ဖြတ်သော ဓားပြများအတွက် စံနှစ်တကျ ပြစ်ဒဏ်သတ်မှတ် ထားခဲ့သည် မရှိသေးပေ။ အကြောင်းအားလျော်စွာ အဆိုပါနှစ်တွင် 'အုကလ်နှင့် အုရိုင်နဟ်'မျိုးနွယ်ဝင်အချို့သည် မဒီနာမြို့သို့ရောက်ရှိလာပြီး အစ္စလာမ်သို့ ကူးပြောင်းသက်ဝင်ယုံကြည်ခဲ့ကြ၏။ ၎င်းတို့သည် မဒီနာမြို့၏ ဥတုရာသီနှင့် သင့်မြတ်ကြသည် မရှိရာ၊ တမန်တော်မြတ်သည် မြို့ပြင်စားကျက်တွင် နေထိုင်ခွင့်ပြုတော်မူခဲ့၏။

တစ်ရက်သော် ၎င်းတို့သည် အခွင့်ရကာ သိုး၊ ဆိတ်၊ ကုလားအုပ်များကျောင်းနေသော မွတ်စလင်မ်များအား အမျိုးမျိုးနှိပ်စက် ညှဉ်းပမ်းပြီး သတ်ဖြတ်လိုက်ကြ၏။ တိရစ္ဆာန်များကိုလည်း ယက်ထွက်ပြေးသွားကြ၏၊ မကြာမီအတွင်းပင် ၎င်းတို့သည် အဖမ်းခံရပြီး တမန်တော်မြတ်ထံသို့ ရောက်ရှိလာခဲ့ကြ၏။ တမန်တော်မြတ်သည်လည်း ယင်းသို့ကျေးဇူးကန်းသော၊ သစ္စာမဲ့လှသော၊ လူမဆန်သော၊ ရက်စက်လှသော သူယုတ်မာများအား ၎င်းတို့ကျင့်မူခဲ့ကြသည့်နည်းတူ တုံ့ပြန်လက်စားချေ ကွက်မျက်စေတော်မူခဲ့လေသည်။ သို့ကွက်မျက်စေတော်မူခြင်းမှာ ညီတူညီမျှ လက်စားချေခြင်း ဖြစ်သော်လည်း သနားကြင်နာမှုကား အနည်းနှင့်အများ ကင်းမဲ့ရာရောက်ပေသည်။ ထိုအတွက် အလ္လာဟ်ထံတော်မှ ပြုစုတော်မူခြင်းကို ခံတော်မူခဲ့ရပေသည်။ ထိုနောက် ဓားပြများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အမိန့်တော်များ ကျရောက်လာခဲ့ပေသည်။

إِنَّمَا جَزَٰٓؤُا۟ ٱلَّذِينَ يُحَارِبُونَ ٱللَّهَ وَرَسُولَهُۥ وَيَسْعَوْنَ فِى ٱلْأَرْضِ فَسَادًا أَن يُقَتَّلُوٓا۟ أَوْ يُصَلَّبُوٓا۟ أَوْ تُقَطَّعَ أَيْدِيهِمْ وَأَرْجُلُهُم مِّنْ خِلَٰفٍ أَوْ يُنفَوْا۟ مِنَ ٱلْأَرْضِ

قرآن (5:33)

"အကြင်သူများသည်အလ္လာဟ်အသျှင်မြတ်နှင့်ထို အသျှင်မြတ်၏ တမန်တော်မြတ်အား တိုက်ခိုက်ကြ၏၊ ၎င်း မြှင်တိုင်းပြည်တွင် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ကြ၏။ ထိုသူများ၏အပြစ်ဒဏ်မှာ ထိုသူများသည် သတ်ဖြတ်ခြင်းခံကြရမည်၊ သို့မဟုတ် လက်ဝါးကပ်တိုင် တင်ခြင်း ခံကြရမည်၊ သို့မဟုတ် ၎င်းတို့၏လက်၊ခြေများ၊ဘက်လွဲ၍ဖြတ်တောက်ခြင်းခံကြရမည်။ သို့မဟုတ် ပြည်နှင်ဒဏ်ခတ်ခြင်းခံကြရမည်။

ကုရ်အာန် (၅း ၃၃)

အသက်ဇီဝိန် နောက် လူသားတို့အဖို့ ဥစ္စာပစ္စည်းသည် အဖိုးတန်လှ၏၊ အစ္စလာမ်မထွန်းကားမီ အာရဗ်တို့တွင် ခိုးဝှက်ခြင်း၏အပြစ်ဒဏ်မှာ လက်ဖြတ်ခြင်းပင် ဖြစ်ခဲ့၏။ ခိုးဝှက်မှုနှင့် စပ်လျဉ်း၍ အစ္စလာမ်သည်လည်း ဤသည့် လက်ဖြတ်ခြင်းဥပဒေကိုပင် ဆက်လက်ထားရှိ၏။

ٱلسَّارِقُ وَٱلسَّارِقَةُ فَٱقْطَعُوٓا۟ أَيْدِيَهُمَا قرآن (5:38)

ခိုးဝှက်သူ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ၎င်းတို့နှစ်ဦး၏ လက်များကို ဖြတ်တောက် ကြ။

ကုရ်အာန် (၅း ၃၈)

ဟိဂ္ဂျရိ[ဂ]ခုနှစ် မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်ပြီးချိန်တွင် မခ်ဇူမ်မျိုးနွယ်ဝင် အမျိုးသမီးတစ်ဦးသည် ခိုးဝှက်မှုကို ကျူးလွန်ခဲ့၏၊ အဆိုပါအမျိုးသမီးမှာ မျက်နှာကြီးမိသားစုမှ ဖြစ်နေခဲ့ရာ၊ ယင်းအမှုကို စီရင်ရန်မှာ မွတ်စလင်မ်တို့အဖို့ အခြေအနေအရ အခက်အခဲဖြစ်နေခဲ့၏။ အဆိုပါအမှုနှင့် စပ်လျဉ်း၍ သက်သာခွင့်ရရှိနိုင်ရန်အတွက် တမန်တော်မြတ်ထံသို့ တမန်တော်မြတ် အလွန်ချစ်ကြည်မြတ်နိုးတော်မူသော သာဝကကြီး အုစာမဟ်ဗင်နဇိုက်ဒ်အား စေလွှတ်၍ မေတ္တာရပ်ခံစေခဲ့ကြ၏။ တမန်တော်မြတ်သည် အတိုင်းထက် အလွန် စိတ် ဆိုး တော်မူ ၏။ ထိုနောက် တမန်တော်မြတ်သည် လူတွေကိုစုရုံးစေပြီး မိန့်ခွန်းမြွက်ကြားတော်မူ၏။ မိန့် ခွန်း မြွက် ကြား တော် မူ ရာတွင် တမန်တော်မြတ်က "အသင်တို့ အလျင်ရှိခဲ့ကြသောလူတွေ ပျက်စီးခဲ့ကြရသည်မှာ ဤအကြောင်းကြောင့်ပင် ဖြစ်သည်။ သာမန်လူများဖြစ်က ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လျှင် ဥပဒေနှင့်အညီတရားစီရင်ကြသည်၊ မျက်နှာကြီးများပြစ်မှုကျူးလွန်လျှင် ဥပဒေနှင့်အညီ တရားမစီရင် လျစ်လျူပြု၍ ထားကြသည်။ အလ္လာဟ်အား ရှေ့ထား၍ပြောမည်၊ အကယ်တန္တု မုဟမ္မဒ်၏သမီး ဖွာတွမဟ်သည်ပင် ခိုးဝှက်မှုကျူးလွန်ခဲ့သည် ရှိသော်ငါသည် သူမ၏လက်ကိုလည်း ဖြတ်တောက်မည်"ဟု တိကျပြတ်သားစွာ မိန့်ကြားတော်မူလိုက်လေသည်။ သို့ပြတ်သားစွာ မိန့်ကြားတော်မူလိုက်သည့်အခါ လူများသည် အဆိုပါအမှုတွင် စနောင့်စနင်း မဖြစ်တော့ပဲ ဥပဒေနှင့်အညီ တိကျပြတ်သားစွာ၊ ကြည်ဖြူစွာ လိုက်နာဆောင်ရွက်ခဲ့ကြလေသည်။

[ဇိနာ] ကာမေသု မိစ္ဆာစာရကျူးလွန်မှုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ပေးရန် အရဗ်တို့တွင် ဥပဒေ မရှိခဲ့ပေ၊ ယဟူဒီများထံတွင်မူ ရှိခဲ့ပေသည်။ ယဟူဒီများထံတွင် 'တောင်ရာတ်'ကျမ်းလာ ပညတ်ဒတော်အရ ကာမေသု မိစ္ဆာစာရမှု ကျူးလွန်ခြင်း၏ အပြစ်ဒဏ်မှာ 'ရဂျမ်' ခဲပေါက်သတ်ဒဏ်ဖြစ်ခဲ့၏။ သို့ပင်ဘာစေ ၎င်းတို့သည် အကျင့်သီလ မခိုင်မြဲကြသည့် အတွက် အဆိုပါဥပဒေကို လက်တွေ့ မကျင့်သုံးနိုင်ခဲ့ကြပေ။ မဒီနာမြို့ ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ယဟူဒီများသည် ၎င်းတို့တွင် ကာမေသု မိစ္ဆာစာရမှု ဖြစ်ပွားပါက မိမိတို့ကျမ်းလာဥပဒေကို လက်တွေ့မကျင့်သုံးပဲ လက်ဆိုင်ရာပြစ်မှုကျူးလွန်သူ တရားခံအား မျက်နှာတွင် အုန်းရည်သုတ်၍

လူသွားလမ်းများတွင်လည်းကောင်း၊ ဈေးတွင်လည်းကောင်း၊ ကြော်ငြာ လေ့ရှိခဲ့ကြသည်။

တမန်တော်မြတ် မဒီနာမြို့သို့ ကြွလာတော်မူသည့်အခါ ယဟူဒီများသည် အလားတူ အမှုတစ်ခုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ခံယူလိုသည့်အတွက် တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့ကြ၏။ အဆိုပါဖြစ်ရပ်မှာ ဟိဂျ်ရီ [၃] ခုနှစ်ခန့်တွင် ဖြစ်ခဲ့၏။

တမန်တော်မြတ်က 'ဤသို့သော ဖြစ်မှုနှင့် စပ်လျဉ်း၍ အသင်တို့၏ တရားဥပဒေတွင် မည်သို့ရှိပါသနည်း' ဟု မေးမြန်းတော်မူရာ၊ ယဟူဒီများက မိမိတို့၏အစဉ်အလာကို ပြောပြကြ၏။ တမန်တော်မြတ်သည် တောရာတ်ကျမ်းကို မှာယူပြီး ဖတ်ခိုင်းတော်မူရာ၊ ယဟူဒီများသည် ခဲပေါက်သတ်ဒဏ်နှင့် စပ်လျဉ်းသည့် ပညတ်တော်ရောက်လာသည့်အခါ လက်နှင့်အုပ်၍ ထိန်ချန်ထားလိုက်ကြ၏။ နောက်ဆုံးတွင် ယဟူဒီဘာသာမှ အစ္စလာမ်သို့ ကူးပြောင်းလာခဲ့သော မွတ်စလင်မ်တစ်ဦးသည် တောရာတ်ကျမ်းလာ အဆိုပါ ခဲပေါက်သတ်ဒဏ်ဆိုင်ရာ ပညတ်တော်ကို တမန်တော်မြတ်အား ထောက်ပြလိုက်လေသည်။

ထိုအခါ တမန်တော်မြတ်က 'အို... အလ္လာဟ်၊ ဤသည် အသျှင်မြတ်၏ ပညတ်တော်ဖြစ်ပါသည်။ ဤပညတ်တော်ကို ဤသူများသည် အသက်မဲ့ပြုလုပ်ထားကြပါသည်။ ကျွန်တော်သည် ပညတ်တော်ကို ပထမဦးဆုံး အသက်ပြန်သွင်းပါမည်' ဟု လျှောက်ထားပြီး အဆိုပါ အမှုတွင် ဖြစ်မှုကျူးလွန်သူအပေါ်တွင် ခဲပေါက်သတ်ဒဏ်ခတ်ရန် စီရင်ချက်ချမှတ်တော်မူလိုက်လေသည်။ သို့စီရင်ချက်ချမှတ်တော်မူသည့်အတိုင်း တရားခံဖြစ်သူသည်လည်း ခဲပေါက်ဒဏ် ခံသွားရလေသည်။

ဟိဂျ်ရီ [၅] ခုနှစ်တွင် ကုရ်အာန်ကျမ်းမြတ် ကဏ္ဍစဉ် [၂၄] ဖြစ်သော 'နူရ်' ရောင်ခြည်တော်ကဏ္ဍကျရောက်လာခဲ့၏။ ထိုကဏ္ဍတွင် 'ဇီနာ' ကာမေသုမိစ္ဆာစာရ ကျူးလွန်မှု၏ ပြစ်ဒဏ်မှာ ကြိမ်ဒဏ် (၁၀၀) သတ်မှတ်ထားတော်မူသည်။

ကြည့်- ကုရ်အာန် (၂၄း ၁)

သာဝကကြီး အုမရ်က 'ကုရ်အာန်ကျမ်းမြတ်သည် ခဲပေါက်သတ်ဒဏ်ကိုလည်း ဆက်လက်တည်ရှိစေခဲ့သည်။ သို့ရာတွင် ယင်းမုဿပါဌ်တော်မှာ ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် 'မန်စူခ် ဖြစ်သွားပြီ' ဟု ပြောပြသည်။ အသို့ရှိစေ တမန်တော်မြတ်၏ ဩဝါဒတော်များအရ၊ ကာမေသု မိစ္ဆာစာရမှုကျူးလွန်သူသည် အိမ်ထောင်သည်မဟုတ်က ကြိမ်ဒဏ်[၁၀၀] အချက်ခံရမည့်အကြောင်း၊ အိမ်ထောင်သည်ဖြစ်က ခဲပေါက်သတ်ဒဏ်ခံရမည့်အကြောင်းမှာ အခိုင်အလုံဖြစ်သည်မှာ အထင်အရှားပင်။

ကြည့်— (ဗိုခါရီ၊ ခဲပေါက်သတ်ဒဏ်အခန်း)

ဟိဂျ်ရီ[၇]ခုနှစ်တွင် မွတ်စလင်မ်တစ်ဦးသည် ဇိနာမှုကို ကျူးလွန်မိ၏၊ ထိုအကြောင်းကိုလူများမသိကြပေ။ သို့ပင်တာစေ အဆိုပါပြစ်မှုကျူးလွန်မိသော မွတ်စလင်မ်သည် မိမိပြစ်ဒဏ်ကို နောင်တမလွန်တွင် ခံစားမည့်အစား၊ ဤပစ္စုပ္ပန်တွင်ပင် ခံစားသွားခြင်းက ပိုကောင်းသည်ဟု တွေးဆကာ တမန်တော်မြတ်ထံရောက်ရှိလာပြီး 'တမန်တော်မြတ်၊ ကျွန်တော်ပြစ်မှုကျူးလွန်မိသူဖြစ်ပါသည်၊ ကျွန်တော့်အား သန့်ရှင်းအောင် ပြုလုပ်ပေးတော်မူပါ' ဟု အကြိမ်ကြိမ်လျှောက်ထား၏၊ တမန်တော်မြတ်သည် စနစ်တကျ စုံစမ်းစစ်ဆေးတော်မူပြီးနောက် အမှု ခိုင်လုံသည့်အတွက် ခဲပေါက်သတ်ဒဏ်ခတ်ရန် စီရင်တော်မူလိုက်လေသည်။

ဟိဂျ်ရီ [၄]ခုနှစ်တွင် သေရည်အရက်မသောက်သုံးရန် ပညတ်တော်ကျရောက်လာခဲ့၏။ တမန်တော်မြတ် လက်ထက်တော်၌ သေရည်အရက် သောက်သုံးမှုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်မှုသေ အတည်တကျ သတ်မှတ်ချက်မရှိပေ။ သေရည်အရက်သောက်သုံးသူများသည်ကြိမ်ဒဏ်(၄၀) အထိ အရိုက်ခံကြရပေသည်။ သမ္မတကြီး အုမရ်လက်ထက်တွင် အခြေအနေအရ သေရည်အရက် သောက်သုံးသူများကိုကြိမ်ဒဏ် [၄၀]မှ[၈၀] အထိ တိုး၍အပြစ်ပေးလေသည်။

အပြစ်မရှိသော အမျိုးသမီးများအား မဟုတ်မမှန် လုပ်ကြံယိုးစွပ်ပြောဆိုသူများနှင့် ပတ်သက်၍ ဟိဂျ်ရီ ၅—ခုနှစ်တွင် အောက်ပါအာယတ်ကို အမိန့်တော်ကျရောက်လာခဲ့လေသည်။

وَالَّذِينَ يَرْمُونَ الْمُحْصَنٰتِ ثُمَّ لَمْ يَأْتُوا بِأَرْبَعَةِ شُهَدَاءَ فَاجْلِدُوهُمْ ثَمٰنِينَ جَلْدَةً وَلَا تَقْبَلُوا لَهُمْ شَهَادَةً أَبَدًا ۝ قرآن (24 : 4)

'အကြင်သူများသည် ကာကွယ်ထိန်းသိမ်းနေရှိသော အမျိုးသမီးများအား မဟုတ်မတရား ယိုးစွပ်ပြောဆိုကြ၏။ ထိုနောက် သက်သေ ၄–ဦး တင်မပြနိုင်ခဲ့ကြပေ။ သို့ဖြစ်လျှင် ၎င်းတို့အား ကြိမ်ဒဏ် ၈၀–ရိုက်ကြ၊ ၎င်းတို့၏ သက်သေထွက်ဆိုချက်ကိုလည်း ဘယ်သောအခါတွင်မျှ လက်မခံကြနှင့်။'

ကုရ်အာန် (၂၄း၄)

လူ့လောကတွင် လူသားတို့သည် သုံးခုသောအရာကို အလွန်မြတ်နိုးကြ၏၊ တန်ဖိုးထားကြ၏။ ၁။ အသက်၊ ၂။ ဥစ္စာ ၃။ ဂုဏ်သိက္ခာ၊ အထက်တွင် ရေးသားဖော်ပြပါ တရားဥပဒေများသည် ယင်းသည့် အချက် ၃–ချက်ကို အထူးတလည် ကာကွယ်ထိန်းသိမ်းရန် အတွက်ပင် ဖြစ်ပေသည်။ ထိုအတွက်ကြောင့် တမန်တော်မြတ်သည် အထက်တွင် ဖော်ပြပါ တရားဥပဒေများ ကျရောက်ပြီးနောက် ဟိဂျ်ရီ ၁၀ – ခုနှစ် နောက်ဆုံးဟဂျ်ရီတွင်အလ္လာဟ်ကျောင်းတော်ပရဝုဏ်၌အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

"အို....မွတ်စလင်မ်အပေါင်းတို့၊ ဤနေ့၊ ဤလ၊ ဤမြို့တော်၊ ရှိသေလေးစားအပ်သကဲ့သို့ အသင်တို့၏ အသက်၊ ဥစ္စာနှင့် ဂုဏ်သိက္ခာတို့သည်လည်း ရှိသေလေးစားအပ်ပေသည်။"

# ဟလာလ် နှင့် ဟရာမ်

## စားသောက်ဖွယ်ရာများတွင် စားသုံးပိုင်သော ပစ္စည်းနှင့် မစားသုံးပိုင်သောပစ္စည်း။

အစ္စလာမ် မထွန်းကားမီ အမိုက်ခေတ်တွင် အရဗ်တို့သည် စားသောက်ရာတွင် တစ်စုံတစ်ရာ ရှောင်ကြဉ်ရန် မရှိခဲ့ကြပေ။ ၎င်းတို့ထံတွင် စားသုံးပိုင်သော ပစ္စည်း၊ မစားသုံးပိုင်သော ပစ္စည်းဟူ၍ တစ်စုံတစ်ရာ ခွဲခြားထားသည်လည်း မရှိခဲ့ပေ။ အရဗ်တို့သည် အသေသားများနှင့် ပိုးမွှားများကိုပင် စားသုံးလေ့ရှိခဲ့ကြပေသည်။ သို့ပင်တစေ ၎င်းတို့သည် မိမိတို့၏ ရိုးရာကိုးကွယ်ရာများအား ရည်စူး၍ ပူဇော်ပသထားကြသော တိရစ္ဆာန်များကိုမူ ရှောင်ကြဉ်ခဲ့ကြသည်၊ ယင်းသို့သော တိရစ္ဆာန်များအား သတ်ဖြတ်ခြင်းကိုလည်း အပြစ်ဟူ၍ မှတ်ယူကြသည်။

၎င်းတို့၏ ရယ်ဖွယ်ရာယုံကြည်ယူဆချက် တစ်ရပ်မှာ အချို့ ပူဇော်ပသထားသော တိရစ္ဆာန်များကို ယောကျ်ား စားသုံးပိုင်သည်၊ အမျိုးသမီးများ မစားသုံးပိုင်။ တိရစ္ဆာန်တစ်ကောင် အသေမွေးလာလျှင် ထိုမွေးလာသော အသေကောင်ကို ယောကျ်ား၊ မိန်းမ နှစ်ဦးစလုံး စားသုံးနိုင်ကြသည်။ အရှင် မွေးလာလျှင် ယောကျ်ားများသာ စားသုံးပိုင်သည်။ ဤသို့သော ရယ်ဖွယ်ရာ အစဉ်အလာများသည် ၎င်တို့တွင် အများအပြားပင်ရှိခဲ့ပေသည်။ ၎င်းတို့၏ ဤသည့် အစဉ်အလာများကို ကုရ်အာန်ကျမ်းမြတ် (၆း ၁၃၈-၁၄၀)တွင်လည်း မိန့်ဆိုထားတော်မူသည်။

အစ္စလာမ်၏အမိန့်၊ ပညတ်များသည် များသောအားဖြင့် တမန်တော်မြတ် မဒီနာမြို့သို့ ကြွရောက်လာပြီးသည့် နောက်ပိုင်းတွင်မှ ကျရောက်လာခဲ့၏။ သို့တစေလည်း စားဖွယ်၊ သောက်ဖွယ်များနှင့် စပ်လျဉ်း၍ကား အမိန့်တော်များသည် တမန်တော်မြတ် မက္ကာမြို့တော်မှ နေထိုင်တော်မူစဉ် အချိန်မှာပင် စတင် ကျရောက်လာခဲ့ပေသည်။

قُل لَّا أَجِدُ فِي مَا أُوحِيَ إِلَيَّ مُحَرَّمًا عَلَىٰ طَاعِمٍ
يَطْعَمُهُ إِلَّا أَن يَكُونَ مَيْتَةً أَوْ دَمًا مَّسْفُوحًا
أَوْ لَحْمَ خِنزِيرٍ فَإِنَّهُ رِجْسٌ أَوْ فِسْقًا أُهِلَّ لِغَيْرِ اللَّهِ
بِهِ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَلَا عَادٍ فَإِنَّ رَبَّكَ
غَفُورٌ رَّحِيمٌ    قرآن (6:146)

"အသင်ပြောပြပါ။ကျွန်ုပ်သည် မိမိထံ ဝဟီဖြင့် ကျရောက်လာသော မုကွပါဋ်တော်များတွင် (ခု ပြောဆိုနေကြသော တိရစ္ဆာန်များနှင့် ပတ်သက်၍) စားသုံးသူတစ်ဦးတစ်ယောက်အဖို့ (ဟရာမ်) မစားသုံးအပ်ဟူ၍ကား တစ်စုံတစ်ရာမတွေ့ရှိပါ။ သို့ရာတွင် (ဟရာမ်-မစားသုံးအပ်ဟူ၍ တွေ့ရှိရသော အရာများကား) အသေသား၊ စီးနေသောသွေး၊ ဝက်တိရစ္ဆာန်၏အသား၊ အကြောင်းသော် ထို ဝက်သားသည် အလျင်းမသန့်ရှင်းပေ။ သို့မဟုတ် 'ရှိရ်က်' (အလ္လာဟ်နှင့် ယှဉ်တွဲကိုးကွယ်မှု)၏ အကြောင်းတရားဖြစ်သောအရာ၊ (ဥပမာ- ထိုအရာသည် အလ္လာဟ်မှ တစ်ပါး၊ အခြားကိုးကွယ်ရာများကို ပူဇော်ပသခြင်းခံရ၏။ (ဤသည်တို့ကား ဟရာမ် အလျင်းမစားသုံးအပ်ပေ)။ သို့ပင်တစေ အကြင်သူတစ်ဦးသည် (ဆာလှောင်မွတ်သိပ်မှုကြောင့်၊ သေရေး၊ ရှင်ရေး တမျှ) အကျဉ်းအကျပ် ဖြစ်လာခဲ့သည်ရှိသော်၊ ထိုသူ၌ (စားသုံးရာတွင်) အရသာခံစားလိုစိတ်လည်းမရှိသော်၊ (အသက်မသေရုံ စားသည်ထက်) ပို၍ စားသုံးလိုစိတ်လည်း မရှိသော် (သို့ဖြစ်လျှင် အစေက်ဖော်ပြပါ ဟရာမ်ပစ္စည်းများကို မလွဲ

မရှောင်သာ စားသုံးရာတွင် အပြစ်မရှိပေ)။ ဧကန်မုချ အသင်၏အရှင်သခင်သည် အတိုင်းထက်အလွန်လွတ်ငြိမ်းခွင့် ပေးတော်မူသောအသျှင်၊ အလွန်သနားတော်မူသောအသျှင် ဖြစ်တော်မူပေသည်''

ကုရ်အာန်- (ဗ်း ၁၄၆)

အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲပြီး ဘုရား အမြောက်အမြား ကို ကွယ်သော အရဗ်'မွတ်ရှ်ရိုက်'များက ''မွတ်စလင်မ်များသည် မိမိ အလိုအလျောက် သေသွားသော တိရစ္ဆာန်ကို ဟာရာမ်ဟု ဆိုကြသည်။ မိမိတို့ ကိုယ်တိုင်လှီးဖြတ်သောတိရစ္ဆာန်ကိုမူ ဟလာလ်ဟု ဆိုကြသည်၊ အမှန်မှာ အတူတူပင်ဖြစ်သည်။ ခြားနားမှုမရှိ''ဟု အံ့သြကြီးစွာ ပြောဆိုခဲ့ကြ၏။ ထိုအခါ အောက်ပါ မုကဒ္ဒပ္ပါင်တော် ကျရောက်လာခဲ့ပေသည်။

فَكُلُوا مِمَّا ذُكِرَ اسْمُ اللَّهِ عَلَيْهِ إِن كُنتُم بِآيَاتِهِ
مُؤْمِنِينَ ۝ وَمَا لَكُمْ أَلَّا تَأْكُلُوا مِمَّا ذُكِرَ اسْمُ اللَّهِ
عَلَيْهِ وَقَدْ فَصَّلَ لَكُم مَّا حَرَّمَ عَلَيْكُمْ قرآن (6:119-120)

''သို့ဖြစ်ရာ အလ္လာဟ်နာမံတော် တသ၍ လှီးဖြတ်ထားသော [တရားဝင်] တိရစ္ဆာန်များကို အသင်တို့ စားသုံးကြ၊ အကယ်၍ အသင်တို့သည် ထိုအရှင်မြတ်၏ အမိန့်တော်များကို ယုံကြည်ကြလျှင် အလ္လာဟ် နာမံတော် တသ လှီးဖြတ်ထားသော [တရားဝင်] တိရစ္ဆာန်များကို မစားသုံးရန် အသင်တို့၌ မည်သို့မျှ အကြောင်းမရှိ။ အမှန်မှာ ထိုအရှင်မြတ်သည် အသင်တို့အပေါ်၌ ဟာရာမ် မစားသုံးပိုင်ဟူ၍ ပညတ်ထားတော်မူသည်များကိုလည်း အသင်တို့အား အသေးစိတ် ရှင်းပြထားတော်မူပြီး ဖြစ်ပေသည်''

ကုရ်အာန် (ဗ်း ၁၁၉-၁၂၀)

ထို့နောက် မက္ကာမြို့တော်မှာပင် ကုရ်အာန်ကျမ်းမြတ် [၁၆း ၁၁၄-၁၁၆] ကျရောက်လာခဲ့၏။ ယင်း မုက္ခပါဌ်တော်များတွင် အထက်၌ ဖော်ပြပါ သဘောတားများကိုပင် ထပ်မံ ရှင်းလင်း မိန့်ကြားတော်မူထားသည်။ ကုရ်အာန်(၆း ၁၄၆)တွင် ဟရာမ်-ဟူ၍ ပညတ်ထားသည့် အရာလေးခုကိုပင် ဟရာမ်ဟူ၍ ပညတ်ထားတော်မူသည်။

ထို့နောက် တမန်တော်မြတ် မဒီနာမြို့သို့ ရွှေ့ပြောင်းလာတော်မူသည့်အခါ ကုရ်အာန်ကျမ်းမြတ် (၂း ၁၇၃) ကျရောက်လာခဲ့ပေသည်။ ဤသည့်မုက္ခပါဌ်တော်တွင်လည်း အထက်တွင်အရာလေးခုကိုပင် တတိယမ္ပိ ဟရာမ်ဟူ၍ ပညတ်ထားတော်မူပေသည်။

အထက်တွင် ရေးသားသည့်အတိုင်း အရပ်တို့တွင် ဟလာလ်၊ ဟရာမ်ဟူ၍ ခွဲခြားမှုမရှိခဲ့ပေ။ ယင်းသို့ဖြစ်ရခြင်းမှာ အသိပညာ နည်းပါးမှုအပြင် ဆင်းရဲနွမ်းပါးမှုမှာလည်း အကြောင်းတစ်ရပ် ဖြစ်ခဲ့ပေသည်။ ထို့အတွက်ကြောင့်ပင် မွတ်စလင်မ်တို့၏စားဝတ်နေရေး အဆင်ပြေလာခဲ့သည်နှင့်အမျှ ဟလာလ်၊ ဟရာမ်နှင့် ပတ်သက်သော စည်းကမ်းချက်များလည်း တစ်ဖြည်းဖြည်း ပို၍ပို၍ ကျယ်ပြန့်လာခဲ့ပေသည်။

အရပ်တို့သည် များသောအားဖြင့် မာမကျန်းဖြစ်ပြီး မိမိဘာသာ သေဆုံးသွားသော တိရစ္ဆာန်ကိုသာ အသေကောင်။ ယင်း၏ အသားကိုသာ အသေသားဟူ၍ မှတ်ထင်လေ့ရှိခဲ့ကြ၏။ အကြောင်း တစ်ခုခုကြောင့် ဥပမာ ထိရှ၍ သေဆုံးသော တိရစ္ဆာန်၏ အသားကို ဟရာမ်ဟူ၍ မထင်မှတ်ခဲ့ကြပေ။

ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်မဒီနာမြို့သို့ ရွှေ့ပြောင်းကြွလာတော်မူပြီး လေးငါးနှစ်ကြာသောအခါ ကုရ်အာန်ကျမ်းမြတ်လာ မုက္ခပါဌ်တော် (၅း ၃) ကျရောက်လာခဲ့ပေသည်၊ ယင်းမုက္ခပါဌ်တော်တွင် အသေကောင်ကို ရှင်းလင်းမိန့်ကြားထားတော်မူသည်။

အသေကောင်တွင် [၁] လည်လိမ်ခံရပြီး သေသောတိရစ္ဆာန်၊ [၂] အရိုက်အနှက်ခံရပြီး (သို့မဟုတ်) ထိခိုက်ဒဏ်ရာ ရပြီး သေဆုံးသော

တီရစ္ဆာန်၊ (၃) အမြင့်မှလိမ့်ကျသေဆုံးသော တိရစ္ဆာန်၊ (၄) ဦးချိုတို့ဖြင့် ဝှေ့ခတ်ခြင်းခံရပြီး သေသောတိရစ္ဆာန်၊ (၅) သားရဲတိရစ္ဆာန်များ ကိုက်ခဲသတ်ဖြတ်၍ သေဆုံးသောတိရစ္ဆာန်များလည်း ပါဝင်ကြောင်း၊ သို့ရာတွင် အသင်တို့ တရားဝင်'ဇဗဟ်' လှီးဖြတ်သောတိရစ္ဆာန်များသာလျှင် ဟလာလ်ဖြစ်ကြောင်း မိန့်ဆိုထားတော်မူသည်။

ဟိဂ်ျရီ [၇]ခုနှစ်တွင်ပင် မွတ်စလင်မ်များသည် ခိုင်ဗရ်ကိုအောင်နိုင်လိုက်ကြသည့်အခါ မြေယာများ၊ ပစ္စည်းများ အမြောက်အမြား ရလိုက်ကြ၏၊ ထိုအခါ တိရစ္ဆာန်များတွင် စားသုံးပိုင်သော တိရစ္ဆာန်များနှင့် မစားသုံးပိုင်သော တိရစ္ဆာန်များကိုလည်း တမန်တော်မြတ်သည် ခွဲခြားတော်မူလိုက်၏။

ဥပမာ- တမန်တော်မြတ်က 'ယနေ့မှစ၍ မြည်းတိရစ္ဆာန်၊ ကိုက်၊ခဲ၊ ကုတ်ဖြဲ စားသုံးသောသားရဲတိရစ္ဆာန်။ သားရဲငှက်များ ဟာရာမ် မစားသုံးပိုင်' ဟု ကြေညာတော်မူလိုက်၏။

ဟိဂ်ျရီ [၈]ခုနှစ်တွင် မက္ကာမြို့တော်ကို အောင်နိုင်ပြီးနောက် 'တွဲုင်ယ်' မျိုးနွယ်သည် အစ္စလာမ်သို့ ကူးပြောင်းလာခဲ့၏။ အဆိုပါ မျိုးနွယ်သည် ယခင်က 'အီစာအီ' ဘာသာဝင်ဖြစ်ခဲ့၏ ထိုနည်းအတူ ဆီရီယနိုင်ငံမှ အချို့ 'အီစာအီ'များလည်း အစ္စလာမ်သို့ ကူးပြောင်းလာခဲ့ကြ၏။ ၎င်းတို့သည် အမဲလိုက်ခွေးများမွေးခဲ့ ရှိကြ၏။ အစ္စလာမ်သို့ ကူးပြောင်းလာပြီးနောက် အသေသား ဟာရာမ်ဖြစ်ကြောင်း သိရှိကြသည့်အခါ ထိုသူများက မိမိတို့၏ အလေ့အထကို တင်ပြကြ၏၊ ထိုအခါ အောက်ပါ မုကွင့်ပါတော် ကျရောက်လာခဲ့ပေသည်။

يَسْـَٔلُونَكَ مَاذَآ أُحِلَّ لَهُمْ ۖ قُلْ أُحِلَّ لَكُمُ ٱلطَّيِّبَٰتُ
وَمَا عَلَّمْتُم مِّنَ ٱلْجَوَارِحِ مُكَلِّبِينَ تُعَلِّمُونَهُنَّ مِمَّا
عَلَّمَكُمُ ٱللَّهُ ۖ فَكُلُوا۟ مِمَّآ أَمْسَكْنَ عَلَيْكُمْ وَٱذْكُرُوا۟
ٱسْمَ ٱللَّهِ عَلَيْهِ ۖ وَٱتَّقُوا۟ ٱللَّهَ ۚ إِنَّ ٱللَّهَ سَرِيعُ
ٱلْحِسَابِ ۝ قرآن (5:4)

"ထိုသူများက အသင့်အား ၎င်းတို့အဖို့ မည်သည့်အရာ ဟလာလ်ပြုလုပ်ထားပါသနည်းဟု မေးမြန်းကြ၏။ အသင် ပြောပြပါလေ" စင်ကြယ်သန့်ရှင်းသောအရာ [တိရစ္ဆာန်] အားလုံးသည် အသင်တို့အဖို့ ဟလာလ် ခွင့်ပြုထားပြီး ဖြစ်သည်။ ၎င်းပြင် အလ္လာလ်အသျှင်မြတ်က အသင်တို့အား ညွှန်ကြား ပြသထားတော်မူသည့် အတိုင်း မိမိတို့၏အမဲ လိုက်တိရစ္ဆာန်များကို (အမဲလိုက်ရာတွင် လိုက်နာရမည့် စည်းကမ်းများကို တတ်သိလိမ္မာအောင်) သင်ကြားပြီး အမဲလိုက်စေ၍ အသင်တို့အဖို့ ထိုအမဲလိုက်တိရစ္ဆာန်တို့က ဖမ်းဆီးပေးသော အမဲကိုလည်း အသင်တို့စားသုံးကြကုန်၊ သို့ရာတွင် အသင်တို့သည် (ထိုအမဲလိုက် တိရစ္ဆာန်များကို အမဲလိုက်ရန်စေလွှတ်ကြသည့်အခါ) အလ္လာဟ်နာမံတော်ကို တသကြကုန်၊ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အား ကြောက်ရွံ့ရိုသေ ခန့်ငြားကြကုန်၊ ကေန်မုချ အလ္လာဟ် အသျှင်မြတ်သည် လျင်မြန်စွာစစ်ကြောတော်မူမည့်အသျှင် ဖြစ်တော်မူသည်။"

ကုရ်အာန် (၅း ၄)

**သေရည်သေရက်ကို ပိတ်ပင်တားမြစ်ခြင်း။**

အရဗ်လူမျိုးများသည် သေရည်အရက်ကို အတိုင်းထက် အလွန်ပင် မြတ်နိုးကြ၏။ တိုင်းပြည်နှင့်အဝှမ်း သေရည်အရက်ကို သောက်သုံး ကြ၏။ လက်ဘသိကိုးဖွဲ့ ချာတွင်လည်း အရက်သည် မပါလျှင်မပြီးသော အရာဖြစ်နေ၏။ ထိုအတွက်ကြောင့်ပင် အစ္စလာမ်သည် အရက်ကို အဆင့် ဆင့် အကြိမ်ကြိမ် ပိတ်ပင်တားမြစ်ခဲ့ပေသည်။

မဒီနာမြို့တွင် သေရည်အရက် သောက်သုံးသည့် အလေ့သည် အခြားမြို့ရွာများနှင့်စာလျှင် အနည်းငယ်ပင် ပိုနေခဲ့၏။ လူကြီးလူကောင်း များသည်ပင် သေရည်အရက်ကို အသင်အရှား သောက်သုံးလေ့ရှိကြ၏။

ထိုသို့ အရက်အကြီးအကျယ် သောက်သုံးသူများတွင် အရက်ဖြတ်ထားသူများ၊ အရက်သောက်ခြင်းမှာ တရားနှင့်ဆန့်ကျင်သည်ဟူ၍ ယူဆသူများလည်း အနည်းနှင့်အများရှိခဲ့ကြ၏။

ထိုအချိန်ထိ အစ္စလာမ်သည် အရက်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ အမိန့်၊ ပညတ်မသတ်မှတ်သေးပေ။ ထိုအခါ အချို့ပုဂ္ဂိုလ်များက အရက်နှင့်စပ်လျဉ်း၍မေးမြန်းလာကြ၏၊ ဥပမာ - သာဝကကြီး အုမရ်က 'အို.... အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား အရက်နှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ မိန့်ကြားတော်မူပါ' ဟူ၍ ဆုပန်ကြားလာ၏။ ထိုအခါ အရက်နှင့်စပ်လျဉ်း၍ ဦးစွာပထမ အောက်ပါအတိုင်း မုကွ္ခပါဠ်တော် ကျရောက်လာခဲ့သည်။

يَسْـَٔلُونَكَ عَنِ ٱلْخَمْرِ وَٱلْمَيْسِرِ ۖ قُلْ فِيهِمَآ إِثْمٌ كَبِيرٌ
وَمَنَٰفِعُ لِلنَّاسِ وَإِثْمُهُمَآ أَكْبَرُ مِن نَّفْعِهِمَا ۗ

قرآن (۲:۲۱۹)

'ထို သူများသည် အသင့်အား အရက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ လောင်းတမ်းကစားခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း မေးမြန်းကြသည်။ အသင်ပြောပြ၊ ထိုအရာနှစ်ခုတွင် ကြီးလေးသော အပြစ်လည်း ရှိသည်၊ လူတို့အတွက် အကျိုးကျေးဇူးများလည်း ရှိသည်၊ သို့ရာတွင် ထိုအရာနှစ်ခုအပြစ်သည် ထိုအရာနှစ်ခု၏ အကျိုးထက် အလွန်ကြီးလေးသည်။"

ကုရ်အာန် (၂း ၂၁၉)

အထက်ပါ မုကွ္ခပါဠ်တော် ကျရောက်လာပြီးသည့် နောက်ပိုင်းတွင်လည်း လူတို့သည် များသောအားဖြင့် အရက်သောက်လျက်ပင် ရှိနေခဲ့ကြသည်။

တစ်ကြိမ်သော်.... အန်ဆွာရီတစ်ဦးသည် အချို့သာဝကကြီး များအား ထမင်းစားဖိတ်၏။ ထမင်းစားပွဲတွင် အရက်လည်း ပါလာခဲ့သည်။ ထမင်းစားသုံးပြီးသည့်အခါ 'မဃ်ရိဗ်' ဆွလာတ်ဝတ်ပြုချိန်ကျရောက်လာခဲ့သည်၊ ဆွလာတ်ဝတ်ပြုကြသည်၊ ဆွလာတ်ဝတ်ပြုရာတွင်လည်း ရှေ့ဆောင်ပုဂ္ဂိုလ်သည် အရက်သောက်ထားသည့်အတွက် ကုရ်အာန်ကျမ်းလာ မုကဒ္ဒပါဌ်တော်များကို အမှားမှား အယွင်းယွင်းဖတ်လေတော့၏။ (*) သာဝကကြီး အုမရ်က အရက်နှင့် စပ်လျဉ်း၍ ယခင်အတိုင်း အလ္လာဟ်ထံ ဆုပန်ပြန်၏။ ထိုအခါ အရက်နှင့် စပ်လျဉ်း၍ ဒုယတိအကြိမ် အောက်ပါအတိုင်း မုကဒ္ဒပါဌ်တော်ကျရောက်လာ၏။

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَقْرَبُوا الصَّلَاةَ وَأَنْتُمْ سُكَارَىٰ
حَتَّىٰ تَعْلَمُوا مَا تَقُولُونَ ۞ قرآن (4:43)

''အိုး....မုအ်မင်န်အပေါင်းတို့၊ အသင်တို့သည် မူးယစ်နေကြစဉ် မိမိတို့ပြောစကားကို မသိနားမလည်ကြသမျှကာလပတ်လုံး ဆွလာတ် ဝတ်ပြုမှုအနီးသို့ပင် မချဉ်းကပ်ကြပါနှင့်''

ကုရ်အာန်- (၄း ၄၃)

အထက်ပါ မုကဒ္ဒပါဌ်တော် ကျရောက်လာခဲ့ပြီးသည့် နောက်ပိုင်းတွင် ဆွလာတ်ဝတ်ပြုရန်အချိန် ကျရောက်လာတိုင်း၊ တမန်တော်မြတ်၏ ညွှန်ကြားချက်အရ သံတော်ဆင့်တစ်ဦးက ''မူးယစ်နေသူများ ဆွလာတ်

---

(*) အချို့ကျမ်းချက်များတွင် ယင်းသို့အရက်သောက်၍ ရှေ့ဆောင် ဆွလာတ်ဝတ်ပြုခဲ့သူမှာ သာဝကကြီး အလီဖြစ်သည်ဟု တွေ့ရှိရ၏၊ ကြားကား ယုတ္တိမရှိပေ။

(သာဇီ)

စတ်ပြုရာတွင် မပါဝင်စေရ”ဟု ကျေညာလေ့ရှိခဲ့ပေသည်။ သို့တစေလည်း အရက်နှင့် စပ်လျဉ်း၍ ထိုအချိန်အထိ ချွင်းချက်မရှိ၊ လုံးဝ ပိတ်ပင်ထားသည် မဟုတ်ခဲ့သေးပေရာ၊ ဆွလာတ် ဝတ်ပြုသည့်အချိန်မှ တစ်ပါး ကျန်အချိန်များတွင် အချို့ ပုဂ္ဂိုလ်များသည် အရက်ကို သောက်မြဲတိုင်းပင် သောက်နေခဲ့ကြသေး၏။ သာဝကကြီး အုမရ်သည် ယခင်အတိုင်းပင် အလ္လာဟ် အသျှင်မြတ်ထံတော်၌ ဆုတောင်းပြန်၏။ ထိုအခါ အရက်နှင့် စပ်လျဉ်း၍ တတိယအကြိမ် အောက်ပါအတိုင်း မုကွ်ပါဠ်တော် ကျရောက်လာခဲ့ပေသည်။

يَا أَيُّهَا الَّذِينَ آمَنُوا إِنَّمَا الْخَمْرُ وَالْمَيْسِرُ وَالْأَنْصَابُ وَالْأَزْلَامُ رِجْسٌ مِنْ عَمَلِ الشَّيْطَانِ فَاجْتَنِبُوهُ لَعَلَّكُمْ تُفْلِحُونَ ۝ إِنَّمَا يُرِيدُ الشَّيْطَانُ أَنْ يُوقِعَ بَيْنَكُمُ الْعَدَاوَةَ وَالْبَغْضَاءَ فِي الْخَمْرِ وَالْمَيْسِرِ وَيَصُدَّكُمْ عَنْ ذِكْرِ اللَّهِ وَعَنِ الصَّلَاةِ فَهَلْ أَنْتُمْ مُنْتَهُونَ ۝

(၅း၉၀) قرآن

“အို....မုအ်မင်န် အပေါင်းတို့၊ မုချကေန် အရက်သည်လည်းကောင်း၊ လောင်းတမ်းကစားခြင်းသည်လည်းကောင်း ရုပ်ထုများ သည် လည်း ကောင်း၊ ကံစမ်းမြားများသည်လည်းကောင်း၊ အလွန်ဆိုးရွားသော အမှုကိစ္စများ၊ ရှိုင်တွာန်၏ အပြုအမူများသာလျှင် ဖြစ်ကြ၏။ သို့ဖြစ်ရာ အသင်တို့သည် ထိုအရာများကို ရှောင်ကြဉ်ကြ၊ အသင်တို့ အောင်မြင်ကြလိမ့်မည်။

အမှန်မှာ ရှိုင်ထွာန်သည် အရက်သောက်ခြင်းဖြင့်လည်းကောင်း၊ လောင်းတမ်းကစားခြင်းဖြင့်လည်းကောင်း၊ အသင်တို့ စပ်ကြားတွင် ရန်ငြိုးပွားမှု၊ မုန်းတီးမှုကိုဖန်တီး

လိုသည်။ ထို့ပြင် တ ၀ တ သ ခြင်းမှ လည်း ကောင်း၊ ဆွလာ ၀တ်ပြုခြင်းမှလည်းကောင်း၊ ပိတ်ပင် တားဆီးလိုက်သည်။ သို့ဖြစ်ရာ အသင်တို့သည် (အရက်သောက်ခြင်း၊ လောင်းတမ်းကစားခြင်းမှ) ရပ်တန့်ကြမည်လော။''

ကုရ်အာန် (၅း ၉၀)

အထက်ပါ မုဂ္ဂဒ္ဒါသ်ဝဟီတော် ကျရောက်လာပြီး နောက်ပိုင်းတွင် အရက် သောက်စားခြင်းသည် လုံးလုံးလျားလျား ဟာရာမ် ဖြစ်သွားခဲ့လေသည်။

ထိုအချိန်မှာပင် တမန်တော်မြတ်သည် မဒီနာမြို့ရှိ လမ်းတိုင်းတွင် ယနေ့မှစ၍ အရက်သည် လုံး၀ ဟာရာမ်ဖြစ်ကြောင်း အသင်အရှား ကြေညာစေတော်မူခဲ့လေသည်။

အရက်သောက်ခြင်းကား ချွင်းချက်မရှိ ဟာရာမ်ဖြစ်ခဲ့ချေပြီ၊ သို့ပင်တစေ အချို့ ပုဂ္ဂိုလ်များသည် ဥပဒေကို လှက်တစ်လိုးခြားလုည့်၍ အရက် အရောင်းအ၀ယ် ပြုလုပ်နေခဲ့ကြသေး၏။ တမန်တော်မြတ်သည် ဟိဂျ်ရီ(၈)ခုနှစ်တွင် အရက်ရောင်း၀ယ်မှုကိုလည်း ပိတ်ပင်တားမြစ်တော်မူလိုက်၏။ မိမိ ဗလီတော်တွင် အတည့်အလင်း ကြေညာတော်မူလိုက်၏။ ထိုမျှမက အဆိုပါနှစ်မှာပင် မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင် သိမ်းပိုက်ချိန်တွင် တမန်တော်မြတ်သည် အောက်ပါအတိုင်း(ထပ်မံ)ကြေညာတော်မူလိုက်လေသည်။

ان الله ورسوله حرم بيع الخمر والميتة والخنزير والاصنام (بخارى، مسلم، باب تحريم بيع الخمر والميتة، والاصنام)

''အလ္လာဟ် အသျှင်မြတ်နှင့်ထိုအရှင်မြတ်၏ တမန်တော်သည် အရက်၊ အသေသား၊ ၀က်သား၊ ရုပ်ထုတို့၏ ရောင်း၀ယ်မှုကို ဟာရာမ်ပြုတော်မူလိုက်ပြီ။''

အစ္စလာမ်သည် သေရည်အရက်ကို ဟရာမ်ဟူ၍ကား အထင်အရှား ပိတ်ပင် တားမြစ်လိုက်ပေပြီ၊ သို့ရာတွင် ပိတ်ပင်သည့်နေ့ရက်နှင့် စပ်လျဉ်း၍ကား အဆိုပြားနေ၏။ အမှန်မှာ တမန်တော်မြတ်သည် ဟိဂျရီ(၃)ခု၊ သို့မဟုတ် (၄)ခု နှစ်တွင် အရက်ကို ဟရာမ်ဟူ၍ ပိတ်ပင်တားမြစ်တော်မူခဲ့ပေသည်။

**အတိုးစားခြင်းကို ပိတ်ပင်တော်မူခြင်း။**

အတိုးစားခြင်းသည် အတိုင်းထက် အလွန်ဆိုးသွမ်း ရက်စက်မှုကြီးတစ်ရပ်ဖြစ်၏၊ ဆင်းရဲသားများ၏ ဂုတ်သွေးစုတ်သည့် သွေးစုတ်စက်ကြီးတစ်ခုဖြစ်၏။ အရဗ်ဘိုတွင် ဤသည့်အတိုးစားမှုသည် အရိုးခြင်ဆီအထိစွဲငြိနေခဲ့၏၊ ထို့အတွက်ကြောင့်ပင် အစ္စလာမ်သည် ဤသည့် အတိုးစားမှုကိုလည်း အဆင့်ဆင့် တဖြည်းဖြည်း ပိတ်ပင်တားမြစ်ခဲ့၏။

ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် များသောအားဖြင့် ကုန်သည်များ ဖြစ်ခဲ့ကြ၏။ ၎င်းတို့အနက် ချမ်းသာကြွယ်ဝသူများသည် တောင်သူလယ်သမား ဆင်းရဲသားများအား အတိုးကြီးကြီးဖြင့် ငွေချေးငှားလေ့ရှိခဲ့ကြ၏။ ချေးငွေပြေလည်အောင် မဆပ်နိုင်သမျှ ကာလပတ်လုံးနှစ်စဉ်နှင့်အမျှ အတိုးငွေကို မူရင်းချေးငွေတွင် ဖြည့်၍ ချေးငွေကို များပြားလာအောင် ပြုလုပ်လေ့ရှိခဲ့ကြ၏။ တမန်တော်မြတ်၏ ဘကြီး အဗ်ဗာစ်သည်သည်လည်း အစ္စလာမ်မထွန်းကားမီ အမိုက်ခေတ်တွင် အတိုးဖြင့် ငွေချေးငှားလေ့ရှိခဲ့၏။ တမန်တော်မြတ် မဒီနာမြို့သို့ ရွှေ့ပြောင်းကြွလာတော်မူသည့်အခါ ယဟူဒီကုန်သည်များကြောင့် အတိုးဖြင့် ငွေချေးခြင်း နည်းအမျိုးမျိုးကို တွေ့မြင်တော်မူရ၏။

တမန်တော်မြတ်သည် ဦးစွာပထမ ရွှေနှင့်ငွေ အကြွေးရောင်းဝယ်မှုကို အတိုးစားခြင်းဟူ၍ သတ်မှတ်တော်မူခဲ့သည်။ ထို့နောက် နှစ်ဆလေးဆ အတိုးကြီးစားခြင်းကို ပိတ်ပင်တားမြစ်တော်မူခဲ့၏။ ထိုအခါ အောက်ပါ မုဟ္မပါဋ်ဘော်ကျရောက်လာခဲ့၏။

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَأْكُلُوا الرِّبَا أَضْعَافًا مُّضَاعَفَةً
وَاتَّقُوا اللَّهَ لَعَلَّكُمْ تُفْلِحُونَ ○ قرآن (3:129)

"အို....မုအ်မင်နဲ့အပေါင်းတို့။ အသင်တို့သည် အထက်
တိုးထားသော အဆပေါင်းများစွာသော အတိုးအညွန့်ကို
မစားကြနှင့်၊ အသင်တို့သည် အလ္လာဟ်အား ကြောက်ရွံ့
ခန့်ငြားကြ၊ အသင်တို့ အောင်မြင်ကြပေမည်။"

ကုရ်အာန်– (၃း ၁၂၉)

ထို့နောက် တမန်တော်မြတ်သည် မျိုးတူပစ္စည်းများတွင်ပိုတလှည့် လျော့တလှည့်လုပ်၍ လဲလှယ်ခြင်းကိုလည်း တားမြစ်တော်မူလိုက်၏။ ဟိဂျိရီ [၇] ခုနှစ် ခိုင်ဗရ်စစ်ပွဲပြီးစ အချိန်တွင် မွတ်စလင်များသည် ယဟူဒီကုန်သည်များနှင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြသည်။ ထိုအချိန်တွင် တမန်တော်မြတ်က "ရွှေကို ရွှေဒင်္ဂါးနှင့် အရောင်းအဝယ် ပြုလုပ်ရာ၌ ရွှေဒင်္ဂါးဈေးကို တင်ခြင်း၊နှိမ်ခြင်းသည် အတိုးစားခြင်းပင် ဖြစ်သည်ဟု ကျေညာတော်မူခဲ့၏။

အတိုးအညွန့်မစားသုံးအပ်ခြင်းနှင့် စပ်လျဉ်း၍ အသေးစိတ်အမိန့်ပညတ်တော်များသည် ဟိဂျိရီ [၈]ခုနှစ်တွင် ကျရောက် လာခဲ့ပေသည်။ အဆက်ပါ မုကွဒ္ဒပါဠ်တော် [၃း ၁၂၉] နောက် အောက်ပါ မုကွဒပါဠ်တော် ကျရောက်လာခဲ့ပေသည်။

الَّذِينَ يَأْكُلُونَ الرِّبَا لَا يَقُومُونَ إِلَّا كَمَا يَقُومُ الَّذِي
يَتَخَبَّطُهُ الشَّيْطَانُ مِنَ الْمَسِّ ۚ ذَٰلِكَ بِأَنَّهُمْ
قَالُوا إِنَّمَا الْبَيْعُ مِثْلُ الرِّبَا ۗ وَأَحَلَّ اللَّهُ
الْبَيْعَ وَحَرَّمَ الرِّبَا ۚ فَمَن جَاءَهُ مَوْعِظَةٌ مِّن
رَّبِّهِ فَانتَهَىٰ فَلَهُ مَا سَلَفَ قرآن (2:275)

"အတိုးအညွန့် စားသုံးသူတို့သည် (ရှင်ပြန်ထမည့်နေ့တွင် သင်းချိုင်းတွင်းမှ ထသောအခါ) ကောင်းစွာ မရပ်နိုင်ကြပဲ၊ ရှိုင်တွာန်ဖမ်းစား၍ ရူးသွပ်တွေဝေနေသူများကဲ့သို့သာလျှင် ရပ်ကြပေမည်၊ ယင်းသို့ ဖြစ်ရခြင်းမှာ ၎င်းတို့က "ကူးသန်း ရောင်းဝယ်ခြင်းသည်လည်း အတိုးအညွန့်စားသုံးခြင်းနှင့် မခြားသပ်တူထပ်မျှသာ ဖြစ်သည်" ဟု ပြောဆိုသောကြောင့်ဖြစ်ပေသည်။ အမှန်မှာ အလ္လာဟ်အသျှင်မြတ်သည် ကူးသန်းရောင်းဝယ်ခြင်းကို ဟလာလ်တရားဝင်ပြုထားတော်မူသည်၊ အတိုးအညွန့် စားသုံးခြင်းကိုမူ ပိတ်ပင်တားမြစ်ထားတော်မူသည်၊ သို့ဖြစ်ရာ အကြင်သူသည် မိမိအသျှင်သခင်ထံတော်မှ အဆုံးအမဩဝါဒတော် ရောက်ရှိလာပြီ ဖြစ်ပေရာ၊ (အတိုးစားခြင်းမှ) ရပ်တန့်လိုက်ပါက ယခင်က ထိုသူလက်ခံစားသုံးခဲ့သော အတိုးအညွန့်များသည် ထိုသူ၏ ပစ္စည်းပင် ဖြစ်ပေမည်။"

ကုရ်အာန် (၂း ၂၇၅)

အထက်ပါ မုက္ခပါဠ်တော်ကျရောက်လာပြီးသည့် နောက်ပိုင်းတွင်လည်း လွယ်လွယ်ကလေးနှင့် အရိပ်အောက်တွင် နေရင်းထိုင်ရင်း အမြတ်ကြီးမြတ်နေခဲ့ကြသော အတိုးကြီးစား အမြတ်ကြီးစားများသည် မိမိတို့၏ အကျင့်ကိုမစွန့်လွှတ်လိုခဲ့ကြပေ။ ဥာဏ်နီဉာဏ်နက်သုံး၍ အတိုးကြီးစားချင်နေခဲ့ကြသေး၏၊ ထိုအခါ အဆိုပါ နှစ်အတွင်းမှာပင် အလ္လာဟ်အသျှင်မြတ်သည် အောက်ပါအတိုင်း စစ်ကြေငြာတော်မူလိုက်လေသည်။

يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَذَرُوا مَا بَقِيَ مِنَ الرِّبَا إِنْ كُنْتُمْ مُؤْمِنِينَ ۝ فَإِنْ لَمْ تَفْعَلُوا فَأْذَنُوا بِحَرْبٍ مِنَ اللَّهِ وَرَسُولِهِ وَإِنْ تُبْتُمْ فَلَكُمْ رُءُوسُ أَمْوَالِكُمْ لَا تَظْلِمُونَ وَلَا تُظْلَمُونَ ۝ قرآن (2:278-279)

"အို....ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင်၊ အလ္လာဟ် အသျှင်

မြတ်အား ကြောက်ရွံ့ ရိုသေခန့်ညားကြ။ ကြွင်းကျန်လျက်ရှိသော အတိုးများကို စွန့်လွှတ်ကြ။ အကယ်၍ အသင်တို့သည် မလိုက်နာကြလျှင် အလ္လာဟ် အသျှင်မြတ်နှင့်လည်းကောင်း၊ ထိုအသျှင်မြတ်၏ တမန်တော်မြတ်နှင့်လည်းကောင်း၊ စစ်တိုက်ရန် အသင့်ရှိကြ။ အကယ်၍ အသင်တို့သည် (နောင်တရကာ အလ္လာဟ် ဘက်တော်သို့) ပြန်လှည့်ကြလျှင်၊ အသင်တို့သည် မိမိတို့၏ ငွေရင်းများကို ပိုင်ဆိုင်ကြမည်။ အသင်တို့သည် မတရား နစ်နာ ဆုံးရှုံးစေကြမည်လည်း မဟုတ်၊ မတရား နစ်နာစေခြင်းကိုလည်း ခံရမည်မဟုတ်။”

ကုရ်အာန် (၂း၂၇၈-၂၇၉)

အထက်ပါ မုက္ခပါဌ်တော် ကျရောက်လာသည့်အခါ၊ တမန်တော်မြတ် မွတ်စလင်မ် အားလုံးတို့အား မိမိပလီဒေါ်တွင် စုရုံးစေတော်မူပြီး၊ အတိုးစားခြင်းနှင့် စပ်လျဉ်း၍ အထက် မုက္ခပါဌ်တော်ပါ အတိုင်း အတည့်အလင်း ကျေညာတော်မူလိုက်လေသည်။

ဟိဂျ်ရီ(၉)ခုနှစ်တွင် ‘နဂျ်ရာန်’ နယ်သားများနှင့် ငြိမ်းချမ်းရေး စာချုပ် ချုပ်သည့်အခါ အဆိုပါစာချုပ်တွင် “အတိုး အညွန့် မစားသုံးကြရ”ဟူသော စည်းကမ်းချက်ကိုလည်း တမန်တော်မြတ်သည် အမှတ်တရ ထည့်သွင်း ချုပ်ဆိုတော်မူခဲ့ပေသည်။

ဟိဂျ်ရီ (၁၀) ခုနှစ်နောက်ဆုံး ဟဂ်ျပြုလုပ်တော်မူသည့် အချိန်တွင် အထက်ပါ မုက္ခပါဌ်တော် မကျရောက်မီ အာရေဗျတွင် ရှိခဲ့သော အတိုးနှင့် စပ်လျဉ်းသည့် အရောင်းအဝယ် အပေးအယူ ဟူဟူသမျှတို့ကို တမန်တော်မြတ်သည် လုံးဝ ပယ်ဖျက်တော်မူလိုက်လေသည်။

သာဝကကြီး ဂူဗ်နုအဗ္ဗာစ်က “အစ္စလာမ်၏ အမိန့်၊ ပညတ်များတွင် အတိုးအညွန့် မစားသုံးရဟူသော ပညတ်တော်သည် နောက်ဆုံး ပညတ်တော်ဖြစ်သည်”ဟု ပြောပြခဲ့လေသည်။

# နောက်ဆုံး ဟဂ်ျ

ဇူလ်ဟစ်ဂျ်ဂျဟ်လ၊ ဟစ်ဂျ်ရီ(၁၀)ခု။

ဖေဖော်ဝါရီလ၊ ခရစ်သက္ကရာဇ်(၆၃၂)ခု။

إِذَا جَاءَ نَصْرُ اللَّهِ وَالْفَتْحُ ۝ وَرَأَيْتَ النَّاسَ
يَدْخُلُونَ فِي دِينِ اللَّهِ أَفْوَاجًا ۝ فَسَبِّحْ بِحَمْدِ
رَبِّكَ وَاسْتَغْفِرْهُ إِنَّهُ كَانَ تَوَّابًا ۝

(110:1-3) قرآن

“အလ္လာဟ် အသျှင်မြတ်၏ အကူအညီနှင့် အောင်နိုင်မှုကြီး ရောက်လာသည့်အခါ၊ လူသားတို့အား အလ္လာဟ် အသျှင်မြတ်၏ သာသနာတော်အတွင်းသို့ အုပ်စုလိုက်-အုပ်စုလိုက် ဝင်လာကြသည်ကို အသင် တွေ့မြင်သောအခါ၊ အသင်သည် မိမိ၏အသျှင်သခင်အား ခြီးမွမ်းထောပနာ၍ စင်ကြယ် သန့်ရှင်းတော်မူကြောင်း ဂုဏ်တော်မွမ်းပါ၊ ထို အသျှင်မြတ်ထံတော်၌ ချမ်းသာခွင့် မန်ကြားပါ။ မုချ ထို အသျှင်မြတ်သည် (ဝန်ချ တောင်းပန်မှုကို) အလွန် လက်ခံတော်မူသောအသျှင် ဖြစ်တော်မူပေသည်။

ကုရ်အာန်(၁၁၀း ၁-၃)

အထက်ပါ မုက္ခပါဠ်တော်ကို ထွေးဆ ဆင်ခြင်ပါက၊ အလ္လာဟ် အသျှင်မြတ်ထံတော်မှ အကူအညီအောင်နိုင်မှု ရောက်ရှိလာသည့်အတွက် ကျေးဇူးဆပ်ဖို့ အမိန့်တော်လာရန်သာ သင့်သည်ဟု သာမန်အားဖြင့် ဆင်ခြင်စရာရှိသည်။ ယခုသော် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားရန် အမိန့်တော် လာရှိနေပေသည်၊ မည်သို့ပါနည်း။

ထို့အတွက်ကြောင့်ပင် တစ်ချိန် အချို့ သာဝကကြီးများ စုမိကြသည့်အခါ၊ သာဝကြီး အုမရ်က အထက်ပါ မုက္ခပါဠ်တော်၏ အနက်သဘောကို မေးမြန်း၏။ သာဝကကြီးများကလည်း၊ မိမိတို့၏ ထင်မြင်ချက်များကို အသီးသီး ပြောပြကြ၏။ သို့တစေသာဝကကြီး အုမရ်သည် သာဝကကြီးများ၏ တင်ပြချက်များကို မကျေနပ်ခဲ့ပေ။

နောက်ဆုံးတွင် သာဝကကြီး အုမရ်သည်အသက်အရွယ်အားဖြင့် ငယ်သေးသော သာဝက အဗ်ဒုလ္လာဟ်ဣဗ်နုအဗ္ဗာစ်ကို လှမ်းမြင်လိုက်၏။ သာဝက အဗ်ဒုလ္လာဟ်သည် မိမိ ငယ်ရွယ်သူဖြစ်သည့်အတွက် သက်ကြီးရွယ်ကြီး သာဝကကြီးများရှေ့တွင် မိမိ၏ ထင်မြင်ချက် တင်ပြရန် ရှိန်နေသည်ကိုလည်း ရိပ်စားမိ၏။ ထိုအခါ သာဝကကြီး အုမရ်က သာဝက အဗ်ဒုလ္လာဟ်အား မိမိ၏ ထင်မြင်ချက်ကို ရဲဝံ့စွာ တင်ပြရန် ညွှန်ကြားလိုက်၏။ ထိုအခါ သာဝက အဗ်ဒုလ္လာဟ်က "ဤမုက္ခပါဠ်တော်မှာ တမန်တော်မြတ် ကွယ်လွန် သေဆုံးတော်မူရန်အချိန် နီးကပ်လာပြီဖြစ်ကြောင်း ကြေညာချက်ပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤမုက္ခပါဠ်တော်တွင်တမန်တော်မြတ်အား လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားရန် အမိန့်တော် လာရှိပါသည်။ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခြင်းသည် သေခြင်းတရားနှင့် ဆက်စပ်လျက်ရှိပါသည်။အထူးသဖြင့် သေခါနီးအချိန်တွင် ပြုလုပ်ရသည့်ကိစ္စ ဖြစ်ပါသည်" ဟု ကျိုးကြောင်း ဆက်စပ်ပြီး မိမိ၏ ထင်မြင်ချက်ကို တင်ပြလိုက်ပါသည်။

## ကြည့်-ဗိုခါရီ၊ ကုရ်အာန်- (၁၁၀း၁-၃)၏ အဖွင့်။

ဤကဗ္ဗာ ကျရောက်လာသည့်အခါ တမန်တော်မြတ်သည် မိမိတာဝန်များ ကုန်ဆုံး၍၊ သက်တမ်းလည်း ကုန်ဆုံးတော့မည်ကို ရိပ်စား

တော်မူမိ၏။ (*) ထို့အတွက်ကြောင့် တမန်တော်မြတ်သည် ကမ္ဘာ့လူသားထုကြီး တစ်ရပ်လုံးအား ဟောပြောသင့်၊ ဟောပြောအပ်သည်များကို ပရိသတ်စုံညီ ရှေ့မှောက်တွင် ပြည့်စုံစွာ ရှင်းဖွင့်ဟောကြားရန် အချိန်တန်ပြီဟု ဆုံးဖြတ်တော်မူလိုက်၏။

တမန်တော်မြတ်သည် မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ ရွှေ့ပြောင်းသွားတော်မူခဲ့သည့်အချိန်မှ ယခုအထိ အကြောင်းကြောင်းတွေကြောင့် ဟဂျ်တာဝန်ကို ချုခွင့်ရတော်မမူခဲ့သေးပေ။ (**)

တမန်တော်မြတ်သည် မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ ရွှေ့ပြောင်းသွားတော်မူပြီးနောက်၊ဟဂျ်ပြုရန်ဗာန္ဒမြင်းပြုတော်မူခဲ့သော်လည်း အချိန်အခါတော်ကြသည်အထိ မက္ကာမြို့တော်ရှိ ကုရိက်ရှ်မျိုးနွယ်ဝင်များသည် ခရီးသွားလာရေးတွင် အဟန့်အတား ဖြစ်နေခဲ့ကြပေသည်။ ဟုဒိုင်ဗီယဟ်စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုပြီး နောက်ပိုင်းတွင် ဟဂျ်ပြုလုပ်ရန်

---

(*) ကုန်အာန် ကျမ်းမြတ်ကဏ္ဍ(၁၁၀)သည် တမန်တော်မြတ်ကွယ်လွန်သေဆုံးတော်မမူမီ(၂)နှစ်အလျင်ကျရောက်လာခဲ့သည်ဟု ဝါဟီဒီက အတ်စ်ဗာမ္ဗုန် နုဇူလ်ကျမ်းတွင် ရေးသားထားသည်။ ဝါဟိဒီ၏ အဆိုသည် မှန်ကန်သင့်မြတ်လှသည်။ အလ္လာမဟ်စုယူတ္တိကလည်း ဤကဏ္ဍသည် မက္ကာမြို့တော်ကို အောင်နိုင်ပြီးနောက် ချက်ချင်းကျရောက်လာခဲ့သည်ဟု အတည့်အလင်း ဆိုထားသည်။

(အလ္လာမဟ်စိုင်ယစ်ဒ် စုလိုင်မာန်နဒ်ဝီ)

(**) တမန်တော်မြတ်သည် မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ ရွှေ့ပြောင်းတော်မမူမီ ဟဂျ်နှစ်ကြိမ် ပြုတော်မူခဲ့ပေသည်။ အချို့ဟဒီဆ်သြဝါဒတော်များတွင်တမန်တော်မြတ်သည် ဟဂျ်တစ်ကြိမ်သာ ပြုတော်မူခဲ့သည်ဟူ၍ ပါရှိသည်မှာ မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ရွှေ့ပြောင်းသွားတော်မူပြီးနောက်ပိုင်းတွင်တမန်တော်ဟဂျ်ပြုတော်မူခဲ့ခြင်းကို ရည်ညွှန်းခြင်းသာဖြစ်သည်။

(အလ္လာမဟ် စိုင်ယစ်ဒ် စုလိုင်မာန်နဒ်ဝီ)

အခွင့်သာလာခဲ့သော်လည်း၊ အကြောင်းကြောင်းတွေကြောင့်၊ ဤသည့် ဟဂ်ျတာဝန်ကို နောက်ဆုံးမှပင်ချရန် အခြေအနေက ဖန်တီးနေခဲ့ ပေသည်။

သို့နှင့် နောက်ဆုံးဟိဂျ်ရီ[၁၀]ခု၊ ဇူကာအ်ဒဟ်လတွင် တမန်တော် မြတ်သည် ဟဂျ်ပြုတော်မူရန် မက္ကာမြို့တော်သို့ ခရီးထွက်တော်မူမည့် အကြောင်း ကြေညာချက် ထွက်ပေါ်လာခဲ့လေသည်။ ဤသတင်းသည် တခဏချင်း ပျံ့နှံ့သွားခဲ့လေသည်။ တမန်တော်မြတ်နှင့် အတူတကွ ဟဂျ် ပြုခွင့် ရရှိသည်မှာ မင်္ဂလာရှိလှသည့်အပြင် ကြုံတောင့်ကြုံခဲ၊ရခဲလှသော အခွင့်ကောင်းကြီး တစ်ရပ်ဖြစ်သည့်အတွက် အရဗ် မွတ်စလင်မ် တစ်မျိုး သားလုံး စိတ်အားထက်သန်စွာဖြင့် အားတိုက်အင်တိုက် တမန်တော် မြတ်ထံတော်သို့ ချီတက်လာခဲ့ကြလေသည်။

ဟစ်ဂျ်ရီ[၁၀]ခု၊ ဇူကာအ်ဒဟ်လ[၂၆]ရက်၊ စနေနေ့တွင် တမန် တော်မြတ်သည် ရေချိုးတော်မူ၏။ ခါးဝတ်ပုဆိုးဆီး၍ ဝတ်ရုံတော်ကို ရုံတော်မူ၏။ နေ့လည် ဇုဟ်ရ်ဆွလာတ်အပြီးတွင် မဒီနာမြို့တော်မှ စတင် ခရီးစထွက်တော်မူ၏။ ဤခရီးတွင် တမန်တော်မြတ်၏ ကြင်ယာတော် များလည်း တမန်တော်မြတ်နှင့်အတူ လိုက်ပါလာခဲ့ကြ၏။

မဒီနာမြို့တော်မှ (၆)မိုင် အကွာတွင် 'ဇူလ်ဟုလိုင်ဖဟ်' မည်တွင်သော ဌာနတစ်ခု ရှိ၏။ ဤဌာနသည် မဒီနာမြို့တော်နှင့် ပတ်ဝန်းကျင်မှ ဟဂျ်ပြုရန် သွားသော ဟာဂျီလောင်းများအတွက် 'မီကာတ်' ဖြစ်သည်။ (ဟဂျ်၏ ကျင့်စဉ်များကို စတင်ကျင့်သုံးရန် သတ် မှတ်ထားသောဌာနပင် ဖြစ်သည်)။ ထိုဌာနတွင် တမန်တော်မြတ်သည် တညဉ့်လုံး စခန်းချရပ်နားတော်မူ၏။ နံနက်မိုးသောက်၊ ဒုတိယနေ့ ရောက် သောအခါ တမန်တော်မြတ်သည် ထပ်မံရေချိုးတော်မူ၏၊ ကြင်ယာတော် အာအိရှဟ်သခင်မက တမန်တော်မြတ်အား အမွှေးအကြိုင်များ လိမ်းကျံ ပေးသည်။

ထိုနောက် တမန်တော်မြတ်သည် ဆွလာတ် [၂]ရကာအတ်ဝတ်ပြု တော်မူ၏။ ထိုနောက် 'ကတ်ဆွဝါ'မည်တွင်သော ကုလားအုတ်ကို စီး နင်း၍ 'အဟ်ရာမ်' ခေါ် ဟဂျ်ပြုရာတွင် ဝတ်ဆင်ရသော ဝတ်ရုံတော်ကို

ရုံတော်မူ၏။ ထိုနောက် အသံကျယ်စွာဖြင့် အောက်ပါအတိုင်း အလ္လာဟ် အသျှင်မြတ်အား ဂုဏ်တော်မွမ်း၏။

لَبَّيْكَ اللّٰهُمَّ لَبَّيْكَ، اللّٰهُمَّ لَبَّيْكَ، لَا شَرِيْكَ
لَكَ لَبَّيْكَ، إِنَّ الْحَمْدَ وَالنِّعْمَةَ لَكَ، وَالْمُلْكَ
لَا شَرِيْكَ لَكَ

"အို.... အလ္လဟ်အသျှင်မြတ်၊ ရှေ့တော်မှောက် ကျွန်တော်ရောက်ပါပြီ၊ အလ္လာအရှင်မြတ် ရှေ့တော်မှောက် တော်ရောက်ပါပြီ၊ အသျှင်မြတ်မှာ ယှဉ်ပြိုင်ဘက်.... ဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပါ၊ချီးမွမ်းထောပနာမှုအပေါင်းသည် အသျှင်မြတ်အဖို့သာ ဖြစ်ပါသည်။ ကျေးဇူးတော်အပေါင်းသည် အရှင်မြတ်၏ ကျေးဇူးတော်များသာဖြစ်ပါသည်၊ စိုးမိုးခြင်းသည်လည်း အသျှင်မြတ်အဖို့သာ ဖြစ်ပါသည်၊ အသျှင်မြတ်မှာ ယှဉ်ဘက် ဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပါ"

ဤနောက်ဆုံး ဟဂ်ျမြင်ကွင်းကို ကိုယ်တွေ့မျက်မြင် ပြောပြသူမှာ သာဝကြီး ဂျာဗိရ်သခင်ဖြစ်ပါသည်။သာဝကကြီး ဂျာဗိရ်က "ကျွန်တော်ကိုယ်တိုင် ဤဟဂ်ျတွင် တမန်တော်မြတ်၏ အပါး၌ ရှိခဲ့ပါသည်။ လေးဘက်လေးတန် မော့၍ ကြည့်လိုက်သည်အခါ၊ ရှေ့-နောက်-လက်ယာ-လက်ဝဲ-မျက်စိတဆုံး ကြက်ပျံမကျ များပြောင်လှသော လူထုကြီးကို မြင်လိုက်ရပါသည်။ တမန်တော်မြတ်က "လဗ်ဗိုင်က"ဟူ၍ ဂုဏ်တော်မွမ်းသည့်အခါ အဘက်ဘက်ရှိ ကြီးမား များပြားလှသော မွတ်စလင်မ်ထုကြီး၏ နှလုံးသားအတွင်းမှ ထွက်ပေါ်လာသော ပဲ့တင်သံသည် တစ်မိုးလုံး၊ တစ်မြေလုံးဟိန်၍ ဟိန်း၍နေခဲ့သည်ကို ယခုတိုင်ကြားယောင်လျက်ရှိပါသည်"ဟု ဖွင့်ဟ ပြောပြခဲ့လေသည်။

မက္ကာမြို့တော်ကို အောင်နိုင်စဉ်က ခရီးတလျှောက် တမန်တော်မြတ် ဆွလာတ်ဝတ်ပြုတော်မူခဲ့သော ဌာနအသီးသီးတွင် မဂ်လာရယူရန် ရည်သန်ပြီး၊ မွတ်စလင်မ်များသည် "မတ်စ်ဂျစ်ဒ်"ဗလီအသီးသီး တည်

ဆောက်ထားခဲ့ကြသည်။ တမန်တော်မြတ်သည် ထိုသို့သော ဗလီများတွင် ဆွလာတ်ဝတ်ပြုသွားတော်မူခဲ့လေသည်။

"ဇရိမ်"အမည်ရှိသောဌာနသို့ ရောက်သောအခါ၊ တမန်တော်မြတ်သည် ရေချိုးတော်မူ၏။ နောက်နေ့ ဇူလ်ဟာဂျ်ဂျဟ်လ (၄)ရက်၊ တနင်္ဂနွေနေ့နံနက် မက္ကာမြို့တော်သို့ရောက်ရှိတော်မူ၏။ (မဒီနာမြို့တော်မှ မက္ကာမြို့တော်အထိ ကျခရီးသည် ၉-ရက်ကြာခဲ့၏)။

တမန်တော်မြတ် မက္ကာမြို့တော်သို့ကြွရောက်လာတော်မူသည့်အခါ (တမန်တော်မြတ်၏ မျိုးနွယ်ဖြစ်သော) ဟာရှင်မ်၏ မျိုးနွယ်ဝင်များ၊ အထူးသဖြင့် လူငယ်များသည်ဝမ်းသာအယ်လဲမြို့တော်အပြင်ထွက်၍ ကြိုဆိုကြ၏။ တမန်တော်မြတ်ကလည်း ဝမ်းသာလှန်းလှသဖြင့် မိမိစီးနင်းလာသော ကုလားအုတ်ပေါ်၌ အချို့ကိုရှေ့တွင် အချို့ကိုနောက်တွင် ထိုင်စေတော်မူ၏။

မက္ကာမြို့တော်အတွင်း ကြွလာပြီး (ဗိုင်တုလ္လာဟ်) အလ္လာဟ် အိမ်တော်ကို ဖူးတွေ့လိုက်ရသည့်အခါ၊ တမန်တော်မြတ်က "အလ္လာဟ်အသျှင်မြတ်၊ ဤအိမ်တော်၏ ဂုဏ်သိက္ခာ၊ အရှိန်အဝါကို ပိုမိုကြီးထွားများပြားအောင် ပြုလုပ်ပေးတော်မူပါ"ဟု ဆုပန်ကြားလိုက်၏။ ထို့နောက် တမန်တော်မြတ်သည် အိမ်တော်ကို "တွဝါဖ်"ပြုလုပ်တော်မူ၏။လှည့်ပတ်ဖူးမြော်တော်မူ၏၊ "တွဝါးဖ်"ပြုလုပ်တော်မူပြီးနောက် "မကာမုဣဗ်ရာဟိမ်" အမည်ရှိသောနေရာ ဆွလာတ် [၂] ရက် အထိဝတ်ပြုတော်မူ၏။ ယင်းသို့ ဆွလာတ်ဝတ်ပြုတော်မူခြင်းနှင့် စပ်လျဉ်း၍ အထောက်အထားအဖြစ် ကုရ်အာန်ကျမ်းလာ အောက်ပါ မုက္ခာဒင်္ဂတော်ကို ရွတ်ဖတ်ပြတော်မူ၏။

وَاتَّخِذُوا مِن مَّقَامِ إِبْرَاهِيمَ مُصَلًّى

(2:125) قرآن

"အသင်တို့သည် တမန်တော် ဣဗ်ရာဟိမ် (အလိုင်ဟစ္စလာမ်)ရပ်တည်ရာနေရာဖြစ်သော "မကာမုဣဗ်ရာဟိမ်" ကို ဆွလာတ်ဝတ်ပြုရာဌာန ပြုလုပ်ကြ"။

ကုရ်အာန် (၂း ၁၂၅)

'ဆဖာ' တောင်သို့ ရောက်သည့်အခါ တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းလာ အောက်ပါ မုကဒ္ဒပါဌ်တော်ကို ရွတ်ဖတ်တော်မူ၏။

إِنَّ الصَّفَا وَالْمَرْوَةَ مِنْ شَعَائِرِ اللَّهِ

(2:158) قرآن

"ဆဖာနှင့် မရ်ဝဟ်တောင်များသည် အလ္လာဟ်အသျှင်မြတ် သတ်မှတ်ထားတော်မူသော သာသနာ့ အထိမ်းအမှတ်များတွင် အမှန်ပင် အပါအဝင် ဖြစ်သည်"။

ကုရ်အာန် (၂း ၁၅၈)

တမန်တော်မြတ်သည် ဆဖာတောင်ထိပ်မှ အိမ်တော်ကို ဖူးတွေ့လိုက်ရသည့်အခါ၊ အောက်ပါအတိုင်း အလ္လာဟ်အသျှင်မြတ်အား ဂုဏ်တော်မွမ်း၏။

لَا إِلٰهَ إِلَّا اللّٰهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ

وَلَهُ الْحَمْدُ، يُحْيِي وَيُمِيتُ، وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ،

لَا إِلٰهَ إِلَّا اللّٰهُ وَحْدَهُ، أَنْجَزَ وَعْدَهُ، نَصَرَ عَبْدَهُ،

وَهَزَمَ الْأَحْزَابَ وَحْدَهُ، (ابوداؤد)

"အလ္လာဟ် တစ်ပါးအပြင်၊ ကိုးကွယ်ရာ ဟူ၍ အလျှင်းမရှိ။ ထိုအသျှင်မြတ်၌ ယှဉ်ဆက်ဟူ၍ အလျှင်းမရှိ။ စိုးမိုးခြင်း အပေါင်းသည် ထိုအသျှင်မြတ်နှင့်သာလျှင် သက်ဆိုင်၏။ ချီးမွမ်းခြင်းအပေါင်းကို ထိုအသျှင်မြတ်သာလျှင် ခံထိုက်တော်မူ၏။ ထိုအသျှင်မြတ်သည် ရှင်စေတော်မူ၏။ သေစေတော်မူ၏။ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို ပြုစွမ်းတော်မူနိုင်၏၊အလ္လာဟ်တစ်ပါးအပြင်ကိုးကွယ်ရာဟူ၍

အလျှင်းမရှိ၊ ထိုအသျှင်မြတ်သည် မိမိ၏ကတိကို ပြီးပြည့်စုံစေတော်မူ၏၊ မိမိ၏ အစေတော်အား ကူညီတော်မူ၏၊ ထိုအသျှင်မြတ် တစ်ပါးတည်းကပင် မျိုးနွယ်စုအားလုံးတို့အား ရှုံးနိမ့်စေတော်မူ၏။

(အဗူဒါဝုဒ်ကျမ်း)

တမန်တော်မြတ်သည် ဆွဖာတောင်ထိပ်မှဆင်း၍ မရ်ဝဟ်တောင်ထိပ်သို့ ရောက်ရှိသည့်အခါတွင်လည်း ဆုမွန်တောင်းတော်မူ၏။ ဂုဏ်တော်မွမ်းတော်မူ၏။

အရပ်အမျိုးသားများသည် ဟဂ်ျပြုလုပ်ရာ၌ 'အွမ်ရဟ်' ပြုလုပ်ခြင်းကိုမပြုပိုင်၊ မပြုအပ်ဟူ၍ ထင်မှတ်နေခဲ့ကြ၏၊ ထို့အတွက် တမန်တော်မြတ်သည် ဆွဖာနှင့် မရ်ဝဟ်တောင်နှစ်ခုကြား [ဆွဝါဖ်၊ ဝအ်ယ်] လှည့်ပတ်သွားလာပြီးသောအခါ ကုရ်ဗာနီသားကောင် မပါသူများအား အွမ်ရဟ်' ပြီးဆုံးအောင် လုပ်စေပြီး 'အစ်ဟ်ရာမ်' ဝတ်ရုံတော်ကို လဲစေရန် အမိန့်ပေးတော်မူ၏။

ထိုအခါ အချို့တပည့်သာဝကများက အတိတ်ခေတ်ရိုးရာအစဉ်အလာများကို အကြောင်းပြုပြီး အစ်ဟ်ရာမ်ဝတ်ရုံတော် လဲခြင်းမှ ခွင့်လွှတ်တော်မူပါမည့်အကြောင်း လျှောက်ထားကြရာ၊ တမန်တော်မြတ်က "ငါ့ထံတွင် ကုရ်ဗာနီသားကောင်များ ပါမလာပါက ငါလည်း ဤအတိုင်းပင် ပြုလုပ်မည်သာဖြစ်သည်ဟု မိန့်တော်မူလိုက်လေသည်။

မောင်လာအလီသခင်သည် ဤနောက်ဆုံး ဟဂ်ျမတိုင်မီ ယမန်သို့ စေလွှတ်ခြင်းခံခဲ့ရ၏၊ ထိုအချိန်တွင် မောင်လာအလီသည် ယမန်က ဟာဂျီလောင်းများနှင့် အတူ မက္ကာမြို့တော်သို့ ရောက်ရှိလာခဲ့၏။ မောင်လာအလီတွင်လည်း ကုရ်ဗာနီသားကောင်များ ပါလာခဲ့၏၊ ထို့အတွက် မောင်လာအလီသည်လည်း အစ်ဟ်ရာမ်ဝတ်ရုံတော်ကို လဲတော်မမူခဲ့ပေ။

ဇူလ်ဟစ်ဂျဟ်လ (၈)ရက်၊ကြာသပတေးနေ့တွင်တမန်တော်မြတ်သည် မိမိနှင့်အတူလိုက်ပါလာခဲ့ကြသောမွတ်စလင်မ်ထုကြီး တစ်ရပ်လုံးနှင့်

အတူတကွ 'မိနာ'၌ စခန်းချတော်မူသည်။ နောက်ရက် ဇုလ်ဟဇ်ဂျ်ဂျဟ်လ ၉—ရက်။ သောကြာနေ့ နံနက် ဖဂျ်ရ် ဆွလာတ်ဝတ်ပြုပြီး မိနာမှ 'အရဖာတ်'သို့ ကြွသွားတော်မူ၏။

ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ဒိမိတို့၏အတိတ်ရိုးရာ အစဉ်အလာအရ၊ မက္ကာမြို့တော်မှ ဟဂျ်ပြုရန်ထွက်သွားကြသောအခါ၊ 'အရဖာတ်' အစား ကျောင်းတော်၏နယ်နိမိတ်အတွင်းတွင် တည်ရှိသော 'မွတ်ဇ်ဒလိဖတ်'၌ စခန်းချလေ့ရှိခဲ့ကြ၏။ ကျောင်းတော်၏ နယ်နိမိတ်အပြင် အခြားတစ်နေရာဘွင် ဟဂျ်၏ကျင့်စဉ်များကို ကျင်မှုပါအ ဒမိတို့၏ ထူးခြားလှသည့်သိက္ခာ ထိခိုက်နစ်နာသည်ဟု ဘင်မှတ်နေခဲ့ကြ၏။ သို့ရာတွင် အစ္စလာမ်၌ လူတန်းစားခွဲခြားမှုမရှိ၊ လူသားမှန်သမျှအားလုံး တန်းတူရည်တူသာလျှင်ဖြစ်၏။ အစ္စလာမ်သည် ကုရိုက်ရှ်၏ ကြီးသည့်ခွဲခြားမှုကို ချုပ်ငြိမ်းစေပြီး တစ်တန်းတစ်စားတည်း၊ တစ်မျိုးတစ်စားတည်းသော တန်းတူရည်တူဖြစ်ရေးကိုသာ လိုလား၏။ ထို့အတွက် ကြောင့် ပင် အလ္လာဟ်အသျှင်မြတ်က အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

ثُمَّ أَفِيضُوا مِنْ حَيْثُ أَفَاضَ النَّاسُ
(٢:١٩٩) البقرة

ထို့နောက် လူများအစုလိုက် ပြန်လည်လာကြသော နေရာ 'အရဖာတ်'မှ အသင်တို့သည်လည်း သွားရောက်၍ ပြန်လှည့်လာကြ။

ကုရ်အာန်-(၂း ၁၉၉)

တမန်တော်မြတ်သည် မွတ်စလင်မ်ထုကြီး တစ်ရပ်လုံးနှင့် အတူ အရဖာတ်'သို့ ကြွသွားတော်မူပြီး အောက်ပါအတိုင်းကျေညာတော်မူ၏။

قفوا على مشاعركم فانكم على ارث ابيكم ابراهيم

အသင်တို့သည် မိမိတို့၏ မြင့်မြတ်သော သာသနာ့ အထိမ်းအမှတ်ဌာနများတွင် ရပ်နားကြ၊ အကြောင်းသော် အသင်တို့သည် အသင်တို့၏ဖခင်ကြီးဖြစ်သော တမန်တော် အစ်ဗ်ရာဟီမ်၏ အမွေပေါ်၌ ရစ်တည် နေကြပေသည်။

ဆိုလိုသည်ကား 'အရဖာတ်'တွင် ဟာဂျီများရပ်နားခြင်းသည် တမန်တော် အစ်ဗ်ရာဟီမ်၏ အမှတ်အသားဖြစ်သည်။ တမန်တော် အစ်ဗ်ရာဟီမ်သည် အရဖာတ်ကို ဤသည့်ရည်ရွယ်ချက်အတွက်ပင် သတ်မှတ်ထားတော်မူခဲ့ပေသည်။

အရဖာက်တွင် 'နမ်ရဟ်' အမည်ရှိသော ဌာနတစ်ခုရှိသည်၊ တမန်တော်မြတ်သည် ထိုဌာန၌ အဝတ်တဲတစ်ခုတွင် ရပ်နားတော်မူခဲ့၏။ နေစောင်းသွားသောအခါ တမန်တော်မြတ်သည် 'တဆွ ်ဝါ' အမည်ရှိ မိမိ၏ ကုလားအုတ်ကို စီးနင်း၍ကွင်းပြင်သို့ကြွလာတော်မူ၏၊ အဆိုပါ ကုလားအုတ်ပေါ်မှပင် အောက်ပါအတိုင်း နောက်ဆုံး မိန့်ခွန်းကို မြွက်ကြားတော်မူ၏။

## နောက်ဆုံး ဟာဂျ်တွင် နောက်ဆုံးမိန့်ခွန်း

တမန်တော်မြတ်သည် အထက်တွင် ရေးသား ဖော်ပြခဲ့သည့်အတိုင်း နောက်ဆုံး ဟာဂျ်၌ အစ္စလာမ်နှင့် ပတ်သက်၍ ကမ္ဘာ့လူသားထုကြီး တစ်ရပ်လုံးအား မှာကြားတော်မူလိုသည်များကို ရင်ဖွင့်ဟောကြားသွားတော်မူခဲ့၏။ အချို့ အရေးကြီးသော အချက်များကိုမူ ထပ်တစ်လဲလဲ ဟောကြားတော်မူခဲ့၏။ 'ဆီဟာဟ်စစ်တ္တဟ်' မည်တွင်သော ကျမ်းကြီး ၆-စောင်နှင့် 'မစာနဒ်' ကျမ်းကြီးများကို သောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်သည် နောက်ဆုံး ဟာဂျ်တွင် ဇူလ်ဟစ်ဂျိဂျဟ်လ (၉) ရက်နေ့တစ်ကြိမ်၊ (၁၀) ရက်နေ့ တစ်ကြိမ်၊ (၁၁) ရက် (သို့မဟုတ်) (၁၂) ရက်နေ့ တကြိမ်၊ ပေါင်း သုံးကြိမ် ဟောကြားတော်မူခဲ့ကြောင်း အသင်အရှား သိရှိရပေသည်၊ ယင်းသို့ သုံးကြိမ်သုံးခါ ဟောကြားတော်မူခဲ့သည့် တရားများကို အောက်တွင် စုပေါင်းဖော်ပြထားခြင်းဖြစ်ပါသည်။

(ယာဒ်)

**အစဉ်အလာဆိုး အရပ်ရပ်ဖျက်**

ယနေ့သည် အစ္စလာမ်သမိုင်းတွင် မှတ်တမ်း တင်ရမည့်နေ့ထူး နေ့မြတ်ကြီးပင် ဖြစ်ပေသည်။ အကြောင်းသော်.... အစ္စလာမ့် ဂုဏ်သိက္ခာ အရှိန်အဝါကြီးစွာဖြစ်ပေါ်ထွန်းလာသည့် ပထမဆုံးနေ့ပင် ဖြစ်သည်။ သို့ပေါ်ထွန်းလာခဲ့သည့် အားလျော်စွာ အစ္စလာမ်၏စက်ယန္တရားကို ပီပီပြင်ပြင် လက်တွေ့အကောင်အထည် ဖော်နိုင်ရန်အတွက် အစ္စလာမ်သည် အမိုက်ခေတ်၏ မိုက်မဲလှသော၊ အဓိပ္ပာယ်ကင်းမဲ့လှသော၊ လူမဆန်လှသော၊ လူသားတို့အား အများဆုံးဖျက်ဆီးထားသော ထုံးတမ်းစဉ်လာဆိုး အရပ်ရပ်ကို ဦးစွာပထမ မလွဲမသွေ ချေဖျက် ချုပ်ငြိမ်းစေရမည်သာ ဖြစ်သည်၊ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်က ဤကိစ္စနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

أَلَا كُلُّ شَيْءٍ مِنْ أَمْرِ الْجَاهِلِيَّةِ تَحْتَ قَدَمَيَّ مَوْضُوعٌ،

مسلم، ابوداؤد

သတိ၊ (ယနေ့) အမိုက်ခေတ်၏ မိုက်မဲလှသော ထုံးတမ်းစဉ်လာအရပ်ရပ်ကို ငါ့ခြေထောက်တွင် ချေမှုန်းပစ်လိုက်ပြီ။

(မွတ်စလင်မ်၊ အဗူဒါဝူဒ်)

**လူတန်းစားမခွဲရ၊**

[လူ့လောက လူ့ဘဝတွင် မွေးရာပါ အခွင့်အရေး အပြည့်အဝရရှိကာ လူတစ်လုံး သူတစ်လုံး နေနိုင်ရေး၌ အကြီးဆုံးသော အဟန့်အတားမှာ လူတန်းစား ခွဲခြားမှုပင် ဖြစ်ပေသည်။ ယခုနကမ္ဘာတွင် အကြည်ညို ခံ၊ အပူဇော်ခံ၊ ဤသည့်လူတန်းစားခွဲခြားမှုကို အလွှာ အသီးသီးတွင် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် တွေ့ရှိနေရပေသည်။ ဘုရင်များသည် ဘုရားသခင်၏ အရိပ်အာဝါသဖြစ်နေကြသည်၊ ယင်းဘုရင်များ ရှေ့မှောက်တွင် မည်သူ

နှင့်မျှ တစ်စုံတစ်ရာ ဝေဖန်ပြောဆိုပိုင်ခွင့် အလျဉ်းမရှိ၊ အကြည် ညို ခံ အပူဇော်ခံ သာသနာ့ရှေ့ဆောင်ရှေ့ရပ် ရှေ့မှောက်တွင် သာသနာရေးနှင့် စပ်လျဉ်း၍ မည်သူမျှပြောဆိုပိုင်ခွင့်မရှိ၊ ဆွေကြီး၊ မျိုးကြီး၊ မျက်နှာကြီးများသည် မိမိတို့ကိုယ်ကို မိမိတို့ အလွန်ထူးကဲ မြင့်မြတ်လှသည် ဟူ၍ ထင်မှတ်ကြသည်။ ကျွန်သည် သခင်၏ရှေ့တွင် မည်သည့် အတင့်အတန်းမျှ မရှိ၊ ကျွန်သည် သခင်နှင့် ကြမ်းတစ်ပြေးတည်းပင် မထိုင်ရ။ ဤသည့်လူတန်းစားခွဲခြားမှုကို အစ္စလာမ်သည် လားလွှားမျှမလိုလား။ ထို့အတွက် ကြောင့်ပင် တမန်တော်မြတ်က ဤသည့်လူတန်းစားခွဲခြားမှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်။

ايها الناس! الا ان ربكم واحد، وان اباكم واحد، الا ،
لا فضل لعربي على عجمي، ولا لعجمي على عربي، ولا لاحمر على
اسود، ولا لاسود على احمر، الا بالتقوى، (مسند احمد)

"အို.... လူသားတို့....။ အသင်တို့၏ အရှင်သခင်သည် တစ်ပါးတည်း၊ အသင်တို့၏ဖခင်သည် တစ်ဦးတည်း၊ အရပ်လူမျိုးသည် အခြားလူမျိုးထက်မသာ၊ အခြားလူမျိုးသည် အရပ်လူမျိုးထက်မသာ၊ အနီသည်အနက်ထက်မသာ၊ အနက်သည် အနီထက်မသာ၊ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ငြားကာ ပြစ်မှုဒုစရိုက်များကို ကြဉ်ရှောင်ခြင်းအားဖြင့်သာလျှင် တစ်ဦးထက်တစ်ဦး သာနိုင်ပေသည်။

(မွတ်စ်နဒ်အဟ်မဒ်)

ان كل مسلم اخو المسلم، وان المسلمين اخوة.
مستدرك حاكم

မွတ်စလင်မ်တိုင်းသည် အခြားမွတ်စလင်၏ ညီနောင်ပင် ဖြစ်သည်။ မွတ်စလင်မ်တို့သည် အချင်းချင်းညီနောင်များပင် ဖြစ်ကြပေသည်။

(မွတ်စ်တဒ်ရက်ဟာကင်မ်)

ارقائكم ارقائكم، اطعموهم مما تأكلون واكسوهم مما تلبسون

ابن سعد

အသင်တို့၏ကျွန်များ၊ အသင်တို့၏ကျွန်များ၊ အသင်တို့သည် သူတို့အား မိမိတို့စားသုံးသည်များကို ကျွေးမွေးကြ၊ သူတို့အား ဝတ်စားဆင်ယင်သည်များကို ဝတ်ဆင်ပေးကြ။

(ဣဗ်နုစဲအ်ဒ်)

**လူသတ်ပွဲရပ်။**

အရပ်လူမျိုးတွင် အမိုက်ခေတ်၌ မျိုးနွယ်တစ်ခု၏ မျိုးနွယ်ဝင် တစ်ဦးအသတ်ခံရပါက သို့အသတ်ခံရသည့်အတွက် ပြန်လည်လက်စားချေခြင်းသည် သက်ဆိုင်ရာမျိုးနွယ်အပေါ်၌ မလုပ်မနေရ၊ မုချလုပ်ရမည့် တာဝန်ကြီးတစ်ရပ် ဖြစ်သွားခဲ့ပေသည်။ ဤသည့် လက်စားချေခြင်း တာဝန်မှာ သက်ဆိုင်ရာမျိုးနွယ်အဖို့ အဘယ်မျှ တာဝန်ကြီးလေးသည်ဆိုသော်.... ယင်းတာဝန်ကို မချရသမျှကာလပတ်လုံး နှစ်ပေါင်းရာထောင်ပင် ကုန်လွန်သွားလင့်ကစား လက်စားချေရန် တာဝန်မှာ ကျန်ရှိနေသေးသည်သာ ဖြစ်သည်။ ထိုအတွက်ကြောင့်ပင် စစ်ပွဲများသည် အစဉ်မပြတ်၊ အတောမသတ်၊ အဆက်မပြတ် ဖြစ်ပွားနေလေ့ ရှိခဲ့ပေသည်။ အရေဗျနိုင်ငံ၏ မြေပြင်သည် အမြဲတစေ သွေးများဖြင့် စွန်းထင်းလျက်ပင်နေခဲ့ပေသည်။

အံ့သြဖွယ်ကောင်းလှသည်မှာ အရပ်လူမျိုးများသည် ဤသည့် လူသတ်ပွဲကိုပင် မိမိဘို့အဖို့ အကြီးဆုံး ဂုဏ်ယူဖွယ်ရာဟူ၍ ထင်မှတ်နေခဲ့ကြပေသည်။ ဤသည့်အစဉ်အလာဆိုးကိုအစွဲလမ်းသည် အတိုင်းထက်အလွန်စက်ဆုပ်ရွံရှာသည်၊ ချေမှုန်းပစ်ရမည်သာ ဖြစ်သည်၊ ထို့အတွက် တမန်တော်မြတ်က နောက်ဆုံး ဟဂ်ျတွင် ဤကိစ္စနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။ စံပြအဖြစ် မိမိမျိုးနွယ်မှ သတ်စားသတ်ရန်ရှိသော သွေးများကို ဦးစွာပထမ စွန့်လွှတ်တော်မူခဲ့၏။

دماء الجاهلية موضوعة وان اول دم اضع من دمائنا

دم ابن ربيعة بن الحارث (بن عبد المطلب) (مسلم، ابو داؤد)

အမိုက်ခေတ်၏ (လက်စားချေ)သွေးများကို (ယနေ့) ပယ်ဖျက်လိုက်ပြီ။ ဦးစွာပထမ ငါသည် ငါ၏မျိုးနွယ်၏သွေး အဗ်ဒုလ်မွတ္တလစ်ဗ်၏သားဟာရိဆ်၊ ဟာရိဆ်၏သားရဗီအဟ်၊ ရဗီအဟ်၏သား (အေယာစ်)၏သွေးကို ပယ်ဖျက်လိုက်ပြီ။

(မွတ်စလင်မ်၊ အဗူဒါဝုဒ်)

**အတိုးစားခြင်း ပိတ်။**

အမိုက်ခေတ်၌ အရပ်လူမျိုးတွင် မြေရှင်၊ ကြွေးရှင်၊ ငွေရှင်များသည် အကြီးအကျယ် အတိုးကြီးစားနေခဲ့ကြ၏။ ဆင်းရဲသားကျော်မွဲများ၊ သွေးကို အစုပ်ကြီးစုပ်နေခဲ့ကြသည်။ ဆင်းရဲသားများမှာ အတိုးအညှဉ်း၏ဒဏ်ကို အလူးအလိမ့်ခံနေခဲ့ရရှာသည်။ လူလူချင်း ခေါင်းပုံဖြတ်သည့် လူ့အညှဉ်းတိုးစေသည့်၊ လူ့ဘဝဆုံးစေသည့် ဤသွေးစုတ်မှုကြီးကို အစွဲလမ်းသည် အသို့လျှင် လျစ်လျူရှုထားနိုင်အံ့နည်း။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် နောက်ဆုံး ဟဂ်ျတွင် အတိုးစားမှုကို အောက်ပါအတိုင်း ပိတ်ပင်တားမြစ်တော်မူခဲ့၏၊ စံပြအဖြစ် မိမိမျိုးနွယ်မှ ရရန်ရှိသော အတိုးများကို ဦးစွာပထမ လျှော်ပစ်တော်မူခဲ့၏။

ربا الجاهلية موضوع، واول ربا أضع من ربانا ربا

عباس بن عبد المطلب، (مسلم، ابوداؤد)

အမိုက်ခေတ်၏ အတိုးအညှန့်များကို (ယနေ့)ချေဖျက်လိုက်ပြီ။ ငါတို့ ရရန်ရှိသော အတိုးအညှန့်များအနက် အဗ်ဒူမွတ္တလိဗ်၏သား အဗ်ဗာစ်၏အတိုးကို ငါဦးစွာပထမ ချေဖျက်လိုက်ပြီ။

(မွတ်စလင်မ်အဗူဒါဝူဒ်)

**အမျိုးသမီးတို့၏ အခွင့်အရေး ကျပ်ပြည့်ပေး။**

အမိုက်ခေတ်တွင် အာရေဗျနိုင်ငံ၌ အမျိုးသမီးများသည် ရောင်းဝယ်ရာပစ္စည်းဘဝသို့ပင် ရောက်ရှိနေခဲ့ရရှာ၏၊ အလောင်းအစားပြုလုပ်ရာတွင် ပေါင်နှံရာပစ္စည်း ဖြစ်နေခဲ့ရရှာသည်။ အပယ်ခံဘဝသို့ ရောက်ရှိကာ မွေးရာပါအခွင့်အရေးများ အရှုံးကြီးရှုံး၍ နေခဲ့ကြရရှာသည်။ အမျိုးသမီးတို့၏ ဤကြေကွဲဖွယ်ရာအဖြစ်ဆိုးကို အစ္စလာမ်သည် မကြည့်ရက်နိုင်ပေ။

အမျိုးသမီးတို့အား အမျိုးသမီးတို့၏ အခွင့်အရေးများကို ထိုက်ထိုက်တန်တန် ကျပ်ပြည့်တင်းပြည့်ပေးရမည်မှာ အစ္စလာမ်၏တာဝန်သာ ဖြစ်သည်၊ ထို့အတွက် တမန်တော်မြတ်သည် နောက်ဆုံး ဟဂျ်တွင် အမျိုးသမီးတို့အား တန်ဖိုးထားခြင်း၊ လေးစားခြင်း၊ အခွင့်အရေးပေးခြင်း–တည်းဟူသော သရဖူကို ဆောင်းပေးတော်မူခဲ့၏။ အမျိုးသမီးတို့၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အမှတ်တရမိန့်ကြားတော်မူခဲ့သည်။

اتقوا الله في النساء (مسلم، ابوداؤد)

အသင်တို့သည် အမျိုးသမီးများနှင့် ပတ်သက်၍ အလွန်ဟုတ် အသျှင်မြတ်အား ကြောက်ကြ။

(မွတ်စလင်မ် အဗူဒါဝုဒ်)

إنّ لكم على نسائكم حقًّا ولهنّ عليكم حقًّا (طبرى، ابن هشام)

အမျိုးသမီးများပေါ်၌ အသင်တို့၏ အခွင့်အရေးများရှိသည်၊ ထိုနည်းအတူ အသင်တို့အပေါ်၌လည်း အမျိုးသမီးများ၏ အခွင့်အရေးများရှိသည်။

(သွဗရီ။ ဣဗ်နုဟီရှာမ်)

**အသက်နှင့် ဥစ္စာ ကာကွယ်ရာ။**

အမိုက်ခေတ်၌ အာရေဗျပြည်တွင် အသက်နှင့်ဥစ္စာ တန်ဖိုးမရှိခဲ့ပေ၊ မည်သူ့အား မဆို သတ်လိုက သတ်ဖြတ်လေ့ရှိခဲ့ကြသည်။ မည်သူ၏ ဥစ္စာပစ္စည်းကိုမဆို လုယူလိုက လုယက်ယူလေ့ရှိခဲ့ကြသည်။ လူလောက၌ အသက်နှင့် ဥစ္စာမှာ ရိုသေရာ၊ စောင့်ရှောက်ရာ၊ မြတ်နိုးရာများသာ ဖြစ်ပေသည်၊ ၎င်းသည်တို့ကို အစွလာမ်သည် မလွဲမသွေကာကွယ်ရမည်သာ ဖြစ်ပေသည်၊ ထို့အတွက် တမန်တော်မြတ်က နောက်ဆုံး ဟဂျ်တွင် အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

إنّ دمائكم واموالكم عليكم حرام كحرمة يومكم هذا، في

شهركم هذا، في بلدكم هذا الى يوم تلقون ربكم،

(بخارى، مسلم، ابوداود)

အသင်တို့၏အသက်၊ အသင်တို့၏ဥစ္စာသည် ဤလ၊ ဤမြို့တော်တွင် ဤနေ့ (ဟာရာမ်) ဖြစ်သကဲ့သို့၊ ရိုသေလေးစား မြတ်နိုးအပ်သကဲ့သို့ မိမိတို့၏အရှင်သခင်နှင့် တွေ့ကြရမည့် ကိယာမတ်နေ့အထိ ဟာရာမ်ဖြစ်နေမည်သာ၊ ရိုသေလေးစား မြတ်နိုးကြရမည်သာ။

[ဗိုခါရီ၊ မွတ်စလင်မ်၊ အဗူဒါဝုဒ်]

**ကုရ်အာန်ကို ဆုပ်ကိုင်ထား၊ လမ်းမမှား။**

အတိတ်ခေတ်များတွင် ဘာသာအယူဝါဒ်အမျိုးမျိုးပေါ်ထွန်းခဲ့သည်၊ သက်ဆိုင်ရာတမန်တော်များထံသို့ အလ္လာဟ်အသျှင်မြတ်ထံတော်မှ ဒေသနာတော်များလည်း အသီးသီး ကျရောက်ခဲ့သည်။ သို့ပင်ငြားစေ နောက်လိုက်များသည် တရားနောက်သို့ မလိုက်ပဲ မိမိတို့နောက်သို့ တရားကို ဆွဲထုတ်ယူခဲ့သည့်အတွက် ဒေသနာတော်များကို မိမိတို့အလိုကျ ကမြောင်းကပြန် ပြုလုပ်ခဲ့ကြသည့်အတွက် ဒေသနာတော်များသည် တိမ်ကောပျောက်ကွယ်သွားခဲ့ရလေသည်။

အစ္စလာမ်မှာကား ထာဝရတည်ရှိနေမည့် သာသနာ ဖြစ်ပေရာ၊ တမန်တော်မြတ်သည် မိမိထံကျရောက်လာခဲ့သော ဒေသနာတော်များ မိမိမရှိပြီးသည့်နောက် ပျောက်ကွယ်မသွားစေရန်အလို့ငှာ၊ မိမိကိုယ်တိုင် မိမိလက်ဖြင့် မိမိ၏နောက်လိုက် တပည့်သားများလက်သို့ အပ်နှင်းတော်မူပြီး အောက်ပါအတိုင်း အမှတ်တရ မှာကြားသွားတော်မူခဲ့ပေသည်။

إني قد تركت فيكم ما لن تضلوا بعده إن اعتصمتم

(صحيح مسلم) [illegible]

ငါသည် အသင်တို့ထံ၌ အကြင်သို့သော အရာတစ်ခုကို ထားရှိခဲ့သည်၊ အသင်တို့သည် ထိုအရာကို ဆုပ်ကိုင်ထားပါက ငါမရှိသည့်နောက်တွင်လည်း ဘယ်သောအခါမျှ မှားကြမည်မဟုတ်၊ ထိုအရာသည် အခြားမဟုတ်၊ အလ္လာဟ်ကျမ်းဂန် **ကု**ရ်အာန်ပင် ဖြစ်သည်။

(ဆွဟီဟ်မုစ်လင်မ်)

မှုပိုင်းဆိုင်ရာ အဆိုအမိန့် ပညတ်များ။

ထို့နောက် တမန်တော်မြတ်သည် မှုနှင့်ဆိုင်သော အခြေခံကျသော အဆိုအမိန့် ပညတ်တော်များကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့၏။

အမွေစားတစ်ဦးအဖို့ ထပ်မံမှာကြား ပေးကမ်းရန် မလို။

انّ الله عزّ وجلّ قد اعطى كلّ ذى حقّ حقّه،
فلا وصيّة لوارث-

အလ္လာဟ်အသျှင်မြတ်သည်ရပိုင်ခွင့်ရှိသူ အားလုံးတို့အား ယင်း၏ရပိုင်ခွင့်ကို ပေးထားတော်မူသည်ဖြစ်ရာ၊ အမွေစားတစ်ဦးအဖို့ (ဝဆီယတ်) သေတမ်းစာမရေးရ၊ ထပ်မံ၍မှာကြားပေးကမ်းရန် မလို။

ကိုယ့်အိပ်ရာပေါ်တွင် မွေးသည့်သား ကိုယ့်သား။

الولد للفراش، وللعاهر الحجر، وحسابهم على الله.

ကိုယ့်အိပ်ရာပေါ်တွင် မွေးသည့်သား ကိုယ့်သား။ ကာမေသုမိစ္ဆာစာရမှု ကျူးလွန်သူအဖို့ ကျောက်ခဲရှိသည်၊ ၎င်းတို့အား စစ်ဆေးရန်မှာ အလ္လာဟ်တာဝန်ပါ။

အဖေရင်းကိုစွန့်၍ တစ်ပါးသူကို အဖေမခေါ်ရ။

من ادّعى الى غير ابيه وانتمى الى غير مواليه فعليه
لعنة الله-

အကြင့်သူသည် မိမိအဖေကိုစွန့်၍ သူတစ်ပါးကို အဖေ ခေါ်အံ့။ အကြင်ကျွန်သည် မိမိ၏သခင်ကိုစွန့်၍သူတစ်ပါးကို သခင်ခေါ်အံ့၊ ထိုသို့သောသူသည် အလ္လာဟ်အသျှင်မြတ်၏ ကျိန်ဆဲတော်မူခြင်းကို ခံရမည်သာ။

**လင်၏ပစ္စည်းကို ခွင့်မရှိပဲ မယားမလှူရ။**

الا لا يحل لامرءة ان تعطى من مال زوجها شيئا

-الا باذنه

အမျိုးသမီးတစ်ဦးအဖို့ မိမိခင်ပွန်းသည်၏ ပစ္စည်းထဲမှ မိမိခင်ပွန်း၏ခွင့်ပြုချက်မရှိပဲ တစ်စုံတစ်ရာ ပေးကမ်းပိုင်ခွင့် မရှိ။

**ကြွေးဆပ်၊ ငှား၊ ပြန်ပေး၊ လက်ဆောင်တုန့်ပြန်။**

الدين مقضي، العارية مؤداة، والمنحة مردودة -

ကြွေးကိုဆပ်ရမည်၊ ငှားရမ်းယူထားသောအရာကိုပြန် ပေးရမည်၊ လက်ဆောင် တုန့်ပြန်ရမည်။

**အာမခံသူသည် ဒဏ်ဆောင်ရမည်။**

الزعيم غارم ٠

အာမခံသူသည် မိမိအာမခံချက်နှင့်အညီ ဒဏ်ဆောင် ရမည်သာ။

## တာဝန်ကျေ မကျေ ကြိုတင်စိစစ်ရမည်။

انتم مسئولون عني فما انتم قائلون (مسلم، ابوداؤد)

ယင်းသို့ ဟောကြားတော်မူပြီး နောက်လိုက် တပည့်သားတို့အား တမန်တော်တစ်ပါး အနေဖြင့် မိမိ၏ တာဝန် ကျေမကျေ ကုန်မကုန် သိရှိရန် အောက်ပါအတိုင်း မေးမြန်းတော်မူ၏။

> အသင်တို့ ငါနှင့် ပတ်သက်ပြီး [ အလ္လာဟ်ထံတော်၌ ] မေးမြန်းခြင်း ခံကြရလိမ့်မည်၊ အသင်တို့ မည်သို့ဖြေကြမည်နည်း။

သို့ တမန်တော်မြတ်က မိမိတာဝန်နှင့် စပ်လျဉ်း၍ မေးမြန်းတော်မူသည့်အခါ တပည့်သားအားလုံးတို့က ပဲ့တင်ထပ်မျှတစ်သံတည်း အောက်ပါတိုင်း လျှောက်ထားကြသည်။

نشهد انك قد بلغت رسالة اللّٰه واديت ونصحت

> ကျွန်တော်မျိုးတို့က တမန်တော်မြတ်၊ တမန်တော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ တရားဒေသနာတော် များကို ဟောကြားတော်မူပြီးပါပြီ၊ တမန်တော်မြတ်သည် မိမိ၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူပြီးပါပြီဟု ဖြေကြပါမည်။

ထိုအခါ တမန်တော်မြတ်က မိုးကောင်းကင်သို့ လက်ညှိုးထောင်၍ အလ္လာဟ်အသျှင်မြတ်ထံတော်၌ အောက်ပါအတိုင်း သုံးကြိမ် သုံးခါပင် လျှောက်ထားတော်မူ၏။

اللّٰهم اشهد، اللّٰهم اشهد، اللّٰهم اشهد!

အို.... အလ္လာဟ်အသျှင်မြတ်၊ သက်သေဖြစ်တော်မူပါ။
အို.... အလ္လာဟ်အသျှင်မြတ်၊ မှတ်တော်မူပါ။
အို.... အလ္လာဟ်အသျှင်မြတ်၊ အသျှင်သက်သေပါ။

သို့.... တမန်တော်မြတ် မိမိ တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် သက်သေထူ လျှောက်ထားနေစဉ်အချိန်မှာပင် အစ္စလာမ် သာသနာတော် ပြီးပြည့်စုံပြီဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်ထံတော်မှ ကုရ်အာန်ကျမ်းလာ မုကွဲပါဠ်တော်ကျ ရောက်လာခဲ့ပေသည်။

اليوم أكملت لكم دينكم وأتممت عليكم نعمتي ورضيت
لكم الإسلام دينا قرآن (5:3)

ယနေ့ ငါအသျှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ သာသနာကို ပြီးပြည့်စုံစေတော်မူလိုက်ပြီ။ ငါ အသျှင်မြတ်သည် အသင်တို့အား မိမိ၏ကျေးဇူးတော်ကို အပြည့်အစုံချီးမြှင့်တော်မူလိုက်၏၊ ငါအသျှင်မြတ်သည် အသင်တို့အဖို့ သာသနာတော်အဖြစ် အစ္စလာမ်ကိုသာ နှစ်မြို့တော်မူလိုက်ပြီ။

ကုရ်အာန်–(၅း ၃)

## နောက်ဆုံးဟဂ္ဂျ်တွင် တမန်တော်မြတ်၏ အဆောင်အယောင်။

တမန်တော်မြတ်အဖို့ ဤဟဂ္ဂျ်သည် နောက်ဆုံး ဟဂ္ဂျ်ဖြစ်သည်။ အစည်ကားဆုံး၊ အသားယားဆုံး၊ အအောင်မြင်ဆုံး ဟဂ္ဂျ်ဖြစ်သည်။ သောင်းပေါင်းများစွာသော တပည့်သားတို့သည်တမန်တော်မြတ်အား ခြံရံလျက်

ရှိ၏။ အန္တရာယ်ဟူ၍ စိုးစဉ်းမျှမရှိ၊ အစ္စလာမ့်အလံတော်သည် 'မိုးစွင့် ငွားငွား၊ စိုက်ထူလွှားလျက်' ရှိ၏။ တမန်တော်မြတ်သည် နောက်ဆုံး ဟဂ်ျတွင် မှာကြားရန်ရှိသည်များကို ရင်ဖွင့်မှာကြားတော်မူလျက်ရှိ၏။

ထိုနေ့သည် တမန်တော်မြတ်အဖို့ အသာယာဆုံး၊ အအေးချင်မြက်ဆုံး၊ အပျော်ဆုံးနေ့ပင်ဖြစ်၏၊ သို့ပင်တစေ အတိုင်းမသိ အံ့သြဖွယ် ကောင်းလှသည်မှာ တမန်တော်မြတ်သည် ထိုသို့သောနေ့၊ ထိုသို့သော ပတ်ဝန်းကျင်တွင် အစ္စလာမ့်အရှိန်အဝါ အထွဋ်အထိပ်သို့ ရောက်ရှိနေ သည့် အချိန်မျိုးတွင်လည်း လောကီဆိုင်ရာ ဂုဏ်ပကာသန အဆောင် အယောင်ကို စိုးစဉ်းမျှပင်လိုလားတော်မမူခဲ့ပေ၊ နေနေကျအတိုင်း ရိုး သားစွာပင်နေတော်မူခဲ့၏။

ထိုနေ့ တမန်တော်မြတ် စီးနင်းလာတော်မူခဲ့သော အုံစီးအနင်းကို ဆင်ယင်ထားသည့် ပစ္စည်းများကို ယနေ့ပေါက်ဈေးနှင့် တွက်ကြည့်လျှင် တန်ဖိုးမှာ ကျပ်ငွေတကျပ်ထက်ပင် ပိုမည်မဟုတ်ပါ။ (ဤကား တမန် တော်တစ်ပါးနှင့် ဘုရင်တစ်ပါး၏ခြားနားချက်ပင်၊ ဂုဏ်ယူစရာပင်။)

သို့ တရားဟောပြီးနောက် တမန်တော်မြတ်သည် သာဝကကြီး ဗီလာတ်အား အဇာန်ဆိုရန် အမိန့်ပေးတော်မူ၏။ ဇုဟ္ရ်နှင့် အဆ္ရ်ဆွ လာတ်ကို စုပေါင်းဝတ်ပြုတော်မူ၏၊ ထို့နောက် ကုသွားအုပ်ကိုစီးနင်း၍ သက်ဆိုင်ရာ ဝတ်ပြုရာဌာနသို့ ကြွသွားတော်မူ၏၊ ကအ်ဘဟ်ကျောင်း တော်ဘက်သို့ မျက်နှာမူကာ၊ မတ်တတ်ရပ်ကာ၊ အချိန် ကြာ မြင့်စွာ အလ္လာဟ်ထံတော်တွင် ဆုမွန်တောင်းနေတော်မူခဲ့၏၊ နေဝင်သည့်အခါ ထိုမှ ခရီးဆက်ရန် စီစဉ်တော်မူ၏၊ သာဝကကြီး အုစာမဟ်ဗ္ဗိန်ဇိုင်က်ဒ် အား မိမိကုလားအုပ်ပေါ်တွင် နောက်၌ ထိုင်စေတော်မူ၏၊ ကုလားအုပ် ဇက်ကြိုးကို တမန်တော်မြတ်ကိုယ်တိုင် ကိုင်ထားတော်မူ၏၊ လူထုများ မြောင်လှသည့်အတွက် ရုတ်ရုတ်သဲသဲဖြစ်နေရာ၊ တမန်တော်မြတ်က အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်ရှိရန် လက်ဖြင့် ညွှန်တော်မူ၏။ နှုတ်ဖြင့်လည်း....

السكينة ايها الناس ، السكينة ايها الناس

“အို.... လူသားအပေါင်းတို့၊ အေးအေးဆေးဆေး၊ အိုး.... လူအပေါင်းတို့၊ ငြိမ်ငြိမ်သက်သက်....”ဟု မိန့်ကြားတော်မူ၏။

ခရီးသွားနေစဉ် တမန်တော်မြတ်သည် ခြေလက်သန့်စင်ရန်အတွက် အစီးအနင်းမှ ခေတ္တဆင်းတော်မူ၏။ သာဝကကြီး အုစာမဟ်က ဆွလာတ်ဝတ်ပြုရန်အချိန်မှာ ကုန်ခါနီးပြီဖြစ်ကြောင်း လျှောက်ထားရာ၊ တမန်တော်မြတ်က “ရှေ့နားရောက်မှ ဆွလာလ်ဝတ်ပြုမည်”ဟု မိန့်ကြားတော်မူလိုက်၏။

ထို့နောက် ခဏအတွင်းမှာပင် တမန်တော်မြတ်နှင့်တကွ တပည့်သားအားလုံးတို့သည် ‘မွတ်ဇ်ဒလီဖဟ်’သို့ ရောက်ရှိလာကြ၏။ တမန်တော်မြတ်သည် ဦးစွာ ပထမ မဃ်ရစ်ဗ်ဆွလာတ် ဝတ်ပြုတော်မူ၏။ ထို့နောက် လူများသည် ရပ်နားရန် အသီးသီးနေရာယူ၍ စခန်းချကြ၏။ အစီးအနင်းများမှ ပစ္စည်းများပင် မချရသေးမီ အိရှာဆွလာတ်ဝတ်ပြုရန် အဇာန်သံထွက်ပေါ်လာ၏။ အားလုံး အိရှာဆွလာတ် ဝတ်ပြုကြ၏၊ တမန်တော်မြတ်သည်အိရှာဆွလာတ်ဝတ်ပြုပြီးနောက် အိပ်စက်တော်မူရန် လဲလျောင်းတော်မူ၏။ အရုဏ်တက်ချိန်အထိ အိပ်စက်တော်မူ၏။

တမန်တော်မြတ်သည် ညဉ့်တိုင်း သန်းခေါင်ယံ နိုးထပြီး တဟာဂျုဒ်ဆွလာတ် ဝတ်ပြုတော်မူလေ့ရှိခဲ့၏။ သို့တစေ ထိုနေ့ညဉ့်တွင်မူ တဟာဂျုဒ်ဆွလာတ် ဝတ်ပြုရန် နိုးထတော်မမူခဲ့ပေ။ ဤသည်ကို အကြောင်းပြုပြီး မုဟာဒ်ဒစ်ဆ်ပညာရှင်များက “တမန်တော်မြတ် တဟာဂျုဒ်ဆွလာတ် ဝတ်ပြုတော်မမူခဲ့သည်မှာ ထိုတစ်ညသာဖြစ်သည်”ဟုထုတ်ဖော်ရေးသားထားကြသည်၊

တမန်တော်မြတ်သည် ထိုည ဖဂျ်ရ် အရုဏ်တက်ချိန်စောစောစေပြီး ဖဂျ်ရ်ဆွလာတ်ကို ဂျမာအတ်နှင့် စုပေါင်းဝတ်ပြုတော်မူ၏။

ကုရိုက်ရှ်မျိုးနွယ်ဝင် ကာဖိရ်များသည် မွတ်ဇ်ဒလီဖဟ်မှ နေလုံးလုံးဝပေါ်ထွက်လာသည့် အချိန်ကျမှ ခရီးထွက်လေ့ရှိခဲ့ကြသည်။ နေလုံးပေါ်ထွက်၍ ဝန်းကျင်ရှိ တောင်ထိပ်များ နေရောင်ခြည်ဖြင့် တောက်ပလာသည့်အခါ “အို...ဆဗီရ်တောင်၊ နေရောင်ခြည်ဖြင့် တောက်ပလော့”ဟု အသံကျယ်စွာဖြင့် အော်မာစ်လေ့ရှိမိကြသည်။ တမန်တော်မြတ်သည်

ဤသည့် အမိုက်ခေတ်အစဉ်အလာကို ဖျက်ရန်အတွက် မွတ်ဇ်ဒလီဖဟ်မှ နေမထွက်မီပင် ခရီးထွက်တော်မူခဲ့သည်။ (ဤသည် ဇုလ်ဟစ်ဂျဂျဟ်လ (၁၈)ရက်၊ စနေနေ့ဖြစ်သည်)။

သာဝကကြီး ဖသွလ်ကွဗ်နုအဗ်ဗာစ်သည် တမန်တော်မြတ်၏ သီခမ်းကဲ့ဖြစ်သည်။ တမန်တော်နှင့် အတူ ကုလားအုပ်ပေါ်တွင် လိုက်ပါလာခဲ့သည်။ သို့ တမန်တော်မြတ် ခရီးသွားနေစဉ် ဟဂျ်နှင့် စပ်လျဉ်း၍ မေးမြန်းလိုသည့် အချက်များကို တပည့်သာဝကများ မေးမြန်းခဲ့ကြသည်။ တမန်တော်မြတ်ကလည်း စိတ်ရှည်စွာဖြင့် ဖြေကြားတော်မူခဲ့လေသည်။ အထူးသဖြင့် ဟဂျ်၏ ကျင့်စဉ်ကျင့်ရပ်များကို တမန်တော်မြတ်သည် အသံကျယ်ကျယ်ဖြင့် သင်ကြား ပြသတော်မူခဲ့ပေသည်။

သို့.... ခရီးထွက်လာရာ၊ တမန်တော်မြတ်သည် မုဟတ်စ်စရ်တောင်ကြားမှ ဂျမ်ရဟ်အနီးသို့ ရောက်ရှိလာတော်မူ၏။ မိမိအနီးရှိ အသက်အားဖြင့် ငယ်သေးသော သာဝကကြီး ကွဗ်နုအဗ်ဗာစ်အား ကျောက်စရစ်ခဲများကောက်ပေးရန် ပြောကြားတော်မူ၏။ သို့...ကောက်ပေးသည့်အခါ တမန်တော်မြတ်သည် ကျောက်စရစ်ခဲပေါက်ရာ ဌာနကို ကျောက်စရစ်ခဲများဖြင့် ပေါက်တော်မူသည်။ ထိုနောက် တမန်တော်မြတ်သည် အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

**ဘာသာရေးတွင် အယူမသည်းရ။**

اِيَّاكُمْ وَالْغُلُوَّ فِى الدِّيْنِ، فَاِنَّمَا اَهْلَكَ قَبْلَكُمُ الْغُلُوُّ فِى الدِّيْنِ. (اِبْنُ مَاجَه، نَسَائِى)

အသင်တို့သည် ဘာသနာရေးတွင် အယူသည်းမှု လွန်ကဲမှုကို အထူးရှောင်ကြ၊ အဘယ့်ကြောင့် ဆိုသော်...... အသင်တို့အလျင် ရှိခဲ့ကြသော လူမျိုးများသည် ဤသည့် အယူသည်းမှုကြောင့်ပင် ပျက်စီးခဲ့ကြလေပြီ။

(ဣဗ်နုမာဂျဟ်၊ နစာအီ)

**အချိန်ရှိခိုက် ဟဂ်ျကျင့်စဉ်များ သင်ယူကြ။**

တမန်တော်မြတ်၏ သက်တမ်းမှာ ကုန်ဆုံးရန် တစ်နေ့ထက်တစ်နေ့ နီးကပ်လာပြီဖြစ်ရာ၊ ဤဟဂ်ျမှာလည်း မိမိအဖို့ နောက်ဆုံးဟဂ်ျဖြစ်နေရာ တမန်တော်မြတ်သည် ဟဂ်ျနှင့်ပတ်သက်၍ သိသင့် သိအပ်သည်များကို အကုန်အစင် ဟောကြားပြသသွားလိုတော်မူသည့်အတွက် ဆက်လက်၍ အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

لتاخذوا مناسككم، فانى لا ادرى لعلى لا احج بعد
حجتى هذه (مسلم، ابوداود)

အသင်တို့သည် ဟဂ်ျ၏ ကျင့်စဉ်ကျင့်ရပ်များကို အမှတ်တရ သင်ယူကြ၊ ဤဟဂ်ျနောက် ငါ ဒုတိယဟဂ်ျ လုပ်ခွင့်ရရှိလိမ့်မည်ဟူ၍ ငါမထင်။

(မွတ်စလင်မ်၊ အဗူဒါဝူဒ်)

ထိုမှတစ်ဆင့် တမန်တော်မြတ် မီနာသို့ ကြွလာတော်မူ၏။ မီနာ ကွင်းပြင်ကြီးတွင် မွတ်စလင်မ်ပေါင်း (၁၀၀၀၀၀)တသိန်းခန့်စုရုံးလျက် ရှိ၏။ မုဟာဂ်ျရိမ်များသည်ကစ်ဗ်လဟ်၏လက်ယာဘက်တွင်လည်းကောင်း၊ အန်ဆွာရီများသည် လက်ဝဲဘက်တွင် လည်းကောင်း၊ ကျန်မွတ်စလင်မ် များသည် မုဟာဂ်ျရိန်နှင့် အန်ဆွာရီများကြားတွင်လည်းကောင်း အခဲ့သီး သီး နေရာယူလျက်ရှိကြ၏။

တမန်တော်မြတ်သည် မိမိကုလားအုပ်ပေါ်တွင် စီးနင်းလျက် ရှိ တော်မူ၏၊ သာဝကကြီး ဗိလာလ်သည် ကုလားအုပ်ကြိုးကို ဆွဲကိုင်လျက် ရှိ၏။ သာဝကကြီး အုစာမဟ်ဗ်နူဇိုက်ဒ်သည် တမန်တော်မြတ်အား နောက်ဘက်မှ အဝတ်ကိုဆွဲကိုင်ကာ အရိပ်အာဝါသ ပြုလုပ်ပေးလျက် ရှိ၏။ မွတ်စလင်မ်ပရိသတ်ကြီးကား အားကျဖွယ်ကောင်းလှ၏၊ ကျက်သ ရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှ၏။

## အစ္စလာမ်သည် ဘာဝမှန်သို့ ရောက်ပြီ။

တမန်တော်မြတ်သည် လေးဘက်လေးတန်ရှိ မျှားမြောင်လှသော ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသော မှတ်စလောင်မ်ထုကြီးကို ကြည့်လိုက်သောအခါ၊ မိမိ၏ (၂၃) နှစ် တမန်တော်မြတ်သက်တမ်း၏ အကျိုးဆက်များ အထင်အရှား တွေ့မြင်လိုက်ရ၏။ မြေကြီးမ မိုးအထိ အမှန်တရားကို လက်ခံခြင်း--တည်းဟူသော အစ္စလာမ့်ရောင်ခြည်သည် နေလိုလလို ထွန်းပလျက်ရှိ၏။ အတိတ်ခေတ် တမန်တော်အပေါင်းတို့၏ အစ္စလာမ် သာသနာပြု တာဝန်အရပ်ရပ်ပေါ်၌ (တမန်တော်အပေါင်းတို့၏အချုပ်၊ နောက်ဆုံး တမန်တော်မြတ် ပွင့်တော်မူပြီ) တမန်တော် ဘာဝ အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း တံဆိပ်ခပ်လျက် ရှိချေပြီ။ ကမ္ဘာကြီး တစ်ခုလုံးသည် နှစ်ပေါင်း ထောင်သောင်းများစွာ ကျော်လွှားလာပြီးနောက် သဘာဝတရားနှင့် စပ်မိဟပ်မိလှသော အစ္စလာမ်သာသနာတော် ပြီးပြည့်စုံပြီဖြစ်ကြောင်း သတင်းကောင်းကို အရာရာတိုင်း၏နှုတ်မှ ကြားလျက် ရှိချေပြီ။

ထိုအချိန် ထိုအခါ ထိုပတ်ဝန်းကျင်၌ တမန်တော်မြတ်က ယခုသော်.... အစ္စလာမ် သာသနာတော် ပြီးပြည့်စုံပြီဖြစ်ကြောင်း၊ ဘာဝမှန်သို့ ရောက်ပြီဖြစ်ကြောင်း၊ အစ္စလာမ်ခေတ်၊ အစ္စလာမ် အုပ်ချုပ်မှုစပြီ ဖြစ်ကြောင်း အောက်ပါအတိုင်း မိန့်ကြားတော်မူလိုက်၏။

انّ الزمان قد استدار كهيئته يوم خلق الله السّموات
والارض۔

ခေတ်ကြီးသည် လှည့်လည်ကျော်လွှားပြီး၊ ယနေ့သော် မိုးမြေကို အလ္လာဟ်အသျှင်မြတ် အစပထမ စတင်ဖန်ဆင်းတော်မူခဲ့သည့်နေ့၌ မိမိ၏ မူလဘာဝအခြေအနေသို့ ပြန်လည်ရောက်ရှိလာခဲ့ချေပြီ။

(အဗူဗဟ်ကိရဟ်)

## စစ်မတိုက်ရသောလများ။

တမန်တော် ရှင်ရာဟိမ် (အလိုင်အစ္စလာမ် ) ၏ အိဗာဒတ်ဝတ်ပြုပုံ ဝတ်ပြုနည်းနှင့် ဟဂျ် လများသည် မိမိနေရာမှ ရွေ့လျားသွားခဲ့ချေပြီ။

အကြောင်းကား ဟဂျ်လများတွင် မည်သည့် တိုက်ခိုက်မှုမျိုးမျှ ပြုပိုင်ခွင့်မရှိခဲ့ပေ။ တစ်နည်းဖော်ပြရလျှင် အရပ်တို့၏အတိတ်တွင် ရှိသေလေးစားရသော၊ စစ်မတိုက်ရသော လများရှိခဲ့ပေသည်။ ထိုထိုသော လများတွင် တိုက်ခိုက်သတ်ဖြတ်ခွင့် အလျဉ်းမရှိခဲ့ပေ။ သို့ပင်တစေ အရပ်တို့၏ အရိုးချဉ်ဆီတွင် တိုက်ခိုက်သတ်ဖြတ်မှုသည် ငြိတွယ်ကပ်လျက်ရှိခဲ့၏။ ထို့အတွက် အရပ်တို့သည် မိမိတို့တိုက်ခိုက်လိုသည့်အချိန် တိုက်ခိုက်နိုင်ရန် အတွက် အဆိုပါ ရှိသေလေးစားအပ်သော လများကို မိမိတို့ အလိုကျ တစ်ခါတစ်ရံ နောက်သို့ ဆုတ်ထားကြ၏။ ဤကား.... ဆိုးရွားလှသော အပြုအမူပင်၊ ဆိုးရွားလှသော အစဉ်အလာပင်။

ဤသို့သော အစဉ်အလာဆိုးများသည် အစ္စလာမ် ခေတ်တွင် လားလားမျှမရှိအပ်၊ မရှိသင့်၊ မရှိရ။ ထို့အတွက် တမန်တော်မြတ်သည် နောက်ဆုံးဟဂျ်တွင် ယင်း သည့်အစဉ်အလာဆိုးကိုပယ်ဖျက်ပြီး ရှိသေလေး စားအပ်သော လများကို အောက်ပါအတိုင်း တိကျပြတ်သားစွာ သတ်မှတ်ပေးတော်မူလိုက်၏။

السنة اثنا عشر شهرا منها اربعة حرم، ثلثة
متواليات، ذو القعدة، ذو الحجة، محرم، رجب
شهر مضر الذي بين جمادى وشعبان (رواه البخاري)

တစ်နှစ်တွင် (၁၂) လ ရှိသည်၊ ယင်းလများတွင် လေးလမှာ ရှိသေလေးစားအပ်သော လများဖြစ်သည်။ ယင်း လေးလအနက် သုံးလမှာ ဆက်တိုက် အစဉ်လိုက်ဖြစ်သည်၊ (၁) ဇုလ်ကအ်ဒဟ်၊ (၂) ဇုလ်ဟစ်ဂျဟ်၊ (၃) မုဟ္ဟရ်ရမ်

စတုတ္ထလမှာ မုသဝ္ဂရီ၏လ–ရဂျဗ်လ ဖြစ်သည်၊ ထိုလသည် ဂျမာဒါဆာနီလ နှင့် ရှအ်ဗာန်လ၏ကြားတွင် ရှိသည်။

(အဗူဗက်ကရတ်)

## အသက်၊ ဥစ္စာ၊ သိက္ခာ မြတ်နိုးရာ၊

လူ့လောကတွင် တရားမျှတမှုနှင့် ကျူးကျော်စော်ကားမှုသည် များစွာသောအားဖြင့် သုံးခုသောအရာနှင့်ဆက်စပ်လျက် ရှိပေသည်။

(၁) အသက်၊ (၂) ဥစ္စာ၊ (၃) သိက္ခာ။

တမန်တော်မြတ်သည် ဤအကြောင်းကို မနေ့ကလည်း ဟောကြားတော်မူခဲ့သည်၊ သို့ပင်တစေ အရဗ်တို့၏ အရိုးချဉ်ဆီတွင် နှစ်ပေါင်းများစွာ ကတည်းက စွဲကပ်နေခဲ့သည်၊ အကျင့်ဆိုးများကို ပပျောက်စေရန်အတွက် ဤသည့်အကြောင်းကို လေးလေးနက်နက် ထပ်မံ ဟောကြားတော်မူရန် လိုပေသည်။ ယနေ့ တမန်တော်မြတ်သည် ဤအကြောင်းကို မနေ့ကနှင့် မတူ တစ်မူဆန်း၍ စကားပရိယာယ်ကြွယ်စွာဖြင့် အောက်ပါအတိုင်းပင် ဟောကြားတော်မူခဲ့သည်။

တမန်တော်မြတ်က စကားပရိယာယ်ဖြင့် ''အို.... လူသားတို့၊ ဒီနေ့ဘာနေ့လဲ၊ အသင်တို့ သိကြရဲ့လား''ဟု မေးတော်မူသည်၊ တပည့်သားများက ''အလ္လာလ်နှင့် အလ္လာ့လ်တမန်တော် အသိဆုံးပါ''ဟု လျှောက်ထားကြသည်။ တမန်တော်မြတ်သည် ခေတ္တဆိတ်ဆိတ်နေတော်မူ၏၊ သို့ ဆိတ်ဆိတ် နေတော်မူသည့်အတွက် တမန်တော်မြတ်သည် ဤနေ့၏ အမည်ကိုတစ်မျိုးတစ်ဖုံပြောင်းလဲတော်မူမည်ဟူ၍ပင် ထင်မှတ်လာကြ၏၊ တမန်တော်မြတ်သည် အတော်အတန် ဆိတ်ဆိတ် နေတော်မူပြီးမှ ''ဒီနေ့ဟာ ကုရ်ဗာနီလုပ်တဲ့နေ့ မဟုတ်ပါလား....''ဟု မိန့်ကြားတော်မူသည်၊ ပရိသတ်က ဟုတ်မှန်ပါကြောင်း လျှောက်ထားကြ၏။

ထို့နောက် **တမန်တော်မြတ်က** "ဒီလ... ဘာလလဲ၊ သိကြရဲ့လား" ဟု မေးတော်မူပြန်သည်၊ ပရိသတ်က ယခင်အတိုင်း လျှောက်ထားသည်၊ တမန်တော်မြတ်သည် ယခင်အတိုင်း ဆိတ်ဆိတ်နေတော်မူသည်၊ သို့.... ဆိတ်ဆိတ်နေတော်မူပြီးမှ "ဒီလဟာ ဇုလ်ဟစ်ဂျဂျလ်လ မဟုတ်ပါလား" ဟု မိန့်ကြားတော်မူရာ၊ ပရိသတ်က ဟုတ်မှန်ပါကြောင်း လျှောက်ထားကြ၏၊ ထို့နောက် တမန်တော်မြတ်က "ဒီမြို့ဟာ ဘာမြို့လဲ" ဟု မေးတော်မူပြန်ရာ၊ ပရိသတ်က ယခင်အတိုင်းပင် လျှောက်ထားသည်။ တမန်တော်မြတ်ကလည်း ယခင်အတိုင်းပင် ဆိတ်ဆိတ်နေတော်မူ၏၊ သို့.... ဆိတ်ဆိတ်နေတော်မူပြီးမှ **တမန်တော်မြတ်က** "ဒီမြို့ဟာ ရိုသေလေးစားအပ်သော မက္ကာမြို့တော်ကြီး မဟုတ်ပါလား...." ဟု မိန့်ကြားတော်မူရာ၊ ပရိသတ်က ဟုတ်မှန်ကြောင်း လျှောက်ထား၏၊ ယင်းသို့ တမန်တော်မြတ်က စကားပရိယာယ်ကြွယ်စွာဖြင့် မိန့်ကြားတော်မူလိုက်သည့်အခါ၊ ပရိသတ်၏ နှလုံးသားထဲတွင် ထိုနေ့၊ ထိုလ၊ ထိုမြို့တော်မှာ အမှန်တကယ် ရိုသေလေးစား အပ်ကြောင်း၊ ထိုနေ့၊ ထိုလ၊ ထိုဌာနတွင် သွေးသွန်သံယိုမှု အလျှင်းမပြုအပ်ကြောင်း စွဲငြိသွားခဲ့၏။ ထိုအခါကျမှ တမန်တော်မြတ်က ဆက်လက်၍ အောက်ပါအတိုင်း မိန့်ကြားတော်မူလိုက်၏။

فان دمائكم، واموالكم، واعراضكم عليكم حرام كحرمة
يومكم هذا في شهركم هذا، في بلدكم هذا، (برواية ابوبكرة)

အသင့်တို့၏ အသက်၊ အသင်တို့၏ ဥစ္စာ၊ အသင်တို့၏ သိက္ခာ များသည် ဤလ၊ ဤမြို့တော်တွင် ဤနေ့ ရိုသေလေးစားအပ်သကဲ့သို့ ရိုသေလေးစားမြတ်နိုးရမည်။

(အဗူဗက်ကရဟ်)

## အချင်းချင်း သတ်ဖြတ်၍ ကိုယ့်ကိုယ်ကို မဖျက်ဆီးရ။

လူမျိုးအသီးသီး ပျက်စီးခဲ့ကြရသည့် အကြောင်းမှာ အမြဲတစေ အချင်းချင်း စစ်တိုက်ခြင်း၊ သတ်ဖြတ်ခြင်း၏ အကျိုးပင် ဖြစ်ခဲ့ပေသည်။ ထို့အတွက် တမန်တော်မြတ်က မိမိ၏တပည့်သားများအား နောက်ဆုံး ဟဂ်ျတွင် အောက်ပါအတိုင်း အမှာစကား မိန့်ကြားတော်မူခဲ့၏။

ألا لا ترجعوا بعدي ضلالاً يضرب بعضكم رقاب
بعض وستلقون ربكم فيسألكم عن أعمالكم، (بروايۃ البخاري)

သတိ။ အသင်တို့သည် ငါမရှိသည့်နောက် လမ်းမမှား ကြနှင့်၊ အချင်းချင်း တစ်ဦးဇက် တစ်ဦး မဖြတ်ကြနှင့်။ အသင်တို့သည် မကြာမီ မိမိတို့၏အရှင်သခင်၏ ရှေ့မှောက် ရောက်ကြရမည်၊ ထိုအသျှင်မြတ်သည် အသင်တို့အား အသင်တို့၏ အကျင့်အမူများနှင့် စပ်လျဉ်း၍ စစ်ဆေး တော်မူလိမ့်မည်။

(အဗူဗက်ကရာ)

## ဖြစ်မှုကျူးလွန်သူကိုသာ အပြစ်ပေး။

အတိတ်၏ အာမိုက်ခေတ်များတွင် မျိုးနွယ်စုတစ်စုမှ တစ်ဦးတစ်ယောက်ပြစ်မှုကျူးလွန်က မျိုးနွယ်ဝင် အားလုံးတို့အား ဥပဒေအရ ပြစ်မှု ကျူးလွန်သူများဟူ၍ ယူဆပြီး ပြစ်ဒဏ်ပေးလေ့ ရှိခဲ့ကြသည်၊ တစ်ခါတစ်ရံ တရားခံအစစ် ထွက်ပြေး တိမ်းရှောင်သွားသည့်အခါ၊ တရားခံ၏မျိုးနွယ်မှ မိရာလူ တစ်ဦးဦးကို ဖမ်း၍ အပြစ်ပေးလေ့ ရှိခဲ့ကြ သည်။ အဖ၏ ပြစ်မှုတွင် သားဖြစ်သူကို ကားတင်လေ့ ရှိခဲ့ကြသည်။ သားဖြစ်သူ၏ ပြစ်မှုတွင် ဖခင်အား ဒဏ်ခတ်လေ့ရှိခဲ့ကြသည်၊ ဤသည် အလွန် ကြမ်းကြုတ် ရက်စက်သော၊ လူမဆန်သော ဥပဒေမျှသာ ဖြစ်

သည်။ မတရားမှုသက်သက်သာဖြစ်သည်။ ဤသည့်အမှားကြီးကို ကုရ်အာန်ကျမ်းမြတ် (၆း ၁၆၅၊ ၁၇း ၁၅၊ ၃၅း ၁၈။ ၃၉း ၇၊ ၅၃း ၃၈) တွင်–

وَلَا تَزِرُ وَازِرَةٌ وِزْرَ أُخْرَىٰ

တစ်ခုတစ်ယောက်သောသူ ကျူးလွန်သော အပြစ်၏ဝန်
ထုပ်ကို အခြားသူ သယ်ပိုးထမ်းဆောင်ရမည် မဟုတ်။

ဟူ၍ အတိအလင်း ပယ်ဖျက်ထားတော်မူသည်။ ဤ သည့် သဘောကိုပင် တမန်တော်မြတ်သည် နောက်ဆုံး တမန်တော်ဖြစ်တော်မူသည့်အလျောက် နောက်ဆုံး ဟဂျ်တွင် အမှတ်တရ အောက်ပါအတိုင်း ထည့်သွင်းမိန့်ကြားတော်မူခဲ့၏။

أَلَا لَا يَجْنِي جَانٍ إِلَّا عَلَى نَفْسِهِ، أَلَا لَا يَجْنِي جَانٍ عَلَى وَلَدِهِ، وَلَا مَوْلُودٌ عَلَى وَالِدِهِ، (ابن ماجه، ترمذی)

သတိ၊ ပြစ်မှုကျူးလွန်သူတစ်ဦးသည် မိမိပြစ်မှု၏ဒဏ်ကို
မိမိသာလျှင် ခံရမည်။ အဖေကျူးလွန်သော ပြစ်မှု၏ဒဏ်ကို
သားမခံရ၊ သားကျူးလွန်သော ပြစ်မှု၏ဒဏ်ကို အဖေက
မခံရ။

(ဣဗ်နုမာဂျဟ်၊ တိရ်မိဇီ)

**ကုရ်အာန်နှင့်အညီ ဦးဆောင်မှုပေးသော**
**ခေါင်းဆောင်၏အမိန့်ကို နာခံရမည်။**

အမိုက်ခေတ်၏ မိမိအုပ်ချုပ်မှုပျက်ပြားပြီး တိုင်းပြည်မငြိမ်မသက်မအေး မချမ်း ဖြစ်နေခြင်း၏ အကြောင်းကြီးတစ်ရပ်မှာ လူတိုင်းလူတိုင်း မိမိကိုယ်

ကိုမှီမှီ မင်းတစ်ပါးဟူ၍ ထင်မှတ်နေခဲ့၏။ ငါးငါးဟူ၍ ထင်တစ်လုံးစီနှင့် အထင်ကြီးနေခဲ့သည်။ သူတစ်ပါး၏ လက်အောက်ခံအဖြစ်၊ နောက်လိုက်အဖြစ်နေရခြင်း၊ သူတစ်ပါး၏အမိန့် နာခံရခြင်းကို မိမိအဖို့ ရှက်ဖွယ်လိလိကိစ္စဟူ၍ ထင်မှတ်နေခဲ့သည်။ မည်သူ့ကိုမျှ ဂရုစိုက်လိုက်နာ၍ မထားခဲ့ပေ။

အစ္စလာမ်သည် စည်းမဲ့ကမ်းမဲ့ အုပ်ချုပ်မှုမဲ့ကာ၊ ပရမ်းပတာ ဖြစ်နေသည်ကို အကယ်မှာလျှင် လျှင်လျှော့ပြုထားနိုင်အံ့နည်း။ အစ္စလာမ်သည် အရေးကိစ္စအဝဝတွင် အထူးသဖြင့် စီမံကွပ်ကဲအုပ်ချုပ်မှုတွင် စည်းနှင့်ကမ်းနှင့်၊ စည်းမျဉ်းနှင့်၊ စည်းမျဉ်းနှင့်၊ စီမံအုပ်ချုပ်သူနှင့် စနစ်တစ်ကျရှိမှုကိုသာ အလိုရှိသည်။ ထို့အတွက် တမန်တော်မြတ်ကနောက်ဆုံးဟဂ်ျတွင် အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

ان أمر عليكم عبد مجدع اسود يقودكم بكتاب الله
فاسمعوا له واطيعوا ، (مسلم)

အကယ်တန္တု အသားအရောင်မည်းနက်သော၊ နှာခေါင်းပြတ်နေသော။ ကျေးကျွန်ဖြစ်သော နီဂရိုးတစ်ဦးပင် အသင်တို့၏ ခေါင်းဆောင်ဖြစ်နေသော် ထိုသူသည်လည်း အသင်တို့အား ကုရ်အာန်ကျမ်းမြတ်နှင့်အညီ ဦးဆောင်နေသော်၊ သို့ဖြစ်လျှင် အသင်တို့သည် သူ၏စကားကိုနားထောင်ကြ၊ သူ၏အမိန့်ကို နာခံကြ။

(မွတ်စလင်ကျမ်း)

**အဓွေးအဖွဲ့ ကိစ္စကလေးတွေတွင်မျှ**
**ရှိုင်တွာန် ဝမ်းသာအောင်မလုပ်။**

အာရေဗျတစ်နိုင်ငံလုံးတွင် အစ္စလာမ့် ရောင်ခြည်သည် ဝင်းဝင်းတောက်ပလျက် ရှိချေပြီ။ အလ္လာဟ် အိမ်တော် ကအ်ဗဟ်ကျောင်းတော်သည် တမန်တော်ကြွင်ရာဟီမ် စွမ်းစွမ်းတမန် ချမှတ်တော်မူခဲ့သည်

အစ္စလာမ် သာသနာတော်၏ ဗဟိုဋ္ဌာနဖြစ်လျက် ရှိချေပြီ။ အနှောင့်အယှက် ပေးနေခဲ့သော အင်အားစုများသည်လည်း ဆိတ်သုဉ်းလျက် ရှိချေပြီ။ ထို့အတွက် တမန်တော်မြတ်က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်။

ألا إن الشيطان قد أيس أن يعبد في بلدكم هذا أبدا
ولكن ستكون له طاعة فيما تحتقرون من أعمالكم

[illegible] ، (ابن ماجه، ترمذى)

သတိ၊ ရှိုင်တွာန်သည် အသင့်တို့၏ ဤနိုင်ငံတွင် ကိုယာမတ်တိုင်၊ မိမိ ကိုးကွယ်ခြင်း ခံရမည့် အရေးနှင့် စပ်လျဉ်း၍ မျှော်လင့်ချက် အကင်းကြီး ကင်းသွားချေပြီ၊ သို့တစေလည်း အသင်တို့သည် အသေးအဖွဲ့ ကိစ္စကလေးများတွင် သူ၏ အမိန့်ကို နာခံကြဦးမည်သာ ဖြစ်သည်၊ ဤသည့်အတွက် ရှိုင်တွာန်သည် ဝမ်းသာနေပေဦးမည်။

(ဣလ္မ်နူမာဂျာဟ်၊ တိရ်မိဇီ)

**ဂျန္နတ်ရောက်ကြောင်းတရား။**

နောက်ဆုံးစွာ တမန်တော်မြတ်က အောက်ပါအတိုင်း ဂျန္နတ်ရောက်ကြောင်းတရားကို ဟောတော်မူခဲ့၏။

اعبدوا ربكم وصلوا خمسكم وصوموا شهركم
وأطيعوا ذا أمركم تدخلوا جنة ربكم (مسند احمد ص ٢٥١ ج ٥)
(مستدرك حاكم)

အသင်တို့သည် မိမိတို့၏ အရှင်သခင် ဖြစ်တော်မူသော အလ္လာလ်အသျှင်မြတ်အား ခ ဝပ်ကိုးကွယ်ကြ၊ ငါးကြိမ် ဆွလာတ်ဝတ်ပြုကြ။ ရမဇာန်လမြတ်တွင် ဆွမ်ယာမ်ဥပုသ် ဆော က်တည်ကြ၊ မိမိတို့၏ အာဏာပိုင် ခေါင်းဆောင်၏ အမိန့်ဂု ာခံကြ၊ သို့ဖြစ်လျှင် အသင်တို့သည် မိမိတို့အရှင် သခင်၏ဂျ န္နတ်ဥယျာဉ်မြတ်တွင် ဝင်စံမြန်းကြရမည်။

မွတ်စ်နဒ်အဟ်မဒ်။ အ(၅) – စ (၂၅၁)

တ်စ်တဒ်ရက်ဟာကင်မ်။

## တာဝန်ကျေမကျေ မြန့် ာ ည်စိစစ်။

ထို့နောက် တမန်တော်မြ ါသည် တမန်တော်ဘစ်ပါး အနေနှင့် မိမိတာဝန် ကျေမကျေ စီစစ်လိုတော် မူသည့်အတွက် ပရိသတ်ကြီးအား ကြည့်၍ အောက်ပါအတိုင်း မေးတော်မူ၏။

أفلح الرجل ؟

သတိ၊ အလ္လာလ်ထံတော်မှ ဟောကြားရန် ရှိသည်များကို ငါဟောကြားပြီးပြီလော။

ပရိသတ်ကြီးက တခဲနက် အောက်ပါအတိုင်း လျှောက်ထားကြ၏။

نعم ، قد أفلح ، أدّيت وصحّت

ဟုတ်ပါ၏၊ တမန်တော်မြတ်သည် ဟောကြားရန် ရှိသည် များကို အမှန်တကယ် ဟောကြားတော်မူပြီး ပါပြီ။ တာဝန် ကျေပါပြီ၊ သွန်သင်ဆုံးမတော်မူပြီးပါပြီ။

(سيرة الامين ج)

ထိုအခါ တမန်တော်မြတ်သည် မိုးကောင်းကင်ကို လက်ညှိုးညွှန်၍ အလ္လာဟ် အသျှင်မြတ်ထံတော်၌ မိမိတာဝန်ကျေပွန်ပြီဖြစ်ကြောင်း အောက်ပါအတိုင်း လျှောက်ထားတော်မူလေသည်။

اللّٰهمّ اشهد!

အို.... အလ္လာဟ်၊ သက်သေဖြစ်တော်မူပါ။

**ရှေ့မှောက်တွင် ရှိသူများသည် ရှေ့မှောက်တွင် မရှိသူများအား တဆင့်ဟောကြားရမည်။**

ဤဟဂ်ျသည် တမန်တော်မြတ်အဖို့ နောက်ဆုံးဟဂ်ျပင်ဖြစ်သည်၊ ဤပရိသတ်သည် တမန်တော်မြတ်အဖို့ အကြီးဆုံးပရိသတ်ပင် ဖြစ်သည်။ ဤမိန့်ခွန်းသည် နောက်ဆုံး အပြည့်စုံဆုံး၊ နောက်ဆုံး မိန့်ခွန်းပင် ဖြစ်သည်၊ ထို့အတွက် ဤတရားများကို ကြားနာရသူများသည် မကြားနာရသူများအား အမှတ်တရ တဆင့်ဟောကြားရန် အောက်ပါအတိုင်း အမှတ်တရ မှာကြားသွားတော်မူခဲ့လေသည်။

فليبلّغ الشاهد الغائب

ရှေ့မှောက်တွင် ရှိသူများသည် ရှေ့မှောက်တွင် မရှိသူများ၊ (ဤတရားများကို) တဆင့်ဟောကြားရမည်။

**'အလ်ဝဒါအ်' ဟူ၍ နှုတ်ဆက်တော်မူခြင်း။**

တမန်တော်မြတ်သည် အထက်တွင် ရေးသား ဖော်ပြခဲ့သည့်အတိုင်း မိမိသက်တမ်းတွင် နောက်ဆုံး ဟဂ်ျလည်း ပြုလုပ်ပြီးတော်မူချေပြီ၊ အလ္လာဟ်ထံတော်မှ ဟောကြားရန် ရှိသည်များကိုလည်း ဟောကြားတော်မူပြီး ဖြစ်ချေပြီ၊ တာဝန်အရပ်ရပ်လည်း ကျေပြီး ဖြစ်ချေပြီ။ မှာကြားရန် ရှိသည်များကိုလည်း ရင်ဖွင့်မှာကြားတော်မူပြီး ဖြစ်ချေပြီ။ မိမိ၏ တာဝန်အရပ်ရပ်ကိုလည်း တိကျမှန်ကန်ပြီးပြည့်စုံစွာ ထမ်းဆောင်တော်မူပြီးလည်း ဖြစ်ချေပြီ။ ယခုသော်.... တပည့်သားတို့နှင့် ခွဲခွာရတော့မည့်

အချိန်ကား ကျရောက်လာချေပြီ၊ ထိုအခါ တမန်တော် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မိမိနှင့် အတူ အစွဲလာမ် စိတ်ဓာတ်အပြည့်အဝနှင့် ဝမ်းသာအယ်လဲ လိုက်ပါလာခဲ့ကြသော တသိန်းခန့်ရှိ ရဲဘော်ကြီးအား နောက်ဆုံး ခွဲခွာရတော့မည့်အချိန်တွင် နောက်ဆုံး နှုတ်ခွန်းဆက်သည့် အနေဖြင့်........

الوداع، الوداع، الوداع

အလ် ဝ ဒါ အ်

အလ် ဝ ဒါ အ်

အလ် ဝ ဒါ အ်.... ဟူ၍

ဝမ်းသာ

ဝမ်းနည်း။ ကြေကွဲစွာဖြင့်

ဟစ်ကြွေးနှုတ်ခွန်းဆက်သတော်မူခဲ့လေသည်။

**စာရှုသူ**

ထိုအချိန်တွင် တမန်တော်မြတ်၏ နှလုံးသားများသည် အဘယ်မျှ ဝမ်းသာလျက်၊ အဘယ်မျှ ဝမ်းနည်းလျက် ရှိမည်၊ မည်သို့ မည်ပုံ ဖြစ်နေမည်ကို မိမိ၏ အတွင်းစက္ခုဖြင့် လှမ်း ကြည့် လိုက် စမ်းပါ၊ ပြီးနောက် တမန်တော်မြတ်အပေါ် အူလှိုက်သည်းလှိုက် မေတ္တာပို့ လိုက်စမ်းပါ။

(ဃာဇီ)

اللهم صل على محمد وعلى آل محمد كما صليت على ابراهيم
وعلى آل ابراهيم انك حميد مجيد، اللهم بارك على محمد
وعلى آل محمد كما باركت على ابراهيم وعلى آل ابراهيم
انك حميد مجيد

## ကုရ်ဗာနီ ပြုလုပ်တော်မူခြင်း။

သို့.... နှုတ်ခွန်း ဆက်သတော်မူပြီးနောက် တမန်တော်မြတ်သည် ကုရ်ဗာနီပြုလုပ်ရာ ဌာနသို့ ကြွသွားတော်မူသည်။ ထို့နောက် တမန်တော်မြတ်က "ကုရ်ဗာနီသည် မိနာ၌သာလျှင် ပြုလုပ်ရသည် မဟုတ်၊ ကုရ်ဗာနီသည် မိနာ၌လည်း ပြုလုပ်နိုင်သည်၊ မက္ကာမြို့တော်၏ လမ်းတိုင်းလမ်းတိုင်းတွင်လည်း ပြုလုပ်နိုင်သည်"ဟု မိန့်ကြားတော်မူသည်၊

တမန်တော်မြတ်သည် မိမိနှင့် အတူ ကုရ်ဗာနီသားကောင်(၁၀၀) ယူဆောင်လာတော်မူခဲ့၏၊ အချို့သားကောင်များကို မိမိကိုယ်တိုင်ပင် 'ဇဗဟ်'ပြုလုပ်တော်မူသည်၊ (လှီးဖြတ်တော်မူသည်၊) ကျန်သားကောင်များကိုကုရ်ဗာနီပြုလုပ်ရန် သာဝကကြီး မော်လာအလီအား တာဝန်ပေးတော်မူ၏။ အသား၊ သားရေအားလုံးကို လှူဒါန်းပစ်ရန်၊ အခွဲဖျက်ရာတွင် ကုန်ကြသည့် အခကြေးငွေကို ကုရ်ဗာနီထဲမှမပေးပဲ အခြားမှ သီးသန့်ထုတ်ပေးရန် ညွှန်ကြားတော်မူ၏။

## ဆံချတော်မူခြင်း။

ကုရ်ဗာနီ ပြုလုပ်တော်မူပြီးနောက်၊ တမန်တော်မြတ်သည် မအ်မရ်ဗ္ဗပ်နုအဗ်ဒုလ္လာဟ်အား ခေါ်၍ ဆံချစေတော်မူ၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် ဝမ်းသာတော်မူလှသဖြင့် မိမိ၏ အချို့ဆံပင်များကို မိမိလက်ဖြင့် သာဝကကြီး အဗူသွလ်ဟာဟ်အန်ဆွာရီ၊ ၎င်း၏ဇနီး အွမ္မုစလိမ်နှင့် အချို့အနီးရှိ သာဝကများအား ပေးတော်မူ၏။ ထို့နောက် သာဝကကြီး အဗူသွလ်ဟာဟ်အန်ဆွာရီက မိမိလက်ဖြင့် မွတ်စလင်မ်များအား ဆံတော်ကို တစ်ပင်နှစ်ပင်စီ ဝေငှပေးလိုက်၏။ ထိုနောက် တမန်တော်မြတ်သည် မိနာမှ မက္ကာမြို့တော်သို့ ကြွသွားတော်မူ၏။ ကအ်ဗဟ်ကျောင်းတော်ကို (တဝါးဖ်) လှည့်ပတ်ဖူးမြော်တော်မူ၏၊ ထို့နောက် ဇမ်ဇမ်ရေတွင်းရှိရာသို့ ကြွသွားတော်မူ၏။

**ဇမ်ဇမ်ရေကို သောက်သုံးတော်မူခြင်း။**

ဇမ်ဇမ်ရေတွင်းမှ ဟာဂျီများအား ဇမ်ဇမ်ရေ တိုက်ကျွေးသည့်တာဝန်မှာဘိုးတော်အဗ်ဒုလ်မွတ္တလစ်ဗ်၏မျိုးနွယ်ဝင်များနှင့် ပတ်သက်ခဲ့သည်။ ထို့အတွက်ကြောင့်ပင် ထိုအချိန်တွင် ထိုမျိုးနွယ်ဝင်များသည်ပင် ဟာဂျီများအား ဇမ်ဇမ်ရေတွင်းမှခပ်၍ ဇမ်ဇမ်ရေ တိုက်ကျွေး နေခဲ့ကြသည်။ ထိုအချိန်တွင် တမန်တော်မြတ်က.... "အို.... အဗ်ဒုလ်မွတ္တလစ်ဗ်မျိုးနွယ်ဝင်အပေါင်းတို့၊ ငါတော့ ဇမ်ဇမ်ရေကို ဇမ်ဇမ်ရေတွင်းထဲမှ ငါကိုယ်တိုင် မိမိလက်နှင့် ငင်ပြီး၊ ဇမ်ဇမ်ရေ သောက်သုံးချင်သည် သို့ရာတွင် ငါ၏သို့ပြုလုပ်လျှင် ငါ့ကို ကြည့်ပြီး လူတွေသည် အသင်တို့ လက်တွင်းမှ ရေပုံးကို လုယူကာ မိမိတို့လက်ဖြင့် မိမိတို့ကိုယ်တိုင် ဇမ်ဇမ်ရေငင်၍ သောက်သုံးကြမည်ကို ငါ စိုးရိမ်မိသည့်အတွက် ငါကိုယ်တိုင် ရေငင်၍ မသောက်သုံးခြင်း ဖြစ်သည်" ဟု ပြောကြားတော်မူသည်။

ထိုအခါ အဗ္ဗာသကကြီး အဗ်ဗာစ်က ဇမ်ဇမ်ရေငင်၍ တမန်တော်မြတ်အား ဆက်သသည်။ ထိုအခါ တမန်တော်မြတ်သည် မတ်တတ်ရပ်၍ ကစ်ဗလယ်ဘက်သို့ မျက်နှာမူကာ ဇမ်ဇမ်ရေကို အမြဲ့ဘာနိုး သောက်သုံးတော်မူ၏။ သို့.... ဇမ်ဇမ်ရေ သောက်သုံးတော်မူပြီးနောက် တမန်တော်မြတ်သည် မက္ကာမြို့တော်မှတဖန် မီနာသို့ ပြန်ကြွသွားတော်မူသည်။ မီနာမှာပင် ဇူဟ္ဟုရ်ဆွလာတ်ဝတ်ပြုတော်မူ၏။

**အိုင်ယာမိကရှုရိတ်တွင် မီနာ၌ပင် ရပ်နားတော်မူခြင်း။**

တမန်တော်မြတ်သည် "အိုင်ယာမိကရှုရိက်" (ဝါ) ဇူလ်ဟစ်ဂျ်ဂျာလ (၁၂) ရက်အထိ မီနာ၌ပင် ရပ်နားနေတော်မူ၏။ နေ့တိုင်း မွန်းတိမ်းပြီး နောက် ကျောက်ခဲပေါက်ရန်အတွက် သက်ဆိုင်ရာဌာနသို့ ကြွသွားတော်မူလေ့ရှိ၏။ ထို့နောက် မီနာသို့ပင် ပြန်ကြွလာတော်မူလေ၏၊

အဗူဒါဝုဒ်ကျမ်း၊ မီနာတွင် တရားဟောသည့်အခန်း၌ လာရှိသော ဟဒီဒ်တော်တစ်ပါးအရ၊ တမန်တော်မြတ်သည် ဇူလ်ဟစ်ဂျ်ဂျာလ (၁၃) ရက်မနေ့တွင် မီနာ၌ တရား ဟောကြားတော်မူသည့် အကြောင်း

တရားဟောရာတွင်လည်း ယခင်ဟောကြားတော်မူခဲ့သည့် မိန့်ခွန်းများ၌ ပါရှိသည့် အချက်အလက်များကိုပင် ဟောကြားတော်မူကြောင်း သိရှိရပေသည်။

ထိုနောက် တမန်တော်မြတ်သည် ဇုလ်ဟစ်ဂျဂျ်လ (၁၃)ရက်၊ အင်္ဂါနေ့ မွန်းတိမ်းချိန်တွင် မီနာမှ ထွက်တော်မူ၍ ဝါဒီမုဟတ်ဆွဗ်ဆွဗ်တွင် ရပ်နားတော်မူသည်၊ ညဉ့်ထိုဌာနမှာပင် အိပ်စက်တော်မူသည်။ ထိုနောက် တမန်တော်မြတ်သည် မိုးမလင်းမီ နိုးထပြီး အဆိုပါ ဌာနမှ မက္ကာမြို့သို့ ပြန်ကြွလာတော်မူသည်၊

**နောက်ဆုံး တဝါးဖ်။**

တမန်တော်မြတ်သည် ဝါဒီမုဟတ်ဆွဗ်ဆွဗ်မှ မိုးမလင်းမီ မက္ကာမြို့တော်သို့ ရောက်ရှိလာပြီး ကအ်ဗဟ်ကျောင်းတော်ကို နောက်ဆုံးအကြိမ် တဝါးဖ် လှည့်တော်မူ၏။ လှည့်ပတ်ဖူးမြော်တော်မူသည်။ ကျောင်းတော်မှာပင် ဖဂျ်ရ်ဆွလာတ် စတ်ပြုတော်မူသည်။

**မဒီနာသို့ ပြန်ကြွတော်မူခြင်း။**

ကအ်ဗဟ် ကျောင်းတော်ကို တမန်တော်မြတ် နောက်ဆုံးအကြိမ် တဝါးဖ် လှည့်တော်မူလိုက်သည့်အခါ၊ ဟဂျ်၏ ကျင့်စဉ်ကျင့်ရပ်အားလုံး ပြီးပြည့်စုံပြီးဆုံးသွားလေတော့သည်။ ထိုအခါ တမန်တော်မြတ်နှင့်အတူ လိုက်ပါလာခဲ့ကြသော မွတ်စလင်မ်များသည် လူစုခွဲကာ မိမိတို့ဌာန အသီးသီးသို့ ပြန်သွားကြ၏၊ တမန်တော်မြတ်သည်လည်း မုဟာဂျိရ်များ၊ အန်ဆွာရီများနှင့်အတူ မဒီနာသို့ ပြန်ကြွသွားလေသည်။

**ခွမ်း၌ရပ်နား၊ ထပ်မံမှာကြား။**

တမန်တော်မြတ်သည် မက္ကာမြို့တော်မှ မဒီနာသို့ ပြန်ကြွသွားတော်မူသည့်အခါ၊ လမ်းခရီးတွင် 'ခွမ်း'အမည်ရှိသော ဌာနသို့ ရောက်ရှိလာတော်မူခဲ့၏၊ ခွမ်းသည် ဂျဟ်ဖဟ်မှ ခရီးသုံးမိုင် အကွာအဝေးတွင် ရှိ၏။

ထိုဌာနတွင် ရေတံခွန်တစ်ခုရှိသည်။ ရေတံခွန်ကို အရပ်ဘာသာစကားတွင် 'ဆဒီရ်'ဟုခေါ်သည်။ ထို့အတွက် အဆိုပါ ဌာန၏အမည်ကို ကျမ်းကြီးများတွင် (غَدِيرُ خُمْ) 'ဿဒီရခွမ်း' 'ခွမ်းရေကန်'ဟူ၍ ဖော်ပြလေ့ရှိကြသည်။

တမန်တော်မြတ်သည် ခွမ်းသို့ရောက်သည့်အခါ၊ တပည့်သာဝကအားလုံးတို့အား စုရုံးစေတော်မူပြီး အောက်ပါအတိုင်း အမှတ်တရ ထင်မိမှာကြားတော်မူပြန်၏။

اما بعد: الا ايها الناس فانما انا بشر يوشك ان ياتى
رسول ربى فاجيب: وانا تارك فيكم الثقلين، اولهما
كتاب الله، فيه الهدى والنور فخذوا بكتاب الله واستمسكوا
به، واهل بيتى اذكركم الله فى اهل بيتى، اذكركم الله فى
اهل بيتى، اذكركم الله فى اهل بيتى.

အလ္လာမ်အသျှင်မြတ်အား ဂုဏ်တော်ချီးမွမ်းပြီးနောက်....

"အိ....လူသားအပေါင်းတို့၊ ငါလည်း လူသားတစ်ဦးသာဖြစ်သည်။ အလ္လာဟ်ထံတော်မှ သေမင်းတမန်သည် မကြာမီ ရောက်လာနိုင်ပေသည်၊ ငါလည်း လက်ခံရပေမည်၊ (ငါလည်း သေမင်းတမန်၏ မိရဏာသေဆေး သောက်သုံးရပေမည်။)

ငါသည် အသင်တို့ထံ၌ အလွန်လေးနက်သော ရတနာနှစ်ပါး ထားခဲ့သည်၊ ပထမရတနာမှာကား အလ္လာဟ်ကျမ်းဂန် (ကုရ်အာန်)ပင် ဖြစ်သည်။ ထိုကျမ်းဂန်တွင် တရားဓမ္မနှင့် အလင်းရောင်ပါရှိ၏။

သို့ဖြစ်ရာ၊ အသင်တို့သည် အလွှာတော်ကျမ်းဂန်ကို စွဲမြဲစွာ ဆုပ်ကိုင်ထားကြ၊ အစီကာရတနာမှာ ငါ၏ 'အဟ်လီဗိုက်က်' အိမ်တော်သူအိမ်တော်သားများ ပင်ဖြစ်ပေသည်။ ငါသည် ငါ့အိမ်တော်သူ အိမ်တော်သားများနှင့် ပတ်သက်၍ အလွှာဟ်အား အောက်မေ့တသ သတိရဖို့ အသင်တို့ကိုမှာပါရစေ၊ ငါသည် ငါ့အိမ်သူအိမ်သားများနှင့် ပတ်သက်၍ အလွှာဟ်အား အောက်မေ့တသ သတိရဖို့ အသင်တို့ကို မှာပါရစေ၊ ငါသည် ငါ့အိမ်သူအိမ်သား များနှင့် ပတ်သက်၍ အလွှာဟ်အား အောက်မေ့တသ သတိရဖို့ အသင်တို့ကို မှာပါရစေ"

တမန်တော်မြတ်သည် နောက်ဆုံးစကားကို သုံးကြိမ်တိုင်တိုင် ထပ်ကာ ထပ်ကာ မိန့်ကြားသွားတော်မူခဲ့ရှာလေသည်။

## မောင်လာအလီနှင့် ပတ်သက်၍ ထပ်မံမှာကြားတော်မူခဲ့ခြင်း။

"အလီကို ချစ်သူအား ချစ်ပါ၊ အလီကိုမုန်းသူအား မုန်းပါ"

အထက်တွင် ဖော်ပြပါအတိုင်း တမန်တော်မြတ်သည် ခွမ်းစွင် မိမိ တပည့်သာဝက အပေါင်းတို့အား အမှာစကား ပြောကြားတော်မူပြီး နောက် မောင်လာအလီသခင်နှင့် ပတ်သက်၍ အမှတ်တရ အထူးတလည် မှာကြားပြန်သည်။

မောင်လာအလီ၏ ထူးကဲမြင့်မြတ်မှုနှင့် ပတ်သက်၍ တမန်တော် မြတ် မှာကြားတော်မူခဲ့သည့်အကြောင်း၊ မွတ်စလင်မ်ကျမ်း၊ မောင်လာ အလီ မြင့်မြတ်သည့်အခန်းတွင် အတိအလင်း ပါရှိသည်၊ အလားတူပင် မောင်လာအလီ၏ ထူးကဲမှု၊ မြင့်မြတ်မှု ဂုဏ်ဒြပ်များနှင့် ပတ်သက်၍ တမန် တော်မြတ် ထုတ်ဖော်မှာကြားတော်မူခဲ့သည့် အကြောင်းများကို နစာအီ ကျမ်း၊ မွတ်စ်နဒ်အဟ်မဒ်ကျမ်း၊ တိရ်မီဇီကျမ်း၊ တဗရာနီကျမ်း၊ တဗရီကျမ်း

ဟာကင်မ်ကျမ်းနှင့် အခြားအခြားသော ကျမ်းကြီးများတွင် အထင်အရှား တွေ့ရှိရပေသည်။

မောင်လာအလီ၏ ဂုဏ်အင်ဒြပ်များနှင့်ပတ်သက်၍ ကျမ်းကြီးအစောင်စောင်တွင် အမျိုးမျိုးပါရှိသော်လည်း ကျမ်းကြီးအားလုံးတွင် တစ်မျိုးတစ်စားတည်းပါရှိသော တမန်တော်မြတ်၏ မှာကြားချက် တစ်ရပ်မှာ အောက်ပါအတိုင်းပင် ဖြစ်ပေသည်။

من كنت مولاه فعلي مولاه، اللهم وال من والاه، وعاد من عاداه

"ငါ့ကိုချစ်သူသည်အလီကိုချစ်သူပင် ဖြစ်သည်၊ အို....အလ္လာဟ်၊ အလီကိုချစ်သူအား ချစ်တော်မူပါ၊ အို.... အလ္လာဟ်၊ အလီကိုမုန်းသူအား မုန်းတော်မူပါ"

ခွမ်းတွင် ရပ်နားစဉ်၊ တမန်တော်မြတ်သည် အစ္စလာမ့်အမာခံ၊ အစ္စလာမ့်အမြုတေ၊ အစ္စလာမ့် အာဇာနည်များ ဖြစ်ကြသော အန်ဆွာရီများနှင့် မုဟာဂျိရ် တပည့်သာဝကကြီးများအား မိမိမရှိပြီးသည့်နောက်၊ အစ္စလာမ့်ရတနာနှစ်ပါးဖြစ်သောကုရ်အာန်ကျမ်းမြတ်နှင့်(အဟ်လီဗိုက်တ်) အိမ်တော်သူ အိမ်တော်သားများအား ဦးထိပ်ထားရမည့် အကြောင်း၊ အထူးသဖြင့် မောင်လာအလီအား ချစ်ကြည်ရိုသေလေးစားရမည့် အကြောင်း အမှတ်တရမှာကြားတော်မူ၏။

ထို့နောက် ခွမ်းမှ ခရီးဆက်တော်မူ၏၊ မဒီနာမြို့ တော်အနီး သို့ ရောက်သောအခါ၊ မြို့တော်မဝင်မီ ဇုဟုလိုင်ဖတ်တွင် ရပ်နားတော်မူ၏။ ထိုမှာပင် ညဥ့်အိပ်စက်တော်မူ၏။

## ဂုဏ်တော်မွမ်းကာ မြို့တော်သို့ ဝင်တော်မူခြင်း။

နံနက်မိုးသောက်သောအခါ၊ တစ်ဘက်တွင် နေလုံးကြီးကား ပေါ်လာချေပြီ။ တစ်ဘက်တွင် တမန်တော်မြတ်၏ တပည့်သားများသည် မဒီနာ

မြို့တော်သို့ဝင်ရန် ဦးတည်လျက်ရှိကြပြီ၊ မဒီနာမြို့တော်၏ ဆင်ခြေဖုံး အရပ်ကို တွေ့မြင်လိုက်ရသောအခါ၊ တမန်တော်မြတ်သည် အောက်ပါ အတိုင်း ဟစ်ကြွေးကာ ဂုဏ်တော်မွမ်းလိုက်လေသည်။

الله أكبر لا إله إلا الله وحده لا شريك له،
له الملك وله الحمد، وهو على كل شيء قدير،
آيبون، تائبون، عابدون، ساجدون، لربنا
حامدون، صدق الله وعده، ونصر عبده، وهزم
الأحزاب وحده،

အလ္လာဟ်အရှင်မြတ်သည် အကြီးဆုံး၊ အမြင့်မြတ်ဆုံး ဖြစ်တော်မူသည်၊ အလ္လာဟ်တစ်ပါးအပြင် ကိုးကွယ်ရာ–ဟူ၍ အလျဉ်းမရှိ၊ ထိုအရှင်မြတ်၌ တုဘက်ယှဉ်ပြိုင်ဘက်ဟူ၍ အလျှင်းမရှိ၊ စိုးမိုးခြင်း အပေါင်းသည် ထိုအရှင်မြတ် အဖို့သာလျှင် ဖြစ်သည်၊ ချီးမွမ်းထောပနာခြင်း အပေါင်းကို ထိုအရှင်မြတ်သာလျှင် ခံထိုက်တော်မူသည်။ ထိုအရှင်မြတ်သည် အရာရာကို ပြုစွမ်း တော် မူနိုင်ပါပေသည်။

ငါတို့ ပြန်လာနေကြပြီ။
ဝန်ချတောင်းပန်လျက်၊
ကိုးကွယ်လျက်၊
ဦးချလျက်၊

မိမိတို့အရှင်အား ဂုဏ်တော်မွမ်းလျက်၊

အလ္လာဟ်အရှင်မြတ်သည်မိမိကတိတော်ကို အမှန်လုပ်ပြတော်မူလိုက်ပြီ။

ထိုအရှင်မြတ်သည် မိမိ၏ အစေအပါးတော်အား ကူညီတော်မူလိုက်ပြီ။

ထိုအသျှင်မြတ်သည် မိမိ တစ်ပါးတည်းပင် အုပ်စုအားလုံးကို ရှုံးနိမ့်စေတော်မူလိုက်ပြီ။

(မိုခါရိ၊ ဟာဂျ် အခန်း)
(မွတ်စလင်မ်၊ ဟာဂျ်အခန်း)
(အဗူဒါဝူဒ်၊ ״)
(နစာအီ၊ ״)

ဤတွင် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် တမန်တော်၏နောက်ဆုံး ဟာဂျ်အကြောင်း ပြီးဆုံးပါပြီ။

(ဆာဒီ)
ခ/၁၅-၃-၁၉၇၄
အ/၂၀-၂-၁၃၀၄
(သောကြာနေ့)။

# ကွယ်လွန်သေဆုံးတော်မူခြင်း

إِنَّكَ مَيِّتٌ وَإِنَّهُم مَّيِّتُونَ ، قرآن (39:30)

မုချကေန် အသင်လည်း ကွယ်လွန်သေဆုံးရမည့်သူတည်း။ ထိုသူများသည်လည်း မုချကေန်သေဆုံးကြရမည့် သူများတည်း။

ကုရ်အာန် (၃၉း၃၀)

(ဟစ်ဂျရီ (၁၁) ခု၊ ရဗီအုလ်အောင်ဝလ်လ)
(ခရစ်၊ ၆၃၂-ခု၊ မေလ)

တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် သာသနာတော် ပြီးပြည့်စုံသည်အထိ၊ နှလုံးသားများကို ဖြူစင်သန့်ရှင်းအောင် ပြုလုပ်ပြီးစီးသည်အထိသာ ဤရုပ်လောကတွင် အသက်ထင်ရှားနေတော်မူရန် လိုပေသည်။ နောက်ဆုံး ဟဂျ်တွင် တမန်တော်မြတ်နှင့် မတ်သက်သော ယင်းသည့်တာဝန်များမှာ ကျေပွန်စွာ ဆောင်ရွက်ပြီးစီးနေသည့်အတွက် အရဖာတ်ကွင်းပြင်ကြီး၌ အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ အောက်ပါ မုကျွပါဠ်တော်ပင် ကျရောက်လာခဲ့ချေပြီ။

اَلْيَوْمَ اَكْمَلْتُ لَكُمْ دِيْنَكُمْ وَاَتْمَمْتُ عَلَيْكُمْ نِعْمَتِيْ
وَرَضِيْتُ لَكُمُ الْاِسْلَامَ دِيْنًا (قرآن ٥:٣)

ယနေ့ ငါအ သျှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏သာသနာတော်ကို ပြီးပြည့်စုံစေတော်မူလိုက်ပြီ၊ ငါအသျှင်မြတ်သည် အသင်တို့အား မိမိ၏ ကျေးဇူးတော်များကို အပြည့်အစုံ ခြီးမြှင့်တော်မူလိုက်ပြီ၊ ငါအသျှင်မြတ်သည် အသင်တို့အဖို့ သာသနာတော်အဖြစ် အစ္စလာမ်ကိုသာ နှစ်မြို့တော်မူပြီ။

ကုရ်အာန်- (၅း ၃)

ကုရ်အာန်ကျမ်းမြတ် ကဏ္ဍစဉ်(၁၁၀)ကျရောက်လာခဲ့စဉ်ကလည်း တမန်တော်မြတ် ကွယ်လွန်သေဆုံးတော်မူရန်အချိန်မှာ နီးကပ်လာပြီ ဖြစ်ကြောင်းကို အချို့သာဝကကြီးများ ရိပ်စားမိခဲ့ကြလေသည်။ ယင်းကဏ္ဍတော်တွင် ''မိမိ၏အရှင်သခင်အား ဂုဏ်တော်မွမ်းရမည့်အကြောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပန်ကြားရမည့်အကြောင်း အမိန့်တော်ရှိလာသည့်အလျှောက် တမန်ဇတော်မြတ်သည် ယခင်နှင့်မတူတစ်မူထူး၍ အချိန်များစွာ အလ္လာဟ်အသျှင်မြတ်အား ဂုဏ်တော်မွမ်းလျက်၊ အောက်မေ့တသ သတိရလျက်၊ လွတ်ငြိမ်းချမ်းသာခွင့်ပန်ကြားလျက် နေလာတော်မူခဲ့ပေသည်။ ယခင်က နှစ်စဉ် ရမသဝ္ဝာန်လမြတ်တွင် (၁၀)ရက်သာ ''အီအ်တိကာဖ်'' ထိုင်တော်မူလေ့ရှိခဲ့သော်လည်း ယခု ဟစ်ဂျိရီ(၁၀)ခု၊ ရမသဝ္ဝာန်လတွင်မူ ရက်ပေါင်း(၂၀)တိုင်တိုင် အီအ်တိကာဖ် ထိုင်တော်မူခဲ့လေသည်။

ယခင်က နှစ်စဉ် ရမသဝ္ဝာန်လမြတ်တွင် ကုရ်အာန်ကျမ်းမြတ်တစ်စောင်လုံးကို ကောင်းကင်တမန် ဂျစ်ဗ်ရာအီလ်၏ ရှေ့တွင် တစ်ကြိမ်သာကြားနာတော်မူလေ့ရှိသော်လည်း ယခု ကွယ်လွန်သေဆုံးရမည့် ဤနှစ်တွင်မူ နှစ်ကြိမ်တိုင်တိုင် ကြားနာတော်မူခဲ့လေသည်။

နောက်ဆုံး ဟာဂျ်ပြုလုပ်ရာတွင်လည်း ဟာဂျ်၏ကျင့်စဉ် ကျင့်ရပ်များကို သင်ကြားပို့ချရာ၌ ''ငါသည် နောက်နှစ်တွင် အသင်တို့နှင့် တွေ့နိုင်မည်မထင်'' အချို့ကျမ်းချက်များတွင် ''ငါ ဤဟာဂျ်နောက်၊ ဟာဂျ်ပြုလုပ်နိုင်မည်မထင်''ဟု မိမိ၏ သက်တမ်းကုန်ဆုံးတော့မည်ကို ရည်ညွှန်း၍ မိန့်ကြားတော်မူခဲ့လေသည်။ ခွမ်းရေကန်၌ ရပ်နားစဉ် မိန့်ခွန်းပြောကြားရာတွင်လည်း ဤသည့်သဘောကို ထည့်သွင်းမိန့်ကြားတော်မူခဲ့လေသည်။

အုဟွဒ်စစ်ပွဲတွင်မွတ်စလင်မ်များ အရေးနိမ့်ခဲ့ကြရသည် အဆိုတစ်ရပ်အရ ယင်းစစ်ပွဲတွင်ကျဆုံးသွားခဲ့ကြသော အစ္စလာမ့်အာဇာနည်ကြီးများအတွက်(ဂျနာဇဟ်ဆွလာဟ်) သူသေများအတွက်ဝတ်ပြုမှုကိုပင် မပြုနိုင်ခဲ့ပေ။ ကြည့်တမန်တော်မြတ်၊ ဒုတိယတွဲ၊ စာမျက်နှာ(၂၄)။ အစ္စလာမ့်စစ်ပွဲများအနက် ဤစစ်ပွဲတွင် မွတ်စလင်မ်များသည် အထူးပင်ကစဉ့်ကလျားဖြစ်ခဲ့ကြရှာသည်။ အခြေအနေဆိုးရွားစွာဖြင့် အသက်ပေးခဲ့ကြရရှာသည်။ ထို့အတွက်ကြောင့်ပင်တမန်တော်မြတ်သည်၊အုဟွဒ်စစ်ပွဲတွင်မရှုမလှကျဆုံးသွားခဲ့ကြရရှာသောအစ္စလာမ့်အာဇာနည်များအား ယနေ့တိုင်မမေ့နိုင်၊နှမြောတသလျက်ပင်ရှိတော်မူပေသည်၊

နောက်ဆုံးဟာဂျ်တွင် တမန်တော်မြတ်သည် မွတ်စလင်မ်အားလုံးတို့အားကြေကွဲစွာဖြင့် နှုတ်ဆက်တော်မူပြီးဖြစ်ချေပြီ။ အုဟွဒ်စစ်ပွဲတွင်ကျဆုံးသွားခဲ့ကြသော ''ရှဟီဒ်''အစ္စလာမ့်အာဇာနည်များသည် ကုရ်အာန်(၂း၁၅၄၊၃း၁၆၈) အရအသက်ရှင်လျက်ပင်ရှိကြပေရာ၊တမန်တော်မြတ်သည် ယင်းအစ္စလာမ့်အာဇာနည်များလည်း (၈)နှစ်ကြာပြီးနောက် နောက်ဆုံးအကြိမ်သွားရောက်ကြည့်ရှုတော်မူလိုပေသည်။ထို့အတွက်တမန်တော်မြတ်သည်ထိုရက်ပိုင်းအတောအတွင်းမှာပင် အုဟွဒ်အာဇာနည်များ၏ သင်းချိုင်းသို့ကြွသွားတော်မူခဲ့၏။ ၎င်းတို့အတွက်ဆုမွန်ကောင်း တောင်းတော်မူခဲ့၏။ ပုဂ္ဂိုလ်တစ်ဦးသည်သေအံ့ဆဲဆဲအချိန်တွင် အသက်ရှင်လျက်ရှိသောမိမိ၏သားချင်းတို့အားကြေကွဲဝမ်းနည်းစွာ နှုတ်ခွန်းဆက်သကဲ့သို့ တမန်တော်မြတ်သည်အတိုင်းမသိကြေကွဲဝမ်းနည်းစွာဖြင့်နောက်ဆုံးနှုတ်ဆက်ပြီးပြန်ကြွလာတော်မူခဲ့သည်။ ထို့နောက်တမန်တော်မြတ်သည် အောက်ပါအတိုင်းမိန့်ခွန်းပြောကြားတော်မူခဲ့လေသည်။

"ငါအသင်တို့အလျှော်ကောင်ဆရ်ကန်တော်သို့သွားနှင့်မည်၊ ကောင်ဆရ်ကန်တော်သည် 'အီလ'မှ 'ဂျူဟ်ဖတ်' အထိ ကျယ်ဝန်းသည်နှင့်အမျှ ကျယ်ဝန်းသည်။ ငါသည်ကမ္ဘာအစွန်းရှိ ဘဏ္ဍာတိုက်များ၏သော့များ အပ်နှင်းခြင်းခံရသည်။

ငါမရှိပြီးနောက်အသင်တို့ မိစ္ဆာဝါဒများဖြစ်သွားကြလိမ့်မည်ဟူ၍ကား ငါမစိုးရိမ်၊ လောကီရေးများတွင်နစ်မွန်းသွားကြမည်၊ အချင်းချင်းသတ်ဖြတ်ကြမည်။ သို့ဖြစ်လျှင် အတိတ်ခေတ်လူမျိုးတွေပျက်စီးသွားခဲ့ကြသကဲ့သို့အသင်တို့လည်း ပျက်စီးသွားမည်ကိုမူ ငါစိုးရိမ်မကင်းဖြစ်မိသည်။"

ဤအကြောင်းတစ်ဆင့်ပြောပြခဲ့သော သာဝကက– "တမန်တော်မြတ်နောက်ဆုံးအကြိမ် ဟောကြားတော်မူခဲ့သော ဤမိန့်ခွန်းဩဘာကို ကျွန်တော်ကြားလိုက်ရပါသည်"ဟု ဖွင့်ဟပြောပြခဲ့လေသည်။

အဆက်တွင်တမန်တော်မြတ်၏ စစ်ပွဲများအကြောင်း၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း၊ သာဝကကြီးဇိုက်ဒ်ဗ္ဗဗိန္နဟာရိဆတ်အား ဆီရီယပြည်နယ်နိမိတ်ရှိအရပ်အမျိုးသားက မတရားသတ်ဖြတ်ခဲ့ကြသည်။ တမန်တော်မြတ်သည်ယင်းသို့ မတရားသတ်ဖြတ်ခဲ့ကြသည့်အတွက် တုံ့ပြန်လက်စားချေတော်မူလိုခဲ့ပေသည်။ နောက်ဆုံးတွင်တမန်တော်မြတ်သည် မိမိနေထိုင်မကောင်းမဖြစ်မီတစ်ရက်အလျင်သာဝကကြီးဇိုက်ဒ်အား မတရားသတ်ဖြတ်သူများအားတုံ့ပြန်လက်စားချေတိုက်ခိုက်နိုင်ရန်အတွက်သာဝကကြီးအုစာမဟ်ဗ္ဗဗိန္နဇိုက်ဒ်အား ညွှန်ကြားတော်မူလိုက်လေသည်။

တမန်တော်မြတ်သည်ဟစ်ဂျ်ရီသက္ကရာဇ် (၁၁)ခု၊ ဆဖရ်လ (၁၁)သို့မဟုတ် (၁၂)ရက်နေ့ည၊ ညဉ့်နက်သန်းခေါင်အချိန်တွင် မဒီနာမြို့ရှိဂျန်နတုလ်ဗကီအိသင်းချိုင်းသို့ ကြွသွားတော်မူခဲ့လေသည်။ ထိုမှပြန်ကြွသွားတော်မူပြီးနောက်၊ တမန်တော်မြတ်သည် စတင်နေထိုင်မကောင်းဖြစ်တော်မူလေသည်။အဆိုပါညဉ့်သည်ကြင်ယာတော်မိုင်မူနတ်သခင်မ၏အလှည့်ညဉ့်ဖြစ်ခဲ့ပေသည်။ အဆိုပါနေ့မှာဗုဒ္ဓဟူးနေ့ဖြစ်ခဲ့ပေသည်။ တမန်တော်မြတ်

သည်စတင်နေထိုင်မကောင်း ဖြစ်နေတော်မူ လင့်ကစားတရားမျှတမျှ ချစ်ကြည်လေးစားမှုကိုထောက်ထားသောအားဖြင့် ငါးရက်တိုင်တိုင်သက်ဆိုင်ရာကြင်ယာတော်၏အဆောင်သို့ အသီးသီးကြွသွားတော်မူခဲ့လေသည်။

တနင်္လာနေ့တွင်တမန်တော်မြတ်၏ရောဂါအခြေအနေမှာပိုမိုပြင်းထန်လာခဲ့လေသည်။ ထိုအခါတမန်တော်မြတ်သည်ကြင်ယာတော် အာအိရှဟ်သခင်၏အဆောင်တွင်နေရန်ကြင်ယာတော်များထံခွင့်တောင်းတော်မူ၏။ သို့ခွင့်တောင်းရာတွင်လည်း တမန်တော်မြတ်သည် အားနာတော်မူလှသဖြင့် အတည့်အလင်းဖွင့်ဟခွင့်တောင်းတော်မမူဘဲ– “နက်ဖြန်မည်သူ့အဆောင်တွင် နေရမှာလဲ” ဟုမေးတော်မူ၏။ အကြောင်းအားလျော်စွာ နောက်နေ့(တနင်္လာ)သည် ကြင်ယာတော်အာအိရှဟ်သခင်မ၏အဆောင်သို့သွားတော်မူရမည့် နေ့ပင်ဖြစ်နေခဲ့၏။ ကြင်ယာတော်များသည် တမန်တော်မြတ်၏အလိုဆန္ဒကိုရိပ်စားမိသည့်အလျောက် တမန်တော်မြတ်အား ဖိမိဆန္ဒအလျောက် ကြိုက်နှစ်သက်ရာအဆောင်တွင် နေတော်မူပါမည့်အကြောင်းကြည်ဖြူစွာလျှောက်ထားကြလေသည်။ တမန်တော်မြတ်သည် ရောဂါ၏ဖိစီးမှုကြောင့် အတိုင်းထက်အလွန် အားအင်ချိနဲ့သွားတော်မူခဲ့ရာ၏။ မိမိကိုယ်တိုင်လမ်းလျှောက်ပင်မလွယ်တော့ပေ။ ထို့အတွက်သာဝကကြီးအလီနှင့်သာဝကကြီး အဗ်ဗာစ်တို့သည် တမန်တော်မြတ်အားဖေးမကာ ကြင်ယာတော်အာအိရှဟ်သခင်မ၏အဆောင်သို့ ခေါ်ဆောင်သွားခဲ့ကြသည်။

တမန်တော်မြတ်သည် သွားလာလှုပ်ရှားနိုင်စွမ်း ရှိသည့်အထိရှေ့ဆောင်ဆွလာတ်ဝတ်ပြုရန်အလို့ငှာ ဗလီကျောင်းတော်သို့ကြွသွားနေတော်မူခဲ့ပေသည်။ တမန်တော်မြတ်နောက်ဆုံး ရှေ့ဆောင်ဝတ်ပြုတော်မူခဲ့သောဆွလာတ်မှာ “အဟ်ရိဗ်ဆွလာတ်” ပင်ဖြစ်ခဲ့ပေသည်။ ထိုအချိန်တွင် တမန်တော်မြတ်ဦးခေါင်းကိုက်လျက် ရှိတော်မူခဲ့သည်။ ထို့အတွက်တမန်တော်မြတ်ဦးခေါင်းတွင်ပဝါပေါင်း၍ ကြွလာတော်မူခဲ့သည်။ ထို့နောက် ဆွလာတ်ဝတ်ပြုတော်မူခဲ့သည်။ ဆွလာတ်ဝတ်ပြုရာတွင် တမန်တော်မြတ်သည်ကုရ်အာန်ကျမ်းသာကလွှာစဉ်(၇၇)-စူရဟ် “ဝလ်မုရ်ဆလာတ်” ကို ရွတ်ဖတ်တော်မူခဲ့ပေသည်။

အီရှာဆွလာတ်ဝတ်ပြုချိန် ရောက်လာသည့်အခါ တမန်တော်မြတ်သည်ဆွလာတ်ပြီး သွားပြီလားဟုမေးတော်မူရာ၊ သာပည့်များက “ဆွလာတ်

မပြီးသေးပါ၊ ကျွန်တော်တို့အားလုံးတမန်တော်မြတ်အား စောင့်မျှော်နေကြပါသည်'' ဟု လျှောက်ထားကြ၏။ ထိုအခါတမန်တော်မြတ်သည် အင်တုံတွင်ရေဖြည့်စေပြီး ရေချိုးတော်မူ၏။ ထို့နောက်မတ်တတ်ရပ်ရန် ကြံရွယ်တော်မူသည့်အခါ မူးဝေသွားတော်မူ၏။ မူးဝေရာတွင်သက်သာလာသည့်အခါ တမန်တမန်တော်မြတ်က ဆွလာတ်ပြီးသွားပြီလားဟု မေးတော်မူရာ၊ တပည့်များကယခင်အတိုင်းလျှောက်ထားကြပြန်၏။ ထို့နောက် တမန်တော်မြတ်သည် ရေချိုးတော်မူပြန်၏။ ထို့နောက်မတ်တတ်ရပ် ရန် ကြံရွယ်တော်မူသည့်အခါ တဖန်မူးဝေသွားတော်မူပြန်၏။ မူးဝေရာမှ သက်သာလာသည့်အခါ တမန်တော်မြတ်က ယခင်အတိုင်းမေးတော်မူ၏။ တပည့်များကလည်းယခင်အတိုင်းပင် လျှောက်ထားကြ၏။ တမန်တော်မြတ်သည် တတိယအကြိမ်မိမိကိုယ်ခန္ဓာအပေါ်သို့ ရေလောင်းချတော်၏။ ထို့နောက်မတ်တတ်ရပ်ရန်ကြံရွယ်တော်မူသည့်အခါမူးဝေသွားတော်မူပြန်၏။ မူးဝေရာမှသက်သာလာတော်မူသည့်အခါ တမန်တော်မြတ်က ''အဗူဗက်က်ရ်၊ ရှေ့ဆောင်ဆွလာတ်ဝတ်ပြုပါစေ'' ဟုညွှန်ကြားတော်မူလိုက်လေသည်၊ ထိုအခါကြင်ယာတော်အာအိရှာက ''တမန်တော်မြတ်၊ ဖခင်ကြီးအဗူဗက်က်ရ်သည် စိတ်နှလုံးအလွန်တရာမျှ နူးညံ့သိမ်မွေ့သူဖြစ်သည်၊ တမန်တော်မြတ်၏နေရာတွင်ရပ်နိုင်မည်မဟုတ်ပါ'' ဟုလျှောက်ထား၏။ တမန်တော်မြတ်က ''အဗူဗက်က်ရ်၊ ရှေ့ဆောင်ဆွလာတ်ဝတ်ပြုပါစေ'' ဟူ၍ပင်ညွှန်းကြားတော်မူလိုက်၏။ ထို့အတွက် သာဝကကြီးအဗူဗက်က်ရ်သည်၊ သုံးရက်အထိ ရှေ့ဆောင်ဆွလာတ်ဝတ်ပြုခဲ့ရလေသည်။ (*)

---

(*) တမန်တော်မြတ်မမာမကျန်းဖြစ်နေတော်မူစဉ် သာဝကကြီး အဗူဗက်က်ရ်သည် တမန်တော်မြတ်၏ကိုယ်စားသုံးရက် ရှေ့ဆောင်ဆွလာတ်ဝတ်ပြုခဲ့ရ၏။ ယင်းသို့ရှေ့ဆောင်ဝတ်ပြုခဲ့ရခြင်းမှာ သောကြာနေ့ညအိရှာမှတနင်းလာနေ့နံနက် ဖဂျ်ရ်အထိဖြစ်ခဲ့၏။ ရက်အားဖြင့်သုံးရက်၊ အကြိမ်အားဖြစ် (၁၇)ကြိမ်ဖြစ်ခဲ့၏။

(စိုင်ယစ်ဒ် စုလိုင်မာန်နဒ်ဝီ)

အစ္စလာမ်ပြက္ခဒိန်အရ နေ့ရက်များကိုရေတွက်ရာ၌ည ဦးကိုနေ့၏ရှေ့ကထား၍ရေတွက်သည်ကို သတိပြုအပ်ပေသည်။

(ဿာဇီ)

ကလောင်တံနှင့်စက္ကူ တောင်းတော်မူခြင်း။

တမန်တော်မြတ်သည် ဝဖါးတ်ဖြစ်တော်မမူမီ ကွယ်လွန်သေဆုံးတော်မမူမီ (၄)ရက်အလျင်ကြာသပတေးနေ့တွင် အနီးရှိတပည့်သာဝကများအား''ကလောင်တံနှင့်စက္ကူယူခဲ့ကြ၊ ငါ အသင်တို့အတွက်စာရေးသွားခဲ့မည်။ ထို့နောက်တွင်၊ အသင်တို့လမ်းမှားကြမည်မဟုတ်''ဟုမိန့်ကြားတော်မူလေသည်။ ထိုအခါ အချို့သာဝကများက တမန်တော်မြတ်သည် ရောဂါ၏ပြင်းထန်သောဖိစီးမှုဒဏ်ကိုခံစားနေရရှာတော်မူသည်၊ အသင်တို့ထံတွင် ကုရ်အာန်ကျမ်းမြတ်ရှိနေပေသည်။ ယင်းကျမ်းမြတ်သည်ငါတို့အဖို့လုံလောက်ပေသည်''ဟု ပြောဆိုကြလေသည်။ ထိုအခါအသင့်ရောက်ရှိနေသောသာဝကများတွင် သဘောကွဲလွဲမှုဖြစ်ပေါ်လာခဲ့၏၊ အချို့ကတမန်တော်မြတ်မိန့်ကြားတော်မူသည့်အတိုင်း ဆောက်ရွက်ကြရမည်ဟုဆိုကြ၏။ အချို့ကလည်းအသီးသီးဆန္ဒပေးကြ၏။ ယင်းသို့ သဘောကွဲလွဲရမှုဆူဆူညံညံဖြစ်လာသောအခါအချို့က ဤကိစ္စနှင့်ပတ်သက်ပြီး တမန်တော်မြတ်ထံလျှောက်ထားကြည့်ကြဟုဆိုကြ၏။ ထိုအခါ အချို့သာဝကကြီးများသည် တမန်တော်မြတ်ထံလျှောက်ထား မေးမြန်းကြ၏။ ထိုအခါတမန်တော်မြတ်က ''အသင်တို့ငါ့ကိုလွတ်လွတ်လပ်လပ်နေထိုင်ခွင့်ပြုထားကြ၊ ငါ-ရောက်ရှိနေသောနေရာသည် အသင်တို့ငါ့ကို ဖိတ်ခေါ်နေကြသော အရာထက် အလွန်တရာမျှ ကောင်းမြတ် လှပေသည်''ဟု မိန့်ကြား တော်မူလိုက်လေသည်။

ထို့နောက်တမန်တော်မြတ်သည် သုံးခွန်းသော အမှာစကားပြောကြားတော်မူ၏။ ပထမအမှာစကားမှာ-ယှဉ်တွဲကိုးကွယ်သောမည်သည့်မုရှရိက်မျှ အာရေဗျပြည်တွင်မနေစေရ၊ဒုတိယအမှာစကားမှာ သံတမန်များအားငါ့လက်ထက်တွင် ရှိသေလေးစားခဲ့သည့်အစဉ်အလာအတိုင်း အမြဲတစေရှိသေ လေးစားကြရမည်။ တတိယ အမှာစကားကိုမူ (ရာဝီ) တဆင့်ဟောကြားသူသည်မေ့နေသည်။

အဆိုပါနေ့ဇုဟ်ရ်အချိန်တွင် တမန်တော်မြတ်၏ရောဂါမှာ အနည်းငယ်သက်သာလာခဲ့၏၊ ထိုအခါတမန်တော်မြတ်က မိမိ၏ကိုယ်ခန္ဓာပေါ်သို့ ရေအိပ်ခုနှစ်အိပ်သွန်းလောင်းရန် မိန့်ကြားတော်မူ၏။ ရေချိုးတော်မူပြီး

နောက် တမန်တော်မြတ်သည်သာဝကကြီးအလီနှင့် သာဝကကြီးအဗ်ဗာစ်တို့အားမှီတွယ်ကာဗလီကျောင်းတော်သို့ ကြွလာတော်မူခဲ့၏။ ထိုအချိန်တွင် တပည့်သာဝကများသည် ပလီကျောင်းတော်၌ (ဂျမာအတ်)အစုအဝေးနှင့် ဆွလာတ်ဝတ်ပြုလျက်ရှိ၏။ သာဝကကြီး အဗူဗက်ကရ်သည်ရှေ့ဆောင်ဆွလာတ် ဝတ်ပြုလျက်ရှိ၏။ တမန်တော်မြတ် ကြွလာတော်သည့် အသံကိုကြားသောအခါ သာဝကကြီးအဗူဗက်ကရ်အား လက်ဟန်ခြေဟန်ဖြင့်တားတော်မူ၏။ ထို နောက်တမန်တော်မြတ်သည်သာဝကကြီးအဗူဗက်ကရ်၏ဘေးတွင်ထိုင်ကာ ရှေ့ဆောင်ဆွလာတ်ဝတ်ပြုတော်မူလေသည်။ ဆိုလိုသည်မှာ သာဝကကြီးအဗူဗက်ကရ်သည် တမန်တော်မြတ်အား ကြည့်ကာ ကျန်သာဝကများသည် သာဝကကြီးအဗူဗက်ကရ်အား ကြည့်ကာ ဆွလာတ်ဝတ်ပြုကြလေသည်။

**နောက်ဆုံးမိန့်ခွန်း။**

ဆွလာတ်ဝတ်ပြုပြီးနောက် တမန်တော်မြတ်သည် မိန့်ခွန်းတစ်ရပ် မြွက်ကြားတော်မူ၏။ ဤမိန့်ခွန်းသည် တမန်တော်မြတ်၏သက်တမ်းတွင် နောက်ဆုံး မိန့်ခွန်းပင် ဖြစ်၏။

> ''တမန်တော်မြတ်က အလ္လာဟ် အရှင်မြတ်သည် မိမိအစေတော် တစ်ဦးအား မိမိ၏ ဆန္ဒအလျောက် လောကီဆိုင်ရာ စည်းစိမ်များကို ခံစားလိုက ခံစားနိုင်ကြောင်း၊ သို့တည်းမဟုတ် အလ္လာဟ်ထံတော်ပါးရှိ (နောင်တမလွန် ဘဝ၏) သုခ ချမ်းသာများကို ခံစားလိုကခံစားနိုင်ကြောင်း ခွင့်ပြုတော်မူရာ၊ အဆိုပါ အစေတော် ဖြစ်သူသည် အလ္လာဟ်ထံတော်ပါးရှိ သုခ ချမ်းသာများကိုပင် လက်ခံသဘောတူလိုက်သည်'' ဟု ပြောပြတော်မူလေသည်။

ဤသည့် မိန့်ခွန်းတော်ကိုကြားပြီး သာဝကကြီး အဗူဗက်ကရ်သည် ငိုကြွေးလေတော့သည်။ ထိုအခါ အချို့သာဝကများက သာဝကကြီး

အဗ္ဗုဗက်ကဲရ်အား အံ့ဩသည့် မျက်နှာထားနှင့် ကြည့်ပြီး "တမန်တော်မြတ်သည် ပုဂ္ဂိုလ်တစ်ဦး၏အကြောင်း ပြောပြတော်မူခြင်းသာဖြစ်သည်၊ ငိုကြွေးရန်အကြောင်းမဟုတ်ပါ"ဟု ပြောဆိုကြလေသည်၊ အမှန်မှာ သာ၀ကကြီးအဗ္ဗုဗက်ကဲရ်သည် တမန်တော်မြတ်၏ အတွင်းသိပုဂ္ဂိုလ် တစ်ဦးဖြစ်နေပေရာ၊ တမန်တော်မြတ်၏ မိန့်ခွန်းတော်တွင် ပါရှိသော အစေခံသော်မှာ အခြားမဟုတ်၊ တမန်တော်မြတ်ပင်ဖြစ်သည်ကို နားလည် သဘောပေါက်သည့်အတွက် ယင်းသို့ ငိုကြွေးခဲ့ခြင်းဖြစ်ပေသည်။

ထို့နောက် တမန်တော်မြတ်က ဆက်လက်၍ အောက်ပါအတိုင်း မိန့်ကြားတော်မူပြန်သည်။

"ဥစ္စာပစ္စည်းအရလည်းကောင်း၊ ပေါင်းသင်းဆက်ဆံမှုအရလည်းကောင်း၊ ငါအများဆုံးကျေးဇူးတင်ရမည့်ပုဂ္ဂိုလ်မှာ အဗ္ဗုဗက်ကဲရ်ပင်ဖြစ်သည်၊ အကယ်၍ ဤပံစ္စက္ခတွင် ငါ၏တပည့်သာ၀ကတို့အနက် တစ်ဦးတစ်ယောက်ကို မိတ်ဆွေ ပြုလုပ်ရမည်ဆိုပါက အဗ္ဗုဗက်ကဲရ်ကို မိတ်ဆွေပြုလုပ်မည်၊ သို့ရာတွင် အစ္စလာမ်၏ မျိုးနွယ်တော် ဖြစ်မှုသည် မိတ်ဆွေဖွဲ့ရန်အတွက် လုံလောက်ပေသည်။ ဗလီကျောင်းတော်ပတ်၀န်းကျင်ရှိ အိုးအိမ်များအနက် မည်သည့်အိမ်၌မျှ ဗလီကျောင်းတော် အက်တွင် အဗ္ဗုဗက်ကဲရ်၏ မလွှယ်ပေါက်မှတစ်ပါး မည်သည့် မလွှယ်ပေါက်မျှမထားရ။

တစ်ခု သတိပေးခဲ့ပါရစေ၊ အသင်တို့ အလျင်ရှိခဲ့ကြတဲ့ လူမျိုးများသည် မိမိတို့၏ တမန်တော်များ၊ အကြီးအကဲများ၏ သင်းချိုင်းများကို ကိုးကွယ်ရာဌာနများ ပြုလုပ်ထားခဲ့ကြသည်။ ယင်းသို့ အသင်တို့မလုပ်ကြနှင့်၊ ငါ အမှတ်တရ တားမြစ်ခဲ့သည်။

တမန်တော်မြတ် မမာမကျန်းဖြစ်တော်မူသည့်အခါ **အန်ဆွာရီများသည်** တမန်တော်မြတ်၏ ထောက်ထား ညှာတာ လေးစားမှုများ၊ ကျေးဇူးပြုမှုများကို အောက်မေ့တသ သတိရ၍ ငိုကြွေးခဲ့ကြ၏။ **တစ်ရက်** ယင်းသို့ အန်ဆွာရီများ ငိုကြွေးနေကြသည်စဉ်၊ **သာဝကကြီး အဗူဗက်က်ရ်** နှင့် **သာဝကကြီး အဗ်ဗာစ်**တို့နှစ်ဦးသည် ၎င်းတို့အနီးမှ ဖြတ်သွားကြ၏။ အန်ဆွာရီများ ငိုကြွေးနေကြသည်ကို တွေ့မြင်သောအခါ အကြောင်းကို **မေးမြန်းကြ၏။**

ထိုအခါ အန်ဆွာရီများက အတိတ်တွင် **တမန်တော်မြတ်၏** ထောက်ထားညှာတာ လေးစားမှုများ၊ ခင်မင်မှုများ၊ ကျေးဇူးများကို သတိရ၍ ငိုကြွေးနေကြကြောင်း ပြောပြကြ၏။ **ယင်းတို့အနက်** ပုဂ္ဂိုလ် **တစ်ဦးသည်** ဤဖြစ်ရပ်ကို တမန်တော်မြတ်ထံသို့ သွားရောက်လျှောက် **ထားလေ၏။**

ထိုအခါ တမန်တော်မြတ်က အန်ဆွာရီများနှင့် ပတ်သက်၍ အောက်ပါအတိုင်း မိန့်ခွန်း မြွက်ကြားတော်မူ၏။

> တပည့်သားတို့၊ အန်ဆွာရီများနှင့် ပတ်သက်ပြီး၊ ငါ အသင်တို့ကို မှာကြားခဲ့မည်၊ အခြားမွတ်စလင်မ်များသည်၊ တစ်နေ့တခြား တိုးပွားများပြားသွားကြမည်။ သို့ရာတွင် အန်ဆွာရီများသည် တစ်နေ့တစ်ခြား နည်း၍ နည်း၍သွားကြ လိမ့်မည်။
>
> အန်ဆွာရီများသည် ၎င်းတို့ဘက်မှ တာဝန် ကျေပြွန်ခဲ့ကြပြီ၊ ယခုအသင်က သူတို့၏တာဝန် ကျေပြွန်ကြရမည်။
>
> အန်ဆွာရီများသည် ငါ၏ကိုယ်ခန္ဓာတွင် အစာအိမ်နှင့်တူကြသည်။ အသင်တို့၏အကောင်းအဆိုးကို တာဝန်ယူခဲ့ကြသည်။ သို့ဖြစ်ရာ၊ သာဝကဖြစ်သူ

သည် အန်ဆွာရ်များအား အထူးဂရုပြုရမည်။
အန်ဆွာရ်များအနက် လူတော်လူကောင်းများကို
လက်ခံရမည်။ အပြစ်ရှိက ခွင့်လွှတ်ရမည်။

အထက်တွင်ပါရှိခဲ့သည့်အတိုင်း တမန်တော်မြတ်သည် ရောမနိုင်ငံသို့စစ်တပ်စေလွှတ်ရန် ဆုံးဖြတ်ထားတော်မူခဲ့သည်။ အဆိုပါစစ်တပ်တွင် ကွပ်ကဲရန်အတွက် သာဝကကြီးအုစာမဟ်ကူဇ်နှင့်ဇိုက်ဒ်အား သတ်မှတ်ခန့်ထားတော်မူခဲ့သည်။ ယင်းသို့ခန့်အပ်တော်မူခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍၊အချို့က (ဣဗ်နုစအ်ဒ်၏ ဖွင့်ဟရေးသားချက်အရ မုနာဖိက်များက) သက်ကြီးရွယ်ကြီးသာဝကကြီးတွေရှိနေပါလျက်၊ ဤရာထူးကို လူငယ်တစ်ဦးအား အဘယ့်ကြောင့်ပေးတော်မူပါသနည်းဟု စောဒနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေကြားတော်မူခဲ့လေသည်။

ယနေ့အသင်တို့သည် အုစာမဟ်အား အကြီးအကဲခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍၊ စောဒနာတက်နေကြသည်၊ ဤကားမထူးဆန်းပေ။ သူ့ဖေဖေ(ဇိုက်ဒ်)အား အကြီးအကဲ ခန့်အပ်စဉ်ကလည်း အသင်တို့ စောဒနာတက်ခဲ့ကြပေသည်။ အလ္လာဟ်အသျှင်မြတ်အားတိုင်တည်၍ငါပြောမည်။ သူသည် အမှန်တကယ် ဤရာထူးနှင့် ထိုက်တန်သည်။

သူသည် ငါ့ထံမှာ အားလုံးထက် ချစ်မြတ်နိုးသူဖြစ်သည်။ သူမရှိပြီးနောက်၊ ယခုဤသူသည် အားလုံးထက် ချစ်မြတ်နိုးစရာဖြစ်သည်။

အစ္စလာမ်သာသနာ၏ထူးခြားချက်တစ်ရပ်မှာ အစ္စလာမ်သာသနာ၏အမိန့်၊ ပညတ်အရပ်ရပ်ကို စတင်ပြုစု- ပြဋ္ဌာန်းအတည်ပြုသူမှာ အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ တမန်တော်၏တာဝန်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်မှ ကျရောက်လာသောအမိန့်၊ ပညတ်များကို မိမိကိုယ်တိုင် ပြောပြခြင်းဖြင့်လည်းကောင်း၊ လက်တွေ့ကျင့်သုံးပြသခြင်းဖြင့်လည်းကောင်း၊ လူသားတို့ထံပို့ဆောင်ပေးခြင်းသာဖြစ်သည်။

ထို့အတွက် တမန်တော်မြတ်က အောက်ပါအတိုင်း ဖွင့်ဟမိန့်ကြားတော်မူခဲ့သည်။

"ဟလာလ်၊ ဟရာမ်ပြုပိုင်သောအရာ၊ မပြုပိုင်သောအရာနှင့် စပ်လျဉ်း၍၊ ငါ့အားမရည်ညွှန်းရ။ အလ္လာဟ်အသျှင်မြတ်က ကုရ်အာန်ကျမ်းမြတ်တွင် ဟလာလ်ပြုလုပ်ထားတော်မူသောအရာကိုသာ ငါက ဟလာလ်ဟူ၍ပြောသည်။ အလ္လာလ်အသျှင်မြတ်က ဟရာမ်ဟူ၍ပညတ်ထားတော်မူသောအရာကိုသာ၊ ငါကဟရာမ်ဟူ၍ ပညတ်သည်"

လူသားတို့၏ ကောင်းကျိုးဆိုးကျိုးသည် လူသားတို့၏ လက်တွေ့အကျင့်အမူပေါ်၌သာတည်သည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ်က အောက်ပါအတိုင်းမိန့်ကြားတော်မူခဲ့သည်။

"အို- တမန်တော်၏သမီး'ဖွာတိမာ၊ အို- တမန်တော်၏အရီး'ဆူဖီယဟ်'။ အလ္လာဟ်ထံတော်၌အကျိုးရှိအောင် တစ်ခုခုလုပ်သွားကြ။ ငါသည် အသင်တို့အား အလ္လာဟ်ထံတော်မှ သက်ရောက်မည့်ဘေးအန္တရာယ်မှ မကာကွယ်နိုင်ပါ"

ယင်းသို့မိန့်ခွန်းများမြွက်ကြားတော်မူပြီးနောက်၊ တမန်တော်မြတ်သည်ကြင်ယာတော်အာအိရှဟ်သခင်မ၏အဆောင်သို့ပြန်ကြွတော်မူခဲ့သည်။

တမန်တော်မြတ်သည် သမီးတော်ဖွာတိမာ်အား အတိုင်းထက်အလွန်ချစ်တော်မူ၏။ မမာမကျန်းဖြစ်နေစဉ်အတွင်း သမီးတော်အားခေါ်ခိုင်းတော်မူ၏။ သမီးတော်ရောက်ရှိလာ၏၊ တမန်တော်မြတ်သည် သမီးတော်အား နားအနားကပ်၍ တီးတိုးစကား ပြောတော်မူ၏။ ထိုအခါသမီးတော်ငို၏။ ထို့နောက်တမန်ခေါ်ခိုင်း၍ တီးတိုးစကားပြောတော်မူ၏။ ထို့အခါသမီးတော်ရယ်၏။

နောင်တချိန်ဤဖြစ်ရပ်နှင့်စပ်လျဉ်း၍ကြင်ယာတော်အာအိရှတ်က သမီးတော်အားမေးရာ၊ သမီးတော်က ပြောပြသည်မှာ–တမန်တော်မြတ်က ပထမအကြိမ် "ငါသည်ဤရောဂါနှင့်ပင် ကွယ်လွန်သေဆုံးရမည်ဖြစ်သည်"ဟု ပြောပြတော်မူသည်။ ထို့အတွက် ကျွန်မငိုကြွေးခဲ့ခြင်းဖြစ်ပါသည်။ သို့ငိုကြွေးသည့်အခါ - တမန်တော်မြတ်က ဒုတိယအကြိမ်ခေါ်၍၊ ကျွန်မအား– "ငါ့မျိုးနွယ်အနက် အသင်မသည် ငါနှင့်ဦးစွာပထမ လာရောက်တွေ့ဆုံးရမည်ဖြစ်သည်"ဟု ပြောပြတော်မူပြန်၏။ ထို့အတွက် ကျွန်မရယ်ခဲ့ခြင်းဖြစ်ပါသည်။

ယဟူဒီနှင့်နတ်ဆွရာနီများသည် တမန်တော်များ၏သင်းချိုင်းများကို ရှိသေလေးစားရာတွင် အလွန်အကျွံဖြစ်လာပြီး၊ သင်းချိုင်းကိုးကွယ်မှု၊ ရုပ်တုကိုးကွယ်မှုအဆင့်သို့ပင် ရောက်ရှိသွားခဲ့ကြ၏။ အစ္စလာမ်၏အဓိကတာဝန်မှာ ဤသည့်ရုပ်တုကိုးကွယ်မှုကိုပင် အမြစ်မှဖြိုခွင်းရန်ဖြစ်သည်၊ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် နေထိုင်မကောင်းဖြစ်နေသည့်အချိန်မှာပင် ဤသည့်အချက်ကို အထူးဂရုစိုက်တော်မူခဲ့၏။ အကြောင်းအားလျော်စွာ အချို့ကြင်ယာတော်များသည် (ဟဗ်ရှတ်) အီသီယိုပီယာနိုင်ငံသို့ရောက်ရှိခဲ့ဘူးကြ၏။ ထိုအချိန်မှာပင် အဆိုပါကြင်ယာတော်များက အီသီယိုပီယာနိုင်ငံတွင် မိမိတို့တွေ့မြင်ခဲ့ကြရသော အီစာအီများ၏ဝတ်ပြုဆောင်များ၊ ရုပ်တုများနှင့်ပန်းချီများအကြောင်းကို ပြောပြကြ၏။ ထိုအခါတမန်တော်မြတ်က ၎င်းတို့တွင်သူတော်ကောင်းတစ်ဦးဦးသေဆုံးသွားလျှင် ထိုသူ၏ သင်းချိုင်းကို ဝတ်ပြုရာဌာန ပြုလုပ်ကြသည်။

ပြီးတော့ ထိုသူနှင့်ပုံတူထု၍ထိုပုံတူကိုအဆိုပါသင်းချိုင်း၌တည်ထားကိုးကွယ်ကြသည်။ ထိုသို့ပြုလုပ်သူများသည် ကိယာမတ်နေ့တွင် အလ္လာဟ်အသျှင်မြတ်ရှေ့တော်မှောက်၌ အဆိုးရွားဆုံးဖြစ်ကြလိမ့်မည်"ဟုပြောတော်မူလေသည်။

တမန်တော်မြတ်သည် ရောဂါ၏ဖိစီးမှုဒဏ်ကိုအလူးအလိမ့်ခံစားနေတော်မူရသည့်အချိန်တွင် တမန်တော်မြတ်သည် တစ်ခါတစ်ရံစောင်ကိုမျက်နှာပေါ်သို့ လွှမ်းခြုံတော်မူ၏။ တစ်ခါတစ်ရံပူအိုက်လှသည့်အတွက်

ခြုံစောင်ကို လှန်ပစ်တော်မူရှာ၏။ ထိုသို့သော အချိန်အခါမျိုးမှာပင် တမန်တော်မြတ်၏ ရွှေနှုတ်တော်မှ အောက်ပါစကားများကို ကြင်ယာတော်အာအိရှဟ်က ကြားလိုက်ရသည်။

---

لعنة الله على اليهود والنصارى اتخذوا قبور
انبيائهم مساجد،

ယဟူဒီနှင့်နဆာရာနီများကို အလ္လာဟ်အသျှင်မြတ်ကျိန်ဆဲတော်မူသည် ဖြစ်ပါစေ၊ ထိုသူများသည် မိမိတို့၏တမန်တော်များ၏ သင်းချိုင်းများကို ကိုးကွယ်ရာဌာနများ ပြုလုပ်ထားကြသည်။

(ဗုခါရီ)

ယင်းသို့အလူးအလိမ့်ခံစားနေတော်မူရသည့် အချိန်အတွင်းမှာပင် တမန်တော်မြတ်သည် ကြင်ယာတော်အာအိရှဟ်ထံ၌ ပုံအပ်ထားသည့် (အနှံရဖိ)ရွှေဒင်္ဂါးကို အမှတ်ရတော်မူရာ၊ ကြင်ယာတော်အာအိရှဟ်အား ခေါ်၍၊ "ရွှေဒင်္ဂါးများဘယ်မှာလဲ" မိုဟမ္မဒ်သည် အသင်မှားကာ၊ အလ္လာဟ် အသျှင်မြတ်နှင့် တွေ့ရမှာလား၊ သွား၊ ထိုရွှေဒင်္ဂါးများကို အခုပင် အလ္လာဟ်လမ်းတွင် လှူဒါန်းပစ်"ဟု အမိန့်ပေးတော်မူလိုက်လေသည်။

ကွယ်လွန်သေဆုံးတော်မမူမီ တစ်ရက်အလျှင် (တနင်္ဂနွေနေ့တွင်) တပည့်များသည် တမန်တော်မြတ်အား ဆေးတိုက်ကျွေးလိုကြ၏။ တမန်တော်မြတ်သည် ဆေးမသောက်သုံးလိုသဖြင့် ငြင်းတော်မူ၏။ ထိုအချိန်မှာပင်တမန်တော်မြတ်သည်မူးဝေသွားတော်မူခဲ့၏။ထိုအခါတပည့်များသည် တမန်တော်မြတ်အား စေတနာအလျောက် မရအရဆေးတိုက်လိုက်ကြ၏။ တမန်တော်မြတ်သည် သတိပြန်လည်ရလာသောအခါ၊ မိမိအားဆေးတိုက်ကြသည်ကို သတိမူမိသဖြင့်၊ တမန်တော်မြတ်က "အားလုံးကိုဆေးတိုက်ရမည်"ဟု အမိန့်ပေးတော်မူလိုက်လေသည်။ တမန်တော်မြတ်မူးမေ့နေ

စဉ်၊ တမန်တော်မြတ်အား မရအရဆေးတိုက်သူများကို စုံစမ်းကြည့်ရာ၊ ယင်းသို့ဆေးတိုက်သူများတွင် သာဝကကြီးအဗ်ဗာစ် မပါဝင်ကြောင်း သိရှိရလေသည်။ ထို့အတွက်သာဝကကြီး အဗ်ဗာစ်သည်ဆေးအတိုက်ခံရခြင်းမှ လွတ်မြောက်သွားခဲ့သေးသည်။

" ဟဒိဿ်သြဝါဒတော်ဆိုင်ရာ ပညာရှင်များသည် ဤဖြစ်ရပ်ကို ရေးပြီးနောက် "ဤသည်မှာ လူ့သဘာဝအလျောက် ဖြစ်ပေါ်လာခဲ့သည့် ဖြစ်ရပ်များသာဖြစ်သည်။ လူသားများသည် နေထိုင်မကောင်း ဖြစ်ကြသည့်အခါ စိတ်ဓာတ်သည်နှုံးညံ့လာတတ်ပေသည်။ စိတ်တိုတတ်ပေသည်။ တမန်တော်မြတ်ကမိမိအား မရအရ ဆေးတိုက်သူများအား ဆေးတိုက်ရန် အမိန့်ပေးခဲ့သည်မှာလည်း ဤသဘောပင်ဖြစ်သည်" ဟု ဖွင့်ဟ ရေးသားကြလေသည်။

သို့ရာတွင် ကျွန်ုပ် (ရှစ်ဗ်လီ)၏ တင်ပြချက်မှာ ဤသည် စိတ်တိုခြင်းမဟုတ်၊ စိတ်ဓာတ်ကြည်လင်ခြင်း၊ ရွှင်လန်းခြင်း၏အကျိုးပင်ဖြစ်၏။ တစ်နည်း၊ ဟာဒယရှင်ဆေး တိုက်ကျွေးတော်မူခြင်းသာ ဖြစ်ပေသည်။

တမန်တော်မြတ်၏ရောဂါမှာ ပြင်းထန်တလှည့်၊ သက်သာတစ်ကြိမ် ဖြစ်၍နေခဲ့သည်။ တမန်တော်မြတ်(ဝဖါးတ်) ကွယ်လွန်သေဆုံးတော်မူသည့်နေ့(တနင်းလာနေ့)တွင် တမန်တော်မြတ်၏ ရောဂါမှာ အမြင်အားဖြင့် သက်သာနေခဲ့၏။

တမန်တော်မြတ်၏ အဆောင်တော်မှာ ဗလီကျောင်းတော်နှင့် ကပ်လျက်ရှိခဲ့၏။ တမန်တော်မြတ်သည် နံနက်အရုဏ်တက်ချိန်၌ ကန့်လန့်ကာကိုမ၍ ကြည့်သောအခါ တပည့်သာဝကများ ဖဂျ်ရ်ဆွလာတ်ဝတ်ပြုနေကြသည်ကို တွေ့မြင်ရသဖြင့် ဝမ်းသာတော်မူ၍ ရွှင်ပြုံးတော်မူခဲ့လေသည်။ တပည့်သာဝကများသည် တမန်တော်မြတ်၏ ခြေသံကို ကြား၍ တမန်တော်မြတ် ကြွလာတော်မူသည်ဟု ထင်မှတ်ပြီး ဝမ်းသာမဆုံးဖြစ်သွားခဲ့ကြ၏။ ဆွလာတ်ဝတ်ပြုသည်ပင် ပျက်လုမတတ် ဖြစ်သွားခဲ့၏။ ထိုအချိန်တွင် အရှေ့ဆောင်၌ဝတ်ပြုနေခဲ့သော သာဝကကြီး အဗူဗက်ကရ်သည် နောက်သို့ဆုတ်လာလို၏။ (နေရာဖယ်ပေးလို၏။) ထိုအခါ တမန်

တော်မြတ်သည် ဟန်အမူအရာဖြင့် တားတော်မူ၍ အဆောင်တော်အတွင်းသို့ ဝင်သွားတော်မူ၏။ ကန့်လန့်ကာကို ချတော်မူလို၏။

မွတ်စလင်မ် ကျမ်းကြီးတွင် ပါရှိသည်မှာ တမန်တော်မြတ်သည် ထိုအချိန်တွင် အားအင်အလွန်တရာ ချည့်နဲ့နေသည်ဟုဆိုသည်၊ ကန့်လန့်ကာကိုပင် ကောင်းစွာ ချတော်မမူနိုင်ခဲ့ရှာပေ။ တပည့် သာဝကများက တမန်တော်မြတ်အား ဖူးတွေ့လိုက်ရသော ဤအချိန်မှာ နောက်ဆုံး အချိန်ပင် ဖြစ်ပေသည်။ သာဝကကြီး အနစ်ဗ်နုမာလစ်က်၏ ပြောပြချက်အရ၊ ထိုနေ့ထိုအချိန်တွင် တမန်တော်မြတ်၏ ရှေ့မျက်နှာတော်ကား.... လုံးဝဖြူဖွေးနေခဲ့၏။

အဆိုပါနေ့တွင် နေမြင့်လာသည်နှင့်အမျှ တမန်တော်မြတ်သည် အကြိမ်ကြိမ် မူးဝေသွားတော်မူခဲ့၏။ ထို့နောက် ပြန်လည်၍သက်သာလာတော်မူသည်။ သမီးတော် ဖာထိမဟ်သည် ဤသည့် အဖြစ်ကို ကြည့်၍ ''အော်.... ကျွန်မ ဖေဖေရဲ့ ဒုက္ခပြင်းထန်လှပါတိ''ဟု ပြောရှာလေသည်။ ထိုအခါ တမန်တော်မြတ်က ''မင်းဖေဖေ ဤနေ့၏နောက်တွင်ယခုလိုဒုက္ခခံစားရတော့မည်မဟုတ်ပါ''ဟု မိန့်ကြားတော်မူလိုက်လေသည်။

ကြင်ယာတော်အာအိရှာသခင်မက တမန်တော်မြတ်အား၊ တမန်တော်မြတ်ကျန်းမာတော်မူစဉ်အလ္လာဟ်အသျှင်မြတ်သည် တမန်တော်များအား သေခြင်းတရားကို လက်ခံလိုကလက်ခံနိုင်ကြောင်း၊ လောကီဘဝကို လက်ခံလိုကလက်ခံနိုင်ကြောင်း၊ ခွင့်ပြုထားတော်မူသည်ဟု မိန့်ကြားတော်မူခဲ့လေ့ရှိပါသည်ဟု လျှောက်ထားခဲ့လေသည်ဟုလျှောက်ထားရာ၊ တမန်တော်မြတ်သည် "အောက်ပါမုက္ခပါဠိတော်ကို အကြိမ်ကြိမ်ရွတ်ဖတ်တော်မူလေသည်။

مع الذين انعم الله عليهم

၆ ''အလ္လာဟ်အသျှင်မြတ် ကျေးဇူးပြုထားတော်မူသော ပုဂ္ဂိုလ်များနှင့် အတူတကွ''

တစ်ခါတစ်ရံဖာမန်တော်မြတ်သည်အောက်ပါအတိုင်းရွတ်ဆိုတော်မူလေသည်။

اللهم في الرفيق الاعلى

''အို– အလ္လာဟ်အသျှင်မြတ်၊ မြင့်မြတ်သော
အဆွေတော် ဖြစ်တော်မူလေသည်။''

ယင်းသို့ ရွတ်ဖတ်တော်မူသည်များကို ကြားသိရသောအခါ တမန်တော်မြတ်သည်၊ ယခုမူအလ္လာဟ်အသျှင်မြတ်ထံတော်သို့ပြန်လိုတော်မူသည်ကိုသာ လိုလားတော်မူသည်ကို ကြင်ယာတော် အာအိရှာဟ်သည် ကောင်းစွာသိရှိသွားခဲ့ပေသည်။

ကွယ်လွန်တော်မမူမီအချိန်ပိုင်းကလေးတွင် သာဝကြီးအဗူဗက်ကရ်၏သား၊ သာဝကကြီးအဗ်ဒုရ်ရဟ်မာန်သည် တမန်တော်မြတ်ထံတော်သို့ ရောက်ရှိလာခဲ့၏။ တမန်တော်မြတ်သည် ကြင်ယာတော်အာအိရှာဟ်အားမှီ၍လျောင်းနေတော်မူ၏။ သာဝကကြီးအဗ်ဒုရ်ရဟ်မာန်၏လက်တွင် တံပူ (ဒန်ပူ)ပါရှိ၏။ တမန်တော်မြတ်သည် အဆိုပါတံပူကိုစူးစိုက်၍ကြည့်တော်မူ၏။ ကြင်ယာတော်အာအိရှာဟ်သည် တမန်တော်မြတ် တံပူဝါးလိုတော်မူကြောင်း ရိပ်စားမိ၍ဖြင့်၊ သာဝကကြီးအဗ်ဒုရ်ရဟ်မာန်ထံမှတံပူကိုယူ၍၊ သွားများဖြင့် ပျော့ပျောင်းအောင်ပြုလုပ်ပြီး၊ တမန်တော်မြတ်အား ဆက်သလိုက်၏။ ထိုအချိန်တွင်တမန်တော်မြတ်သည် လုံးဝကျန်းမာသောသူများအလား တံပူဝါးတော်မူ၏။ ယခုသော်ကွယ်လွန်သေဆုံးတော်မူရန်အချိန်မှာ နီး၍နီး၍လာချေပြီ။ အချိန်ကားညနေချမ်းဖြစ်သည်။ တမန်တော်မြတ်၏ရင်တွင် အသက်ရှူသံကြားလာရ၏။ ထိုအချိန်တွင် တမန်တော်မြတ်၏ ရွှေနှုတ်တော်မှ....

الصلوة والسلام عليك يا رسول الله

''ဆွလာတ်နှင့် ကျွန်များ''ဟူ၍ကြားလိုက်ရ၏။

အနီးတွင် ရေအင်တုံရှိ၏။ တမန်တော်မြတ်သည် အဲဆိုပါရေအင်တုံတွင်လက်ကို အကြိမ်ကြိမ်နှစ်၍၊ မျက်နှာကိုပွတ်သပ်ရှာတော်မူ၏။ တစ်ခါတစ်ရံရွှေမျက်နှာတော်ကို ခြုံစောင်ဖြင့် ဖုံးအုပ်ရှာတော်မူ၏။ တခါတစ်ရံ လှန်ပစ်ရှာတော်မူ၏။ ထိုအချိန်အတွင်းတွင် တမန်တော်မြတ်သည် လက်ကို

မြှောက်၍၊ လက်ညှိုးညွှန်ခါ بل الرفيق الأعلى ''ယခုသော်၊ တစ်ဦးတစ်ယောက်မျှအလိုမရှိ၊ အတိုင်းထက်အလွန် မြင့်မြတ်တော်မူသောအသျှင်မြတ် တစ်ပါးတည်းသာလျှင် အလိုရှိသည်'' ဟု(၃)ကြိမ်တိုင်တိုင်ပြောကြားတော်မူလေသည်။

ယင်းသို့ ပြောကြားနေတော်မူစဉ်မှာပင် တမန်တော်မြတ်၏လက်တော်သည် အောက်သို့ကျလာခဲ့လေသည်။ မျက်ဝိများသည်အထက်သို့စူးစိုက်နေခဲ့လေသည်။ သန့်ရှင်းသောဝိညာဉ်မှတော်သည်၊ သန့်ရှင်းမြင့်မြတ်သောကမ္ဘာသို့ ရောက်ရှိသွားခဲ့ချေပြီ။ (ဤသို့ဖြင့် နှစ်ဘဝသခင်ကျေးဇူးတော်ရှင် တမန်တော်မုဟမ္မဒ်(ဆွဲလ္လလ္လဟုအလိုင်ဟိ ဝစလ္လမ်)သည် ဟိဂျရီ(၁၁)ခု၊ ရဗီအုလ်အောင်ဝလ်လ(၁)ရက်၊ တနင်းလာနေ့၊ ညနေချမ်းတွင်ကွယ်လွန်သေဆုံးတော်ခဲ့လေသည်)

اللهم صل عليه وعلى آله وأصحابه صلوة كثيرا كثيرا

''အို–အလ္လာဟ်၊ တမန်တော်မြတ်နှင့် တကွ
တမန်တော်မြတ်၏ အိမ်တော်သူ အိမ်တော်သားများ၊ တပည့်သာဝကများအပေါ်သို့ ကောင်းချီးချမ်းသာ၊ မင်္ဂလာအဖြာဖြာမြောက်မြားစွာ ပို့ချတော်မူပါ''

**ဒဖန်သင်္ဂြိုဟ်မြေမြှုပ်ခြင်း။**

အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း တမန်တော်မြတ်တနင်းလာနေ့တွင် ကွယ်လွန်သေဆုံးတော်မူခဲ့သည်။ သို့ရာတွင် (ဒဖန်)

သင်္ဂြိုဟ်မြေမြှုပ်သည့်ကိစ္စကိုမူအင်္ဂါနေ့ကျမှ စတင်နိုင်ခဲ့ပေသည်။ ယင်းသို့ကြန့်ကြာခဲ့ရခြင်းမှာ အောက်ပါအကြောင်းကြောင်းများကြောင့် ဖြစ်ခဲ့ရပေသည်။

(၁) တမန်တော်မြတ်၏ တပည့် သာဝကများသည် တမန်တော်မြတ်အား ကမ္ဘာတွင် တမူ ထူးလောက်အောင် ယုံကြည်မြတ်နိုးခဲ့ကြသည်။ ထို့အတွက် တမန်တော်မြတ် ယခုကဲ့သို့ ကွယ်လွန် သေဆုံးတော်မူသည်ကိုပင် အချို့တပည့်သားများသည် မယုံကြည်နိုင်လိုက်အောင်ပင် ဖြစ်နေခဲ့ကြပေသည်။

ဥပမာ.... သာဝကကြီးအုမရ်သည် ဓားလွယ်ကိုဆွဲကိုင်ကာ "တမန်တော်မြတ်ကွယ်လွန်သေဆုံးတော်မူပြီဟု ပြောဆိုသူအား ဦးခေါင်းဖြတ်မည်" ဟူ၍မင်ဓားကြိမ်းကြိမ်းနေခဲ့လေသည်။ ထိုအချိန်တွင် သာဝကကြီး အဗူဗက်ကရ် ရောက်ရှိလာပြီး အခြေအနေကိုတွေ့မြင်သောအခါ၊ သာဝကများ၏ရှေ့မှောက်တွင် မိန့်ခွန်းပြောကြားလေသည်။ ဦးစွာပထမ အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောပနာပြု၏။ ထို့နောက် အောက်ပါအတိုင်း ပြောကြား၏။

أيها الناس! انه من كان يعبد محمداً فان محمداً قد مات،
من كان يعبد الله فان الله حيّ لا يموت، ثم تلا هذه الآية:
وَمَا مُحَمَّدٌ إِلَّا رَسُولٌ، قَدْ خَلَتْ مِنْ قَبْلِهِ الرُّسُلُ ط
أَفَإِنْ مَّاتَ أَوْ قُتِلَ انْقَلَبْتُمْ عَلَىٰٓ أَعْقَابِكُمْ ط وَمَنْ يَّنْقَلِبْ
عَلَىٰ عَقِبَيْهِ فَلَنْ يَّضُرَّ اللّٰهَ شَيْـًٔا ط وَسَيَجْزِي اللّٰهُ
الشّٰكِرِيْنَ ۝ قرآن (۳: 143) سيرة ابن هشام ج ۲ ص ۳۰٦

အို....လူအပေါင်းတို့။ အကြင်သူသည် (တမန်တော်မြတ်) မုဟမ္မဒ်အားကိုးကွယ်အံ့၊ (သိထားအပ်သည်မှာ) (တမန်တော်မြတ်) မုဟမ္မဒ်ကား အမှန်အကယ် ကွယ်လွန်သေဆုံးတော် မူချေပြီ။ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်အား ကိုးကွယ်အံ့၊ (သိထားအပ်သည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ထာဝရအသက်ရှင်လျက် ရှိတော်မူသည်။ ဘယ်သောအခါမျှကွယ်လွန်သေဆုံးတော်မူမည်မဟုတ်။ ထို့နောက် ကုရ်အာန်ကျမ်းလာ အောက်ပါမုကဒ္ဒပါဠ်တော်ကို ရွတ်ဖတ်ပြ၏။ ယင်းမုကဒ္ဒပါဠ်တော်၏ အနက်ပြန်မှာ ဤသို့ဖြစ်၏။

''တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် တမန်တော်မြတ်တစ်ပါး မျှသာဖြစ်ချေသည်။ တမန်တော်မြတ်အလျှင် တမန်တော်များသည်လည်း ကွယ်လွန်သေဆုံးခဲ့ကြလေပြီ။ အကယ်၍တမန်တော်မြတ်သည်(လည်း) ကွယ်လွန်သေဆုံးတော် မူပါသော်၊ သို့တည်းမဟုတ် သတ်ဖြတ်ခြင်း ခံခဲ့ရပါသော် အသင်တို့သည်(မိမိတို့၏ ခြေဖနှောင့်ဘက်သို့) ပြန်လှည့် သွားကြမည်လော။ မည်သူမဆိုမိမိ၏ ခြေဖနှောင့်ဘက်သို့ပြန်လှည့်သွားအံ့၊ ထိုသူသည် အလ္လာဟ်အသျှင်မြတ်အားအနည်းငယ်စိုးစဉ်းမျှအလျဉ်းနစ်နာ၊ဆုံးရှုံးစေနိုင်မည်မဟုတ်။ အမှန်မှာအလ္လာဟ်အသျှင်မြတ်သည် ကျေးဇူးတော်သိတတ်သူများအား မကြာမီ အကျိုးပေးတော်မူမည်သာဖြစ်သည်။

ကုရ်အာန်(၃း၁၄၃)

စီရတုဋ္ဌကလာပ်နိုဟိရှာမ် အာ-(၄)

စ-(၃၀၆)

ယင်းသို့ သာဝကကြီးအဗူဗက်က်ရိက ကြိုးကြောင်းပြ၍မိန့်ခွန်း ပြောကြားလိုက်သောအခါကျမှ တမန်တော်မြတ် ကွယ်လွန်တော်မူခြင်း ကိစ္စတွင် သို့လောသို့လော ဖြစ်နေကြရှာသော သာဝကများမှာ တမန် မြတ်သည် အမှန်တကယ်ကွယ်လွန်သေဆုံးတော်မူပြီကို ယုံကြည်သွားခဲ့ကြ လေသည်။

(၂) ထို့နောက်ပိုင်းတွင် အဆိုပါနေ့တွင်နေမဝင်မီ (ဒဖန်) မြေ မြှုပ်သင်္ဂြိုဟ်နိုင်ရန်အတွက် လုံလောက်စွာ အချိန်မကျန် တော့ပေ။

(၃) အခြေအနေအရရေချိုးပြီးနောက်မှ (ကဖန်)အဝတ်ဆင်ယင် ပြီးနောက်မှ သင်းချိုင်းမြေတူးသည့်ကိစ္စကို စတင်ခဲ့ရသည်၊ ထို့အတွက်အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရသည်။

(၄) တမန်တော်မြတ် ကွယ်လွန်သေဆုံးတော်မူသည့် အဆောင် တော်တွင်ပင် တပည့်သား မွတ်စလင်မ်များသည် အစီအစဉ် အတိုင်း တစ်စုပြီး တစ်စု အနည်းငယ်စီ အဆောင်တွင်းဝင်၍ 'ဂျနာဇဟ်ဆွလာတ်' ဝတ်ပြုနေခဲ့ကြ၏။ ဤသို့ တစ်စုပြီးတစ်စု အနည်းငယ်စီ အကြိမ်ကြိမ်အခါခါ ဂျနာဇဟ် ဆွလာတ်ဝတ် ပြုနေခဲ့ကြရသည့်အတွက်လည်း အချိန်အတော်ကြီး ကြာ၍ သွားခဲ့သည်။ နောက်ဆုံး အင်္ဂါနေ့ တစ်နေ့လုံးကုန်၍ ညဉ့်ကျမှ 'ဒဖန်' မြေမြှုပ်သင်္ဂြိုဟ်သည့်ကိစ္စ ပြီးဆုံးသွားခဲ့လေ့သည်။

တမန်တော်မြတ် 'ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်'၏ ရုပ်ကလာပ် တော်ကို ရေချိုးရာတွင် 'ကဖန်' သူသေအဝတ်ဝတ်ဆင်ပေးရာတွင် သွေး သားအလွန်နီးစပ်သော ဆွေတော်မျိုးတော်များက ဦးဆောင်ပါဝင်ခဲ့ကြ သည်။ ဥပမာ.... သာဝကကြီး ဖဿလ်ဣဗ်နုအဗ်ဗါးစ်နှင့် သာဝကကြီး အုစာမဟ်ဣဗ်နုဇိုက်ဒ်တို့က ရေချိုးရာတွင် အကာအကွယ် လုပ်ပေးခဲ့ကြ လေသည်။ သာဝကကြီး မောင်လှာအလီက ရေချိုးပေးခဲ့သည်။

ထိုအချိန်တွင် သာဝကကြီး အဗ်ဗာစ်လည်း အသင့်ရှိနေခဲ့သည်။ အချို့ကျမ်းချက်များအရ၊ ရေချိုးရာတွင် သာဝကကြီး အဗ်ဗာစ်ကလည်း

အကာအကွယ်လုပ်ပေးခဲ့သည်။ ဤသည့် ရတောင့်ရခဲလှသောကိစ္စတွင် သူငါအများ ပါဝင်လိုခဲ့ကြပေသည်။ ထို့အတွက် နောက်ဆုံးတွင် သာဝကကြီး အလီသည် မလွှဲမရှောင်သာ အဆောင်တော်ကို အတွင်းမှ ပိတ်ထားလိုက်လေသည်။ ထိုအခါ အန်ဆွာရီသာဝကကြီးများက အဆောင်တော်အပြင်မှ အော်ဟစ်ကာ "အလ္လာဟ်အတွက် ငါတို့၏အခွင့်အရေးများကိုလည်း ထောက်ထားကြပါ။ တမန်တော်မြတ်အား ပြုစုရာတွင် ငါတို့၏ဝေစုဝေပုံလည်း ရှိပါသည်"ဟု ပြောဆိုကြရာ သာဝကကြီး အဗူဗက်ကာ်ရ်က "အားလုံးကိုသာ ခွင့်ပြုနေပါက အလုပ်မှာ ပြီးဆုံးတော့မည်မဟုတ်" ဟု ကြားမှ ဖြေလိုက်လေသည်။

သို့.... ဖြေကြားသော်လည်း အန်ဆွာရီ သာဝကကြီးများသည် မလျှော့ပဲ တောင်းဆိုမြဲအတိုင်း တောင်းဆိုနေခဲ့ကြသည့်အတွက် နောက်ဆုံးတွင် သာဝကကြီး အလီက [ဗဒ်ရ်စစ်ပွဲတွင်လည်း ပါဝင်ခဲ့သော] အောက်စ် ဣဗ်နူခေါင်လီ အန်ဆွာရီအား အဆောင်တော်အတွင်းသို့ ခေါ်ယူလိုက်လေသည်။

အဆိုပါ အန်ဆွာရီသာဝကကြီးသည် ရေချိုးရာတွင် ရေအိုးများကို တစ်အိုးပြီး တစ်အိုး ဖြည့်၍ဖြည့်၍ ပေးနေခဲ့လေသည်။ သာဝကကြီး မောင်လာအလီသည် ရေချိုးပေးရာတွင် တမန်တော်မြတ်၏ ရုပ်ကလာပ်တော်ကို မိမိ၏ရင်နှင့်မှီ၍ အပ်ထားလေသည်။ သာဝကကြီး အဗ်ဗားစ်နှင့် သာဝကကြီး အဗ်ဗားစ်၏သား နှစ်ဦးဖြစ်သော သာဝကကြီး ကုဆမ်နှင့် သာဝကကြီး ဖဿ်လ်တို့သည် ရုပ်ကလာပ်တော်ကို လက်ယာမှ လက်ဝဲသို့ ပြောင်း၍လှည့်၍ ပေးခဲ့ကြလေသည်။ သာဝကကြီး အုစာမဟ်ဣဗ်နုဇိုက်ဒ်သည် အပေါ်မှရေသွန်းလောင်း၍ ပေးခဲ့လေသည်၊

ကဖန်အတွက်လည်း ပထမ ရွေးချယ်ခဲ့သော ပိတ်မှာ သာဝကကြီး အဗူဗက်ကာ်ရ်၏ သား သာဝကကြီး အဗ်ဒုလ္လာဟ်၏ 'ယမန်' ပြည်နယ်လုပ် ခြုံစောင်တထည်ဖြစ်သည်။ သို့ရာတွင် နောက်ကျတော့ ပြန်လည် သိမ်းထားလိုက်သည်။ ပြီးနောက် 'စုဟူလ်' ပြည်နယ်လုပ် ခြည်ဘည် ပိတ်ဖြူ သုံးပိုင်းကို ကဖန်အဖြစ် အသုံးပြုခဲ့ကြလေသည်။ ယင်း ကဖန် တွင် 'ကမီးဆ်' အင်္ကျီနှင့် 'အီမာမဟ်' ပေါင်းထုပ်မပါခဲ့ပေ။

တမန်တော်မြတ်အား ရေချိုး၍ 'ကဖန်' ထုတ်၍ထားပြီးချေပြီ။ ယခု တမန်တော်မြတ်၏ ရုပ်ကလာပ်တော်ကို အဘယ်မှာမြှုပ်နှံအံ့နည်း၊ ဤတွင် သာဝကကြီးများ၌ သဘောကွဲလွဲခဲ့၏။ အချို့က တမန်တော်မြတ်အား တမန်တော်မြတ်၏ဗလီတော်တွင်ပင် မြှုပ်နှံလိုကြ၏။ အချို့ကတမန်တော်မြတ်အား တမန်တော်မြတ်၏တပည့်များနှင့် အတူတူ မြှုပ်နှံလိုကြ၏။ သာဝကကြီးအဗူဗက်ကာရ်က "တမန်တော်များသည် ကွယ်လွန်သေဆုံးရာနေရာများ၌ပင် မြှုပ်နှံလေ့ရှိခဲ့ကြကြောင်း တမန်တော်မြတ်ထံမှ ကျွန်ုပ်ကြားခဲ့ဘူးပါသည်"ဟု ပြောပြရာ၊ အားလုံးသဘောကျကြလေသည်။ သို့သဘောကျကြသည့်အတိုင်း တမန်တော်မြတ်ရုပ်ကလာပ်တော်ကိုခေတ္တရွှေ့ထားပြီး၊ အိပ်ရာလိပ်ကာပြီး၊ ကြင်ယာတော်အာအိရှဟ်၏ အဆောင်တွင်၊ တမန်တော်မြတ် ကွယ်လွန်သေဆုံးတော်မူသည့် နေရာ၌ပင် သင်းချိုင်းတူးရန် ဆုံးဖြတ်ခဲ့ကြလေသည်။ (ကြင်ယာတော်အာအိရှဟ်က ခင်ပွန်းက ပြောပြခဲ့သည်မှာ တမန်တော်မြတ်၏ရုပ်ကလာပ်တော်ကို "မိုင်ဒါန်" လွင်ပြင်တစ်ခုခု၌ မမြှုပ်နှံခြင်းအကြောင်းမှာ တမန်တော်မြတ်က မိမိသက်တမ်းနောက်ဆုံးပိုင်းတွင် လူများသည်အကြည်ညိုလွန်ပြီး ငါ၏သင်းချိုင်းကို ကိုးကွယ်ရာဌာနပြုလုပ်ပစ်ကြမည်ကို ငါစိုးရိမ်သည်ဟု ပြောကြားတော်မူခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ လွင်ပြင်တွင်လူများအား ထိန်းသိမ်းစောင့်ရှောက်ရေးယူရန် မလွယ်ကူပေ။ ထို့အတွက်အဆောင်တော်အတွင်း၌ မြှုပ်နှံခြင်း ဖြစ်ပေသည်၊)

မဒီနာမြို့၌ သင်းချိုင်းတူးရာတွင် ပုဂ္ဂိုလ် (၂) ဦးအတူးကျွမ်းကျင်ခဲ့ကြ၏။ (၁) သာဝကကြီး အဗူအုဗိုင်ဒဟ်ကျွဗ်နူ အလ်ဂျရာဟ်၊ (၂) သာဝကကြီး အဗူတ္လာလ်ဟာဟ် ဇူဗ်နူဇိုက်ဒ်ဇူဗ်နိုဝဟ်လ်။ သာဝကကြီး အဗူအုဗိုင်ဒဟ်သည်၊ မက္ကာမြို့သားများ၏ အစဉ်အလာအတိုင်း (ဆွန်ဒူကီ) သေတ္တာပုံ သင်းချိုင်းတွင်းတူးလေ့ရှိသည်။ သာဝကကြီးအဗူတ္လာလ်ဟာဟ်သည် မဒီနာမြို့သားတို့၏ အစဉ်အလာအတိုင်း (လဟဒ်) သင်းချိုင်းကိုရိုးရိုးတူးပြီး သင်းချိုင်းအောက်ပိုင်းကစ်ဗ်လဟ်ဘက်တွင် အနည်းငယ်လိုက်၍ ဘေးကင်းတူးလေ့ရှိသည်။

သင်းချိုင်းတွင်းပုံနှင့် စပ်လျဉ်း၍ သာဝကများတွင် သဘောကွဲလွဲပြန်ရာ၊ သာဝကကြီးအုမရ်က သဘောကွဲလွဲခြင်းမှာ မသင့်၊ သင်းချိုင်းတွင်းတူးကျွမ်းကျင်သောအဆိုပါ သာဝကနှစ်ပါးထံသို့လူလွှတ်ပါ၊ ပထမ

ရောက်လာသူအား သူတူးလေ့ရှိသည့်အတိုင်း တူးပါစေဟု အကြံပေးရာ၊ အားလုံးက ဤအကြံကို သဘောကျကြလေသည်။ သို့နှင့် သာဝကကြီး အဗ်ဗာစ်သည် အဆိုပါသာဝကနှစ်ပါးထံသို့ လူလွှတ်လိုက်၏။ အကြောင်း အားလျော်စွာ သာဝကကြီး အဗူအုဗိုင်ဒဟ်သည် အိမ်တွင်မရှိခဲ့ပေ၊ သာဝကကြီးအဗူထွာလ်ဟာဟ်ရောက်ရှိလာပြီး မဒီနာမြို့သားတို့၏ အစဉ်အလာအတိုင်း (လဟဒ်)ဘေးကျင်း၊ ဘေးလိုက်သင်းချိုင်းတူးလေသည်။ သင်းချိုင်းမြေမှာပျော့အိနေခဲ့သည့်အတွက် တမန်တော်မြတ် ကွယ်လွန်သေဆုံးတော်မူစဉ် ခင်းထားသော အိပ်ယာခင်းကို သင်းချိုင်းတွင် ခင်းထားလိုက်ကြလေသည်။

●

တမန်တော်မြတ်၏ (ဂျနာဇဟ်)ရုပ်ကလာပ်ဘော်ကား အားပင့်ဖြစ်ချေပြီ၊ အသင့်ဖြစ်သည်နှင့်တစ်ပြိုင်နက်၊ တပည့်သားတို့သည် ဂျနာဇဟ်ဆွလာဟ်ဝတ်ပြုရန် စုရုံးရောက်ရှိလာကြ၏။ တမန်တော်မြတ်၏ဂျနာဇဟ် ရုပ်ကလာပ်တော်မှာအဆောင်တော်အတွင်း၌ပင်ရှိနေပေရာ၊ တပည့်သားမွတ်စလင်မ်များသည် အခြေအနေအရ၊ အနည်းငယ်စီ တစ်စုပြီးတစ်စု အလှည့်ကျ အဆောင်တော်အတွင်းဝင်၍ အသီးသီး ဂျနာဇဟ်ဆွလာဟ် ဝတ်ပြုခဲ့ကြရလေသည်။ ဦးစွာပထမ အမျိုးသားများ၊ ထို့နောက်အမျိုးသမီးများ၊ ထို့နောက်ကလေးများ အသီးသီး ဝတ်ပြုခဲ့ကြလေသည်။ သို့ ဂျနာဇဟ်ဆွလာဟ် ဝတ်ပြုကြရာတွင် (အိမာမ်)ရှေ့ဆောင်ဟူ၍တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါ။

ဤသည့်အကြောင်းကိုပင် စီရတုဣဗ်နိဟီရှာမ်ကျမ်းတွင် အောက်ပါအတိုင်း ရေးသားထားသည်။

ثم دخل الناس على رسول الله صلى الله عليه
وسلم يصلون عليه أرسالاً، دخل الرجال حتى
اذا فرغوا ادخل النساء، حتى اذا فرغ النساء،
أدخل الصبيان ولم يؤم الناس على رسول الله
صلى الله عليه وسلم احد، (سيرة ابن هشام ج ٢ ص ٣١٤)

ထို့နောက် (တမန်တော်မြတ်၏ ဂျနာဇဟ်အသင့်ဖြစ်သောအခါ) တပည့်သားများသည် တမန်တော်မြတ်၏ ရုပ်ကလာပ်တော်ရှိရာ၊ အဆောင်တော်အတွင်း ဝင်၍ တစ်စုပြီး တစ်စု အသီးသီးဂျနာဇဟ်ဆွလာတ် ဝတ်ပြုခဲ့ကြလေသည်။ ဦးစွာပထမ အမျိုးသားများဝင်၍ ဆွလာတ်ဝတ်ပြုခဲ့ကြသည်။ အမျိုးသားများပြီးသောအခါ အမျိုးသမီးများဝင်၍ ဆွလာတ်ဝတ်ပြုခဲ့ကြလေသည်၊ အမျိုးသမီးများ ပြီးသောအခါ ကလေးများဝင်၍ ဆွလာတ်ပြုဝတ်ခဲ့ကြလေသည်။ ဆွလာတ်ဝတ်ပြုရာတွင် တစ်ဦးတစ်ယောက်ကမျှ 'အီမာမ်' အဖြစ် ရှေ့ဆောင် ဆွလာတ်ဝတ်ပြုခဲ့သည်မရှိပေ။

စီရတုဗ္ဗနိဟီရှာမ်
အစောင်(၄) စာမျက်နှာ (၃၁၄)

သို့ဂျနာဇဟ်ဆွလာတ် ဝတ်ပြုပြီးကြပြီးနောက် တမန်တော်မြတ်၏ ရုပ်ကလာပ်ကို သာဝကကြီးမောင်လာအလီ၊ သာဝကကြီး ဖဆ္ဇလ်ဗ္ဗနု အဗ္ဗာစ် သာဝကကြီး အုစာမဟ်ဗ္ဗနုဇိုက်ဒ်နှင့် သာဝကကြီး အာဗ်ဒုရ်ရဟ်မာန်ဗ္ဗနုအောက်ဖ်တို့က ယူဆောင်၍ သင်းချိုင်းဖော်တွင် မြှုပ်နှံခဲ့ကြပေသည်။ *



* အချို့ကျမ်းချက်များအရ၊ တမန်တော်မြတ်၏ ရုပ်ကလာပ်တော်ကို သင်းချိုင်းတော်အတွင်းသို့ ယူဆောင်မြှုပ်နှံရာ၌ သာဝကကြီး အဗ်ဒုရ်ရဟ်မာန် ဗ္ဗနုအောက်ဖ်နှင့် သာဝကကြီး အုစာမဟ်ဗ္ဗနုဇိုက်ဒ်၏အစား သာဝကကြီးကုဆမ်ဗ္ဗနုအဗ်ဗာစ်နှင့် (တမန်တော်မြတ်၏ မောင်လာအလီ) သာဝကကြီး ရှုတ်ရာန်၏ အမည်များကို တွေ့ရှိရသည်။

(စိုင်ယစ်ဒ်စုဆိုင်မာန်)

# ထားရှိတော်မူခဲ့သော အရာများ

တမန်တော်မြတ် ကွယ်လွန်သေဆုံးတော်မူသည့်အခါ မိမိပိုင်ဆိုင်သော ဥစ္စာ ပစ္စည်းများ အနက် အမွေပစ္စည်းအဖြစ် အဘယ်အဘယ်သော အရာများထားတော်မူခဲ့ပါသလဲ။ ဤမေးခွန်း၏အဖြေကား တမန်တော်မြတ်၏ သက်တော်ထင်ရှားရှိစဉ်က တမန်တော်မြတ်၌ပြောပလောက်အောင် ဥစ္စာပစ္စည်း တစ်စုံတစ်ရာမရှိခဲ့ပေရာ၊ ကွယ်လွန် သေဆုံးတော်မူပြီးနောက် အမွေပစ္စည်းအဖြစ် တစ်စုံတစ်ရာ အသို့လျှင် ထားတော်မူနိုင်ခဲ့အံ့နည်း။ အနည်းငယ်ရှိသော အရာများနှင့် စပ်လျဉ်း၍လည်း တမန်တော်မြတ်က အောက်ပါအတိုင်း ကျေညာထားတော်မူပြီး ဖြစ်ခဲ့ေသည်။

## لا نورث ما تركنا صدقة (بخاری)

ငါတို့တမန်မြတ်များ၌ အမွေစားအမွေခံဟူ၍ တစ်ဦး တစ်ယောက်မျှမရှိပေ။ ငါတို့ထားခဲ့သော ပစ္စည်းသည် လည်း မွတ်စလင်မ်များပိုင်အလှူပစ္စည်းသာဖြစ်ချေသည်။
(ဗိုခါရီ)

သာဝကကြီးအဗူဟုရိုင်ရဟ်ထံမှတစ်ဆင့်သိရှိရသည်မှာ တမန်တော်မြတ်က "ငါ၏အမွေစားများသည် ရွှေဒင်္ဂါးများခွဲဝေရကြမည် မဟုတ်" ဟု မိန့်ကြားတော်မူခဲ့လေသည်။ ဆိုလိုသည်ကား အမွေစားများသည် အဘယ်တစ်စုံတစ်ရာကိုမျှအမွေပစ္စည်းအဖြစ်ရရှိကြမည်မဟုတ်ပေ။ စာရှုသူ မှတ်မိပါလိမ့်မည်။အထက်၌ရေးသားဖော်ပြခဲ့သည့်အတိုင်း တမန်တော်မြတ်သည် ကွယ်လွန်သေဆုံးတော်မူခါနီးအချိန်တွင် ကြင်ယာတော် အာအိရှဟ်ထံ၌ အပ်ပုံထားသော အချို့ရွှေဒင်္ဂါးများကို အမှတ်ရတော်မူသည့် အခါ မဆိုင်းမတွချက်ခြင်းပင် အလ္လာဟ်အသျှင်မြတ်လမ်းတော်၌ လှူဒါန်းပစ်ရန် ညွှန်ကြားတော်မူလိုက်လေသည်။

ကြင်ယာတော် ဂျူဝိုင်ရီယတ်၏အစ်ကိုတော် သာဝကကြီး အမ်ရို ဗ္ဗင်နှဟာရိဗ်ဆ်က အောက်ပါအတိုင်း ပြောပြခဲ့သည်။

ماترك رسول الله صلى الله عليه وسلم عند موته
درهمًا ولا دينارًا ولا عبدًا ولا أمةً ولا شيئًا
إلا بغلته البيضاء وسلاحه وارضًا جعلها
صدقة ، (بخارى)

တမန်တော်မြတ်သည်၊ မိမိ ကွယ်လွန်သေဆုံးသည့် အချိန်၌ငွေတစ်မတ်၊ ရွှေဒင်္ဂါးတစ်ပြား၊ ကျွန်တစ်ယောက်၊ ကျွန်မတစ်ယောက်မျှလည်း ထားတော်မမူခဲ့ပေ။ အခြားတစ်စုံတစ်ရာကိုမျှလည်း ထားတော်မမူခဲ့ပေ။ သို့ရာတွင် မိမိစီးသည့်မြည်းဖြူ၊ မိမိဆွဲကိုင်သည့်လက်နက်နှင့်မြေအနည်းငယ်ထားတော်မူခဲ့သည်။ ယင်းသည့်မြေကိုလည်း တမန်တော်မြတ်သည် မွတ်စလင်မ်အများပိုင် အဖြစ် လှူဒါန်းထားတော်မူခဲ့လေသည်။

(ဗိုခါရီ)

ကြင်ယာတော်အာအိရှဟ်က အောက်ပါအတိုင်းပြောပြခဲ့သည်။

ماترك رسول الله صلى الله عليه وسلم: دينارًا ولا
درهمًا ولا بعيرًا ولا شاةً ، (ابوداؤد)

တမန်တော်မြတ်သည် ရွှေဒင်္ဂါးတစ်ပြား၊ ငွေတစ်မတ်၊ ကုလားအုပ်တစ်ကောင်၊ ဆိတ်တစ်ကောင်မျှပင် ထားတော်မမူခဲ့ပေ။

(အဗူဒါဝုဒ်)

အသို့ရှိစေ တမန်တော်မြတ်ထားရှိတော်မူခဲ့သော ပစ္စည်းဟူ၍ကား အများဆုံးဖော်ပြနိုင်သည်မှာ ဤမည်သောသုံးခုသော ပစ္စည်းသာဖြစ်

ချေသည်။ ၁။ မြေအနည်းငယ်၊ ၂။ စီးနင်းတော်မူခလေ့ရှိသည့် မြည်း၊ ၃။ ကိုင်ဆောင်တော်မူလေ့ရှိသည့် လက်နက်။

**ဖြေယာ၅။**

သာဝကကြီးအမ်ရိုဗ္ဗနုဟုဝိုင်ရစ်ဆ်၏ ပြောပြချက်တွင် ပါရှိသော မြေမှာ မဒီနာခိုင်ဗရ်နှင့် ဖိဒတ်က်ရှိ အချို့ဥယျာဉ်များကို ဆိုလိုသည်။

မဒီနာမြို့တော်ရှိဥစ္စာပစ္စည်းဟူသည် ဗနီနဆီရ်ဥစ္စာပစ္စည်းကို ရည်ညွှန်းသည်လည်းဖြစ်နိုင်သည်။ သို့တည်းမဟုတ် မုခိုင်ရီးက်အမည်ရှိသော ယဟူဒီတစ်ဦးက အုဟွဒ်စစ်ပွဲကာလ၊ ဟဂျ်ရီ(၃)ခုနှစ်တွင် 'ဝဆွီယတ်' မှာကြားချက်ဖြင့် လှူဒါန်းခဲ့သော ဥယျာဉ်အချို့ကို ရည်ညွှန်းသည်လည်း ဖြစ်နိုင်ပေသည်။ သို့ရာတွင်ခိုင်လုံသော ကျမ်းချက်များအရ၊ တမန်တော်မြတ်သည် အဆိုပါဥယျာဉ်များကို ထိုအချိန်မှာပင် သက်ဆိုင်ရာရပိုင်သူတို့အား ခွဲဝေပေးတော်မူခဲ့ပြီးဖြစ်ပေသည်။

ဖိဒတ်က်နှင့်ခိုင်ဗရ်ရှိ ဥယျာဉ်များနှင့်ပတ်သက်၍ ယင်းဥယျာဉ်များသည် တမန်တော်မြတ်၏ ပုဂ္ဂလိကပိုင်ပစ္စည်း ဟုတ်မဟုတ် အစကတည်းကပင် သဘောကွဲလွဲမှုရှိခဲ့ပေသည်။ အချို့က "ယင်းဥယျာဉ်များသည် တမန်တော်မြတ်၏ ပုဂ္ဂလိကပိုင်ပစ္စည်းဖြစ်သည်။ ထို့နောက် ယင်းဥယျာဉ်များကို အိမ်တော်သူအိမ်တော်သားများအား အမွေအဖြစ် ခွဲဝေပေးသင့်သည်ဟုဆိုခဲ့ကြ၏။ အချို့ကမူ ယင်းဥယျာဉ်များမှာ အစ္စလာမ်အစိုးရပိုင်ပစ္စည်းအဖြစ်နှင့် တမန်တော်မြတ်၏ လက်ဝယ်ရောက်ရှိနေခြင်းသာဖြစ်သည်။ အကယ်တန္တိယင်းဥယျာဉ်များသည် တမန်တော်မြတ်၏ ပုဂ္ဂလိကပိုင်ပစ္စည်းပင်ဖြစ်လင့်ကစား တမန်တော်မြတ်ကိုယ်တော်တိုင်က— "ငါထားခဲ့သောပစ္စည်းမှာ မွတ်စလင်မ်အများပိုင် အလှူပစ္စည်းသာဖြစ်သည်" ဟု ပြောကြားတော်မူသည်ဟု ဆိုခဲ့ကြ၏။

အမှန်မှာ ဤသဘောထားကွဲလွဲမှုမှာ ဆဟာဗဟ်သာဝကကြီးတို့ လက်ထက်မှာပင် ပေါ်ပေါက်ခဲ့သည်။ ဥပမာ.... တမန်တော်မြတ်၏ ဘကြီးတော် အဗ်ဗာစ်၊ သမီးတော်ဖွာထွိမဟ်နှင့် ကြင်ယာတော် အများစုကြီးကလည်း တမန်တော်မြတ်ထားတော်မူခဲ့သော ယင်းပစ္စည်းများကို သက်ဆိုင်ရာ အမွေစားတို့အား အမွေပစ္စည်းအဖြစ် ခွဲဝေပေးသင့်သည်ဟူ၍ပင် ဆိုခဲ့ကြသည်။ သာဝကကြီး အဗူဗက်က်ရ်၊ သာဝကကြီး အုမရ်နှင့်

အခြားသာဝကကြီးများကမူ ယင်းပစ္စည်းများမှာ မွတ်စလင်မ်အများပိုင် အလှူပစ္စည်းများသာ ဖြစ်သည်။ တမန်တော်မြတ် သက်တော်ထင်ရှားရှိစဉ်က ယင်းပစ္စည်းများမှာ အကျိုးခံစားခွင့်များကို (သူ့ ဌာနနှင့် သူ၊ သူ့အချိုးနှင့်သူ) ခွဲဝေသုံးစွဲတော်မူသည့်အတိုင်း မူမပျက် ဆက်လက်ဝေခွဲသုံးစွဲသင့်သည်ဟု ဆိုခဲ့ကြသည်။

တမန်တော်မြတ်သည် သက်တော်ထင်ရှားရှိစဉ်က အဆိုပါပစ္စည်းသုံးမျိုးမှ အကျိုးခံစားခွင့်များကို အောက်ပါအတိုင်း စနစ်တကျ ခွဲဝေ၍ သုံးစွဲတော်မူခဲ့ပေသည်။

၁။ ဗနီသွိရ်၏ ဥယျာဉ်များမှ အကျိုးခံစားခွင့်များကို ရှောင်တခင် အရေးပေါ်ကိစ္စများတွင် သုံးစွဲတော်မူခဲ့သည်။
၂။ ဖိဒတ်က်ဥယျာဉ်များမှ အကျိုးခံစားခွင့်များကို ဒုက္ခဖြစ်နေကြသော အာဂန္တုများအတွက် သုံးစွဲတော်မူခဲ့သည်။
၃။ ခိုင်ဗရ်ဥယျာဉ်များမှ အကျိုးခံစားခွင့်များကို တမန်တော်မြတ်သည် သုံးပုံစုံပြီးနှစ်ပုံကို အများမွတ်စလင်မ်များအတွက်၊ တစ်ပုံကို ကြင်ယာတော်များ နှစ်ပတ်လည်ကုန်ကျစရိတ်အတွက် သုံးစွဲတော်မူခဲ့သည်။

ထိုမှကျန်သောအရာများကိုမူဆင်းရဲသားမုဟာဂျိဉ်များအတွက် သုံးစွဲတော်မူပေသည်။

နောက်ဆုံး သမ္မတကြီး အုမရ်သည် မိမိသမ္မတလက်ထက်တွင် သာဝကကြီး အလီနှင့် သာဝကကြီး အပ်ဗာစ်တို့၏ အရေးဆိုမှုကြောင့် မဒီနာမြို့ရှိဥယျာဉ်များကို အဆိုပါ သာဝကကြီးနှစ်ပါးတို့၏ ထိန်းသိမ်းစီမံမှုအောက်တွင်ထားရှိလိုက်လေသည်။ ခိုင်ဗရ်နှင့် ဖိဒတ်က်ရှိဥယျာဉ်များမှာမူ သမ္မတကြီး အုမရ်ကွာပ်နုအ်ဗ်ဒုလ်အဇီဇ်၏ လက်ထက်အထိ သက်ဆိုင်ရာ 'ခလီဖဟ်' သမ္မတကြီးများ၏ လက်အောက်တွင်ပင် ရှိနေပေသည်။

**အစီးအနင်းများ။**

ခိုင်လုံတိကျမှန်ကန်သော ကျမ်းချက်များအရ၊ အချိန်ကာလအသီးသီးတွင် အခါအားလျော်စွာ တမန်တော်မြတ် အသုံးပြုတော်မူခဲ့သော အစီးအနင်းများမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

**လုခီးဖ်။**

တမန်တော်မြတ်၏မြင်းတစ်ကောင်၏ အမည်ဖြစ်သည်။ ထိုမြင်းသည် သာဝကကြီး အူဗိုင်ဟ်ဗ္ဗဟ်နှအဗ်ဗာစ်၏ဥယျာဉ်တွင် ချည်နှောင် ထားလေ့သည်။ ဤအကြောင်း ဗိုခါရီကျမ်း၊ ဂျိဟာဒ်အခန်းတွင် ပါရှိသည်။

**အူဖိုင်ရ်။**

မြည်းတကောင်၏အမည်ဖြစ်သည်။ သာဝကကြီး မုအာဇ်က တမန်တော်မြတ်သည် အဆိုပါ မြည်းပေါ်တွင် ကျွန်တော့်အား မိမိနှင့် အတူစီးစေတော်မူဘူးပါသည်ဟု ပြောပြလေသည်။

ကြည့်- ဗိုခါရီ၊ဂျိဟာဒ်အခန်း။

**အသ်ွဖာ (ကတ်ဆွိဝါ)။**

အလွန်လျင်မြန်သော ကုလားအုပ်မတစ်ကောင်၏အမည်ဖြစ်သည်။ 'ကတ်ဆွိဝါ' ဟူ၍လည်း မည်တွင်သည်။ ထွဗရီကျမ်း၊ စာမျက်နှာ ၁၇၈၄ တွင် ပါရှိသည်မှာ "တမန်တော်မြတ်သည် 'ဟစ်ဂျ်ရတ်' မက္ကာမြို့တော်မှ မဒီနာသို့ရွှေ့ပြောင်းစဉ် အဆိုပါကုလားအုပ်မကို သာဝကကြီး အဗူဗက်ကရ်ထံမှ ဝယ်ယူတော်မူခဲ့သည်။ တမန်တော်မြတ်သည် အဆိုပါ ကုလားအုပ်မကိုပင် စီးနင်း၍ မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ ကြွသွားတော်မူသည်။ မဒီနာမြို့သို့ ရောက်သည့်အခါ သာဝကကြီး အဗူအိုင်ယွ်ဗ် အန်ဆွာရီ၏ နေအိမ်အနီး ရပ်နားခဲ့သည့် ကုလားအုပ်မမှာလည်း ဤကုလားအုပ်မပင် ဖြစ်သည်။

ကြည့်-ဗိုခါရီ၊ ဟစ်ဂျ်ရတ်အခန်း

"ဟိဂျ်ဂျတုလ်ဝဒါအ်"ခေါ် နောက်ဆုံး ဟဂျ်တွင်လည်း တမန်တော်မြတ်သည် ဤကုလားအုပ်မ၏ ကျောက်ကုန်းပေါ်မှပင် မိန့်ခွန်းမြွက်ကြားတော်မူခဲ့ပေသည်။

ကြည့်- မွတ်စလင်မ်အဗူဒါဝုဒ်၊နောက်ဆုံး ဟဂျ်အခန်း။

အသည့်ဗာသည်အလွန်လျင်မြန်သည်၊ ပြိုင်ပွဲတိုင်းတွင် အမြဲတစ်စေ နိုင်လေ့ရှိခဲ့သည်။ တစ်ကြိမ်သော်တောကျေးမှ (ဗဒူ)အရပ်တောကျေး သားတစ်ယောက်ရောက်လာသည်၊ သူ၏အစီးအနင်းများတွင်ကုလားအုပ် မဒမ်းမ တစ်ကောင်ပါလာခဲ့သည်။ အဆိုပါဗဒူ၏ ကုလားအုပ်မဒမ်း နှင့်တမန်တော်မြတ်၏ နာမည်ကြီးကုလားအုပ်မကြီးအသည့်ဗာနှင့် ပြိုင် ရာ ဗဒူ၏ကုလားအုပ်ကနိုင်၍ တမန်တော်မြတ်၏ကုလားအုပ်ကရှုံးနိမ့် သွားခဲ့၏။ ဤသို့ဖြစ်ရသည့်အတွက်တပည့်သားများ စိတ်မကောင်းဖြစ် သွားခဲ့ကြ၏။ ထိုအခါတမန်တော်မြတ်က "ဤပစ္စက္ခတွင် အဘယ်အရာ မဆိုဦးခေါင်းထောင်လျှင် အလ္လာဟ်အသျှင်မြတ်သည် ထောင်သော ဦးကို ချိုးခေါင်းနှိမ်ပေးတော်မူလေ့ရှိသည်"ဟု ပြောပြ ဆုံးမတော်မူ လိုက်လေသည်။

ကြည့်-ဗိုခါရီကျမ်း၊ ဂျိဟာဒ်အခန်း။

**တီး(ဒွလ်ဒွလ်)။**

တမန်တော်မြတ်၏အစီးအနင်းများတွင် "တိဟ်" မည်တွင်သော လားသတ္တဝါတစ်ကောင် ရှိခဲ့သည်။ "ဒွလ်ဒွလ်" ဟူ၍လည်းမည်တွင်ခဲ့ သည်။ ဤလားသတ္တဝါမှာ အီဂျစ်ဘုရင်မ "ကောင်ကာတ်စ်" က တမန်တော် မြတ်ထံ မေတ္တာလက်ဆောင်အဖြစ်ပါးခဲ့သော လားသတ္တဝါမင်ဖြစ်သည်။

ကြည့်-တမန်တော်မြတ်၊ အ-၂၊စ-၁၂၇

"အိလဟ်"ဘုရင် ကွာဗ်နူလ်အုလမာကလည်း တဗူကစစ်ပွဲအချိန် ကတမန်တော်မြတ်ထံမေတ္တာလက်ဆောင်အဖြစ် လားဖြူတစ်ကောင်ဆက် သခဲ့ဘူးသည်။

ကြည့်-ဗိုခါရီကျမ်း၊ဂျိဟာဒ်အခန်း။

ဟုနိုင်န်စစ်ပွဲတွင်တမန်တော်မြတ်သည် လားဖြူတစ်ကောင်ကို စီး နင်းတော်မူခဲ့၏။ ထိုလားဖြူမှာ တမန်တော်မြတ်အား ဖရ်ဝဟ်ကွာဗ်နူ နဖ်ဖာဆဟ်ဂျုဇာမိက ဆက်သသော မေတ္တာလက်ဆောင်ဖြစ်သည်။ အချို့ သမိုင်းဆရာများက ဤလားဖြူကိုဒွလ်ဒွလ်ဟု ထင်မှတ်ခဲ့ကြ၏။ ဤသို့ထင်

မှတ်ခြင်းမှာ မမှန်ပေ။ ဤအကြောင်းကိုမှတ်စလင်မ်ကျမ်း ဟုနိုင်ငံစစ်ပွဲ အကြောင်းအခန်းတွင် အတည့်အလင်းပါရှိပေသည်။

**ကာကွယ်ရေးဆိုင်ရာပစ္စည်းများ၊ လက်နက်များ။**

တမန်တော်မြတ်သည် ကမ္ဘာ့အိမ်ထောင်စုကြီး တစ်ခုလုံးအား မေတ္တာပွားရန်အလို့ငှာသော စေလွှတ်တော်မူခြင်းခံရသော ကမ္ဘာ့မေတ္တာရှင်ဖြစ်တော်မူသည်။ သူတစ်ပါးအားရန်ပြုမှုဝေးစွ၊ ရန်သူကိုပင်သနားတော်မူ၏။ တမန်တော်မြတ်သည်မိမိဘဝ သက်တမ်းတစ်လျောက်လုံးတွင် သူတော်ကောင်းတရားကို ခါးဝတ်ပုဆိုးပမာ အမြဲတစ်စေဆောက်တည် ကျင့်သုံးတော်မူခဲ့၏။ အတိုင်းထက်အလွန်ရောင့်ရဲတော်မူခဲ့၏။ သို့ပင်တစ်စေရန်သူများ၏အန္တရာယ်များကို ခုခံကာကွယ်ရန်အနည်းငယ်ဓားများ လက်နက်ရှိရမည်သာဖြစ်ရာ၊ တမန်တော်မြတ် အိမ်တော်တွင် အောက်တွင်ဖေါ်ပြပါ လက်နက်များရှိခဲ့လေသည်။

**ဓားလွှယ်များ။**

တမန်တော်မြတ် အိမ်တော်တွင် ဓားလွှယ်(၉)လက် ရှိခဲ့သည်။ ယင်းတို့၏အမည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မာဆူရ်၊ ၂။ အဆွဗ်၊ ၃။ ဇုလ်ဖိကာရ်၊
၄။ ကလ်အီ။ ၅။ တဗ္ဗာရ်၊ ၆။ ဟာကဗ်၊
၇။ မိခ်ဇမ်၊ ၈။ ကည်ိဗ္ဗား၊

"မာဆူရ်" မည်သောဓားလွှယ်သည် ခမည်းတော်အပ်ဒုလ္လာဟ်သခင်ထံမှ အမွေရခဲ့သောဓားလွှယ်ဖြစ်သည်။

"ဇုလ်ဖိကာရ်" မည်သောဓားလွှယ်မှာ ဗဒ်ရ်စစ်ပွဲတွင်ရရှိခဲ့သော ဓားလွှယ်ဖြစ်သည်၊ ယင်းဓားလွှယ်၏ဓားရိုးမှာငွေသားနှင့် ပြုလုပ်ထားသည်၊

မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်စဉ် တမန်တော်မြတ်၏လက်တွင်း၌ရှိခဲ့သောဓားလွှယ်၏အရိုးမှာရွှေနှင့် ပြုလုပ်ထားသည်။

**သံချပ်အကျီများ။**

တမန်တော်မြတ်ထံ၌ သံချပ်အင်္ကျီ(၇)ထည် ရှိခဲ့သည်၊ ယင်းတို့၏ အမည်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဇာတုလ်ဖုဆွလ် ၂။ ဇာတုလ်ဝိရှားဟ် ၃။ ဇာတုလ်ဟာဝါရှိ
၄။ စအ်ဒီယဟ် ၅။ ဖိဿွဿွဟ် ၆။ တဗရိဇာ
၇။ ခတ်ဇ်နတ်က်

'ဇာတုလ်ဖုဆွလ်' မည်သော သံချပ်အင်္ကျီမှာ အခြားမဟုတ်၊ ဆွာအ်'(၃၀)ဖြင့် ယဟူဒီတစ်ဦးထံ၌ တစ်နှစ်အတွက် တမန်တော်မြတ် ပေါင်ထားတော်မူခဲ့သော သံချပ်အင်္ကျီပင်ဖြစ်သည်။

ကြည့်ဗိုခါရီ၊ ပေါင်နှံသည့်အခန်း။

အာရေဗျပြည်တွင် သားရေနှင့်ပြုလုပ်သော သံချပ်အင်္ကျီများလည်း ရှိပေသည်။ သို့တစေ တမန်တော်မြတ်၏ သံချပ်အင်္ကျီများမှာမူ အားလုံး သံနှင့် ပြုလုပ်ထားပေသည်၊

**တူးလေး၊ (ဒူးလေး)များ။**

တမန်တော်မြတ်ထံတွင် တူးလေး(၆)စင်း ရှိခဲ့သည်။ ယင်းတို့၏ အမည်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဇောင်ရာ ၂။ ရောင်ဟာ ၃။ ဆွဖ်ရာ။
၄။ ဗိုင်ဿွာ ၅။ ကတူမ် ၆။ ရှဒ်ဒါးဒ်

'ကတူမ်'မည်သော တူးလေးသည် အုဟုဒ်စစ်ပွဲ၌ ကျိုးသွားခဲ့သည်၊ တမန်တော်မြတ်သည် အဆိုပါတူးလေးကို သာဝကကြီးကတာဒဟ်အား ပေးတော်မူလိုက်လေသည်။

**မြားအိတ်။**

တမန်တော်မြတ်ထံတွင် မြားများထည့်ရန် မြားအိတ်တစ်ခုရှိခဲ့သည်၊ 'ကာဖူရ်'ဟူ၍မည်တွင်သည်။

**ဒိုင်း။**

တမန်တော်မြတ်ထံတွင် 'ဒိုင်း' တစ်ခုရှိခဲ့သည်၊ ဇလူကိဟူ၍မည်တွင်သည်။

**ဓားတို၊ ဓားမောက်။**

တမန်တော်မြတ်ထံတွင် ဓားတို၊ဓားမောက်(၅)ချောင်းရှိခဲ့သည်။

**သံခမောက်။**

တမန်တော်မြတ်ထံတွင် သံခမောက်တစ်ခုရှိခဲ့သည်။ မူရှိဟ်၊မုဝရှ်ရှိဟ်ဟု၍မည်တွင်သည်။ ထိုသံခမောက်အပြင် အခြားသံခမောက်တစ်ခုရှိသေးသည်၊ 'စုဗူဟ်'ဟူ၍မည်တွင်သည်။

**ဂျုဗ္ဗဟ်၊**

တမန်တော်မြတ်ထံတွင် 'ဂျုဗ္ဗဟ်' သုံးထည်ရှိခဲ့သည်၊ တမန်တော်မြတ်သည်၊ ယင်းဂျုဗ္ဗဟ်များတို့ စစ်ပွဲများတွင် ဝတ်ဆင်လေ့ရှိတော်မူခဲ့သည်။

**အလံ။**

တမန်တော်မြတ်ထံတွင် အလံကြီးတစ်ခုရှိခဲ့သည်၊ အနက်ရောင်ဖြစ်သည်။ 'အူဂေါ်ဗ်'ဟူ၍ မည်တွင်သည်။ အဆိုပါအလံအပြင် အဝါရောင်ရှိသော၊ အဖြူရောင်ရှိသောအလံများလည်း ရှိခဲ့ပေသည်။

**ဆံတော်။**

တမန်တော်မြတ်သည် နောက်ဆုံး ဟဂျ်ပြုလုပ်ရာ၌ ဆံချရာတွင် အချို့တပည့်သားတို့အား ဆံတော်ကိုဝေငှပေးတော်မူခဲ့သည်။ သာဓကကြီး အဗူထလ်ဟာဟ်အန်ဆွာရီသည် ဆံတော်အများအပြား ရရှိခဲ့သည်။ သာဝကကြီး အနတ်စ်ဗ္ဗိန်မာလိက်ထံတွင်လည်း အချို့ဆံတော်များရှိပေသည်။

**ဖိနပ်တော်။**

သာဝကကြီးအနတ်စ်ထံတွင် တမန်တော်မြတ်၏ ဖိနပ်တော်တစ်ရံလည်း ရှိနေခဲ့ပေသည်။

**ခွက်တော်။**

သာဝကကြီးအနတ်စ်ထံတွင် တမန်တော်မြတ်၏ ခွက်တော်တစ်ခု ရှိခဲ့ပေသည်။ သစ်သားနှင့်ပြုလုပ်ထားသည်။ ယိုယွင်းပျက်စီးနေသည်။ ငွေကြိုးများနှင့် ပြန်လည်ကွပ်ထားသည်။

**ဓားလွယ်တော် ဇုလ်ဖိကာရ် ဘယ်ရောက်။**

တမန်တော်မြတ်၏ ဇုလ်ဖိကာရ်သည်၊ ပထမသွော်သာဝကကြီး မောင်လာအလီလက်တွင်ရှိနေခဲ့၏၊ သာဝကကြီး မောင်လာအလီမရှိပြီး နောက်၊ ဇုလ်ဖိကာရ်သည် မောင်လာအလီ၏ သားချင်းများထံတွင်မင်ရှိနေခဲ့၏။ မြေးတော်ဟုစိုင်န်(ရှဟီဒ်) ဖြစ်ပြီးနောက်ပိုင်းတွင် မြေးတော်ဟုစိုင်န်၏သားတော်၊ တမန်တော်မြတ်၏မြစ်တော်အလီထံတွင်ရှိနေခဲ့၏။ အချို့သာဝကကများက မြစ်တော်ထံ လာရောက်ပြီး "မြစ်တော်၊ ဤဇုလ်ဖိကာရ်သည် မြစ်တော်ထံတွင် ရှိနေပါက၊ ရန်သူများ မြစ်တော်ထံမှ အတင်းအဓမ္မ လုယူသွားကြမည်ကို စိုးရိမ်မိပါသည်။ ကျွန်တော်အားချီးမြှင့်ပါက၊ ကျွန်တော်သည်ဇုလ်ဖိကာရ်ကို မိမိအသက်နှင့်ထပ်တူထပ်မျှ ထိန်းသိမ်းထားပါမည်ဟု မေတ္တာရပ်ခံခဲ့သည်။ သို့တစေလည်း မြစ်တော်သည် ဇုလ်ဖိကာရ်ကို မည်သူ့အားမျှမပေးခဲ့ပေ။

**အဝတ်အစားတော်များ။**

တမန်တော်မြတ် ကွယ်လွန် သေဆုံးတော်မူသည့်အချိန် ဝတ်စားဆင်ယင် ထားတော်မူသောအဝတ်အစားများသည် ကြင်ယာတော် အာအိုရှာ်ထံ၌ ရှိနေခဲ့ပေသည်။

**လက်စွပ်တော်နှင့်တောင်ဝှေးတော်။**

(ဟဒီဆ်)ခြွေဝါဒ်တော်များတွင် ပါရှိသည့်အတိုင်း တမန်တော်မြတ်သည် လက်စွပ်တစ်ကွင်း သုံးတော်မူလေ့ရှိခဲ့သည်။ ယင်းလက်စွပ်ကို တံဆိပ်ခတ်ရာ၌လည်း အသုံးပြုတော်မူလေ့ရှိခဲ့သည်။ တမန်တော်မြတ်သည် အာဆွာ)တောင်ဝှေးကိုလည်း ကိုင်ဆောင်တော်မူလေ့ရှိခဲ့ပေသည်။ ယင်း

ဖစ္စည်းများသည် တမန်တော်မြတ်မရှိပြီးနောက် အရိုက်အရာဆက်ခံသော (ခလီဖတ်)သမ္မတကြီးများက ဆက်လက်သုံးစွဲသင့်သည့် အားလျော်စွာ ဦးစွာ ပထမသမ္မတကြီး အဗူဗက်ကာ်၏၊ ထို့နောက်သမ္မတကြီးအုမရ်၊ ထို့နောက်သမ္မတကြီးအုဆ်မာန်၏ ထိန်းသိမ်းမှုအောက်တွင် ရှိနေခဲ့ပေသည်။ နောက်ဆုံး ရာတွင်လည်း ယင်းပစ္စည်း-၂ခုလုံးမှာ သမ္မတကြီးအုဆ်မာန်၏ လက်ထက်မှာပင်ပျက်စီးသွားခဲ့လေသည်။ လက်စွပ်တော်မှာ သမ္မတကြီးအုဆ်မာန်၏လက်မှပင် ရေတွင်းတစ်တွင်းထဲသို့ ကျသွားခဲ့လေသည်။ တောင်ဝှေးတော်ကိုမူ ဂျဟ်ဂျာဟ်ဃဖာရီဆိုသူတစ်ဦးက ချိုးပစ်ခဲ့လေသည်။

ကွာမာဒ်ဗိုခါရီသခင်သည် တမန်တော်မြတ် ထားရှိတော်မူခဲ့သော ပစ္စည်းများကို မိမိကျမ်းတွင် သီးသန့်အခန်းတစ်ခန်းဖွင့်၍ အကျယ်တဝင့် ဖော်ပြထားသည်။

**အိမ်တော်။**

"တမန်တော်မြတ်" ပထမတွဲတွင်ရေးသားဖော်ပြခဲ့သည့်အတိုင်း တမန်တော်မြတ် မီးရှူးသန့်စင်ဖွားမြင်တော်မမူခင် ခမည်းတော်ကွယ်လွန်သေဆုံးတော်မူခဲ့လေသည်။ မယ်တော်မှာလည်း တမန်တော်မြတ် ကလေးဘဝ၌ပင် သေဆုံးတော်မူခဲ့လေသည်။ ထို့အတွက်တမန်တော်မြတ်သည် ပထမဘိုးတော်အိမ်တွင်၊ ဒုတိယ ဘကြီးတော်အိမ်တွင် အဆင့်ဆင့် ကြီးပြင်းလာတော်မူခဲ့ရလေသည်။ သက်တော် (၂၅) နှစ်အရွယ်တွင် ခဒီဂျဟ်သခင်မနှင့် ထိမ်းမြားတော်မူခဲ့လေသည်။ ယင်းသို့ ထိမ်းမြားတော်မူပြီးနောက်တမန်တော်မြတ်သည် မိမိ၏ဘနူဟာရှိမ်ဝါး၏အိမ်တွင် နေထိုင်တော်မူခဲ့သည်။ သို့တည်းမဟုတ်ကြင်ယာတော် ခဒီဂျဟ်သခင်၏ အိမ်တွင်ပင် နေထိုင်တော်မူခဲ့သည်။ ဤကား အတိအကျမသိရပေ။ မည်သို့ရှိစေ တမန်တော်မြတ်၏ အမွေဆိုင်အိမ်တစ်ဆောင်မှာ မက္ကာမြို့တော်၌တည်ရှိနေခဲ့သည် မှာ အမှန်ပင်။ အဆိုပါ အိမ်ကို သာဝကကြီး မောင်လာအာလီ၏ အစ်ကို တမန်တော်မြတ်၏ ဘကြီးတော်သား သာဝကကြီးအကီလ်သည် (ထိုအချိန် အထိ မွတ်စလင်မ်ဖြစ်မလာသေးပေ) အပိုင် သိမ်းထားလေသည်။

မက္ကာမြို့တော်ကို အောင်နိုင်သည့်အချိန် တမန်တော်မြတ်မက္ကာမြို့တော် သို့ ကြွလာတော်မူသည့်အခါ တမန်တော်မြတ်အား တပည့်သားများက

"တမန်တော်မြတ်၊ အဘယ်မှာတည်းခိုတော်မူပါမည်နည်း၊ တမန်တော်မြတ်သည်မိမိနေအိမ်မှာပင် တည်းခိုတော်မူပါမည်နည်း"ဟု လျှောက်ထား မေးမြန်းကြရာ၊ တမန်တော်မြတ်က "အကီဟ်က၊ ငါ့အတွက်ဘယ်မှာ အိမ်ချန်ထားသေးလို့လဲ"ဟု ဖြေကြားတော်မူလိုက်လေသည်။

(ကြည့်-ဗိုခါရီ၊မက္ကာမြို့တော် အောင်နိုင်သည့်အခန်း)

မက္ကာမြို့တော်မှ မဒီနာမြို့သို့ ရွှေ့ပြောင်းတော်မူပြီးနောက် တမန်တော်မြတ်သည်(၆)လတိုင်တိုင် သာဝကကြီးအဗူအိုင်ယူဗ်အန်ဆွာရီ၏နေအိမ်တွင်ပင် တည်းခိုနေထိုင်တော်မူ၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် တစ်ပါးတည်း တစ်ကိုယ်တော်တည်း ဖြစ်တော်မူ၏။ အိမ်တော်သူအိမ်တော်သားများသည် မက္ကာမြို့တော်မှာပင် ရှိနေခဲ့ကြ၏။ မဒီနာမြို့၌ (မတ်စ်ဂျိဒ်နဗဝီ) "တမန်တော်မြတ်၏ ဗလီ" တည်ဆောက်တော်မူသည့်အခါ၊ ဗလီတော်၏မတ်ဝန်းကျင်၌ အခန်းငယ်လေးများကို ဆောက်လုပ်တော်မူ၏။ သို့အခန်းများဆောက်လုပ်ပြီးမှ တမန်တော်မြတ်သည်၊ မက္ကာမြို့တော်သို့လူလွှတ်၍ အိမ်တော်သူအိမ်တော်သားများကို မဒီနာသို့ ခေါ်ယူတော်မူပြီး၊ အဆိုပါအခန်းများတွင် နေထိုင်စေတော်မူခဲ့လေသည်။

ကြင်ယာတော်များသည် အဆောင်အသီးသီးတွင် နေထိုင်ခဲ့ကြ၏။ အဆိုပါအဆောင်များ၌ အိမ်ဦးကြမ်းပြင် မျက်နှာစာလည်း မရှိ။ (ဗရ်အာမ်ဒဟ်)လည်းမရှိ။ အခန်းငယ်လေးများလည်း မရှိ။ အဆောင်တိုင်း၏အကျယ်အဝန်းမှာ ယေဘုယျအားဖြင့် (၆)တောင် (၆)တောင်ထက် ပို၍မကျယ်ပေ။ နံရံများမှာမြေသားနှင့် ပြုလုပ်ထားသည်။ ခေါင်မိုးများ စွန်မလွန်အလက်များ အရွက်များနှင့် မိုးထားသည်။ မိုးရေကာကွယ်ရန် အတွက် အမွေးများနှင့်ယက်ထားသည့် စောင်များနှင့် အုပ်ထားသည်၊ အဆောင်များ၏အမြင့်မှာ လူတစ်ယောက်မတ်မတ်ရပ်လျှင် ခေါင်မိုးကိုလက်ဖြင့်ကိုင်တွယ်နိုင်သည်။ အဆောင်တိုင်းရှိတံခါးပေါက်တွင် ကန့်လန့်ကာ (ကုလားကာ)တံခါးရွက်ရှိသည်။

တမန်တော်မြတ်သည် အဆောင်များတွင် အလှည့်ကျပြောင်း၍ပြောင်း၍ အိပ်စက်တော်မူလေ့ရှိသည်။ နေ့အချိန်၌တော့ သားမိတ်ဆွေများအား ဗလီတော်တွင် လက်ခံတွေ့ဆုံတော်မူလေ့ရှိသည်။

အဆိုပါ အဆောင်များအပြင် လသာဆောင်တစ်ခုလည်း ရှိသည်။ (ဟဒိဆ်)ကျမ်းဒေါ်များ၌ ယင်းလသာဆောင်ကို 'မရှိရဗဟ်' ဟူ၍ခေါ်ဝေါ်သုံးနှုန်းထားသည်။ ဟိဂျ်ရီ(၉)ခုနှစ်တွင် တမန်တော်မြတ်သည် ကြင်ယာတော်များနှင့် တစ်လတိတိ (ဣလာ) ပြုလုပ်ထားစဉ်၊ အဆက်ဖြတ်ထားစဉ်၊ အဆိုပါလသာဆောင်ပေါ်၌ပင် နေတော်မူခဲ့လေသည်။

အဆိုပါ လသာဆောင်၌လည်း အ ုအပ၊ အထူးအထွေဘာမျှမရှိ။ ဖျာတစ်ချပ်၊ သားရေနှင့် ပြုလုပ်ထားသည့်ခေါင်းအုံးတစ်လုံး၊ (အဆိုပါခေါင်းအုံးထဲတွင်လည်း စွန်ပလွံရွက်များဖြည့်ထားသည်)။ သားရေတစ်ချပ် နှစ်ချပ် ချိတ်ဆွဲထားသည်ကိုသာ တွေ့ရှိနိုင်သည်။

တမန်တော်မြတ်၏အိမ်တော်မှာ တနည်းအားဖြင့်အလ္လာဟ်အသျှင်မြတ်၏ ဓမ္မရောင်ခြည်တော်များကွန့်မြူးရာ၊ မြတ်ဂေဟာပင်ဖြစ်ပေသည်။ သို့ပင်တစေ တမန်တော်မြတ်၏အိမ်တော်တွင် ညဥ့်အခါ မီးခွက်ပင်မရှိပေ။

တမန်တော်မြတ်သည် အိမ်တွင်လောကီဂုဏ်ပကာသန အလှအပ မွမ်းမံချယ်သှယ်မှုကို နှစ်သက်တော်မမူပေ။ တစ်ခါသော် ကြင်ယာတော်အာအိရှဟ်သည် အိမ်နံရံပေါ်တွင် ပန်းပွားပါသော၊ အစင်းကြောင်းကလေးတွေပါသော၊ ပြောင်ပြောင်လက်လက်ရှိသော အဝတ်များကိုချိတ်ဆွဲထားလေသည်။ ဤသည်ကို တွေ့မြင်သောအခါ တမန်တော်မြတ်က မနှစ်မြို့သည့်သဘောဖြင့် "အုတ်နှင့်ကျောက်များကို အဝတ်အစား ဝတ်ဆင်ပေးရန်အတွက် အလ္လာဟ်အသျှင်မြတ်က ငါတို့အား ဥစ္စာပစ္စည်းပေးထားတော်မူသည်မဟုတ်" ဟု ပြောဆိုတော်မူလိုက်လေသည်။ (ကြည့်၊ အဗူဒါဝုဒ်ကျမ်း၊ အတွဲ(၂)၊ အဝတ်အစားအခန်း၊ စာ(၁-၉)။

အဆိုပါ အဆောင်များသည် တမန်တော်မြတ် ကွယ်လွန်သေဆုံးတော်မူပြီးနောက် ကြင်ယာတော်များ၏ လက်တွင် ရှိနေခဲ့ပေသည်။ ကြင်ယာတော်တစ်ပါးပါး ကွယ်လွန်သေဆုံးသွားသည့်အခါ အဆိုပါကြင်ယာတော်၏အဆောင်သည် ယင်းကြင်ယာတော်၏ သားချင်းများလက်သို့ ရောက်ရှိသွားပေသည်။ ၎င်းတို့ထံမှ သာဝကကြီးမုအာဝိယဟ်သည် မိမိသမ္မတ သက်တမ်း၌ များစွာသောအဆောင်များကို ဝယ်ယူခဲ့လေသည်။

သမ္မတကြီးအုမရ်၏ သမ္မတ သက်တမ်းအထိ အဆိုပါ အဆောင်များသည် ပကတေ့အတိုင်းတည် ရှိနေခဲ့ပေသည်။ သမ္မတကြီးအုဆ်မာန်လက်ထက်တွင် အချို့အဆောင်များကိုဖျက်၍ ဗလီတော်တွင် ထည့်သွင်းခဲ့သည်။ သို့ပင်တစေ ဝလီဒ်ဣဗ်နု အဗ်ဒုလ်မလိက်၏ ခေတ်အထိ များစွာသော အဆောင်များကျန်ရှိနေခဲ့သေးသည်။ ဟိဂျ်ရီ(၈၈)ခုနှစ်တွင် မဒီနာမြို့တော်၏ (ဝါလီ)ဂါဝနာဖြစ်သော အုမရ်ဣဗ်နုအဗ်ဒုလ်အဇီဇ်သည် တမန်တော်မြတ်အား မြှုပ်နှံသွားရာဖြစ်သော ကြင်ယာတော် အာအိရှဟ်၏အဆောင်မှအပ ကျန်အဆောင်အားလုံးကိုဖျက်ပြီး ဗလီတော်တွင် ထည့်လိုက်လေသည်၊ ယင်းသို့ ကြင်ယာတော်များ အဆောင်ကို ဖျက်လိုက်သည့်နေ့တွင် တမန်တော်မြတ်၏ အထိမ်းအမှတ်ပစ္စည်းတစ်ပါး ဆုံးပါးရပြန်ပြီဟူသကာ၊ မဒီနာမြို့တော်တစ်ခုလုံး နှမြောတသ ယူကြုံး မရဖြစ်ခဲ့ရရှာလေသည်။

## နို့ထိန်းတော်။

တမန်တော်မြတ် မိမိခမည်းတော်ထံမှရသော အမွေပစ္စည်းများ၌ ကပ္ပလီ ကျွန်မတစ်ယောက်လည်း ပါခဲ့၏။ အမည်မှာ "အွန်မိအိုင်မန်" ဟူ၍ဖြစ်၏။ တမန်တော်မြတ်၏ဝမ်းဆွဲလည်းဖြစ်ခဲ့၏။ တမန်တော်မြတ် ကွယ်လွန်သေဆုံးတော်မူသည်အထိ အသက်ထင်ရှားရှိနေခဲ့၏။ တမန်တော်မြတ်သည်အွန်မိအိုင်မန်အား 'အမေ'ဟူ၍ခေါ်တော်မူလေ့ရှိခဲ့၏။ တမန်တော်မြတ်သည် အွန်မိအိုင်မန်အား တွေ့မြင်သည့်အခါတိုင်း "အခုဆိုငါ့မျိုးနွယ်၏ အထိမ်းအမှတ်များတွင် ဤသူမသာကျန်တော့သည်" ဟု ပြောဆိုတော်မူလေ့ရှိခဲ့၏။

တမန်တော်မြတ်သည် ခဒီဂျဟ်သခင်မနှင့် ထိမ်းမြားတော်မူသည့်အခါ၊ အွန်မိအိုင်မန်အား ကျွန်အဖြစ်မှလွတ်မြောက်စေတော်မူပြီး၊ ခဒီဂျဟ်သခင်မ၏ကျွန်ဖြစ်ခဲ့ဘူးသော၊ တမန်တော်မြတ်၏အချစ်တော် မွေးစားသားလည်း ဖြစ်ခဲ့ဘူးသော သာဝကကြီးဇိုက်ဒ်နှင့် ထိမ်းမြားပေးတော်မူခဲ့လေသည်။ သာဝကကြီးအုသာမဟ်မှာ အွန်မိအိုင်မန်၏သားပင် ဖြစ်ခဲ့ပေသည်။

ကျမ်းကြီးကျမ်းငယ်များတွင်ပါသည့် တမန်တော်မြတ်၏ ရယ်ရွှင်ဖွယ် ပြက်လုံးတစ်ရပ်မှာ တစ်ခါသော် အမျိုးသမီးတစ်ဦးက တမန်တော်မြတ်ထံ

ကုလားအုပ် တစ်ကောင်တောင်း၏၊ တမန်တော်မြတ်က "ငါမင်းကို ကုလားအုပ်၏ကလေးပေးမည်"ဟု ပြောတော်မူ၏။ အဆိုပါ အမျိုးသမီးက "ကျွန်မကုလားအုပ်၏ ကလေးကိုယူပြီး ဘာလုပ်ရမှာလဲ"ဟု ပြော၏။ ထိုအခါ တမန်တော်မြတ်က "ရှိရှိသမျှသော ကုလားအုပ်တွေသည် ကုလားအုပ်၏ ကလေးတွေချည်းသာဖြစ်သည်"ဟု ပြောပြတော်မူလိုက်လေသည်။ ကုလားအုပ်တောင်းသောအမျိုးသမီးမှာ အခြားမဟုတ် အွန်မိအိုင်မန်ပင် ဖြစ်ပေသည်။

အွန်မိအိုင်မန်သည် တမန်တော်မြတ်လက်ထက် များစွာသော စစ်ပွဲများတွင် ပါဝင်ခဲ့သည်။ အုဟွဒ်စစ်ပွဲ၌ စစ်သည်တော်များအား ရေတိုက်ခဲ့သည်။ ဒဏ်ရာရသူများအား ဆေးထည့်ပေးခဲ့သည်။ အွန်မိအိုင်မန်သည် ခိုင်ဗရ်စစ်ပွဲတွင်လည်း ပါဝင်ခဲ့ပေသည်။

(ကြည့်- ထွဇကာဟုက္လဗ်နိစအ်ဒ်၊
အတွဲ(၈) အွန်မိအိုင်မန်အခန်း)

**တပည့်ရင်းများ**

တမန်တော်မြတ်၏ တပည့်သာဝကများတွင် အချို့သာဝကများသည် မိမိတို့၏စေတနာအလျောက် လောကီရေးကိစ္စအဝဝကို စွန့်လွှတ်ပြီး တမန်တော်မြတ်၏ထံတော်ပါးတွင် အမြဲတစေ အသင့်နေထိုင်လျက်ရှိကြသည်။ ပေးအပ်ရာတာဝန်များကို အသီးသီး ထမ်းဆောင်လျက်ရှိခဲ့ကြ၏။ ယင်းသာဝကကြီးများမှာ (၁) သာဝကကြီး အဗ်ဒုလ္လာဟ်က္လဗ်နူမတ်စ်အူးဒ်၊ (၂) သာဝကကြီး ဗီလားလ်၊ (၃) သာဝကကြီး အနတ်စ်က္လဗ်နူမာလိုက်တို့ သုံးပါးပင် ဖြစ်ခဲ့ကြပေသည်။

**သာဝကကြီးအဗ်ဒုလ္လာဟ်က္လဗ်နူမတ်စ်အူးဒ်**

သာဝကကြီး အဗ်ဒုလ္လာဟ်က္လဗ်နူမတ်စ်အူးဒ်သည် ကျော်ကြားသော သာဝကကြီးတစ်ပါးဖြစ်ပေသည်။ အဆိုပါ သာဝကကြီးသည် 'ဟနဖီ မဇ္ဈသတ်ကို ဦးစွာပထမ စတင်တည်ထောင်ခဲ့သူပင် ဖြစ်သည်။ အော့မာမ် အဗူဟနီဖဟ်မဇ္ဈသတ်များသည် အဆိုပါ သာဝကကြီး၏ (ရိဝါယားတ်) ကျမ်းချက်များ၊ အစွတင်ဗာထွားတ်)ကောက်နုတ်ချက်များအပေါ် မူတည်နေပေသည်။

တမန်တော်မြတ်၏ခေတ် ပထမပိုင်းတွင် မက္ကာမြို့တော်၌ ကုရ်အာန်ကျမ်းမြတ်ကို အဆိုပါ သာဝကကြီးသည် အထူးတလည်ဖြန့်ဖြူးခဲ့ပေသည်။ အဆိုပါ သာဝကကြီးသည် ကုရ်အာန်ကျမ်းမြတ်၏ ကဏ္ဍပေါင်း (၇၀) တိတိကို တမန်တော်မြတ်ထံမှ တိုက်ရိုက်ကြားနာပြီး အာဂုံဆောင်ခဲ့ပေသည်။

သာဝကကြီး အဗ်ဒုလ္လာဟ်ဣဗ်နုမတ်စ်အူးဒ်သည်တမန်တော်မြတ်၏ အတွင်းသိလူယုံတော်တစ်ဦးလည်း ဖြစ်ပေသည်။ တမန်တော်မြတ်ခရီးထွက်တော်မူသည့်အခါ အိပ်ရာနေရာစီစဉ်ရေး၊ 'ဝုဿူ' ခြေလက်သန့်စင်ဖို့ ရေစီစဉ်ရေး၊ 'မစ္စဝါးက်' ထံပူတန် 'ဒန်ပူတန်' စီစဉ်ရေး တာဝန်များမှာ အဆိုပါ သာဝကကြီး၏ တာဝန်ပင် ဖြစ်ပေသည်။ တမန်တော်မြတ် အစည်းအဝေးမှ ပြန်ကြွတော်မူသည့်အခါ တမန်တော်မြတ်အား အဆိုပါ သာဝကကြီးသည်ပင် ဖိနပ်စီးပေးလေ့ ရှိခဲ့သည်။

တမန်တော်မြတ် တစ်နေရာ တစ်ဌာနသို့ ကြွတော်မူလျှင် အဆိုပါ သာဝကကြီးသည်ပင် ရှေ့မှ 'အဆွာ' တောင်ဝှေးကို ကိုင်၍ သွားလေ့ရှိခဲ့ပေသည်။ တမန်တော်မြတ်သည်တစ်နေရာ တစ်ဌာနတွင် ထိုင်တော်မူလျှင် အဆိုပါ သာဝကကြီးသည်ပင် တမန်တော်မြတ်ဖိနပ်များကိုချွတ်ပြီး မိမိ၏ ချိုင်းမှာ ညှပ်ထားလေ့ရှိခဲ့ပေသည်။ တမန်တော်မြတ် ပြန်ကြွတော်မူရန် မတ်မတ်ရပ်တော်မူသည့်အခါ ဖိနပ်ကိုရှေ့တွင် အသင့်ချထားလေ့ရှိခဲ့ပေသည်။ အချုပ်ဆိုရသော် အဆိုပါ သာဝကကြီးသည် အမြဲတစေ နေရာတိုင်းမှာ တမန်တော်မြတ်နှင့် အတူတကွ နေလေ့ရှိခဲ့ပေသည်။ တမန်တော်မြတ်၏ နေပုံထိုင်ပုံ သွားလာပုံ ပြောဆိုပုံ အကျင့်စရိုက်များ အားလုံးကို နီးနီးကပ်ကပ်နေ၍ အတုယူလိုက်နာကျင့်သုံးခဲ့ပေသည်။

**သာဝကကြီးဗီလာလ်။**

သာဝကကြီး ဗီလာလ်သည် တမန်တော်မြတ်၏ 'မုအဇ်ဇင်' (အဇာန်ဆိုသူ) သံတော်ဆင့်ဟူသော ဘွဲ့နာမဖြင့် အစ္စလာမ့်ကမ္ဘာတွင် အထူးကျော်ကြားသည်။ သာဝကကြီးဗီလာလ်သည် ကပ္ပလီလူမျိုးကျွန် ဖြစ်ခဲ့၏။ မက္ကာမြို့တော်၌ အီမာန်ယုံကြည်ခဲ့၏။ အစ္စလာမ်သို့ ကူးပြောင်းလာခဲ့၏။ အစ္စလာမ်သို့ လွယ်လွယ်နှင့် ကူးပြောင်းလာခဲ့ရသည် မဟုတ်၊ အစ္စလာမ်သို့ ကူးပြောင်းလာခဲ့သည်ကိုပင် အကြောင်းပြု၍ ကြောက်ဖွယ်

လိလိနိုပ်စက်ညှဉ်းပန်းခြင်း အမျိုးမျိုးကို အလူးအလိမ့်ခံခဲ့ရရှာသည်။ ဤအကြောင်း 'တမန်တော်မြတ်' အ–၁၊ စ– (၁၃၁–၁၃၂)တွင် ရေးသားခဲ့ပေပြီ။

သာဝကကြီး အဗူဗက်ကိရ်သည် ကျွန်ဘဝသို့ ရောက်ရှိနေရရှာသော သာဝကကြီး ဗီလာလ်အား ဝယ်ယူပြီး ကျွန်အဖြစ်မှ လွတ်မြောက်စေလေသည်။ ထိုအချိန်မှစ၍ သာဝကကြီး ဗီလာလ်သည် တမန်တော်မြတ်ထံမှာပင် အမြဲတစေနေထိုင်လေသည်။ တမန်တော်မြတ်၏ အိမ်တွင်းရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ဥပမာ– ဈေးမှဈေးဝယ်ခြင်း၊ အကြွေးယူလာခြင်း၊ ပြန်ဆပ်ခြင်း၊ ဧည့်သည်များအား ဧည့်ခံကျွေးမွေးရန် စီစဉ်ခြင်း စသည်တို့ကို သာဝကကြီး ဗီလာလ်သည်ပင် တာဝန်ယူဆောင်ရွက်လေ့ရှိသည်။

**သာဝကကြီး အနှတ်စ်ဗ္ဗင်နိမာလိက်။**

သာဝကကြီးအနက်စ်ဗ္ဗင်နိမာလိတ်သည်သည်း တမန်တော်မြတ်၏ တပည့်ရင်းများတွင် တစ်ပါးအပါအဝင်ဖြစ်ခဲ့ပေသည်၊ တမန်တော်မြတ် မဒီနာမြို့သို့ ကြွလာတော်မူသည့်အချိန်တွင် သာဝကကြီး အနတ်စ်သည် အသက်အရွယ်အားဖြင့် အလွန်ငယ်သေးသည်။ သာဝကကြီး အနတ်စ်၏ မိခင်သည် မိမိ၏သားကလေး [သာဝကကြီးအနတ်စ်]ကို တမန်တော်မြတ်ထံခေါ်ဆောင်လာပြီး ''တမန်တော်မြတ်၊ ဤကလေးမှာ ကျွန်မ၏ သားငယ်ပါ။ တမန်တော်မြတ်၏ဝေယျာဝစ္စဆောင်ရွက်ရန် ကျွန်မလာပို့ပါသည်'' ဟု လျှောက်ထားခဲ့လေသည်။

ကြည့်– မှတ်စလင်မ်ကျမ်း၊ သာဝကကြီး အနတ်စ်အခန်း။

သာဝကကြီး အနတ်စ်သည် တမန်တော်မြတ်၏ ဝေယျာဝစ္စများကို ၁၀–နှစ်တိုင်တိုင် ဆောင်ရွက်ပေးခဲ့လေသည်။ [တမန်တော်မြတ်၏ ညွှန်ကြားချက်အရ] လူများထံသွားလာခြင်း၊ သာမန်အလုပ်ကလေးများလုပ်ကိုင်ခြင်း၊ ဝုဆူရေယူပေးခြင်းများသည် သာဝကကြီး အနတ်စ်၏တာဝန်များပင်ဖြစ်ခဲ့ပေသည်။ ထိုအချိန်တွင် သာဝကကြီး အနတ်စ်မှာ အသက်အရွယ်အားဖြင့် အလွန်တရာမှ ငယ်လှသေးသည့်အတွက် တစ်ခါတစ်ရံ အချို့အလုပ်များမှာ မပြီးမြောက်ခဲ့ပေ။ သို့တစေ တမန်တော်မြတ်သည် သို့ အလုပ်မပြီးမြောက်သည့်အတွက် တစ်ခါမျှ မေးယူတော်မမူခဲ့ပေ။

# ရုပ်ဆင်းသဏ္ဌာန်တော်

တမန်တော်မြတ်မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ရုပ်၏ ဆင်းသဏ္ဌာန်မှာ ပြည့်စုံ ပြေပြစ် သိမ်မွေ့ ထယ်ဝါ ခန့်ငြား တင့်တယ်လှပေသည်။ အရပ်အမောင်းမှာ အလည်အလတ်ဖြစ်သည်၊ အချိုးကျသည်၊ ပြေပြစ်လှသည်။ အသားအရေမှာဖြူသည်၊ အနီရောင်သန်းသည်၊ နဖူးတော်ကျယ်သည်၊ မျက်ခုံးတော်ဆက်လျက်ရှိသည်၊ နှာတံတော်ပေါ်သည်၊ မျက်နှာတော် သွယ်သည်၊ ပါးစပ်တော်လှပသည်၊ ခန့်ငြားသည်၊ သွားတော်များမကျဲမစိပ် အနေတော်ဖြစ်သည်၊ လည်တော်ပေါ်သည်၊ ဦးခေါင်းတော်ကြီးသည်၊ ရင်တော်ကျယ်သည်၊ ဆံတော်များမှာ တွန့်လိမ်၍နေလှသည်လည်း မဟုတ်၊ လုံးဝဖြောင့်စင်း နေသည်လည်းမရှိ၊ မုတ်ဆိတ်တော်မှာ မပါး ထူသည်၊ မျက်နှာတော်အနေအထား ဖြောင့်မတ်သည်၊ မျက်လုံးတော်များ မည်းနက်သည်၊ 'စုရ်မဟ်' ဆွဲထားသည့်နှယ် ဖြစ်သည်။ မျက်တောင်များ ရှည်သည်၊ ကော့သည်၊ ပခုံးရိုးများကြီးထွားသည်၊ ပြည့်ဖြိုးသည်၊ ရင်မှချက်အထိ အနည်းငယ်အမွေးများ စီတန်းလျက်ရှိသည်။ လက်မောင်းမှ လက်ကောက်ဝတ်ကြားတွင် အမွေးရှိသည်။ လက်ဖဝါးများမှာ ကျယ်ပြန့်သည်၊ အသားပြည့်သည်၊ လက်တန်များရှည်သည်။ ခြေဖျားများ ပျော့ပျောင်းသည်၊ ခြေဖဝါးအလယ်တွင် အနည်းငယ်ကွာဟနေသည်။

တိရ်မိဇီကျမ်း
မွတ်စ်နဒ်ဣဗိနုဟာန်ဗလ်
၁-၁၊ ၈- (၁၁၆ - ၁၁၇)

တမန်တော်မြတ်၏ ရုပ်ရည် အဆင်းသဏ္ဌာန် ပြေပြစ် သိမ်မွေ့ ထည်ဝါ ခန့်ငြား တင့်တယ်မှုသည် သာဝကများအပေါ်၌ အထူးတလည် ထိရောက်စူးရှခဲ့ပေသည်။ ဥပမာ- သာဝကကြီး အဗ်ဒုလ္လာဟ်ဣဗ်နုစလာမ်သည် ယခင်က ယဟူဒီဖြစ်သည်။ အဆိုပါ သာဝကကြီးသည် တမန်တော်မြတ်အား ဦးစွာပထမ တွေ့မြင်လိုက်ရသည့်အခါ "အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ကျွန်ုပ်ပြောမည်၊ ဤမျက်နှာသည် လူလိမ်၏မျက်နှာမျိုး မဟုတ်ဟု ပြောဆို ချီးမွမ်းခဲ့လေသည်။

သာဝကကြီး ဗျာဗီရ်ဂ္ဂုဗ်နွံစမုရဟ်အား တစ်ဦးတစ်ယောက်က ''တမန်တော်မြတ်၏မျက်နှာတော်သည် ဓားကဲ့သို့တောက်ပပါသလား''ဟု မေးရာ၊ အဆိုပါ သာဝကကြီးက ''တမန်တော်မြတ်၏မျက်နှာတော်သည် ဓားကဲ့သို့ တောက်ပသည်မဟုတ်၊ လ,နေပမာ တောက်ပပါသည်''ဟု ပြောပြခဲ့လေသည်။

အဆိုပါ သာဝကကြီးက ပြောပြခဲ့သည်မှာ ''တစ်ညတွင် တိမ်သလ္လာလုံးဝကင်းစင်နေ၏။ လဝန်းကြီးထွက်ပေါ်လာ၏။ ကျွန်တော်သည် တစ်ခါတစ်ရံ လ,ကိုကြည့်၍ တမန်တော်မြတ်၏ မျက်နှာတော်မှာ လ, ထက်ပင် သာ၍ပတောက်ပြောင် ကျက်သရေဆောင်နေသည်ကို တွေ့မြင်ရပါသည်''ဟု ပြောပြချီးမွမ်းခဲ့လေသည်။

သာဝကကြီး ဗရာအ အနီရောင်အစင်းများရှိသည့် အဝတ်အစား တွင် တမန်တော်မြတ်ထက် လှပတင့်တယ်သူ တစ်ဦးတစ်ယောက်မျှ မမြင်ဘူးပါဟု ပြောပြဘူးလေသည်၊

တမန်တော်မြတ်၏ကိုယ်ခန္ဓာမှထွက်သောချွေးတွင် မွှေးကြိုင် ပျံ့သောနံ့သာတစ်မျိုးပါရှိပေသည်။ တမန်တော်မြတ်၏ရွှေမျက်နှာတော်မှ ထွက်သော ချွေးပေါက်များသည် ပုလဲလုံးကလေးများပမာ လှပတင့်တယ် ရှုစဖွယ်ဖြစ်နေပေသည်။ တမန်တော်မြတ်၏ အသားအရေမှာ လွန်စွာမှ နူးညံ့သိမ်မွေ့လှပေသည်။

သာဝကကြီး အနတ်စ်က ''တမန်တော်မြတ်၏ အဆင်းအရောင် တို့မှာ အထူးတစ်လည့်ပေါ်လွင်ပေသည်၊ တမန်တော်မြတ်၏ ချွေးပေါက် များမှာ ပုလဲလုံးကလေးများနှင့် တူပေသည်။ တမန်တော်မြတ်၏အသား အရေထက် နူးညံ့သိမ်မွေ့သော ပိုးထည်များမမြင်ဘူးပါ။ တမန်တော် မြတ်၏ကိုယ်ခန္ဓာထက် ကတိုးနံ့သာတွင်လည်း ပို၍သင်းပျံ့သော အမွှေး အကြိုင်မရှိပါ''ဟု ထုတ်ဖော်ပြောဆိုလေ့ရှိခဲ့ပေသည်။

ကြည့်– မစ်ရှ်ကာအ်းတ်ကျမ်း၊ ဗိုခါရီကျမ်း၊ မွတ်စလင်မ်ကျမ်း၊

## နုဗုဝါးတ်' တံဆိပ်တော်။

တမန်တော်မြတ်၏ လက်ပြင်ရိုး နှစ်ခုကြားတွင် ခိုဥခန့်ရှိ နုဗုဝါက် တံဆိပ်တော်ရှိသည်။ အဆိုပါ တံဆိပ်တော်သည် အမြင်အားဖြင့် နီရောင်ရှိ မှဲ့သာမို,မောက်နေသော အသားပုံမှာဖြစ်ပေသည်။

رأيت الخاتم بين كتفي رسول الله صلى الله عليه وسلم غدة حمراء مثل بيضة الحمامة (مسلم، شمائل ترمذی)

သာဝကကြီး ဂါဗိရ်ဗ္ဗင်နူစမုရဟ်က–

''ကျွန်ုပ်သည် တမန်တော်မြတ်၏ လက်ပြင်ရိုး နှစ်ခု ကြားတွင် တံဆိပ်တော်ကို ခိုဥခန့်ရှိ နီရောင်ရှိသော မို့ မောက်နေသော အသားတစ်ခုကိုတွေ့မြင်ဘူးပါသည်''ဟု ပြောပြခဲ့လေသည်။

မွတ်စလင်မ်ကျမ်း
ရှမာအီလ်တိရ်မိဇီ၊

အခြားအဆိုတစ်ရပ်အရ တမန်တော်မြတ်၏ လက်ဝဲ လက်ပြင်ရိုး အနီးတွင် ဝတ်ဆံများစုပေါင်း၍ဝိုင်းသောပုံသဏ္ဌာန်ဖြစ်ရှိနေသည်။ ယင်းသည်ကိုပင် 'နဗုဝါတ်တံဆိပ်တော်'ဟု ခေါ်ဆိုကြပေသည်။ မှန်ကန်သော ကျမ်းချက်များအားလုံးကို ငုံကြည့်ပါက တမန်တော်မြတ်၏ လက်ပြင်ရိုး နှစ်ခုကြားတွင် အနည်းငယ်မို့မောက်နေသော အသားစုတစ်ခုရှိကြောင်း၊ ယင်းအသားစုအပေါ်တွင် မှဲ့များရှိကြောင်း၊ အမွှေးများ ပေါက်လျက်ရှိကြောင်း အတိုအကျတွေ့ရှိရပေသည်။ (*)

**ဆံတော်။**

**တမန်တော်မြတ်**၏ ဆံတော်များသည် များသောအားဖြင့် ပခုံးစွန်းများအပေါ်တွင် ဝဲလျက် ရှိနေတတ်ပေသည်။ မက္ကာမြို့တော်ကို

---

* အချို့ကျမ်းချက်များ၌ အဆိုပါ နဗုဝါတ်တံဆိပ်တော်ပေါ်တွင် 'ကာလီမဟ်တိုင်ယီဗဟ်' ရေးသားပါရှိသည်ဟူ၍ တွေ့ရှိရသည်။ ၎င်းသည် ယုတ္တိမရှိ၊ အခြေအမြစ်မရှိ။

(စိုင်ယစ်ဒ်စုလိုင်မာန်နဒ်ဝီ)

အောင်နိုင်သည့်နေ့တွင် တမန်တော်မြတ်၏ ဆံတော်များမှာ ပခုံးပေါ်တွင် ၄-စုကွဲ၍ကျနေသည်ကို လူအများတွေ့မြင်ခဲ့ကြရပေသည်။

အရစ်မွတ်ရှ်ရိတ်များသည် ဦးဆံကို ခွဲလေ့ရှိခဲ့ကြပေသည်။ တမန်တော်မြတ်သည် အရဗ်မွတ်ရှ်ရိက်များနှင့် စာလျှင် (အဟ်လုလ်ကိတာဗ်) ကိတာဗီများနှင့် တူညီမှုကို နှစ်သက်တော်မူခဲ့သည်။ ထို့အတွက် တမန်တော်မြတ်သည်လည်း အစပထမတွင် ကိတာဗီများကဲ့သို့ပင် ဆံတော်ကို မခွဲဘဲ နောက်ပြန်ဖီး၍ ထားတော်မူလေ့ရှိခဲ့ပေသည်။ ထို့နောက်မှသာ ဆံတော်ကို ခွဲတော်မူလေသည်။ ဤသည်မှာ ရှမာအိလ်တိရ်မိဇီ၏ ကျမ်းချက်အရ ဖြစ်သည်။ သဘောမှာ အရဗ်မွတ်ရှ်ရိက်များ မရှိတော့သည့်အခါ ယင်းတို့နှင့်တူရန်အကြောင်းလည်း မရှိတော့သည့်အချိန်တွင် နောက်ပိုင်း၌ တမန်တော်မြတ်သည် ဆံတော်ကို ခွဲတော်မူခြင်း ဖြစ်ပေသည်။

တမန်တော်မြတ်သည် ဆံတော်တွင် ဆီဘည့်တော်မူလေ့ရှိသည်။ မုတ်ဆိတ်တော်တွင် ဆံတော်အနည်းငယ်မျှသာ ပွင့်ခဲ့လေသည်။

## လမ်းလျှောက်ပုံ

တမန်တော်မြတ်သည် သွားလာရာတွင် တောင်ခြေမှ အနိမ့်သို့ ဆင်းသည့်နှယ် သွက်လက်ဖျတ်လတ်တော်မူသည်။

**မှတ်ချက်။** ။အချို့ကျမ်းချက်များတွင် တမန်တော်မြတ်၌ အရိပ်ဆာယာ မရှိတော့ဟု ရေးသားဖော်ပြထားကြသည်ကို တွေ့ရှိရသည်။ သို့ရာတွင် 'မုဟဒ်ဒီဆ်' (ဟဒီဆ်)သြဝါဒတော်ဆိုင်ရာ ပညာရှင်များထံ၌ ယင်းသည့်ကျမ်းချက်များသည် မမှန်ကန်ပေ။ ကိုးကားမှန် မဟုတ်ပေ။

## ပြောပုံဆိုပုံ။

တမန်တော်မြတ်သည် အလွန်တရာမျှနှုတ်ချိုတော်မူသည်။ တဘက်သားအား ဆွဲဆောင်တော်မူနိုင်သည်။ တမန်တော်မြတ်သည် စကားပြောဆိုရာ၌ ဆိုင်း၍ဆိုင်း၍ ပြောဆိုလေ့ရှိတော်မူသည်၊ သို့...ပြောဆိုတော်မူသည့်အတွက် စကားများမှာ တစ်ခွန်းတစ်ခွန်း ခြားခြားနားနား ပြတ်

ပြတ်သားသားရှိရာ၊ ကြားနာသူများသည် တမန်တော်မြတ်၏ စကားများကိုကောင်းစွာ မှတ်သားမိကြလေသည်။ တမန်တော်မြတ်သည်စကားရပ်တစ်ခုတစ်ခုကို သုံးခါစီ ပြောတော်မူလေ့ ရှိခဲ့ပေသည်။ အလေးအနက်ထား၍ ပြောဆိုလိုသော စကားများကို ထပ်ကာ ထပ်ကာ အကြိမ်ကြိမ်ပြောဆိုတော်မူလေ့ရှိခဲ့ပေသည်၊

စကားပြောသည့်အချိန် များသောအားဖြင့် တမန်တော်မြတ်သည် မိုးကောင်းကင်သို့ ကြည့်တော်မူလေ့ရှိသည်။ တမန်တော်မြတ်၏ အသံသြဇာမှာ ကောင်းလှပေသည်။

အမ္ဗုဟာနီသခင်မက ''တမန်တော်မြတ်သည် ကအဗာကျောင်းတော်တွင် ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်တော်မူလေ့ ရှိသည်။ ကျွန်မတို့သည် မိမိတို့အိမ်များတွင် ခုတင်များပေါ်၌ လဲလျောင်းလျက် နားထောင်လေ့ရှိခဲ့ကြပါသည်''ဟု ပြောပြခဲ့လေသည်။

ကြင်ယာတော် ခဒီဂျဟ်သခင်မ၌ပထမအိမ်ထောင်မှ သားတော်တစ်ပါးပါရှိသည်။ အမည်မှာ 'ဟင်န္ဒ'ဟူ၍ ဖြစ်သည်။ သာဝကကြီး ဟင်န္ဒသည် စကားပြော အလွန်ကောင်းသည်၊ မိမိတင်ပြလိုသောအချက်ကို ကြားနာသူများ မြင်ယောင်လာအောင် ပိုင်နိုင်ထိမိစွာ တင်ပြနိုင်သည်။ တစ်ရက် မြေးတော်ဟာစန်က အဆိုပါ သာဝကကြီးအား တမန်တော်မြတ် မည်သို့မည်ပုံ ပြောဆိုဟောကြားတော်မူလေ့ရှိသည့် အကြောင်းကို မေးမြန်းရာ၊ အဆိုပါ သာဝကကြီးက အောက်ပါအတိုင်း ပြောပြခဲ့လေသည်။

''တမန်တော်မြတ်သည် အမြဲတစေ စဉ်းစားဆင်ခြင်တော်မူလေ့ရှိသည်။ များသောအားဖြင့် ဆိတ်ဆိတ်ပင် နေလေ့ရှိတော်မူသည်။ အကြောင်းမဲ့စကားပြောတော်မူလေ့ မရှိပေ။ တမန်တော်မြတ်၏စကားများသည် ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသားရှိလှပေသည်။ လက်ဟန်ပြတော်မူလျှင် လက်ကို အပြည့်အစုံမ၍ ပြတော်မူလေ့ရှိသည်၊ စကားတစ်ရပ်နှင့် စပ်လျဉ်း၍ အံ့သြတော်မူလျှင် လက်ဖဝါးများကို လှန်ထားတော်မူလေ့ရှိသည်၊ တမန်တော်မြတ်သည် မိန့်ခွန်းမြွက်ကြားတော်မူရာတွင် တစ်ခါတစ်ရံ လက်တစ်ဘက်နှင့်တစ်ဘက် ပွတ်လေ့

ရှိတော်မူသည်။ ဝမ်းသာအားရ ဖြစ်တော်မူသည့် အခါ မျက်နှာအောက်စိုက်ထားတော်မူလေ့ရှိသည်။"

## ပြုံးရွှင်ပုံ။

တမန်တော်မြတ်သည် ရယ်တော်မူသည် ဟူ၍ကား အလွန်တရာမျှ နည်းလှပေသည်။ ရယ်တော်မူလိုသည့်အခါ ပြုံးတော်မူလေ့သာ ရှိပေသည်။ သာဝကကြီးဂျရီရ်ဗ္ဗဇ်နုအဗ် ဒုလ္လာဟ်က- "တမန်တော်မြတ်သည် ကျွန်တော့်အား မြင်တော်မူသည့်အခါတိုင်း ပြုံးတော်မူသည်သာဖြစ်ပါသည်" ဟု ပြောပြခဲ့လေသည်။

အချို့ကျမ်းချက်များတွင်တမန်တော်မြတ် အားရပါးရရယ်တော်မူသည့်အခါ တမန်တော်မြတ်၏အံသွားများပင် တွေ့မြင်ရကြောင်းပါရှိသည်။ သို့ရာတွင် အလ္လာမဟ်ဣဗ်နုလ်ကိုင်ယင်မ်နှင့် အခြားအခြားသော ပညာရှင်ကြီးများကမူ "ဤသည့်ရေးသားပုံ ပိုကဲခြင်းသာ ဖြစ်သည်။ တမန်တော်မြတ်သည် အံသွားများပေါ်လွင်အောင် ဘယ်သောအခါမျှ ရယ်တော်မူလေ့မရှိ" ဟု ဝေဖန်ရေးသားထားကြလေသည်။

## ဝတ်စားဆင်ယင်ပုံ။

တမန်တော်မြတ်သည်များသောအားဖြင့် ချည်ထည်အင်္ကျီနှင့် ပုဆိုးကို ဝတ်ဆင်တော်မူလေ့ရှိပေသည်။ တမန်တော်မြတ်သည် (ဘောင်းဘီကို ဘယ်သောအခါကမျှ အသုံးပြုတော်မမူခဲ့ပေ။

အော့မာမ်အဟ်မဒ်နှင့် အဆွ်ဟာဗုစုနန် အရ်ဗအဟ်၏ ကျမ်းချက်များတွင် တမန်တော်မြတ်သည် မိနာဈေးမှဘောင်းဘီ ဝယ်တော်မူခဲ့ဘူးကြောင်း ပါရှိသည်။ ဤသည်ကိုအကြောင်းပြု၍ အလ္လာမဟ်ဣဗ်နုလ်ကိုင်ယင်မ်က တမန်တော်မြတ်သည် ဘောင်းဘီကိုတစ်ကြိမ်တစ်ခါ ဝတ်ဆင်တော်မူကောင်း ဝတ်ဆင်တော်မူပေသည်ဟု ဇွေးဆ ဆင်ခြင်၍ရေးသားခဲ့လေသည်။

တမန်တော်မြတ်သည် ခြေအိတ်ကိုလည်း အသုံးပြုတော်မူလေ့မရှိပေ။ သို့ရာတွင် အီသီယိုပီးရာပြည်၊ နဂျာရှီဘုရင်က မေတ္တာလက်ဆောင်အဖြစ်ပို့လိုက်သောခြေအိတ်အနက်များကိုမူ တမန်တော်မြတ်သည် အသုံးပြုတော်မူခဲ့ပေသည်။ သက်ဆိုင်ရာ ကျမ်းချက်ကို ထောက်ရှုခြင်းဖြင့်

အဆိုပါခြေအိတ်များသည် သားရေနှင့် ပြုလုပ်ထားသော ခြေအိတ်များ ဖြစ်ခဲ့ပေသည်။

**'အိမာမှတ်' ပေါင်းထုပ်တော်။**

တမန်တော်မြတ်သည် အိမာမဟ်ခေါ် ပေါင်းထုပ်တော်ကိုပေါင်းတော်မူလေ့ရှိသည်။ ပေါင်းထုပ်တော်စမှာ တစ်ခါတစ်ရံ ပခုံးပေါ်တွင် တစ်ခါတစ်ရံလက်ပြင်နှစ်ခုကြားတွင်ကျလျက်ရှိပေသည်။ တစ်ခါ တစ်ရံတမန်တော်မြတ်သည် ပေါင်းထုပ်တော်စကို မေးစေ့အောက်တွင် ရစ်ပတ်ထားတော်မူလေ့ရှိသည်။

တမန်တော်မြတ်၏ ပေါင်းထုပ်တော်၏အရောင်မှာ များသော အားဖြင့် အနက်ရောင်ဖြစ်သည်။ တမန်တော်မြတ်သည် ပေါင်းထုပ်တော် အောက်တွင် ဦးခေါင်းနှင့်ကပ်နေသော ဦးထုပ်ငယ်ကိုလည်းအသုံးပြုတော်မူလေ့ရှိပေသည်။ ဦးထုပ်ရှည်ကိုမူ ဘယ်သောအခါမျှ အသုံးပြုတော်မမူခဲ့ပေ။ တမန်တော်မြတ်သည်ပေါင်းထုပ်တော်အောက်တွင် ဦးထုပ်ငယ်ကို အမြဲတစေသုံးတော်မူလေ့ရှိသည်။ ဤသို့အသုံးပြုတော်မူခြင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ်က ဦးထုပ်ငယ်ခံ၍ ပေါင်းထုပ်ပေါင်းခြင်းမှာ ငါတို့နှင့် အရဗ်မွတ်ရှိရစ်က်များကြားတွင် ခြားနားချက်တစ်ရပ်ပင် ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့လေသည်။

(ကြည့်-အဗူဒါဝုဒ်ကျမ်း၊ ဝတ်စားဆင်ယင်မှုအခန်း)

**ရိုထည်။**

တမန်တော်မြတ်သည် ယမန်ပြည်လုပ်အစင်းများပါသော ရိုထည် များကို အထူးနှစ်သက်တော်မူပေသည်။ ယင်းရိုထည်များကို အရဗ်စာပေ တွင် 'ဟာဗရဟ်' ဟု ခေါ်သည်။

တမန်တော်မြတ်သည် တစ်ခါတစ်ရံဆီးရီယားပြည်လုပ် 'အဗာ' ဝတ်လုံတော်လည်း အသုံးပြုတော်မူခဲ့သည်။ အဆိုပါ 'အဗာ'၏ လက်မှ အလွန် ကျဉ်းသည့်အတွက် ဝုဇုလုပ်လိုသည့်အခါ ဝတ်လုံတော်၏လက်ကို အဆက်သို့မရှုမရ၍ လက်ကိုသာဝတ်လုံတော်မှ ထုတ်ယူရလေသည်။ တမန်တော်မြတ်သည် တစ်ခါတစ်ရံပါးရှားနိုင်ငံသုံး "ကာဗာ" ဝတ်ရုံ တော်ကိုလည်း အသုံးပြုတော်မူခဲ့သည်။

တမန်တော်မြတ်ကွယ်လွန် သေဆုံးတော်မူပြီးနောက် ကြင်ယာတော်အာအိရှာဟ်သည် အဖာများပါရှိသောစောင်ကြီးတစ်ထည်နှင့် ချည်ထည်ပုဆိုးတစ်ကွင်းထုတ်ပြသည်၊ ထို့နောက်ကြင်ယာတော်က– ''တမန်တော်မြတ်သည် ဤအဝတ်အစားများတွင်ပင် ကွယ်လွန်သေဆုံးတော်မူခဲ့ပါသည်''ဟု ပြောပြခဲ့လေသည်။

**အနီရောင်ရုံထည်။**

အချို့ကျမ်းချက်များတွင် တမန်တော်မြတ်သည် ''ဟုလ္လဟ်ဟမ်ရာ''အနီရောင်ရှိသော ဝတ်လုံတော်ကိုလည်း အသုံးပြုတော်မူခဲ့သည်ဟူ၍ ပါရှိ၏။ ''ဟမ်ရာ''၏အဓိပ္ပာယ်မှာ အနီရောင်ဟူရ၏။ ထို့အတွက်များစွာသောဟဒိဆ်ပညာရှင်များက ''ဟုလ္လဟ်ဟမ်ရာ''၏ အလိုသဘောမှာလည်း အနီရောင်ရှိသော ဝတ်လုံတော်ဟူ၍ပင် ကောက်ယူကြ၏၊ သို့ရာတွင် အလ္လာမဟ်ဣဗ်နူလ်ကိုင်ယင်မ်က ''တမန်တော်မြတ်သည် ဘယ်သောအခါကမျှအနီရောင်ရှိသော အဝတ်အစားများကိုအသုံးပြုတော်မမူခဲ့ပေ။ အမျိုးသားများအားလည်း အနီရောင်ရှိသော အဝတ်အစားများကို ဝတ်ဆင်ခွင့်ပြုတော်မမူခဲ့ပေ။ ''ဟုလ္လယ်ဟမ်ရာ''သည်အမှန်မှာ ယမန်ပြည်လုပ်ရုံထည်တစ်မျိုးဖြစ်သည်။ ယင်းရုံထည်များတွင် အနီရောင်အစင်းကလေးများပါရှိသည်၊ ဤသည်ကိုအကြောင်းပြု၍''ဟုလ္လဟ်ဟမ်ရာ'' ဟုခေါ်ဆိုကြခြင်းဖြစ်သည်။ တမန်တော်မြတ်သည်တစ်ခါတစ်ရံ ယင်းသို့သောရုံထည်များကိုလည်း ရုံတော်မူလေ့ရှိသည်ဟု ဝေဖန်ရေးသားထားသည်။ မည်သို့ရှိစေ အများမူဟဒိဒိဆ်ပညာရှင်များကမူ ''ဟုလ္လဟ်ဟမ်ရာ''အလိုသဘောကို ယင်းသို့တစ်မျိုးတစ်စားကောက်ရန် အထောက်အထားမရှိဟုဆိုကြသည်၊ ဤအကြောင်းဇုရ်ကာနီကျမ်းတွင် အကျယ်တစ်ဝင့်တွေ့ရှိရပေသည်။

တမန်တော်မြတ်၏အဝတ်အစားများနှင့်စပ်လျဉ်း၍ကျမ်းအစောင်စောင်ကိုလေ့လာရာတွင် တမန်တော်မြတ်သည် အခါအားလျော်စွာ အနက်ရောင်၊ အနီရောင်၊ အစိမ်းရောင်၊ ကုံကမံရောင် စသည့် အရောင်အမျိုးမျိုးရှိ အဝတ်အစားများကို ဝတ်ဆင်တော်မူခဲ့ကြောင်း၊ သို့ရာတွင် အဖြူရောင်ကိုမူ အထူးနှစ်သက်တော်မူကြောင်း တွေ့ရှိရပေသည်။

(ကြည့်–အဗူဒါဝူဒ်ကျမ်း၊ မွတ်စ်နဒ်ဣဗ်နူဟန်ဗလ်။)

အတွဲ–(၁)၊ စာမျက်နှာ(၂၄၇)။

တစ်ခါတစ်ရံ တမန်တော်မြတ်သည် ပေါင်းကားပုံပါသောရုံထည်များကိုလည်း အသုံးပြုတော်မူခဲ့ပေသည်။
(ကြည့်–အဗူဒါဝုဒ်ကျမ်း၊ ဝတ်စားဆင်ယင်မှု အခန်း)

**ခြေနင်းတော်။**

တမန်တော်မြတ်စီးနင်းတော်မူသည့် ခြေနင်းတော်မှာ ဖိနပ်ကြိုးပါသော ရှေ့ထိုးသားရေဖိနပ်တစ်မျိုးပင်ဖြစ်သည်။ နောက်ပိုင်းအထက်ဘက်ဖြတ်ထားသော ဘွတ်ဖိနပ်နှင့်တူသည်။

**အိပ်ရာတော်။**

တမန်တော်မြတ်၏ အိပ်ရာခင်းမှာ သားရေနှင့်ပြုလုပ်ထားသော အိပ်ရာခင်းဖြစ်သည်။ အတွင်းတွင်လဲမှို့မဟုတ်ပဲ၊ စွန်ပလွံအရွက်များထည့်ထားသည်။ ခုတင်မှာသာမန်ပင်ဖြစ်သည်။ ထို့အတွက် တမန်တော်မြတ်ကိုယ်ခန္ဓာပေါ်၌ အစင်းများပင်ထင်နေလေ့ရှိသည်။

**လက်စွပ်တော်။**

အီသီယိုပီးယားပြည်၊ နဂျာရှီဘုရင်နှင့် ရောမပြည် ကိုင်ဆာဘုရင်ထံသို့ တမန်တော်မြတ် စာချွန်တော်ပို့ရန် ကြံရွယ်တော်မူသည့်အခါ တပည့်သားများကဘုရင်များ၊ မင်းများသည် တံဆိပ်မပါသော စာ းကိုလက်ခံလေ့မရှိကြောင်း လျှောက်ထားရာ၊ တမန်တော်မြတ်သည်ငွေသားဖြင့် လက်စွပ်တော်ပြုလုပ်စေတော်မူ၏။ လက်စွပ်ပေါ်တွင် "မုဟမ္မဒ်" "ရစူလ်" "အလ္လာဟ်" ဟူသော အက္ခရာများကိုမျဉ်းကြောင်းသုံးကြောင်းတွင် အထက်အောက်တွင်းစေတော်မူ၏။

တမန်တော်မြတ်သည် အဆိုပါလက်စွပ်တော်ကို တံဆိပ်ခတ်နှိပ်တော်မူသည့်အချိန်တွင်သာ အသုံးပြုတော်မူလေ့ရှိသည်။ လက်စွပ်တော်ကိုလက်ယာလက်တွင် ဝတ်တော်မူလေ့ရှိသည်။

**သံချပ်အင်္ကျီနှင့် သံခမောက်။**

တမန်တော်မြတ်သည်စစ်ပွဲများတွင် သံချပ်အင်္ကျီ(၂)ထည်ကိုင်ဝတ်ဆင်ထားတော်မူခဲ့သည်။ တမန်တော်မြတ် ကိုင်ဆောင်တော်မူသောအချို့ဓားလွယ်များ၏အရိုးများတွင် ငွေကွပ်ထားသည်။

အစားအစာ။

တမန်တော်မြတ်သည် မိမိအကျိုးထက် သူတစ်ပါးအကျိုးသည်ပိုး စောင့်မှုလေ့ရှိသည်၊ လောကီစည်းစိမ်များကိုမမက်၊ ထို့အတွက်ကြောင့် အဆီ၊ အနှစ်၊ အရသာပြည့်ဝလှသည့်စားဘွယ်သောက်ဘွယ်များကို စားသုံးခွင့်ပင်ရတော် မမူရှာခဲ့ပေ။ ဗိုခါရီကျမ်း၊ စားသောက်ခန်းတွင် ပါရှိသည့်အတိုင်းဆိုလျှင် တမန်တော်မြတ်သည် မိမိသက်တမ်းတစ်လျှောက်လုံးတွင် "ချပါတီ" မုန့်ကိုပင် မြင်တော်မမူခဲ့ဘူးရှာပေ။

တမန်တော်မြတ် စရိကယ်(ရှလကာရည်)၊ ပျားရည်၊ဟာလ်ဝါ၊ ဇိုင်တွန်(သံလွင်)ဆီ၊ ဗူးသီးများကိုအထူး နှစ်သက်တော်မူသည်။ ဗူးသီးအဖတ်များကို ဟင်းခွက်တွင်ရှာ၍ စားသုံးတော်မူလေ့ရှိသည်။

တစ်ရက် တမန်တော်မြတ်သည် အွန်မုဟာနိသခင်မအိမ်သို့ ကြွလာပြီး တစုံတရာ စားစရာရှိပါသလားဟုမေးရာ၊ စရိကယ်ရှိပါကြောင်းလျှောက်ထား၏။ တမန်တော်မြတ်က "အိမ်တစ်အိမ်တွင် စရိကယ်ရှိလျှင် ထို့အိမ်ရှင်ကို မရှိဆင်းရဲသားဟူ မဆိုနိုင်" ဟု မိန့်ကြားတော်မူခဲ့လေသည်။

အာရေဗျပြည်၌ အာဟာရတစ်မျိုးရှိသည်၊ 'ဟီးစ်' ဟု ခေါ်သည်။ ဟီးစ်ကို ထောပတ်ထဲတွင်ဒိန်ခဲနှင့် စွန်ပလွံသီး ထည့်၍ ချက်ပြုတ်ရသည်။ တမန်တော်မြတ်သည် ဤသည့် ဟီးစ်ကို အထူးနှစ်သက်တော်မူသည်။

တစ်ရက်၊ မြေးတော် ဟစန်နှင့် သာဝကကြီး အဗ်ဒူလာဟ်ဣဗ်နု အဗ်ဗာစ်သည် စလ်မာသခင်မထံသွားပြီး တမန်တော်မြတ် ကြိုက်နှစ်သက်တော်မူသည့် အစားအစာချက်၍ ကျွန်တော်တို့ကို ကျွေးပါဟုပြောသည်။ စလ်မာသခင်မက အဆိုပါအစားအစာကို နှစ်သက်ပါမည်လားဟု မေးသည်။ လူအများက ဝိုင်းပြီး မေတ္တာရပ်ခံကြသည့်အတွက် နောက်ဆုံး၌ ဝလ်မာသခင်မသည် လူးဆန်ကိုအမှုန့်ကျိတ်၍ အိုးတွင်ထည့်ပြီး မီးပေါ်တင်လိုက်သည်၊ ထို့နောက် သံလွင်ဆီဖီရာနှင့် ငရုပ်ကောင်းထည့်သည်၊ ကျက်သွားသည့်အခါ၊ ခူးခပ်အသင့်ပြင်ဆင်ပြီး "ဤသည် တမန်တော်မြတ် အနှစ်သက်ဆုံး အာဟာရပင်ဖြစ်သည်" ဟု ပြောပြလေသည်။

တမန်တော်မြတ်သည် အသားများအနက် (ဒွန်ဗာ) သိုးမြီးပိုင်း၊ ကြက်၊ ငုံး၊ ကုလားအုပ်၊ ဆိတ်၊ သိုး၊ တောမြည်း၊ ယုန်၊ ငါးတို့၏ အသားကို စားသုံးတော်မူ၏၊ အသားများအနက် လက်ပြင်သားကို အထူးပင် နှစ်ခြိုက်တော်မူ၏။

တိရိမိဇ္ဇ ကျမ်းတွင် ကြင်ယာတော်အာအိရှဟ်၏ ပြောပြချက်တစ်ရပ်ပါရှိသည်မှာ တမန်တော်မြတ်သည် အမှန်မှာ လက်ပြင်သားကို ထိုမျှနှစ်သက်တော်မူသည်မဟုတ်၊ အကြောင်းက တစ်ခါတစ်ရံ အိမ်တော်တွင် နေ့ရက်အတန်ကြာသည်အထိ ထိုအသားဝယ်ယူမသုံးဖြစ်နိုင်ဖြစ်တတ်သည်။ ထို့အတွက် အသားရလာလျှင် တမန်တော်မြတ်သည် အမြန်ကျက်စေလိုသည်၊ လက်ပြင်သားသည် အမြန်ကျက်သည်၊ နူးသည်၊ ထို့အတွက် တမန်တော်မြတ်က လက်ပြင်သားကို ဦးစားပေးချက်ပြုတ်စေတော်မူခြင်းဖြစ်သည်ဟူ၏။

အခြားအခြားသော ကျမ်းချက်များကို ထောက်ရှုပါက တမန်တော်မြတ်သည် အထူးသဖြင့် လက်ပြင်သားကို နှစ်သက်တော်မူသည်မှာ အမှန်ပင်ဖြစ်ပေသည်။

ကြင်ယာတော်ဆူဖီယဟ်နှင့် ထိမ်းမြားပြီး 'ဝလီမဟ်' ကျွေးမွေးတော်မူရာတွင် ညွှတ်ခံပွဲ၌ စွန်ပလွံသီးနှင့် ဂျုံလှော်မှုန့်သာ ပါရှိခဲ့သည်။

တမန်တော်မြတ်သည် ဖရဲသီးကိုစွန်ပလွံသီးရောပြီး စားသုံးတော်မူလေ့ရှိသည်၊ သေးသွယ်သော သခွါးသီးများကိုလည်း အထူးနှစ်သက်တော်မူသည်။

တစ်ကြိမ်သော် သာဝကကြီး မိအ်ဝါဇ်ဣဗ်နုအဖ်ရာ၏ သမီးက တမန်တော်မြတ်အား စွန်ပလွံသီးနှင့် သေးသွယ်သော သခွါးသီးများကို ညွှတ်ခံကျွေးမွေးခဲ့သည်။

တမန်တော်မြတ်သည် တစ်ခါတစ်ရံ မုန့်နှင့် စွံပလွံသီးကို ရော၍ စားသုံးတော်မူလေ့ရှိသည်။

တမန်တော်မြတ်သည် ရေအေးအေးကို အလွန် နှစ်သက်တော်မူသည်။ တစ်ခါတစ်ရံ နို့ရည်ချည်းကိုလည်း သောက်သုံးတော်မူလေ့ရှိသည်။ တစ်ခါတစ်ရံ ရေနှင့်ရောစပ်၍ သောက်သုံးတော်မူသည်။

'တစ်ခါတစ်ရံ လတ်ဆတ်သောစပျစ်သီး၊ စပျစ်သီး အခြောက်နှင့် စွန်ပလွံသီးများကို ရေတွင် စိမ်ထား၏။ အတန်ကြာသောအခါ ထိုရေကို တမန်တော်မြတ်သောက်သုံးတော်မူလေ့ရှိသည်။

တမန်တော်မြတ်အသုံးပြုတော်မူလေ့ရှိသည့် ပန်းကန်ခွက်ယောက်များတွင် သစ်သားနှင့်ပြုလုပ်ထားသည့် ခွက်တစ်လုံးလည်း ပါရှိသည်၊

သံကြိုးများနှင့် တုပ်နှောင်ထားသည်။ (ကျိုးပဲ့သွား၍ ယင်းသို့တုပ်နှောင်ထားဟန်ရှိသည်။)

တမန်တော်မြတ်သည် ထမင်းပွဲတွင် ရောက်ရှိလာသော စားဖွယ်သောက်ဖွယ်ရာများကို စားသုံးတော်မူလေ့ရှိသည်။ တစုံတရာကို နှစ်ခြိုက်တော်မမူပါက ထိုအရာကိုသုံးတော်မူလေ့မရှိ၊ မကောင်းလည်း မပြော။

မိမိရှေ့တွင်ရှိသော ဟင်းလျာကိုသာ သုံးဆောင်တော်မူလေ့ရှိသည်။ ဟိုဟိုသည်သည် လက်လှမ်းတော်မူလေ့မရှိ၊ ယင်းသို့ ပြုမူခြင်းမှာ သူတစ်ပါးတို့ကိုလည်း တားမြစ်တော်မူလေ့ရှိသည်။

**စားပုံသောက်ပုံ**

တမန်တော်မြတ်သည် အစားအစာကို ခေါင်းအုံး၊ သို့မဟုတ် မှီဖွယ်ရာတစုံတရာကို မှီပြီး စားသုံးတော်မူလေ့မရှိပေ။ ယင်းသို့ စားသုံးခြင်းကိုလည်း နှစ်သက်တော်မမူပေ။

တမန်တော်မြတ်သည် အစားအစာများကို စားပွဲပေါ်၌ဝင်သော်လည်းကောင်း၊ စားပွဲဝိုင်း(အနိမ့်)ပေါ်တွင်သော်လည်းကောင်း အလျင်းစားသုံးတော်မူလေ့မရှိခဲ့ပေ။

တမန်တော်မြတ်သည် ထမင်းကို လက်ချောင်းသုံးချောင်းဖြင့်သာ စားသုံးတော်မူလေ့ရှိသည်။ ကြည့်- ဗိုခါရီကျမ်း၊ စားသောက်ခန်း။

အဗူဒါဝုဒ်ကျမ်းတွင် 'အသားကို ဓားဖြင့် လှီးမစားကြနှင့်' ဟူ၍ ပါရှိသည်မှာ မခိုင်လုံပေ။

**အဝတ်အစား**

တမန်တော်မြတ်သည် ဂုဏ်ပကာသန၊ ဂုဏ်ဟိတ်၊ အရှိန်အဝါများကိုစက်ဆုပ်ရွံရှာတော်မူခဲ့ပေသည်။ သို့ပင်တစေ တစ်ခါတစ်ရံ ကျက်သရေရှိသော၊ အဖိုးတန်သောအဝတ်အစားများကိုလည်း ဝတ်ဆင်တော်မူခဲ့ပေသည်။

သာဝကကြီး အဗ်ဒုလ္လာဟ်ဗ္ဗင်နူအဗ်ဗါစ်သည် ဟရူရီယတ်ထံသို့သံအဖြစ်နှင့်ကြွသွားသည့်အခါယမန်ပြည်လုပ်အလွန်အဖိုးတန်သော အဝတ်အစားများကို ဝတ်ဆင်၍ကြွသွားခဲ့သည်။ ဟရူရီယတ်က အလွန်အဖိုးတန်

သော အဝတ်အစားများဝတ်ဆင်ထားပါသလားဟုမေးရာ၊ သာဝကကြီး အဗ်ဒုလ္လာဟ်ဗ်ကူဗ်နုအဗ်ဗ်ာစ်က "လူကြီးမင်းသည် ဤမျှဝတ်ဆင်ထားသည်ကိုပင် အပြစ်ဆိုချင်သည်၊ ကျွန်ုပ်သည် တမန်တော်မြတ်အား ကောင်းသည်ထက်ကောင်းသော အဝတ်အစားများ ဝတ်ဆင်ထားတော်မူသည်ကို တွေ့မြင်ခဲ့ပါသည်"ဟု ပြောပြခဲ့လေသည်။

၄ (ကြည့်- အဗူဒါဝုဒ်ကျမ်း၊ ဝတ်စားဆင်ယင်မှုအခန်း)

သာဝကကြီး အဗ်ဒုလ္လာဟ်ကူဗ်နုအုမရ်သည် လောကီစည်းစိမ်ကို ခလိုလွှာခဲ့ပေ။ သာမန်အဝတ်အစားများကို ဝတ်ဆင်နေလေ့ရှိသည်။ တစ်ခါသော်.... အဆိုပါ သာဝကကြီးသည် ဈေးမှ ဆီးရီးယားပြည်လုပ် စတ်စုံတစ်စုံဝယ်လာခဲ့သည်။ အိမ်ရောက်၍ဖွင့်ကြည့်သောအခါ အဆိုပါ ဝတ်စုံတွင် အနီရောင်အစင်းများ ပါရှိသည်ကို တွေ့ရသဖြင့် ဈေးသို့ပြန်သွားပြီး ဆက်ဆိုင်ရာပုဂ္ဂိုလ်အား ပြန်ပေးလိုက်သည်။ ဤအဖြစ်အပျက်ကို တစ်ဦးတစ်ယောက်က ကြင်ယာတော်အာအိရှဟ်၏အစ်မ အာက်စ်မာသခင်မအား ပြောပြရာ၊ အာက်စ်မာသခင်မသည် တမန်တော်မြတ်၏ 'ဂျုဗ်ဗဟ်' ဝတ်ရုံတော်ကိုမှာယူပြီး လူအများကို ပြသလေသည်။ တမန်တော်မြတ်၏ ဝတ်ရုံတော်အိတ်ကပ်၊ လက်နှင့်အစွန်းအဖျားများတွင် ပိုးတစ်မျိုးနှင့် ကွပ်ထားသည်ကို တွေ့ရှိရပေသည်။

(အခါအားလျော်စွာ အချို့တိုင်းပြည်အကြီးအကဲများနှင့် ဘုရင်များသည် တမန်တော်မြတ်ထံသို့ အဖိုးတန်သော အဝတ်အစားများကို လက်ဆောင်အဖြစ် ပို့ခဲ့ကြသည်၊ တမန်တော်မြတ် လက်ခံတော်မူခဲ့သည်။ တစ်ခါတစ်ရံ ဝတ်ဆင်တော်မူသည်။

**နှစ်သက်တော်မူသောအရောင်အဆင်း**

တမန်တော်မြတ်သည် အရောင်များတွင် ရွှေဝါရောင်ကို အလွန်နှစ်သက်တော်မူသည်။ တစ်ခါတစ်ရံ တမန်တော်မြတ်သည် အဝတ်အစားများနှင့် ပေါင်းထုပ်တော်ကိုပါ ရွှေဝါရောင်ဆိုး၍ ဝတ်ဆင်တော်မူသည်။

(ကြည့်- အဗူဒါဝုဒ်ကျမ်း၊ ဆေးဆိုးသည့်အခန်း)

တမန်တော်မြတ်သည် အဖြူရောင်ကိုလည်း အလွန်နှစ်သက်တော်မူသည်၊ ဤအရောင်သည် အရောင်များတွင် အကောင်းဆုံးဖြစ်သည် ဟူ၍ မိန့်ကြားတော်မူလေ့ရှိသည်။

**နှစ်သက်တော်မမူသော အရောင်အဆင်း**

တမန်တော်မြတ်သည် အနီရောင်ကို နှစ်သက်တော်မမူပေ၊

တစ်ခါသော်.... သာဝကကြီး အဗ်ဒုလ္လာဟ်ဣဗ်နူအမရ်သည် အနီရောင်အဝတ်အစားများကို ဝတ်ဆင်၍ တမန်တော်မြတ်ထံ ရောက်လာရာ၊ တမန်တော်မြတ်က (နှစ်မြို့တော်မမူသည့်သဘောဖြင့်) ''ဤသည် ဘာအဝတ်အစားလဲ''ဟု မိန့်ကြားတော်မူ၏။ သာဝကကြီး အဗ်ဒုလ္လာဟ်သည် အဝတ်အစားများကို မီးထဲပစ်ထည့်လိုက်၏။ ဤအကြောင်းကို သိတော်မူသည့်အခါ တမန်တော်မြတ်က ''မီးရှို့ရန် မလိုပါ၊ အမျိုးသမီးတစ်ဦးဦးအား ပေးလိုက်လျှင် ကောင်းပါသည်''ဟု ပြောကြားတော်မူလေသည်။

(ကြည့်– အဗူဒါဝူဒ်ကျမ်း၊ အနီရောင်အခန်း)

အာရေဗျပြည်တွင် မြေနီတစ်မျိုးရှိသည်။ အရဗ်ဘာသာစကားတွင် 'မဿရဟ်၊ မဿရဟ်'ဟုခေါ်သည်။ ထိုမြေနီဖြင့် အဝတ်အစားများကို ဆိုးလေ့ရှိကြသည်။ ဤအရောင်ကိုတမန်တော်မြတ်လုံးဝနှစ်သက်တော်မမူပေ။

တစ်ရက်၊ ကြင်ယာတော်ဇိုင်နဗ်သည် အဆိုပါ မြေနီဖြင့် အဝတ်များဆိုးနေ၏။ တမန်တော်မြတ်ကြွလာတော်မူ၏။ ယင်းသို့ အဝတ်များဆိုးနေသည်ကို တွေ့မြင်သောအခါ ပြန်ကြွသွားတော်မူ၏၊ ကြင်ယာတော်သည် တမန်တော်မြတ်နှစ်မြို့တော်မမူသည်ကို ရိပ်စားမိသဖြင့် ဆိုးထားသော ဆေးရောင်များကျွတ်သွားအောင် အဝတ်များကို လျှော်ပစ်လေသည်။ အတန်ကြာသောအခါ တမန်တော်မြတ် ပြန်ကြွလာတော်မူ၏။ မြေနီဖြင့် ဆိုးထားသောအဝတ်အစား တစ်စုံတစ်ရာကို မတွေ့မမြင်ရတော့မှ အိမ်တွင်းသို့ ဝင်တော်မူလေသည်။

တစ်ရက်၊ ပုဂ္ဂိုလ်တစ်ဦးသည် နီရဲသော အဝတ်အစားများကို ဝတ်ဆင်၍လာ၏။ တမန်တော်မြတ်အား စလာမ်ပေး၏၊ တမန်တော်မြတ် စလာမ်ပြန်တော်မမူခဲ့ပေ။

တစ်ခါသော်...သာဝကများသည် စီးနင်းသော ကုလားအုပ်များ ပေါ်တွင် အနီရောင်စောင်ပိုင်းများကို လွှမ်းခြုံထားကြ၏။ တမန်တော်မြတ်က "ဤအရောင် အသင်တို့အပေါ်လွှမ်းသွားမည်ကို ငါမကြည့်ချင်" မိန့်ကြားတော်မူ၏။ ထိုအခါ သာဝကများသည် 'လျင်မြန်စွာပြေး၍ မိမိတို့ လွှမ်းခြုံပေးထားကြသော စောင်ပိုင်းများကို ခွာပြီး လွှင့်ပစ်ကြလေသည်။

## နံ့သာကို သုံးဆောင်တော်မူခြင်း။

တမန်တော်မြတ်သည် နံ့သာအမွှေးအကြိုင်ကို အလွန်နှစ်သက်တော်မူသည်။ တစ်ဦးတစ်ယောက်က တမန်တော်မြတ်ထံ နံ့သာတစ်စုံတရာ လက်ဆောင်ပို့လျှင် တမန်တော်မြတ်သည် ငြင်းတော်မူသည်မရှိ၊ လက်ခံတော်မူသည်သာ ဖြစ်သည်။

အာရေဗျပြည်လွှင် နံ့သာတစ်မျိုးရှိသည်၊ 'စွတ်ကွတ်' ဟုခေါ်၏။ တမန်တော်မြတ်သည် အဆိုပါ နံ့သာကို အမြဲတစေပင် သုံးတော်မူလေ့ရှိသည်။

လမ်းတစ်လမ်းမှ တမန်တော်မြတ် ဖြတ်သန်းကြွသွားတော်မူလျှင် တစ်လမ်းလုံးကြိုင်သွားသည်ဟု သာဝကများက ပြောပြကြသည်။

တမန်တော်မြတ်က အမျိုးသားတို့အသုံးပြုသော နံ့သာတွင် အနံ့ပျံ့ရမည်၊ အရောင်မထွက်ရ၊ အမျိုးသမီးတို့ အသုံးပြုသော နံ့သာတွင် အရောင်ပေါ်လွင်ရမည်၊ အနံ့မပြန့်ရ' ဟု မိန့်ကြားတော်မူလေ့ရှိသည်။

## သန့်ပြန့်မှုကို နှစ်သက်တော်မူခြင်း။

တမန်တော်မြတ်သည် အတိုင်းထက်အလွန် သန့်ပြန့်တော်မူသည်။ သန့်ပြန့်မှုကို အလွန်နှစ်ခြိုက်တော်မူသည်။ တစ်ရက်၊ လူတစ်ယောက်သည် အလွန်ညစ်ပေသော အဝတ်အစားများကို ဝတ်ထား၏။ တမန်တော်မြတ်က ထိုသူအား တွေ့မြင်သောအခါ၊ "ဤသူသည် အဝတ်များကို ဘာဖြစ်လို့များ မလျှော်ဘဲနေပါသလဲ" ဟု ဆုံးမတော်မူလိုက်လေသည်။

တစ်ရက်၊ လူတစ်ယောက်သည် ဟောင်းနွမ်း ညစ်ညမ်း လှသော အဝတ်အစားများကိုဝတ်ဆင်လျက် တမန်တော်မြတ်ထံ ရောက်ရှိလာ၏။ တမန်တော်မြတ်က ထိုသူအား "အသင့်၌ ဥစ္စာပစ္စည်း အသင့်အတင့်ရှိပါသလား" ဟုမေးရာ၊ ထိုသူက "ကျွန်ုပ်၌ အသင့်အတင့်ရှိပါသည်" ဟု လျှောက်ထား၏၊ ထိုအခါ တမန်တော်မြတ်က "အလ္လာအသျှင်မြတ်က ဥစ္စာပစ္စည်းချီးမြှင့်ထားတော်မူလျှင် ထိုကျေးဇူးတော်ကို ရုပ်ဆင်းသဏ္ဌာန်တွင်လည်း ပေါ်လွင်စေရာသည်" ဟု ဆုံးမတော်မူလိုက်လေသည်။

အရဗ်လူမျိုးတို့သည် အစပထမတွင် ယဉ်ကျေးဖွယ်ရာသော အဖြစ်အနေကို နားမလည်ကြသေးပေ၊ မယဉ်ကျေးကြသေးပေ၊ ဗလီကျောင်းတော်သို့လာကြလျှင် ဝတ်ပြုနေသည့်အချိန်အတွင်းမှာပင် နံရံများအပေါ်သို့၊ သို့မဟုတ် မိမိတို့ရှေ့ရှိမြေကြီးပေါ်သို့ တံတွေး ထွေးကြသည်။ ဤသည်ကို တမန်တော်မြတ်အလွန်အမင်း စက်ဆုပ်ရွံရှာတော်မူသည်၊ နံရံများပေါ်၌ တံတွေးစက်များကို တွေ့မြင်တော်မူလျှင် လက်ကသုံးတောင်ဝှေးဖြင့် ခြစ်ပစ်တော်မူသည်။

တစ်ခါသော် တမန်တော်မြတ်သည် နံရံပေါ်တွင် တံတွေးစက်တစ်စက်ကို မြင်တော်မူရာ၊ ဒေါသအဘယ်မျှထွက်တော်မူသည်ဆိုသော်.... ရွှေမျက်နှာတော်သည် နီရဲသွားခဲ့လေ၏။ အန်ဆွာရီအမျိုးသမီးတစ်ဦးက အဆိုပါ တံတွေးစက်ကို သန့်ရှင်းပစ်လိုက်၏။ ထို့နောက် အဆိုပါနေရာ၌ အမွှေးအကြိုင်တို့ လိမ်းကျံထားလိုက်၏။ဤသည်ကို တွေ့မြင်သောအခါ တမန်တော်မြတ်သည် အလွန် ဝမ်းသာတော်မူ၏။ အဆိုပါ အမျိုးသမီးအား ချီးမွမ်းတော်မူ၏။

တမန်တော်မြတ်သည် ဓမ္မဆောင်တော်တွင် သင်းပြန့်နေစေရန် တစ်ခါတစ်ရံ အမွှေးခဲအမွှေးတိုင်များကို ရှို့ထားလေ့ရှိသည်။ ရှို့ရာတွင် တစ်ခါတစ်ရံ နံ့သာဖြူလည်း ပါ၏၊ တစ်ခါတစ်ရံ ကာဖူရ် (ကပူရ်)လည်း ပါရှိ၏

တမန်တော်မြတ်သည် များသောအားဖြင့် ကတိုးနှင့် (အန်ဗရ်) အန်ဗဟ်ကို အသုံးပြုလေ့ရှိသည်။

တစ်ရက်၊ ခေါင်းမွှေးစုတ်ဖွားဖြစ်နေသူ တစ်ယောက်ကို မြင်ရာ၊ တမန်တော်မြတ်က "ဤသူသည် ခေါင်းမွှေး တခြင် သပ်သပ်ရပ်ရပ်ဖီးမထားနိုင်ရှာဘူး" ဟု ပြောဆိုတော်မူလိုက်လေသည်။

တစ်ခါသော် တမန်တော်မြတ်သည်သိုးမွေးစောင်ကိုခြုံတော်မူ၏။ ချွေးများထွက်လာသောအခါ စောင်ကိုခွါပြီး ချထားတော်မူလိုက်၏။

တစ်ရက်၊ တမန်တော်မြတ်၏ ဗလီကျောင်းတော်သို့ လူအများ ရောက်လာ၏၊ ဗလီတော်မှာ မကျယ်လှပေ။ ရောက်လာသူများမှာလည်း အလုပ်နှင့် အကိုင်နှင့် ဖြစ်ကြရာ၊ အလုပ်လုပ်ရာမှ ဟောင်းနွမ်း ညစ်ညမ်းသော အဝတ်အစားများ ဝတ်ဆင်လျက်ပင် ရောက်ရှိလာကြ၏။ ချွေးပြိုက် ပြိုက်ကျလာသောအခါ ဗလီကျောင်းတော်တစ်ခုလုံးမှာ ချွေးစော်နံနေ တော့၏။ ထိုအခါ တမန်တော်မြတ်က ရေချိုးပြီးလာကြလျှင် ကောင်း မှာဘဲဟု မိန့်ကြားတော်မူလိုက်၏။ ထိုနေ့မှစ၍ သောကြာနေ့ ရေချိုးခြင်း မှာ အစ္စလာမ့်တရားတော်၏ အမိန့်တစ်ရပ် ဖြစ်လာခဲ့ပေသည်။

တမန်တော်မြတ်၏ ဗလီတော်တွင် နေ့စဉ်တံမျက်လှည်းရန် စီစဉ် ထား၏။ အုန်မူမိတ်ဂျန်အမည်ရှိ အမျိုးသမီးတစ်ဦးသည် ဗလီတော်တွင် နေ့စဉ်တံမျက်လှည်းသည်။

တမန်တော်မြတ်က "ဗလီများတွင် ကလေးပေါက်စများ ရူးသွပ် သူများ ရောက်မသွားကြပါစေနှင့်၊ အဖရောင်းအဝယ် မပြုလုပ်ကြပါနှင့်" ဟု အမိန့်ပေးထားတော်မူသည်။ ဗလီများတွင် အထူးသဖြင့် သောကြာ နေ့တွင် အမွှေးနံ့သာများထွန်းညှိထားကြရန်လည်း အမိန့်ပေးထားတော် မူသည်။

အရဗ်လူမျိုးတို့သည် တစ်ချိန်က တောနေလူတန်းစားများ ဖြစ်ခဲ့ ကြသည့်အလျောက် သန့်ရှင်းမှုကို နားမလည်ခဲ့ကြပေ၊ ထို့အတွက် တမန် တော်မြတ်သည် သန့်ရှင်းမှုနှင့် ပတ်သက်၍ ပညာပေးရာတွင် အထူး တလည်ဂရုစိုက်တော်မူခဲ့ရလေသည်။

တောကျေးသား အရဗ်များသည် လမ်းပေါ်တွင် ကျင်ကြီး ကျင် ငယ်စွန့်လေ့ရှိခဲ့ကြသည်။ ဤသည်ကို တမန်တော်မြတ်သည် အတိုင်းထက် အလွန် စက်ဆုပ်ရွံရှာတော်မူသည်။ အမြဲတစေ လွှေးလေးနက်နက် တား မြစ်တော်မူလေ့ရှိခဲ့ပေသည်။ တားမြစ်တော်မူခဲ့သည်သာမက လမ်းများ ပေါ်တွင်၊ သစ်ပင်အရိပ်တွင် ကျင်ကြီးကျင်ငယ် စွန့်သူများကို ကျိန်ဆဲ တော်မူခဲ့လေသည်။

ဒီ ချို့အကြီးအကဲများသည် ပျင်းရိကြသည့်အတွက် (အိမ်သာသို့မသွားဘဲ) နွက်တစ်ခုခုတွင် ကျင်ငယ်သွားလေ့ရှိခဲ့ကြသည်၊ တမန်တော်မြတ်သည် ဤသည်ကိုလည်း တားမြစ်တော်မူခဲ့ပေသည်။

အရဗ်တို့သည် ယခင်က ကျင်ငယ်သွားပြီးနောက် ဆေးကျော သုတ်သင်လေ့မရှိခဲ့ကြပေ။ ကျင်ငယ်အပေါက်အစက်များမှ မိမိတို့၏ အဝတ်အစားများကို ဖယ်ရှားလေ့လည်း မရှိခဲ့ကြပေ။ တစ်ခါသော်.... တမန်တော်မြတ်သည် လမ်းလျှောက်နေတော်မူ၏၊ ရုတ်တစ်ရက် သင်းချိုင်းနှစ်ခုတွေ့မြင်လိုက်ရ၏။ တမန်တော်မြတ်က ''ဤသင်းချိုင်းနှစ်လုံးတွင်ရှိသူနှစ်ဦးအနက် တစ်ဦးမှာ ကျင်ငယ်စွန့်ရာတွင် မိမိ၏အဝတ်အစားများကို ဖယ်ရှားထားလေ့မရှိသည့်အတွက် ပြစ်ဒဏ်ခံနေရခြင်း ဖြစ်သည်'' ဟု ပြောပြတော်မူခဲ့လေသည်။

တစ်ရက်၊ တမန်တော်မြတ်သည် ဗလီတော်သို့ ကြွလာတော်မူ၏။ နံရံများအပေါ်နေရာတိုင်းလိုလိုတွင် တံတွေးခွက်များရှိနေခဲ့၏၊ တမန်တော်မြတ်လက်ထက်တော်တွင် စွန်ပလွံ အလက်တစ်ခုပါရှိ၏။ တမန်တော်မြတ်သည် ထိုအသွက်ဖြင့် တံတွေးစက်အားလုံးကို ခြစ်၍ ဖျက်တော်မူ၏။ ထိုနောက် ဗွတ်ဝန်းကျင်ရှိသူများကို ဒေါသသံဖြင့် ''လူတစ်ယောက်အသင်တို့ရှေ့လာပြီး အသင်တို့၏ မျက်နှာပေါ်၌ တံတွေးထွေးလျှင် အသင်တို့ကြိုက်ပါမည်လား၊ တစ်ဦးတစ်ယောက် ဆွလာတ် ဝတ်ပြုနေလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ၏ရှေ့တွင် ရှိနေတော်မူ၏။

ကောင်းကင်တမန်များသည် ထိုသူ၏ လက်ယာဘက်တွင် ရှိနေကြ၏။ ထို့အတွက် ထိုသူသည် ရှေ့ဘက်တွင်လည်းကောင်း၊ လက်ယာဘက်တွင်လည်းကောင်း၊ မထွေးသင့်ပေဟု မိန့်ကြားတော်မူခဲ့သည်။

သာဝကတစ်ပါးသည် မိမိကိုယ်တိုင် (ဣမာမ်)ရှေ့ဆောင်အဖြစ်ဆွလာတ်ဝတ်ပြုနေချိန်အတွင်း တံတွေးထွေးလိုက်၏။ တမန်တော်မြတ်ကြည့်နေတော်မူ၏။ ထို့နောက် တမန်တော်မြတ်က ''ဤသူသည် နောက်နောင်ရှေ့ဆောင်ဆွလာတ် ဝတ်မပြုပါစေနှင့်'' ဟု တားမြစ်တော်မူလိုက်၏။ ဆွလာတ် ဝတ်ပြုပြီးသောအခါ အဆိုပါ သာဝကသည် တမန်တော်မြတ်ထံရောက်လာပြီး ''တမန်တော်မြတ်၊ တမန်တော်မြတ်က ကျွန်တော်နှင့်ပတ်သက်၍ ဤသို့ မိန့်ကြားတော်မူပါသလား'' ဟု လျှောက်ထားရာ၊

တမန်တော်မြတ်က ''ဟုတ်ဘယ်၊ အသင်သည် အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်အား ဒုက္ခပေးခဲ့သည်''ဟု မိန့်ကြားတော်မူလိုက်လေသည်။

တမန်တော်မြတ်သည် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ မုန်လာဥစသည် အနံ့အသက်ရှိသော အရာများကို နှစ်သက်တော်မမူပေ။ ထိုသို့သော အရာများကို စားသုံးပြီး လူအများ ဗလီမလာကြရန်လည်း တားမြစ်တော်မူသည်၊

တမန်တော်မြတ်က ''ကြက်သွန်နီ၊ ကြက်သွန်ဖြူ စားသုံးသူတစ်ဦးသည် ငါ့ထံမလာရ၊ ငါတို့နှင့်အတူ ဆွလာတ်ဝတ်မပြုရ''ဟု တားမြစ်ထားတော်မူသည်။

(ကြည့်- ဗိုခါရီကျမ်း)

သမ္မတကြီး(ခလီဖဟ်)အုမရ်က ဂျမိ ခိလာဖတ်သမ္မတ သက်တမ်း၌ မိန့်ခွန်းပြောကြားရာတွင် ''အချို့ပုဂ္ဂိုလ်များသည် ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို စားသုံးပြီး ဗလီသို့လာကြသည်၊ တမန်တော်မြတ် လက်ထက်တော်မှာ အဆိုပါ ပစ္စည်းများ စားသုံး၍ ဗလီသို့ လာသူများအား ဗလီမှနှင်ထုတ်၍ (ဗကီးအ်) သင်းချိုင်းသို့ပို့ထားရန် ညွှန်ကြားတော်မူလေ့ရှိသည်ကို ကျွန်ုပ်ကိုယ်တိုင် တွေ့မြင်ခဲ့ရပါသည်''ဟု ထည့်သွင်းပြောခဲ့လေသည်။

(ကြည့်-မွတ်စလင်မ်၊ နိုစာအီ၊ ဣဗ်နုမာဂျဟ်)

# မြင်းပြိုင်ပွဲ

မဒီနာမြို့အပြင်တွင် (မိုင်ဒါန်)လွင်ပြင် ကွင်းပြင်တစ်ခု ရှိသည်။ ထိုကွင်းပြင်မှာ တစ်ဘက်တွင် 'ဟတ်ဆ်ဗာ'မှ အခြားတစ်ဘက်တွင် 'ဆန်ယတုလ်ဝဒါအ်'မှ အထိ (၆)မိုင်ရှိသည်။ ထိုကွင်းပြင်တွင် မြင်းများအား အပြေးကျင့်ပေးလေ့ရှိခဲ့ကြသည်။

မြင်းအပြေးကျင့်ပေးနည်းမှာအပြေးကျင့်ပေးလိုသောမြင်းများကို ဦးစွာပထမ အစာအာဟာရများ ကောင်းစွာ ဝဝလင်လင် ကျွေးလေ့ရှိကြသည်။ သို့…ကျွေးမွေး၍ မြင်းများ ဝဖြိုးဖြိုး ရှိလာကြသောအခါ တစ်ဖန် အစာအာဟာရကို တစ်ဖန် တဖြည်းဖြည်း ပြန်လျှော့ကြပြန်သည်။ ထိုနောက် မြင်းများကို အိမ်ဥပင် ချည်နှောင်၍ ကုန်းနှီးများတင်ပြီး ချည်တိုင်တွင် လှည့်ပတ်ပြေးစေကြသည်၊ ချွေးထွက်လာသည့်အခါ ရပ်နားစေကြသည်။ ချွေးခြောက်သည့်အခါ တစ်ဖန် ပြေးစေကြသည်။ နေ့စဉ်ပင် ဤအတိုင်း ကျင့်ပေးကြသည်၊ ဤသို့ဖြင့် ဝဝဖြိုးဖြိုး ဖြစ်နေခဲ့သော မြင်းများမှာ အသားများစစ်သွားပြီး ပေါ့ပေါ့ပါးပါးဖြစ်လာကြသည်။ ကိုယ်လုံးကိုယ်ပေါက် သေးသွယ်လှပလာသည်။ ဤလေ့ကျင့်မှုမှာ ရက်ပေါင်း (၄၀)ကျမှ ပြီးဆုံးသည်။

တမန်တော်မြတ်၌ စီးနင်းသော မြင်းတစ်ကောင်ရှိသည်၊ အမည်မှာ 'စန်ဂျဟ်'ဟူ၍ ဖြစ်သည်။ တစ်ခါသော်…. တမန်တော်မြတ်သည် အဆိုပါ မြင်းကို ပြိုင်ပွဲဝင်စေတော်မူသည်။ ပြိုင်ပွဲတွင် အဆိုပါ မြင်းပင် နိုင်သည့်အတွက် တမန်တော်မြတ်သည် အထူးတလည် ဝမ်းသာတော်မူခဲ့လေသည်။

(ကြည့်– ဒရုကွတ္တနီကျမ်း၊ မြင်းပြိုင်ပွဲအခန်း၊
အု–(၂)၊ စ–၅၂၀)

မြင်းပြိုင်ပွဲကို စီမံကွပ်ကဲမှုတာဝန်မှာ မောင်လာအလီ၏တာဝန်ပင်ဖြစ်ခဲ့ပေသည်။ မောင်လာအလီက ယင်းတာဝန်ကို မိမိကိုယ်စား စုရာကပ်ဘ္ဂာဗ်နုမာလိက်အား လွှဲအပ်ထားသည်။

## မြင်းပြိုင်ပွဲ စည်းကမ်းချက်များ။

မြင်းပြိုင်ပွဲ ကျင်းပရာ၌ လိုက်နာရန် အချို့ စည်းကမ်းချက်များ သတ်မှတ်ထားသည်။ ယင်းစည်းကမ်းချက်များမှာ အောက်ပါအတိုင်းပင်ဖြစ်လေသည်။

၁။ ပြိုင်ပွဲဝင်မြင်းများကို ဦးစွာပထမ တညီတညွတ်တည်း စီတန်း၍ ရပ်ထားရမည်။

၂။ တာမှမလွှတ်မီ ဇက်ကြိုးအသင့် ပြုလုပ်နိုင်ရန်၊ မြင်းပေါက်ကို အတူထားလိုက ထားနိုင်ရန်၊ ကုန်းနှီးကိုဖြုတ်လိုက ဖြုတ်နိုင်ရန် သုံးကြိမ်တိုင်တိုင် ကျေညာရသည်။

၃။ သုံးကြိမ် ကျေညာပြီးနောက် တစုံတရာ အသံထွက်မလာလျှင် 'အလ္လာဟုအတ်က္ကဗရ်'ဟူ၍ အလ္လာဟ်ဂုဏ်တော်ကို သုံးကြိမ်ဟစ်ကြွေးသည်။ တတိယအကြိမ် ဂုဏ်တော်ဟစ်ကြွေးလိုက်သည်နှင့် တစ်ပြိုင်နက် မြင်းများကို တာလွှတ်ကြသည်။

၄။ ပန်းဝင်ရာ၌ နားရွက်တစ်ရွက်စာမျှ ရှေ့ရောက်လာသောမြင်းမှာ ရှေ့ရောက်သည်၊ နိုင်သည်ဟူ၍ မှတ်ယူကြရသည်။

မောင်လာအလီ ကိုယ်တိုင် မြင်းပြိုင်ကွင်း တစ်ဘက်အစွန်း၌ ထိုင်လေ့ရှိသည်။ ပန်းဝင်ရာ၌ မျဉ်းတစ်ကြောင်း သားထားသည်၊ သားထားသောမျဉ်းကြောင်းတစ်ဘက်စီ၌ လူနှစ်ယောက်ကို မတ်မတ်ရပ်စေသည်။ ပန်းဝင်မြင်းများသည် ထိုသူနှစ်ယောက်၏ကြားမှ ဝင်ကြရသည်။

တမန်တော်မြတ်သက်ထက်တော်တွင် မြင်းပြိုင်ပွဲကျင်းပသလို ကုလားအုပ်ပြိုင်ပွဲလည်း ကျင်းပလေ့ရှိသည်။ တမန်တော်မြတ်၌ 'အဿဗာ' မည်သော ကုလားအုပ်မတစ်ကောင်ရှိသည်၊ ပြိုင်ပွဲတိုင်းတွင် အစဉ်သဖြင့် နိုင်လေ့ရှိသည်။

တစ်ခါသော်....တမန်တော်မြတ်၏ပွဲတိုင်းနိုင်လေ့ရှိသော အဆိုပါ အသိဗ္ဗာသည် အရပ်တောကျေးသား ဗဒူတစ်ယောက်၏ ကုလားအုပ်နှင့် ပြိုင်ရာ၊ မမျှော်လင့်ဘဲ ဗဒူ၏ကုလားအုပ်က နိုင်သွားလေသည်။ ဤသို့ ဖြစ်ရသည့်အတွက် မွတ်စလင်မ်များသည် အတိုင်းမသိ စိတ်မကောင်းဖြစ် ကြရသည်။ ထိုအခါ တမန်တော်မြတ်က ''ခေါင်းထောင်သော အရာကို နှိမ်ပေးရန်မှာ အလ္လာဟ်အသျှင်မြတ်၏ တာဝန်သာဖြစ်သည်''ဟု ပြောပြ တော်မူလေသည်။

တမန်တော်မြတ်သည် မြင်းများ၏အမျိုးများဖြစ်တောက်ခြင်းကို တားမြစ်တော်မူလေ့ရှိခဲ့သည်။ ထိုမျှမက ''မြင်း၏အမျိုးသည် ခြင်နှင့် ယင်များကို မောင်းနှင်ရန် ယပ်တောင်ပင်ဖြစ်သည်''ဟု မိန့်ကြားတော်မူခဲ့ လေသည်။

# တမန်တော်မြတ် ၏

# နေ့စဉ်လုပ်ရပ်များ

သာဝကကြီး မောင်လာအလီသခင်က တမန်တော်မြတ်မုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် မိမိအချိန်များကို သုံးပိုင် ပိုင်းထားတော်မူသည်၊ တစ်ပိုင်းမှာ အလ္လာဟ်အသျှင်မြတ်အား ခဝပ် ကိုးကွယ်ရန်အတွက်၊ တစ်ပိုင်းမှာ အများပြည်သူအတွက်၊ တစ်ပိုင်းမှာ မိမိကိုယ်ရေးကိုယ်တာအတွက် ဖြစ်သည်ဟု ပြောပြခဲ့လေသည်၊

(ကြည့်- တိရ်မိဇီကျမ်း၊ ရှမာအီလ်အခန်း)

တမန်တော်မြတ်သည် ဖဂျ်ရ်ဆွလာတ် ဝတ်ပြုပြီးသောအခါ မိမိဝတ်ပြုသည့်နေရာတွင်ပင် နေလုံးကောင်းကောင်းကြီး ပေါ်လာသည့်တိုင်အောင် တင်ပျဉ်ခွေထိုင်တော်မူလေ့ရှိသည်။ ဤအချိန်သည် အများပြည်သူများနှင့် တွေ့ဆုံတော်မူသည့်အချိန်ပင် ဖြစ်သည်။ ထိုအချိန်တွင် ပြည်သူအများသည် တမန်တော်မြတ်ထံတော်အပါးတွင် လာရောက်ထိုင်လေ့ရှိကြသည်၊ တမန်တော်မြတ်သည် ၎င်းတို့အား တရားဓမ္မ ဟောညွှန်ပြသတော်မူလေ့ရှိသည်။

အများအားဖြင့် တမန်တော်မြတ်သည် ထိုအချိန်တွင် တပည့်သားများအား မည်သူမည်ဝါ အိပ်မက်မြင်မက်သည်လားဟု မေးတော်မူလေ့ရှိသည်။အိပ်မက်မြင်မက်သူရှိလျှင် မိမိအိပ်မက်ကို ပြောပြသည်။ တမန်တော်မြတ်က ထိုအိပ်မက်၏တိတ္ထုံကို ပြောပြတော်မူသည်။ တစ်ခါတစ်ရံ မိမိမြင်မက်သည့်အိပ်မက်ကို ပြောပြတော်မူလေ့ရှိသည်။

ထို့နောက် အလ္လာဟသလ္လာပပြောဆိုကြသည်။ အချို့တပည့်သားများက အမိုက်ခေတ်၏ အဖြစ်အပျက်များကို ပြောက်တင်ကြသည်။ အချို့က ရယ်ရွှင်ဖွယ်စကားများပင် ပြောဆိုကြသည်။ ထိုအချိန်တွင် တမန်တော်မြတ်သည် ပြုံးနေတော်မူလေ့ရှိသည်။

ထိုအချိန်မှစ၍ ပင် များသောအားဖြင့် စစ်သုံးပန်းပစ္စည်း၊ အခွန်တော် စသည်များကိုလည်း ခွဲဝေပေးတော်မူလေ့ရှိပေသည်။

အချို့ ကျမ်းချက်များအရ၊ အနည်းငယ် နေမြင့်လာသည့်အခါ တမန်တော်မြတ်သည် တစ်ခါတစ်ရံ ဆွလာတ် ၄-ရကာအ်အထိ၊ တစ်ခါတစ်ရံ ၈-ရကာအ်အထိ ဝတ်ပြုတော်မူသည်။ တစ်ခါတစ်ရံ အဝတ်အစားဟောင်းများကို ချုပ်တော်မူသည်။ ဖိနပ်ပြုပြင်ရန်ရှိက မိမိကိုယ်တိုင် ပြုပြင်တော်မူသည်။ တစ်ခါတစ်ရံ နို့ညှစ်တော်မူသည်။

အတ်ဆွ်ရ်ဆွလာတ် ဝတ်ပြုပြီးသောအခါ တမန်တော်မြတ်သည် ကြင်ယာတော်အသီးသီးထံသို့ ကြွသွားတော်မူသည်။ အချိန်အနည်းငယ် နေတော်မူသည်။ ထို့နောက် အလှည့်ကျသည့်ကြင်ယာတော်၏အဆောင်၌ ညဉ့်အိပ်စက်တော်မူသည်။ ကြင်ယာတော်အားလုံးသည် အဆိုပါ အလှည့်ကျကြင်ယာတော်၏ အဆောင်တွင် လာရောက်စုရုံးကြသည်။ အိရှာ အချိန်အထိ အတူနေကြသည်။ ထိုနောက် တမန်တော်မြတ်အိရှာဆွလာတ် ဝတ်ပြုရန် ဗလီတော်သို့ ကြွသွားတော်မူသည်။ ဆွလာတ်ပြီးစီးသည့်အခါ သက်ဆိုင်ရာအဆောင်သို့ ပြန်ကြွလာတော်မူပြီး အိပ်စက်တော်မူသည်။ ကြင်ယာတော်များသည် မိမိတို့အဆောင်များသို့ အသီးသီး ပြန်သွားကြသည်။ တမန်တော်မြတ်သည် အိရှာဆွလာတ်ပြီးသည့်နောက် စကားစမြည် ပြောဆိုနေခြင်းကို နှစ်သက်တော်မမူပေ။

**အိပ်စက်တော်မူခြင်း။**

တမန်တော်မြတ်သည် ယေဘုယျအားဖြင့် အိရှာဆွလာတ် ဝတ်ပြုပြီး အိပ်စက်တော်မူလေ့ရှိသည်။ အိပ်စက်ချိန်တွင် ကုရ်အာန် ကျမ်းလာ ကလာမ်တစ်ပါးပါး (ဥပမာ — စူရဟ်ဗနီအစ္စရာအီလ်၊ ဇုမှရ်၊ ဟဒီးဒ်၊ ဆွဖ်ဂျုမုအတ်၊ တဃာဗွန်)ကို အမှတ်တရ ရွတ်ဖတ်သရဇ္ဈာယ်ပြီးမှ အိပ်စက်တော်မူလေ့ရှိသည်။

တမန်တော်မြတ်သည် အိပ်စက်တော်မူသည့်အခါ အောက်ပါအတိုင်း ဆုမွန်ကောင်းတောင်းတော်မူလေ့ရှိတည်။

اللهم باسمك اموت واحيى

"အို.... အလ္လာဟ်၊ အသျှင့်နာမံတော်တသကာ ကျွန်တော်မျိုး သေဆုံးပါသည်၊ အသက်ရှင်နေပါသည်။"
(တိရ်မိဇီကျမ်း)

တမန်တော်မြတ် အိပ်စက်ရာမှနိုးထသည့်အခါ အောက်ပါအတိုင်း ဆုမွန်တောင်းတော်မူလေ့ရှိသည်၊

الحمد لله الذى أحيانا بعد ما أماتنا واليه النشور

အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ပင်၊ ထိုအသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား သေစေပြီးနောက် ရှင်စေတော်မူသည်၊ ထိုအသျှင်မြတ်ထံတော်၌ ပြန်လည်စုရုံးရမည်သာ ဖြစ်သည်။
(တိရ်မိဇီကျမ်း)

တမန်တော်မြတ်သည် ညဉ့်သန်းကောင်(သန်းခေါင်)ယံတွင် နိုးထတော်မူလေ့ရှိသည်။ (မစ္စဝါးက်)တံပူသည် ခေါင်းရင်း၌ပင် ရှိနေတတ်၏။ တမန်တော်မြတ်သည် နိုးထသည့်အခါ၊ ဦးစွာပထမ တံပူဝါးတော်မူသည်။ ထို့နောက် 'ဝုဿူ'ပြု၍ ဝတ်ပြုနေတော်မူလေ့ရှိသည်။ အဆောင်တော်အတွင်း တမန်တော်မြတ်၏ ဦးချရာနေရာမှာ တမန်တော်မြတ်၏ ခေါင်းရင်း (နေရာ)ပင် ဖြစ်လေသည်။

တမန်တော်မြတ်သည် များသောအားဖြင့် လက်ယာဘက်စောင်းကာ လက်ဝဲလက်ကို မျက်နှာအောက်နားထားကာ အိပ်စက်တော်မူလေ့ရှိသည်။ သို့ရာတွင် ခရီးသွားရာတွင် သန်းခေါင်ကျော် ခရီးစခန်းချ၍ အိပ်စက်တော်မူလျှင် လက်ယာလက်ကို မြင့်ဆန့်ကာ မျက်နှာကို ထိုလက်ပေါ်တွင်မှီကာ အိပ်စက်တော်မူလေ့ရှိပေသည်။

တမန်တော်မြတ်သည် တစ်ခါတစ်ရံ သာမန်အိပ်ရာပေါ်တွင်လည်းကောင်း၊ တစ်ခါတစ်ရံ သားရေပေါ်တွင်လည်းကောင်း၊ တစ်ခါတစ်ရံ ဖျာပေါ်တွင် လည်းကောင်း၊ တစ်ခါတစ်ရံ မြေကြီးပေါ်တွင် လည်းကောင်း အိပ်စက်တော်မူသည်။ အိပ်ရာသီးသန့်မရှိပေ။

## ညဥ့်အခါ ဝတ်ပြုတော်မူခြင်း။

တမန်တော်မြတ်အိမ်တော်တွင် ပြုလုပ်တော်မူလေ့ရှိသော အုပ်ပြုအမူများ၊ အစဉ်သဖြင့် ရွတ်ဖတ်တော်မူလေ့ရှိသော ဆုမွန်များကို ကြင်ယာတော် အာအိရှဟ်သည်အသိဆုံးပင် ဖြစ်ပေသည်။ ထိုကြင်ယာတော်ကပင် ပြောပြခဲ့သည်မှာ တမန်တော်မြတ်ထံ ကုရ်အာန်ကျမ်းလာ ကဏ္ဍတော်များအနက် ကဏ္ဍ(၇၃)၊ စူရဟ်မွဇ်ဇမ်မိလ်၏ အစပိုင်း မုက္ခပါဋ်တော်များ ကျရောက်လာသည့်အခါ တမန်တော်မြတ်သည် ညဥ့်သန်းခေါင်ယံထ၍ အထူးတလည်ဆွလာတ်ဝတ်ပြုတော်မူလေသည်။

အဘယ်မျှ ဆွလာတ်ဝတ်ပြုတော်မူသည်ဆိုသော်.... ခြေတော်များပင် ဖေါယောင်လာခဲ့ပေသည်၊ (၁၂)လတိုင်တိုင် ကျန်မုက္ခပါဋ်တော်များ ရပ်တန့်နေခဲ့ပေသည်၊ တစ်နှစ်ကျော်သောအခါ ကျန်မုက္ခပါဋ်တော်များ ကျရောက်လာခဲ့ပေသည်။ ထိုအခါ (တမန်တော်မြတ်အပေါ်၌) ဖရည်ဖြစ်နေခဲ့သော 'တဟဂျုဒ်' (သန်းခေါင်ယံနိုးထဝတ်ပြုရသော ဆွလာတ်)သည် 'နဖိလ်'ဖြစ် သွားခဲ့လေသည်။

တမန်တော်မြတ်သည် ညဥ့်သန်းခေါင်ယံ နိုးထပြီး ဆွလာတ်(၈)ရကအတ်ကို တစ်ဆက်တည်း ဝတ်ပြုတော်မူလေ့ရှိသည်။ အဋ္ဌမမြောက်ရကအတ်တွင်မှ (ကအ်ဒဟ်)ထိုင်တော်မူသည်။ ထိုနောက် တစ်ရကအတ်ဝတ်ပြုတော်မူသည်။

ထိုရကအတ်တွင်လည်း ထိုင်တော်မူသည်၊ ထိုနောက် နှစ်ရကအတ်ဝတ်တော်မူသည်။ ဤသို့ဖြင့် ရကအတ်ပေါင်း (၁၁)ရကအတ် ဖြစ်သည်။ သို့ရာတွင် အသက်အရွယ်ကြီးရင့်လာသောအခါတွင် တမန်တော်မြတ်သည် (၇)ရကအတ်သာ ဝတ်ပြုတော်မူသည်။ ထိုနောက် (၂) ရကအတ်ဝတ်ပြုတော်မူသည်။ တစ်ခါတစ်ရံ အကြောင်းတစ်ခုခုကြောင့် သန်းခေါင်ယံနိုးထတော်မမူလျှင် နေ့အချိန်တွင် (၁၂)ရကအတ်ဝတ်ပြုတော်မူသည်။

အဗူဒါဝူဒ်ကျမ်းတွင် ကြင်ယာတော်အာအိရှဟ်မှတဆင့် ရရှိသော ကျမ်းချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

> တမန်တော်မြတ်သည်အိရှာဆွလာတ်ကိုဂျမာအတ်နှင့် ဝတ်ပြုပြီး အိမ်တော်သို့ ပြန်ကြွတော်မူသည်။ ဝုဿုရေနှင့် တံပူသည် ခေါင်းရင်းတွင် အသင့်ရှိနေသည်။ နိုးထ

ပြီးလျှင် ပထမတံပူဝါးတော်မူသည်၊ ထိုနောက် ဝုဿွံပြုတော်မူသည်။

(အုပ္ပဒါဝုဒ်ကျမ်း)

သာဝကကြီး အဗ်ဒုလ္လာဟ် ဣဗ်နုအဗ်ဗါစ်က ပြောပြခဲ့သည်မှာ တစ်ရက်၊ ကျွန်တော်သည် ကျွန်တော်၏အရီး၊ တမန်တော်မြတ်၏ ကြင်ယာတော်တစ်ပါးဖြစ်သော မိုင်မူနဟ်သခင်မ၏ အဆောင်တော်တွင် ညအိပ်အခါ တမန်တော်မြတ် မည်သို့မည်ပုံ ဝတ်ပြုတော်မူသည်ကို မိမိကိုယ်တိုင်တွေ့မြင်လိုသည့် တစ်ခုဘည်းသော ရည်ရွယ်ချက် ဖြစ်နေခဲ့ပါသည်။ ကျွန်တော် တွေ့မြင်ခဲ့ရသည်မှာ အိပ်ရာမှာ မြေကြီးပေါ်တွင် ခင်းထားပါသည်။ တမန်တော်မြတ်သည် ထိုအိပ်ရာပေါ်တွင်ပင် အိပ်စက်တော်မူပါသည်။ ကျွန်တော်သည်လည်း ရှေ့တွင် ခပ်စောင်းစောင်း အိပ်ပါသည်။ ညဉ့်သန်းခေါင်းယံတွင် တမန်တော်မြတ် နိုးထတော်မူပါသည်။ ကုရ်အာန်ကျမ်းမြတ် ကဏ္ဍ(၃) အာလိအိမ်ရာန်၏ နောက်ဆုံး မုကွဗ့်ပါဠိဆယ်ပါးကို ရွတ်ဖတ်တော်မူပါသည်။ ရေအိတ်သည် ချိတ်ဆွဲထားသည်။ တမန်တော်မြတ်သည် ထိုရေအိတ်ဖြင့် ဝုဿွံပြုတော်မူသည်။ ထိုနောက် ဆွလာတ်ဝတ်ပြုတော်မူသည်။

ကျွန်တော်လည်း ဝုဿွံပြုလုပ်ပြီး တမန်တော်မြတ်၏ လက်ဝဲဘက်တွင် မတ်မတ်ရပ်လိုက်ပါသည်။ တမန်တော်မြတ်သည် ကျွန်တော်၏ လက်ကိုဆွဲပြီး မိမိလက်ယာဘက်တွင် ရပ်စေတော်မူပါသည်၊ တမန်တော်မြတ် (၁၃)ရကာအတ် ဆွလာတ်ဝတ်ပြုတော်မူပါသည်။ ထိုနောက် အိပ်စက်တော်မူပါသည်။ ဖဂျ်ရ်ဆွလာတ်အတွက် သာဝကကြီး ဗီလာလ်က အဇာန်ဆိုရာ၊ တမန်တော်မြတ်သည် နိုးထပြီး ဖဂျ်ရ်စွန္နတ် နှစ်ရကာအတ် ဝတ်ပြုတော်မူသည်။ ထိုနောက် ဖရသ္ဆ် ဆွလာတ်ဝတ်ပြုရန် ဗလီသို့ ကြွသွားတော်မူပါသည်၊ ဤသည် တမန်တော်မြတ်ညဉ့်အခါ ဝတ်ပြုတော်မူသည့် အကြောင်းနှင့်စပ်လျဉ်း၍ သာဝကကြီးအဗ်ဒုလ္လာဟ်ဣဗ်နုအဗ်ဗာစ်၏ ပြောပြချက်ဖြစ်ပေသည်။

**ဆွလာတ်တွင် တမန်တော်မြတ်၏ အလေ့အထများ။**

တမန်တော်မြတ်သည် အစပထမတွင် ဆွလာတ်ဝတ်ပြုမှုတိုင်း အတွက် ဝုဿွံအသစ်အသစ်ပြုတော်မူလေ့ရှိသည်။ သို့ရာတွင် အမြဲတမ်း

အဖို့ တာဝန်ကြီးလှပေရာ နောက်ပိုင်းတွင် ဝုဿု အသစ်မလုပ်တော့ဘဲ ဝါးကြီးဝါးခါ၊ တံပူသာဝါးတော်မူလေသည်။ မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်သည့်အချိန်တွင် တမန်တော်မြတ်သည် ဝုဿုတစ်ခုထည်းဖြင့် အကြိမ်ကြိမ် ဆွလာတ်ဝတ်ပြုတော်မူခဲ့လေသည်။ သို့ပင်တစေ တမန်တော်မြတ်သည် မိမိအလေ့အထအလျောက် များသောအားဖြင့် ဝုဿုအသစ်ဖြင့်သာ ဆွလာတ်ဝတ်ပြုတော်မူပေသည်။

ဝုဿုပြုလုပ်ရာတွင် များသောအားဖြင့် ဦးစွာပထမ လက်ကို သုံးကြိမ်ဆေးတော်မူသည်။ ထိုနောက် အာလုပ်ကျင်းတော်မူသည်၊ နှာခေါင်းကိုရေဖြင့် သန့်စင်စေတော်မူသည်။ ထိုနောက် မျက်နှာနှင့် လက်များကို သုံးကြိမ် စီ ဆေးတော်မူသည်။ ထိုနောက် ဦးခေါင်းကို 'မစဟ်' ပြုတော်မူသည်၊ ရေစိုလက်ဖြင့် ပွတ်သပ်တော်မူသည်။ ထိုနောက် ခြေနှစ်ဘက်ကို သုံးကြိမ်စီ ဆေးတော်မူသည်။ တမန်တော်မြတ်သည် အချို့အစိတ်အပိုင်းများကို တစ်ခါတစ်ရံ သုံးကြိမ်၊ အချို့ အစိတ်အပိုင်းများကို နှစ်ကြိမ်၊ အချို့အစိတ်အပိုင်းများကို တစ်ကြိမ်ဆေးတော်မူသည်။

(ကြည့်- မွတ်စလင်မ်ကျမ်း အတွဲ ၁၊
စာ-(၁၁၈) ဝုဿုအခန်း)

တမန်တော်မြတ်သည် စွန္နတ်၊ နဖလ်၊ ဆွလာတ်များကို များသောအားဖြင့် အိမ်တွင်ပင် ဝတ်ပြုတော်မူလေ့ရှိသည်။ ဖဂ်ျရ်အဇာန်နှင့် အတူထတော်မူပြီး ဖဂ်ျရ်စွန္နတ် ၂-ရကာအတ်ကိုအိမ်တွင်ပင် အလွန်တိုတောင်းစွာ ဝတ်ပြုတော်မူလေ့ရှိသည်။ အဘယ်မျှ တိုတောင်းစွာ ဝတ်ပြုတော်မူသည်ဆိုလျှင် ကြင်ယာတော်အာဣရှာက တစ်ခါတစ်ရံ တမန်တော်မြတ်သည် 'စူရဟ်ဖာတိဟာဟ်' အဖွင့်ကဏ္ဍကို ဖတ်များမှ ဖတ်တော်မူခဲ့ပါ၏လောဟူ၍ပင် တွေးထင်မိပါသည်ဟု ပြောပြခဲ့လေသည်။ သို့ရာတွင် တမန်တော်မြတ်သည် ဖဂ်ျရ်ဖရ်ဇ် (၂)ရကာအတ်တွင်မူ များသောအားဖြင့် ရှည်လျားသော ကဏ္ဍများကို ရွတ်ဖတ်တော်မူလေ့ရှိပေသည်။

သာဝကကြီး အဗ်ဒုလ္လာဟ်ဣဗ်နုမစ်ဘူဒ်ထံမှ တဆင့်သိရှိရသည်မှာ တမန်တော်မြတ်သည် တစ်ခါသော်.... ဖဂ်ျရ်ဆွလာတ်တွင် ကဏ္ဍပေါင်း ၂၃-စူရဟ်မူအ်မိနူန်ကို ရွတ်ဖတ်တော်မူ၏။

(ယင်းကဏ္ဍတွင် မုက္ခပ ်ဋ္ဌတော် ၁၁၈-ပါး ပါရှိပေသည်။) ထို နည်းအတူ တစ်ခါတစ်ရ ံ ကဏ္ဍ(၈၁)(စုရဟ်တက်္ကဝီးရ်)ကိုလည်းကောင်း တစ်ခါဘစ်ရ ံ (စုရဟ်ကားဖ်)ကဏ္ဍ(၅၀)ကိုလည်းကောင်း ရွတ်ဖတ် တော်မူလေ့ရှိပေသည်။ သာ၀ကကြီးများ၏ခန့်မှန်းချက်မှာ တမန်တော် မြတ်သည် ဖဂ်ျရ်တွင် မုက္ခပါဋ္ဌတော် (၆၀(မှ (၁၀၀)ကြားရှိကဏ္ဍများ ကို ရွတ်ဖတ်တော်မူလေ့ ရှိခဲ့ပေသည်။

ဇုဟ်ရ်နှင့် အတ်ဆွရ်တွင် ဖဂျ်ရ်နှင့်စာလျှင် အနည်းငယ် တိုတိုတုတ် တုတ်ဖတ်တော်မူလေ့ရှိသည်။ သို့ပင်တစေ အစပထမ (၂)ရကအတ်တွင် စူရဟ်ဖာတိဟာဟ်နှင့်တွဲ၍ ရွတ်ဖတ်တော်မူသောစုရဟ်ကဏ္ဍများမှာ အတော် ပင် ရှည်လျားပေသည်။ ထိုအချိန်တွင် လူတစ်ယောက်သည် ဗကီးအ် အထိ သွား၍ အလုပ်လုပ်ပြီးနောက် အိမ်ပြန်။ ထိုနောက်စုဿူလုပ်ပြီး ဇလီသွား သော်.... ပထမရကအဟ်ကို မှီနိုင်ပေသေးသည်ဟူ၏။ သာ၀ကကြီးများ၏ ခန့်မှန်းချက်အရ ဇုဟ်ရ်၏ ပထမ(၂)ရကအတ်တွင် တမန်တော်မြတ်သည် အဘာယ်မျှကြာအောင် ကိယာမ်ရပ်တော်မူသည်ဆိုလျှင် ထိုအချိန်တွင် လူ တစ်ယောက်သည် စူရဟ်စဂျ်ဒဟ်၊ ကဏ္ဍ ၃၂-ခန့် ရှည်လျားသောကဏ္ဍကို ကောင်းစွာဖတ်နိုင်ပေသည်။ ကဏ္ဍ ၃၂-တွင် မုက္ခပါဋ္ဌတော် ၃၀-ပါရှိ ပေသည်။

သာ၀ကကြီး အဗူစအီဒ်ခွဒ်ရီ၏ ပြောပြချက်အရ၊ တမန်တော်မြတ် သည် ဇုဟ်ရ်၏ပထမရကအတ်တွင် မုက္ခပါဋ္ဌတော် (၃၀)ခန့်၊ ဒုတိယ ရကအတ်တွင် မုက္ခပါဋ္ဌတော်(၁၅)ခန့်၊ သို့မဟုတ် ယင်း၏ထက်၀က်ခန့် အဟ်ဆွရ်တွင် မုက္ခပါဋ္ဌတော် (၁၅)ပါးခန့် ရွတ်ဖတ်တော်မူလေ့ ရှိခဲ့ ပေသည်။

သာ၀ကကြီး ဂျာဗီရ်ဣဗ္ဗနူစမုရဟ်၏ ပြောပြချက်အရ ဆိုလျှင် တမန်တော်မြတ်သည်....

| | |
|---|---|
| ဇုဟ်ရ်တွင် | စူရဟ် အအ်လ္လာ၊ ကဏ္ဍ '၈၇' ကိုလည်းကောင်း၊ |
| မဃ်ရိဗ်တွင် | စူရဟ် မုရ်စလာတ်၊ ကဏ္ဍ '၇၇' နှင့် စူရဟ်ကူရ်၊ ကဏ္ဍ '၅၂' ကိုလည်းကောင်း၊ |
| အိရှာတွင် | စူရဟ်ဟီးန်၊ ကဏ္ဍ '၉၅' နှင့် အလားတူ ကဏ္ဍ များကိုလည်းကောင်း၊ |

| | |
|---|---|
| တဟာဂျီဂျွဒ်တွင် | စူရဟ်ဗကရဟ်၊ ကဏ္ဍ '၂'<br>စူရဟ်အာလ်အိမ်ရာန်၊ ကဏ္ဍ '၃'<br>စူရဟ်နိစာ၊ ကဏ္ဍ '၄' နှင့်<br>အလားတူ ရှည်သော ကဏ္ဍများကိုလည်းကောင်း၊ |
| ဂျွမ်အဟ်နေ့တွင် | ပဌမရကအတ်၌ စူရဟ်ဂျွမ်အဟ်၊ ကဏ္ဍ '၆၂'<br>ဒုတိယ ရကအတ်၌ စူရဟ်မုနာဖိကူန် ကဏ္ဍ '၆၃'<br>ကိုလည်းကောင်း၊ တစ်ခါတစ်ရံ စူရဟ်အာအ်လာ<br>ကဏ္ဍ '၈၇' နှင့် စူရဟ်ဃာရှိယဟ်၊ ကဏ္ဍ '၈၈' ကို<br>လည်းကောင်း ဖတ်တော်မူလေ့ရှိသည်။ |

အကယ်၍ ဂျွမ်အဟ်နှင့် အီဒ် တစ်ရက်တည်းကျ လျှင် ဆွလာလ်နှစ်ခုလုံး၌ဖော်ပြပါကဏ္ဍ '၈၇' နှင့် '၈၈' ကိုပင် ဖတ်တော်မူလေ့ရှိပေသည်။

ဂျွမ်အဟ် သောကြာနေ့၊ ဖဂျိရ်တွင် စူရဟ်စဂျ်ဒဟ် ကဏ္ဍ '၃၂' နှင့် စူရဟ်အင်န်စာန်၊ ကဏ္ဍ '၇၆' ကိုဖတ်တော်မူလေ့ရှိပေသည်။

**ခွတ္တဗဟ်ဩဝါဒ**

တမန်တော်မြတ်သည် တရားရေအေးတိုက်ကျွေးရန်အလို့ငှာ များသောအားဖြင့် 'ခွတ္တဗဟ်' ဩဝါဒပေးတော်မူလေ့ရှိသည်။ သောကြာနေ့တွင် အထူးတလည်ဩဝါဒပေးတော်မူလေ့ရှိသည်။

သောကြာနေ့ 'ခွတ္တဗဟ်' ဩဝါဒပေးတော်မူရာတွင် ဆွလာတ်ဝတ်ပြုသူ မုဆ္လိမ်များစုရုံးရောက်ရှိလာကြသောအခါ၊ တမန်တော်မြတ်သည် အလွန်ရိုးသားစွာဖြင့် အိမ်တော်မှထွက်၍ ဗလီတော်အတွင်းသို့ ကြွလာတော်မူသည်။ အသင့်ရောက်ရှိနေသောမုဆ္လိမ်များအား စလာမ်ပေးတော်မူသည်။ ထို့နောက် 'မင်န်ဗရ်' ဓမ္မပလ္လင်ပေါ်သို့ တက်တော်မူသည်။ ပရိသတ်ဘက်သို့ မျက်နှာမူ၍ စလာမ်ပေးတော်မူသည်။ ထိုအချိန်တွင် မုအဇ်ဇင်န်က အဇာန်ဆိုသည်၊ အဇာန်ဆိုပြီးသောအခါ တမန်တော်မြတ်သည် ခွတ္တဗဟ် ဩဝါဒ စတင်ပေးတော်မူသည်။

ခွတ္တဗဟ်ဩဝါဒပေးချိန်၌ ယခင်က တမန်တော်မြတ်သည် အဆွာ 'တောင်ဝေှး' လက်ကိုင်တုတ်ကို ကိုင်ဆောင်တော်မူလေ့ရှိသည်။ မင်န်ဗရ်ဓမ္မပလ္လင် ပြီးစီးသွားသောအခါ တမန်တော်မြတ်သည် အဆွာတောင်ဝေှးကို မကိုင်တော့ပေ။

တမန်တော်မြတ်သည် အမြဲတစေ ခွတ္တဗဟ်ဩဝါဒကို တိုတိုတုတ်တုတ်ပင် ပေးတော်မူလေ့ရှိသည်။ တမန်တော်မြတ်၏ ဩဝါဒသည် တိုတိုတုတ်တုတ်ပင် ဖြစ်သော်လည်း အနက်အဓိပ္ပာယ် ပြည့်ဝလှသည်။

တမန်တော်မြတ်က ဆွလာတ်ရှည်ခြင်းနှင့် ဩဝါဒ တိုခြင်းသည် အတွေးအခေါ်၊ ပညာရှိခြင်း၏သာဓကတစ်ရပ်ပင် ဖြစ်သည်ဟု မိန့်တော်မူခဲ့သည်။တမန်တော်မြတ်သည် သော်ကြာနေ့ ခွတ္တဗဟ်၌ အများအားဖြင့် စူရဟ်ကာဖ်၊ ကတ္တ 'ှ၁၀' ကို ရွတ်ဖတ်တော်မူလေ့ရှိသည်၊ ယင်းကဏ္ဍ၌ ရှင်ပြန်ထမြောက်မည့်အကြောင်း၊ ကိယာမတ်နေ့အဖြစ်အပျက် ဂျန္နတ်၊ ဂျဟန္နမ်အကြောင်းများ ပါရှိပေသည်။

(ကြည့်–မွတ်စလင်မ်ကျမ်း၊ ဂျွမ်အဟ်နှင့် အိဒ်အခန်း)

တမန်တော်မြတ်သည် ခွတ္တဗတ်ဩဝါဒပေးရာတွင် ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်အား ဂုဏ်တော်မွမ်းသည်။

ဩဝါဒပေးတော်မူစဉ်အတွင်း အရေးတကြီး အလုပ်တစ်ခုခုပေါ်လာပါက တမန်တော်မြတ်သည် မင်န်ဗရ်ဓမ္မပလ္လင်မှဆင်း၍ ထိုအလုပ်ကို ပြုလုပ်တော်မူသည်။ ထို့နောက် ဓမ္မပလ္လင်ပေါ်သို့ ပြန်တက်ပြီး ဆုံးသည်အထိ ဆက်လက်ပေးတော်မူသည်။

တစ်ကြိမ်သော်.... တမန်တော်မြတ်သည် ဓမ္မပလ္လင်ထက်မှ ဩဝါဒပေးနေတော်မူခဲ့၏။ ထိုအချိန်တွင်ပင် လူတစ်ယောက်က "တမန်တော်မြတ်၊ ကျွန်တော်ခရီးသည် တစ်ယောက်ပါ၊ သာသနာအကြောင်းမသိပါ၊ မေးမြန်းရန် လာရောက်ခြင်း ဖြစ်ပါသည်"ဟု လျှောက်ထားရာ၊ တမန်တော်မြတ်သည် ဓမ္မပလ္လင်ထက်မှ ဆင်းသက်လာတော်မူ၏။ အသင့်ချထားသော ကုလားထိုင်ပေါ်တွင်ထိုင်၍ ထိုသူအား အစ္စလာမ်နှင့် ပတ်သက်၍ သိသင့်သိအပ်သည်များကို သင်ကြားပို့ချတော်မူ၏။ ထို့နောက် ဓမ္မပလ္လင်ပေါ်သို့ပြန်တက်ပြီး ဆက်လက် ဩဝါဒပေးတော်မူ၏။

တစ်ခါသော်....တမန်တော်မြတ်သည် ဩဝါဒပေးနေတော်မူခဲ့၏။ ထိုအချိန်တွင် မြေးတော် ဟိုစိုင်န်သည် နီရဲသော အဝတ်အစားများကို

ဝတ်ဆင်၍ ဗလီတော်အတွင်းသို့ ရောက်ရှိလာခဲ့၏။ မြေးတော်သည် ငယ်ရွယ်လှသေးသည့်အတွက် လမ်းကောင်းကောင်းမလျှောက်နိုင်ပေ။ ယိုင်တိယိုင်တိုင်ဖြစ်နေ၏။ တမန်တော်မြတ်သည် ယိုင်တိယိုင်တိုင်လာနေသော မိမိမြေးတော်ကို မြင်လိုက်သောအခါ မိမိ၏စိတ်ကို မချုပ်တီးနိုင်ဘဲ မိမ္ဗပလ္လင်ပေါ်မှဆင်းသက်၍ မြေးတော်အား ပွေ့ချီတော်မူ၏။ ထို့နောက် အောက်ဖါ မုံကွပေါ်ခြောက်ကို ရွတ်ဖတ်တော်မူလိုက်လေသည်။

## إنما أموالكم وأولادكم فتنة

မုချ၊ အသင်တို့၏ ဥစ္စာပစ္စည်းများနှင့် သားသမီးများသည် စမ်းသပ်ရာပင် ဖြစ်ပေသည်။

ကုရ်အာန် (၆၄း၁၅)

တမန်တော်မြတ်သည် ခြုတ္တဘ ပေးနေတော်မူသည့်အချိန်အတွင်း မှာပင် လူများကိုထိုင်ရန်၊ ဆုလာတ်ဝတ်ပြုတော်မူဖို့ အမိန့်ပေးတော်မူလေ့ရှိသည်။ ဥပမာ... တစ်ခါသော်.... တမန်တော်မြတ် ခြုတ္တဘ ပေးနေတော်မူစဉ် လူတစ်ယောက်ဗလီထဲသို့ ဝင်လာ၏။ တမန်တော်မြတ်က "အသင် ဆုလာတ်ဝတ်ပြုပြီးပြီလား...."ဟု မေးရာ၊ ထိုသူက ဝတ်မပြုရသေးကြောင်း လျှောက်ထား၏။ ထိုအခါ တမန်တော်မြတ်က "ထ....ဝတ်ပြု" ဟု အမိန့်ပေးတော်မူလိုက်လေသည်။

တမန်တော်မြတ်သည် ဂျိဟာဒ်စစ်မြေပြင်တွင် ခြုတ္တဘ ပေးတော်မူသည့်အခါ၊ တူးလေး(ဒူးလေး)ကိုင်းကိုချိုင်၍ မတ်မတ်ရပ်ပြီး ခြုတ္တဘ ပေးတော်မူလေ့ရှိသည်။ အချို့က "တမန်တော်မြတ်သည် စစ်မြေပြင်တွင် ဓားသန်လျက်ကို ကိုင်ငင်ဆွဲလျက် ခြုတ္တဘ ပေးတော်မူလေ့ရှိသည်" ဟု ထင်မှတ်ကြသည်။ သို့ရာတွင် ဣဗ်နုလ်ကိုင်ယင်မ်က တမန်တော်မြတ်သည် ဘယ်သောအခါကမျှ ခြုတ္တဘ ပေးတော်မူခိုက် ဓားကို ကိုင်ဆောင်တော်မမူခဲ့ပေ-ဟူ၍ အတည့်အလင်းဖွင့်ဟရေးသားထားသည်။

(ကြည့်- ဇာဒုလ်မအာဒ်ကျမ်း၊ အ- (၁)၊ စ-(၁၂၁)။ )

တမန်တော်မြတ်သည် တရားဓမ္မဩဝါဒကို ဆက်တိုက် ဟောတော်မူသေ့မရှိ၊ လူတွေမငြီးငွေ့ရန်အလို့ငှာ များသောအားဖြင့် ရက်အားပေး၍ခြား၍ခြား၍ ဩဝါဒပေးတော်မူလေ့ရှိပေသည်။

**ခရီးတွင် တမန်တော်မြတ်၏ အလေ့အထများ။**

တမန်တော်မြတ်သည် ဟဂ်ျကိစ္စ၊ အုမ်ရဟ်ကိစ္စ၊ အဓူးသဖြင့် ဂျီဟာဒ်အစ္စလာမ့်စစ်ပွဲများနှင့် စပ်လျဉ်း၍ ခရီးထွက်တော်မူလေ့ရှိသည်။

တမန်တော်မြတ်သည် ခရီးသွားသည့်အခါ ကြင်ယာတော်များကို မဲချတော်မူသည်။ မဲကျသောကြင်ယာတော်အား တမန်တော်မြတ်သည် မိမိနှင့်အတူ ခေါ်သွားတော်မူလေ့ရှိပေသည်။

တမန်တော်မြတ်သည် အများအားဖြင့် ကြာသပတေးနေ့တွင် ခရီးထွက်တော်မူလေ့ရှိသည်။ ခရီးထွက်သည့်အခါ အရုဏ်မတက်မီ စောစောစီးစီးထွက်တော်မူလေ့ရှိသည်။ စစ်တပ်များကို စေလွှတ်ရာတွင်လည်း စောစောပင် စေလွှတ်တော်မူလေ့ရှိသည်။

အစီးအနင်းရှေ့သို့ ရောက်၍ ခြေနင်းကွင်းတွင် ခြေတင်တော်မူသည့်အခါ တမန်တော်မြတ် "ဗစ္စမိလ္လာဟ်" ဆိုတော်မူသည်။ ကုန်းနှီးပေါ်တက်၍ စီးတော်မူသည့်အခါ 'အလ္လာဟုအက်ကဗရ်' ဟု ဂုဏ်တော်သုံးကြိမ် ဟစ်ကြွေးတော်မူသည်။ ထို့နောက် အောက်ပါ မုက္ခပါဌ်တော်ကို ရွတ်ဖတ်တော်မူသည်။

سُبْحَانَ الَّذِي سَخَّرَ لَنَا هَٰذَا وَمَا كُنَّا لَهُ مُقْرِنِينَ ۝
وَإِنَّا إِلَىٰ رَبِّنَا لَمُنْقَلِبُونَ ۝ (قرآن 43:13-14)

ဂုဏ်တော်အပေါင်းသည် အလ္လာဟ်အသျှင်မြတ်အဖို့သာဖြစ်သည်၊ ထိုအသျှင်သည် ဤ 'အစီးအနင်း' ကို ကျွန်ုပ်တို့အဖို့ အခိုင်းအစေ ပြုလုပ်ထားတော်မူသည်၊ အမှန်မှာ ကျွန်ုပ်တို့သည် ထို အစီးအနင်းကို မိမိတို့အလိုအလျောက် နာခံအောင် ပြုလုပ်နိုင်ကြ

သည်မဟုတ်၊ အမှန်မှာ ကျွန်ုပ်တို့သည် မိမိတို့၏ အရှင်သခင်ထံတော်သို့ မလွဲမသွေပြန်ကြရမည့်သူများသာဖြစ်ပေသည်။

ကုရ်အာန် (၄၃း ၁၃-၁၄)

ထိုနောက် တမန်တော်မြတ်သည် အောက်ပါအတိုင်း ဆုပန်တော်မူလေ့ရှိသည်။

اللّٰهم انّا نسئلك فى سفرنا هذا البرّ والتقوى، ومن العمل ما ترضى، اللّٰهم هوّن علينا سفرنا واطو عنّا بعده، اللّٰهم انت الصاحب فى السفر والخليفة فى الاهل، اللّٰهم انى اعوذبك من وعثاء السفر وكآبة المنقلب وسوء المنظر فى الاهل والمال،

အို.... အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးတို့သည် ဤခရီးတွင် ကိုယ်တော်ထံမှ ကောင်းမြတ်မှုသူတော်ကောင်းတရားနှင့် ကိုယ်တော် နှစ် သက်တော်မူသော အပြုအမူများကို ရလိုပါကြောင်း ပန်ကြားကြပါသည်။ အို....အလ္လာဟ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့၏ ဤခရီးကို လွယ်ကူစေတော်မူပါ။ ဤခရီး၏ ရှည်လျားမှုကို ကျွန်တော်မျိုးတို့အဖို့ တိုတောင်းစေတော်မူပါ။

အို....အလ္လာဟ်၊ အသျှင်မြတ်သည် ခရီးတွင် အဖေါ်၊ အိမ်သူအိမ်သားများတွင် ကိုယ်စားလှယ်တော်ဖြစ်တော်မူပါသည်။

အို.... အလ္လာဟ်၊ ကျွန်တော်မျိုးသည် ခရီး၏ ဒုက္ခ၊ ပြန်ခြင်း၏ဒုက္ခ၊ အိမ်သူအိမ်သားများနှင့် ဥစ္စာပစ္စည်းများကို အဖြစ်ဆိုးနှင့် တွေ့မြင်မည့် ဒုက္ခ

အပေါင်းမှ လွတ်မြောက်ရန် အသျှင်မြတ်ထံတော်၌ ခိုလှုံပါသည်။

တမန်တော်မြတ်သည် ခရီးမှ ပြန်ကြွလာတော်မူသည့်အခါ အထက်ပါဆုမွန်တွင် အောက်ပါ စကားရပ်များကို ဖြည့်စွက်တော်မူသည်။

آئِبُونَ، تَائِبُونَ، عَابِدُونَ، لِرَبِّنَا حَامِدُونَ،

ပြန်ကြွလာပါပြီ။ ဝန်ချလျက်၊ ဝတ်ပြုလျက်၊
မိမိတို့၏အရှင်သခင်အား ဂုဏ်တော်မွမ်းလျက်။

တမန်တော်မြတ်သည် လမ်းခရီးတွင် အမြင့်သို့ တက်တော်မူသည့်အခါ၊ 'အလ္လာဟုအက်ကဗရ်' ဟု မြွက်ဆို၍ ဂုဏ်တော်မွမ်းသည်။ အနိမ့်သို့ဆင်းတော်မူသည့်အခါ၊ 'စုဗ်ဟာနလ္လာဟ်' ဟု မြွက်၍ ဂုဏ်တော်မွမ်းသည်။ တပည့်သာဝကများသည်လည်း တမန်တော်မြတ်နှင့် သံပြိုင်လိုက်၍ဆိုကြသည်။ ဤသို့ဖြင့် တမန်တော်မြတ် ကြွသွားတော်မူလေရာ၊ လမ်းခရီးတစ်လျှောက်လုံးတွင် ဂုဏ်တော်မွမ်းသံမှာ ပြန့်မွှမ်းလျက် ရှိပေသည်။

တမန်တော်မြတ်သည် တစ်နေရာတွင် စခန်းချတော်မူသည့်အခါ၊ အောက်ပါအတိုင်း ဆုမွန်တောင်းတော်မူလေ့ရှိသည်။

يَا أَرْضُ رَبِّي وَرَبُّكِ اللهُ، أَعُوذُ بِاللهِ مِنْ شَرِّكِ وَشَرِّ مَا فِيكِ، وَشَرِّ مَا خُلِقَ فِيكِ، وَشَرِّ مَا يَدِبُّ عَلَيْكِ، وَأَعُوذُ بِكَ مِنْ أَسَدٍ وَأَسْوَدٍ وَمِنَ الْحَيَّةِ وَالْعَقْرَبِ وَمِنْ سَاكِنِي الْبَلَدِ وَمِنْ وَالِدٍ وَمَا وَلَدَ،

အို.... မြေကြီး၊ ကျွန်ုပ်၏အရှင်နှင့် သင်၏အရှင်မှာ အလ္လာဟ် အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ ကျွန်ုပ်သည် အသင်၏ဒုက္ခမှလည်းကောင်း၊ အသင်၌

ရှိသော အရာများ၏ဒုက္ခမှ လည်းကောင်း၊ အသင့် အတွင်း၌ရှိသော ဖန်ဆင်းထားသော အရာများ၏ ဒုက္ခမှလည်းကောင်း၊ အသင့်အပေါ်၌ သွားလာ လှုပ်ရှားနေသော အရာများ၏ဒုက္ခမှလည်းကောင်း အလ္လာဟ်ထံတော်၌ ခိုလှုံပါသည်။

အို....အရှင်၊ ကျွန်တော်မျိုးသည် ကျားများ၊ မြွေများ၊ ကင်းမြီးကောက်များနှင့် ဤရွာသူရွာ သားများ၏ဒုက္ခမှ လွတ်ကင်းရန် အသျှင်မြတ်ထံ တော်၌ ခိုလှုံပါသည်။

တမန်တော်မြတ်သည် မြို့ရွာတစ်ခုခုအတွင်းသို့ ဝင်လိုတော်မူသည့် အခါ၊ အောက်ပါအတိုင်း ဆုမွန်တောင်းတော်မူလေ့ရှိသည်။

اللّٰهم ربّ السموات السبع وما اظللن ورب
الارضين السبع وما اقللن ورب الشياطين وما اضللن
ورب الرياح وما ذرين، اسألك خير هذه القرية
وخير اهلها واعوذ بك من شرها وشر اهلها
وشر ما فيها،

အို....အလ္လာဟ်အသျှင်၊ မိုး(၇)ထပ်နှင့်ယင်းတို့ အရိပ်အာဝါသ ပြုထားသော အရာခပ်သိမ်းတို့၏ အရှင်၊ မြေ(၇)ထပ်နှင့် ယင်းတို့တွင်ရှိသော အရာ အားပေါင်းတို့၏သခင်၊ ရှိုင်တွာန်များနှင့် ယင်းတို့ လှဲမှားစေထားသော အရာအားလုံးတို့၏ အရှင်၊ လေများနှင့် ယင်းတို့ တိုက်ခတ်လွင့်ပါးစေသော အရာရာတို့၏သခင်၊ ကျွန်တော်မျိုးသည် ဤမြို့ရွာ၏ သုခကိုလည်းကောင်း၊ ထိုမြို့ရွာတွင် နေထိုင်သူ များ၏ သုခကိုလည်းကောင်း၊ ကိုယ်တော့်ထံတွင် ပန်ကြားပါသည်။ ထို့ပြင် ထိုမြို့ရွာ၏ ဒုက္ခမှ

လူညီးကောင်း၊ ထိုမြို့ရွာတွင် နေထိုင်သူများ၏ ဒုက္ခမှလည်းကောင်း၊ ထိုမြို့ရွာရှိအရာခပ်သိမ်းတို့၏ ဒုက္ခမှလည်းကောင်း၊ ကင်းလွတ်ရန် ကိုယ်တော်၏ ထံ၌ ခိုလှုံပါသည်။

တမန်တော်မြတ်သည် ခရီးမှ မဒီနာမြို့သို့ ပြန်ကြွလာတော်မူသည့်အခါ၊ ဦးစွာပထမ ဗလီတော်သို့သွား၍ ဆွလာတ် (၂)ရကာအက်ဝတ်ပြုတော်မူသည်။ ထိုနောက်မှ အိမ်တော်သို့ပြန်ကြွတော်မူသည်၊

**ဂျီဟာဒ်တွင် တမန်တော်မြတ်၏ အလေ့အထများ။**

တမန်တော်မြတ်သည် အစ္စလာမ့်စစ်ရေးနှင့် စပ်လျဥ်း၍ တစ်နေရာတစ်ဌာနသို့ စစ်တပ်စေလွှတ်တော်မူသည့်အခါ၊ တပ်မှူးကို အထူးသဖြင့် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ငြားဘို့၊ စစ်သည်များနှင့် ကောင်းစွာဆက်ဆံဘို့မှာကြားတော်မူလေ့ရှိသည်။ ထိုနောက် စစ်သည်အားလုံးတို့အား အောက်ပါအတိုင်း ဩဝါဒပေးတော်မူသည်။

اُغْزُوا بِاسْمِ اللّٰهِ فِىْ سَبِيْلِ اللّٰهِ، قَاتِلُوا مَنْ كَفَرَ بِاللّٰهِ، اُغْزُوا
وَلَا تَغُلُّوا، وَلَا تَغْدِرُوا، وَلَا تُمَثِّلُوا، وَلَا تَقْتُلُوا وَلِيْدًا،

အလ္လာဟ်လမ်းတော်တွင် အလ္လာဟ်နာမ်တော်နှင့် တိုက်ကြ၊ အလ္လာဟ်အသျှင်မြတ်အား သွေဖည်ငြင်းဆန်သူများကိုတိုက်ကြ၊ သစ္စာမဖောက်ကြနှင့်၊ ကတိမဖျက်ကြနှင့်၊ သူသေများ၏ နှာခေါင်း၊ နားများကို မဖြတ်တောက်ကြနှင့်၊ ကလေးတွေကိုလည်း မသတ်ကြနှင့်။

ထိုနောက် တမန်တော်မြတ်သည် ဂျီဟာဒ်၏စည်းကမ်းချက်များကို အသေးစိတ်ညွှန်ကြားတော်မူသည်။

တမန်တော်မြတ်သည် စစ်တပ်ကို စေလွှတ်သည့်အခါ အောက်ပါအတိုင်း ပြောကြားတော်မူလေ့ရှိသည်။

أستودع الله دينكم وأمانتكم وخواتيم أعمالكم

ငါသည် အသင်တို့၏သာသနာ၊ အသင်တို့၏ သစ္စာရှိမှုနှင့် အသင်တို့အပြုအမူများ၏ နောက်ဆုံး အကျိုးဆက်များကို အလ္လာဟ်အသျှင်မြတ်အား လွှဲအပ်ပါသည်။

တမန်တော်မြတ်သည် မိမိကိုယ်တော်တိုင် အစွလာမ့်စစ်ပွဲတွင် ပါဝင်ဆင်နွဲတော်မူသည့်အခါ၊ စစ်ပွဲဆင်နွဲရာဒေသသို့ ညဉ့်အချိန် ရောက်တော်မူလျှင် မိုးလင်းသည်အထိ စောင့်ဆိုင်းတော်မူလေ့ရှိသည်။ မိုးလင်းသည့်အခါကျမှတိုက်ပွဲစတော်မူလေ့ရှိသည်။ အကယ်၍ နံနက်အချိန်တွင် တိုက်ပွဲဆင်နွဲရန် အကြောင်းမညီညွတ်လျှင် နေ့လည်မွန်းတိမ်းမှ တိုက်ပွဲဆင်နွဲတော်မူလေ့ရှိသည်။

စစ်ပွဲအောင်နိုင်လျှင် တမန်တော်မြတ်သည် တရားမျှတစွာ စီမံအုပ်ချုပ်နိုင်ရန်အလို့ငှာ စစ်ပွဲအောင်နိုင်ရာဒေသတွင် သုံးရက် ရပ်နားတော်မူလေ့ရှိသည်။

စစ်ပွဲအောင်နိုင်သည့်သတင်း ကြားတော်မူလျှင် တမန်တော်မြတ်သည် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်သည့်အနေဖြင့် စဂျ်ဒဟ်ဦးချတော်မူလေ့ရှိသည်။

တမန်တော်မြတ်သည် မိမိကိုယ်တိုင် စစ်မြေပြင်တွင် ပါဝင်တော်မူလျှင် အောက်ပါအတိုင်း ဆုတောင်းတော်မူလေ့ရှိသည်။

اللهم أنت عضدي ونصيري، بك أحول، وبك أصول وبك أقاتل،

အို.... အလ္လာဟ်အသျှင်မြတ်၊ ကိုယ်တော်သည် ကျွန်တော်မျိုး၏ လက်ရုံးဖြစ်ထော်မူပါသည်။ ကျွန်တော်မျိုးအား ကူညီယိုင်းပင်းတော်မူသော အရှင်

ဖြစ်တော်မူပါသည်။ ကျွန်တော်မျိုးသည် ကိုယ်တော်၏ အကူအညီဖြင့် ခုခံပါသည်။ ထိုးနှက်ပါသည်၊ တိုက်ခိုက်ပါသည်။

**အသုဿာအိမ်သွားရာတွင်၊ လူမမာကြည့်ရာတွင်၊**

**တမန်တော်မြတ်၏ အလေ့အထများ၊**

တမန်တော်မြတ်သည် မမာမကျန်းဖြစ်သူများအား ဂရုတစိုက်ပင် သွားရောက်ကြည့်ရှု မေးမြန်းတော်မူလေ့ရှိသည်။ အားပေးစကား ပြောကြားတော်မူလေ့ရှိသည်။ ဆုပန်ကြားပေးတော်မူလေ့ရှိသည်။ တမန်တော်မြတ်က ၎င်းပည့်သာဝကများအား "လူမမာကို သွားရောက်ကြည့်ရှုခြင်းသည်လည်း မွတ်စလင်မ်၏ (ဖရဿွ်) တာဝန်တစ်ရပ်ပင်ဖြစ်သည်" ဟု ပြောကြားတော်မူလေ့ရှိသည်။

တမန်တော်မြတ်သည် မဒီနာမြို့သို့ ရွှေ့ပြောင်းသွားပြီးနောက်၊ အစပထမတွင် တစ်ဦးတစ်ယောက် သေတော့မည်ဆိုလျှင် တပည့်သားများက တမန်တော်မြတ်အား အသိပေးကြ၏။ တမန်တော်မြတ်သည် ထိုသူ ထံသို့ အချိန်မီ ကြွသွားတော်မူ၏။ ထိုသူ့အတွက် ဆုတောင်းပေးတော်မူ၏။ ထိုသူ့အနီးတွင်ပင် နောက်ဆုံးအချိန်အထိ ထိုင်နေတော်မူ၏။ တမန်တော်မြတ်သည် လူမမာအသက်ထွက်သည်အထိ စောင့်ဆိုင်း၍ နေတော်မူလေ့ရှိရာ၊ တစ်ခါတစ်ရံ အချိန်မှာ အဲ့တော်ကြာသွားတတ်သဖြင့် တမန်တော်မြတ်မှာ အတော်ပင် ဒုက္ခဖြစ်ရ၏။ ဤသည်ကို တပည့်သာဝကများ ရိပ်စားမိကြသောအခါ၊ တမန်တော်မြတ် ဒုက္ခမဖြစ်ရလေအောင် လူသေပြီးမှပင် တမန်တော်မြတ်အား အသိပေးကြလေသည်။ ထိုအခါ တမန်တော်မြတ်သည် သူသေအိမ်သို့ ကြွသွားတော်မူ၏။ သူသေအတွက် ဆုတောင်းတော်မူ၏။ ဂျနာဇဟ်ဆွလာတ်ဝတ်ပြုတော်မူ၏။

ဂျနာဇဟ်ဆွလာတ် ဝတ်ပြုပြီးနောက် တမန်တော်မြတ်သည် သင်္ချိုင်းတွင် မြေထည့်တော်မူလိုလျှင် စောင့်ဆိုင်းတော်မူ၏။ သို့မဟုတ်လျှင် ပြန်ကြွသွားတော်မူ၏။ သို့ပင်တစေ တပည့်သာဝကများသည် တမန်တော်မြတ်တွင် ထိုမျှပင် ဒုက္ခဖြစ်ရသည်ကို မလိုလားကြသည့်အတွက် သူသေအလောင်းကို တမန်တော်မြတ်ရှိရာသို့ပင် ယူဆောင်လာကြပေသည်။

တမန်တော်မြတ်သည် လူမမာ တစ်ဦးတစ်ယောက်ထံ သွားရောက်ကြည့်ရှုတော်မူသည့်အခါ လူမမာအား အားပေးစကားပြောတော်မူလေ့ရှိသည်။ လူမမာ၏နဖူးနှင့် သွေးကြောကို စမ်းသပ်ကြည့်ရှုတော်မူလေ့ရှိသည်။ ကျန်းမာရေးအတွက် ဆုပန်ပေးတော်မူလေ့ရှိသည်။ 'အင်န်ရှာ အလ္လာဟ်တုဟူရ်' (ان شاء الله) အလ္လာဟ်အသျှင်မြတ်၏အလိုတော်ဖြင့် ကျန်းမာသွားပါလိမ့်မည်'' ဟု ပြောကြားတော်မူလေ့ရှိသည်၊

တမန်တော်မြတ်သည် လူမမာအနီး အမင်္ဂလာစကား ပြောကြားသည်ကို နှစ်သက်တော်မမူပေ။ တစ်ခါသော်.... အရပ်တောကျေးသားတစ်ဦးသည် မဒီနာမြို့တွင် လာရောက်စဉ် နေထိုင်မကောင်း ဖြစ်သွားခဲ့၏။ တမန်တော်မြတ်သည် ထိုသူ့ထံသို့ ကြွသွားတော်မူ၏။ အားပေးစကာ ပြောကြားတော်မူ၏၊ ထိုအခါ လူမမာက ''အသင်က ကျန်းမာမည်ဟုပြောသည်၊ ကျွန်ုပ်၏ရောဂါမှာ ပြင်းထန်လှသည်၊ သင်းချိုင်းသို့ ပို့ပြီးမှ စွန့်ခွာမည်ဖြစ်သည်''ဟုပြော၏။ တမန်တော်မြတ်က ''သို့ဆိုလျှင် ဆိုသည့်အတိုင်းပင်''ဟု မိန့်ကြားတော်မူလိုက်လေသည်။

**တွေ့ဆုံရာတွင် တမန်တော်မြတ်၏ အလေ့အထများ။**

တမန်တော်မြတ်သည် တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံတော်မူသည့်အခါ၊ ဦးစွာပထမ မိမိကိုယ်တိုင်က စ တင်၍ စလာမ်ပေးတော်မူလေ့ရှိသည်၊ လက်ဆွဲနှုတ်ဆက်တော်မူလေ့ရှိသည်။

တစ်ဦးတစ်ယောက်သည် ဦးညွတ်၍ တမန်တော်မြတ်၏ နားနားတွင် တစ်စုံတစ်ရာပြောဆိုပါက တမန်တော်မြတ်သည် ထိုသူ့ဘက်သို့မျက်နှာလှည့်၍ နားစိုက်ထောင်တော်မူလေ့ရှိသည်။ ထိုသူသည် မိမိ၏ မျက်နှာကို မလှည့်သမျှ တမန်တော်မြတ်သည် မိမိမျက်နှာကို ပြန်လှည့်တော်မူလေ့မရှိပေ။ လက်ဆက်ရာတွင်လည်း ဤအတိုင်းပင်။

သက်ဆိုင်ရာ လက်ဆက်သူက မိမိ၏လက်ကို ပြန်မဆွဲသမျှ တမန်တော်မြတ်သည် မိမိလက်ကို ပြန်ဆွဲတော်မူလေ့မရှိပေ။ အခမ် အနားတွင် ထိုင်တော်မူသည့်အခါတွင်လည်း တမန်တော်မြတ်၏ ဒူးသည် အတူထိုင်နေသူများ၏ ရှေ့သို့ ထွက်နေသည်ဟူ၍ မရှိပေ။ ဆိုလိုသည်ကား တမန်တော်မြတ်သည် ထိုင်၊ ထ၊ သွား၊ လာရာတွင် ရဲဘော်ရဲဘက်များနှင့်၊ တပည့်သားများနှင့် လက်ရေတပြင်တည်း၊ တတန်းတစားတည်း၊ တပြေးညီညာ

နေတော်မူလေ့ရှိသည်။ ပေါ်လွင်မှု၊ ထူးခြားမှုကိုစိုးစဉ်းမျှလိုလားတော်မမူပေ။ တမန်တော်မြတ်နှင့် တွေ့လိုသူတစ်ဦးသည် အိမ်တော်၏ တံခါးပေါက်တွင် ရပ်၍ ဦးစွာ ပထမ 'အတ်စလာမုအလိုင်ကွန်မ်း'ဟု မေတ္တာပို့သည်။ထို့နောက် 'ကျွန်တော် အတွင်းသို့လာနိုင်ပါသလား'ဟု ခွင့်ပန်သည်။ တမန်တော်မြတ်သည် တစ်ဦးတစ်ယောက်နှင့် သွားရောက်လိုသည့်အခါ အထက်ပါအတိုင်းပင် ခွင့်တောင်းတော်မူလေ့ရှိသည်။ ဤနည်းအတိုင်း မကျင့်သုံးသူများအား တမန်တော်မြတ်သည် ပြန်လွှတ်တော်မူလေ့ရှိပေသည်။ တစ်ခါသော် အာမိရ် မျိုးနွယ် ပုဂ္ဂိုလ်တစ်ဦးသည် လာသည်။ တံခါးပေါက်တွင်ရပ်ပြီး 'ကျွန်တော် အတွင်းသို့လာနိုင်ပါသလား'ဟု အော်ဟစ်ပြော၏။ ထိုအခါ တမန်တော်မြတ်က....'ဤသူ့ကို ခွင့်တောင်းနည်း သင်ပေးကြ'ဟု မိန့်ကြားတော်မူလိုက်လေသည်။ ဆိုလိုသည်ကား ပထမ စလာမ်ပေးရမည်။ ထို့နောက်မှ ခွင့်တောင်းရမည်။

တစ်ကြိမ်သော် ကုရိုက်ရှ်မျိုးနွယ်၏ ခေါင်းဆောင်ဖြစ်သူ ဆွဖ်ဝါန်ဗ်နူအုမိုင်ယတ်သည် တမန်တော်မြတ်ထံ မိမိ၏ညီ ကိလ်ဒဟ်အား စေလွှတ်၍ နို့ရည်၊ သမင်ငယ်တစ်ကောင်နှင့် ထင်းများကို လက်ဆောင်ပါးလိုက်၏။ ကိလ်ဒဟ်သည် ခွင့်မတောင်းဘဲ အိမ်တော်အတွင်းသို့ ဝင်လာခဲ့၏။ ထိုအခါ တမန်တော်မြတ်က ကိလ်ဒဟ်အား 'အသင်ပြန်သွား၊ စလာမ်ပေးပြီးမှ၊ ခွင့်တောင်းပြီးမှဝင်ခဲ့'ဟု မိန့်ကြားတော်မူလိုက်လေသည်။

တစ်ခါသော် သာဝကကြီး ဂျာဗိရ်သည် တမန်တော်မြတ်အား ဖူးမြော်လိုသည့်အတွက် ရောက်ရှိလာပြီး တံခါးခေါက်၏။ တမန်တော်မြတ်က.... 'မည်သူပါလဲ'ဟု မေးရာ ၊'ကျွန်တော်ပါ၊ ကျွန်တော်ပါ'ဟု ဖြေ၏။ ထိုအခါ တမန်တော်မြတ်သည် 'ကျွန်တော်၊ ကျွန်တော်သည် ဘာနည်းလဲ၊ နာမည်ကိုပြောရမည်'ဟု မိန့်ကြားတော်မူလိုက်လေသည်။

တမန်တော်မြတ်သည် တစ်အိမ်အိမ်သို့ ကြွသွားတော်မူလျှင်၊ သက်ဆိုင်ရာ အိမ်တံခါး၏ လက်ယာဘက် သို့မဟုတ် လက်ဝဲဘက်တွင် ရပ်တော်မူပြီး 'အတ်စလာမုအလိုင်ကွန်မ်း'ဟုဆို၍ ခွင့်တောင်းတော်မူလေ့ရှိသည်။ (ဤကျမ်းချက်ကို တဆင့်ပြောပြသူ (ရာဝီ)၏ ပြောပြချက်အရ၊ အိမ်တံခါးပေါက်ရှေ့တည့်တည့်တွင် တမန်တော်မြတ် မတ်တတ်မရပ်ခြင်းမှာ ထိုအချိန်အထိ အိမ်တံခါးများတွင် လိုက်ကာချထားသည့်

အလေ့အထ မရှိသေးခြင်းကြောင့်ပင် ဖြစ်ပေသည်။) အကယ်၍ အိမ်ရှင်က ခွင့်မပြုလျှင် တမန်တော်မြတ်သည် ပြန်ကြွသွားတော်မူပေသည်။

တစ်ခါသော် တမန်တော်မြတ်သည် သာဝကကြီး စအ်ဒ်ဗ္ဗင်နု အုဗါဒက် အိမ်သို့ ကြွသွားတော်မူ၏။ အိမ့်အပြင်တွင် မတ်တတ်ရပ်ပြီး ခွင့်တောင်းရန် 'အတ်စ္စလာမု အလိုင်ကွမ်း ဝဲရဟ်မတုလ္လာဟ်' ဟု ဆိုတော်မူ၏။ သာဝကကြီး စအ်ဒ်က တမန်တော်မြတ် ကြားတော်မမူအောင် တိုးတိုးလေး စလာမ်ပြန်၏။ ထိုအခါ သာဝကကြီးစအ်ဒ်၏သား ကိုက်စ်ဗ္ဗင်နုစအ်ဒ်က 'ဖေဖေ၊ ဖေဖေသည် တမန်တော်မြတ်အား အတွင်းကြွလာခွင့် အဘယ့်ကြောင့် မပြုပါသနည်း' ဟု ပြောရာ၊ သာဝကကြီးစအ်ဒ်က 'အသင်၊ တိတ်တိတ်နေ၊ တမန်တော်မြတ် အကြိမ်ကြိမ် စလာမ် ပေးတော်မူလိမ့်မည်။ ဤသို့ စလာမ်ပေးတော်မူလျှင် ငါတို့အဖို့ ဗရကက်ရှိမည်။ အစစအရာရာတိုးပွားမည်' ဟု ပြောပြ၏။ တမန်တော်မြတ်သည် ဒုတိယအကြိမ် စလာမ်ပေးတော်မူ၏။ သာဝကကြီးစအ်ဒ်သည် ယခင်အတိုင်း တိုးတိုးကလေး စလာမ်ပြန်၏။ တမန်တော်မြတ်သည် တတိယအကြိမ် စလာမ်ပေးတော်မူ၏။ အဖြေတစ်စုံတစ်ရာ မရရှိသည့်အခါ တမန်တော်မြတ်သည် ပြန်ကြွသွားတော်မူ၏။ ယင်းသို့ တမန်တော်မြတ် ပြန်ကြွသွားသည်ကို တွေ့မြင်သောအခါ သာဝကကြီး စအ်ဒ်သည် တမန်တော်မြတ်နောက်သို့ အပြေး လိုက်သွားပြီးလျှင် 'တမန်တော်မြတ် ခွင့်လွှတ်တော်မူပါ။ ကျွန်တော် တမန်တော်မြတ်၏ စလာမ်ကို ကြားပါသည်၊ တမန်တော်မြတ် အကြိမ်ကြိမ် စလာမ်ပေးတော်မူခြင်းကို ခံယူလိုပါသည့်အတွက် ကျွန်တော် တိုးတိုးကလေး စလာမ်ပြန်ခဲ့ပါသည်' ဟု လျှောက်ထားလေသည်။

(ကြည့်—အဗူဒါဝုဒ်ကျမ်း၊ ယဉ်ကျေးမှုအခန်း)

တမန်တော်မြတ်သည် တစ်အိမ်အိမ်သို့ကြွသွားတော်မူလျှင် ထူးခြားသည့်နေရာတွင် ထိုင်တော်မူလေ့မရှိပေ။ တစ်ရက် တမန်တော်မြတ်သည် သာဝကကြီး အဗ်ဒုလ္လာဟ် ဗ္ဗင်နု အုမရ်အိမ်သို့ ကြွသွားတော်မူ၏။ သာဝကကြီးအဗ်ဒုလ္လာဟ်သည် တမန်တော်မြတ်ထိုင်ရန်အတွက်သားရေနှင့် ပြုလုပ်ထားသည့် မွေ့ရာတစ်ခုကို ခင်းပေး၏။ တမန်တော်မြတ်သည် မြေပေါ်၌ပင် ထိုင်တော်မူ၏။

**လက်ယာဘက်ကို ဦးစွာ ပေးတော်မူခြင်း**

တမန်တော်မြတ်သည် များသော အားဖြင့်၊ လက်ယာဘက်ကို ဦးစားပေးတော်မူလေ့ရှိသည်။ လက်ယာလက်ကို အသုံးပြုတော်မူလေ့ ရှိသည်။ ဥပမာ ဖိနပ်စီးရာတွင် ပထမ ညာဘက်ဖိနပ်ကို စီးတော်မူလေ့ ရှိသည်၊ ဗလီဝင်ရာတွင် ပထမညာခြေဖြင့် ဝင်တော်မူလေ့ရှိသည်၊ အခမ်းအနား၌ ပစ္စည်းဝေငှရာတွင် လက်ယာဘက်မှ စတင်ဝေလေ့ ရှိတော်မူသည်။

ထိုနည်းအတူ အလုပ် တစ်ခုခုကို စတင်လုပ်တော်မူသည့် အခါ ဦးစွာပထမ 'ဗိစ္စမိလ္လာဟ်'ဆိုလေ့ ရှိတော်မူသည်။

# ဓမ္မသဘင်

နှစ်ဘဝသခင် ကျေးဇူးတော်ရှင် တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ ဓမ္မသဘင်၌ အစောင့်အရှောက်၊ အဆောင်အယောင်မရှိ၊ တံခါးပေါက်တွင် တံခါးမှူးပင်မရှိ။ ရိုးသားလှဘိ၏။ သို့ပင်တစေ (နဗုဝါတ်)'တမန်တော်'တည်းဟူသော အရှိန်အဝါကြောင့် တမန်တော်မြတ်၏ ဓမ္မသဘင်တွင် ရောက်ရှိလာသူတိုင်းသည် တမန်တော်မြတ်အား အတိုင်းမရှိ ရိုသေလေးစား ခန့်ညားသည်သာဖြစ်ပေသည်။ဩဝါဒတော်များအရ တမန်တော်မြတ်၏ ဓမ္မသဘင်သို့ တရားနာလာကြသော ပရိသတ်များမှာ ဦးခေါင်းများ အပေါ်တွင် ငှက်များ နားနေသည့်အလား ငြိမ်သက်လျက်ရှိပေသည်။ အနည်းငယ်စိုးစဉ်းမျှပင် မလှုပ်ရှားပေ။

တမန်တော်မြတ်သည် စကား ပြောခွင့်ပြုရာတွင် အစီအစဉ်ထား ရှိတော်မူသည်။ ၎င်းအစီအစဉ်မှာ မျိုးရိုးဂုဏ်၊ နေဂုဏ်များနှင့် မပတ်သက် ပေ။ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိအရ ဦးစားပေးသင့်သူအား ဦးစားပေးတော်မူခြင်း သာဖြစ်သည်၊ တမန်တော်မြတ်သည် ဦးစွာ ပထမဆင်းရဲနွမ်းပါးသူများ အား ဦးစားပေးတော်မူလေ့ ရှိသည်။ ယင်းတို့၏ လျှောက်ထားချက် များကို ကြားနာပြီး ယင်းတို့၏ လိုအင်ဆန္ဒအဝဝကို ဖြည့်စွမ်းပေးတော် မူလေ့ရှိပေသည်။

တမန်တော်မြတ်၏ ဓမ္မသဘင်တွင် လာရောက် တရားနာသော ပရိတ်သတ်များသည် ရိုသေ လေးစားသောအားဖြင့် ဦးညွတ်လျက် ရှိကြသည်။ တမန်တော်မြတ် ကိုယ်တော်တိုင်ကလည်း ရိုသေလေးစားစွာ ထိုင်တော်မူသည်။ တမန်တော်မြတ် ဓမ္မဩဝါဒ ပေးတော်မူလျှင် ပရိတ်သတ်အားလုံးသည် လုံးဝငြိမ်သက်သွားပေသည်။

တစ်ဦးတစ်ယောက် စကားပြောလျှင် ထိုသူစကားမဆုံးသမျှ အခြား သူ၌စကားပြောပိုင်ခွင့်မရှိ။

ဆင်းရဲနွမ်းပါးသူများသည် မိမိတို့၏ ခံစားချက်များကို လျှောက်ထားရာ၌၊ တစ်ခါတစ်ရံ အမှတ်တမဲ့ အရိုအသေမဲ့သယောင်ယောင် ဖြစ်သွားတတ် ကြပေသည်။ တမန်တော်မြတ်သည် ဤသည်များကို အလွန်သဘောထားကြီးစွာဖြင့် သည်းခံတော်မူလေ့ ရှိပေသည်။

တမန်တော်မြတ်သည် တစ်ဦးတစ်ယောက်၏ စကားကို ဖြတ်၍ စကားပြောတော်မူလေ့ မရှိပေ၊ တမန်တော်မြတ်သည် စကား တစ်စုံတစ်ရာကို နှစ်သက်တော်မမူလျှင်၊ ဥပေက္ခာ ပြုတော်မူလေ့ ရှိသည်၊ စကားကို လှည့်ပတ်ပြောတော်မူလေ့ မရှိပေ။

တစ်ဦးဦးက ကျေးဇူးတင်စကား ပြောလျှင် တမန်တော်မြတ်ကလည်း ထိုသူ၏ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက် ပေးထားတော်မူလျှင်၊ သို့ဖြစ်လျှင် ကျေးဇူးတင်စကားကို လက်ခံတော်မူသည်။

အခမ်းအနားတွင် စကားစမြည် ပြောဆိုကြရင်း အကြောင်း တစ်ခုခုပေါ်လာလျှင် ထိုအကြောင်းတွင် တမန်တော်မြတ်လည်း ပါဝင်ဆွေးနွေးတော်မူလေ့ ရှိသည်။ ရယ်ရွှင်ဖွယ်စကား၊ ယဉ်ကျေးသောပျက်လုံးများတွင်လည်း ပါဝင်တော်မူလေ့ရှိသည်။ တစ်ခါတစ်ရံ တမန်တော်မြတ်ကိုယ်တော်တိုင်ကလည်း ရယ်ရွှင်ဖွယ်စကား ပြောတော်မူလေ့ ရှိသည်။

တမန်တော်မြတ်၏ ဓမ္မသဘင်တွင် မျိုးနွယ်စုတစ်ခုခု၏ ဂုဏ်အသရေရှိပုဂ္ဂိုလ်တစ်ဦးဦး ရောက်လာလျှင်၊ တမန်တော်မြတ်သည် ထိုက်သည့်အားလျော်စွာ ဂုဏ်ပေးတော်မူလေ့ရှိသည်။

## (اكرموا كريم كل قوم)

'အသင်တို့သည် လူမျိုးတိုင်း၏ ဂုဏ်အသရေရှိ ပုဂ္ဂိုလ်များအား ဂုဏ်ပြုကြ'ဟု မိန့်ကြားတော်မူလေ့ ရှိသည်။

ဓမ္မသဘင်တွင် လာရောက်သူတိုင်းအား.... 'နေထိုင် ကောင်းပါရဲ့လား'ဟု မေးတော်မူပြီး.... တစ်စုံတစ်ရာ အကြောင်းထူး ရှိပါသလား' ကျွန်ုပ် တစ်စုံတစ်ရာ ဆောင်ရွက်ပေးစရာ ရှိပါသလား''ဟုမေးတော်မူလေ့ ရှိသည်။ ထို့ပြင် တပည့်သားများအား တမန်တော်မြတ်က 'အချို့ပုဂ္ဂိုလ်များသည် မိမိတို့၏ လိုအင်ဆန္ဒများကို ငါ့ထံရောက်အောင် မစွမ်း

နိုင်ကြ၊ ထိုသို့သောပုဂ္ဂိုလ်များ၏ အခြေအနေနှင့် လိုအင်ဆန္ဒများကို ငါ့အားအသိပေးကြ’’ဟု မှာကြားထားတော်မူသည်။

(အီရာန်)ပ ါရှားနိုင်ငံတွင် အလေ့အထ ရှိခဲ့သည်မှာ အခမ်းအနားတွင် ဂုဏ်အသရေရှိပုဂ္ဂိုလ်တစ်ဦး ရောက်လာလျှင်၊ ရှိသတ်အားလုံးသည် ရှိသေ လေးစားသောအားဖြင့် မတ်တတ်ရပ်ကြသည်။ အခြားအလေ့အထတစ်ရပ်ရှိခဲ့သေးသည်မှာ နိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများ၊ မင်းခမ်းမင်းနားသို့ ရောက်ရှိလာကြသူများသည်၊ ရင်ဘတ်ပေါ်တွင် လက်တင်၍ မတ်တတ်ရပ်ကြရလေသည်။ တမန်တော်မြတ်သည် ဤသည့် အပြုအမူများကို တားမြစ်တော်မူခဲ့လေသည်။ ထိုမျှက တမန်တော်မြတ်က…‘အကြင်သူသည် မိမိရှေ့မှောက်တွင် မိမိအား ဂုဏ်ပြုသောအားဖြင့် လူအများ မတ်တတ်ရပ်နေကြသည်ကို လိုလားလျှင်၊ ထိုသို့သောသူသည် မိမိ၏နေရာကို ငရဲတွင်သာ ရှာရမည်ဖြစ်သည်’ဟု မိန့်ကြားတော်မူခဲ့လေသည်။

(ဤသည် မိမိကိုယ်ကိုအထင်ကြီးပြီး၊ ပြည်သူအား အတင်းသေးသူများ၊ ဟိတ်ဟန် အရှိန်အဝါ ပြသလိုသူများနှင့်သာ ပတ်သက်သည်။ ချစ်ကြည် ရှိသေလေးစားသောအားဖြင့်၊ စေတနာရှိးဖြင့် မတ်တတ်ရပ်ခြင်း၊ ဂါဝရပြုခြင်းနှင့်ကား မသက်ဆိုင်ပေ။) တမန်တော်မြတ်ကိုယ်တိုင် ချစ်ကြည် လေးစားသောအားဖြင့် မေတ္တာစေတ်ဖြင့် အချို့ပုဂ္ဂိုလ်များအတွက် မတ်တတ်ရပ်တော်မူလေ့ရှိခဲ့ပေသည်။ ဥပမာ…. သမီးတော်ဖာတိမာ လာသည့်အခါ တမန်တော်မြတ်သည် များသောအားဖြင့် မတ်တတ်ရပ်တော်မူလေ့ရှိသည်။ သမီးတော်အား ချစ်တော်မူလွန်းလှသဖြင့် သမီးတော်၏နဖူးကိုနမ်းတော်မူလေ့ရှိသည်။

နို့ထိန်းတော် ဟလိမဟ်စအ်ယဟ်ဒီသခင်မ လာသည့်အခါ တမန်တော်မြတ်ကိုယ်တော်တိုင် ရှိသေလေးစားသောအားဖြင့် မတ်တတ်ရပ်တော်မူခဲ့သည်။ ရုံတော်ကို ခင်းပေးတော်မူခဲ့သည်။

ထိုနည်းအတူ တမန်တော်မြတ်ထံ တမန်တော်မြတ်၏ နို့စို့ဘက်ညီတော် ရောက်လာသည့်အခါတွင်လည်း တမန်တော်မြတ်သည် ချစ်ကြည်လေးစားသောအားဖြင့် မတ်တတ်ရပ်တော်မူခဲ့သည် မိမိရှေ့တွင် မျက်နှာချင်းဆိုင်ထိုင်စေတော်မူခဲ့သည်။

တမန်တော်မြတ်၏ ဓမ္မသဘင်တွင် လူတိုင်းသည် မိမိနှင့် ထိုက်တန်သည့် နေရာရသည်သာ ဖြစ်ပေသည်။ သူသည် ငါ့ထက်ပို၍ လေးစားခြင်း ခံရသည်ဟူသော အတွေးသည် တစ်ဦးတစ်ယောက်၏ စိတ်တွင်း၌မျှ မပေါ်ခဲ့ပေ။

တမန်တော်မြတ်၏ ဓမ္မသဘင်တွင် တစ်ဦးတစ်ယောက်က ကောင်းမြတ်သော စကားပြောလျှင် တမန်တော်မြတ်က ကောင်းပါပေသည်ဟု ထောက်ခံ အားပေးတော်မူသည်။ တစ်ဦးတစ်ယောက်က မဖွယ်ရာသော စကားပြောဆိုလျှင် တမန်တော်မြတ်က သတိပေးတော်မူသည်။

တစ်ရက်၊ တမန်တော်မြတ်၏ ဓမ္မသဘင်တွင် လူနှစ်ယောက် ရောက်ရှိနေ၏။ တစ်ယောက်မှာ ဂုဏ်သရေရှိသူဖြစ်သည်။ အခြားတစ်ယောက်မှာ ပထမတစ်ယောက်နှင့်စာလျှင် အနည်းငယ်ဂုဏ်နိမ့်သည်။ အကြောင်းအားလျော်စွာ ဂုဏ်ရှိသူသည် နှာချေ၏။ သို့သော်ထိုသူသည် အစွလာမ့်ကျင့်စဉ်အရ "အလ်ဟာမ်ဒုလီလ္လာဟ်" ဟု မဆိုပေ။ ဒုတိယလူသည် နှာချေ၏။ ထိုသူကမူ "အလ်ဟာမ်ဒုလီလ္လာဟ်" ဟု ဆုတောင်း၏။ တမန်တော်မြတ်က "ယရ်ဟာမုကလ္လာဟ်" ဟု ဆုတောင်းပေးတော်မူလိုက်၏၊ ထိုအခါ အဆိုပါ ဂုဏ်ရှိသူက "တမန်တော်မြတ်သည် ကျွန်တော် နှာချေစဉ်ကတော့ ဆုတောင်းပေးတော်မမူ၊ ဤသူနှာချေတော့ ဆုတောင်းပေးတော်မူသည်" ဟု လျှောက်ထား၏။ တမန်တော်မြတ်က "ထိုသူ၏ အလ္လာဟ်အသျှင်မြတ်အား တသသတိရသည်။ ငါလည်း တသသတိရသည်။ အသင်ကမူ အလ္လာဟ်အသျှင်မြတ်အား မေ့နေသည်။ ငါလည်း အသင့်ကို မေ့နေလိုက်သည်" ဟု ဖြေကြားတော်မူလိုက်လေသည်။

တမန်တော်မြတ်က တပည့်သားတို့အား "တစ်ဦးတစ်ယောက်၏ တိုင်ကြားချက်မှ ငါ့ထံ မရောက်ကြပါစေနှင့်၊ လူတွေ၏ ချို့တဲ့မှုတွေ၊ အပြစ်တွေလည်း ငါ့ထံရောက်မလာကြပါစေနှင့်" ဟု လေးလေးနက်နက် ညွှန်ကြားထားတော်မူသည်။ တမန်တော်မြတ်က "ငါ ဤပစ္စက္ခမှသွားသောအခါ အားလုံးတို့နှင့် သန့်ဆန့်ရှင်းရှင်းသွားလိုသည်" ဟု ပြောကြားတော်မူလေ့ ရှိပေသည်။

**တရားဓမ္မဟောကြားတော်မူခြင်း။**

တမန်တော်မြတ်သည် မိမိမြို့ရွာတွင် နေနေသည့်အချိန်တွင်လည်းကောင်း၊ ခရီးသွားနေချိန်တွင်လည်းကောင်း အတွင်းတွင်လည်းကောင်း၊ အပြင်တွင်လည်းကောင်း၊အခွါခါလပ်သိမ်း အချိန်မရွေး ဌာနမရွေး တရားဓမ္မ ဟောညွှန်ပြသ သွန်သင်ဆုံးမနေတော်မူသည်သာ ဖြစ်သည်။ သို့ပင် တစေ စနစ်တကျဖြင့်စေရန်နှင့် ပိုမို အကျိုးသက်ရောက်စေရန် အတွက် တမန်တော်မြတ်သည် တရားဓမ္မဟောကြားရန် အချို့အချိန်များကို သတ်မှတ်ထားတော်မူသည်။ ဤသို့ အချိန် သတ်မှတ်ထားတော်မူသည့်အတွက် စိတ်ဝင်စားသူများသည် အချိန်မီ လာရောက် တရားနာနိုင်ကြပေသည်။

တမန်တော်မြတ်သည် များသောအားဖြင့် ဗလီတော်တွင် တရားဓမ္မ ဟောကြားတော်မူလေ့ရှိသည်။ တမန်တော်မြတ်၏ ဗလီတော်တွင် မျက်နှာစာတစ်ခု ရှိသည်။ ထစ်ခါတစ်ရံ တမန်တော်မြတ်သည် ထိုမျက်နှာစာတွင် ထိုင်တော်မူလေ့ရှိသည်။ အစပထမတွင် တမန်တော်မြတ် ထိုင်ဖို့ပင် သီးသန့်နေရာမရှိခဲ့ပေ။ သီးသန့်နေရာမရှိသည့်အတွက် ပြင်ပရပ်ဝေးမှ လာကြသော သူစိမ်းများသည် တမန်တော်မြတ်အား တစ်ခါတစ်ရံ ချက်ချင်း မသိနိုင်ကြပေ။ ထို့အတွက် တပည့်သားတော်များက တမန်တော်မြတ် ထိုင်ဖို့ လေးထောင့်ခုံမြင့် စင်မြင့်တစ်ခု ပြုလုပ်ပေးခဲ့ကြသည်။ တမန်တော်မြတ်သည် ထိုစင်မြင့်ပေါ်တွင်ထိုင်၍ တရားဓမ္မ ဟောကြားတော်မူသည်။ တရားနာတပည့်သားများသည် ဝိုင်းဖွဲ့၍ ထိုင်ကြသည်။

**ဓမ္မသဘင်တွင် စောင့်သိရိုသေအပ်သည့်အချက်များ။**

တမန်တော်မြတ်၏ ဓမ္မသဘင်တွင် မည်သူမဆို လွတ်လပ်စွာ လာနိုင်ခွင့်ရှိသည်။ မည်သို့မျှ အဟန့်အတားမရှိ။ အရပ်တော၊ကျေးသား ဗဒူများသည် တောကျေးသားများဖြစ်သည့်အလျောက် တမန်တော်မြတ်နှင့် ရိုင်းစိုင်းစွာ၊ ရဲဝံ့စွာ အမေးအဖြေ ပြုလုပ်ကြပေသည်။

တမန်တော်မြတ်၏ နှလုံးရည်သည် ဤသည့် ဓမ္မသဘင်များတွင် အံ့ဖွယ်သူရဲ ပေါ်လွင်လာပေသည်။ အကြောင်းကား တမန်တော်မြတ်သည် နေ့စက်ဆုံးတမန်တော်အဖြစ် ဓမ္မသဘင်တွင် ကြွရောက်တော်မူလျက်ရှိသည်။ တပည့်သားများသည် အတိုင်းမသိ ချစ်ကြည်၊ ရိုသေလေးစား

ခန့်ငြားမှု၊ ကြည်သိုမှုစိတ်ဓာတ်အပြည့်အဝနှင့် တရားနာရန် အသင့် ရောက်ရှိနေကြပေသည်။ ထိုအချိန်တွင် လူတစ်ယောက် ရောက်လာသည်။ ထိုသူသည် တမန်တော်မြတ်နှင့် တပည့်သားများတွင် ခြားနားမှု တစုံတရာမမြင်ထိုသူက တပည့်သားများအား "မုဟမ္မဒ်မည်သူနည်း" ဟု မေးသည်။ တပည့်သားများက (တမန်တော်မြတ်အား ညွှန်၍) "ဤအသားဖြူဖြူ မှို၍ထိုင်နေသူပင်ဖြစ်သည်" ဟု ပြောကြသည်။ ထိုသူက "အို...အဗ်ဒုလ်မွတ္တလိဗ်၏သား၊ ကျွန်ုပ်သည်အသင့်အား အလွန်ကြမ်းတမ်းစွာမေးမည်။ အသင်စိတ်မရှိပါနှင့်" ဟု ပြောသည်။ တမန်တော်မြတ်သည် ယင်းသို့ ရိုင်းစိုင်းစွာ ဆက်ဆံသော တောကျေးသားကိုပင် ကြိုက်သလိုမေးနိုင်ကြောင်း ကြည်ဖြူစွာ ခွင့်ပြုတော်မူသည်။

(ကြည့်–ဗိုခါရီကျမ်း၊ အဘွဲ့(၁)အီမန်အခန်း၊ စာမျက်နှာ(၁၅))

ဓမ္မသဘင်၏ အဆောင်အယောင်မှာ ဤမျှရိုးသားလှသည်။ တမန်တော်မြတ် ကိုယ်တော်တိုင် ဤမျှရိုးသားစွာ နေတော်မူသည်။ ဤမျှစိတ်သဘောထားကြီးစွာဖြင့် ဆက်ဆံတော်မူသည်။ သို့ပင်တစေလည်း ဓမ္မသဘင်မှာ တမန်တော်မြတ်၏ တရားဓမ္မဩဝါဒများ၏ အကျိုးဆက်မှာ အပြည့်အဝ၊ အရှိန်အဝါမှာ အပြည့်အဝ ရှိလှပေသည်။

တမန်တော်မြတ်၏ တရားဓမ္မဩဝါဒများမှာ ယုံကြည်မှု၊ ကိုယ်ကျင့်တရား၊ သာသနာရေး၊ အတွင်းအဇ္ဈတ္တသန့်ရှင်းမှုများနှင့် အထူး ပတ်သက်ပေသည်။ ထိုသည်များမှတစ်ပါး အခြားအရာများသည် တမန်တော်မြတ်၏ တမန်တော်အဖြစ်တာဝန်နှင့် မပတ်သက်ပေ။ သို့ပါသော်လည်း၊ အချို့ ပုဂ္ဂိုလ်များသည်သာမန်စကားများ သေးနုပ်သောစကားများအသေးအဖွဲများကိုပင် တမန်တော်မြတ်အား မဆီမဆိုင်မေးမြန်းလေ့ရှိကြသည်။ ဥပမာ "တမန်တော်မြတ် ကျွန်တော်၏ ဖခင်၏အမည်ဘာလဲ၊ ကျွန်တော်၏ ကုလားအုတ် ပျောက်သွားပါသည်။ ယခုဘယ်မှာရှိပါသလဲ" တမန်တော်မြတ်သည် ဤသို့သော မေးခွန်းများ မေးခြင်းကို နှစ်သက်တော်မမူပေ၊

တစ်ကြိမ်သော် ဤသို့ မဆီမဆိုင်သော၊ အဓိပ္ပာယ်မရှိသော မေးခွန်းများ မေးမြန်းကြသည်။ တမန်တော်မြတ်သည် ဒေါသထွက်ပြီး "ကဲ...မေး

ချင်ရာ မေးကြ ငါအားလုံးဖြေမည်''ဟု မိန့်ကြားတော်မူလိုက်၏။သာဝက ကြီး အုမရ်သည် တ မန်တော်မြတ်၏ မျက်နှာထားကိုကြည့်ပြီး၊ အတိုင်း မသိ အောက်ကျို့၍ ''ကျွန်တော်တို့သည် အလ္လာအသျှင်မြတ်အား ကိုး ကွယ်ရာ အရှင်သခင်အဖြစ် လည်းကောင်း၊ အစ္စလာမ်အား သာသနာ အဖြစ် လည်းကောင်း၊ တမန်တော်မြတ် မုဟမ္မဒ်အား တမန်တော်အဖြစ် လည်းကောင်း ကျေနပ် သဘောတူကြပါပြီ''ဟု လျှောက်ထားလေသည်။

တမန်တော်မြတ်၏ ဓမ္မသဘင်တွင် မိုးတိုးမတ်တတ် မမေးရပေ။ တစ်ရက် လူတစ်ယောက်က ယင်းသို့ မိုးတိုးမတ်တတ်မေးရာ၊ တမန်တော် မြတ်သည် ထိုသူ့အား အံ့သြဖွယ်ရာဖြင့်ကြည့်နေတော်မူ၏။ ထိုနည်းအတူ ပြဿနာတစ်ခုပြီးမှ တစ်ခုမေးမြန်းကြရသည်။

တစ်ခါတစ်ရံ တမန်တော်မြတ်သည် သြဝါဒ ပေးနေတော်မူ၏။ ထိုအချိန်တွင် အရပ်ကျေးတောသား ဗဒူတစ်ယောက် ရောက်ရှိလာပြီး၊ တမန်တော်မြတ်အား သြဝါဒ ပေးနေတော်မူစဉ်အတွင်း မှာပင်၊ စကား ဖြတ်ပြီး တစ်စုံတစ်ရာမေးလေ့ရှိသည်။တမန်တော်မြတ်သည် မိမိသြဝါဒကို ဆက်လက်၍ပင် ပေးနေတော်မူ၏။ ပြီးစီးသောအခါကျမှ ထိုဗဒူဘက်သို့ မျက်နှာမူ၍ဖြေကြားတော်မူသည်။

တစ်ကြိမ်သော် တမန်တော်မြတ် သြဝါဒပေးနေတော်မူစဉ်၊ ဗဒူ တယောက်ရောက်ရှိလာပြီး ''ကိယာမတ်ဘယ်တော့ဖြစ်မည်လဲ''ဟုမေး၏။ တမန်တော်မြတ်သည် မိမိသြဝါဒကိုပင် ဆက်လက်ပေးတော်မူ၏။ အချို့က တမန်တော်မြတ် ဗဒူ၏စကားကို မကြားဟု ထင်မှတ်ကြသည်။ အချို့က တမန်တော်မြတ် ကြားတော်မူကြောင်း ပြောပြကြ၏။ တမန်တော်မြတ် သည် ၎င်းသည်ကို နှစ်ခြိုက်တော်မမူပေ။ သြဝါဒပေးပြီးသောအခါ တမန် မြတ်က ''ကိယာမတ်အကြောင်းမေးသူ ဘယ်မှာလဲ''ဟု မေးတော်မူရာ ထိုဗဒူက ''မေးသူမှာ ကျွန်တော်ပါ''ဟု ပြော၏။ တမန်တော်မြတ်က လူများသည် မိမိတို့ထံ အပ်နှံထားသည့်ပစ္စည်းများကို အလွဲသုံးစားပြုလုပ် သည့်အခါ''ဟု ဖြေတော်မူလိုက်၏။ ဗဒူက ''အပ်နှံထားသောပစ္စည်းများ အဘယ့်ကြောင့် အလွဲသုံးစားဖြစ်ပါမည်နည်း''ဟု ဆက်လက်မေးပြန်ရာ၊ တမန်တော်မြတ်က အရည်အချင်းမရှိသော၊ မထိုက်တန်သော လူများ လက်တွင်းသို့ အာဏာရောက်ရှိသွားသောအခါ''ဟု ဖြေကြားတော်မူလိုက် လေသည်။

ဓမ္မသဘင်၏ အချိန်များ။

တမန်တော်မြတ်၏ဓမ္မသဘင်အတွက် သတ်မှတ်ထားသည့်အချိန်မှာ နံနက်မိုးသောက်ချိန်ပင် ဖြစ်သည်။ တမန်တော်မြတ်သည် ဖဂျ်ရ်ဆွလာတ်ဝတ်ပြုပြီးလျှင် ဗလီတော်တွင်ထိုင်၍ တရားဓမ္မ ဟောကြားတော်မူလေ့ ရှိသည်။ အချို့ကျမ်းချက်များအရဆိုလျှင် တမန်တော်မြတ်သည် ဆွလာတ်ငါးကြိမ်လုံး၏ နောက်တွင် ဆိုင်းငံ့တော်မူပြီး ဓမ္မဩဝါဒ ပေးတော်မူလေ့ရှိကြောင်းသိရှိရပေသည်။ ဥပမာ သာဝကကြီး ကအ်ဗ်ဗ္ဗင်မာလိက်သည် တဗူက်စစ်ပွဲတွင် မပါဝင်မိခဲ့ခြင်းကြောင့် ဖဲကြဉ်ခြင်း ခံနေရစဉ် အဆိုပါ ဓမ္မသဘင်များတွင် လာရောက်၍ တမန်တော်မြတ်၏ စိတ်နေသဘောထားကို အကဲခတ်လေ့ရှိခဲ့ပေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ သာဝကကြီးကအ်ဗ်ဗ္ဗင်နမာလိက်က အောက်ပါအတိုင်းပြောပြခဲ့ပါသည်။

وأتي رسول الله صلى الله عليه وسلم فأسلم عليه وهو
في مجلسه بعد الصلوة فأقول في نفسي هل حرك
شفتيه برد السلام ام لا،
(بخاري ج ٢ ص ٦٣٥، حديث كعب بن مالك)

တမန်တော်မြတ်သည် ဆွလာတ်အပြီး မိမိ၏ဓမ္မသဘင်တွင် ထိုင်နေတော်မူစဉ် ကျွန်တော်သည် တမန်တော်မြတ်ထံ လာ၍၊ တမန်တော်မြတ်အား စလာမ်ပေးပါသည်။ ထို့နောက် တမန်တော်မြတ်သည်စလာမ်ပြန်ရာတွင် မိမိ၏နှုတ်ခမ်းသားနှစ်ခုကို လှုပ်မလှုပ်၊ ကျွန်တော်သည် မိမိစိတ်တွင်ပြောနေခဲ့ပါသည်။

ဗုခါရီကျမ်း

အတွဲ(၂)၊ စာမျက်နှာ (၆၃၅)၊

ကအ်ဗ်ဗ္ဗင်နမာလိက် အခန်း။

ဤအကြောင်းနှင့်စပ်လျဉ်း၍ သာ၀ကကြီး အိရ်ဗာဿ်ဗ္ဗ်ကွာဗ်နူ စာရိယဟ် ကလည်း အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

وعظنا رسول الله صلى الله عليه وسلم يوما بعد صلوة الغداة موعظة بليغة ذرفت منها العيون، وجلت منها القلوب، (ترمذي، ابوداؤد)

တစ်ရက်၊ တမန်တော်မြတ်သည်ဖဂျ်ရ်ဆွဲလာတ်အပြီး တွင် ကျွန်တော်တို့အား အလွန်ထိမိသော တရား ဒေသနာတော်များကို ဟောကြားတော်မူခဲ့ပါ သည်။ ယင်းတရားဒေသနာတော်များကို ကြားနာရ သည့်အတွက်ကျွန်တော်တို့၏ မျက်စိများမှမျက်ရည် များ ယိုစီးကျလာခဲ့ပါသည်။ နှလုံးသားများ တုန် လှုပ် သွားခဲ့ပါသည်။

ထိရ်မိဇီကျမ်း၊
စခမျက်နှာ (၄၄၀)

အထက်ဖော်ပြပါမွှသဘင်များအပြင် တစ်ခါတစ်ရံ အစ္စလာမ်၏ လေးနက်သော တရားများ၊ အနှစ်သာရများ၊ အရေးကြီးသော ပြည်သူ အများနှင့် သက်ဆိုင်သော စကားများကို ဖွင့်ဟ ဟောကြားတော်မူရန် သီးသန့် ဓမ္မသဘင်ကြီးများကိုလည်း ကျင်းပတော်မူသည်။ ပြည်သူအများ တို့အား အကျိုးပြုရန် ကျင်းပသော ဓမ္မသဘင်ကြီးများသို့ လူတိုင်းအား တက်ရောက်စေတော်မူလိုသည်။ ယင်းသို့သော ဓမ္မသဘင်ကြီး များသို့ ခေတ္တခဏသာ လာပြီး ပြန်သွားသူများကို အလွန်မကျေမနပ် ဖြစ်တော် မူသည်။

တစ်ခါသော် တမန်တော်မြတ်သည် ဗလီတော်မြတ်တွင် တပည့် သာ၀ကများနှင့် အတူထိုင်နေတော်မူ၏။ ထိုအချိန်တွင် လူသုံးယောက် ရောက်လာသည်။ တစ်ယောက်သည် သာ၀ကများနှင့်အတူ နေရာလပ် တစ်ခုတွင် ၀င်ထိုင်လိုက်သည်။ ဒုတိယလူသည် ပရိသက်အလယ်တွင် နေရာ

မရသဖြင့် ပရိသတ်အားလုံး၏ နောက်နားတွင် ထိုင်လိုက်သည်။ တတိယလူမှာ ပြန်သွားလေသည်။ တရားဓမ္မ ဟောကြားပြီးတော်မူသည့် အခါ တမန်တော်မြတ်က အဆိုပါ လူသုံးယောက်အနက် တစ်ယောက်သောသူသည် အလ္လာဟ်ထံတော်၌ ခိုလှုံသည်။ အလ္လာဟ်အသျှင်မြတ်ကလည်း ခိုလှုံခွင့်ပြုတော်မူလိုက်သည်။ တစ်ယောက်သောသူသည် အရှက်ထားသည်။ အလ္လာဟ်အသျှင်မြတ်ကလည်း ထိုသူနှင့်ပတ်သက်၍ အရှက်ထားတော်မူလိုက်သည်။ တစ်ယောက်သော သူသည် အလ္လာဟ်အသျှင်မြတ်အား ကျောခိုင်းသည်။ အလ္လာအသျှင်မြတ်ကလည်း ထိုသူအား ကျောခိုင်းတော်မူလိုက်သည်”ဟု ပြောပြတော်မူလေသည်။

ဗိုခါရီကျမ်း
အစောင်(၁)၊ စာမျက်နှာ(၂၀)၊
ပညာအခန်း

တရားဓမ္မသည် အာဟာရမျှပင် ကောင်းမွန်မြင့်မြတ်လင့်ကစား လူသားများသည် အမြဲတစေ အဆက်မပြတ်ကြားရပါများလာပါက လူ့သဘာဝ အလျောက် ငြီးငွေ့လာကြသည်သာဖြစ်သည်။ ထို့အတွက် တမန်တော်မြတ်သည်ပင် ဓမ္မသဘင်များကို အချိန်ခြား၍ ခြား၍ ကျင်းပတော်မူလေ့ ရှိသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ သာဝကကြီး ဣဗ်နုမတ်စ်အူဒ်သည် အောက်ပါအတိုင်း ပြောပြခဲ့လေသည်။

كان النبي صلى الله عليه وسلم يتخولنا بالموعظة في الأيام كراهة السآمة علينا

တမန်တော်မြတ်သည် ကျွန်ုပ်တို့အား တရားဓမ္မ ဟောကြားရာတွင် ကျွန်ုပ်တို့ ငြီးငွေ့သွားကြမည်ကို လိုလားတော်မမူသည့်အတွက် ရက်များခြား၍ ခြား၍ ဟောကြားတော်မူလေ့ ရှိပေသည်။

(ဗိုခါရီ)

**အမျိုးသမီးများအတွက် သီးသန့်ဓမ္မသဘင်၊**

အထက်ဖော်ပြပါ တမန်တော်မြတ် ဓမ္မသဘင်များတွင် များသော အားဖြင့် အမျိုးသားများ တက်ရောက်တရားနာခွင့် ရရှိခဲ့ကြပေသည်။ အမျိုးသမီးများမှာတက်ရောက်တရားနာခွင့်များ မရရှိခဲ့ကြပေ။ထို့အတွက် အမျိုးသမီးများကိုယ်တိုင်က တမန်တော်မြတ်ထံ အမျိုးသမီးများအတွက် တရားနာနိုင်ရန် သီးသန့် နေ့ရက်များ သတ်မှတ် ပေးတော်မူပါမည့် အကြောင်း လျှောက်ထားခဲ့ကြ၏။ တမန်တော်မြတ်သည်လည်း အမျိုး သမီးများ၏ လျှောက်ထားချက်ကို ကြည်ဖြူစွာ လက်ခံတော်မူပြီးလျှင် အမျိုးသမီးများအား တရားဓမ္မ ဟောကြားတော်မူရန် ရက်တစ်ရက်ကို သတ်မှတ်ပေးထားတော်မူလိုက် လေသည်။

(ကြည့်–ဗိုခါရီကျမ်း၊ ပညာအခန်း)

တမန်တော်မြတ်၏ ဓမ္မသဘင်တွင် အစ္စလာမ့်တရားတော်နှင့် ပတ် သက်သော မည်သည့်ပြဿနာမျိုးကိုမဆို လွတ်လပ်စွာ မေးမြန်းခွင့်ပြုထား တော်မူသည်။ အမျိုးသမီးများသည်လည်း အမျိုးသမီးများနှင့်သာ ပတ် သက်သော ပြဿနာများကိုသာ မေးမြန်းလေ့ရှိကြပေသည်။ သို့ပင်တစေ လျှို့ဝှက်ထားအပ်သော ပြဿနာတစ်ရပ်ကို လူအများရှေ့တွင်တင်ပြ မေး မြန်းသည်ကိုမူ တမန်တော်မြတ်သည် နှစ်သက်တော်မမူပေ။ ရှက်တော်မူလှ ပေသည်။ ယင်းသို့သော ပြဿနာကို အမျိုးသမီးများက မဆိုထားနှင့်၊ အမျိုးသားများက လူအများရှေ့တွင် တင်ပြ မေးမြန်းသည်ကိုလည်း အလျင်း နှစ်သက်တော်မမူပေ။ တစ်ခါသော် အန်ဆွာရီ တစ်ဦးဖြစ်သူ အာဆွင်မ်က ဓမ္မသဘင်ကျင်းပနေစဉ် လူအများရှေ့တွင် ''လူတစ်ယောက် သည် သူ၏ဇနီးကို သူစိမ်းတစ်ယောက်နှင့် အတူတွေ့လျှင်၊ မည်သို့ အမိန့် တော်ရှိပါသနည်း'' ဟု မေးမြန်းရာ၊တမန်တော်မြတ်သည် အတော်ပင် စိတ် မချမ်းမသာ ဖြစ်တော်မူခဲ့သည်။ ထိုသို့ မေးမြန်းသူအား ကဲ့ရဲ့ပြစ်တင် တော်မူခဲ့ပေသည်။

**တရားဓမ္မဟောကြားနည်း။**

တမန်တော်မြတ်သည် ဓမ္မသဘင်တွင် တရားဟောနေတော်မူစဉ် အတွင်း တရားနာပရိသတ်၏ အတွေးအခေါ် ရင့်ကျက်မှုရှိမရှိ လေ့လာ စမ်းသပ်တော်မူရန် တစ်ဦးတစ်ယောက်အား မေးတော်မူလေ ရှိသည်။

သာဝကကြီး အဗ်ဒုလ္လာဟ်ဗ္ဗင်နုအုမရ်က ပြောပြခဲ့သည်မှာ.... တစ်ခါသော် တမန်တော်မြတ်က ''သစ်ပင်တစ်မျိုးရှိသည်။ ထိုအပင်၏ အရွက်များသည် ကြွေကျသည်မရှိ၊ မွတ်စ်လင်မ်နှင့်တူသည်။ ထိုအပင်သည် အဘယ်အပင် ဖြစ်သနည်း''ဟု မေးတော်မူသည်။ အချို့ကတောတွင်းရှိအ ချို့အပင်များ၏ အမည်များကို အသီးသီးပြောပြကြ၏။သို့ရာတွင်ထိုအချိန် တွင် ကျွန်တော်၏အသက်မှာ အတော်ပင် ငယ်ရွယ်သေးသည်၊ ထို့အတွက် ကျွန်တော် ရှုံ့နေခဲ့သည်။ အဖြေမပေးဝံ့ခဲ့ပါ။ နောက်ဆုံး ပရိသတ်က တမန်တော်မြတ်ကိုယ်တိုင်ပင် အမိန့်ရှိတော်မူပါမည့်အကြောင်း လျှောက် ထားရာ၊ တမန်တော်မြတ်က ''အဆိုပါအပင်မှာ စွန်ပလွန်ပင် ဖြစ်သည်'' ဟု ပြောပြတော်မူလိုက်၏။ သာဝကကြီး အဗ်ဒုလ္လာဟ်ဗ္ဗင်နု အုမရ်က ''ကျွန်ုပ်သည်လည်း ဤအတိုင်းပင် အတွေးပေါက်ခဲ့သည်။ အနည်းငယ် စိတ်တင်းပြီး ဖွင့်ဟပြောမိခဲ့လျှင် ကောင်းစွ''ဟု ဖွင့်ဟ ပြောဆိုခဲ့၏။ ထို့နောက် ယင်းသို့ ဖွင့်ဟ မပြောဆိုမိခဲ့သည့်အတွက် အသက်ထက်ဆုံး တွေးမိတိုင်းဆွေး၍နေခဲ့လေသည်။

တစ်ရက် တမန်တော်မြတ်သည် ဗလီတော်သို့ ကြွလာတော်မူသည်။ သာဝကများသည် အုပ်စုနှစ်စုဖွဲ့၍ ထိုင်နေကြသည်။ အုပ်စု တစ်ခုသည် ကုရ်အာန်ကျမ်းမြတ် ရွတ်ဖတ်လျက်၊ ဆုမွန်တောင်းလျက် ရှိ၏။ အခြား အုပ်စုတစ်ခုသည် ပညာရေးရာများကိုဆွေးနွေးလျက်ရှိ၏။တမန်တော်မြတ် က အုပ်စု နှစ်ခုစလုံးသည် ကောင်းမြတ်သောအလုပ် လုပ်လျက်ရှိသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ငါ့အား ပညာသင်ကြားပို့ချသူ အာစရိယအဖြစ်နှင့် စေလွှတ်တော်မူလိုက်သည်''ဟု ပြောဆိုပြီး ပညာရေး ဆွေးနွေးနေသော အုပ်စုတွင် ဝင်၍ ထိုင်တော်မူလိုက်လေသည်။

တမန်တော်မြတ်၏ ဓမ္မသဘင်တွင် သာမန်ပုဂ္ဂိုလ်များ ဉာဏ်မမီနိုင်သော၊ အလွန် နက်နဲသိမ်မွေ့လှသော ပြဿနာများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးခြင်းကို တမန်တော်မြတ် လိုလားတော်မမူပေ။ တစ်ရက် အချို့သာဝကများသည် "တက္ကဒီးရ်"နှင့် စပ်လျဉ်း၍ အခြေအတင် ဆွေးနွေးနေကြ၏။ ဤသည်ကို တမန်တော်မြတ် သိတော်မူသည့်အခါ အဆောင်တော်မှ ထွက်လာတော်မူ၏။ တမန်တော်မြတ်၏ ရွှေမျက်နှာတော်မှာ နီရဲလျက်ရှိ၏။ ထို့နောက် တမန်တော်မြတ်က အဆိုပါ သာဝကများအား "ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်အောင် ပြုလုပ်ကြရန်အတွက် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ဖန်ဆင်းထားတော်မူပါသလား။ အတိတ် လူမျိုးများသည် ဤသို့သော စကားများကြောင့် ပျက်စီးသွားခဲ့ကြပြီ" ဟု ပြောဆို သတိပေးတော်မူလိုက်လေသည်။

(ကြည့်-စုနန်ဣဗ်နုမာဂျဟ်၊ စာမျက်နှာ(၉)၊ တက္ကဒီးရ်အခန်း)

တမန်တော်မြတ်၏ ဓမ္မသဘင်များတွင် သာဝကများသည် အချို့ ပြဿနာများနှင့် စပ်လျဉ်း၍ အချင်းချင်း ဆွေးနွေးကြ၏။ တစ်ခါတစ်ရံ သဘောကွဲလွဲကြ၏။ ဤသို့ သဘောကွဲလွဲကြသည့်အခါ တမန်တော်မြတ်က နောက်ဆုံး အဆုံးအဖြတ် ပေးတော်မူလေ့ရှိပေသည်။

ဥပမာ-နာမည်ကြီးလိုခြင်း၊ ဂုဏ်ကြီးလိုခြင်းသည် ရိုးသားဖြူစင်သော စေတနာနှင့် ဆန့်ကျင်၊ မဆန့်ကျင်၊ ဤပြဿနာနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်နှစ်ဦးက ဆွေးနွေးကြ၏။ တစ်ဦးက "ငါတို့သည် ရန်သူများနှင့် စစ်တိုက်ကြသည်။ စစ်တိုက်ရာတွင် တစ်ယောက်က ကြွားဝါသည့်အနေဖြင့် 'ငါ-ဃဖာရီမျိုးနွယ်ဝင်ကွ၊ ငါ့လှံဒဏ်ခံစမ်း' ဟု ပြောဆို၍ လှံနှင့်ထိုး၏။ ဤသို့ပြောဆိုခြင်းနှင့်စပ်လျဉ်း၍ အသင်၏သဘောထား မည်သို့ရှိသနည်း" ဟု မေး၏။ ဒုတိယပုဂ္ဂိုလ်က "ကျွန်ုပ်၏ထင်မြင်ချက်မှာ ထိုသူသည် ကုသိုလ် တစ်စုံတစ်ရာ ရမည်မဟုတ်" ဟု ဖြေ၏။ ထိုသို့ပုဂ္ဂိုလ်နှစ်ဦး ဆွေးနွေးနေကြသည်ကို ကြားသော တတိယပုဂ္ဂိုလ်တစ်ဦးက "ကျွန်ုပ်၏ ထင်မြင်ချက်အရ ဤသို့ပြောဆိုခြင်းမှာ တစ်စုံတစ်ရာအပြစ်မရှိပါ" ဟုပင် ထောက်၏။ ယင်းသို့ဖြင့် အဆိုပါ ပုဂ္ဂိုလ်နှစ်ဦးသည် သဘော ကွဲလွဲနေခဲ့ကြ၏

နောက်ဆုံးတွင် တမန်တော်မြတ်က နှစ်ဦးစလုံး၏စကားကို ကြားနာပြီး နောက်၊ "နာမည်ကျော်ကြွားလိုမှုနှင့် ကုသိုလ်ရေးသည် မဆန့်ကျင်"ဟု အဆုံးအဖြတ် ပေးတော်မူလိုက်လေသည်။

(ကြည့်-အဗူဒါဝုဒ်ကျမ်း၊ အတွဲ(၂)၊ စာမျက်နှာ (၁၁၃)။)

အများအား တက္ကဒီရ်ဟူသည် စွမ်းရည်သတ္တိများကို အချည်းအနှီး ပြုလုပ်ထားခြင်းပင် ဖြစ်သည်။ တက္ကဒီရ်တွင် ရေးမှတ်ထားသည်ကို မည်သည့် ပြုကျင့်မှုဆိုင်ရာ စွမ်းရည်သတ္တိများ မဖျက်ဆီးနိုင်ဟူ၍ ထင်မှတ်နေကြသည်။သို့ရာတွင် တမန်တော်မြတ်သည် တစ်ရက် အကြောင်းအရာ လျော်စွာ ကျင်းပသော ဓမ္မသဘင်တစ်ခုတွင် တက္ကဒီးရ်နှင့် စပ်လျဉ်း၍ ယင်းသို့ ထင်မြင်ယူဆခြင်းမှာ မှားယွင်းကြောင်း၊ လူသားတို့၏ (အဏ်မားလ် အကျင့်အမူများသည်တက္ကဒီးရ်ဖြစ်ကြောင်း၊ လူသားတို့အား တစ်စုံတစ်ရာ ပြုလုပ်ရန် အခြေအနေအကြောင်းတရားများ ဖန်တီးပေးတော်မူခြင်းသည် ပင်လျှင် တက္ကဒီးရ်ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့လေသည်။ ထို့အတွက် "တဝက္ကုလ်"ဟူသည့် ပြုကျင့်မှုဆိုင်ရာ စွမ်းရည်သတ္တိများကို အချည်းနှီး ပြုလုပ်ထားခြင်းကို မဆိုလိုသည်မှာ ထင်ရှားပေသည်။

တစ်ကြိမ်သော် သာဝကများသည် (ဂျနာဇဟ်)အသုဘတစ်ခုကို လိုက်ပို့နေကြ၏။ တမန်တော်မြတ်လည်း ကြွရောက်လာတော်မူ၏။ တမန်တော်မြတ်၏လက်တွင် တုတ်တစ်ချောင်း ပါရှိ၏။ တမန်တော်မြတ်သည် အဆိုပါတုတ်နှင့်မြေကိုဆွနေတော်မူ၏။ထို့နောက် တမန်တော်မြတ်က "အသင်တို့အနက် အသီးသီးလားရမည့် ဌာနမှာ ဂျန္နတ် သို့မဟုတ် ဂျဟန္နမ်တွင် ဖြစ်သည်ကို ရေးမှတ်ထားပြီးဖြစ်သည်"ဟု မိန့်ကြားတော်မူလိုက်၏။ ထိုအခါ သာဝကတစ်ပါးက "သို့ဖြစ်လျှင်၊ ကျွန်တော်တို့သည် မိမိတို့ တက္ကဒီးရ်အပေါ် ယုံပုံကာ သာသနာ့ကျင့်စဉ် ကျင့်ရပ်များကို စွန့်လွှတ်ကြရန်သာ ရှိပါသည်"ဟု လျှောက်ထား၏။ထိုအခါ တမန်တော်မြတ်က "ဤသို့စွန့်လွှတ်ကြရန်မဟုတ်၊ လူကောင်းများအား ကောင်းမှု ပြုလုပ်နိုင်ရန် အခြေအနေနှင့် စွမ်းရည်သတ္တိများ ဖြည့်စွမ်းပေးခြင်း ခံကြရသည်၊ မကောင်းသူများမှာကား မကောင်းမှုများပြုလုပ်ရန် အကြောင်းတရားများ ဆုံဆည်းမိကြပေသည်"ဟု မိန့်ကြားတော်မူလိုက်လေသည်။

**ဓမ္မသဘင်တွင်၊ ပြုံးရွှင်တော်မူခြင်း။**

တမန်တော်မြတ်၏ ဓမ္မသဘင်များတွင် အဆုံးအမ ဩဝါဒ၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အာရုံနှလုံး သန့်ရှင်းရေးနှင့် စပ်လျဉ်းသော စကားများသာ ရှိပေသည်။ တပည့်သားများသည်လည်း ဦးခေါင်းတွင် ငှက်နားနေသည့်အလား၊ ငြိမ်သက်စွာထိုင်၍ တရားနာကြပေသည်။ သို့တစေ ယင်းဓမ္မသဘင်များတွင် သာယာမှု၊ ပြုံးရွှင်မှုများ အများအပြားရှိခဲ့သည်သာ ဖြစ်ပေသည်။

**တစ်ရက်၊ တမန်တော်မြတ်က** ပြောပြတော်မူသည်မှာ ဂျန္နတ်တွင် လူတစ်ယောက်က အလ္လာဟ်အသျှင်မြတ်ထံတော်၌ လယ်ယာ လုပ်လိုပါကြောင်း လျှောက်ထား၏။ အလ္လာဟ်အသျှင်မြတ်က ''အသင်၏လိုအင်ဆန္ဒ မပြည့်ဝသေးဘူးလား'' ဟု မေးတော်မူရာ၊ ထိုသူက ''လိုအင်ဆန္ဒတော့ ပြည့်ဝပါပြီ။ သို့ရာတွင် ကျွန်တော်မျိုးသည် အခုစိုက် အခုသီးသော ပဒေသာပင်စိုက်လိုပါသည်''ဟု လျှောက်ထား၏။ ထို့နောက် ထိုသူက မျိုးစေ့ကျဲ၏။ ချက်ချင်းပင် အညှောင့်ထွက်၏။ ကြီးထွား၏။ သီးပွင့်၏။ ရိတ်ဖြတ်ရန် အသင့်ဖြစ်လာ၏။တမန်တော်မြတ်က ယင်းသို့ ပြောနေတော်မူချိန်တွင် ဗဒူတစ်ယောက်က ထိုင်၍နားထောင်နေ၏။ဗဒူ ''ဤအခွင့်အရေးကိုတော့ တောင်သူလယ်သမားများဖြစ်ကြသော ကူရိုင်ရှ်များ၊ သို့မဟုတ် အန်ဆွာရီများသာ ရရှိကြမည်။ကျွန်တော်တို့ကတော့ တောင်သူလယ်သမား မဟုတ်ကြတော့''ဟု ဝင်ထောက်ပြောဆိုလိုက်ရာ၊ တမန်တော်မြတ်က ပြုံးရွှင်တော်မူခဲ့လေသည်။

ကြည့်—ဗိုခါရီ၊ အ-၂၊ စ-၁၁၂၊

(အလ္လာဟ်နှင့် ဂျန္နတ်သားများပြောအခန်း)

တစ်ကြိမ်သော် တမန်တော်မြတ်ထံ လူတစ်ယောက် ရောက်ရှိလာပြီး ''ကျွန်တော် ပျက်စီးပါပြီ''ဟု လျှောက်ထားရာ၊ တမန်တော်မြတ်က

''ဘာကြောင့်လဲ''ဟု မေးတော်မူ၏။ ထိုသူက''ကျွန်တော်သည် ရမဿွာန်လ၊ နေ့အချိန်တွင် မိမိဇနီးနှင့် ကာယသံသဂ္ဂပြုမိပါသည်''ဟု လျှောက်ထားသည်။ တမန်တော်မြတ်က ''သို့ဖြစ်လျှင်၊ အသင်သည် ကျေးကျွန်တစ်ယောက်ကို ကျွန်အဖြစ်မှ လွတ်မြောက်စေရမည်''ဟု မိန့်ကြားတော်မူ၏။ ထိုသူက ''ကျွန်တော် ဆင်းရဲသားတစ်ဦး ဖြစ်ပါသည်၊ ကျေးကျွန်တစ်ယောက်ကို အဘယ်ကမျှ ယူဆောင်မလာနိုင်ပါ''ဟု လျှောက်ထား၏။ ထိုအခါ တမန်တော်မြတ်က''သို့ဆိုလျှင်၊အသင်သည် နှစ်လတိတိဆက်တိုက် ဆွံမ်ဥပုသ် ဆောက်တည်ရမည်''ဟု မိန့်ကြားတော်မူ၏။ ထိုသူက ''ဤသည် ကျွန်တော်အဖို့ မဖြစ်နိုင်ပါ''ဟု လျှောက်ထား၏။ တမန်တော်မြတ်က ''သို့ဖြစ်လျှင် အသင်သည်ဆင်းရဲသားခြောက်ဆယ်ကို ထမင်းကျွေးရမည်''ဟု မိန့်ကြားတော်မူ၏။ ထိုသူက''ကျွန်တော့်မှာ ဤမျှ စွမ်းအင်မရှိပါ''ဟု လျှောက်ထား၏။

အကြောင်းအားလျော်စွာ ထိုအချိန်မှာပင် တမန်တော်မြတ်ထံသို့ စွန်ပလွန်သီးများ အိတ်နှင့်အပြည့် တစ်နေရာမှ ရောက်ရှိလာသည်။ တမန်တော်မြတ်က ထိုသူ့အား ''အသင်သည် ဤစွန်ပလွန်သီးများကို ယူသွားပြီး ဆင်းရဲသားများအား ဝေငှပေးလိုက်''ဟု မိန့်ကြားတော်မူ၏။ထိုသူက ''တမန်တော်မြတ်၊ တမန်တော်မြတ်အား တမန်တော်အဖြစ်နှင့် စေလွှတ်တော်မူလိုက်သော အလ္လာဟ်အရှင်မြတ်အား တိုင်တည် လျှောက်ထားပါရစေ၊ မဒီနာမြို့တစ်မြို့လုံးတွင်ကျွန်တော်ထက်ပို၍ဆင်းရဲသူတစ်ယောက်မျှ မရှိပါ''ဟုလျှောက်ထား၏။ဤသို့လျှောက်ထားသည်ကို ကြားရသည့်အခါတမန်တော်မြတ်သည်ပြုံးရွှင်တော်မူလေသည်။ထိုနောက်တမန်တော်မြတ်က ''ကောင်းပြီ၊ အသင်ကိုယ်တိုင် သုံးတော့''ဟု ခွင့်ပြုတော်မူလိုက်လေသည်။

(ကြည့်-ဗိုခါရီ၊ စာမျက်နှာ(၈၀၈)၊
(ဆင်းရဲသူက မိမိအိမ်သူအိမ်သားများ ကျွေးမွေးရမည့် အခန်း)

**တမန်တော်မြတ်ထံပါး နေထိုင်ခြင်း၏ အကျိုး။**

တစ်ခါသော် သာဝကကြီး အဗူဟုရိုင်ရဟ်က တမန်တော်မြတ်အား ''ကျွန်တော်တို့သည်တမန်တော်မြတ်၏ ထံပါးတွင်ရှိနေကြလျှင် ဤပစ္စက္ခ

ဘဝသည် တန်ဖိုးမရှိ သာမန်ပင်ဖြစ်သွားလေသည်။ သို့ရာတွင် အိမ်ပြန်ရောက်ပြီး သားသမီးများနှင့် အတူနေထိုင်ကြသည့်အခါ၊ အခြေအနေမှာ ပြောင်းလဲသွားပြန်ပါသည်''ဟု ပြောပြလျှောက်ထား၏။ ထိုအခါ တမန်တော်မြတ်က ''အကယ်၍သာ အခြေအနေမှာ တစ်မျိုး တစ်စားတည်းသာဖြစ်နေပါလျှင် ကောင်းကင်တမန်များသည်ပင် အသင်တို့အားလာရောက်ဖူးမြော်ကြပေမည်''ဟု ပြောပြတော်မူလိုက်လေသည်။

(ကြည့်-တိရ်မိဇီ၊ ဂျန္နတ်နှင့် ဂျန္နတ်၏ သုခချမ်းသာများအခန်း)

တစ်ကြိမ်သော် သာဝကကြီး ဟာန်ဇွလဟ်သည် တမန်တော်မြတ်ဘံရောက်ရှိလာပြီးလျှင် ''တမန်တော်မြတ် ကျွန်တော် မုနာဖိတ်ဖြစ်သွားပြီ၊ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ထံတော်ပါးတွင် ကျွန်တော်ရှိနေခိုက်၊ တမန်တော်မြတ်သည် ဂျန္နတ်နှင့် ဂျဟာန္နမ်၊ နိဗ္ဗာန်နှင့် ငရဲအကြောင်းပြောပြတော်မူသည်။ ထိုအရာများသည် ကျွန်တော်၏ မျက်စိထဲတွင် မြင်ယောင်လာပါသည်။ သို့ရာတွင် အိမ်ပြန်ရောက်၍ သားသမီးများနှင့် တွေ့လိုက်သည့်အခါ၊ အားလုံးကို မေ့သွားပါသည်''ဟုပြောပြ လျှောက်ထား၏။ ထိုအခါ တမန်တော်မြတ်က ''အကယ်၍ငါ့ထံမှ အပြင်ထွက်ပြီး၊ တော့လဲ အခြေအနေမှာ ပြောင်းလဲမသွားပါက ကောင်းကင်တမန်များသည် အသင်တို့နှင့်လာ၍လက်ဆက်ကြပေမည်'' ဟု ပြောပြတော်မူလိုက်လေသည်။

(ကြည့်-တိရ်မိဇီ၊ လောကီဘဝကို ဥပေက္ခာပြုသည့်အခန်း)

(ကြည့်-မွတ်စလင်မ်ကျမ်း၊ ဝန်ချတောင်းပန်သည်အခန်း)

## စာပေဂုဏ်မြောက်သောခမ္မသြဝါဒ

ခမ္မသြဝါဒဟောကြားခြင်းသည် တမန်တော်တစ်ပါးအဖို့ အလွန်အရေးကြီးသော အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ ထိုအတွက်ကြောင့်ပင် တမန်တော်မှူစာသည် မိမိအား အလ္လာဟ်အသျှင်မြတ်က (ဖိရ်အောင်နှ်) ဖေရိုးထံ စေလွှတ်တော်မူသည့်အခါ အောက်ပါအတိုင်း ဆုပန်ကြားခဲ့လေသည်၊

واحلل عقدة من لساني يفقهوا قولي،

ရှင်းပြင် (အို.. အလ္လာဟ်) လူအများ ကျွန်တော်မျိုး၏စကားကို နားလည်ကြရန် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ လျှာ၏အထုံးအဖွဲ့ကို ဖြည်ပေးတော်မူပါ။

ကုရ်အာန် (၂၀း ၂၇- ၂၈)

သို့ရာတွင် တမန်တော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ကျေးဇူးတော်ဖြင့် အစပထမကတည်းက ဤသည့်စွမ်းရည်သတ္တိသည် အပြည့်အဝ ချီးမြှင့်တော်မူခြင်းခံခဲ့ရပေသည်။ သို့.... ချီးမြှင့်တော်မူခြင်း ခံခဲ့ရသည့်အတွက် ကျေးဇူးတော်ကို ဖွင့်ဟပြောကြားတော်မူသည့်အနေဖြင့် တမန်တော်မြတ်ကိုယ်တော်တိုင်က....

انا أفصح العرب،

ငါသည် အရပ်လူမျိုးတွင် စကားပြော အကောင်းဆုံးဖြစ်သည်။

بعثت بجوامع الكلم

ငါသည် နက်နဲသိပ်သည်း ပြည့်စုံသော စကားများ
နှင့်အတူ စေလွှတ်တော်မူခြင်းခံခဲ့ရသည်.... ဟု ....
ပြောပြတော်မူခဲ့လေသည်။

အာရပ်မျိုးနွယ်များသည် များသောအားဖြင့် စကားကြွယ်ဝခဲ့သည် သာဖြစ်သည်။ သို့တစေလည်း ကုရိုက်ရှ်မျိုးနွယ်နှင့် ဟာဝါဇင်န် မျိုးနွယ်နှစ်ခုမှာကား စကားပရိယာယ်ကြွယ်ဝမှုကွင် အထူးပင်ကျော်ကြားခဲ့ဖေသည်။ အကြောင်းအားလျော်စွာ ကုရိုက်ရှ်မျိုးနွယ်မှာ တမန်တော်မြတ်၏မျိုးနွယ်ဖြစ်သည်။ ဟာဝါဇင်မျိုးနွယ်တွင် တမန်တော်မြတ် ကြီးပြင်းလာတော်မူ၏။ ထိုအတွက်ကြောင့်ပင် တမန်တော်မြတ်က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ပေသည်။

انا اعربكم، انا من قريش ولساني لسان بني
سعد (طبقات ابن سعد ص)

ငါသည် အသင်တို့တွင် စကားအကြွယ်ဝဆုံး ဖြစ်
သည်။ အကြောင်းက ငါကုရိုက်ရှ်မျိုးနွယ်ဝင် ဖြစ်
သည်။ ငါ၏စကားသည် ဗနီစအ်ဒ် မျိုးနွယ်၏
စကားဖြစ်သည်း (ဗနီစအ်ဒ်သည် ဟာဝါဇင်မျိုး
နွယ်၏ မျိုးနွယ်စုတစ်ခုဖြစ်သည်၊)

တွဗကာတုဣနူစအ်ဒ်
စာမျက်နှာ (၇၁)

**တရားဟောပုံ**

တမန်တော်မြတ်သည် အလွန်ရိုးသားစွာ တရားဓမ္မ ဟောကြားတော်မူလေ့ရှိသည်။ တမန်တော်မြတ်သည် တရားဓမ္မဟောကြားရန် စိမ်

အဆောင်မှ ထွက်တော်မူသည့်အခါ ဘုရင်မင်းများကဲ့သို့ ခြေရံသင်းပင်းတို့ လိုက်ပါလေ့မရှိပေ။ အဆောင်အယောင် မပါရှိပါ၊ ဓမ္မကထိကများ၏ ဝတ်စုံကိုလည်း ဝတ်ဆင်တော်မူလေ့မရှိပါ။ လက်တွင် တုတ်တစ်ချောင်း သာ ပါပါသည်။ တစ်ခါတစ်ရံ ဒူးလေးကိုင်းကိုမှီ၍ ဩဝါဒပေးတော်မူ လေ့ရှိသည်။

ကြွပ်နုမာဂျဟ်ကျမ်းတွင်ပါရှိသည်မှာ တမန်တော်မြတ်သည် ဗလီ တော်တွင် တရားဟောတော်မူသည့်အခါ လက်တွင် (အဆွာ)တုတ်ကို ကိုင် တော်မူလေ့ရှိသည်။ စစ်မြေပြင်တွင် မိန့်ခွန်းပြောကြားတော်မူသည့် ဒူး လေးကိုင်းကို မှီပြီး မတ်မတ်ရပ်တော်မူလေ့ရှိသည်။

သောကြာနေ့တွင် အိဒ်နေ့များ၌ ဓမ္မဩဝါဒ ဟောကြားတော် မူရန် အချိန်မှာ သတ်မှတ်ပြီး ဖြစ်သည်။ ထိုနေ့များမှတစ်ပါး ဓမ္မဩဝါဒ ပေးရန် အချိန် သတ်မှတ်ထားတော်မူသည်မရှိခဲ့ပေ။ အကြောင်းပေါ်၍ လာလျှင် တမန်တော်မြတ်သည် အချိန်မရွေး အခါမရွေး လက်တန်းဟော တော်မူလေ့ရှိခဲ့ပေသည်။ ထိုအတွက်ကြောင့်ပင် တမန်တော်မြတ်သည် မြေကြီးပေါ်တွင်၊ (မင်နံဗရ်) ဓမ္မပလ္လင်ပေါ်တွင်၊ ကုလားအုပ်ပေါ်တွင် အခြေအနေအရ တရားဓမ္မဟောကြားတော်မူခဲ့ပေသည်။

တမန်တော်မြတ်သည် များသောအားဖြင့် တိုတိုတောင်းတောင်း ဟောကြားတော်မူလေ့ရှိသည်။ အကြောင်းထူးရှိမှ မလွှဲမရှောင်သာ ရှည် လျားစွာ ဟောကြားတော်မူသည်။

ယေဘုယျအားဖြင့် တမန်တော်မြတ်သည် တရားဓမ္မကို ရိုးရိုးသား သားပင် ဟောကြားတော်မူလေ့ရှိသည်။ သို့သော်.... အကြောင်းတစ်ရပ် ကို လေးလေးနက်နက် ထိထိရောက်ရောက်ပြောကြားတော်မူလိုသည့်အခါ မေးခွန်းထုတ်သည့်သဏ္ဌာန်ဖြင့် ဟောကြားတော်မူလေ့ရှိပေသည်။ ဟုနိုင်န် စစ်ပွဲတွင် အန်ဆွာရီများရှေ့၌ ဟောကြားတော်မူသော ဓမ္မဩဝါဒမှာ အစမှအဆုံးတိုင် အမေး-အဖြေပင် ဖြစ်ခဲ့ပေသည်။

တမန်တော်မြတ်သည် ဓမ္မဩဝါဒကို စိတ်ရောကိုယ်ပါ စိတ်အား ထက်သန်စွာဖြင့် ဟောကြားတော်မူသည့်အခါ မျက်လုံးများနီလာသည်။ အသံကျယ်လာသည်၊ ဒေါပါလာသည်၊ လက်ချောင်းများအထက်သို့ မြောက်၍ မြောက်၍လာသည်။ ထိုအချိန်တွင် တမန်တော်မြတ်သည် စစ် တပ်ကို စစ်တိုက်ရန် လှုံ့ဆော်နေတော်မူသည့်ကဲ့သို့ ထင်မှတ်ရသည်။ စိတ် ရောကိုယ်ပါ ဟောကြားတော်မူသည့်အခါ တမန်တော်မြတ်၏ ကိုယ်

ခန္ဓာမှာ ယိမ်း၍ယိုင်၍လာသည်။ လက်များလှုပ်ရှားလာသည်။ တစ်ခါ တစ်ရံ လက်ချောင်းများကို ဆုပ်ထားတော်မူသည်။ တစ်ခါတစ်ရံ ဖြန့်ထားတော်မူသည်။ သာဝကကြီး အဗ်ဒုလ္လာဟ်ဣဗ်နုအုမရ်က တမန်တော်မြတ် စိတ်ရောကိုယ်ပါ ဟောကြားတော်မူသည့်အခြေအနေကို အောက်ပါအတိုင်း သရုပ်ဖော်ပြခဲ့သည်။

سمعت رسول الله صلى الله عليه وسلم على المنبر
يقول يأخذ الجبار سموات وارضه بيده وقبض يده
ويبسطها ... قال ويتمايل رسول الله صلى الله
عليه وسلم عن يمينه وعن شماله حتى نظرت الى المنبر
يتحرك من اسفل شيء منه حتى انى لأقول أساقط
هو برسول الله صلى الله عليه وسلم (ابن ماجة ذكر البعث)

တမန်တော်မြတ် ဓမ္မပလ္လင်ပေါ်တွင် ဩဝါဒပေးနေတော်မူသည်ကို ကျွန်ုပ် ကြားနာခဲ့ပါသည်။ တမန်တော်မြတ်က မိန့်ကြားတော်မူသည်မှာ— 'အနန္တ ဘုန်းတေဇာနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်သည် မိမိ၏မိုးနှင့် မိမိ၏မြေကို မိမိ၏လက်တွင် ယူတော်မူမည်။ ယင်းသို့ ဟောကြားတော်မူစဉ် တမန်တော်မြတ်သည် မိမိ၏ လက်ကို ဆုပ်ကာ တစ်လှည့်ဖြန့်ကာ တစ်ချီပြုလုပ်တော်မူသည်။ တမန်တော်မြတ်၏ ကိုယ်ခန္ဓာသည်လည်း ညာတစ်လှည့်၊ ဘယ်တစ်ချီ ယိမ်းလျက် ရှိသည်။ ယင်းသို့ ယိမ်းတော်မူသည့်အတွက် ဓမ္မပလ္လင်၏ အောက်ပိုင်းသည်ပင် ယိမ်းလာသည်ကို ကျွန်ုပ်တော် မြင်မိပါပါသည်။ အဘယ်မျှ ယိမ်းသည်ဆိုသော်.... ဓမ္မပလ္လင်သည် တမန်တော်မြတ်အား ဆွဲငင်ကာ ပြိုကျသွားမည်ဟူ၍ပင် ထင်မိပါသည်။

## မမ္ဗည်ဝါဒတော်၏ အမျိုးအစား၊ အစားစား

တမန်တော်မြတ်၏ ညဝါဒတော်များဆိုင်ရာ ကျမ်းကြီးကျမ်းငယ်များတွင် တမန်တော်မြတ် ဟောကြားတော်မူခဲ့သည့် ညဝါဒတော်များအနက် အချို့ကောက်နုတ်ချက်များကို အကြောင်းအားလျော်စွာ ဖော်ပြထားကြသည့်များကို တွေ့ရှိရပေသည်။ ဤနေရာတွင် သိထားအပ်သည်မှာ တမန်တော်မြတ်၏ အနေအထားသည် အမျိုးမျိုးအစားစား ရှိခဲ့ပေသည်။ အနေအထား ပြောင်းလဲသွားမည်သာ ဖြစ်သည်။ ဥပမာ– တမန်တော်မြတ်သည် အစ္စလာမ်သို့ဖိတ်ခေါ်သူလည်း ဖြစ်တော်မူခဲ့သည်။ စစ်အောင်နိုင်သူလည်း ဖြစ်တော်မူခဲ့သည်။ မဂ္ဂကထိကလည်း ဖြစ်တော်မူခဲ့သည်။ စစ်ဗိုလ်ချုပ်ကြီးလည်း ဖြစ်တော်မူခဲ့သည်။ တရားသူကြီးလည်း ဖြစ်တော်မူခဲ့သည်။ တမန်တော်လည်း ဖြစ်တော်မူခဲ့သည်။ ယင်းသို့ဖြင့် တမန်တော်မြတ်၏ အနေအထားသည် အမျိုးမျိုးအစားစားဖြစ်ခဲ့သည်။ သို့....အနေအထား အမျိုးမျိုးအစားစား ရှိသည်နှင့်အမျှ တမန်တော်မြတ်၏ ညဝါဒတော်များ၊ ဟောကြားပုံများ ကွဲပြားလာမည်မှာ အမှန်ပင် ဖြစ်သည်။ စကားပရိယာယ်ကြွယ်ဝသူများသည် အခြေအနေ အနေအထားပြောင်းလဲသည်နှင့် အမျှ အပြောအဆို၊ အမူအရာ၊ အသံနေအသံထား၊ အသုံးအနှုန်းများကို ကာလ၊ ဒေသ၊ အဂ္ဂ အလိုက် ပြောင်းလဲသုံးနှုန်း ပြောဆိုကြသည်သာ ဖြစ်ပေသည်။

တမန်တော်မြတ်သည် အစ္စလာမ်သို့ ဖိတ်ခေါ်သော သာသနာ့ဦးဆောင်တစ်ပါးအနေနှင့် မမ္ဗည်ဝါဒဟောကြားတော်မူသည့်အခါ စိတ်ဓာတ်အပြည့်အဝနှင့် စိတ်ရောကိုယ်ပါ ဟောကြားတော်မူလေ့ ရှိသည်။

ဥပမာ– အစ္စလာမ် စတင်ဟောကြားရန် တမန်တော်မြတ်ထံသို့ အောက်ပါ မုကွပါဋ်တော်ကျရောက်လာခဲ့၏။

---

وَأَنْذِرْ عَشِيْرَتَكَ الْأَقْرَبِيْنَ

အသင်တို့သည် မိမိ၏ သွေးရင်းသားရင်းများ ဖြစ်သော သားချင်းတို့အား သတိပေးလော့။

ကုရ်အာန် (၂၆း ၂၁၄)

အထက်ပါ မုဂ္ဂပါ၌တော်ကျရောက်လာသည့်အခါ တမန်တော်မြတ်သည် မိမိ၏ သားချင်းများဖြစ်သော ကုရိုက်ရှ်မျိုးနွယ်ဝင်များအား တနေ့တွင် စုရုံးစေပြီး သတိပေးနိုင်ရန်အတွက် 'ဆဖာ' တောင် ထိပ် သို့ တက်၍ (يا صباحاه) 'ယာဆဗာဟာ' ဟု ဟစ်ကြွေးတော်မူလိုက်၏။ (အရဗ်လူမျိုးတို့၏ ထုံးစံတစ်ရပ်မှာ နံနက်မိုးသောက်ချိန်တွင် မျိုးနွယ်တစ်စုသည် အခြားမျိုးနွယ်တစ်စုကို တစ်ကြိမ်တည်း လုယက်တိုက်ခိုက်ရန် ရောက်ရှိလာသည့်အခါ၊ ဤသည်ကို တွေ့မြင်သူက မိမိ၏ မျိုးနွယ်အား သတိပေးရန် အထက်ပါအတိုင်း ဟစ်ကြွေးလေ့ရှိခဲ့သည်။) ယင်းသို့ တမန်တော်မြတ်က ဟစ်ကြွေးလိုက်သည့်အခါ ကုရိုက်ရှ်မျိုးနွယ်ဝင် အားလုံးတို့သည် လန့်ဖြန့်နိုးထပြီး တမန်တော်မြတ်ထံ စုရုံးရောက်ရှိလာကြ၏။ ထိုအချိန်တွင် တမန်တော်မြတ်က အောက်ပါအတိုင်း မေးတော်မူ၏။

أرأيتم إن أخبرتكم أن خيلا تخرج من سفح هذا الجبل أكنتم مصدقي؟

ပြောကြစမ်း၊ ဤတောင်၏နောက်မှ ရန်သူစစ်တပ်တစ်တပ်သည်ထွက်လာနေသည်ဟု ကျွန်ုပ်ကအသင်တို့အား သတိပေးလျှင် အသင်တို့သည် ကျွန်ုပ်အား ထောက်ခံကြပါမည်လော။

ထိုအခါ အသင့်ရောက်ရှိလာကြသော ကုရိုက်ရှ်မျိုးနွယ်ဝင် အားလုံးတို့က ''ယနေ့အထိ အသင်နှင့် ပတ်သက်၍ လိမ်လည်ပြောဆိုမှု တစုံတရာကိုမျှ ငါတို့ မတွေ့ခဲ့ကြသည်ဖြစ်ရာ၊ အသင့်အား ထောက်ခံကြရမည်သာ ဖြစ်သည်'' ဟု ဖြေကြသည်။ ယင်းသို့ ထောက်ခံကြသည့်အခါ၌ တမန်တော်မြတ်က အောက်ပါအတိုင်း သတိပေးတော်မူ၏။

إني نذير لكم بين يدي عذاب شديد

ကျွန်ုပ်သည် အသင်တို့ရှေ့တွင်ရှိနေသော ပြင်းထန်သည့်ပြစ်ဒဏ်မှ အသင်တို့အား သတိပေးသူ ဖြစ်ပါသည်။

သို့.... ဟောကြားတော်မူသည့်အခါ အဗူလဟဗ်က အထင်အမြင်သေးသည့် အမူအရာဖြင့် "အသင်သည် ငါတို့အား ဤကိစ္စအတွက် စုရုံးတာလား" ဟု ပြောဆို၍ ထွက်ခွာသွားလေသည်။

ဟူနိုင်စစ်ပွဲတွင် တမန်တော်မြတ်သည် သုံ့ပန်းပစ္စည်း အားလုံးကို 'မုအလ္လဖတုလ်တုလူဗ်' ချစ်ကြည်ရေး ရယူလိုသူများအား ခွဲဝေပေးတော်မူခဲ့၏။ အန်ဆွာရီများသည် သုံ့ပန်းပစ္စည်း လုံးဝမရခဲ့ကြပေ။ ဤသည်ကို အချို့ အန်ဆွာရီလူငယ်များသည် အတော်မကျေမနပ်ဖြစ်ကာ "အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ်အား ခွင့်လွှတ်တော်မူပါစေ။ တမန်တော်မြတ်သည် ကုရိုင်ရှ်မျိုးနွယ်ဝင်များကို သုံ့ပန်းပစ္စည်း ခွဲဝေပေးတော်မူသည်။ ငါတို့ကိုကား.... အလျဉ်းမပေး။ အမှန်မှာ ငါတို့၏ ဓားလွှယ်များမှ သွေးများ ယခုတိုင် ကျလျက်ပါ" ဟု ပြောကြားသည်။

ဤသတင်းကို ကြားသိတော်မူသည့်အခါ တမန်တော်မြတ်သည် အန်ဆွာရီအားလုံးတို့အား မိုးကာတဲတစ်ခုတွင် စုရုံးစေတော်မူပြီး ဖြစ်ရပ်မှန်ကို စုံစမ်းတော်မူ၏။ အန်ဆွာရီများက "ယင်းသို့ ပြောသူ များမှာ အန်ဆွာရီလူငယ်တစ်စုသာ ဖြစ်ကြောင်း၊ အမြော်အမြင် ရှိသော အကြီးအကဲများကမူ သုံ့ပန်းပစ္စည်းခွဲဝေခြင်း ကိစ္စနှင့် စပ်လျဉ်း၍ တစ် ခွန်းတစ်ပါဒမျှ ပြောဆိုကြသည်မဟုတ်ကြောင်း လျှောက်ထားကြ၏။ ထိုအခါ တမန်တော်မြတ်သည် မတ်ခတ်ထတော်မူပြီး အောက်ပါအတိုင်း မိန့်ခွန်းတော်တစ်ပါး ပြောကြားတော်မူခဲ့လေသည်။

يامعشر الانصار ألم اجدكم ضلالاً، فهديكم الله
بي، وكنتم متفرقين فالفكم الله بي، وعالة فاغناكم
بي،

အို....အန်ဆွာရီများ၊ ငါသည်အသင်တို့ကို လမ်းလွဲမှားနေကြသူအဖြစ်နှင့် တွေ့ခဲ့ရသည် မဟုတ်လော။ သို့ဖြစ်ရာ၊ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ငါ့အားဖြင့် တရားဓမ္မ ပြတော်မူခဲ့သည်။ အသင်တို့ အကွဲကွဲအပြားပြား ဖြစ်နေခဲ့ကြသည်။ သို့ဖြစ်ရာ၊ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ငါ့အားဖြင့် ချစ်ကြည်သွေးစည်း ညီညွတ်စေတော်မူခဲ့သည်။ အသင်တို့သည် ဆင်းရဲနွမ်းပါးသူများဖြစ်နေခဲ့ကြသည်။ သို့ဖြစ်ရာ၊ အလ္လာဟ် အသျှင်မြတ်သည် အသင်တို့အား ငါ့အားဖြင့် ချမ်းသာစေတော်မူခဲ့သည်။

ယင်းသို့ တမန်တော်မြတ်က မိန့်ကြားတော်မူသည့်အခါ အန်ဆွာရီများက တမန်တော်မြတ်၏ စကားတစ်ရပ်ဆုံးတိုင်း "အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်သည် သစ္စာရှိတော်မူကြပါပေသည်...."ဟု ဝန်ခံလျှောက်ထားခဲ့ကြ၏။ ထိုအခါ တမန်တော်မြတ်က "အို....အန်ဆွာရီများ အသင်တို့က ဤသို့ အဘယ်ကြောင့် မပြောဆိုကြသနည်း၊ အို....မုဟမ္မဒ်၊ အသင်လာစဉ်ကအသင်၏အခြေအနေမှာ လူများကအသင့်အား မထောက်ခံခဲ့ကြပေ။ ကျွန်ုပ်တော်တို့က အသင့်အားထောက်ခံခဲ့ကြသည်။အသင့်၌ ကူညီယိုင်းပင်းသူမရှိခဲ့ပေ။ ကျွန်ုပ်တော်တို့က အသင့်အား ကူညီယိုင်းပင်းခဲ့ကြပါသည်။ အသင်သည် အိမ်မဲ့အနှင်ခံခဲ့ရသည်။ ကျွန်ုပ်တော်တို့က အသင့်အား အိမ်ပေးခဲ့ကြပါသည်။ အသင်သည်ပူပင်ကြောင့်ကြနေခဲ့ရသည်။ကျွန်ုပ်တော်တို့က အသင့်အား အားပေးစကား ပြောကြားခဲ့ပါသည်။ ဤသို့ အသင်တို့က ချေပပြောဆိုနိုင်ကြပါသည်။" ထိုနောက် တမန်တော်မြတ်က အချို့အန်ဆွာရီလူငယ်များမကျေမနပ်ဖြစ်ခဲ့ကြသည့်မကျေမနပ်မှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေကြားတော်မူလိုက်သည်။

أَمَا تَرْضَوْنَ اَنْ يَذْهَبَ النَّاسُ بِالشَّاةِ وَالْبَعِيرِ وَتَذْهَبُونَ بِالنَّبِيِّ اِلَى رِحَالِكُمْ فَوَاللَّهِ لَمَا تَنْقَلِبُونَ بِهِ خَيْرٌ مِمَّا يَنْقَلِبُونَ،

အခြားသူတွေက ဆိတ်တွေ၊ ကုလားအုပ်တွေ ယူသွားပြီး၊ အသင်တို့က တမန်တော်မြတ် ကိုယ်တိုင်အား မိမိတို့ အိမ်များသို့ ယူဆောင်သွားကြရသည်ကို အသင်တို့ မကျေနပ်ကြဘူးလား။ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်ပြီး ငါပြောပါရစေ၊ အသင်တို့ယူဆောင်သွားကြရမည့်အရာသည် အခြားသူများ ယူဆောင်သွားကြရမည့်အရာထက် အတိုင်းမသိကောင်းမြတ်လှပါသည်။

ယင်းသို့ တမန်တော်မြတ်က ရင်ဖွင့်ပြောပြတော်မူလိုက်သည့်အခါ အန်ဆွာရီကြီးငယ် အားလုံးတို့က ''ကျွန်တော်တို့ ကျေနပ်ကြပါပြီ''ဟု အော်ဟစ်ခဲ့ကြလေသည်။

(ကြည့်– ဗိုခါရီ ဟုနိုင်န်စစ်ပွဲ)

မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်ရာတွင် တမန်တော်မြတ်သည် အောင်နိုင်သူအဖြစ်နှင့် မိန့်ခွန်းမြွက်ကြားတော်မူခဲ့သည်။ ယင်းမိန့်ခွန်းတော်၏ ကောက်နုတ်ချက်များကို ဟာဒီးဆ်၊ သြဝါဒတော်ဆိုင်ရာ ကျမ်းကြီးများတွင် တွေ့ရှိရပေသည်။

မက္ကာမြို့တော်ကို အရဗ်တို့သည် အထူးတလည် ရိုသေမြတ်နိုးခဲ့ကြသည်။ 'ဟာရမ်'သည် ငြိမ်းချမ်းရာဌာနကြီးပင် ဖြစ်ခဲ့ပေသည်။ ယင်းတွင် သွေးထွက်သံယိုမှု ဘယ်အခါအခါတွင်မျှ မဖြစ်ရပေ။ သို့တစေလည်း မက္ကာမြို့တော်ကို အရဗ်မိစ္ဆာဒိဋ္ဌိတို့လက်တွင်းမှ ပြန်လည်သိမ်းပိုက်ရာတွင်၊ ကယ်တင်ရာတွင် အရဗ်မိစ္ဆာတို့၏ တိုက်ခိုက်မှုကြောင့် မက္ကာမြို့တော်တွင် မလွဲမရှောင်သာ ခေတ္တခဏ အနည်းငယ်မျှတိုက်ပွဲဖြစ်ပွားခဲ့ရသည်။ ယင်းသို့ မက္ကာမြို့တော်တွင် ခေတ္တခဏအနည်းငယ်မျှ တိုက်ပွဲဖြစ်ရသည်ကိုပင် တမန်တော်မြတ်သည် အနည်းငယ် စိုးစဉ်းမျှ လိုလားတော်မမူခဲ့ပေ။ ထိုအတွက်ကြောင့် တမန်တော်မြတ်က မက္ကာမြို့တော်နှင့် စပ်လျဉ်း၍ ကမ္ဘာဦးအစကတည်းက အဆက်ဆက်ထားရှိလာခဲ့သောရိုသေလေးစားမှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အလို့ငှာ အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ပေသည်။

ان الله حرم مكة يوم خلق السموات والارض فهي حرام بحرام الله الى يوم القيمة، لم تحل لاحد قبلى ولا تحل لاحد بعدى، ولم تحلل لى الا ساعة من الدهر، لا ينفر صيدها، ولا يعضد شوكها، ولا يختلى خلاها، ولا تحل لقطتها الا لمنشدها،

အလ္လာဟ်အသျှင်မြတ်သည် မိုး-မြေများကို စတင်ဖန်ဆင်းတော်မူသည့်နေ့၊ အဆိုပါနေ့တွင် မက္ကာမြို့တော်ကို ဟရာမ်ပြုတော်မူခဲ့သည်၊ (ရှိသေလေးစားရန် သတ်မှတ် ပြဋ္ဌာန်းတော်မူခဲ့သည်။) ထိုမြို့တော်သည်အလ္လာဟ် အသျှင်မြတ်၏ ဟရာမ်ပြုချက်အရ (သတ်မှတ်ပြဋ္ဌာန်းတော်မူချက်အရ) ကိယာမတ်နေ့တိုင် ဟရာမ် ဖြစ်နေမည်သာ ဖြစ်သည်။ (ရှိသေလေးစားခြင်းကို ခံနေရမည့်သာဖြစ်သည်။) ထိုမြို့တော်သည် ကျွန်ုပ် အလျင်လည်း မည်သူ့အတွက်မှဟလာလ်ဖြစ်မည်မဟုတ်ပေ။ကျွန်ုပ်အတွက်ပင်လျှင် (အခြေအနေအရ၊ မလွှဲမရှောင်သာ)နာရီပိုင်းမျှသာ ဟလာလ်ဖြစ်ခဲ့ပေသည်။ ထိုမြို့တော်ရှိသားကောင်များကို ချောက်လှန့်ခြင်းမပြုရ။ ထိုမြို့တော်ရှိ ဆူးများကို မဖြတ်တောက်ရ။ ထိုမြို့တော်ရှိမြက်ပင်များကို မရိတ်ဖြတ်ရ။ ထိုမြို့တော်တွင် ပျောက်ဆုံးသော ပစ္စည်းသည် ထိုပစ္စည်းရှိ ရှာဖွေမေးမြန်းနေသူ (မူလပိုင်ရှင်)မှတစ်ပါး အခြားမည်သူ့အတွက်မျှ ဟလာလ်မဖြစ်ရ။

တမန်တော်မြတ်သည် မိမိ၏ နောက်ဆုံးဟဂျ်တွင် အကြိမ်ကြိမ်ပင် ဩဝါဒပေးတော်မူခဲ့၏၊ အဆိုပါ ဩဝါဒတော်မှာ နောက်ဆုံး ဩဝါဒတော်ဖြစ်သည်နှင့်အလျောက် ပြီးပြည့်စုံလှ၏။ စေ့စပ်ဂုဏ်လည်း မြောက်လှ၏။ မှတ်သားနာယူဖွယ် ကောင်းလှပေ၏။

တမန်တော်မြတ်သည် နောက်ဆုံးဟဂ်ျ၌ သြဂါဒပေးတော်မူရာတွင် အလ္လာဟ်အသျှင်မြတ်အား ဂုဏ်ဘော်မွမ်းပြီးနောက် မိမိ၏ ဤနောက်ဆုံး သြဝါဒအရေးကြီးပုံကို အောက်ပါအတိုင်း စကားပလ္လင်ခံခဲ့ပေသည်။

يا أيّها النّاس! اسمعوا، فانى لا ادرى لعلى لا القاكم
بعد عامى هذا، فى موقفى هذا، فى شهركم هذا، فى
بلدكم هذا،

အို....လူအပေါင်းတို့၊ နားထောင်ကြ၊ ကျွန်ုပ်သည် ဤနှစ်နောက် မိမိ၏ ဤနေရာတွင်။ အသင်တို့၏ ဤလတွင်၊ အသင်တို့၏ ဤမြို့တွင် အသင်တို့နှင့် တွေ့ဆုံနိုင်မည်မထင်။

အထက် စကားပလ္လင်ပါ စကားရပ်များသည် ရိုးသားလှသည်၊ တိုတောင်းလှသည်၊ စာပေဂုဏ်မြောက်လှပေသည်၊ ထိမိလှပေသည်။

လူသားတို့၏ ဂုဏ်သိက္ခာ၊ ဥစ္စာနှင့် အသက်တို့ကို အပြန်အလှန်လေးစားရမည့်အကြောင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ်သည်မိမိ၏ နောက်ဆုံးဟဂ်ျတွင် အောက်ပါအတိုင်း လေးနက်ထိမိစွာ မိန့်ကြားတော်မူခဲ့ပေသည်။

أتدرون أيّ يوم هذا، قالوا الله ورسوله اعلم، قال
فان هذا يوم حرام، أتدرون ايّ بلد هذا، قالوا،
الله ورسوله اعلم، قال بلد حرام، قال أتدرون
ايّ شهر هذا، قالوا الله ورسوله اعلم، قال شهرٌ
حرامٌ-

ဤနေ့သည် အဘယ်နေ့ဖြစ်သည်ကို အသင်တို့သိကြသလော၊ ပရိသတ်က အလ္လာဟ်နှင့် အလ္လာ့ဟ် တမန်တော်သာအသိဆုံးပဲဟုလျှောက်ထားကြ၏။

ထိုအခါ တမန်တော်မြတ်က 'ဤနေ့သည် ရိုသေလေးစားအပ်သော နေ့တော်ဖြစ်သည်' ဟု မိန့်ကြားတော်မူ၏။

ဤမြို့သည် အဘယ်မြို့ဖြစ်သည်ကို အသင်တို့ သိကြသလော၊ ပရိသတ်က အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်သာ အသိဆုံးပါဟု လျှောက်ထားကြ၏၊ ထိုအခါ တမန်တော်မြတ်က 'ဤမြို့သည် ရိုသေလေးစားအပ်သော မြို့တော်ဖြစ်သည်' ဟု မိန့်ကြားတော်မူ၏။

ဤလသည် အဘယ်လဖြစ်သည်ကို အသင်တို့သိကြသလော၊ ပရိသတ်က အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်သာအသိဆုံးပါဟု လျှောက်ထားကြ၏။ ထိုအခါ တမန်တော်မြတ်က 'ဤလသည် ရိုသေလေးစားအပ်သော လတော်ဖြစ်သည်' ဟု မိန့်ကြားတော်မူ၏။

ဤကဲ့သို့ စကားပလ္လင်ခံတော်မူလိုက်သဖြင့် ပရိသတ်၏နှလုံးသား၌ ဤနေ့တော်၊ ဤလတော်၊ ဤမြို့တော်များ၏ ရိုသေလေးစားရမည့်အကြောင်း ထိမိစွဲငြိသွားသောအခါ တမန်တော်မြတ်သည် မိမိလိုရင်းတရားကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပေသည်။

إن الله حرم عليكم دماءكم وأموالكم وأعراضكم
كحرمة يومكم هذا في شهركم هذا في بلدكم
هذا، لا ترجعوا بعدي كفارا، يضرب بعضكم
رقاب بعض،

အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အပေါ်၌ အသင်တို့၏ အသက်သွေးများ၊ အသင်တို့၏ ဥစ္စာပစ္စည်းများနှင့် အသင်တို့၏ ဂုဏ်သိက္ခာများကို

အသင်တို့၏ ဤမြို့တော်တွင်၊ အသင်တို့၏ ဤလ
တော်တွင်၊ အသင်တို့၏ ဤနေ့တော်ကို ရိုသေလေး
စားရသကဲ့သို့ ဟာ မ်ပြုတော်မူလိုက်ပြီ။
(ရိုသေ လေးစားရန် သတ်မှတ်ပြဋ္ဌာန်းတော်မူလိုက်ပြီ။)

သာတူညီမျှ အန်းတူ ဖြစ်ရေးနှင့် စပ်လျဉ်း၍ တပန်တော်မြတ်သည် အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပေသည်။

ربكم واحد، وان اباكم واحد، كلكم لآدم وآدم
من تراب، ان اكرمكم عند الله اتقاكم -

အသင်တို့၏ အရှင်သခင်သည် တစ်ပါးတည်း၊
အသင်တို့၏ ဖခင်သည် တစ်ဦးတည်း၊ အသင်တို့
အားလုံးသည် အာဒမ်၏ သားသမီးများသာ....၊
အာဒမ်သည် မြေမှ ဖြစ်သည်။ အလ္လာဟ်အသျှင်
မြတ်၏ အထံတော်၌ အသင်တို့ အကောင်းဆုံး၊
အမြတ်ဆုံး ပုဂ္ဂိုလ်မှာ (အလ္လာဟ်အသျှင်မြတ်အား)
အများဆုံး ကြောက်ရွံ့ရိုသေခန့်ငြားသူသာဖြစ်သည်။

အမိုက်ခေတ်တွင် အရပ်တို့၏ စားဝတ်နေရေးမှာ လုယက် တိုက်ခိုက်မှုအပေါ်တွင် တည်ရှိနေခဲ့ပေသည်။ ရိုသေလေးစားရမည့် (၄)လ တွင်ပင် အအားမနေနိုင်ခဲ့ကြပေ။ ထိုအတွက် ထို(၄)လကိုပင် ရှေ့တိုး၍ တစ်ဖုံ၊ နောက်ဆုတ်၍တစ်မျိုး အမျိုးမျိုးကပြောင်းကပြန် လုပ်လေ့ရှိခဲ့ကြသည်။ ယင်းသို့ပြုလုပ်သည်ကို 'နစီ'ဟုခေါ်ဝေါ်သည်။ ယင်းသည့် 'နစီ'ကို အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်တွင် ပိတ်ပင်တားမြစ်တော်မူလိုက်သည်။

إِنَّمَا النَّسِيءُ زِيَادَةٌ فِي الْكُفْرِ قرآن (9:37)

'နစီ'သည် 'ကုဖ်ရ်'ခေတ်တွင် ဖြည့်စွက်ထားသော
အရာသာဖြစ်သည်။

ကုရ်အာန် (၉း ၃၇)

ဤကိစ္စနှင့် စပ်လျဉ်း၍ တမန်တော်မြတ်က အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပေသည်။

إن الزمان قد استدار كهيئته يوم خلق السموات والأرض (رواه البخاري)

ခေတ်သည် လည်ပတ်ကာ ယခုသော် အလ္လာဟ်
အသျှင်မြတ် မိုးမြေကို စတင်ဖန်ဆင်းတော်မူခဲ့သည့်
နေ့တိုင်း မူလဌာနသို့ ရောက်လာခဲ့လေပြီ။

တမန်တော်မြတ်သည် အာစရိယအဖြစ်နှင့်လည်းကောင်း၊ ဓမ္မကထိကအဖြစ်နှင့်လည်းကောင်း တရားဓမ္မဟောကြားတော်မူခဲ့သည်။ သို့ ဟောကြားတော်မူရာတွင် လူအများနားလည်လွယ်ရန် ရိုးသားရှင်းရှင်းပွင့်လင်းသော စကားများကိုသာ သုံးတော်မူလေ့ရှိခဲ့ပေသည်။

يا أيها الناس! أفشوا السلام، وأطعموا الطعام، وصلوا والناس نيام، تدخلوا الجنة بسلام.

အို....လူသားတို့၊ စလာမ်ကိုပွင့်လင်းစွာပေးကြ၊
ထမင်းကျွေးကြ၊ လူအများ အိပ်စက်နေကြစဉ်....
ဆွလာတ်ဝတ်ပြုကြ၊ သို့ဖြစ်လျှင် အသင်တို့သည်
ဂျန္နတ်သို့ အေးချမ်းစွာ ဝင်ကြရမည်။

**မဒီနာမြို့၌ ပထမသောကြာနေ့တွင်**

**ဟောကြားတော်မူသော ပထမခွုတ္တဗဟ်ဩဝါဒ**

တမန်တော်မြတ်သည် မဒီနာမြို့တော်သို့ ကြွရောက်လာပြီး ပထမသောကြာနေ့တွင် ပထမခွုတ္တဗဟ်ဓမ္မဩဝါဒပေးတော်မူခဲ့သည်။ ယင်း ဓမ္မဩဝါဒတွင် ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်အား ဂုဏ်တော်မွမ်းပြီး အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပေသည်။

امّا بعد، ايّها الناس، فقدّموا لانفسكم، تعلمنّ والله
ليصعقنّ احدكم ثمّ ليدعنّ غنمه ليس لها راعٍ،
ليقولنّ له ربّه ليس له ترجمان ولا حاجب يحجبه
دونه: الم ياتك رسولي فبلّغك وآتيتك مالا
وأفضلتُ عليك فما قدّمت لنفسك فلينظرنّ يمينًا
وشمالًا فلا يرى شيئًا ثمّ لينظرنّ قدّامه فلا يرى غير
جهنّم، فمن استطاع ان يتّقي بوجهه من النار ولو
بشقّ من تمرة فليفعل، ومن لم يجد فبكلمة طيّبة
فانّها تجزى الحسنة بعشر امثالها الى سبعمأة ضعف،
والسلام عليكم ورحمة الله وبركاته.

သို့.... အလ္လာဟ်အသျှင်မြတ်အား ဂုဏ်တော်မွမ်းပြီးနောက်၊ "အို.... လူသားတို့၊ အသင်တို့သည် မိမိတို့အဖို့ ကြိုတင်စီစဉ်ထားကြ....။ အသင်တို့ သိကြရလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ငါပြောပါရစေ တစ်ရက်၊ အသင်တို့အနက် လူတိုင်း လူတိုင်းသည် သတိလစ်သွားမည်၊ မိမိ၏ သိုး၊ ဆိတ်များ (ဥစ္စာပစ္စည်း) များကို စွန့်ပစ်လိမ့်မည်၊ ထိုသိုး၊ ဆိတ်တို့ကို စောင့်ရှောက်မည့်သူလည်း ရှိမည်မဟုတ်၊ ထိုအခါ ထိုသူအား ထိုသူ၏ အရှင်သခင်က မေးတော်မူမည်။ သို့ မေးတော်မူရာတွင် စကားပြန်လည်း ရှိမည်မဟုတ်၊ ပိတ်ပင်တားဆီးမည့် အစောင့်အရှောက်လည်း ရှိမည်မဟုတ်၊ မေးတော်မူမည်မှာ အသင့်ထံ ငါ၏ တမန်တော်ရောက်ရှိလာပြီး အသင့်အား ငါ၏ တရားဒေသနာတော်များကို ဟောကြားခဲ့သည် မဟုတ်ပါလော။ ငါသည် အသင့်အား ဥစ္စာပစ္စည်းများကို ချီးမြှင့်တော်မူခဲ့သည် မဟုတ်ပါလော။ ချီးမြှင့်

ရာတွင်လည်း လိုအပ်သည်ထက်ပို၍ ချီးမြှင့်တော်မူခဲ့သည် မဟုတ်ပါလော။ သို့ဖြစ်ရာ၊ အသင်သည် မိမိအဖို့ဘာတွေများကြိုတင်စီစဉ်ထားပါသလဲ။ ထိုအခါ ထိုသူသည် မိမိ၏ လက်ယာဘက် လက်ဝဲဘက်သို့ ကြည့်ပေမည်။ တစ်စုံတစ်ရာတွေ့ရှိရမည်မဟုတ်၊ ထိုနောက် ထိုသူသည် မိမိ၏ ရှေ့သို့ ကြည့်ပေမည်။ ဂျဟန္နမ်မှတစ်ပါး အခြားတစ်စုံတစ်ရာကို တွေ့ရှိရမည်မဟုတ်။ သို့ဖြစ်ရာ၊ မိမိကိုယ်ကို ဂျဟန္နမ်ငရဲမှ လွတ်မြောက်စေလိုသူသည် စွန်ပလွံသီး တစ်ခြမ်းနှင့်ပင် ဖြစ်ပါစေ လွတ်မြောက်အောင် ပြုလုပ်ရပေမည်။ စွန်ပလွံသီးတခြမ်းပင် မရှိပါက ကောင်းမြတ်သော စကားတစ်ခွန်းနှင့်ပင်လျှင် လွတ်မြောက်အောင် ကြိုးစားရပေမည်။ အကြောင်းသော် ကုသိုလ်ကောင်းမှု တစ်ခု၏အကျိုးသည် (၁၀)ဆမှ အဆပေါင်း(၇၀၀) အထိ တိုးမြှင့်ပေးခြင်းခံရပေမည်။

အသင်တို့အပေါ်၌ အေးချမ်းသာယာမှု သက်ရောက်ပါစေ၊ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်နှင့် မင်္ဂလာတော်များ သက်ရောက်ပါစေ''

ထို့နောက် တမန်တော်မြတ်သည် ဒုတိယအကြိမ် အောက်ပါအတိုင်း 'ခုတ္တဗဟ်' ဓမ္မဒေသနာပေးတော်မူခဲ့ပေသည်။

الحمد لله احمده واستعينه ونعوذ بالله من شرور
انفسنا ومن سيئات اعمالنا، من يهده الله فلا مضلّ له
ومن يضلل فلا هادي له. واشهد ان لا اله الا الله
وحده لا شريك له،

ان احسن الحديث كتاب الله، قد افلح من زيّنه الله
في قلبه وادخله في الاسلام بعد الكفر فاختاره على ما سواه
من احاديث الناس، انه احسن الحديث وابلغه: احبّوا
ما احبّ الله، احبّوا الله من كلّ قلوبكم ولا تملّوا كلام الله
وذكره، ولا تقس عنه قلوبكم، فاعبدوا الله ولا تشركوا
به شيئا واتقوه حق تقاته وصدّقوا الله صالح ما تقولون
بافواهكم وتحابّوا بروح الله بينكم ان الله يغضب
ان ينكث عهده.

والسلام عليكم ورحمة الله وبركاته

ချီးမွမ်းဖွယ်ရာ အဖြာဖြာကို အလ္လာဟ်အသျှင်မြတ်သာလျှင် ခံစံတော်မူထိုက်သည်။ ကျွန်ုပ်သည် ထိုအသျှင်မြတ်ထံတော်မှသာ အကူအညီပန်ကြားပါသည်။ ကျွန်ုပ်တို့သည် မိမိတို့စိတ်နှလုံးများ၏ ညစ်ညမ်းမှုများ ။ မိမိတို့အပြုအမူများ၏မကောင်းမှုများ လွတ်မြောက်ရန် အလ္လာဟ်အသျှင်မြတ် ထံတော်၌ ခိုလှုံကြပါသည်။ အလ္လာဟ်အသျှင်မြတ်က တရားပြထားသူအား မည်သူမျှမလှဲမှားစေနိုင်၊ ထိုအသျှင်မြတ်က လှဲမှားစေသူအား မည်သူမျှ တရားမပြနိုင်၊ အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာ

မရှိကြောင်း၊ ထိုအရှင်မြတ်မှာ တစ်ပါးတည်းသာ တည်ရှိတော်မူကြောင်း၊ ထိုအရှင်မြတ်၌ တုဘက် ယှဉ်ဘက် အလျဉ်းမရှိကြောင်း ကျွန်ုပ်သက်သေခံ ပါသည်။

အကောင်းဆုံးတရားသည် အလ္လာဟ်အရှင်မြတ် ကျမ်းဂန်ပင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အကြင်သူ၏ နှလုံးကို ထိုကျမ်းဂန်ဖြင့် အသပ္ပါယ ဖြစ်စေတော်မူအံ့၊ ထိုသူ့အား (ကုဖိရ်) သွေဖည် ငြင်းဆန်မှု၏နောက်တွင် အစ္စလာမ်အတွင်းသို့သွင်း တော်မူအံ့၊ ထိုသူကလည်း လူသားတို့၏ စကားများကို စွန့်ပယ်ပြီး ထိုအရှင်မြတ်၏ တရားတော်ကို နှစ်ခြိုက်လိုက်ခံအံ့။ အမှန်မှာ အရှင်မြတ်၏ တရားတော်သည် အကောင်းမြတ်ဆုံး နှင့် အထိရောက်ဆုံးပင် ဖြစ်သည်။ သို့ဖြစ်ရာ၊ ထိုသူ သည် အောင်မြင်ချေပြီ။

အသင်တို့သည် အလ္လာဟ်အရှင်မြတ် နှစ်ခြိုက် တော်မူသော အရာကို နှစ်ခြိုက်ကြ၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား မိမိတို့၏ နှလုံးသား အပြည့်အဝဖြင့် ချစ်ကြည်မြတ်နိုး။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များ နာယူရာ တွင်လည်းကောင်း၊ ထိုအရှင်မြတ်အား အောက် မေ့တသ သတိရရာတွင် လည်းကောင်း မမောကြ နှင့်၊ အသင်တို့၏ နှလုံးသားများသည် ထိုအရှင် မြတ်၏ဘက်တော်မှ ခဲယဉ်း မသွားကြစေနှင့်။

အသင်တို့သည်အလ္လာဟ်အရှင်မြတ်အား ခယရိုကျိုး ရှိခိုးကြ၊ ဝတ်ပြုကြ၊ ထိုအရှင်မြတ်နှင့် ယှဉ်တွဲ၍ တစ်စုံတစ်ရာကိုမျှ မကိုးကွယ်ကြနှင့်။ ထိုအရှင် မြတ်အား ထိုက်တန်လျော်ပတ်သည့် အားလျော် စွာ ကြောက်ရွံ့ ရိုသေခန့်ငြားကြ။ အသင်တို့သည် မိမိတို့၏ လျော်ကန်သင့်မြတ်သော စကားများဖြင့်

အလ္လာဟ် အရှင်မြတ်အား ထောက်ခံကြ။ (အမုန်ဆိ) အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား အကြောင်းပြု၍ အချင်းချင်းချစ်ခင်ကြ။

အလ္လာဟ်အရှင်မြတ်သည် ကတိဖျက်သူကို အမျက်ထားတော်မူသည်။ အသင်တို့အပေါ်၌ အေးချမ်းသာယာမှုသက်ရောက်ပါစေ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်နှင့် မင်္ဂလာတော်များ သက်ရောက်ပါစေ။

တစ်ရက်၊ တမန်တော်မြတ်သည် ဩဝါဒပေးတော်မူ၏။ ဩဝါဒတွင် အောက်ပါအတိုင်း စကားကြီး လေးခွန်းသာ ဟောတော်မူသည်။

إن الله لا ينام، ولا ينبغي له أن ينام، يخفض القسط ويرفعه، يرفع إليه عمل الليل قبل عمل النهار، وعمل النهار قبل عمل الليل، حجابه النور مسلم (رواه)

အလ္လာဟ်အရှင်မြတ်သည် အိပ်စက်တော်မမူ။ အိပ်စက်ခြင်းမှာ ထိုအရှင်မြတ်၏ ဂုဏ်တော်နှင့်လည်း မလျော်၊ ထိုအရှင်မြတ်သည်ပင် ဝေစုဝေပုံကို နိမ့်စေတော်မူသည်။ မြင့်စေတော်မူသည်။ ထိုအရှင်မြတ်ထံတော်သို့ ညဉ့်၏ အပြုအမူများ၊ နေ့၏အပြုအမူများအလျင်၊ နေ့၏ အပြုအမူများ၊ ညဉ့်၏ အပြုအမူများအလျင် ရောက်ရှိသွားပေသည်။ ထိုအရှင်မြတ်၏ (ဟိဂျာဗ်) အဖုံးအအုပ် အကာမှာ (နူရ်) အလင်းရောင်ပင် ဖြစ်သည်။

မွတ်စ်လင်မ်ကျမ်း

အလ္လာဟ်အား ဖူးမြော်သည့်အခန်း

တမန်တော်မြတ်သည် သောကြာနေ့ (ခုတ္တဗဟ်) ဓမ္မဩဝါ တော်မူရာတွင် များသောအားဖြင့် လောကီရေးရာများ၌ နှစ်မွှန်းမ

မည့်အကြောင်း။ စိတ်နှလုံးသား နူးညံ့သိမ်မွေ့ရမည့်အကြောင်း၊ ကိုယ်ကျင့်တရား ကောင်းမြတ်ရမည့်အကြောင်း၊ သချိုင်းပြစ်ဒဏ်နှင့် ကိယာမတ်နေ့တွင် ကြုံရမည့်အရေးကို ကြောက်ရွံ့ရမည့်အကြောင်း။ (တောင်ဟိဒ်) အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းသာ တည်ရှိတော်မူမည့် အကြောင်း အလ္လာဟ်အရှင်မြတ်၏ အနန္တေအနန္တ ဂုဏ်တော်များကို ဟောပြောတော်မူလေ့ရှိခဲ့ပသည်။

ရက်သတ္တတစ်ပတ်အတွင်း အကြောင်းထူး တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထိုအကြောင်းနှင့် ပတ်သက်၍ အရေးပေါ်သြဝါဒ ပေးတော်မူလေ့ရှိပေသည်။

တစ်ခါတစ်ရံ တမန်တော်မြတ်သည် (ခွတ္တဗဟ်) ဓမ္မသြဝါဒအသစ်အသစ်ပေးတော်မူမည့်အစား အထက်တွင် ဖော်ပြပါအကြောင်းများပါဝင်သည့် ကုရ်အာန်ကျမ်းလာ ကဏ္ဍတော်တစ်ပါးပါးကို ရွတ်ဖတ်တော်မူလေ့ရှိသည်။ ဥပမာ- ကုရ်အာန်ကျမ်းလာ ကဏ္ဍတော်(၅၀) စူရဟ် 'ကာဖ်'၊ တမန်တော်မြတ်သည် သောကြာနေ့ ခွတ္တဗဟ် ဓမ္မသြဝါဒများတွင် စူရာ 'ကာဖ်'များကို ရွတ်ဖတ်တော်မူလေ့ရှိသည်။

အီဒ်နေ့ 'ခွတ္တဗဟ်' သြဝါဒများတွင် 'ဆဒကဟ်' လှူဒါန်းရမည့်အကြောင်းကို အထူးတလည် ဟောပြောတော်မူလေ့ရှိသည်။

အရေးပေါ်ကိစ္စများပေါ်ပေါက်လာပါက တမန်တော်မြတ်သည် အခြေအနေနှင့် စင်မီဟပ်မီသော သြဝါဒတော်များပေးတော်မူလေ့ရှိခဲ့ပေသည်။

တစ်ခါသော်.... နေကြပ်ခြင်း၏အကြောင်းအရာလျော်စွာ အဆိုပါနေကြပ်သည့်နေ့တွင်ပင် တမန်တော်မြတ်၏ သားတော် အစ်ဗ္ဗရာဟိမ် သေဆုံးရှာ၏။ ထိုအခါ လူများက အဲရဗ်ရိုးရာအစွဲအလမ်းများအရ 'ယခုနေကြပ်ခြင်းမှာ သားတော် သေဆုံးသည့်အတွက် ဖြစ်သည်' ဟု ဆိုကြ၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် အောက်ပါအတိုင်း ဓမ္မဒေသနာ ဟောပြောတော်မူခဲ့လေသည်။

اما بعد، ايها الناس! انما الشمس والقمر آيتان من
آيات الله، وانهما لا ينكسفان لموت احد من الناس-
ما من شيئ لم اكن رأيته الا قد رأيته من مقامي هذا
حتى الجنة والنار، وانه قد اوحي اليّ انكم تفتنون في
القبور مثل فتنة الدجال فيؤتى احدكم فيقال: ما علمك
بهذا الرجل فاما المؤمن فيقول هو محمد رسول الله جاء
بالبيّنات والهدى فأجبنا واطعنا، اما المرتاب فيقول لا
ادري سمعت الناس يقولون شيئا فقلت،
انه عرض عليّ كل شيئ تولجونه، فعرضت عليّ الجنة حتى
لو تناولت منها قطفا اخذته فقصرت يدي عنه وعرضت
عليّ النار فرأيت فيها امرأة تعذّب في هرّة لها ربطتها
فلم تطعمها ولم تدعها تاكل من حشاش الارض ورأيت
ابا ثمامة عمرو بن مالك يجرّ قصبه في النار وانهم كانوا يقولون
ان الشمس والقمر لا يخسفان الا لموت عظيم، وانهما آيتان
من آيات الله يريكموها فاذا خسفا فصلوا حتى تنجلي (صحيح مسلم)

အလ္လာဟ်အသျှင်မြတ်အား ဂုဏ်တော် မွမ်းပြီး နောက်၊ အို.... လူသားအပေါင်းတို့....၊ အမှန်မှာ နေနှင့် လသည် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော်တို့အနက် သက်သေလက္ခဏာနှစ်ပါးသာဖြစ်သည်။ လူသား တစ်ဦး တစ်ယောက် သေဆုံးသည့်အတွက် နေနှင့် လသည် ကြတ် သည် မဟုတ်ပေ။

ယခင်က တစ်ကြိမ်တစ်ခါမျှ ငါမမြင်ခဲ့ဘူးသော အရာကိုယခု ငါ ဤနေရာတွင်ပင် မြင်လိုက်ရသည်။ နောက်ဆုံး ဂျန္နတ်နှင့် ဂျဟာန္နမ်ကိုလည်း မြင်လိုက်ရပြီ။

ငါ့ထံ (ဝဟီ) ရောက်ရှိလာသည်မှာ အသင်တို့သည် 'ဒဂျ်ဂျာလ်'၏ အစမ်းအသပ်ခံကြရမည်ဖြစ်သကဲ့သို့ သင်္ချိုင်းတွင်လည်း အစမ်းအသင်ခံကြရမည်။ အသင်တို့အနက် လူတိုင်းထံသို့ တစ်ဦးတစ်ယောက်ရောက်ရှိလာမည်။ ထိုသူက ဤပုဂ္ဂိုလ် (တမန်တော်မြတ်)နှင့် ပတ်သက်၍ အသင် ဘာသိသလဲ'ဟု မေးမည်။ 'မူအ်မင်န်' ယုံကြည်သူ ဖြစ်ပါက "ဤပုဂ္ဂိုလ်မှာ အလ္လာဟ်အသျှင်မြတ်၏ တမန်တော်၊ တမန်တော် မုဟမ္မဒ် ဖြစ်ပါသည်။ ထင်ရှားသော သက်သေလက္ခဏာများနှင့် တရားဒေသနာတော်များကို ယူဆောင်လာခဲ့ပါသည်။ ကျွန်တော်သည် လက်ခံနာယူ ကျင့်မူခဲ့ကြပါသည်"ဟု ဖြေကြားပေမည်၊ ဒွိဟသံသယရှိသူ၊ မယုံကြည်သူကမူ ကျွန်တော်မသိပါ။ လူများ ပြောဆိုကြသည်ကိုကြား၍ ကျွန်တော်ကလည်း သံယောင်ဖမ်းပြောဆိုခဲ့ခြင်းသာ ဖြစ်ပါသည်။

တမန်တော်မြတ်က ဆက်လက်မိန့်ကြားတော်မူသည်မှာ "ပြဿနာအရပ်ရပ် ငါ့ရှေ့ ရောက်လာသည်။ ယင်းပြဿနာများတွင် အသင်တို့လည်း ပါဝင်ပတ်သက်ကြပေမည်။

ငါ့ရှေ့မှောက် ဂျန္နတ်လည်း ရောက်လာသည်။ ငါ အလိုရှိလျှင် ဂျန္နတ်မှ အသီးအနှံများကိုပင် ဆွတ်ခူးနိုင်သည်။ သို့ရာတွင် ငါသည် မိမိ၏ လက်များကို ဆုတ်ဆိုင်း ထားလိုက်သည်။

'ငါ့ရှေ့မှောက်တွင် ဂျဟာန္နမ်ငရဲလည်း ရောက်လာသည်။ ထိုငရဲတွင် ငါသည် အမျိုးသမီး တစ်ယောက်ကို မြင်လိုက်သည်။ ထိုအမျိုးသမီးသည် ကြောင်ကလေး တစ်ကောင်နှင့်ပတ်သက်ပြီး ပြစ်ဒဏ်ခံနေရသည်၊ ထိုအမျိုးသမီးသည် အဆိုပါ ကြောင်ကလေးကို တုပ်နှောင်ထားသည်။ အစာလည်း မကျွေး၊ သူ့ဘာသာ မြေပေါ်ကျနေ

သော အရာများကို စားသောက်ရန် လွတ်သည်း မပေး။ ငါသည် (ရဲ)တွင် အဗာဆူမှာမယ်အမ်ရိုက္ကုဗ်နူမာ လိတ်ကိုလည်း မြင်လိုက်သည်။ သူသည် ...... .... .... .... .... သူတို့သည်နေနှင့်လကြပ်ခြင်းမှာ လူကြီးတစ်ဦးတစ်ယောက်သေဆုံးသည့်အတွက်သာ ဖြစ်သည်ဟု ဆိုသူများဖြစ်ကြ၏။ အမှန်မှာ နေနှင့်လမှာ အလ္လာဟ်အသျှင်မြတ်၏ သင်္ကေလက္ခဏာတော်များအနက် သက်သေလက္ခဏာတော် နှစ်ပါးသာ ဖြစ်သည်၊ ထိုအရှင်မြတ်သည် ထိုသက်သေလက္ခဏာတော်နှစ်ပါးကို အသင်တို့အား ပြတော်မူသည်။ သို့ဖြစ်ရာ၊ အသင်တို့သည် နေကြပ်သည်၊ လကြပ်သည်ကို တွေ့မြင်ရလျှင် ကြပ်ရာမှ ကြည်လင်သွားသည်အထိ ဆွလာတ်ဝတ်ပြုရှိနေကြ။

ကြည့်– မွတ်စလင်မ်ကျမ်း

‘စွန္နတ်’ လမ်းစဉ်ကို စွဲမြဲစွာ ဆုပ်ကိုင်ထားရန်နှင့် ‘ဗိဒ်အတ်’ ထွင်ချက်များကို ပယ်ရှားရန် ကိစ္စနှင့်စပ်လျဉ်း၍ တမန်တော်မြတ်သည် မကြာခဏ အောက်ပါအတိုင်း တိုတုပ်သိပ်သည်းစွာ ဟောကြားတော်မူလေ့ရှိခဲ့ပေသည်။

انما هما اثنتان الكلام والهدى، فاحسن الكلام
كلام الله، فاحسن الهدي هدي محمد (صلى الله عليه
وسلم) واياكم ومحدثات الامور، فان شر الامور محدثاتها
وكل محدثة بدعة وكل بدعة ضلالة،
الا لا يطولن عليكم الامد فيقسو قلوبكم، الا ان ما هو
آت قريب، وان البعيد ما ليس بآت، الا انما الشقي من
شقي في بطن امه، والسعيد من وعظ بغيره، الا ان
قتال المؤمن كفر، وسبابه فسوق، ولا يحل لمسلم ان
يهجر اخاه فوق ثلاث، واياكم والكذب،

ابن ماجة (باب اجتناب البدع)

အဓိကမှာ အချက်နှစ်ချက်သာ ဖြစ်သည်။ ၁။ စကား။ ၂။ ကျင့်စဉ်။ သို့ဖြစ်ရာ၊ အကောင်းဆုံး စကားမှာ အလ္လာဟ်အသျှင်မြတ် မုဟမ္မဒ်ကျင့်စဉ်ပင် ဖြစ်သည်၊ အသင်တို့သည် အသစ်ထွင်ချက်များကို ဝေးစွာရှောင်ကြဉ်ပါ။ အသစ်ထွင်ချက်များသည် အလွန်ဆိုးရွားရသာ အရာများသာ ဖြစ်သည်။ 'အစ္စလာမ်သာသနာရေးတွင်' အသစ်ထွင်ထားသော အရာတိုင်းသည် 'ဗစ်ဒ်အတ်' ဖြစ်သည်။ ဗစ်အတ်တိုင်းသည်အမှားသာဖြစ်သည်။ သတိ၊ အသင်တို့တွင် အသက်ရှည်မည်ဟူသော အတွေးမဖြစ်ပေါ်စေနှင့်။ သို့.... အတွေးပေါ်လျှင် အသင်တို့၏နှလုံးသားများသည် ခက်ထန်ကြမ်းကြုတ်သွားပေမည်။

သတိ၊ ဖြစ်ပေါ်အံ့သော အရာသည် နီးသည်သာ။ ဖြစ်ပေါ်မည်မဟုတ်သော အရာသည် ဝေးသည်သာ။ သူယုတ်သည် သူ၏မိခင် ဝမ်းဗိုက်တွင် သူယုတ်ဖြစ်သည်၊ သူကောင်းသည် သူတစ်ပါးမှ တရားရသူဖြစ်သည်။

သတိ၊ မွတ်စလင်မ်အား တိုက်ခိုက်ခြင်းသည် 'ကုဖရ်' ဖြစ်သည်။ မွတ်စလင်မ်အား ဆဲခြင်းသည် အပြစ်ဖြစ်သည်။ မွတ်စလင်မ်တစ်ဦးအဖို့ မိမိ၏ ညီနောင်အား သုံးရက်ထက်ပို၍ စကားမပြောပဲ စွန့်ပယ်ခြင်း၊ အဆက်ဖြတ်ထားခြင်း မပြုပိုင်။

သတိ၊ လိမ်လည် ပြောဆိုခြင်းတို့ အထူးရှောင်ကြဉ်ပါ။

ဣဗ်နုမာဂျဟ်
ဗစ်ဒ်အွတ်၊ ကြဉ်ရှောင်ခြင်း အခန်း၊

## အကျိုးသက်ရောက်မှု

တမန်တော်မြတ်၏ ဓမ္မသြဝါဒများတွင် အံ့ဖွယ်သရဲ အကျိုးသက်ရောက်မှုရှိခဲ့ပေသည်။ ကျောက်စိတမျှ မာကျောကော်ထန်သော နှလုံးသားများကိုပင် မိနစ်ပိုင်းအတွင်း ဖယောင်းပမာပျော့ပျောင်းစေခဲ့သည်။ ဤသည်မှာ တန်ခိုးပြာဋိဟာတစ်ပါးပင်။

တစ်ရက်၊ တမန်တော်မြတ်သည် မက္ကာမြို့တော်တွင် တရားဟောတော်မူ၏၊ တရားဟောရာတွင် ကုရ်အာန်ကျမ်း၊ ကဏ္ဍ(၅၃)လာမုက္ခပါဠိတော်များကို ရွတ်ဖတ်တော်မူ၏၊ ထိုနေ့တရားသည် အဘယ်မျှထိရောက်ခဲ့သည်ဆိုသော်.. တမန်တော်မြတ်နှင့်အတူ မွတ်စလင်မ်များမဆိုထားနှင့် ကာဖိရ်မိစ္ဆာဒိဋ္ဌိများသည်ပင်လျှင် (စဂျ်ဒဟ်) ဦးချခဲ့ကြလေသည်။

ကြည့်– ဗိုခါရီကျမ်း၊ ကဏ္ဍ '၅၃' အဖွင့်။

တမန်တော်မြတ်မှာ အမိုက်ခေတ်၏ မိတ်ဆွေတစ်ယောက် ရှိခဲ့၏။ ထိုသူသည် မန်းမှုတ်တတ်သည်။ ထိုသူသည် တမန်တော်မြတ် ၌ မပြောစကောင်း။ ရူးသွပ်ရောဂါစွဲကပ်နေသည်ဟုကြားပြီး ဆေးကုသရန် တမန်တော်မြတ်ထံရောက်ရှိလာခဲ့၏။ သို့.... ရောက်ရှိလာသည့်အခါ တမန်တော်မြတ်သည်ထိုသူ့အား အနည်းငယ်တရားဓမ္မဟောကြားတော်မူ၏။ ထိုအခါ ထိုသူက တမန်တော်မြတ်အား ပြန်လည်ပြောကြားရန် မေတ္တာရပ်ခံ၏။ တမန်တော်မြတ်သည် မိမိ၏တရားဒေသနာကို အကြိမ်ကြိမ်ဟောပြတော်မူ၏။ နောက်ဆုံးတွင် ထိုသူက "ကျွန်တော်သည် စာဆိုတော်များ၏ လက်ာများကိုလည်း ကြားဖူးပါသည်၊ မှော်ဆရာ၊ ဝိဇ္ဇာဓိုရ်၊ ပဍေဟိတ်ဗေဒင်ဟူးရာဆရာတို့၏စကားများကိုလည်း ကြားဖူးပါသည်။ သို့ရာတွင် ဤသည့် အားလုံးနှင့် မတူ၊ တမူထူးခြားပါသည်"ဟု ဝန်ခံပြောဆို၍ ပြန်သွားခဲ့လေသည်။

တစ်ခါသော်.... အစ္စလာမ့်အတွင်းသို့ အသစ်အသစ်ဝင်လာသော မျိုးနွယ်စုတစ်ခုသည် မိမိတို့၏ မြို့ရွာဒေသကိုစွန့်၍ မဒီနာသို့ ရောက်ရှိလာ၏။ တမန်တော်မြတ်သည် ယင်းမျိုးနွယ်စုအား ကူညီထောက်ပံ့ပေးကမ်းရန် လိုအပ်သည်ဟု ယူဆတော်မူသဖြင့် မွတ်စလင်မ်များအား ဗလီတော်တွင် စုရုံးစေတော်မူပြီး တရားဟောတော်မူ၏။ ယင်းတရားတွင် လူသားတို့သည် တစ်မိ တစ်ဖတည်းမှ ဆင်းသက်လာခဲ့သော တစ်မျိုးတစ်နွယ်

တည်း ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းလာ အောက်ပါ မုက္ခပါဌ်တော်ကို ရွတ်ပြတော်မူခဲ့သည်။

يا ايها الناس اتقوا ربكم الذى خلقكم من نفس واحدة، وخلق منها زوجها وبث منهما رجالا كثيرا ونساء
قرآن (4:1)

“အို....လူသားတို့၊ အသင်တို့သည် မိမိတို့၏ အရှင်သခင်အား ကြောက်ကြ၊ ရိုသေခန့်ငြားကြ။ ထို အရှင်သည် အသင်တို့အား အသက်တစ်ချောင်းမှ စတင်ဖန်ဆင်းတော်မူခဲ့၏။ ထိုနောက် အသက်တစ် ချောင်းမှပင် ၎င်း၏ကြင်ဘက်ကို ဖန်ဆင်းတော်မူ ခဲ့၏။ ထိုနောက် ထိုနှစ်ဦးမှ များစွာသော ယောက်ျားများနှင့် မိန်းမများကို ပေါက်ပွားစေ တော်မူခဲ့၏။”

ကုရ်အာန် (၄း ၁)

ထိုနောက် တမန်တော်မြတ်က ကုရ်အာန်ကျမ်းလာ အောက်ပါ မုက္ခပါဌ်တော်ကို ရွတ်ဖတ်ပြတော်မူခဲ့လေသည်။

يا ايها الذين امنوا اتقوا الله ولتنظر نفس ما قدمت لغد، واتقوا الله، ان الله خبير بما تعملون،
قرآن (59:18)

“အို.... အိမာန် ယုံကြည်သူအပေါင်းတို့၊ အသင်တို့ သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ ရိုသေ ခန့်ငြားကြ။ လူတိုင်းသည် နက်ဖြန်အတွက် မိမိ ၎င်းသို့ ကြိုတင်စီမံထားသည်ကို ကြည့်ရမည်။ အ သင်တို့သည်အလ္လာဟ်အသျှင်မြတ်အား ကြောက်ကြ ရိုသေ ခန့်ငြား ကြ၊ အလ္လာဟ် အသျှင်မြတ်သည်

အသင်္ဂ ၌ ပြုမူကြသည်များကို အကြွင်းမဲ့သိရှိ
တော်မူသည်။

ကုရ်အာန် (၅၉း ၁၈)

ထိုနောက် တမန်တော်မြတ်က အသင့်ရောက်ရှိလာကြသော မွတ်စလင်မ်များအား "ငွေကြေး၊ အဝတ်အထည်၊ စွန့်ပလွှသီး တစ်ခြမ်းပင်ဖြစ်ပါစေ၊ အလ္လာဟ်လမ်းတော်တွင် ပေးလှူကြပါ"ဟု မေတ္တာရပ်ခံတော်မူရာ၊ မဒီနာမြို့ရှိ မွတ်စလင်မ်များသည် ထိုအချိန်တွင် စီးပွားရေး အခြေအနေမလှကြသော်လည်း တမန်တော်မြတ်၏ တရားဓမ္မသြဝါဒ၏ဆွဲဆောင်မှုကြောင့် မိမိတို့ထံတွင် ရှိသည်များကိုလာရောက်လှူဒါန်းခဲ့ကြ၏။ အချို့က မိမိတို့ ဝတ်ဆင်ထားသည့် အဝတ်အစားများကိုပင် ချွတ်၍ လှူဒါန်းကြ၏။ အချို့က မိမိတို့အိမ်ရှိ ကောက်ပဲသီးနှံများကိုပင် လှူဒါန်းကြ၏။ အန်ဆွာရီ သာဝကတစ်ပါးသည် မိမိအိမ်မှ ရွှေဒင်္ဂါးများ ထည့်ထားသည့် အိပ်ကြီးတစ်အိပ်ကိုမနိုင့်တနိုင် သယ်ပိုးယူဆောင်လာပြီး လှူဒါန်းကြ၏။ တခဏအတွင်း တမန်တော်မြတ်ရှေ့မှောက်တွင် ကောက်ပဲသီးနှံကတစ်ပုံ၊ အဝတ်အစားများက တစ်ပုံ၊ အပုံကြီးနှစ်ပုံ ဖြစ်ရှိနေခဲ့၏။ မိမိတပည့်သားတို့၏ ဤသည့် စေတနာ သဒ္ဓါတရားကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည့်အခါ တမန်တော်မြတ်၏ မျက်နှာတော်မှာ ရွှေပြားကပ်ထားသည့်နှယ် ကြည်လင်တောက်ပလျက် ရှိတော်မူခဲ့ပေသည်၊

(ကြည့်- မွတ်စလင်မ်ကျမ်း၊ အလှူဒါနအခန်း)

တစ်ဘက်နှင့် တစ်ဘက် စိတ်ဓာတ်အလွန် ပြင်းထန်ပြီး သွေးထွက်သံယိုဖြစ်ရတော့မည့် အချိန်မျိုးမှာပင် တမန်တော်မြတ်ကြွရောက်ပြီး စကားတစ်ခွန်း၊ နှစ်ခွန်း မိန့်ကြားတော်မူလိုက်လျှင် ပေါက်ကွဲအံ့သော ပြဿနာမှာ ပြေငြိမ်းသွားသည်သာမက မုန်းစိတ်ပျောက်ပြီး မေတ္တာစိတ်များ တဖွားဖွားဖြစ်ပေါ်လာခဲ့ပေသည်၊ အောက်စ်မျိုးနွယ်နှင့် ခဇ်ရဂျ်မျိုးနွယ်နှစ်ခုသည် နှစ်ပေါင်းများစွာကတည်းက အချင်းချင်းတိုက်ခိုက်နေခဲ့ကြသည်။ အတိုင်းထက်အလွန် မုန်းတီးနေခဲ့ကြသည်။ သို့ပင်တစေ၊ တမန်တော်မြတ်၏ ကျေးဇူးကြောင့်ပင် အဆိုပါ မျိုးနွယ်နှစ်ခုသည် ပြန်လည်သင့်မြတ်ပြီး အချင်းချင်းအကြည်ကြီး ကြည်သွားခဲ့ပေသည်။

ဗဒ်ရီစစ်ပွဲမဖြစ်ပွားမီ တစ်ရက်၊ တမန်တော်မြတ်သည် အစီးအနှင်းနှင့် ထွက်လာတော်မူ၏။ မှတ်စလင်မ်နှင့် မုနာဖိက်များသည် တစ်နေရာတွင် စုရုံးထိုင်နေ၏။ မွတ်စလင်မ်များက ရှိသေလေးစားစွာဖြင့် စလာမ်ပေး၏။ မုနာဖိက်များကမူ ပြက်ရယ်ပြုသည့်သဘောဖြင့် စကားတစ်ခွန်းဆိုလိုက်၏။ ယင်း ပြက်ရယ်စကားကို မွတ်စလင်မ်များကြားလိုက်ရသောအခါ ဒေါသမီးဟုန်းဟုန်းတောက်သွားခဲ့၏။ စစ်ပွဲကြီးတစ်ပွဲ ဖြစ်သွားနိုင်၏။ သို့ပင်တစေ၊ တမန်တော်မြတ်က စကားတစ်ခွန်းနှစ်ခွန်းမျှ ပြောဟောတော်မူလိုက်ရာ၊ မီးကို ရေနှင့်လောင်းလိုက်သည့်ပမာ ပြဿနာလုံးဝငြိမ်းသွားခဲ့လေသည်။

မွတ်သ်ကွလိုက်စစ်ပွဲမှအပြန် ကိစ္စတစ်ရပ်နှင့် ပတ်သက်၍ အချို့မုနာဖိက်များက သွေးထိုးလှုံ့ဆော်ပေးခဲ့၏။ သို့.... သွေးထိုးလှုံ့ဆော်ပေးလိုက်သည့်အတွက် မိုဟာဂျိရ်နှင့် အန်ဆွာရီများသည် အထင်အမြင်လွဲမှားပြီး အချင်းချင်းထိုးကြိတ်တော့မလောက် ဖြစ်သွားခဲ့၏။ ဤကိစ္စကို တမန်တော်မြတ်သိလျှင် သိချင်း ကြွရောက်လာပြီး အနည်းငယ်တရားဟောပြောတော်မူလိုက်ရာ၊ အန်ဆွာရီနှင့် မုဟာဂျိရ်များ ပြန်လည်သင့်တင့်သွားခဲ့ပေသည်။

ဟိုနိုင်န် စစ်ပွဲမှရလိုက်သော သုံ့ပန်းပစ္စည်းများ ခွဲဝေပေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ အချို့ အန်ဆွာရီလူငယ်များ အတော်ပင် မကျေမနပ်ဖြစ်သွားသည်။ ထိုအချိန်တွင် တမန်တော်မြတ်သည် အန်ဆွာရီ အားလုံးတို့အား တစ်နေရာတွင် စုရုံးစေပြီး ထိမိစွာ ရင်ဖွင့်တရား ဟောတော်မူလိုက်လေ၏။ (ဤကိစ္စအတွက် အနည်းငယ်ရေးသားခဲ့ပေပြီ။) ထိုသို့ တရားဟောတော်မူလိုက်သည်အခါ မကျေမနပ်ဖြစ်နေခဲ့သော အန်ဆွာရီများသည် အကျေနပ်ကြီးကျေနပ်ပြီး အငိုကြီးငိုလိုက်လေတော့သည်။

မက္ကာမြို့တော်ကို အောင်နိုင်လိုက်သည့်အချိန်တွင် တမန်တော်မြတ်သည် အတိုင်းမသိ ကြီးမားလှသော သဘောထားကြီးမှုဖြင့် အံ့ဖွယ်သရဲကုရိုက်ရှ်မျိုးနွယ်ခေါင်းဆောင်များကို လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူလိုက်၏။ ယင်းသို့ တမန်တော်မြတ် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည်ဟူ၍ကား အန်ဆွာရီများကမသင်ခဲ့ပေ။ တမန်တော်မြတ်၏ ကြီးမားလှသော မေတ္တာကို မသိသော အချို့ပုဂ္ဂိုလ်များက "နောက်ဆုံးတော့ မိမိမြို့ပြနှင့် မျိုးနွယ်၏အချစ်စိတ်ဓာတ်သည် တမန်တော်မြတ်တွင်လည်း ပေါ်

လာသည်သာဖြစ်သည်''ဟု ဝေဖန်ပြောဆိုလိုက်၏။ ဤအကြောင်း တမန်တော်မြတ်သိတော်မူသည့်အခါ၊ အန်ဆွာရီ အားလုံးကို စုရုံးစေတော်မူပြီး ''အသင်တို့တွင် ဤသို့ ဝေဖန်ပြောဆိုသူ ရှိသလား''ဟု မေးတော်မူရာ၊ ယင်းသို့ ပြောဆိုမိသော ပုဂ္ဂိုလ်များက ပြောဆိုမိ၏-ဟု ဝန်ခံလေသည်။ ထိုအခါ တမန်တော်မြတ်က ''ငါသည် မိမိမြို့ပြဒေသနှင့် မိမိ၏မျိုးနွယ်ကို ထောက်ထားခဲ့သည်မဟုတ်ပါ။ ငါသည် အလ္လာဟ်အသျှင်မြတ်၏ အစေတော်၊ ထိုအသျှင်မြတ်၏ တမန်တော်ဖြစ်ပါသည်။ ငါသည် အလ္လာဟ်အသျှင်မြတ်အထံတော်သို့ ဟိဂျ်ရသ်လုပ်ခဲ့ပါသည်။ ပြီးနောက် အသင်တို့ထံသို့ ဟိဂျ်ရသ်လုပ်ခဲ့ပါသည်။ ယခု ငါ၏အသက်ရှင်ခြင်းသည် အသင်တို့၏ အသက်ရှင်ခြင်းပင် ဖြစ်ပါသည်။ ငါ၏သေခြင်းသည် အသင်တို့၏ သေခြင်းပင်ဖြစ်ပါသည်''ဟု ဆို၍နှင့်စွာ ဖွင့်ဟပြောပြတော်မူလိုက်ရာ၊ အန်ဆွာရီ အားလုံးတို့ ငိုကြွေးခဲ့ကြလေသည်။

တမန်တော်မြတ် ဟောပြောတော်မူသည့် တရားဓမ္မ ဩဝါဒတော်များသည် လေးလေးနက်နက် ထိထိမိမိရှိသည်သာ ဖြစ်သည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ သာဝကကြီး တစ်ပါးက အောက်ပါအတိုင်း ပြောပြခဲ့ဖူးသည်။

وعظنا رسول الله صلى الله عليه وسلم يوما بعد صلاة الغداة موعظة بليغة ذرفت منها العيون ووجلت منها القلوب (ترمذی ص۳۴)

တစ်ရက်၊ တမန်တော်မြတ်သည် ဖဂျ်ရ်ဆွလာတ်အပြီး၊ ကျွန်တော်တို့အား စာပေဂုဏ်မြောက်စွာ၊ ထိမိစွာ တရားဟောပြောတော်မူပါသည်။ ထိုတရားကို ကြားနာရသည့်အခါ၊ မျက်လုံးများ မျက်ရည်ဝိုင်းလာခဲ့ကြပါသည်။ နှလုံးသားများ တုန်လှုပ်ချောက်ချား သွားခဲ့ပါသည်။

(တိရ်မိဇီ၊ အဗူဒါဝုဒ်)

ဤအကြောင်းနှင့် စပ်လျဉ်း၍အက်စ်မာဗင်တ် အဗူဗက်ကရ်ကလည်း အောက်ပါအတိုင်း ပြောပြခဲ့ဖူးပါသည်။

قام رسول الله صلى الله عليه وسلم خطيبا فذكر
فتنة القبر التي يفتتن بها المرء فلما ذكر ذلك ضج المسلمون
ضجة، (بخارى، ما جاء في عذاب القبر)

တစ်ရက်၊ တမန်တော်မြတ်သည် တရားဓမ္မ ဟောကြားတော်မူသည်။ သို့ တရားဟောတော်မူရာတွင် သင်းချိုင်းအတွင်း အနေမ်းအသပ်ခံရမည့် အကြောင်းကိုလည်း ထည့်သွင်းဟောပြောတော်မူသည်။ ထိုအကြောင်း ဟောပြောတော်မူသည့်အခါ၊ မွတ်စလင်မ်များသည် ဟာစ်၍ဟာစ်၍ ငိုကြွေးကြလေတော့သည်။

(ဗိုခါရီ၊ သင်းချိုင်း ပြစ်ဒဏ်အခန်း)

သာဝကကြီး အဗူဟို့ရိုင်ရဟ်နှင့် သာဝကကြီး အဗူစအိဒ်က ပြောပြခဲ့သည်မှာ– **တစ်ရက်**၊ တမန်တော်မြတ်သည် တရားဓမ္မဟော ပြောတော်မူ၏၊ သို့.... ဟောပြောနေစဉ်။ တမန်တော်မြတ်က........

---

والذى نفسى بيده

“င ါ၏ အသက်စည်းစိမ်ကို စိုးပိုင်တော်မူသော အရှင်သခင်အား တိုင်တည်ပြော၍ဆိုပါသည်”ဟု ပြောကြားတော်မူသည်။ ဤသို့ သုံးကြိမ်တိုင်တိုင် ပြောတော်မူ၏။ ထိုနောက် တမန်တော်မြတ်သည် အနည်းငယ် ဦးညွှတ်၍ နေတော်မူ၏။ ယင်းသို့ ပြောတော်မူလိုက်ရာ၊ ကြားနာရသူတိုင်း မိမိရှိရာ နေရာတွင်ပင် ဦးညွှတ်ကာ ငိုကြွေးကြလေတော့သည်။ အဘယ်မျှ ငိုကြွေးသလဲဆိုလျှင် တမန်တော်မြတ်သည် ယင်းသို့ တိုင်တည်ပြီးနောက် အဘယ်အရာကို ပြောဟောတော်မူသည်....ဟူ၍ပင် တရားနာ မရိသတ်များသည် မသိရှိနိုင်ကြတော့ပေ။

သာဝကကြီး အနတ်စ်က ပြောပြခဲ့သည်မှာ= တစ်ရက်၊ တမန်တော်မြတ် အလွန်လေးနက်စွာ တရားဟောပြောတော်မူ၏၊ ထိုသို့သော

တရားကို ကျွန်ုပ်သည် မိမိတစ်သက်မကြားဖူးပါ၊တရားဟောနေတော်မူစဉ် တမန်တော်မြတ်က "အို…. ပရိသတ်အပေါင်းတို့၊ ငါသိသောအရာကို အသင်တို့သိကြလျှင် အသင်တို့သည် နည်းနည်းသာရယ်နိုင်ပြီး များများ ငိုကြမည်ဖြစ်သည်" ဟု ထည့်သွင်းပြောကြားတော်မူလိုက်သည်။ ဤသို့ ပြောကြားတော်မူလိုက်သည့်အခါ တရားနာပရိသတ်အားလုံးတို့သည် မိမိတို့၏ မျက်နှာအပေါ်တွင် အဝတ်များတင်ပြီး အသီးသီးငိုကြွေးခဲ့ကြလေတော့သည်။

ဗိုခါရီ

တဖ်စီရ်စူရဟ်မှာအဓိဒဟ်

# အီဗာဒတ်ဝတ်ပြုမှု

---

فَإِذَا فَرَغْتَ فَانْصَبْ ، وَإِلَىٰ رَبِّكَ فَارْغَبْ قرآن(94: 7-8)

“အသင်တို့ အားလပ်သောအခါ (ဝတ်ပြုမှု၌) ကြိုးပမ်းအားထုတ်ပါ၊ ထို့ပြင် မိမိ၏အရှင်သခင်ဘက်တော်သို့ စိတ်ရောကိုယ်ပါ အာရုံလှည့်ထားပါ”

ကုရ်အာန် (၉၄း ၇-၈)

ဤပစ္စုပ္ပန်ကာလ၌ ပွင့်တော်မူခဲ့ကြကုန်သော တမန်တော်များတွင် တမန်တော်မြတ်မှတစ်ပါး၊ အခြားမည်သည့် တမန်တော်နှင့် ပတ်သက်၍မျှ ဝတ်ပြုပုံဝတ်ပြုနည်း အသို့ရှိခဲ့သည်။ ဝတ်ပြုရန် မည်သည့် အချိန်များကို သတ်မှတ်ထားသည်။ ဝတ်ပြုမှုအမျိုးအစား မည်သို့ရှိခဲ့သည်များကို အတိအကျမသိရှိရပေ။ ဖခင်ကြီးအာဒမ်မှသည် တမန်တော်မူစာအထိ ယင်းတမန်တော်များ၏ ဘေရုပ္ပတ္တိများ၊ အနည်းနှင့် အများ တောင်ရာတ်ကျမ်းတွင် ပါရှိ၏။ သို့ပင်တစေ ယင်းတမန်တော်များ၏ ဤအခန်းသည်တောင်ရာတ်ကျမ်းတွင် အလျင်းမတွေ့ရှိရပေ။ ကုန်ဂျီလ်ကျမ်းတွင် အချို့နေရာများ၌ တမန်တော်အီစာနှင့် ပတ်သက်၍ တစ်ခါတစ်ရံ ဆုမွန်တောင်းတော်မူလေ့ရှိခဲ့သည့်အကြောင်းမျှသာ တွေ့ရှိရပေသည်။ ဤသည့်သက်ဆိုင်ရာ နောက်လိုက်တပည့်သားတို့ ပေါ့လျော့မှု၏အကျိုးပင်။ တမန်တော်မြတ်၏ နောက်လိုက် တပည့်သားများကမူ တမန်တော်မြတ်၏ ဝတ်ပြုပုံ ဝတ်ပြုနည်း၊ ဝတ်ပြုမှုအမျိုးအစားများ၊ ဝတ်ပြုသည့်အချိန်များ၊ ဝတ်ပြုမှုနှင့် စပ်လျဉ်း၍ အသေးစိပ်များကိုပင် စေ့စေ့လယ်လယ်၊ အဆုံးအဆ အတိအကျထိန်းသိမ်း မှတ်သားထားခဲ့ကြပေသည်။ ဤသည် တမန်တော်မြတ်၏ နောက်လိုက်တပည့်သားတို့အဖို့ ဂုဏ်ယူစရာပင်။

## ဆုပန်ကြားမှုနှင့် ဝတ်ပြုမှု

တမန်တော်မြတ်သည် တမန်တော်အဖြစ် ချီးမြှင့်တော်မူခြင်းမခံရမီ အလျင်ကလည်း အလ္လာဟ်အသျှင်မြတ်အား ဝတ်ပြုနေတော်မူလေ့ ရှိခဲ့ပေသည်။ ဟီရာလိုဏ်ဂူတွင် သွားရောက်၍ လပေါင်းများစွာ တစ်ကိုယ်ထီးတည်း 'မူရာကာဗဟ်' ပြုလုပ်တော်မူလေ့ ရှိခဲ့ပေသည်။ အလ္လာဟ် အသျှင်မြတ်၌ အာရုံပြုတော်မူလေ့ ရှိခဲ့ပေသည်။ စဉ်းစားဆင်ခြင် တွေးခေါ်မြော်မြင်၍ တရားအားထုတ်တော်မူလေ့ ရှိခဲ့ပေသည်။ (*)

အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ်အား တမန်တော်အဖြစ် ချီးမြှင့်တော်မူသည့် အချိန်မှစ၍ ဆွလာတ်ဝတ်ပြုနည်းကိုပါ သင်ကြားပြသတော်မူခဲ့လေသည်။ တမန်တော်မြတ်သည် ကုရိုက်ရှ်မျိုးနွယ်ဝင် ကာဖိရ်မိစ္ဆာဒိဋ္ဌိများကို ကြောက်ရွံနေရသဖြင့် လျှို့ဝှက်စွာ ဆွလာတ်ဝတ်ပြုနေတော်မူခဲ့ရှာလေသည်။ ဆွလာတ်ဝတ်ပြုရန် အချိန် ကျရောက်လာသည့်အခါ တမန်တော်မြတ်သည် တောင်ကြားဒေသတစ်ခုခုသို့ ကြွသွားတော်မူပြီး လျှို့ဝှက်စွာ ဆွလာတ်ဝတ်ပြုတော်မူလေ့ ရှိခဲ့ပေသည်။

တစ်ရက်၊ တမန်တော်မြတ်သည် သာဝကကြီး အလီနှင့် အတူတူ တောင်ကြားလမ်းတစ်ခုတွင် ဆွလာတ်ဝတ်ပြုနေတော်မူ၏။ အကြောင်းအားလျော်စွာ ဘကြီးတော် အဗူတွာလိစ်ဗ်ရောက်ရှိလာ၏။ ဘကြီးတော်က အသင်တို့ ဘာလုပ်နေကြသလဲဟု မေးရာ၊ တမန်တော်မြတ်က အကျိုးအကြောင်းပြောပြပြီး ဘကြီးတော်အား အစ္စလာမ်ကို လက်ခံရန် ဖိတ်ကြားတော်မူခဲ့လေသည်။

တမန်တော်မြတ်သည် 'အစ်ရှ်ရာက်' ဆွလာတ်ကို ကျောင်းတော် ပရဝုဏ်အတွင်း၌ အများရှေ့တွင်ပင် ပြုတော်မူလေ့ ရှိခဲ့ပေသည်။ ယင်းသို့ ဝတ်ပြုတော်မူနိုင်ခြင်းမှာ ကုရိုက်ရှ်မျိုးနွယ်ဝင်များထံတွင်လည်း ၎င်းတို့၏ ဘာသာအယူဝါဒအရ ဝတ်ပြုပိုင်ခွင့်ရှိခြင်းကြောင့်ပင် ဖြစ်ပေသည်။

---

(*) ဤအကြောင်းနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ပထမတွဲ စာမျက်နှာ (၉၉ – ၁၀၁)တွင် ရေးသားဖော်ပြခဲ့ပေပြီ။
(သာဇီ)

ဗိုခါရီကျောင်းတွင် ပါရှိသည်မှာ၊ တစ်ရက်၊ တမန်တော်မြတ်သည် ကျောင်းတော်ပရဝုဏ်အတွင်း၌ ဆွမ်းလာတ်ဝတ်ပြုနေတော်မူခဲ့၏။ ကုရိုက်ရှိ မျိုးနွယ်၏ အကြီးအကဲများသည် ထိုင်၍ တမန်တော်မြတ်အား ပြက်ရယ်ပြုနေခဲ့ကြ၏၊ ထိုအချိန်တွင် အဗူဂျဟ်လ်က "အခုအချိန် တစ်ဦး တစ်ယောက် တစ်နေရာသွားပြီး ကုလားအုပ်၏အူများကို အညစ်အကြေးနှင့် အတူ မ,ယူလာပြီး မုဟမ္မဒ်စဂျိဒဟ်ဦးချသည့်အခါ သူ၏ လည်ကုပ်ပေါ်တွင် တင်ထားလိုက်လျှင် ကောင်းမည်" ဟု ပြောဆို၏။ သို့....ပြောဆိုသည့် အတိုင်း ဤသည့်အလုပ်ကို အကုဗဟ်ဆိုသူသည် ပြုလုပ်ခဲ့လေသည်။ တမန်တော်မြတ်သည် ဆွမ်းလာတ်ဝတ်ပြုရာတွင် ကုရ်အာန်ကျမ်းလာ မုက္ခပါဌ်တော်များကို အသံကျယ်စွာ ရွတ်ဖတ်တော်မူလေ့ရှိခဲ့ပေသည်၊ ကာဖိရ်များသည် ကဲ့ရဲ့ပြစ်တင်လေ့ရှိခဲ့ကြပေသည်။

တစ်ရက်၊ တမန်တော်မြတ်သည် ကျောင်းတော်ပရဝုဏ်တွင် ဆွမ်းလာတ်ဝတ်ပြုနေတော်မူ၏၊ ထိုအချိန်တွင် အချို့သူယုတ်မာများသည် ပြက်ရယ်ပြုကာ အနှောင့်အယှက်ပေးခဲ့ကြ၏၊ တစ်ကြိမ်သော်.... သူယုတ်မာတစ်ယောက်က တမန်တော်မြတ်အား ဆွမ်းလာတ်ဝတ်ပြုနေစဉ် လည်ပင်းတွင် ကြိုးစွပ်ဆွဲခဲ့၏။ ဤမျှလောက်မျှ အနှောင့်အယှက် ပေးခဲ့ကြသော်လည်း အလ္လာဟ်အသျှင်မြတ်အား အောက်မေ့သတိရခြင်း၏ အရသာကို သိထားတော်မူသော တမန်တော်မြတ်သည် အံ့ဖွယ်သရဲသည်းခံ၍ ဝတ်ပြုလျက်ပင် နေတော်မူခဲ့လေသည်။ တမန်တော်မြတ်အား ဝတ်ပြုခြင်းမှ မည်သည့် အင်အားစုကမျှ အဟန့်အတားမပြုနိုင်ခဲ့ပေ။

တမန်တော်မြတ်သည် ညဉ့်သန်းကောင်ယံအချိန်တွင် နိုးထပြီး ဆွမ်းလာတ်ဝတ်ပြုတော်မူလေ့ရှိခဲ့ပေသည်။ ဤဝတ်ပြုမှုနှင့် စပ်လျဉ်း၍ သာဝက အသီးသီးထံမှ ကျမ်းချက်အသီးသီးတွေ့ရှိရပေသည်။

ကျမ်းချက်တစ်ခုအရ၊ တမန်တော်မြတ်သည် တညဉ့်လုံးဝတ်ပြုနေတော်မူသည်ဟူ၏။

အူမ္မုစလမဟ်သခင်မက "တမန်တော်မြတ်သည် ညတွင်အနည်းငယ် အိပ်စက်တော်မူသည်၊ ထို့နောက် နိုးထပြီး ဆွမ်းလာတ်ဝတ်ပြုတော်မူသည်။ ထိုနောက် အနည်းငယ် အိပ်စက်တော်မူသည်။ ထိုနောက် နိုးထပြီး ဝတ်ပြုတော်မူပြန်သည်၊ ယင်းသို့ဖြင့် မိုးလင်းသည်အထိ အိပ်လိုက်၊ နိုးလိုက်၊ ဝတ်ပြုလိုက် နေတော်မူလေ့ရှိသည်" ဟု ပြောပြခဲ့လေသည်။

သာဝကကြီး ကလပ်နူအာဇ်ဗာစ်က “တမန်တော်မြတ်သည် ညဥ့်သန်းခေါင်ယံအချိန်တွင် နိုးထပြီးနောက် (၁၃)ရကအတ် ဝတ်ပြုတော်မူလေ့ရှိသည်”ဟု ပြောပြခဲ့လေသည်။

ကြင်ယာတော်အာဣရှဟ်သခင်မက “တမန်တော်မြတ်သည် ညဥ့်သန်းခေါင်ယံအချိန်တွင် နိုးထပြီး ဆွလာတ်(၉)ရကအတ်ဝတ်ပြုတော်မူလေ့ရှိသည်”ဟု ပြောပြခဲ့လေသည်။

အထက်ပါ ကျမ်းချက်များတွင်ပါရှိသော ကွဲလွဲချက်များနှင့် စပ်လျဉ်း၍ ‘မုဟဒ်ဒစ်ဆ်’ သြဝါဒတော်ဆိုင်ရာ ပညာရှင်များက ဖွင့်ဆိုပေါင်းစပ်ပေးခဲ့ကြသည်မှာ “တမန်တော်မြတ်သည် အထက်တွင် ဖော်ပြပါ ဝတ်ပြုပုံအသီးသီးအတိုင်း ဝတ်ပြုတော်မူလေ့ ရှိခဲ့ပေသည်။ တမန်တော်မြတ် ဝတ်ပြုပုံကို ပြောပြသူတိုင်းက မိမိတွေ့မြင်ခဲ့သည့်အတိုင်း ပြောပြခြင်းသာ ဖြစ်သည်။ သို့တစေ တမန်တော်မြတ်သည် မိမိသက်တမ်းနောက်ဆုံးပိုင်းတွင် ကြင်ယာတော်အာဣရှဟ်၊ သာဝကကြီး ကလပ်နူအဇ်ဗါစ်တို့ ပြောပြခဲ့ကြသည့်အတိုင်း ညဥ့်သန်းခေါင်ယံ အချိန်တွင် နိုးထပြီး ဝတ်ပြုတော်မူလေ့ ရှိခဲ့ပေသည်။

တမန်တော်မြတ်သည် ငါးကြိမ် ဖရဿ်ဆွလာတ်များအပြင် စွန္နဟ်၊ နဖလ်၊ ဆွလာတ်များလည်း ပြုခဲ့ပေသည်။ ဥပမာ–ဖဂျ်ရ်တွင် ၂–ရကအတ် ကျွေးရှုက်တွင် ၄–ရကအတ်၊ ဇူဟ်ရ်တွင် ၆–ရကအတ်၊ အဆ္ဆရ်တွင် ၆– ရကအတ်၊ ဖရဿ် အလျင် ၄–ရကအတ်၊ ဖရဿ် နောက် ၂–ရကအတ်၊ အာဣရှဟ်သခင်မ၏ ပြောပြချက်အရ၊ မဃ်ရစ်ဗ်တွင် ၂–ရကအတ်၊ အီရှာတွင် ၆–ရကအတ်၊ တဟဂျ်ဒ် နှင့် စစ်ဟ်ရ်တွင် ၁၃–ရကအတ်၊ ပေါင်း (၃၉) ရကအတ် ပြုတော်မူလေ့ ရှိခဲ့ပေသည်။ ထိုဆွလာတ်များအပြင် တမန်တော်မြတ်သည် အောင်ဝါဗိန်ဆွလာတ်၊ ဗလီဝင်ချိန် တဟီယ်ယတ်မဂ်စ်ဂျိဒ်.... စသည့်စွန္နတ်၊နဖိလ်ဆွလာတ်များလည်း ဝတ်ပြုတော် မူလေ့ရှိခဲ့ပေသည်။

စွန္နပ် ဆွလာတ်များအနက် ဖဂျ်ရ်ဖရဿ် ဆွလာတ် အလျင်၊ စွန္နပ် ၂–ရကအတ်ကို အထူးတလည် ဂရုတစိုက် ပြုတော်မူလေ့ရှိခဲ့ပေသည်။

ကြည့်- ဗိုခါရီကျမ်း၊ စွန္နတ်နဖိလ်အခန်း

တမန်တော်မြတ်သည် အကြောင်းတစ်ခုခုကြောင့် သူ့အချိန်တွင် ထိုစွန္နတ်ဆွလာတ်ကို ပြန်လည်ဖြည့်ဆည်း ပေးတော်မူလေ့ရှိပေသည်။ ဤသည်မှာ နောက်လိုက်တပည့်သားတို့နှင့် မသက်ဆိုင်ပေ။ တမန်တော်မြတ်၌လည်း ယင်းအဖြစ်မျိုးသည် တစ်သက်မှာ တစ်ကြိမ်သာ ဖြစ်ခဲ့ဖူးပေသည်။ ယင်းအဖြစ်ကား.... ဇုဟ်ရ်နှင့် အဆွရ်ကြား တမန်တော်မြတ်ထံ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာခဲ့၏။ ထိုအတွက် တမန်တော်မြတ်သည် ထိုနေ့ ဇုဟ်ရ်ဖရဿ်ဆွလာတ်၏နောက် စွန္နတ် ၂-ရကာအတ်ကို ပြုတော်မမူနိုင်ခဲ့ပေ။ အဆွ်ရ်ဆွလာတ်ပြီးသောအခါ တမန်တော်မြတ်သည် ကြင်ယာတော်တစ်ပါး၏အဆောင်သို့သွားရောက်၍ အဆိုပါ စွန္နပ် ၂-ရကာအတ်ကို ပြန်လည်ဖြည့်တော်မူ၏။ ဤဆွလာတ်သည် တမန်တော်မြတ်၏ အလေ့အထနှင့် ဆန့်ကျင်နေသည့်အတွက် အချို့ကြင်ယာတော်များက အကျိုးအကြောင်း မေးကြရာ တမန်တော်မြတ်က အဖြစ်အပျက်ကို ပြောပြတော်မူခဲ့လေသည်။

နောက်လိုက်တပည့်သားများအတွက် ဆွလာပ် တစ်ကြိမ်လွတ်သွားလျှင် တစ်ကြိမ်ပြန်လည်ဖြည့်ခြင်းသည် လုံလောက်ပေသည်။ သို့ပင်တစေ တမန်တော်မြတ်သည် တစ်စုံတစ်ရာကို စတင်ပြုလုပ်တော်မူလျှင် ထိုအရာကို အစဉ်တစိုက် ပြုလုပ်တော်မူလေ့ရှိသည်။ ထိုအတွက် တမန်တော်မြတ်သည် အဆိုပါ ပြန်လည်ဖြည့်ဆည်းတော်မူသော စွန္နပ် ၂-ရကာအတ်ကို ရှိးမြေကျသည့်အထိ ဖြည့်၍ နေတော်မူခဲ့လေသည်ဟု ကြင်ယာတော် အာအိရှာဟ်နှင့် ကြင်ယာတော် အွမ္မုစလမဟ်တို့က ပြောပြခဲ့ကြလေသည်။

ရမဿွာန်လမြတ်မှာမူ တမန်တော်မြတ်သည် အခြားလများနှင့် မတူ တမူထူးခြားသော ဝတ်ပြုမှုတွင် ပို၍ပို၍ စိတ်အားထက်သန်လာတော်မူခဲ့ပေသည်။ သာဝကကြီး ဣဗ်နုအဗ်ဗါစ်က ''တမန်တော်မြတ်သည် အစကတည်းကပင် ရက်ရောတော်မူခဲ့ပေသည်။ သို့ပင်တစေ၊ ရမဿွာန်လမြတ် ရောက်လာသည့်အခါ ကောင်းကင်တမန် ဂျစ်ဗ်ရာအိလ် ကြွရောက်လာပြီး ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ပြသည့်အခါ တမန်တော်မြတ်၏ရက်ရောမှုမှာ အတိုင်းမသိ တိုးတက် ပွားများလာပေတော့သည်။ တမန်တော်မြတ်၏ ရက်ရောမှုမှာ လေထက်ပင် ရှေ့ရောက်သွားပေတော့သည်''ဟု ပြောပြခဲ့ဖူးလေသည်။

ရမဿန်လမြတ်၏ နောက်ဆုံး ဆယ်ရက်ရောက်သောအခါ တမန်တော်မြတ်သည် ဝတ်ပြုမှုတွင် ပို၍ပို၍ နှစ်မွှန်းနေတော်မူခဲ့လေသည်။ ကြင်ယာတော် အာအိရှဟ်သခင်မက ရမဿန်လမြတ်၏ နောက်ဆုံး ဆယ်ရက်ရောက်လာသောအခါ တမန်တော်မြတ်သည် ညဉ့်လုံးပေါက်နိုးထကာ ဝတ်ပြုနေတော်မူလေ့ရှိသည်။ ကြင်ယာတော်များနှင့် အဆက်အသွယ်ထားတော်မမူ၊ အိမ်တော်သူအိမ်တော်သားများအားလည်း ဝတ်ပြုရန်နှိုးတော်မူလေ့ရှိသည်၊ အဆိုပါနောက်ဆုံးဆယ်ရက်တွင် တမန်တော်မြတ်သည် အများအားဖြင့် 'အစ်အ်တိကာဖ်' ထိုင်တော်မူလေ့ရှိသည်။ (ဝါ) တမန်တော်မြတ်သည် အချိန်ရှိသမျှ ဗလီတော်တွင် နေထိုင်ပြီး အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသကာ နေတော်မူလေ့ရှိသည်....''ဟု ပြောပြခဲ့လေသည်။

တမန်တော်မူဟာမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကုရ်အာန်ကျမ်းမြတ်ကို နှုတ်စဉ်နှင့်အမျှ ရွတ်တော်မူလေ့ရှိသည်။ အဗူဒါဝုဒ်၏ ကျမ်းချက်တစ်ခုအရ သိရှိရသည်မှာ တမန်တော်မြတ် ကုရ်အာန်ကျမ်းကို ရွတ်တော်မူသည့်အချိန်မှာ အိရှာဆွလာတ်၏ နောက်တွင်ဖြစ်သည်။ နေ့စဉ်ရွတ်ရန်အတွက် ကုရ်အာန်ကျမ်းတော်လာ ကဏ္ဍများ၏ အရေအတွက်ကိုလည်း ကန့်သတ်ထားသည်။ တမန်တော်မြတ်သည် ထိုကန့်သတ်ထားသော အစီအစဉ်အတိုင်း ရွတ်တော်မူလေ့ရှိသည်။

ရမဿန်လတွင်မူ တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းတော်ကို အစ,အလယ်,အဆုံး ရွတ်တော်မူလေ့ရှိသည်။ တမန်တော်မြတ်သည် ညဉ့်သန်းခေါင်ယံနိုးထပြီး ကုရ်အာန်ကျမ်းလာအချို့ကဏ္ဍ၊ သို့မဟုတ် အချို့ မုကွ်ဒပါဒ်တော်များကို ရွတ်တော်မူလေ့ရှိသည်။

သာဝကကြီး ဟုဇိုင်ဖဟ်အဗ်ဗာစ်က ပြောပြခဲ့သည်မှာ ''တစ်ရက်၊ ညဉ့်အခါ ကျွန်ုပ်တွေ့မြင်ခဲ့ရသည်မှာ တမန်တော်မြတ်သည် ညဉ့်သန်းခေါင်ယံနိုးထတော်မူသည်၊ မျက်စိများကို ပွတ်သပ်ကာ ထတော်မူသည်၊ သန်းခေါင်ယံအချိန်ဖြစ်သည်။ ကြယ်များတောက်ပလျက်ရှိသည်။ ထို့နောက် တမန်တော်မြတ်သည် သာယာလှသော မိုးကောင်းကင်ကို မော့ကြည့်တော်မူပြီး အောက်ပါ မုကွ်ဒပါဒ်တော်များကို ရွတ်ဆိုတော်မူလေသည်။

إن في خلق السموت والارض واختلاف اليل
والنهار لايت لأولي الالباب الذين يذكرون الله
قياما وقعودا وعلى جنوبهم ويتفكرون في خلق السموت
والارض ربنا ما خلقت هذا باطلا سبحنك فقنا
عذاب النار
ربنا انك من تدخل النار فقد اخزيته وما للظلمين
من انصار ربنا اننا سمعنا مناديا ينادي للايمان ان
امنوا بربكم فامنا ربنا فاغفر لنا ذنوبنا وكفر عنا سياتنا
وتوفنا مع الابرار ربنا واتنا ما وعدتنا على رسلك ولا
تخزنا يوم القيمة انك لا تخلف الميعاد فاستجاب لهم
ربهم اني لا اضيع عمل عامل منكم من ذكر او انثى بعضكم
من بعض فالذين هاجروا واخرجوا من ديارهم واوذوا
في سبيلي وقتلوا وقتلوا لاكفرن عنهم سياتهم ولادخلنهم
جنت تجري من تحتها الانهر ثوابا من عند الله والله
عنده حسن الثواب ۝ قرآن (۳:۱۸۹-۱۹۴)

မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းရာတွင်လည်းကောင်း၊ နေ့နှင့် ညဥ့်၏ ပြောင်းလဲမှုတွင်လည်းကောင်း ပညာရှင်များအဖို့ သက်သေလက္ခဏာများ ရှိ၏။ ယင်းပညာရှင်များသည် အလ္လာဟ် အသျှင်မြတ်အား တော် မတ်ရပ်လျက်၊ ထိုင်လျက်၊ လဲလျောင်းလျက် အောက်မေ့တသ သတိရကြသည်။ ထိုပညာရှင်များသည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းမှုနှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင်ကြသည်။

(သို့.... စဉ်းစားဆင်ခြင်ပြီးနောက် ဤသို့ လျှောက်ထား ကြသည်။)

အို.... ကျွန်တော်မျိုးတို့၏ အရှင်သခင်၊ အရှင်မြတ်သည် ဤသည်များကို အချည်းနှီး ဖန်ဆင်းထားတော်မူသည် မဟုတ်ပါ။ အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူပါသည်။ သို့ဖြစ်ရာ၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ရေး ဒဏ်မှ ဖယ်ရှားတော်မူပါ။

အို.... ကျွန်တော်မျိုးတို့၏အရှင်သခင်၊ အရှင်မြတ်သည် အကြင်သူကို ငရဲမီးထဲသို့ ထည့်သွင်းတော်မူပါလျှင် အရှင်မြတ်သည် ထိုသူ့အား မုချဂုဏ်ရည်သေးသိမ်စေတော်မူချေပြီ။ ကျူးလွန်သူများအဖို့ ကူညီစောင်မမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပေ။

အို....ကျွန်တော်မျိုးတို့၏အရှင်သခင်၊ ကျွန်တော်မျိုးတို့သည် ကြွေးကြော်သူတစ်ဦးကို ကြားကြပါသည်၊ ထိုသူသည် အီမာန်ယုံကြည်ရန် အလို့ငှာ၊ ''အသင်တို့သည် မိမိတို့၏ အရှင်သခင်အား ယုံကြည်ကြ''ဟု ကြွေးကြော်လျက်ရှိပါသည်။ သို့ဖြစ်ရာ၊ ကျွန်တော်မျိုးတို့သည် ယုံကြည်ကြပါပြီ။

အို....ကျွန်တော်မျိုးတို့၏အရှင်သခင်၊ သို့ဖြစ်ရာ၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏အပြစ်များကို ခွင့်လွှတ်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့၏ မကောင်းမှုများကိုလည်း ကျွန်တော်မျိုးတို့ထံမှ ပပျောက်စေတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား သူမွန်သူမြတ်တို့နှင့် အတူတကွ သေဆုံးစေတော်မူပါ။

အို....ကျွန်တော်မျိုးတို့၏အရှင်သခင်၊ ထို့ပြင် အရှင်မြတ်သည် မိမိ၏ တမန်တော်များမှတဆင့် ကျွန်တော်မျိုးတို့အား ကတိပြုထားတော်မူသည်များကိုလည်း ကျွန်တော်

မျိုးတို့အား ပေးသနားတော်မူပါ၊ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကိယာမတ်နေ့တွင် ဂုဏ်ရည်သေးသိမ်အောင် ပြုလုပ်တော်မမူဗါလင့်။ အရှင်မြတ်သည် (ဘယ်သောအခါမျှ) ကတိဖေါက်ဖျက်တော်မူသည် မဟုတ်ပါ။

ထိုအခါ ထိုသူမွန်သူမြတ်တို့၏ လျှောက်ထားပန်ကြားချက်ကို ၎င်းတို့၏ အရှင်သခင်သည် လက်ခံသဘောတူတော်မူလိုက်လေသည်၊ အကြောင်းကား.... ငါအရှင်မြတ်သည် အသင်တို့အနက် ကောင်းမှုပြုသူ တစ်ဦးတစ်ယောက်၏ ကောင်းမှုကိုမျှ အချည်းနှီး ဖြစ်စေတော်မူသည် မဟုတ်။ ထိုကောင်းမှုပြုသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အသင်တို့သည် အချင်းချင်း အညီမညွှပ် ဖြစ်ပေသည်။ ထိုအတွက်ကြောင့်ပင် အကြင်သူများသည် ဟိဂျ်ရတ်ပြုလုပ်ကြ၏၊ (ဝါ) အစ္စလာမ်အတွက် မိမိတို့၏မြို့ရွာကို စွန့်လွှတ်ခဲ့ကြ၏။ ၎င်းပြင် ထိုသူများသည် ၎င်းတို့၏အိုးအိမ်များမှ နှင်ထုတ်ခြင်းလည်း ခံခဲ့ကြရ၏။ ၎င်းပြင် ထိုသူများသည် စစ်မက်မြိုင်ဆိုင်တိုက်ခိုက်ခံခဲ့ကြ၏။ သေဆုံးခြင်းလည်း ဖြစ်ခဲ့ကြရ၏။ ငါအရှင်မြတ်သည် ထိုသို့သော သူများ၏ မကောင်းမှုများကို မလွှဲမရှောင် ဖယ်ရှားပေးတော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား အကြင်သို့သော ဥယျာဉ်တော်များ အတွင်းသို့လည်း မုချဝင်ရောက်စံမြန်းစေတော်မူမည်။ ထိုဥယျာဉ်များ၏ အောက်၌ စမ်းရေချောင်းများ စီးဆင်းလျက်ရှိသည်။ ဤသည် အလ္လာဟ်အသျှင်မြတ်ထံတော်မှရရှိမည့် ကုသိုလ်အကျိုးပင် ဖြစ်၏။ အမှန်မှာ အမွန်မြတ်ဆုံးသော ကုသိုလ်အကျိုးမှာ အလ္လာဟ်အသျှင်မြတ်ထံတော်မှာသာလျှင် ရှိပေတည်း။

ကုရ်အာန်ကျမ်း (၃း ၁၇၉- ၁၉၄)

ထိုအချိန်တွင် တမန်တော်မြတ်သည် အလ္လာဟ် အသျှင်မြတ်အားနှုတ်ဆုံးသားအတွင်းမှ အောက်ပါအတိုင်း ဂုဏ်တော်မွမ်းမံ ရှိတော်မူခဲ့ပေသည်။

اللهم لك الحمد، انت نور السموات والارض، ولك
الحمد انت قيام السموات والارض، ولك الحمد انت
رب السموات والارض ومن فيهن، انت الحق،
وعدك الحق، وقولك الحق، ولقائك الحق، والجنة
حق، والنار حق، والساعة حق، اللهم لك اسلمت،
وبك امنت، وعليك توكلت، واليك انبت، وبك
خاصمت، واليك حاكمت، فاغفرلى ما قدمت واخرت
واسررت واعلنت، انت الهى، لا اله الا انت،
(مسلم، باب الدعاء فى صلاة الليل)

အို…အလ္လာဟ်အသျှင်မြတ်၊ ချီးမွမ်းခြင်း အပေါင်းကို အသျှင်မြတ်သာလျှင် ခံထိုက်တော်မူပါသည်။ အသျှင်မြတ်သည်မိုးကောင်းကင်များနှင့်ကမ္ဘာမြေကြီး၏အလင်းရောင်ဖြစ်တော်မူပါသည်၊ အသျှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကြီးကို စတင်တည်ထောင်တော်မူသောအသျှင် ဖြစ်တော်မူပါသည်။ ချီးမွမ်းခြင်း အပေါင်းကို အသျှင်မြတ်သာလျှင် ခံတော်မူထိုက်ပါသည်။ အသျှင်မြတ်သည်ပင် မိုးမြေနှင့် ယင်းတို့အတွင်းရှိရှိသမျှတို့၏ အရှင်သခင်ဖြစ်တော်မူပါသည်။

အသျှင်မြတ်၏ကတိတော်သည် မှန်ပါသည်၊ အသျှင်မြတ်၏ စကားတော်သည် မှန်ပါသည်။ အသျှင်မြတ်နှင့် တွေ့ဆုံရမည်မှာ မှန်ပါသည်၊ ဂျန္နတ်သည် မှန်ပါသည်၊ ငရဲသည် မှန်ပါသည်၊ ကိယာမတ်သည် မှန်ပါသည်။

အို…. အလ္လာဟ်အသျှင်မြတ်၊ကျွန်တော်မျိုးသည် အသျှင်မြတ်အား ယုံကြည်ပါပြီ၊ လွဲအပ်ပါပြီ၊ အသျှင်မြတ်၏ အားကိုးဖြင့် အခြေအတင်ပြောဆိုပါသည်။ အသျှင်မြတ်ထံတော်မှ အဆုံးအဖြတ်ကိုသာ နာယူပါသည်၊ သို့ဖြစ်ရာ…. ကျွန်တော်မျိုး၏ အတိတ်, အနာဂတ်, လျှို့ဝှက်, ထင်ရှား

အပြစ်များကို ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုး၏ ကိုးကွယ်ရာ အရှင်သခင် ဖြစ်တော်မူပါသည်။ အရှင်မြတ်မှ တစ်ပါး အခြား ကိုးကွယ်ရာမရှိပါ။

မှတ်စုလင်မ်ကျမ်း

(သန်းကောင်ယံ ဝတ်ပြုရာတွင် ဆုတောင်းခန်း)

တစ်ခါတစ်ရံ အိမ်တော်သူအိမ်တော်သားများ အိပ်ကြသောအခါ တမန်တော်မြတ်သည် မိမိအိပ်ရာမှ နိုးထတော်မူပြီး အလ္လာဟ်အသျှင်မြတ်အား ဝတ်ပြုတော်မူလေ့ရှိသည်။ ဆုတောင်းတော်မူလေ့ရှိသည်။ ကြင်ယာတော် အာအိရှာဟ်သခင်မက ပြောပြခဲ့သည်မှာ ''တစ်ညဉ့်သော် ကျွန်မ အိပ်ရာက နိုးပါသည်။ တမန်တော်မြတ်အား အိပ်ရာပေါ်တွင် မတွေ့ရ။ အခြား ကြင်ယာတော်တစ်ပါးပါး၏ အဆောင်တော်သို့ ကြွသွားတော်မူသည်ဟု ထင်မိ၏။ အမှောင်ထဲတွင် လက်ဖြင့် ဟိုဟိုသည်သည် စမ်းလိုက်ရာ မြေပေါ်တွင် (စဂျဒဟ်) ဦးချလျက် ဆုမွန်တောင်းနေတော်မူသော တမန်တော်မြတ်အား တွေ့မြင်လိုက်ရ၏။ ဤသို့ တွေ့မြင်လိုက်ရသည့်အခါ.... ကျွန်မသည် မိမိအတွေးအထင်နှင့်ပတ်သက်၍ ရှက်မိတော့၏။ မိမိ၏စိတ်တွင် ''သြ.... ကျွန်မ ဘာတွေတွေးနေသလဲ၊ တမန်တော်မြတ်က အဘယ်ကမ္ဘာ ရောက်ရှိနေတော်မူသလဲ''ဟု ပြောမိပါသည်....ဟူ၍ ပြောပြခဲ့လေသည်။

တစ်ခါတစ်ရံ တမန်တော်မြတ်သည် သန်းကောင်ယံ နိုးထပြီးလျှင် သင်းချိုင်းသို့ တစ်ကိုယ်တည်း ကြွသွားတော်မူလေ့ရှိသည်။ တစ်ခါသော် တမန်တော်မြတ်သည် သန်းကောင်ယံအိပ်ရာမှနိုးထပြီး အပြင်သို့ ကြွသွားတော်မူ၏။ ကြင်ယာတော်အာအိရှာဟ်သည် နောက်မှလိုက်သွားခဲ့၏။ တမန်မြတ်သည် 'ဂျန္နတုလ်ဗကီအ်' သင်းချိုင်းတော်သို့ ကြွသွားတော်မူပြီး အထက်ပါအတိုင်း ဆုမွန်တောင်း၍ နေတော်မူခဲ့လေသည်။

တမန်တော်မြတ်သည် ညသန်းကောင်ယံ ယင်းသို့နိုးထပြီး ဝတ်ပြုတော်မူလေ့ရှိသည်။ သို့.... ဝတ်ပြုပြီးနောက် ခေတ္တအိပ်စက်တော်မူသည်။ နံနက်အလင်းရောင် ထွက်ပေါ်လာသည်နှင့် တပြိုင်နက်တည်း အိပ်ရာမှ နိုးထတော်မူသည်။ ဖဂျ်ရ်စုန္နတ်ဆွလာတ်ကို အဆောင်တော်မှာပင် ဆောက်တည်တော်မူလေ့ရှိသည်။ ထိုနောက် ဗလီတော်သို့ ကြွသွားတော်မူလေ့ရှိသည်။ ထိုအချိန်တွင် တမန်တော်မြတ်သည် အောက်ပါအတိုင်း ဆုမွန်တောင်းတော်မူလေ့ရှိခဲ့ပေသည်။

اَللّٰهُمَّ اجْعَلْ فِىْ قَلْبِىْ نُوْرًا، وَفِىْ لِسَانِىْ نُوْرًا، وَاجْعَلْ
فِىْ سَمْعِىْ نُوْرًا، وَاجْعَلْ فِىْ بَصَرِىْ نُوْرًا، وَاجْعَلْ فِىْ خَلْفِىْ
نُوْرًا، وَمِنْ اَمَامِىْ نُوْرًا، وَاجْعَلْ مِنْ فَوْقِىْ نُوْرًا، وَتَحْتِىْ
نُوْرًا، وَاَعْطِنِىْ نُوْرًا. (مسلم، باب الدعاء فى صلاة الليل)

အို.... အလ္လာဟ် အသျှင်မြတ်၊ ကျွန်တော်မျိုး၏နှလုံးသားတွင် အလင်း ထည့်သွင်းပေးတော်မူပါ။ ကျွန်တော်မျိုး၏လျှာတွင် အလင်း ထည့်သွင်းပေးတော်မူပါ။ ကျွန်တော်မျိုး၏ နားတွင်လည်း အလင်းထည့်သွင်းပေးတော်မူပါ၊ ကျွန်တော်မျိုး၏ မျက်စိတွင်လည်း အလင်းထည့်သွင်းပေးတော်မူပါ။ ကျွန်တော်မျိုး၏ နောက်တွင် အလင်း၊ ကျွန်တော်မျိုး၏ ရှေ့တွင်အလင်း၊ ကျွန်တော်မျိုး၏အထက်တွင် အလင်း၊ ကျွန်တော်မျိုး၏အောက်တွင် အလင်း ထည့်သွင်းပေးတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား အလင်း ပေးတော်မူပါ။

မွှလ်စလင်မ်ကျမ်း
ညဥ့်ဝတ်ပြုချိန် ဆုတောင်းခန်း

ဆွလာတ်ဆောက်တည်ရာ၌ (ရုကူအ်)ဦးညွှတ်ပြီးနေပက်(ကိယာမ်) မတ်တတ်ရပ်သည့်အချိန်တွင် ရပ်နားချိန်မှာ အနည်းဆုံးပင် ဖြစ်ပေသည်၊ သို့ရာတွင် သာဝကကြီး အနတ်စ်၏ ပြောပြချက်အရ တမန်တော်မြတ်သည် (ရုကူအ်) ဦးညွှတ်ပြီးနောက် ကိယာမ် မတ်မတ်ရပ်ရာတွင် အဘယ်မျှကြာရှည်စွာ မတ်မတ်ရပ်တော်မူသည်ဆိုလျှင် တမန်တော်မြတ်သည် စဂျ်ဒဟ်ဦးချမှုကို မေ့များသွားတော်မူလေသလောဟုပင် ကျွန်ုပ်တို့ ထင်မှတ်ခဲ့ကြ၏။

ဆွလာတ်ဆောက်တည်ရာတွင် စိတ်အနှောက်အယှက် ဖြစ်စေသော အရာများကို တမန်တော်မြတ်သည် ရှောင်ကြဉ်တော်မူလေ့ ရှိခဲ့ပေသည်။ ဥပမာ တစ်ကြိမ်သော်....တမန်တော်မြတ်သည် စောင်တထည်ကို ခြုံ၍ဝတ်ပြုတော်မူ၏။ စောင်တွင် နှစ်ဘက်လုံး၌ အနားကွက် ထား၏။ ဝတ်ပြုနေတော်မူစဉ်အတွင်း မျက်စိသည် ရုတ်တရက် အကွက်များရှိရာသို့ ရောက်သွား

ခဲ့၏။ ဆွလာတ်ဆောက်တည်ပြီးသောအခါ တမန်တော်မြတ်က ''ဤစောင်ကိုယူသွား၊ မည်သူ(အဲဗူဂျဟိမ်)အားပေးခဲ့၊ ပြီးနောက် သူ့ထံမှ အကွပ်မပါသော စောင်တစ်တည်ယူခဲ့၊ အကွပ်များသည် ဆွလာတ်ဝတ်ပြုရာတွင် အနှောက်အယှက်ပေးသည်'' ဟု မိန့်ကြားတော်မူခဲ့လေသည်။

တစ်ကြိမ်သော်.... တံခါးပေါက်တွင် ဆေးရောင်ချယ်ထားသည့် လိုက်ကာချထား၏။ ဆွလာတ်ဝတ်ပြုစဉ် ထိုလိုက်ကာကို မြင်တော်မူ၏။ ထိုအခါ တမန်တော်မြတ်က ကြင်ယာတော်အာအိရှဟ်အား ''ဤလိုက်ကာကို ဖယ်ရှားပစ်လိုက်၊ ဆွလာတ်တွင် အနှောက်အယှက်ပေးသည်''ဟု မိန့်ကြားတော်မူလိုက်လေသည်။

## ဆွိယာမ်ဥပုသ်ဆောက်တည်မှု

သာသနာ့ရှေ့ဆောင်ရှေ့ရပ်များသည်များသောအားဖြင့် (ရူဟာနီယတ်) စိတ်ပိုင်း-နာမ်ပိုင်းကို ပြီးပြည့်စုံစေရန်အတွက် အနှစ်အရသာ မရှိသည့် သာမန်ပစ္စည်းများကိုသာ စားခြင်း၊ အစာအာဟာရကိုပင် လုံးဝဖြတ်တောက်ခြင်း၊ ဥပုသ်ဆောက်တည်ခြင်းတို့သည် အလွန် အရေးကြီးသော အကြောင်းတရားများဖြစ်သည်ဟု မှတ်ယူခဲ့ကြသည်။ အချို့နိုင်ငံများ၌ ဤလမ်းလိုက်စားကြသူများ ဒုက္ခရစရိယာအမျိုးမျိုးကျင့်ကြသည်။ အတိုင်းမသိ အစွန်းထွက်ကြသည့်။ အလွန်အကျွံဖြစ်ကြသည်။ သို့တစေ တမန်တော်မြတ်၏ကျင့်စဉ်မှာအလွန်အကျွံမဟုတ်၊ အစွန်းမရောက်အလည်အလတ်ဖြစ်ပေသည်။

အစ္စလာမ်မထွန်းကားမီ အရဗ်တို့သည် အာရှူရာ နေ့တွင် ဥပုသ်ဆောက်တည်ခဲ့ကြသည်။ တမန်တော်မြတ်သည်လည်း ထိုနေ့တွင် ဥပုသ်ဆောက်တည်တော်မူလေ့ရှိခဲ့သည်။

အချို့ (ဟဒီဆ်) သြဝါဒတော်များအရ တမန်တော်မြတ်သည် မက္ကာမြို့တော်တွင် နေထိုင်တော်မူစဉ် သုံးလေးလ ဆက်တိုက်ဥပုသ်ဆောက်တည်တော်မူလေ့ရှိသည်။မဒီနာမြို့သို့ကြွလာတော်မူသည့်အခါ ဤအလေ့အထတွင် အနည်းငယ် အပြောင်းအလဲ ဖြစ်လာခဲ့သည်။ မဒီနာမြို့တွင် ယဟူဒီများလည်း အာရှူရာနေ့တွင် ဥပုသ်ဆောက်တည်လေ့ ရှိခဲ့ကြသည်။ တမန်တော်မြတ်သည် မိမိကိုယ်တော်တိုင်လည်း ကောင်း၊ တပည့်သားများအားလည်းကောင်း ထိုနေ့မှာပင် ဥပုသ်ဆောက်တည်ရန် ညွှန်ကြားတော်

မူခဲ့သည်။ ထိုနောက် ကုရှ်အာနီကျမ်းမြတ်ကို ရမသွန်လမြတ်၌ ဆွဲယာမ် ဥပုသ်တည်ဆောက်ရန် အတည့်အလင်း အမိန့်တော် ကျရောက်လာသည့် အခါ ရမသွန်လဆွဲယာမ်မှာ ဖရသွ်ဖြစ်သွားပြီး အာရှုရာနေ့ဆွဲယာမ် မှာ 'နဖိလ်'ဖြစ်သွားခဲ့လေသည်။

တမန်တော်မြတ်သည် မဒီနာမြို့သို့ ကြွရောက်လာတော်မူပြီးနောက် ရမသွန်လမြတ်မှ တစ်ပါး မည်သည့်လတွင်မျှ တစ်လလုံး ဆွဲယာမ်ဥပုသ် ဆောက်တည်တော်မူလေ့မရှိခဲ့ပေ။ သို့ပင်တစေ ရှအ်ဗာန်လတွင်မူ များ သောအားဖြင့် တစ်လလုံးလုံး ဆောက်တည်တော်မူလေ့ရှိခဲ့ပေသည်။ ဤ သို့ဖြင့် တမန်တော်မြတ်သည် ၁၂-လတွင် ၂-လ (ဝါ) ရှအ်ဗာန်နှင့် ရမသွန်တွင် ၂-လလုံးလုံး အပြည့်အဝ ဆောက်တည်တော်မသည်။ ဤလ များတွင် တမန်တော်မြတ်သည် ဆွဲယာမ်ဥပုသ် စောင့်တည်ဆောက်တော် မူသည် ဆိုလျှင် နေ့ဆက်ရက်ဆက် ဆောက်တည်တော်မူလေ့ရှိခဲ့ပေသည်။ ဘယ်သောအခါမျှ ဖျက်တော်မူတော့မည်မဟုတ်ဟူ၍ ထင်ခဲ့ရပေသည်။ တဖန် တမန်တော်မြတ်သည် ဆွဲယာမ်ဥပုသ် ဆောက်တည်ခြင်းမပြုဘဲ နေ ပြန်လျှင်လည်း ဘယ်သောအခါမျှ ဆောက်တည်တော်မူတော့မည်မဟုတ် ဟူ၍ပင် ထင်ခဲ့ရပေသည်။

လတိုင်း၏ ပထမထက်ဝက်ဖြစ်သော နေ့ရက်များတွင် (ယင်းတို့ကို 'အိုင်ယာမ်ဗီးသွ်'ဟု ခေါ်သည်။)တမန်တော်မြတ်သည်များသောအားဖြင့် ဥပုသ်ဆောက်တည်တော်မူလေ့ရှိခဲ့ပေသည်။ အထူးသဖြင့် တစ်လထွင် သုံးရက်၊ (ဝါ) တနင်္ဂနွေ ၂-ရက်၊ ကြာသပတေး ၁-ရက်၊ ပေါင်း သုံးရက်ဆောက်တည်တော်မလေ့ရှိခဲ့ပေသည်။ အချို့ (ရိဝါယတ်)ကျမ်း ချက်များအရ တမန်တော်မြတ်သည် သောကြာနေ့တွင်လည်း ဆောက် တည်တော်မူလေ့ရှိခဲ့သည်။ ထို့အပြင် တန်မေသော်မြတ်သည် မုဟာရ်ရမ်လ၏ လဆန်း ၄-ရက်နေ့မှ ၁၀-ရက်နေ့အထိ ရှောင်ဝါလ်လ အစပိုင်းတွင် ၆- ရက်၊ (နှစ်ရက်နေ့မှ ခုနစ်ရက်ဝ်နေ့အထိ) ဆောက်တည်တော်မူလေ့ရှိသည်။

အထက်တွင် ဖော်ပြပါ ဆွဲယာမ်ဥသ်များအပြင် အခြေအနေအရ အကြောင်းအားလျော်စွာ တမန်တော်မြတ် ဆောက်တည်တော်မူသည်များ မှာလည်း မနည်းလှပေ။ တစ်ခါတစ်ရံ တမန်တော်မြတ်သည် အိမ်တော်သို့ ကြွလာပြီး စားသုံးစရာ တစ်စုံတစ်ရာရှိသလား''ဟု မေးတော်မူ၏။ အိမ် တော်တွင်းမှ ''တစုံတရာမရှိပါ''ဟု အဖြေရလျှင် တမန်တော်မြတ်က

''သို့ဖြစ်လျှင် ယနေ့ ငါ ဆွမ်းယာမ်နှင့်''ဟု ပြောကြားတော်မူ၍ ဆောက်တည်တော်မူလေသည်။

တစ်ခါတစ်ရံ တမန်တော်မြတ်သည် 'ဆွောင်မိဝိဆွလာဇတ်' ခေါ် ဆက်တိုက် ဆွမ်းယာမ်ဆောက်တည်တော်မူလေ့ရှိသည်။ (၀၇) လေးငါး ခြောက်ရက်အထိ ဆွမ်းယာမ်တစ်ခုတည်း ဆောက်တည်တော်မူလေ့ရှိသည်၊ ထို ၄-၅ ရက်အတွင်း လုံးဝ 'အစ်ဖ်ထွာရ်' ပြုလုပ်တော်မူသည်မရှိ၊ ဝါဖြေ တော်မူသည်မရှိ၊ ဝါဖြေတော်မူပြန်လျှင်လည်း အမည်ခံသာမန်မျှသာ စား တော်မူလေ့ရှိပေသည်။ ယင်းသို့ တမန်တော်မြတ် 'ဆွောင်မိဝိဆွလာတ်' ဆောက်တည်တော်မူသည်ကို ကြည့်ပြီး တပည့်သာဝကများကလည်း ဆွောင်မိဝိဆွလာဇတ် ဆောက်တည်ရန် ကြိုးစားလာကြသည့်အခါ တမန် တော်မြတ်က တားမြစ်တော်မူ၏။ သို့.... တားမြစ်တော်မူသော်လည်း အချို့သာဝကများက တမန်တော်မြတ်က ယင်းသို့တားမြစ်တော်မူခြင်းမှာ အနစ္စလာမ်အဆုံးအမအရမဟုတ်၊ မိမိတို့အားသနားကြင်နာသဖြင့် တားမြစ် တော်မူခြင်းသာဖြစ်သည်ဟု ယူဆကာ တမန်တော်မြတ်နှင့် အတူ 'ဆွောင်မိ ဝိဆွလာတ်' ဆောက်တည်ခဲ့ကြလေသည်။ ဤသည်ကို တမန်တော်မြတ် သိရှိတော်မူသည့်အခါ နှစ်ရက်ဆက်၍ ဆောက်တည်တော်မူခဲ့လေသည်။ တတိယနေ့တွင် အကြောင်းအားလျော်စွာ လမြင်၏။

ထိုအခါ တမန်တော်မြတ်က 'လမျှစ်ရှည်လျှင် ကောင်းမှာ၊ လ ရှည်လျားသည်နှင့်အမျှ ငါ ဆွမ်းယာမ်ဆောက်တည်နေမည်သာ ဖြစ်သည်၊ သို့မှသာ ဘာသာရေးတွင် အလွန်အကျွံဖြစ်နေသူများ အကြောင်းသိ၍ သွားကြမည်' ဟု ပြောပြတော်မူသည်။

ထိုအခါ သာဝကများက ''တမန်တော်မြတ်၊ ကိုယ်တော်တိုင် အဘယ်အတွက် သုံးလေးရက်ဝါဖြေတော်မမူပဲ နေပါသလဲ''ဟု လျှောက် ထားကြသောအခါ ''အသင်တို့တွင် ငါနှင့်တူသူ အဘယ်သူ ရှိသနည်း၊ ငါ့မှာ ကျွေးမွေးသူတစ်ဦး ရှိသည်။ သူက ငါ့ကိုကျွေးသည်။ ရေတိုက်သူ လည်းရှိသည်၊ သူက ရေတိုက်သည်''ဟု ပြောပြလေသည်။ အချို့ (ရိဝါ ယတ်)ကျမ်းချက်များတွင် ''အသင်တို့တွင် ငါနှင့်တူသူ မည်သူရှိသနည်း။ ငါညဉ့်အခါ အိပ်စက်သည်၊ ငါ့အရှင်သခင်သည် ငါ့အား ကျွေးမွေး သည်''ဟူ၍ လာရှိပေသည်။

တမန်တော်မြတ်သည် အစ္စလာမ့်ရေးရာများတွင် ပင်ပန်းကြီးစွာ ဒုက္ခခံကာ ကျင့်သည်များကို အများမှတ်စလင်မ်တို့အဖို့လည်း နှစ်သက်တော်မမူခဲ့ပေ။ မိမိကိုယ်တော်တိုင်လည်း ရှောင်ကြဉ်ခဲ့ပေသည်။

**ဇကားတ်**

တမန်တော်မြတ်သည် အစ္စလာမ် မထွန်းကားမီ အလျင်ကလည်း များစွာ အလှူပေးခဲ့သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အစ္စလာမ်၏ ခေတ်အစတွင် ကြင်ယာတော် ခဒီဂျဟ်သခင်မကိုယ်တိုင်က ဖွင့်ဟပြောဆိုခဲ့ပေသည်၊ အစ္စလာမ်ထွန်းကားလာပြီး နောက်ပိုင်းတွင်မူ အလှူပေးခြင်းမှာ အတိုင်းမသိ ပို၍ပို၍ များပြားလာခဲ့ပေသည်။ တမန်တော်မြတ်သည် မိမိထံတွင် ရွှေငွေပစ္စည်းများကို ညဉ့်သိပ်ထားလေ့မရှိပေ။ ရှိရှိသမျှသော ပစ္စည်းများကို ဘက်ဆိုင်ရာလူကြီးမင်းများ၊ ထောက်ပန့်သင့်သူများအား ခွဲဝေပေးလေ့ရှိပေသည်။ သို့တစေ.... ‘ဇကားတ်’ ပေးလေ့ရှိသည်ဟူ၍ကား မတွေ့ခဲ့ပေ။ ဤသည်ကို အကြောင်းပြု၍ အချို့ ‘ဖကီးဟ်’ ဓမ္မသတ်ရှင်များက တမန်တော်မြတ်များအပေါ်၌ ဇကားတ်ပေးရန် ဝတ္တရားမရှိ’ ဟုဆိုခဲ့ကြသည်။

ရှင်းပြဦးအံ့၊ ‘ဇကားတ်’ ဟူသော စကားသည် အဓိပ္ပာယ်နှစ်မျိုးရှိပေသည်။ (၁) ရိုးရိုးအလှူပေးခြင်းကိုလည်း ဇကားတ်ဟု ခေါ်သည်။ ဤသို့သော အလှူပေးခြင်းမျိုးကို တမန်တော်မြတ်အတိုင်းမသိရက်ရောစွာ အလှူပေးခဲ့သည်မှာ အထင်အရှားပင်။ (၂) မိမိစားဝတ်နေရေးအတွက် လိုအပ်သော ပစ္စည်းများထက် ၁–နှစ်လုံးလုံး ပိုလျံနေသော ရွှေ၊ ငွေ၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်– စသည်များအပေါ်တွင် အစ္စလာမ်က သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အချိုးကျ မပေးမနေ ပေးလှူရသည့် အလှူမျိုးကိုလည်း ‘ဇကားတ်’ ဟုပင် ခေါ်သည်။ ဤသို့သော ဇကားတ်ပေးရန် ဝတ္တရားကား တမန်တော်မြတ်၌ တစ်ကြိမ်တစ်ခါမျှပင် မဖြစ်ပေါ်ခဲ့ဘူးပေ၊ ဖြစ်ပေါ်ရန် အကြောင်းလည်း မရှိခဲ့ပေ။ အိမ်တော်တွင် ဇကားတ်ပေးရမည့် ပစ္စည်း ၁–နှစ်ပတ်လုံးရှိနေဖို့ဝေးစွ၊ ညဉ့်အိပ်ပင် ထားတော်မူလေ့မရှိခဲ့ပေ။

တစ်ခါသော် တမန်တော်မြတ်ထံ သလွန်တော်အမြောက်အမြား ရောက်ရှိလာခဲ့၏။ နေကုန်နေ့ခန်းဝေငှသော်လည်း ညဉ့်နေ က် လွှာသည်

အထိ ကျန်ရှိနေခဲ့၏။ သို့....လှူဖွယ်ပစ္စည်းများ ကျန်နေသည့်အတွက် တမန်တော်မြတ်သည် ထိုညဉ့်တွင် အိမ်တော်၌ပင် အိပ်စက်တော်မမူပဲ ဗလီ၌သာ တညဉ့်လုံးနေတော်မူခဲ့သည်။ သာဝကကြီးဗိလာလ်က "တမန်တော်မြတ်၊ လှူဖွယ်ပစ္စည်းများဝေငှ၍ပြီးပါပြီ" ဟု လျှောက်ထားလေမှ တမန်တော်မြတ်သည် အိမ်တော်သို့ ကြွသွားလေသည်။

## ဟဂ်ျ

တမန်တော်မြတ်သည် အစ္စလာမ်မထွန်းကားမီ အလျင်ကလည်း အကြိမ်ကြိမ်ဟဂ်ျပြုခဲ့သည်၊ သို့ရာတွင် ဟဂ်ျအကြိမ်မည်မျှပြုလုပ်ခဲ့သည်ကိုပင် အတိအကျသတ်မှတ်ရန် မလွယ်ကူလှပေ။ ပညာရှင်ကြီး ဣဗ်နုကဆီရ် ရေးသားခဲ့သလို ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် အစဉ်အလာ အတိုင်း နှစ်စဉ် ဟဂ်ျပြုလုပ်သော ရှိခဲ့သည်။ သို့ဖြစ်ရာ (ကုရိုက်ရှ်မျိုးနွယ်၏ အညွန့်အဖူး ဖြစ်သော) တမန်တော်မြတ်သည်လည်း နှစ်စဉ်နှင့်အမျှ ဟဂ်ျပြုခဲ့သည်သာ ဖြစ်သည်။

တိုရ်မိဇီကျမ်းတွင် တမန်တော်မြတ်သည် မက္ကာမြို့တွင် နေထိုင်စဉ် ဟဂ်ျနှစ်ကြိမ်ပြုလုပ်သည်ဟု ပါရှိသည်။ ဣဗ်နုမာဂျဟ်နှင့် ဟာကင်မ်ကျမ်း များတွင်မူ တမန်တော်မြတ်သည် မက္ကာမြို့တွင် နေထိုင်စဉ် ဟဂ်ျသုံးကြိမ်ပြု ခဲ့သည်ဟုပါရှိသည်။ သို့ရာတွင် ဤ(ရိဝါယတ်) ကျမ်းချက်များသည် 'မူရ်စလ်' ဖြစ်သည်၊ မခိုင်လုံပေ။ တမန်တော်မြတ်သည် မဒီနာမြို့သို့ ရွှေ့ ပြောင်းနေထိုင်ပြီး နောက်ပိုင်းတွင် ဟိဂျ်ရီ(၁၀)ခုနှစ်တွင် ဟဂ်ျတစ်ကြိမ် သာပြုလုပ်ခဲ့သည်။ ယင်းသည့်ဟဂ်ျသည် တမန်တော်မြတ်အဖို့ နောက်ဆုံး ဟဂ်ျပင် ဖြစ်ခဲ့ပေသည်။ ဤတွင် အကျဲ့အပြားမရှိပေ။ ဤနောက်ဆုံး ဟဂ်ျ အကြောင်း အကျယ်တဝင့် ရေးသားခဲ့ပါပြီ။

(ကြည့်-တမန်တော်မြတ် အတွဲ( ) စာမျက်နှာ ( ))

တမန်တော်မြတ်သည် ဟဂ်ျအပြင် 'အွမ်ရဟ်'လည်း ပြုလုပ်ခဲ့သည်။ တမန်တော်မြတ်သည် မဒီနာသို့ ရွှေ့ပြောင်းသွားပြီး ၄-ကြိမ် အွမ်ရဟ်ပြု လုပ်ခဲ့ကြောင်းသိရှိရသည်။ (၁) ဇုလကအ်ဒဟ်လတွင် တစ်ကြိမ်၊ (၂)ဟုဒိုင် ဗိယဟ် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုသည့်နှစ်တွင် တစ်ကြိမ် (၃) ဟုနိုင် စစ်ပွဲအပြီးတွင် တစ်ကြိမ်၊ (၄) နောက်ဆုံးဟဂ်ျနှင့် အတူ တစ်ကြိမ်၊ ပေါင်း

ကြိမ်၊ သာဝကကြီး အနက်စ်က "တမန်တော်မြတ်သည် နောက်ဆုံးဟဂျ်နှင့်အတူ ပြုလုပ်ခဲ့သော အွမ်ရေးအားလုံးကို ဇူလ်ကအိဒဟ်လတွင်ပင် ပြုလုပ်ခဲ့ပေသည်" ဟု ပြောပြခဲ့ လေသည်။

**အလ္လာဟ်အသျှင်မြတ်အား**
**အစဉ်ထာဝရ အောက်မေ့တသတော်မူခြင်း**

ကုရ်အာန်ကျမ်းမြတ်တွင် အီမာန်သက်ဝင်ယုံကြည်သော မုအ်မင်န်တို့၏ အရည်အသွေး တစ်ရပ်ကို အောက်ပါအတိုင်း မိန့်ဆိုထားသည်။

الذين يذكرون الله قياما وقعودا وعلى جنوبهم،
(3:190) قرآن

ထိုသူများသည် အလ္လာဟ်အသျှင်မြတ်အား မတ်မတ် ရပ်လျက်၊ ထိုင်လျက်၊ လဲလျောင်းလျက် အောက်မေ့ တသ သတိရကြရပေသည်။

ကုရ်အာန် ၃း၁၉၀

رجال لا تلهيهم تجارة ولا بيع عن ذكر الله،
(24:37) قرآن

ထိုပုဂ္ဂိုလ်များအား ကူးသန်းမှုနှင့် ရောင်းဝယ်မှုသည် အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရခြင်းမှ မမေ့မလျော့စေနိုင်ပေ။

ကုရ်အာန် ၂၄း၃၇

အထက်တွင် ဖော်ပြပါ မုအ်မင်န်တို့၌ ရှိအပ်သော အရည်အသွေးသည် တမန်တော်မြတ်၌ အပြည့်အဝ ရာနှုန်းပြည့် ရှိသည်။ ကြင်ယာတော် အာအိရှဟ်သခင်မက "တမန်တော်မြတ်သည် အချိန်ရှိသမျှ အခါခပ်သိမ်း အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရနေတော်မူသည်သာဖြစ်သည်" ဟု ပြောပြခဲ့လေသည်။

ထို့အပြင် သာဝကကြီး ရဗီအဟ်ကွဗ်နူကအဗ်အတ်စ်လူမီက (ထိုသာဝကကြီး ညဥ့်အချိန် တမန်တော်မြတ်အိမ်တွင် ကင်းစောင့်လေ့ရှိခဲ့သည်။) တမန်တော်မြတ်သည် အစဉ်သဖြင့် ဂုဏ်တော်မွမ်းနေသူသာဖြစ်သည်၊ တမန်တော်မြတ်၏ ဂုဏ်တော်မွမ်းသံများကို ကြားရဖန်များလှသဖြင့် ကျွန်ုပ်မှော ရပါသည်၊ တစ်ခါတစ်ရံ အိပ်ပျော်သွားခဲ့ရပါသည်ဟု ပြောပြခဲ့သည်၊

အမှန်မှာ တမန်တော်မြတ်သည် ထိုင်ချိန်၊ ထချိန်၊ သွားချိန်၊ လာချိန်၊ နိုးချိန်၊ အိပ်ချိန်၊ ဝုဇူလုပ်ချိန်၊ အဝတ်အစားလဲချိန်၊ အစီးအနင်း စီးချိန်၊ ခရီးသွားချိန်၊ ခရီးမှပြန်လာချိန်၊ အိမ်ဝင်ချိန်၊ ဗလီတွင် ခြေချချိန်၊ အခါခပ်သိမ်း နှုတ်လျှာဖြင့်၊ နှလုံးသားဖြင့် အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရနေသည်သာ ဖြစ်ပေသည်။ ထို့အတွက်ကြောင့်ပင် အချိန်အမျိုးမျိုး၊ အခြေအနေအမျိုးမျိုး၊ ဌာနအမျိုးမျိုးတွင် တမန်တော်မြတ် ပန်ကြားခဲ့သည့် ဆုမွန်အမျိုးမျိုးကို ဟဒီဆ်ဝါဒတော်ဆိုင်ရာ ကျမ်းကြီးများတွင် အများအပြားတွေ့ရှိရပေသည်။

သာဝကကြီး ကွဗ်နူအုမ်ရ်က ပြောပြခဲ့သည်မှာ တမန်တော်မြတ်သည် အောက်ပါ ဆုဒိုအာကို အများအားဖြင့် ဝန်ကြားတော်မူလေ့ရှိခဲ့ပေသည်။

---

## رب اغفرلى وتب على انك انت التواب الغفور ،

အို.... ကျွန်တော်မျိုး၏ အရှင်သခင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုးဘက်သို့ ကရုဏာတော်ဖြင့် လှည့်တော်မူပါ။ အသျှင်မြတ်သာလျှင် ကရုဏာတော်ဖြင့် အတိုင်းမသိ လှည့်တော်မူသောအရှင်၊ ခွင့်လွှတ်တော်မူသောအရှင် ဖြစ်ပါသည်။

သာဝကကြီး ကွဗ်နူအုမ်ရ်က ဆက်လက်ပြောပြခဲ့သည်မှာ "တမန်တော်မြတ်သည် အထက်ပါ ဆုဒိုအာကို အနည်းငယ်စီ ဆိုင်း၍ ဆိုင်း၍ ပန်ကြားတော်မူလေ့ရှိသည်။ တစ်ရက်၊ တမန်တော်မြတ် အထက်ပါ ဆုဒိုအား ပန်ကြားသည်ကို ကျွန်ုပ်တို့ ရေတွက်ကြသောအခါ တမန်တော်မြတ်သည် တစ်ထိုင်တစ်ထိုင်တွင် အကြိမ်ပေါင်း ၁၀၀-စီ ပန်ကြားတော်မူသည်ကို တွေ့ရှိရပေသည်၊

တမန်တော်မြတ်သည် ခရီးသွားစဉ်၊ စားခန်းတစ်ခုမှ တစ်ခုသို့ ခရီးဆက်တော်မူသည့် အချိန်မျိုးတွင်လည်း အလ္လာဟ် အသျှင်မြတ်အား အောက်မေ့တသ သတိရတော်မူသည်သာ ဖြစ်သည်။

တမန်တော်မြတ်သည် အစီးအနင်းပေါ်စီးနင်း၍ ခရီးသွားတော်မူစဉ် အစီးအနင်းအပေါ်မှာပင် နဖိလ်ဆွလာတ်ဆောက်တည်တော်မူလေ့ရှိခဲ့ပေသည်။ ထိုအချိန်မျိုးတွင် အစီးအနင်းသည် 'ကစ်ဗ်လဟ်'ဘက်သို့ မျက်နှာမူလျက်ရှိသည်။ သို့တည်းမဟုတ် အခြားဘက်သို့ မျက်နှာမူလျက် ရှိသည်ကို အလေးထားတော်မမူပေ။

အသင်တို့ မျက်နှာမူရာဘက်တိုင်းတွင် အလ္လာဟ်အရှင်မြတ်၏ ရှေ့မျက်နှာတော်ရှိသည်သာ ဖြစ်ပေသည်။

ကုရ်အာန် (၂း ၁၁၅)

**သာသနာ့ကျင့်စဉ်သုံးမှု ထက်သန်စွာပြု**

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် တစ်ခါတစ်ရံ တပည့်သာဝကများနှင့် စကားစမြည် ပြောကြားနေတော်မူစဉ်၊ တစ်ခါတစ်ရံ ကြင်ယာတော်များ၏ အဆောင်တော်များတွင် စကားပြောကြားနေတော်မူစဉ်၊ ရုတ်တရက် ဆွလာတ် ဝတ်ပြုရန်အတွက် (အဇာန်)ဆိုသံကြားတော်မူလိုက်လျှင် ချက်ခြင်းပင် ထသွားတော်မူလေ့ရှိသည်။ တမန်တော်မြတ်သည် ညဉ့်ပိုင်းတွင်လည်း အချိန်အတော်များများ နိုးထပြီး ဝတ်ပြုနေတော်မူသည်၊ သို့.... နိုးထဝတ်ပြုနေတော်မူလေ့ရှိပါသော်လည်း (ဖဂျ်ရ်) နံနက်အရုဏ်တက်ချိန်တွင် (မုအတ္တဇင်န်) အဇာန်ဆိုသူက 'အလ္လာဟုအတ်က်ဗရ်' ဟု စတင်အဇာန်ဆိုလိုက်လျှင် တမန်တော်မြတ်သည် မဆိုင်းမတွအိပ်ရာမှထထိုင်တော်မူလေ့ရှိသည်။

ညဉ့်အချိန်များတွင် တမန်တော်မြတ် မည်သို့မည်ပုံ စိတ်ပါဝင်စားစွာဖြင့် ဝတ်ပြုတော်မူလေ့ရှိခဲ့သည့်အကြောင်းကို ကြင်ယာတော် အာအိရှဟ်သခင်မက အောက်ပါအတိုင်း ပြောပြခဲ့ဖေသည်။

တစ်ခါတစ်ရံ တမန်တော်မြတ်သည် တညဉ့်လုံးလုံး ဝတ်ပြု၍နေတော်မူသည်။ ကုရ်အာန်ကျမ်းမြတ်ကဏ္ဍများအနက် အရှည်လျားဆုံးဖြစ်သော စူရဟ်ဗကရဟ်ကဏ္ဍ(၂) စူရဟ်အာလ်အွင်မ်ရာန် ကဏ္ဍ (၃) စူရဟ်နိစာ ကဏ္ဍ(၄)

တို့ကို ဖတ်တော်မူလေ့ရှိသည်။ ကြောက်ရွံ့ ထိတ်လန့်ဖွယ်ရာ အကြောင်းပါရှိသည့် မုက္ခပါဌ်တော် တစ်ပါးပါးရောက်ရှိလာလျှင် တမန်တော်မြတ်သည် အလ္လာဟ်ထံတော်၌ ဆုတောင်းတော်မူသည်။ ခိုလှုံခွင့်ပန်ကြားတော်မူသည်။ ကရုဏာတော်အကြောင်း၊ ချမ်းမြေ့ဖွယ်ရာအကြောင်း ပါရှိသည့်မုက္ခပါဌ်တော်တစ်ပါးပါးတွေ့လျှင် တမန်တော်မြတ်သည် အဆိုပါ ကရုဏာတော်ကို ခံစားလိုကြောင်း ဆုပန်ကြားတော်မူသည်။

တမန်တော်မြတ်သည် ညဥ့်အချိန်တွင်လည်း ကုရ်အာန်ကျမ်းမြတ်ကို အသံကျယ်စွာဖြင့် ဖတ်တော်မူလေ့ ရှိသည်။ တမန်တော်မြတ်၏ ကုရ်အာန်ရွတ်ဆိုသံသည် အတော်ကွာလှမ်းသည့် နေရာများအထိ ရောက်ရှိပေသည်။ ပတ်ဝန်းကျင်ရှိ အိမ်နီးချင်းများသည် မိမိတို့၏အိပ်ရာများမှပင် တမန်တော်မြတ်၏အသံကို ကြားနေရသည်။

(ဣဗ်နုမာဂျဟ်)

ညဆွလာတ်ဝတ်ပြုသည့် အခန်း

သာဝကကြီး အဗူဇရ်က ပြောပြခဲ့သည်မှာ တမန်တော်မြတ်သည် ဝတ်ပြုရာတွင် အောက်ပါ မုက္ခပါဌ်တော်ကို ရွတ်ဆိုတော်မူ၏။

إن تعذبهم فإنهم عبادك وإن تغفر لهم فإنك أنت العزيز الحكيم قرآن (5:118)

“အသျှင်မြတ်သည် အကယ်၍ ထိုသူတို့အား ပြစ်ဒဏ်ပေးတော်မူပါလျှင် ၎င်းတို့သည်အမှန်မှာ အသျှင်မြတ်၏ ကျွန်များပင်ဖြစ်ပါသည်၊ အကယ်၍ အသျှင်မြတ်သည် ထိုသူတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါလျှင်လည်း (ပြုစွမ်းတော်မူနိုင်ပါသည်။) အဘယ်ကြောင့်ဆိုသော်.... အသျှင်မြတ်သည် မလွဲကေန် တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသောအသျှင်၊ ကျိုးကြောင်း ဆင်

ခြင်တိုညဏ်နှင့် ပြည့်စုံတော်မူသောအသျှင် အမှန်ပင် ဖြစ်တော်မူပါသည်။”

ကုရ်အာန် (၅း ၁၁၀)

ဤမုကွပါဠ်တော်ကို ရွတ်ဆိုတော်မူလိုက်သည့်အခါ တမန်တော်မြတ်၏ နှလုံးသားတွင် အဘယ်မျှထိတွေ့သွားသည်ဆိုသော်.... တမန်တော်မြတ်သည် မိုးလင်းသည်အထိ အဆိုပါ မုကွပါဠ်တော်ကိုပင် ရွတ်ဆိုနေတော်မူခဲ့လေသည်။

(ကွဲဗ်နူမာဂျဟ်)

ညဆွလာတ်ပြုသည့်အခန်း

သာဝကကြီး ဇိုက်ဒ်ဗ်ကွဲမီနဲခါလိဒ် ဂျုဟာနီဇာ ပြောပြခဲ့သည်မှာ.... “ကျွန်ုပ်သည် တစ်ခါသော်.... ယနေ့ည တမန်တော်မြတ် မည်သို့မည်ပုံ ဆွလာတ်ပြုတော်မူသည်ကို ကြည့်မည်ဟု စိတ်ကူးထားမိသည်။ (ဤအဖြစ်သည် ခရီးတွင် ဖြစ်တန်ရာသည်။) သို့.... စိတ်ကူးထားသည့်အလျောက် ဝတ်ပြုရန် အချိန်ကျရောက်လာသည့်အခါ တမန်တော်မြတ်သည် ဝတ်ပြုရန် ရပ်တော်မူသည်။ ထိုနောက် (၂)ရကာအတ် အတော်ရှည်လျားစွာပင် ဝတ်ပြုတော်မူ၏။ ထိုနောက် (၂)ရကာအတ်စီခွဲ၍ (၈)ရကာအတ် ဖြည်းညှင်းစွာ ဝတ်ပြုတော်မူ၏။ နောက်ဆုံးတွင် ဝိတ်ရ်ဆွလာတ် ဝတ်ပြုတော်မူလေသည်။

(မွတ်စ်လင်မ်၊ မုအတ္တာ၊ အဗူဒါဝုဒ်)

သာဝကကြီး ခဗ္ဗာဗ်က ပြောပြခဲ့သည်မှာ တညဉ့်သော်.... တမန်တော်မြတ်သည် ရပ်တော်မူပြီး ဆွလာတ်ပြုတော်မူ၏။ ထိုညဉ့်တွင် တမန်တော်မြတ်သည် မိုးလင်းသည်အထိ တညဉ့်လုံးပင် ဝတ်ပြုနေတော်မူခဲ့လေသည်။

သာဝကကြီး ဟုဇိုင်ဖဟ် ပြောပြခဲ့သည်မှာ တစ်ညဉ့် ကျွန်ုပ်သည် တမန်တော်မြတ်နှင့်အတူ ဝတ်ပြုခွင့်ရရှိခဲ့သည်။ တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းတော်၏ အရှည်လျားဆုံးကဏ္ဍဖြစ်သည့် စူရဟ်ဗကရဟ်ကဏ္ဍ(၂)ကို စတင်ဆိုတော်မူသည်။ ကျွန်ုပ်သည် ‘အာယတ်’ မုကွပါဠ်တော်ပေါင်း တစ်ရာခန့်သာ ရွတ်ဆိုတော်မူမည်ဟု ထင်ခဲ့သည်။ သို့ရာတွင်

တမန်တော်မြတ်သည် မုက္ခပါဠိတော်ပေါင်း တစ်ရာကို ရွတ်ဆိုပြီးနောက်တွင်လည်း ဆက်လက်၍ ရကအတိ(၂)ခုလုံးကို ရွတ်တော်မူပြန်၏။ ကဏ္ဍနှစ်ခုပြီးဆုံးသောအခါ ကျွန်ုပ်သည် 'ရုကူအ်' ဦးခိုက်တော့မည်ဟု ထင်မိပါသည်။ သို့ရာတွင် ကျွန်ုပ်၏အထင်မှားနေခဲ့သည်။ 'စူရဟ်နိစာ' ကဏ္ဍ(၃) 'စူရဟ်အာလိအိမ်ရာန်' ကဏ္ဍ(၄)တို့ကို ဆက်၍ ဆိုနေတော်မူပြန်၏။ ကဏ္ဍ(၂)တွင် မုက္ခပါဠိတော် ၂၈၆၊ ကဏ္ဍ(၃)တွင် မုက္ခပါဠိတော် ၁၉၉၊ ကဏ္ဍ(၄)တွင် မုက္ခပါဠိတော် ၁၇၇။ ပေါင်း ၆၆၂ ပါရှိ၏။ တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းလာ မုက္ခပါဠိတော်များကို ဆိုင်း၍ ဆိုင်း၍ အေးအေးဆေးဆေးတည်ငြိမ်စွာ ရွတ်ဆိုနေတော်မူ၏။ မုက္ခပါဠိတော်တိုင်း၏ အနက်သဘောနှင့် အညီ ကြားတွင် ဂုဏ်တော်မွမ်းတော်မူ၏။) ဆုပန်တော်မူ၏။ထိုနောက်မှ ရုကူအ်ပြုတော်မူ၏။ (ဦးခိုက်တော်မူ၏။ ဦးခိုက်ရာတွင်လည်း 'ကိယာမ်' ရပ်သည်နှင့်အမျှ ဆိုင်းငံ့တော်မူ၏။ ထို့နောက် 'ကိယာမ်' ဦးခိုက်ရာမှထဖန် 'ကောင်မဟ်' ရပ်တော်မူပြန်၏။ သို့.... ရပ်ရာတွင်လည်း 'ရုကူအ်' ဦးခိုက်ရာ၌ ကြာသည်နှင့်အမျှ ဆိုင်းငံ့တော်မူ၏။ ထိုနောက် တမန်တော်မြတ်သည် 'စဂျ်ဒဟ်' ဦးချ၏၊ ဦးချရာတွင်လည်း အထက်နည်းတူ ဆိုင်းငံ့တော်မူ၏။

မွတ်စ်လင်မ်၊ နိစာအိ
ညဉ့်ဆုလာတ်ဝတ်ပြုသည့်အခန်း

**စစ်မြေပြင်တွင် အလ္လာဟ်အသျှင်မြတ်အား**
**တသ သတိရတော်မူခြင်း**

စစ်မြေပြင်တွင် နှစ်ဘက်စစ်သည်များ ရင်ဆိုင် တိုက်ခိုက်နေသည့်အချိန်၊ ဓားချင်းယှဉ်ခုတ်နေသည့်အချိန်၊ မြားမိုးရွာသွန်းနေသည့် အချိန်၊ အဘက်ဘက်မှ အပြန်အလှန် ခုတ်ပိုင်းတိုက်ခိုက်နေသည့် အချိန်မျိုးတွင်ပင် တမန်တော်မြတ်သည် အလွန်ကျိုးနွံစွာဖြင့်, တည်ငြိမ်စွာဖြင့် အလ္လာအသျှင်မြတ်အား အောက်မေ့တသ, သတိရနေလေသည်။ စစ်သည်တော်များသည် သတ္တိပြောင်မြောက်စွာဖြင့် ဝန့်ကြွားကာ, နဖူးကြောတင်းကာ ရန်သူများအား ချေမှုန်းနေချိန်တွင်လည်း စစ်သေနာပတိချုပ်ဖြစ်သော

တမန်တော်မြတ်တိ နဖူးတော်မှာကား အလ္လာဟ်အသျှင်မြတ်အား ပျပ်ဝပ် ဦးချလျက်ပင် ရှိနေခဲ့ပေသည်။ ဗဒ်ရ်စစ်ပွဲ၊ အုဟွဒ်စစ်ပွဲ၊ ခန်ဒက်က်စစ်ပွဲ၊ ခိုင်ဗရ်စစ်ပွဲ၊ တဗူက်စစ်ပွဲ– စသည့်စစ်ပွဲကြီးများတွင် တမန်တော်မြတ်၏ အခြေအနေမှာ ဤအတိုင်းပင် ရှိနေခဲ့ပေသည်။

စစ်ပွဲများတွင် စစ်ဗိုလ်များသည် မိမိတို့၏ ရဲရဲတောက်စစ်သည်တို့၏ စွမ်းရည်သတ္တိကို အားထားဝန့်ကြွားကြပေသည်။ သို့တစေ အစ္စလာမ်၏ ဗိုလ်ချုပ်ကြီး တမန်တော်မြတ်မှာ တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ် အသျှင်မြတ်၏ တုန်ခိုးတော်တို့သာလျှင် အားထား ဝန့်ကြွားတော်မူပေ သည်၊ ကျိုးကြောင်း ဆက်စပ်လျက်ရှိသော ဤကမ္ဘာကြီး၏ အကြောင်း တရား၊ အကျိုးတရားများကို ထောက်ထား၍ကာ စစ်၏ သေနင်္ဂဗျူဟာနည်း ပရိယာယ်များကျင့်သုံးကာ တမန်တော်မြတ်သည် စစ်မြေပြင်တိုင်းတွင် မိမိ၏ စစ်သည်တော်များကို စနစ်တကျနေရာချထားပေးသည်။ လိုအပ် သည်များကို ညွှန်ကြားသည်။ သို့ပင်တစေ တမန်တော်မြတ်၏ အဓိက အားထားရာမှာ ကျိုးကြောင်းတရားများ၏ အသက်မှာရှိသော၊ တန်ခိုး အနန္တရှင်ဖြစ်သော အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်ပါသည်။

သာဓကပြအံ့။ ဗဒ်ရ်စစ်မြေပြင်တွင် တပည့်သားနှစ်ဦး၊ သာဝကဲ နှစ်ပါးရောက်ရှိလာပြီး ''တမန်တော်မြတ်၊ ကျွန်တော်တို့ နှစ်ဦးအား ရန် သူစစ်သည်များက ကျွန်တော်တို့သည် စစ်ပွဲတွင် ပါဝင်ကြမည် မဟုတ်.... ဟူသော စည်းကမ်းချက်အရ လွှတ်လိုက်ခြင်း ဖြစ်ပါသည်....''ဟု လျှောက် ထားသည်။ တမန်တော်မြတ်က ''ငါတို့သည် အလ္လာဟ်အသျှင်မြတ်၏ အကူအညီကိုသာ အလိုရှိသည်''ဟူ၍သာ ဖြေကြားခဲ့ပေသည်။

**မွတ်စလင်မ်ကျမ်း**
**ကတိတည်ခြင်းအခန်း**

ဗဒ်ရ်စစ်မြေပြင်သည် သွေးများဖြင့် ချင်းချင်းရဲနေခဲ့သည်။ ထိုအ ချိန်မျိုးမှာပင် တမန်တော်မြတ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ လက်နှစ်ဘက်ဖြန့်ကာ ''အို.... အလ္လာဟ်အရှင်မြတ်၊ ကူညီတော်မူမည်.... ဟူသော မိမိ၏ကတိအတိုင်း ကူညီတော်မူပါ''ဟု ပန်ကြားလျက်ပင် ရှိခဲ့န ခဲ့ပေသည်။

ဗဒ်ရ်စစ်မြေပြင်မှာပင် တမန်တော်မြတ်သည် တစ်ခါတစ်ရံ၌ အလ္လာဟ်၌နှစ်ပြီ၊ သတိလစ်၍၊ ကိုယ်ရုံတော်ပြုတ်၍ကျသည်ကိုပင်မသိရှာ။

ပျပ်ဝပ်ဦးချကာ ''အို…. အလ္လာဟ်၊ အကယ်တန္တိ ယနေ့ ဤမွတ်စလင်မ် တစ်စု သေကြေပျောက်ပျက် သွားခဲ့ရပါသော်…. ကိုယ်တော်အရှင်သည် ကိဃာမတ်နေ့တိုင်း ကိုးကွယ်ခြင်းခံရတော့မည် မဟုတ်ပါ''ဟူ၍ပင် ပန်ကြားခဲ့ရှာလေသည်။

ကြည့်–ဗိုခါရီ၊ မွတ်စလင်မ်၊ ဗဒ်ရ်စစ်ပွဲအခန်း

ထိုအချိန်အတ ◌ ်းမှာပင် သာဝကကြီး မောင်လှာအလီသည် သုံးကြိမ်တိုင်တိုင် စစ်မြေပြင်မှ တမန်တော်မြတ်ထံ လာရောက်ခဲ့ပေသည်။ အကြိမ်တိုင်းမှာပင် တမန်တော်မြတ် ပျပ်ဝပ်ဦးချလျက် ရှိနေသည်ကိုသာ တွေ့မြင်ခဲ့ရပေသည်။

(အုဟွဒ်စစ်ပွဲတွင် အချို့ စစ်သည်တော်များ တမန်တော်မြတ်ညွှန်ကြားချက်ကိုမနာခံခဲ့ကြသည့်အတွက် မွတ်စလင်မ်စစ် ရေးနိမ့်ခဲ့ကြရသည်။) ယင်း စစ်ပွဲပြီးဆုံးသွားသည့်အခါ အဗူစုဖ်ယာန်က ဝမ်းသာအယ်လဲ ၎င်းတို့၏ကိုးကွယ်ရာ ဟုဗ္ဗဒ်အား ကျူးရင့်တသ ခဲ့သည်။ ထိုအခါ တမန်တော်မြတ်သည် အတိုင်းမသိ ကြေကွဲနေပါလျက် သာဝကကြီး အုမရ်အား အောက်ပါအတိုင်း ထုံ့ပြန်ပြောဆို ညွှန်ကြားခဲ့သည်။

اللّٰهُ مَوْلَانَا وَلَا مَوْلٰى لَكُمْ، اللّٰهُ اَعْلٰى وَاَجَلُّ

''အလ္လာဟ်သည် ငါတို့၏ အရှင်သခင်ဖြစ်တော်မူသည်၊ အသင်တို့၌ အရှင်သခင်မရှိ၊ အလ္လာဟ်သည် အမြင့်ဆုံး အမြတ်ဆုံး ဖြစ်တော်မူသည်။

အဟ်ဇားဗ်စစ်ပွဲတွင် တမန်တော်မြတ် ကိုယ်တော်တိုင် မိမိ တပည့်သားများနှင့် အတူတကွ နေတော်မူခဲ့သည်။ ထိုအချိန်မျိုးတွင်လည်း တမန်တော်မြတ်၏ရွှေနှုတ်တော်မှအောက်ပါအတိုင်း ကျူးရင့်သံသာလျက် ရှိခဲ့လေသည်။

اَللّٰهُمَّ لَا خَيْرَ اِلَّا خَيْرُ الْاٰخِرَةِ فَبَارِكْ فِى الْاَنْصَارِ وَالْمُهَاجِرَةِ

> ''အို.... အလ္လာဟ်၊ နေ့ခင်းတိုင်းမလွန်ဘဝ၏ သုခချမ်းသာမှု တစ်ပါး အခြားသုခချမ်းသာ မရှိပါ၊ ကိုယ်တော်သည် အန်ဆွာရီများနှင့် မူဟာဂျိရ်များအပေါ် ကောင်းချီးချမ်းသာ မင်္ဂလာများကို ပေးသနားပါအံ့ရှင်''

အဟ်ဇာဗ်စစ်ပွဲတွင် ရန်သူများသည် အပြင်းအထန် တိုက်ခိုက်နေခဲ့ကြသည့်အတွက် မှတ်စလင်တစ်ဦးတစ်ယောက်မျှ မိမိ၏နေရာမှရွေ့လျားနိုင်ခဲ့ပေ။ အဟ်ဇာဗ်စစ်ပွဲတွင် ရန်သူများသည် မွတ်စလင်မ်တို့အား ရက်ပေါင်း ၂၀....၂၂ ရက်တိုင်တိုင် ဝိုင်း၍တိုက်နေခဲ့ကြသည်။ သို့သော်လည်း ကြာရှည်ကြာမျှ ရှည်လျားသော ရက်ပိုင်းအတွင်း ဆွလာတ် ၁–ကြိမ်၊ အများဆုံး ၄–ကြိမ်သာလျှင် ကဿွာဖြစ်ခဲ့ပေသည်။ အချိန်မီ မပြုလုပ်နိုင်ခဲ့ပေ။ ၁–ရက် ရန်သူများသည် အဆွ်ရ် 'ညနေ' အချိန်တွင် အပြင်းအထန် တိုက်ခိုက်ကြသဖြင့် ဝတ်ပြုရန် အချိန် စိုးစဥ်းမျှ မရရှိခဲ့ပေ။ နောက်ဆုံး အဆ္ဂ်ရ်အချိန်ကုန်ဆုံးသွားခဲ့သည်။ ထို့အတွက် တမန်တော်မြတ်သည် အတိုင်းမသိ စိတ်မကောင်းဖြစ်ခဲ့ရသည်။ ရန်သူများ၏ တိုက်ခိုက်မှုရပ်စဲလျှင် ရပ်စဲခြင်း တမန်တော်မြတ်သည် 'ဂျမာအတ်' အစုအဝေးဖြင့် ဆွလာတ်ဝတ်ပြုတော်မူခဲ့လေသည်။

ကြည့်– ဗိုခါရီ၊ အဟ်ဇာဗ်စစ်ပွဲအခန်း

ခိုင်ဗရ်စစ်ပွဲတွင် မြို့နှင့် နီးကပ်လာသည့်အခါ တမန်တော်မြတ်က

الله أكبر ''အလ္လာဟုအက်ဗရ်၊ ခိုင်ဗရ်ပျက်စီးပြီ''ဟု မိန့်ကြားလေသည်။ မြို့၏အဆောက်အဦများတွေ့မြင်ရသောအခါ တမန်တော်မြတ်က 'ဆိုင်းငံ့ကြဦး'ဟု မိန့်ကြားတော်မူ၏။ ထိုနောက် အောက်ပါအတိုင်း ဆုပန်ကြားလေသည်။

---

اللهم انا نسئلك خير هذه القرية وخير اهلها وخير ما فيها، ونعوذ بك من شرها وشر اهلها وشر ما فيها، (ابن هشام)

အို.... အလ္လာဟ်၊ ကျွန်တော်မျိုးတို့သည် ဤမြို့၏
ကောင်းကျိုး၊ ဤမြို့သူမြို့သားများ၏ ကောင်းကျိုး
နှင့် ဤမြို့တွင်းရှိ အရာရာတို့၏ ကောင်းကျိုးကိုကာ
လိုလားကြပါသည်။ ကျွန်တော်မျိုးတို့သည် ဤမြို့၏
မကောင်းကျိုး၊ ဤမြို့သူမြို့သားများ မကောင်းကျိုး
နှင့် ဤမြို့တွင်းရှိ အရာရာတို့၏ မကောင်းကျိုးဘို့မှ
လွတ်ကင်းရန် အရှင်မြတ်ထံ၌ ခိုလှုံကြပါသည်၊
စီရတ်ကွ္လမ်နဗီ

ဟုနိုင်န်စစ်ပွဲတွင် တမန်တော်မြတ်နှင့်အတူ စစ်သည် ၁၂၀၀၀ တိတိပါရှိခဲ့သည်။ သို့တစေလည်း စစ်ပွဲစလျှင် စခြင်း ပထမတစ်ချီမှာပင် မွတ်စလင်မ်စစ်သည်များ ကစဉ့်ကလျားဖြစ်သွားခဲ့ကြသည်။ အကယ်၍သာ ဤစစ်၏တပ်ဦးသည် မိမိစစ်သည်များကိုသာ အားထားကာ စစ်ပွဲဆင်နွှဲခဲ့ပါက ထိုစစ်ဦးစီးသည် ဦးစွာပထမ တိမ်းရှောင်ထွက်ပြေး၍ သွားခဲ့ပေမည်။ သို့ရာတွင် တမန်တော်မြတ်ကား....ဤမည်သော စစ်လက်နက်များနှင့် ဤမျှများပြောင်လှသော စစ်သည်များကို အားမထား၊ အဓိက အားထားသည်မှာ အလ္လာဟ်သာဖြစ်သည်။ ထိုအရှင်သခင်သည် မိမိအား စစ်သည်ဗိုလ်ခြေများကြားတွင် ကူညီနိုင်သကဲ့သို့ မိမိအားလည်း ကူညီနိုင်သည်ကို မဖိုတ်မသုန်ယုံကြည်ခဲ့ပေသည်။ သို့.... ယုံကြည်ထားခဲ့သည့် အလျောက် တမန်တော်မြတ်သည်မြွားမိုးရွှာလျက် မိမိဘက်သို့ ချီတက်လာနေသော စစ်သည် '၁၀၀၀၀' ရှေ့တွင် ရဲရင့်တည်ကြည်စွာ ရပ်နေခဲ့သည်။ တမန်တော်မြတ်၏အပါးတွင် အသက်ပေးမည့် တပည့်သားများမှအပ တစ်ဦးတစ်ယောက်မျှ မရှိပေ။

ထိုအချိန်တွင် တမန်တော်မြတ်သည် အစီးအနင်းမှ ဆင်းတော်မူလိုက်သည်။ တို့နောက် ''ငါသည် အလ္လာဟ်အစေတော်၊ အလ္လာဟ် တမန်တော်ဖြစ်သည်'' ဟူ မိန့်ကြားလိုက်၏။ ထို့နောက် အလ္လာဟ်ထံတော်ပါးတွင် ကတိတော်အတိုင်း ကူညီပါမည့်အကြောင်း ပန်ကြားလိုက်သည်။ သို့နှင့် အခြေအနေမှာ ပြောင်းပြန် ဖြစ်သွားခဲ့သည်။ အစွလာမ့်အောင်လံတော်သည်။ ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် တလူလူ ဖြစ်လာခဲ့သည်။ ရန်သူစစ်သည် နှစ်သောင်းတို့၏ အတိုင်းမသိ ပြင်းထန်စွာ ရှုသွန်းလျက်

ရှိသော မြှားမိုးတို့သည် နောက်လိုက်စစ်သည်ဗိုလ်ခြေမပါ၊ တစ်ပါးတည်း အလွှာ်ဟတ်ထံ ဆုပန်ခြင်း–ဟူသော ဒိုင်းဖြင့် ခုခံကာကွယ်ရသည့် သတ္တိသည် တမန်တော်များမှတစ်ပါး အခြားမည်သူ့ရှိအံ့နည်း။

ဤသို့သော ဖြစ်ရပ်ကို ဗနီမွတ်ဆိလိပ် စစ်ပွဲတွင်လည်း အံ့ဩဖွယ်သရဲတော ရှိရပေသည်။ ရှေ့တွင် ရန်သူစစ်သည် မြောက်မြားစွာ ရှိ၏။ အဝိုက်ကို စောင့်မြှော်နေကြသည်။ ရုတ်တရက် ဝတ်ပြုချိန်ရောက်လာသည်။ တမန်တော်မြတ်သည် 'ဣမာမ်' ရှေ့ဆောင်အဲဖြစ် ရှေ့မှရပ်တော်မူသည်။ သာဝကများအနက် အုပ်စု ၁–စုသည် 'မွက္ကတဒီ' နောက်လိုက်အဖြစ် တမန်တော်မြတ်၏ နောက်တွင် ဝတ်ပြုသည်။ အခြားအုပ်စုသည် ရန်သူများရှေ့သို့ ကျူးကျော်လာမည်ကို ကာကွယ်ထားသည်။ ရန်သူများနှင့် ဤသို့ ရင်ဆိုင်နေရသည့်အခါမျိုးမှာပင် တမန်တော်မြတ်သည် ကြောက်ရွံ့ခြင်းမရှိ ဝတ်ပြုနေနိုင်ခဲ့သည်။

တမန်တော်မြတ်သည် အထက်ဖော်ပြပါ အခြေအနေထက် ဆိုးရွားသည့် အခြေအနေမျိုးတွင်လည်း အလွှာ်ဟ်အရှင်အား မမေ့ခဲ့ပေ။ ဟုဒိုင်ဗိယက် စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုသည့် အချိန်တွင် တမန်တော်မြတ်သည် မက္ကာမြို့တော်အနီး ဿဖ်စ်ဖာန်တွင် စခန်းချနေလေသည်။ ကုရိုက်ရှ်မျိုးနွယ်၏ နာမည်ကျော်ဗိုလ်ချုပ် ခါလိဒ်ဣဗ်နူဝလိဒ်သည် အနီးဝန်းကျင်ရှိ တောင်ပူစာများကြားတွင် တိုက်ခိုက်ရန် အခြေအနေကို အသင့်စောင့်ကြည့်နေသည်၊ နောက်ဆုံးတွင် ကုရိုက်ရှ်မျိုးနွယ် မွတ်စလင်မ်များ ဝတ်ပြုကြလျှင် ယင်းသို့ ဝတ်ပြုနေသည့် အခါမျိုးမှာ အမှတ်မထင်တိုက်ခိုက်ကြရန် သဘောတူဆုံးဖြတ်ထားလိုက်သည်။ ထိုအတွင်းမှာပင် အလ္လာဟ်အရှင့်ထံမှ စစ်မြေပြင် ရန်သူရှေ့မှောက်၌ ဆွလာတ်ဝတ်ပြုပုံနှင့် စပ်လျဉ်း၍ အမိန့်တော်များ ကျရောက်လာခဲ့ပေသည်၊ *

အဆိုရ် ဆွလာတ်အချိန်ကျရောက်လာခဲ့ရာ တမန်တော်မြတ်သည် ရပ်တော်မူလိုက်၏။ ရန်သူ စစ်သည်များသည် လက်နက်ဆွဲကိုင်လျက်

---

* ဤအကြောင်းကို ကွ်ရ်အာန်ကျမ်းမြတ် ၄း ၁၀၁–၁၀၂ တွင်ပါရှိသည်။ အကျယ်သိလိုက ဿဗီရေး ကုရ်အာန် အလင်းပြကျမ်း အတွဲ ၄၊ အောက်ခြေအမှတ် ၇၃၂–၇၃၃ တွင် ရှုပါကုန်။

ဿဗီ

ရှေ့တွင် အသင့်ရှိနေကြသည်။ မွတ်စလင်မျာ:အသည် အုပ်စုနှစ်စုခွဲလိုက်၏။ အုပ်စု ၁-ခုသည် တမန်တော်မြတ်၏ နောက်တွင် ယှဉ်တွဲ၍ ဝတ်ပြုသည်။ အခြားအုပ်စုသည် ရန်သူများနှင့် မျက်နှာချင်းဆိုင် ခုခံတိုက်ခိုက်ရန် ရှိနေခဲ့ကြသည်။ ပထမအုပ်စုသည် ဝတ်ပြုပြီးသောအခါ အစီအစဉ်ကျနစွာဖြင့် ရန်သူများ ရှေ့သို့ ရောက်ရှိသွားသည်။ ရန်သူများရှေ့တွင် ရှိနေခဲ့သော ဒုတိယအုပ်စုသည် နောက်သို့ စည်းစနစ်ရှိစွာ ဆုတ်လာပြီး တမန်တော်မြတ်၏ နောက်သို့ ရောက်သွားကာ ဝတ်ပြုကြလေသည်။ ဤအပြောင်းအလဲများသည် မွက်ကွတဒီနောက်မှ ဝတ်ပြုသူများ အတွင်း၌သာ ဖြစ်နေ၏။ ဣမာမ် ရှေ့ဆောင်ဖြစ်သောတမန်တော်မြတ်မှာကား ရန်သူတို့၏ အန္တရာယ်များကို ဂရုမပြုဘဲ အေးအေးဆေးဆေး ဝတ်ပြုတော်မူလျက်ပင် ရှိနေခဲ့ပေသည်။ စိုးစဉ်းမျှပင် တုန်လှုပ်ချောက်ချားခြင်းမရှိခဲ့ပေ။ *

ဤသည့်ဖြစ်ရပ်များကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်သည် အောက်ပါ မုကွ်ာပါဌ်တော်ကို အဘယ်မျှ ပီပီပြင်ပြင် ဦးထိပ်ပန်ဆင်တော်မူခဲ့သည်ကို အထင်အရှားတွေ့ရှိရပေသည်။

يا أيها الذين آمنوا إذا لقيتم فئة فاثبتوا واذكروا الله
كثيرا لعلكم تفلحون ٭ قرآن (၈:၄၅)

'အို....အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် ရန်သူ စစ်တပ်နှင့် ရင်ဆိုင်တွေ့ကြလျှင် ကြံ့ခိုင်စွာရင်ဆိုင်ကြ၊ အလ္လာဟ်အရှင်အား အောက်မေ့တသ သတိရကြ။ သို့ဖြစ်လျှင် အသင်တို့ အောင်မြင်ကြပေလိမ့်မည်။

ကုရ်အာန် ၈း၄၅

---

* ဤသို့ ဝတ်ပြုသော ဆွလာတ်ကို 'ဆွလာတုလ်ခေါက်ဖ်' ဟုခေါ်သည်။ အသေးစိတ်ကို ဓမ္မသတ်ကျမ်းများတွင် ရှုပါရန်။

ဿာဇီ

တမန်တော်မြတ်သည် (ဂျဟာဒ်) အစ္စလာမ့်စစ်ချီရာတွင် တောင်ပူစာတစ်ခုခုအပေါ်သို့ တက်တော်မူသည့်အခါတိုင်း၌ 'အလ္လာဟုအတ်က်ဗရ်'ဟု သုံးကြိမ်ကျူးရင့်တော်မူခဲ့ပေသည်။

ကြည့်- ဗိုခါရီ

**အလ္လာဟ်အရှင်မြတ်အား**
**ကြောက်လန့်ရိုသေခန့်ငြားတော်မူခြင်း**

**တမန်တော်မြတ်မုဟမ္မဒ်** (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် တမန်တော်အပေါင်းတွင် နောက်ဆုံးတော်၊ အမြတ်ဆုံး တမန်တော်၊ အမြတ်ဆုံးတမန်တော်၊ အလ္လာဟ်အသျှင်မြတ်၏ ချစ်ကြည် မြတ်နိုးမှုကို အထူးခံစားတော်မူရသော တမန်တော်ဖြစ်တော်မူပေသည်။ သို့ပင်တစေ တမန်တော်မြတ်သည် အလ္လာဟ်အသျှင်မြတ်အား အတိုင်းမသိ ကြောက်ချစ်ရိုသေခန့်ငြားလှပေသည်။ သို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် မကြာခဏ 'ငါကိုယ်တိုင် ဘာတွေ တွေ့ကြုံခံစားရဦးမည်ကို ငါ ဘာမျှမသိ'ဟု ဖွင့်ဟပြောကြားတော်မူလေ့ရှိခဲ့ပေသည်။

သာဝကကြီး အုဆ်မာန်ဣဗ်နုမာဇ်အွန် ကွယ်လွန်သေဆုံးသည့်အခါ အသုဘရှုရန် တမန်တော်မြတ်ကြွသွားတော်မူခဲ့၏။ ရုဏ်ကလာပ်သည် အသင့်ပြင်ဆင်ထား၏။ အမျိုးသမီးတစ်ဦးက ရုပ်ကလပ်ကိုကြည့်ကာ 'အလ္လာဟ် သက်သေဖြစ်တော်မူသည့် အလ္လာဟ် အသျှင်မြတ်သည် အသင့်အား ချီးမြှင့်မြှောက်စားတော်မူသည်'ဟု ပြောဆိုလေ၏။ တမန်တော်မြတ်က 'အသင်မ ဘယ်လိုသိပါသလဲ'ဟု မေးတော်မူရာ၊ အဆိုပါ အမျိုးသမီးက အလ္လာဟ်အသျှင်မြတ်သည် ဤသို့သော ပုဂ္ဂိုလ်ကိုမျှ ချီးမြှင့်မြှောက်စားတော်မူပါလျှင် အခြားမည်သို့သောသူကို ချီးမြှင့်မြှောက်စားရပါမည်နည်း'ဟု လျှောက်ထား၏။

ထိုအခါ တမန်တော်မြတ်က ငါလည်း ဤပုဂ္ဂိုလ်နှင့်ပတ်သက်၍ အကောင်းပဲဖြစ်ပါလိမ့်မည်ဟု မြော်လင့်သည်။ သို့ရာတွင် ငါသည် တမန်

F 26

တော်တစ်ပါးဖြစ်ပါလျက် ငါကိုယ်တိုင် ဘာတွေ တွေ့ကြုံခံစားရမည်ကို ငါဘာမျှသာမျှမသိ' ဟု ပြောကြားလိုက်လေသည်။

တစ်ခါတစ်ရံ လေပြွင်းတိုက်ခတ်လိုက်လျှင် တမန်တော်မြတ်သည် ထိတ်လန့်သွားတော်မူ၏။ အရေးကြီးသော ကိစ္စတစ်ရပ်ကို ဆောင်ရွက်နေတော်မူလင့်ကစား ယင်းတို့စွဲကို ခေတ္တဆိုင်းငံ့ထားပြီး အစ်ဗ်လဟ်ဘက်သို့ မျက်နှာမူကာ 'အို.... အလ္လာဟ်၊ ကျွန်တော်မျိုးကိုယ်တော် စေလွှတ်တော်မူလိုက်သော ဘေးဒုက္ခမှ လွတ်ကင်းနိုင် ပန်ကြားပါသည်'ဟု ဆုပန်တော်မူသည်။ ထိုနောက် အခြေအနေသာယာသွားလျှင် သို့မဟုတ် မိုးရွာလျှင် ဝမ်းသာတော်မူသည်။ အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်တော်မူသည်။

တစ်ရက်၊ တမန်တော်မြတ်သည် ဤသို့သော အဖြစ်တစ်ရပ်နှင့် ဆုံတော်မူပြန်၏။ ထိုအခါ ကြင်ယာတော် အာအီရှာက 'တမန်တော်မြတ် အဘယ်ကြောင့် စုန်လှုပ်တော်မူပါသနည်း'ဟု မေးလျှောက်ရာ၊ တမန်တော်မြတ်က 'အသင်မ မသိ၊ ဟူဒ်အမျိုးသားများ၏ အဖြစ်မျိုး မဖြစ်နိုင်ပါသလား၊ ထိုအမျိုးသားများသည် မိုးသားကိုမြင်ပြီး 'ဤမိုးသားများဖြင့် ငါတို့၏လယ်ယာကို စိုပြည်ရတော့မည်'ဟုပြောဆိုနေခဲ့ကြသည်။ အမှန်မှာ အဆိုပါ မိုးသားများမှာ ရိုးရိုးသားသား မိုးသားမဟုတ်၊ အလ္လာဟ်အရှင်မြတ်ပြစ်ဒဏ်ဖြစ်ခဲ့လေသည်'ဟု ပြောပြသည်။

တစ်နေ့ သာဝကကြီး အဗူဗက်ကရ်က 'တမန်တော်မြတ်၊ တမန်တော်မြတ်၏ ဆံတော်များ ဖြူစပြုလာပါပြီ''ဟု လျှောက်ထားရာ၊ တမန်တော်မြတ်က စူရဟ်'ဟူဒ်'ကဏ္ဍ(၁၁)၊ စူရဟ်'ဝါကိအဟ်' ကဏ္ဍ(၅၆) စူရဟ်'မုရ်စလာတ်' ကဏ္ဍ(၇၇)နှင့် စူရဟ် 'နဗါအ်'ကဏ္ဍ(၇၈)တို့က ဖြူစေခြင်းဖြစ်သည်''ဟု ဖြေကြားလိုက်သည်။ အထက်ဖော်ပြပါ ကဏ္ဍများ၌ ကီယာမတ် လောကတေကြီး တစ်ခုလုံး ပျက်ပြုန်းပြီး ရှင်ပြန်ထရမည့် အကြောင်းများပါရှိသည်။

သာဝကကြီးအဗိုင်ဟ်က္ကဗ်နူဗ်က ပြောပြခဲ့သည်မှာ ညဉ့်၏ ၃-ပုံ ၂-ပုံ ရော်လွန်သွားသည့်အခါ တမန်တော်မြတ်က ''အို........ လူအပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရကြ....၊ မြေငလျင်တုန်လှုပ်မှုကြီး လာနေပြီ။ ၎င်းနောက်မှလာမည့်အရာသည်လည်း လာနေပြီ၊ သေခြင်းတရားသည် မိမိ၏ပစ္စည်းအစုံနှင့် ရောက်လာချေပြီ၊

သေခြင်းတရားသည် မိမိ၏ ပစ္စည်းအစုံနှင့် ရောက်လာချေပြီ''ဟု (အသံကျယ်စွာဖြင့်) ပြောကြားတော်မူလေ့ရှိသည်၊

တမန်တော်မြတ် မိန့်ကြားတော်မူလေ့ရှိသည်မှာ ''ငါသိသည်များကို အသင်တို့သိကြလျှင် အသင်တို့သည် နည်းနည်းရယ်၍ များများငိုကြပေမည်''

တစ်ရက်၊ တမန်တော်မြတ်က အလွန်လေးနက်ထိမိစွာ မိန့်ကြားတော်မူသည်မှာ ''အို...ကုရိုက်ရှ်မျိုးနွယ်ဝင်များ၊ မိမိတို့အရေး မိမိတို့ဂရုစိုက်ကြ၊ ငါသည်အသင်တို့အား အလ္လာဟ်ဘက်တော်မှ မကာကွယ်နိုင်ပါ၊ အို.... ဦးဦးတော် အဗ်ဗါစ်ဗ်ဗနုအဗ်ဒုလ်မွတ္တလိဗ်၊ ဦးရီးတော် အားလည်း အလ္လာဟ်ဘက်တော်မှ ကျွန်တော် မကာကွယ်နိုင်ပါ၊ အို.... အရီးတော် ဆွဖီယတ်၊ ကျွန်တော်သည် အရီးတော်အားလည်း အလ္လာဟ်ဘက်တော်မှ မကာကွယ်နိုင်ပါ၊ အို သမီးတော် လွှာဖာတိမဟ်၊ ဖေဖေသည် သမီးတော်အားလည်း အလ္လာဟ်ဘက်တော်မှ မကာကွယ်နိုင်ပါ။

ကြည့်- ဗိုခါရီ မွတ်စလင်မ်

တစ်ရက်၊ အရဗ် တောကျေးသားများသည် တမန်တော်မြတ်၏ ဗလီကျောင်းတော်အတွင်းသို့ အမြောက်အများ တိုးဝှေ့ဝင်ရောက်လာခဲ့ကြသည့်အတွက် တမန်တော်မြတ် ကိုယ်တော်သည်ပင် လူအုပ်ကြားတွင် ညပ်မိလုနီးပါးဖြစ်သွားတော်မူခဲ့၏။ မုဟာဂျိရ်သာဝကကြီးများကထ၍ တမန်တော်မြတ်အနီးမှ လူအုပ်ကြီးကို ခွဲပစ်လိုက်ကြရ၏။ တမန်တော်မြတ်သည် လူအုပ်ကြားမှထွက်၍ ကြင်ရာတော် အာအိရှဟ်၏ အဆောင်တော်အတွင်းသို့ ကြွသွားသည်။ လူ့သဘာဝအလျောက် ရှေ့နှုတ်တွင်းမှ စိတ်နာစကား ထွက်သွားခဲ့သည်။ ချက်ခြင်းပင် တမန်တော်မြတ်သည် ကာဗ်ဗလဟ်ဘက်သို့ မျက်နှာမူ၍ အလ္လာဟ်ထံတော်၌ လက်နှစ်ဘက်ဖြန့်၍ ''အို.... အလ္လာဟ်၊ ကျွန်တော်မျိုး လူသားတစ်ဦးသာ ဖြစ်ပါသည်၊ ကိုယ်တော်၏ကျွန်များအနက် တစ်ဦးဦးတစ်ယောက်မှာ ကျွန်တော်မျိုးကြောင့် ဒုက္ခဖြစ်ရပါလျှင် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ''ဟု ဆုပန်ကြားတော်မူရှာသည်။

(ကြည့်-မွတ်စ်နဒ်ဣဗ်နုဟာန်ဗလ်၊ အတွဲ(၆) စာမျက်နှာ ၁၀၇-၁၂၃)

## ငိုကြွေးတော်မူခြင်း

အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ နှိုးကြားတော်မူလှ သည့်အတွက် များသောအားဖြင့် နှလုံးသား အထူးပျော့ပျောင်းလာ၏။ မျက်စိအစုံမှ မျက်ရည်များယိုဖိတ်လာသည်။

တစ်ရက်၊ သာဝကကြီး အဗ်ဒုလ္လာဟ်ဣဗ်နုမတ်စ်အုဒ်က တမန် တော်မြတ်ရှေ့မှောက်တွင် အောက်ပါ မုကဒ္ဒပါဠိတော်ကိုရွတ်ဖတ်၏။

فَكَيْفَ إِذَا جِئْنَا مِن كُلِّ أُمَّةٍ بِشَهِيدٍ وَجِئْنَا بِكَ عَلَى هَؤُلَاءِ شَهِيدًا

قرآن (4:41)

ငါအရှင်မြတ်သည် ကိယာမတ်နေ့တွင် သာသနာ ဝင်အသီးသီးတို့မှ သက်သေတစ်ဦးကို ခေါ်ယူ တော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင် (မုဟမ္မဒ်)အား ထိုသူတို့အတွက် သက်သေအဖြစ် ခေါ်ယူတော်မူမည်။ ထိုအခါ (ကာဖိရ်)သွေဖည် ငြင်းဆန်သူတို့၏အဖြစ်သည် မည်သို့ရှိအံ့နည်း။

ကုရ်အာန် (၄း ၄၁)

အထက်ပါ မုကဒ္ဒပါဠိတော်ကို ကြားရသောအခါ တမန်တော် မြတ်၏ မျက်စိအစုံမှ မျက်ရည်များ ယိုဖိတ်လာခဲ့သည်။
(ကြည့်– ဗိုခါရီ၊ အထက်ပါ မုကဒ္ဒပါဠိတော်၏အဖွင့်)

အများအားဖြင့် ဆွလာတ်ဝတ်ပြုရာတွင် တမန်တော်မြတ်၏နှလုံး သားများသည် အထူးတလှည့် ပျော့ပျောင်း၍လာသည်။ မျက်စိ အစုံမှ မျက်ရည်တို့ယိုဖိတ်လာသည်။ တစ်ခါသော်.... နေကြတ်၏။ ထိုအချိန်တွင် (ဆွလာတ်ကဆူဖ်၊ နေကြပ်ဆွလာဟ်) ဝတ်ပြုတော်မူ၏။ ဝတ်ပြုရာတွင် တမန်တော်မြတ်သည် သက်ပြင်းကြီးရှူလျက် "အို...အလ္လာဟ်၊ ကျွန်

တော်မျိုးရှိနေခိုက် လူများအား အရှင်မြတ်က ပြစ်ဒဏ်ခတ်တော်မူမည် မဟုတ်ကြောင်း ဏတ်ိပြုထားတော်မူပါသည်'' ဟု လျှောက်ထားပန်ကြား ခဲ့ပါသည်။

(ကြည့်– အဗူဒါဝုဒ် နေကြပ်ဆွလာတ်အခန်း)

သာဝကီတစ်ပါးဖြစ်သူ အဗ်ဒုလ္လာဟ်ဗ္ဗနုရှစ်ခ၏က ပြောပြခဲ့သည်မှာ တစ်ရက် ကျွန်ုပ်သည် တမန်တော်မြတ်ထံသို့ ရောက်ရှိခဲ့သည်။ ထိုအချိန်တွင် တမန်တော်မြတ်သည် ဝတ်ပြုနေပါသည်။ မျက်စိအစုံမှ မျက်ရည်များ ယိုစီးလျက်ရှိသည်။ ရှိုက်ကြီးတငင်ငိုကြွေးနေပါသည်။

(ကြည့်–တိရ်မိဇီ၊ အဗူဒါဝုဒ်၊ ညဉ့်ဆွလာတ်တွင် ငိုကြွေးခြင်းအခန်း)

တစ်ခါသော်.... တမန်တော်မြတ်သည် ဂျနာဇဟ် အသုဘတစ်ခုကို လိုက်ပို့သည်။ သင်္ချိုင်းတွင်းတူးနေသည်။ တမန်တော်မြတ်သည် တွင်း၏ဘေးတွင် ထိုင်သည်။ ယင်းရှုမျှော်ခင်းကိုကြည့်ပြီး တမန်တော်မြတ်မျက်စိအစုံမှမျက်ရည်များ အဆက်မပြတ်ယိုဖိတ်လာခဲ့ရာ မြေပြင်ပင်စိုသွားခဲ့၏။ ထိုနောက် တမန်တော်မြတ်က ''မိတ်ဆွေတို့ ဤနေ့အတွက် အသင့်ပြင်ကြ' ဟုမိန့်ကြားလိုက်လေသည်။

တစ်ကြိမ်သော်.... တမန်တော်မြတ်သည် စစ်မြဲတခုမှ ပြန်ကြွလာ၏။ လမ်းခရီးတွင် ရပ်နားနေသော လူတစ်စုကို မြင်တော်မူသည်။ အသင်တို့မည်သူတွေပါနည်းဟု မေးလိုက်ရာ။ ထိုသူများက 'ကျွန်တော်တို့ မူစလင်တွေပါ'ဟု ဖြေသည်။ ထိုသူတို့တွင် အမျိုးသမီးတစ်ဦးသည် မီးထည့်နေ၏။ အနားတွင် သူမ၏သားငယ်ရှိသည်။ မီးကောင်းကောင်းအရှိန်ရလာသော အခါ အဆိုပါအမျိုးသမီးသည် မိမိ၏သားငယ်ကို ခေါ်ဆောင်၍ တမန်တော်မြတ်ထံရောက်ရှိလာပြီး တမန်တော်မြတ်အား 'အလ္လာဟ်၏တမန်တော်ဖြစ်ပါသလား'ဟု မေးလျှောက်ရာ၊ တမန်တော်မြတ်က ဟုတ်မှန်ကြောင်း ဖြေကြားသည်။ အဆိုပါအမျိုးသမီးက ''မိခင်တစ်ဦးက မိမိ၏ရင်သွေးကို သနားကြင်နာသည်ထက် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျွန်များအား ပို၍သနားကြင်နာစသည် မဟုတ်ပါလား'' ဟု လျှောက်ထားဖြန့်ရာ၊ တမန်တော်မြတ်က ''ယုံမှားဖွယ်မရှိ၊ ဤအတိုင်းပင် ဖြစ်သည်'' ဟုမိန့်ကြား

လိုက်သည်၊ ထိုအခါ အာမိုပါအမျိုးသမီးက "တမန်တော်မြတ်ကြီးရှင့်၊ မိခင်တစ်ဦးသည် မိမိ၏ရင်သွေးကို မီးထဲသို့ထည့်ရက်သည် မရှိပါ"ဟု လျှောက်ထားရာ၊ တမန်တော်မြတ်သည်အတိုင်းမသိ စိတ်ထိခိုက်လှသဖြင့် ငိုကြွေးလေ၏။ ထို့နောက် တမန်တော်မြတ်က "အလ္လာဟ်အရှင်သည် ဆိုးသွမ်းမောက်မာပလွှားသော၊ အလ္လာဟ်အရှင်အား သွေဖည်သော၊ တစ်ပါးတည်းဟူ၍ မယုံကြည်သော လူကိုသာ အပြစ်ဒဏ်ပေးမည်ဖြစ်သည်" ဟု မိန့်ကြားလိုက်လေသည်။

ကြည့်– စူနန်ဣဗ်နုမာဂျဟ်၊ အလ္လာဟ်ကရုဏာတော်အခန်း

တစ်ရက်၊ တမန်တော်မြတ်သည် တမန်တော် ဣဗ်ရာဟီမ်၏ အောက်ပါ ဆုပန်ကြားတော်မူသည်။

رب انهن اضللن كثيرا من الناس، فمن تبعني
فانه مني، قرآن (14:36)

အို.... ကျွန်ုပ်တော်မျိုးအား ဖန်ဆင်းမွေးမြူသော အရှင်၊ ထိုဆင်းတုများသည် များစွာသော လူသားတို့အား လမ်းမှားစေခဲ့ကြပါပြီ။ သို့ဖြစ်ရာ ကျွန်တော်မျိုး၏ လမ်းစဉ် လိုက်နာသူသည်သာ ကျွန်တော်မျိုး၏ အဖွဲ့ဝင်ဖြစ်ပါသည်။

ကုရ်အာန် (၁၄း၃၆)

ထိုနောက် တမန်တော်မြတ်သည် တမန်တော်အီစာ၏ အောက်ပါ ဆုပန်ကြားတော်မူ၏။

ان تعذبهم فانهم عبادك وان تغفر لهم فانك انت
العزيز الحكيم، قرآن (5:118)

> အရှင်မြတ်သည် အကယ်၍ ထိုသူများအား ဖြစ်ဒဏ်ပေးတော်မူပါလျှင် ၎င်းအရှင်မြတ်၏ ကျွန်များပင် ဖြစ်ကြပါသည်။ ထိုအရှင်သည် အကယ်၍ ထိုသူများအား ချမ်းသာခွင့်ကို ပေးသနားပါလျှင်လည်း 'ပြုစွမ်းတော်မူနိုင်ပါသည်။' အကြောင်းသော်.... အရှင်သည် တန်ခိုးတော်အနန္တနှင့်ပြည့်စုံတော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသောအရှင်သာ ဖြစ်ပါသည်။
>
> ကုရ်အာန် (၅း ၁၁၈)

တမန်တော်မြတ်သည် လက်နှစ်ဘက်ဖြန့်ကာ အထက်ပါ ဆုမွန်နှစ်ပါးကို ပန်ကြားလေသည်။ . ထိုနောက် (اللهم الرفيق الأعلى)

'အို....အရှင်၊ ကျွန်တော်မျိုး၏ နေစက်လိုက်တပည့်သားများ၊ ကျွန်တော်မျိုး၏ နောက်လိုက်တပည့်သားများ' ဟု လျှောက်ထားပန်ကြားနေတော်မူခဲ့သည်၊

ကြည့်-မှတ်လေင်မ်
တမန်တော်မြတ်၏ ငိုကြွေးတော်မူခြင်းအခန်း

**အလ္လာဟ်အရှင်မြတ်အား**
**ချစ်ကြည်မြတ်နိုးတော်မူခြင်း**

ပွင့်တော်မူကြကုန်သော တမန်တော်များသည် နှစ်မျိုးနှစ်ပါးရှိကြသည်။ အချို့သည် အရှင်မြတ်၏ အတိုင်းမသိကြီး ကဲမြင့်မြတ်မှုနှင့် အတိုင်းမသိ ထက်မြက်တော်မူလှသည့် ဘုန်းသမ္ဘာတော်ဘ အရှိန်အဝါကိုသာ ရှုမြင်ခဲ့ကြ၏။ ထိုထိုသောတမန်တော်များသည် အရှင်မြတ်အား ကြောက်ရွံ့ခန့်ငြားရန်သာ ဟောကြားခဲ့ကြသည်။ ဥပမာ.... တမန်တော် နူဟ်၊ တမန်တော်မူစာ။ အချို့သည် အရှင်မြတ်အား ချစ်ကြည်မြတ်နိုးမှုတွင် နစ်နေခဲ့ကြသည်။ ထိုထိုသော တမန်တော်များသည် အရှင်မြတ်အား ချစ်ကြည်မြတ်နိုးရန်သာ ဟောကြားလေ့ရှိခဲ့ကြသည်။

ဥပမာ... တမန်တော်ယဟ်ယာ၊ တမန်တော်အီစာ။ တမန်တော် မုဟမ္မဒ်တွင်မူကား အဆက်ပါအရှည်အသေး နှစ်ရပ်စလုံးကို ပူးတွဲတွေ့ရှိ ရလေသည်။

ကုရ်အာန်ကျမ်းမြတ်တွင် အီမာန်ယုံကြည်ချက်၏ ပြီးပြည့်စုံခြင်း ဂုဏ်အင်တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မိန့်ကြားထားသည်။

(2:165)قرآن وَالَّذِيْنَ اٰمَنُوْٓا اَشَدُّ حُبًّا لِّلّٰهِ ؕ

အီမာန် ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကြသော သူတို့မှာမူ အဲလ္လာဟ်အရှင်မြတ်အား အတိုင်းမသိ ချစ်ကြည်မြတ်နိုးကြပေသည်။

တိကျမှန်ကန်သော ဟဒီဆ်ကျမ်းတော်များတွင် ပါရှိသည်မှာ တမန် တော်မြတ်သည် ညဥ့်အချိန်တွင် အချိန်အတော် ကြာညောင်းသည်အထိ ဆွလာတ်ဝတ်ပြုတော်မူလေ့ရှိသည်။ သို့ကြောင့် ခြေတော်များသည်ပင် ရောင်ရမ်း၍လာလေ့ရှိသည်။ ဤသည့်အဖြစ်ကို တွေ့မြင်ရသောအခါ အချို့တပည့်သာဝကများက ''တမန်တော်မြတ် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား လွတ်ငြိမ်းချမ်းသာခွင့် ပေးထားပြီးဖြစ်ရာ၊ တမန် တော်မြတ်သည် ဤရွေ့ဤမျှ အဘယ်ကြောင့် ဒုက္ခခံတော်မူပါသနည်း' ဟု လျှောက်ထားကြရာ၊ ''ငါ ကျေးဇူးသိတတ်သော လူတစ်ယောက် မဖြစ်ရတော့ဘူးလား''ဟု မိန့်ကြားတော်မူလိုက်လေသည်။ ဤသည်မှာ ချစ်ကြည်လေးစားခြင်း၏ အကျိုးဆက်သာဖြစ်သည်။ ထိုအတွက်ကြောင့် တမန်တော်မြတ်သည် အောက်ပါအတိုင်း မိန့်ကြားတော်မူလေ့ရှိခဲ့သည်။

(الرفيق الاعلى) وَجُعِلَتْ قُرَّةُ عَيْنِيْ فِي الصَّلٰوةِ

ငါ့မျက်စိများ၏ အေးချမ်းကြည်လင်မှုသည် ဆွလာတ်၌ ရှိသည်။

ညီဥ္စသန်းကောင်ယံ တိတ်ဆိတ်ချိန်များတွင် တမန်တော်သည် နိုးထ၍ ဆုမွန်တောင်းတော်မူလေ့ရှိသည်။ တစ်ခါတစ်ရံ သုသာန်သို့ ကြွသွားလေ့ရှိသည်။ 'ညဉ့်သန်းကောင်ယံတွင် အရှင်မြတ်သည် မိုး ကောင်းကင်သို့ ဆင်းသက်လေ့ရှိသည်'ဟု မိန့်ကြားလေသည်။

ညအခါ ဝတ်ပြုမှုများမှာ ဖရိဆွလာတ် ၂-ရကအတ်ပေါ်တွင် အဆုံးသတ်ရပေသည်။ ထိုအတွက်ကြောင့်ပင် ယင်း ၂-ရကအတ်နှင့် စပ် လျဉ်း၍ 'ဤကမ္ဘာနှင့် ဤကမ္ဘာတွင်းရှိ အကျိုးကျေးဇူးအားလုံးတို့သည် လည်း ယင်း ၂-ရကအတ်နှင့် စာလျှင် ဝါ့ရှေ့တွင် အချည်းနှီးပင်ဖြစ် သည်'ဟု မိန့်ကြားခဲ့လေသည်။

တစ်ခါသော်.... အမျိုးသမီးတစ်ဦးကို သုံ့ပန်းအဖြစ် ဖမ်းဆီးရမိ လာ၏။ အကြောင်းအားလျော်စွာ ထိုအမျိုးသမီး၏ ကလေးမှာ ပျောက် သွားခဲ့၏။ အပူပေါ်အပူထပ်ရရှာ၏။ ထိုမိန်းမသည် မိမိ၏ ရင်သွေးအား သံယောဇဉ်ကြီးစွာဖြင့် ကလေးတယောက်ယောက်တွေ့လျှင် ရင်ဝယ်ပွေ့ ချီ၍နို့တိုက်ရှာသည်။ ဤသနားစဖွယ်အဖြစ်ကို တွေ့ရသည့်အခါ တမန် တော်က အနီးရှိတပည့်သားတို့အား ''ဤမိန်းမသည် မိမိကိုယ်တိုင် မိမိ၏ ရင်သွေးကို မီးထဲထည့်ရက်ပါမည်လား''ဟု မေးလေရာ၊ တပည့်သားတို့က ''အလျဉ်းမဖြစ်နိုင်ပါ''ဟု လျှောက်ထားကြ၏။ ထိုအခါ တမန် တော်က အလ္လာဟ် အရှင်သည် မိမိ၏ကျွန်များအား ဤမိန်းမက မိမိ၏ရင်သွေးကို ချစ်ကြင်နာခြင်းထက် အတိုင်းမသိပို၍ ချစ်ခင်သနားတော်မူသည်....''ဟု ပြောပြလေသည်။

ကြည့်- ဗုခါရီကျမ်း၊ စာမျက်နှာ ၈၈၀၊ ကလေးမေတ္တာခန်း

တစ်ရက်၊ တမန်တော်သည် မိမိ၏ တပည့်သာဝကများနှင့်အတူ ထိုင်နေတော်မူ၏။ ထိုအချိန်တွင် လူတစ်ယောက်သည် ငှက်တစ်ကောင်ကို သူ၏ ငှက်ပေါက်စလေးများနှင့်အတူ အဝတ်တစ်ထည်နှင့် ပတ်၍ယူလာ ၏။ ထို့နောက် ထိုသူက ''တမန်တော်မြတ်၊ ကျွန်တော်သည် သစ်ပင်တပင် ပေါ်ရှိအသိုက်ထဲမှ ဤငှက်ပေါက်စလေးများကိုယူပြီး အဝတ်နှင့် ပတ်၍ ထားလိုက်သည်။ ဤသို့ပြုလုပ်သည်ကို မိခင်ငှက်မ မြင်လိုက်သောအခါ ကျွန်တော်၏ဦးခေါင်းပေါ်၌ ဝဲပျံနေပါသည်။ ကျွန်တော်က အဝတ်ကို ဖွင့်ပြလိုက်သောအခါ ငှက်မသည် ချက်ခြင်းပင် ငှက်လေးများထံ ပျံဆင်း

လာပါသည်''ဟု ပြောပြ၏။ တမန်တော်မြတ်က ''မိခင်ငှက်မသူ၏ သား ငယ်လေးများအပေါ်ထားရှိသည့်မေတ္တာကို အံ့သြနေသလား၊ ငါ့အား တမန်တော်အဖြစ် စေလွှတ်လိုက်သော အရှင်အား တိုင်တည်ပြီး ငါပြော မည်။ ဤငှက်မ၏မိခင်မေတ္တာထက် ငါတို့အရှင်သည် မိမိ၏ ကျွန်များကို အတိုင်းမသိ ပို၍ ချစ်ကြင်သနားပါသည်''ဟု ပြောပြသည်။

ကြည့်–မစ်ရှ်ကာဇက်ကျမ်း။ ကရုဏာတော်အခန်း
မွတ်စလင်ကျမ်း။ သင်းချိုင်းများပေါ်တွင် ဗလီတည်ခြင်းကို
တားမြစ်သည့်အခန်း စာမျက်နှာ ၂၀၁

တမန်တော်သည် အရှင်မြတ်၏ ချစ်ခင်မှုရှေ့တွင် အခြားအခြား သော အချစ်များ၊ သံယောဇဉ်အားလုံးတို့အား အချည်းနှီးဟူ၍မင် ထင် မိခဲ့သည်။ တမန်တော်ကွယ်လွန်သေဆုံးခြင်းမပြုခင် ငါးရက်နေ့တွင် သာ ဝကများစုဝေးနေရာ၌ သြဝါဒပေးခဲ့၏၊ ယင်းသြဝါဒတွင် ''ငါသည် အရှင်မြတ်၏ရှေ့တော်၌ အတိအလင်းကျေညာသည်မှာ အသင်လူသား တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ ငါ၏အဆွေတော်မဟုတ်၊ အရှင် မြတ်သည် တမန်တော်ဣဗ်ရာဟီအား မိမိ၏ အဆွေတော်အဖြစ် ချီးမြှင့် တော်မူသကဲ့သို့ ငါ့အားလည်း မိမိ၏အဆွေတော်အဖြစ် ချီးမြှင့်မြှောက် စားထားခဲ့သည်။ ငါသည် အကယ်တန္တု ငါ၏ နောက်လိုက်များအနက် တဦးဦး ကို အမဆွေတော်အဖြစ် မြှောက်စားနိုင်ခဲ့လျှင် အဗူဗက် က်ရ်ကို မြှောက်စားမည်''ဟု မိန့်ဆိုခဲ့သည်။

ကြည့်–ဗုခါရီ။ ကွယ်လွန်သေဆုံးတော်မူသည့်အခန်း၊

တမန်တော်မြတ် ကွယ်လွန်သေဆုံးသည့်အချိန်တွင် တမန်တော် သည် ''အို.... အရှင်မြတ်....၊ အမြတ်ဆုံးဖြစ်သော အဆွေတော်သာလျှင် အလိုရှိပါသည်''ဟု ခဏခဏတဖွဖွတသနေခဲ့ပေသည်။

ယင်းသို့ တမန်တော်အရှင် တသနေသည်ကို ကြားသိရသောအခါ ကြင်ရာတော် အာအိရှဟ်က ''တမန်တော်အရှင်၊ ယခု တမန်တော်သည် ကျွန်မတို့အားလုံးကို စွန့်သွားတော်မူပါမည်လော....''ဟု ဝမ်းနည်းစွာ မေးရှာခဲ့လေသည်၊

တမန်တော်၏ အထက်ပါ တသမှုနှင့် စပ်လျှဉ်း၍ အတွင်းသဘော သိနိုင်စွမ်းရှိသော ပညာရှင်သူတော်စင်များက အောက်ပါအတိုင်း ဖွင့်ဆို ကြလေသည်။

"တမန်တော်များသည် လူသားတို့အား တရားရေအေး တိုက်ကျွေးသည့်တာဝန်ပြီးဆုံးသည့်အခါ 'ဖနာ'မှ 'ဗကာ'သို့ သခ်ါရလောကကြီးမှ ထာဝရလောကမြဲ့သို့ မျက်နှာလှည့်ကြသည်။ လူသားတို့၏အကျိုးကို ဆောင်ရွက်ပြီးကြသောအခါ ပြင်းပြလှသောဆန္ဒဖြင့် 'အမြင့်မြတ်ဆုံးအဆွေတော်'အား တသကာအလ္လာဟ်၌ လုံးဝနစ်မြုပ်သွားကြသည်။အလ္လာဟ်ထံတော်ပါး၌ ချဉ်းကပ်ခြင်းကြီးမကချဉ်းကပ်ရန် အစွမ်းရှိသမျှ ကြိုးပမ်းကြလေသည်။

မက္ကဲဆူးဗာ:တ်ဏ္ဍမာမ်ရဗ္ဗာနိမုဂျဒ်ဒိဒ်အလိဖဆာရိ
အတွဲ (၁) စာမျက်နှာ (၂၇၂)

**'တစက္ကုလ်'အလ္လာဟ်အရှင်အား ယုံပုံအားထားတော်မူခြင်း**

'တစက္ကုလ်'၏ အနက်သဘောမှာ လူသည် မိမိကြိုးပမ်းမှုများ၏ အကျိုးဆက်နှင့် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသော ပြဿနာအရပ်ရပ်တို့၏ အဆုံးအဖြတ်ကို အလ္လာဟ်အရှင့်အား ပုံအပ်ထားရမည်။ အကျိုးတရားနှင့် အကြောင်းတရားတည်းဟူသော အကာများသည် မိမိရှေ့တွင် မရှိစေရ၊ အရာရာသည် အရှင်မြတ်ကိုတန်ခိုးတော်တည်းဟူသောလက်တွင်း၌သာတည်ရှိသည်ကိုမြင်မည်။ အမြင်အားဖြင့် အကြောင်းတရား၊ အကျိုးတရားများ အဆင်မပြေလင့်ကစား၊ ပတ်ဝန်းကျင် အခြေအနေ မပေးလင့်ကစား ဤသည့် အခြေအနေဆိုးများသည် မိမိ၏အလုပ်တွင် အနည်းငယ်စိုးစဉ်းမျှပင် အဟန့်အတားမဖြစ်နိုင်၊ အမှန်မှာ အဓိကစွမ်းအားသည် အကျိုးတရား၊ အကြောင်းတရားတို့၏ ကမ္ဘာ့ကမ္ဘာတို့၏ အထက်မှာတည်သော တန်ခိုးတော်အနန္တရှင်၏ လက်တွင်း၌သာတည်ရှိသည်ဟု လေးနက်စွာယုံကြည်နေရမည်။ လူ၏တည်ကြည်မှု၊ အဆုံးအဖြတ်ပေးမှု၊ ရဲစွမ်းသတ္တိ၊ ရဲသွေးရဲစိတ်၊ ရဲသံ၊ ရဲမာန်တို့သည် ဤမည်သောယုံကြည်ချက်၏အကျိုးဆက်များသာလျှင် ဖြစ်ပေသည်။ ဤမည်သောယုံကြည်ချက်၏ကျေးဇူးကြောင့် ဆိုးသည်ထက်ဆိုးသောအချိန်များမှာလည်း လူသည် တည်ကြည်စွာ ရပ်တည်နေမည်ဖြစ်သည်။ အန္တရာယ်အသွယ်သွယ်တို့နှင့် ရင်ဆိုင်ရသည့်အခြေအနေတို့မှာလည်း စိုးစဉ်းမျှတုန်လှုပ်မည်မဟုတ်၊ ဤသည်ကား တစက္ကုလ်ပင်တည်း။

တမန်တော်မြတ်၏ဘဝတလျှောက်လုံးတွင် စ–လယ်–ဆုံး စေ့ငုစွာလေ့လာဆင်ခြင်ပါက ဤမိုးအောက်မြေပြင်တွင် ဒုက္ခကြီးငယ် အန္တရာယ်

အသွယ်သွယ်တို့အနက် တမန်တော်၏ဘဝလှမ်းခရီး၌ အဟန့်အတားမဖြစ်ခဲ့ဖူးသော ဒုက္ခအန္တရာယ်ဟူ၍ကား တမျိုးတစားမျှ၊ တခုတလေမျှပင် မရှိခဲ့ဘူးပေ။ သို့ပင်တစေ.... တမန်တော်၏နှလုံးသားသည် မည်သို့မျှ မတုန်လှုပ်ခဲ့ပေ၊ မစိုးရိမ်မကြောင့်ကျခဲ့ပေ။ မက္ကာမြို့တော်တွင် အထီးကျန်ဘဝနှင့် တစ်ကိုယ်တည်းနေတော်မူစဉ်၊ ဒုက္ခပင်လယ်တွင် မျောနေတော်မူစဉ်၊ ရန်သူများဝိုင်းခံနေရတော်မူစဉ်၊ အုဟုဒ် ဟုနိုင်န်စစ်ပွဲများ ဆင်နွှဲနေရတော်မူစဉ်၊ တမန်တော်မြတ်သည် တသမတ်တည်း အလ္လာဟ်အရှင့်ကို 'တဝက္ကုလ်' ပြုတော်မူခဲ့သည်သာဖြစ်သည်။ ဥပမာ– ဦးရိုးတော် အဗူတာလစ်ဗ်က "ဇာတော်မောင် ဤအလုပ်ကိုစွန့်လိုက်ပါတော့" ဟု ဖျောင်းဖျပြောကြားသည့်အခါ "လေးစားရသည့်ဦးရိုးတော်၊ ကျွန်တော်တကိုယ်တည်းဖြစ်နေသည်ကို မတွေးပါနှင့်၊ မှန်သောတရားသည် ကြာမြင့်စွာ တကိုယ်တည်း မနေပါ၊ အရဗ်လူမျိုးများနှင့် အရဗ်မဟုတ်သောလူမျိုးများပါ တနေ့ မှန်သောတရားကို ထောက်ခံလာကြပါလိမ့်မည်" ဟု ပြောပြခဲ့သည်။ ဤနည်းနှင်နှင် စခြားပုဂ္ဂိုလ်တဦးကိုလည်း အရှင်မြတ်သည် ကျွန်ုပ်ကို တဦးတည်း ပစ်ထားတော်မူမည်မဟုတ်ပါ" ဟူ၍ အဖြေပေးတော်မူခဲ့လေသည်။

ကြည့်– စီရတ်ဟ်ုလ္လဗ်နဗိုဟ်ရှာမ်။

မက္ကာမြို့တော်တွင် ဒုက္ခကြီးစွာရောက်ခဲ့ပြီး စိတ်ဓာတ်ကျဆင်း၍ မျှော်လင့်ချက်ကင်းနေသော တပည့်သာဝကတဦးကို တမန်တော်မြတ်က အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပြီး ငါပြောမည်၊ မကြာမီအတွင်း ဤသာသနာသည် အထွတ်အထိပ်သို့ ရောက်သွားမည်။ ထိုအခါ အရှင်မြတ်မှတပါး မည်သူတဦးတယောက်ကိုမျှ ကြောက်စရာရှိတော့မည်မဟုတ်" ဟူ၍ပြောပြတော်မူခဲ့လေသည်။

ကြည့် – ဗိုခါရီ အတွဲ (၁) ဆုံးပိုင်း

တစ်ရက်၊ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ကအ်ဗဟ်ကျောင်းတော်၏ ပရဝုဏ်၌ဆိုင်၍ ယခု မဟာမွန်အား ကျောင်းတော်တွင် ခြေချလျှင် ချခြင်း အပိုင်းပိုင်းအစစ ခုတ်ပိုင်းပစ်ရမည်ဟု အချင်းချင်းဆွေးနွေးပြောဆိုနေကြ၏။ သမီးတော်သည် ယင်းတို့၏စကားများကို နားထောင်နေ၏။ သမီးတော်သည် ငိုကြွေးလျက် မိမိကြားရသမျှ တမန်တော်မြတ်ကို ပြောပြသည်။ ထိုနောက် ဝူဆူပြုသည်။ တမန်တော်မြတ်သည် အစိုးရိမ်ကင်းလှစွာဖြင့် ကျောင်းတော်သို့ ကြွသွားတော်မူ၏။ ကုရိုက်မျိုးနွယ်ဝင်များ စုဝေးထိုင်

နေသောနေရာသို့ တည်တည် ကြည်ကြည် ရောက်ရှိသွားတော်မူသည့် အခါ၊ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် တမန်တော်မြတ်အား မျက်နှာချင်းမဆိုင်ဘဲ မျက်နှာအောက်စိုက်ထားလိုက်ကြမလသည်၊

(ကြည့်– မှတ်ဖ်နဒ်ကွဗ်နုဟာန်ဗလ်၊ အတွဲ(၁) စာမျက်နှာ (၃၆၈)

တမန်တော်မြတ် အတွဲ(၁)၊ စာမျက်နှာ (၁၇၈–၁၈၂)တွင် ရေးသားထားသည့်အတိုင်း တမန်တော်မြတ် မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ (ဟီဂျီရတ်)ရွှေ့ပြောင်းတော်မူမည့်ညဉ့်တွင် ကုရိုက်ရှ်မျိုးနွယ်၏ လက်ရွေးစင်များသည် ဓားလွတ်များကိုင်ကာ အိမ်တော်ကိုဝိုင်းထားလျက် ရှိကြ၏။ တမန်တော်မြတ်သည် အလွန်တည်ငြိမ်စွာဖြင့် မိမိ၏ညီဝလှုက်ရိုးဖြစ်သော အချစ်တော်မောင်လာအလီအား မိမိ၏အိပ်ရာပေါ်တွင် အိပ်စေတော်မူ၏။ အမှန်မှာ ဤသည် အိပ်ရာမဟုတ်၊ သတ်ရာနေရာ ဖြစ်သည်ကိုလည်း သိရှိတော်မူ၏။ ဤသည့်အသိနှင့်အတူ ဓားစင်ကိုပန်းမွေ့ရာအဖြစ် ပြုစွမ်းနိုင်သော အနန္တတန်ခိုးရှင်တပါးရှိတော်မူသည်ကို သိရှိထား၏။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် မောင်လာအလီအား မိမိအိပ်ရာပေါ်၌ အိပ်စေသည့်အခါ အတိုင်းမသိ တည်ကြည်ခန့်ငြားစွာဖြင့် "အလီ၊ အသင့်အား မည်သူမျှဒုက္ခမပေးနိုင်ပါ"ဟု ပြောတော်မူလိုက်သည်။

ကြည့်– ဇွာဗ်နုဟိရှာမ်၊ ထွဗရီ

အိမ်တော်၏လေးဘက်လေးတန်တွင် ရန်သူများဝိုင်းလျက်ရှိသည်။ မက္ကာမြို့တော်ရှိလူကြီးလူငယ်အားလုံးတို့သည် အရုဏ်တက်ချိန်ကို စောင့်မျှော်ကာ မိမိတို့ကြားချင်သောဇာစနှင့် လမ်းကြီးလမ်းငယ်များတွင် ပျော်ရွှင်စွာ သွားလာလှုပ်ရှားလျက်ရှိကြ၏။ သို့ပင်တစေ တမန်တော်မြတ်သည် ဤသည့်ဆိုးရွားလှသည့်အချိန်မှာပင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ယုံကြည်စိတ်ချလျက် အိမ်တော်မှ ထွက်လာ၏။

ထိုအချိန်တွင် တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းမြတ် ကဏ္ဍ (၃၆) စူရဟ်ယာစိန်၏ အစပိုင်းမုက္ခပါဌ်တော်များကို ရွတ်ဆိုလျက်ရှိ၏။ ယင်းမုက္ခပါဌ်တော်များတွင် တမန်တော်သည် အမှန်ပင် တမန်တော်တပါးဖြစ်ကြောင်း၊ ဖြောင့်မတ်မှန်ကန်သော တရားလမ်းအပေါ်၌ တည်ရှိကြောင်း မိန့်ဆိုထားသည်။ ယင်းမုက္ခပါဌ်များမှ နောက်ဆုံးမုက္ခပါဌ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

وَجَعَلْنَا مِنْ بَيْنِ أَيْدِيهِمْ سَدًّا وَمِنْ خَلْفِهِمْ سَدًّا
فَأَغْشَيْنَاهُمْ فَهُمْ لَا يُبْصِرُونَ، قران (36:9)

'ငါအရှင်သည် ၎င်းတို့ရှေ့တွင် တံတိုင်းကြီးတစ်ခု၊
၎င်းတို့၏နောက်တွင် တံတိုင်းကြီးတစ်ခု ကာဆီး
ထားတော်မူသည်။ သို့ ကာဆီးပြီး ငါအရှင်သည်
၎င်းတို့ကိုအဘက်ဘက်မှဖုံးအုပ်ထားတော်မူလိုက်ရာ
၎င်းတို့သည် ဘာကိုမျှ မမြင်ကြရတော့ပေ။

ကုရ်အာန် (၃၆း ၉)

ဤမုကွာပါဋ်သည် အဆိုပါ ကုရိုက်ရှ်မျိုးနွယ်ဝင်အဖို့ မှန်ကန်လှပေသည်။

တမန်တော်မြတ်သည် မက္ကာမြို့တော်မှထွက်၍ သာဝကကြီး အဗူဗကက်ရ်နှင့်အတူ 'ဆောင်ရ်' အမည်ရှိသော တောင်၏ ဥမင်လိုဏ်ဂူသို့သွားရောက်ပြီး ပုန်းအောင်းတော်မူ၏။ ယင်းသို့ တမန်တော်မြတ်မက္ကာမြို့တော်မှ လွတ်မြောက်သွားသည့်အခါ အဲလိုလိုမှသေးဆူနေသော ကုရိုက်ရှ်နွယ်ဝင်များသည် မိမိတို့အကြံမအောင်မြင်သဖြင့် ပို၍ ဒေါသထွက်နေခဲ့ကြသည်။ တမန်တော်မြတ်အား လုပ်ကြံသတ်ဖြတ်လိုစိတ်များသည် ပို၍ပြင်းထန်လာခဲ့၏၊ တပ်ဖွဲ့၍ တမန်တော်ကို ခြေရာခံပြီး လိုက်လံရှာကြလေသည်။ အကြောင်းအားလျော်စွာ တမန်တော်မြတ် ပုန်းခိုနေသော လိုဏ်ဂူအနီးသို့ပင် ရောက်ရှိလာခဲ့ကြသည်။ ဤသို့သောအခါတွင် ထိတ်ထိတ်ပျာပျာမဖြစ်ပဲ မည်သူရှိအံ့နည်း။ သာဝကကြီး အဗူဗကက်ရ်သည် စိုးရိမ်ကြီးလှသဖြင့် 'တမန်တော်မြတ် ရန်သူများ နီးကပ်လာကြပါပြီ။ အနည်းငယ် အောက်ငုံကြည့်ကြလျှင် ကျွန်တော်တို့ကို မြင်သွားကြပါလိမ့်မည်' ဟု လျှောက်ထားသည်။ သို့ပင်တစေ တမန်တော်မြတ်သည်တည်ငြိမ်စွာဖြင့် ''အကြင်သူနှစ်ဦးအဖို့ တစုံတရာပူစရာမရှိ၊ ယင်းတို့နှင့်အတူ တတိယမှာ အလ္လာဟ်ဖြစ်တော်မူ၏'' ဟူ၍ ပြောကြားလိုက်လေသည်။

ဤသည်ကိုပင် ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

(9:40)قرآن لَا تَحْزَنْ إِنَّ اللّٰهَ مَعَنَا

'အသင်မပူနှင့် အလ္လာဟ်အရှင်မြတ်သည် ငါတို့နှင့် အတူ ရှိတော်မူသည်၊'

ကုရ်အာန် (၉း ၄၀)

ထို့နောက် ကုရိုက်ရှ်နွယ်တို့က "မည်သူမဆို မုဟမ္မဒ်အား အရှင်ဖမ်း၍ဖြစ်စေ။ သို့မဟုတ် မုဟမ္မဒ်၏ ဦးခေါင်းဖြတ်၍ဖြစ်စေ၊ ယူလာလျှင် ယင်းသူအား ကုလားအုပ် ၁၀၀ ဆုချမည်ဖြစ်ကြောင်း ကျေညာပြန်၏။ ထိုအခါ စူရာကလ္လကျဇ်နူဂျီအ်ရှန်မ် ဆိုသူသည် ဆုလာဘ်ကို လိုချင်သောဇောဖြင့် သံလျက်ဆွဲကိုင်ကာ မြင်းစီး၍ တမန်တော်မြတ်နောက်သို့ ထက်ကြပ်မကွာလိုက်လာခဲ့၏။ တမန်တော်အနီးသို့ပင် ရောက်ရှိလာခဲ့၏။ သာဝကကြီး အဗူဗကက်ရ်သည် စိုးရိမ်လှသဖြင့် ထိုသူဘက်သို့ အကြိမ်ကြိမ်လှည့်ကြည့်နေခဲ့၏။ သို့တစေ တမန်တော်မြတ်သည် တစ်ကြိမ်တစ်ခါမျှပင် လှည့်၍ကြည့်တော်မမူခဲ့ပေ။ တမန်တော်မြတ်သည် ဤရွေ့ဤမျှ ရန်သူနီးကပ်လာသည့်အချိန်မျိုးတွင်လည်း တည်ငြိမ်စွာဖြင့် ကုရ်အာန်ကျမ်းလာ မုကွပါဠ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်လျက်ပင် ရှိနေတော်မူခဲ့ပေသည်။

ကြည့်- ဗိုခ ါရီ၊ ဟိဂျ်ရဟ်အခန်း

မဒီနာမြို့တော်သို့ ရွှေ့ပြောင်းသွားတော်မူပြီးနောက် တမန်တော်မြတ်၏ဘဝသည် ဘေးအန္တရာယ်အပေါင်းမှ လုံခြုံသွားပြီဟူ၍ အများအားဖြင့် ထင်မှတ်ကြသည်။ အမှန်မှာ မဒီနာမြို့တော်တွင် တမန်တော်မြတ်အဖို့ ကူညီယိုင်းပင်းသူများ အတော်အတန် ရှိနေခဲ့ကြသည်နှင့် အတူ၊ မက္ကာမြို့တော်ရှိ ကုရိုက်ရှ်နွယ်ဝင်များသည် ရန်သူများပင် ဖြစ်နေခဲ့ကြသော်လည်း တနည်းအားဖြင့် တမန်တော်မြတ်နှင့် သားချင်းတော်စပ်လျက် ရှိနေခဲ့ကြပေသည်။ ဤသည့် သားချင်းတော်စပ်မှုသည် တစ်ခါတရံတွင် ထောက်ထားစရာဖြစ်လေသည်။ သို့ရာတွင် မဒီနာမြို့ရှိ (မုနာဖိက်) အဲရေခြုံများနှင့် ယဟူဒီများ၌မူ တမန်တော်မြတ်အား ထောက်ထားစရာဟူ၍ တစ်ကွက်မျှပင် မရှိခဲ့ပေ။ ထိုမျှမက မဒီနာမြို့တော်ရှိ မုနာဖိက်ယဟူဒီများနှင့်

မက္ကာမြို့တော်ရှိ ကုရိုက်ရှ်နွယ်ဝင်များသည် အချင်းချင်း နားလည်မှုယူပြီး တမန်တော်မြတ်အား လုပ်ကြံရန်၊ ပြည်နှင်ဒဏ်ပင် စတင်ကြိုးစားနေကြပေပြီ။ ထိုအတွက်ကြောင့်ပင် တပည့်သာဝကများသည် တမန်တော်မြတ်၏ လုံခြုံရေးအတွက် ညဥ့်တိုင်း အလှည့်ကျကင်းစောင့်၍ပင် နေခဲ့ကြရသည်။ ထိုအချိန်မျိုးမှာ တညာဥ့်တပည့်သာဝကများ တမန်တော်မြတ်ကိုကင်းစောင့်နေကြစဉ် အောက်ပါ မုက္ခပါဠိတော်ကျရောက်လာခဲ့သည်။

(5:67) قرآن وَاللّٰهُ يَعْصِمُكَ مِنَ النَّاسِ

'အလ္လာဟ် အရှင်မြတ်သည် သင့်အား လူတို့ဘက်မှ ကာကွယ်စောင့်ရှောက်တော်မူပါလိမ့်မည်။
ကုရ်အာန် (၅း၆၇)

ထိုအချိန်မှာပင် တမန်တော်မြတ်သည် တဲကောင်မှ ဦးခေါင်းပြူ၍ ကင်းစောင့်နေကြသော တပည့်သာဝကများအား

يَا أَيُّهَا النَّاسُ! انْصَرِفُوا، فَقَدْ عَصَمَنِي اللّٰهُ،

'အလ္လာဟ်အရှင်မြတ်သည် ငါ့အား ကာကွယ်စောင့်ရှောက်တော်မူရန် တာဝန် ယူလိုက်ပြီ၊ သင်တို့ ပြန်ကြလော့' ဟု မိန့်ကြားလိုက်လေသည်။

နဂျ်ဒ်စစ်ပွဲမှအပြန်တွင် တနေရာ၌ တမန်တော်မြတ် စခန်းချသည်။ အနီးအနားတွင် သစ်ပင်များ မြောက်များစွာ ရှိသည်။ နေ့လည်အချိန်ဖြစ်၍ တပည့်သာဝကများသည် အသီးသီး သစ်ပင်အရိပ်များ အောက်တွင် အိပ်လျက်ရှိကြသည်။ တမန်တော်မြတ်သည်လည်း သစ်ပင်တစ်ပင်၏ အရိပ်တွင် တစ်ပါးတည်း အပန်းဖြေလျက်ရှိသည်။ တမန်တော်မြတ်၏ ဓားလွတ်သည် အနီးရှိ သစ်ပင်တစ်ပင်တွင် ချိပ်လျက်ရှိသည်။ ထိုအချိန်တွင် ရုတ်တရက် (ဗဒူ) အရပ်ကျေးတောသားတစ်ယောက် ရောက်ရှိလာသည်။ ထိုဗဒူသည်

ဤအခွင့်ကိုပင် စောင့်မြော်နေတန်တူသည်။ ဗဒူသည် တမန်တော်မြတ်၏ ခါးလွယ်ကို ယူလိုက်ပြီး ခေါးအိမ်မှ ဓားကိုထုတ်လိုက်သည်။ ဗဒူသည် ဓား လွယ်ကိုင်ကာ တမန်တော်မြတ်ရှေ့သို့ ရောက်ရှိလာသည်။ တမန်တော်မြတ် သတိရတော်မူသည်။ မိမိရှေ့တွင် ဓားကိုင်ဆောင်ထားသော ဗဒူကိုတွေ့ လေသည်။ ဗဒူက "အို...မုဟမ္မဒ် သင့်ကို မည်သူကာကွယ်နိုင်သနည်း"ဟု မေးသည်။ ထို ါ တမန်တော်မြတ်ကအလွန်တည်ကြည်စွာဖြင့် 'အလ္လာဟ်' ဟုဖြေတော်မူလိုက်သည်။

ထိုအခါ ဗဒူတုန်လှုပ်ချောက်ချားသွားခဲ့လေသည်။

ကြည့်-ဗိုခါရီ၊ ဂျိဟာဒ်အခန်း

တစ်ခါသော် လူတစ်ယောက်ဖမ်းဆီးမိလာ၏။ ထိုသူသည် တမန် တော်မြတ်အား လုပ်ကြံရန် စောင့်ဆိုင်းနေခဲ့သူဖြစ်၏။ တမန်တော်မြတ်က မိမိတပည့်များအား "ဤသူကို သင်တို့လွှတ်လိုက်ကြ၊ ထိုသူ ငါ့ကို လုပ် ကြံလိုသော်လည်း အောင်မြင်နိုင်မည်မဟုတ်ပါ"ဟု မိန့်တော်မူလိုက်၏။ ဤသည်မှာ ငါ့အား ကာကွယ်စောင့်ရှောက်သည့် အသျှင်တစ်ပါး ရှိသည် ဆိုခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

ခိုင်ဗရ်စစ်ပွဲတွင် ယဟူဒီအမျိုးသမီးတစ်ဦးက တမန်တော်မြတ်၏ စားသောက်ဖွယ်ရာများတွင် အဆိပ်ခပ်လိုက်သည်။ ထိုအမျိုးသမီးကို တမန်တော်မြတ်က "အသင်မ၊ ထိုသို့ဘာကြောင့် လုပ်သနည်း" မေးရာ၊ မိန်းမပျိုက "အရှင့်အား သတ်ရန်ဖြစ်ပါသည်" ဖြေသည်။ တမန်တော်က "အလ္လာဟ်အရှင်က အသင်မကို သတ်ရန် အခွင့်ပေးတော်မူမည် မဟုတ်ပါ" ထိုသို့ တည်ကြည်စွာ မိန့်တော်မူလိုက်သည်။

အူဟွဒ်၊ ဟူနိုင်န်စစ်ပွဲများ၌ မွတ်စလင်မ်စစ်သည်များသည် အချိန် အနည်းငယ် စစ်မြေပြင်မှာ ကစဉ့်ကလျားဖြစ်သွားခဲ့၏။ စစ်မြေပြင်တွင် တမန်တော်မြတ်သာ ကျန်နေတော်မူခဲ့သည်၊ ထိုအချိန်မျိုးတွင်လည်း တမန် တော်မြတ်၏ ကြံ့ခိုင်မှု၊ တည်ကြည်မှု၊ အလ္လာဟ်အရှင်ကို ယုံပုံအားထားမှု 'တဝက္ကုလ်'သည် အံ့ဖွယ်သရဲပင်။

ဤသည်မှာ 'တဝက္ကုလ်'၏ တစ်မျက်နှာဖြစ်သည်။ အခြားတစ်မျက် နှာမှာလည်း ထိုနည်းနှင်နှင်ပင်။ တမန်တော်မြတ်၏ ဘဝသက်တမ်းတွင် ဆင်းရဲသည့်အဖြစ်ကိုလည်း တွေ့ရှိရမည်။ ချမ်းသာသည့် အဖြစ်ကိုလည်း

တွေ့ရှိရမည်။ တစ်ခါတစ်ရံ တမန်တော်မြတ်ဗလီတော်၏ရင်ပြင်သည် ရွှေငွေဥစ္စာပစ္စည်းများနှင့် ပြည့်လျှံနေသည်ကိုလည်း တွေ့ရှိရသည်။ တစ်ခါတစ်ရံ ရက်ဆက်အငတ်ပြဿနာနှင့် ရင်ဆိုင်ရသည့်အတွက် တမန်တော်မြတ် ဝမ်းဗိုက်ပေါ်၌ ခဲနှစ်လုံးသုံးလုံးချီထားသည်ကိုလည်း တွေ့ရှိရသည်။ တမန်တော်မြတ်သည် ယနေ့လက်ဝယ်ရှိပစ္စည်းကို နက်ဖြန်အသုံးပြုရန်ချန်ထားလိုက်သည်။ ဤအတိုင်းလည်း လုံးဝဖြစ်နိုင်သည်။ သို့ပင်တစေ မိမိဘဝသက်တမ်းတလျှောက်လုံး၌ တစ်ကြိမ်တစ်ခါမျှပင် ကြိုတင်စုဆောင်းထားခြင်းမရှိခဲ့ပေ။ မလွဲမရှောင်သာ မရှိမဖြစ်သောပစ္စည်းမှတပါး ကျန်ပစ္စည်းအားလုံးကို သက်ဆိုင်ရာခွဲဝေလှူဒါန်းပေးသင့်သူတို့ကို နေမဝင်မီပင်ခွဲဝေပေးလှူလေ့ရှိခဲ့သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ သာဝကကြီးအံနတ်စ်က အောက်ပါအတိုင်း ပြောပြခဲ့သည်။

(ترمذي) ان رسول الله صلى الله عليه وسلم كان لا يدخر شيئا لغد

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစ်လ္လမ်) သည်နက်ဖြန်အတွက် တစုံတရာကိုမျှစုဆောင်းထားခြင်း မရှိခဲ့ပေ။

တိရ်မိဇီ

အကြောင်းအားလျော်စွာဖြစ်စေ၊ မေ့၍ဖြစ်စေ၊ အိမ်တော်တွင် တစုံတရာကျန်နေခဲ့ပါက တမန်တော်မြတ်သည် အထူးပင် စိတ်မကောင်းဖြစ်ရသည်။ ထိုမျှမက ထိုသို့သောပစ္စည်း အိမ်တော်တွင် ရှိနေပါက တမန်တော်မြတ်သည် အိမ်တော်သို့ပင် ပြန်ကြွသွားတော်မမူပေ။ အိမ်တော်တွင် အလ္လာဟ်အရှင်မြတ်၏ (ဗရကာဟ်) မင်္ဂလာမှအပ တစုံတရာမျှမရှိသည်ကို သိတော်မူသောအခါမှ အိမ်တော်သို့ ပြန်ကြွသွားလေ့သည်။

ကြည့်- မွတ်စ်နဒ်အဟ်မဒ်

ကွယ်လွန်သေဆုံးအံ့ဆဲဆဲအချိန်တွင် လူသည် အရာအားလုံးကို မေ့သွားတတ်သည်။ တမန်တော်မြတ်ကား ထိုသို့ မဟုတ်ပေ၊ တမန်တော်မြတ်သည် ကြင်ရာတော် အာအိရှဟ်ထံ၌ အရှိရဖီဒင်္ဂါးအချို့ အပ်နှံထား

သည်။ ဓာမန်တော်မြတ်သည် ဤသည့်အခြေအနေမျိုးမှစပင် ထိုသည့် ရွှေဒင်္ဂါးများ အချည်းနှီးကျန်ရစ်နေပ က (တဲဝက္ကာလ်)နှင့် ဆန့်ကျင်သည်ဟု ယူဆတော်မူသဖြင့် ''အို.... အာဆိရှာ၊ မုဟမ္မဒ်သည် အထင်မှားလျက် အလ္လာဟ်နှင့် မတွေ့လို၊ အခုသွား၊ ရွှေဒင်္ဂါးများကို ဝေခုပင် လှူပစ်လိုက်'' ဟူ၍ မိန့်ကြားတော်မူလိုက်သည်။

## သည်းခံတော်မူခြင်း၊ ကျေးဇူးတင်တော်မူခြင်း၊

လူသားတိုင်းသည် မိမိ၏တိုတောင်းလှသော ဘဝသက်တမ်းတွင် အနည်းနှင့်အများ ဒုက္ခ၊ သုခ၊ ဆင်းရဲမှု၊ ချမ်းသာမှု၊ ဤနှစ်ခုနှင့် မလွဲမသွေ တွေ့ရမည်သာဖြစ်သည်။ သို့ရာတွင် လူ့စိတ်ဓာတ်ပြည့်ဝမှု၊ မြင့်မြတ်မှု၏ အရည်အသွေးကား မိမိဆန္ဒပြည့်ဝသော အချိန်မျိုးတွင်လည်း ဝမ်းသာကြွေနှင်ခြင်းလွန်ကဲ၍ စိတ်ကြီးဝင်၊ ဘဝင်မြင့်လျက် အောက်ခြေမလွတ်ရာ။ ဒုက္ခကြီးငယ်ဒဏ်ကိုခံရသည့်အချိန်မျိုးတွင်လည်း စိတ်ဓာက်ကျဆင်း၍လူ့ဘဝကို အရှုံးမပေးရာ၊ အပြုံးနှင့်ရဲရဲရင်ဆိုင်ရမည်။ လူ့တာဝန်မှာ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းခြင်းသာလျှင်ဖြစ်ပြီး အောင်မြင်မှု မအောင်မြင်မှုသည် အလ္လာဟ်အရှင်မြတ်၏ လက်တွင်း၌သာတည်သည်ကို လေးနက်နှစ်ခြိုက်စွာ ယုံကြည်ထားရမည်။

ကုရ်အာန်ကျမ်းလာ အောက်ပါမုက္ခပါဌ်၌ ဤသည့်သဘောပင်ညွှန်းသည်။

ما اصاب من مصيبة فى الارض ولا فى انفسكم
الا فى كتاب من قبل ان نبرأها ، ان ذلك على الله
يسير ، لكيلا تأسوا على ما فاتكم ولا تفرحوا بما
آتاكم ، والله لا يحب كل مختال فخور
قرآن (57:22-23)

ကမ္ဘာမြေပြင်၌လည်းကောင်း၊ အသင်တို့ကိုယ်များ၌လည်းကောင်း၊ မည်သည့်ဘေးဒုက္ခမျှမဖက်၊ သို့ရာတွင် ငါအရှင် ယင်းတို့ကိုဖန်ဆင်းတော်မမူမီ အလျင်

ကျမ်းပင်(လေခ္ခင်ဟ်မဟ်ဖူးဇ်)မှတ်တမ်းတွင် ရေးထားပြီး ဖြစ်သည်။ ဤသည်မှာ အလ္လာဟ်အရှင်မြတ်အဖို့ အလှယ်ပင်။ (ဤသို့ မြွက်ပြတော်မူခြင်းမှာ) သင်တို့သည် မိမိတို့ထံမှ ဆုံးပါးသွားသော အရာများနှင့် စပ်လျဉ်း၍ ပူပန်သောကဖြစ်မနေကြရန်နှင့် ထိုအရှင်မြတ်က သင်တို့ကို ချီးမြှင့်သောကျေးဇူးတော်များနှင့် ဘဝင်မမြင့်ကြရန်ဖြစ်သည်။ အလ္လာဟ်သည် ဘဝင်မြင့်သူ၊ ကြွားဝါသူများကို နှစ်သက်တော်မမူပေ။

ကုရ်အာန် (၅၇း ၂၂–၂၃)

တမန်တော်မြတ်သည် မိမိဘဝသက်တမ်း၌ ဤမိုးနှင့် မြေပြင်တွင် လူသားတဦးဦးကို ဖြစ်နိုင်သမျှသော အောင်မြင်မှုအစုစုကို စံမတူအောင်ပင် ပြည့်ဝစွာရရှိတော်မူခဲ့သည်။ သို့တစေ တမန်တော်မြတ်၏ နှလုံးသားပေါ်တွင် ကြွားဝါမှုသည် စိုးစဉ်းမျှပင် မရှိခဲ့ပေ။

## (انا سيد ولد آدم ولا فخر)

"ငါသည် အာဒမ်သားသမီးများ၏ ခေါင်းဆောင်ဖြစ်သည်။ သို့တစေ ငါမကြွားဝါပါ"ဟု တမန်တော်မြတ်က မိန့်ကြားတော်မူခဲ့လေသည်။

အဒီဣဗ်နုဟာတင်ကာအီသည် ဘာသာအယူဝါဒအရ အီစာအီဖြစ်သည်။ တမန်တော်၏ဂုဏ်သတင်းများကို ကြားရလျှင် မုဟမ္မဒ်တမန်တော်လော၊ ဘုရင်လော့ဟူ၍ သို့လောသို့လောဖြစ်မိသည်။ တစ်ရက်၊ အဆိုပါ အဒီသည် မိမိမျိုးနွယ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တမန်တော်ထံ ရောက်ရှိလာခဲ့သည်၊ ထိုချိန်မှာပင် ဆင်းရဲနွမ်းပါးသော မိန်းမတဦးသည်လည်း မိမိကိစ္စနှင့် တမန်တော်ထံရောက်ရှိလာ၏။ ပရိသတ်နှင့်အနည်းငယ်ခွာပြီး မိမိစကားကို နားထောင်တော်မူပါမည်ဖြစ်ကြောင်း ပန်ကြားသည်။ တမန်တော်သည် ချက်ချင်းပင် ထိုမိန်းမပျိုနှင့်အတူ ကြွသွားတော်မူသည်။

ထိုမိန်းမပျိုပြန်ကြားရန်ရှိသည်များကို ပြန်ကြားပြီး ပြန်သွားမှ တမန်တော်မြတ်သည် ပြန်ကြွလာတော်မူခဲ့၏။ အဒီသည် တမန်တော်မြတ် ဤမျှနူးညံ့သိမ်မွေ့မှု တဘက်သားအား ယဉ်ကျေးစွာ ဆက်ဆံပုံတို့ကို တွေ့ရလေမှ မုဟမ္မဒ်သည် ဘုရင်မဟုတ် တမန်တော်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်ပါပြီဟု ဖွင့်ဟပြောဆိုခဲ့သည်။

ကြည့်–စီရတ်ကူစ်နဗဟိရှာမ် အတွဲ ၃၊ စာမျက်နှာ ၃၇၀။

စစ်ရေးသာသော ပုဂ္ဂိုလ်များသည် အောင်နိုင်သည့် မြို့ရွာများသို့ ရောက်သောအခါ ဝင့်ကြွားလေ့ရှိသည်။ သို့တစေ မက္ကာမြို့တော်နှင့် ခိုင်ဗရ်ကိုအောင်နိုင်သော တမန်တော်မြတ်မှာကား ထိုအချိန်မျိုးမှာပင် လျှင် အလ္လာဟ်အရှင်၏ရှေ့တော်၌ဦးချကာ မြို့တွင်းဝင်ခဲ့သည်။

မက္ကာမြို့ကိုအောင်နိုင်ပြီး တမန်တော်မြတ် မြို့တွင်းသို့ ဝင်လာပုံကို အစ္စဟာကက အောက်ပါအတိုင်း ရေးထားသည်။

ان رسول الله صلى الله عليه وسلم لما انتهى الى ذى
طوى وقف على راحلته ...... ليضع رأسه تواضعا
لله حين رأى ما اكرمه الله به من الفتح حتى ان
عثنونه ليكاد يمس واسطة الرحل،
(سيرة ابن هشام، فتح مكة)

တမန်တော်မြတ် (မက္ကာမြို့တော်ကို ပြန်လည်သိမ်းပိုက်ရာ၌) ဇီတုဝါသို့ ရောက်ရှိလာတော်မူပြီး အလ္လာဟ်အရှင်မြတ်သည် မိမိအား အောင်နိုင်မှု ချီးမြှင့်သည်ကို တွေ့ရသောအခါ အလ္လာဟ်အရှင်၏ရှေ့၌ ဦးချနိုင်ရန်အတွက် မိမိအစီးအနင်းပေါ်တွင် ရပ်နားတော်မူ၏၊ တမန်တော်မြတ် အဘယ်မျှဦးချတော်မူခဲ့သည်ဆိုသော် သူ၏မေးစေ့သည် ပေါင်းကားထုတ်နှင့် ထိလုနီးပါးမျှ ဖြစ်နေခဲ့၏။

စီရတ်ကူဗီနဗဟိရှာမ်၊
မက္ကာမြို့တော်အောင်နိုင်သည့်အခန်း

တမန်တော်မြတ်သည် အလ္လာဟ်အရှင်ကို များစွာ ဝတ်ပြုလေသည်။ များစွာဂုဏ်တော်မွမ်းမံလေသည်။ ဤအခြင်းအရာကို တွေ့မြင်ရသော အချို့သာဝကများက “အလ္လာဟ်အရှင်သည် တမန်တော်မြတ်အား ဖြစ်ခဲ့ပြီး လုပ်ထားတော်မူပြီးဖြစ်ရာ၊ ဤမျှ အဘယ်ကြောင့် ဒုက္ခခံတော်မူပါသနည်း” လျှောက်ထားကြရာ၊ တမန်တော်မြတ်က “ငါသည် ကျေးဇူးသိတတ်သော ကျွန်တယောက်မဖြစ်ရတော့ဘူးလား” ဟု မိန့်ကြားလိုက်သည်။

ဆိုလိုသည်ကား တမန်တော်မြတ် ယခင်က အလ္လာဟ် အရှင်အား သတိရခြင်း၊ ဝတ်ပြုခြင်း၊ ဂုဏ်တော်မွမ်းခြင်းတို့မှာ ဤသည့်အဆင့်ကိုရရန် ဖြစ်၏။ ယခုသော်.... ဤအဆင့်ကိုရရှိပြီးပြီမို့ အလ္လာဟ်ကျေးဇူးတော်ကို သိတော်မူသည့် အနေဖြင့် ဖြစ်ပေသည်။

‘ရှုဟာနီယတ်’ နာမ်ပိုင်းဆိုင်ရာ အသိတရားမရှိသော ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် မိမိတို့အောင်မြင်မှုများနှင့် စပ်လျဉ်း၍ မိမိတို့၏ လက်ရုံးရည်၊ မိမိတို့အရှိန်အဝါအကျိုးသာဖြစ်သည်ဟုထင်သည်။ သို့ရာတွင် အလ္လာဟ်ထံတော်ပါးသို့ ချဉ်းကပ်ခွင့်ရရှိသော သူတော်သူမြတ်များ၏ထံမှာကား ထိုအတွေးသည် ‘ကုဖိရ်၊ ရှိရက်’ နှင့်မခြားပေ. အလ္လာဟ်ကို ယှဉ်တွဲ၍ ကိုးကွယ်ခြင်းပင်ဖြစ်သည်။ ယင်းသူမြတ်များသည် အောင်မြင်မှုအစုစုနှင့် ဝမ်းသာဖွယ်ရာအဖြာဖြာတွင် တန်ခိုးတော်အနန္တရှင်၏ မဖူးမတွေ့ရသော လက်တော် အလုပ်လုပ်နေတော်မူသည်ကို မြင်တွေ့နေကြပေသည်။

انه اذا جاءه امر سرورا او يسر به خر ساجدا شاكرا
لله تعالى،　　(سيرة ابن هشام، ذكر فتح مكة)

တမန်တော်မြတ်သည် မိမိထံသို့ ကောင်းချီးသတင်း တစုံတရာ ရောက်လာလျှင် အလ္လာဟ်အား ကျေးဇူးတင်သည့် အနေဖြင့် ပျပ်ဝပ်ဦးချတော်မူလေ့ရှိသည်။

စီရတ်ဣဗ်နုဟီရှာမ်
မက္ကာမြို့တော်အောင်နိုင်သည့်အခန်း

မာမ်ခါန် မျိုးနွယ်ဝင်များ အစ္စလာမ်သို့ ဝင်ဝင် ယုံကြည်သည့် သတင်းရောက်ရှိလာသောအခါ တမန်တော်မြတ်သည် အလ္လာဟ်ကို ကျေးဇူးဆပ်တော်မူသော သဘောဖြင့် ဦးချတော်မူခဲ့သည်။ ထိုနည်းတူ တစ်ခါ

ကလည်း ကိစ္စတစ်ရပ်နှင့် ပတ်သက်၍ သတင်း ရောက်ရှိလာသောအခါ တမန်တော်မြတ် ချက်ချင်းပင် ဦးချတော်မူခဲ့လေသည်။

တမန်တော်မြတ်အား မေတ္တာပို့ချသူကို အလ္လာဟ်က မေတ္တာပို့တော်မူမည့်အကြောင်း တမန်တော်မြတ် 'ဝဟီ'ဖြင့် သိတော်မူသည့်အခါ အတိုင်းမသိ ကြီးကဲမြင့်မြတ်လှသော ဂုဏ်ဆင့်ဖြင့် ချီးမြှင့်တော်မူခြင်း ခံရသည့်အတွက် အလ္လာဟ်အား ကျေးဇူးတင်စွာ ဦးချတော်မူခဲ့သည်။

သာဝကကြီး စအ်ဒ်က ပြောပြသည်မှာ တစ်ခါသော် ကျွန်ုပ်တို့သည် တမန်တော်မြတ်နှင့်အတူ မက္ကာမြို့တော်မှ မဒီနာသို့ ခရီးထွက်လာခဲ့ကြ၏။ ဇူအရာအမည်ရှိသော နေရာအနီးသို့ ရောက်ကြသောအခါ တမန်တော်သည် အစီးအနင်းမှ ဆင်းတော်မူ၏။ လက်မြှောက်ခါ အချိန်အတော်ကြာသည် အထိ အလ္လာဟ်ထံတော်၌ ဆုပန်ကြား၏။ နောက် ဦးချသည်။ ထိုနောက် ဦးကြွလျက် ယခင်အတိုင်း လက်ဖြန့်၍ ဆုတောင်းသည်။ ပြီး ဦးချသည်။ တစ်ခါ မတ်ရပ်ထတော်မူ၍ကျိန်းနွှစွာဖြင့် ဆုတောင်းပြန်သည်။ ယင်းသို့ ဆုမွန်တောင်းပြီးသောအခါ တမန်တော်မြတ်က တပည့်သာဝကများအား ''ငါသည် ငါ၏ အုမ္မတ်' နောက်လိုက်များ လွတ်ငြိမ်းချမ်းသာမှု ရရှိရန် အလ္လာဟ်ထံ၌ ဆုပန်သည်။ အချို့ အဝက်လက်ခံတော်မူသည်။ ကျေးဇူးတင်သည့်အနေဖြင့် ငါဦးချသည်။ ထပ်၍ဆုပန်သည်။ အလ္လာဟ်သည် ငါ၏ ပန်ကြားချက်ကို လက်ခံတော်မူသည်။ ကျေးဇူးတင်လှသဖြင့် ငါ ဦးချပြန်၏။ ထိုနောက် တဖန်ဆုပန်ပြန်သည်။ အရှင်မြတ်သည် ဤပန်ကြားချက်ကိုလည်း လက်ခံတော်မူ၍ ငါဦးချမိပြန်သည်'' ဟု ပြောပြခဲ့လေသည်။

အလ္လာဟ်အရှင်သည် တမန်တော်မြတ်၏ ဂုဏ်ရည်ကို ကုရ်အာန် ကျမ်းမြတ် ကဏ္ဍ(၉၃)တွင် အောက်ပါအတိုင်း ဖွင့်ဟ မိန့်ကြားသည်။

والضحى، والليل اذا سجى، ما ودعك ربك وما قلى،
وللآخرة خير لك من الاولى، ولسوف يعطيك ربك
فترضى، الم يجدك يتيما فآوى، ووجدك ضالا
فهدى، ووجدك عائلا فاغنى، فاما اليتيم فلا تقهر،
واما السائل فلا تنهر، واما بنعمة ربك فحدث ٥

قرآن (93:1-11)

"ငါ့အရှင်သည် နတ်ကြက်ချိန်ကို သက်သေထူတော်မူအံ့။ အမြှောင် ဖုံးသောညဉ့်အချိန်ကို သက်သေထူတော်မူအံ့။ သင့် အရှင်သည် သင့်ကို စွန့်ပစ်ထားတော်မူသည်လည်း မဟုတ်။ အမုန်မှာ သင့် အဖို့ နောက်တမလွန်ဘဝသည် ဤပစ္စုပ္ပန်ထက် ကောင်းမြတ်လှ ပါသည်။ အရှင်သည် အသင်ကျေနပ်အောင် မကြာမီ ချီးမြှင့် တော်မူမည်သာဖြစ်သည်။ အရှင်သည် သင့်အား မိဘမဲ့, ဘ သက်ဆိုး အဲဖြစ်နှင့် တွေ့ရှိတော်မူခဲ့သည် မဟုတ်ပါလား။ သို့ပါ လျက် အရှင်သည် သင်အား အားမှီခိုရာပေးသနားခဲ့၏။ အရှင် သည် သင့်ကိုတရားလမ်းမပေါက်သူအဖြစ်နှင့် တွေ့ခဲ့သည်မဟုတ် ပါလား။ သို့ပါလျက် သင့်အား တရားလမ်းပြခဲ့၏။ အရှင်သည် သင့်ကို ပစ္စည်းမဲ့အဖြစ်နှင့် တွေ့ရှိခဲ့သည်၊ သို့ပါလျက် သင့်အား ကုံလုံကြွယ်ဝစေခဲ့၏။ သို့ဖြစ်ရာ၊ သင်သည် မိဘမဲ့, ဘ သက်ဆိုးများကို မညှဉ်းဆဲပါနှင့်။ တောင်းရမ်းလာရှာသူ တို့အားလည်း မငေါက်ငမ်းပါနှင့်၊ မိမိအရှင်၏ ကျေးဇူးတော် များကို ထုတ်ဖော်ပြောပြနေပါလေ။"

ကုရ်အာန် (၉၃း ၁—၁၁)

တမန်တော်မြတ်သည် မိမိ၏ ဘဝသက်တမ်း တစ်လျှောက်လုံးတွင် အထက်ဖော်ပြပါ ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ကမ္ဘာ့သမိုင်း တွင် သူမတူအောင် ဦးထိပ်ရွက်ပန်ဆင်ကာ လက်တွေ့ကျင့်သုံးပြသွားခဲ့၏။

ကျေးဇူးတင်ခြင်းနှင့် သည်းခံခြင်းသည်မှာ တဘာသာစီ ဖြစ်၏။ သို့ပင်တစေ ဤအရည်အသွေးနှစ်ရပ်လုံးသည် တမန်တော်မြတ်၌ အပြည့် အဝတွေ့ရှိရပေသည်။ သာဝကတစ်ပါးက တမန်တော်မြတ်အား "တမန် တော်မြတ်၊ လူ့လောကတွင် အများဆုံးဘေးဒုက္ခ မည်သူ့အပေါ်၌ သက် ရောက်ပါသနည်း" ဟုမေးလျှောက်ရာ၊ တမန်တော်မြတ်က "တမန်တော် များ၊ ထို့နောက် အဆင့်ဆင့် သူတော်သူမြတ်များ" ဟု ဖြေကြားလိုက်၏။ တမန်တော်မြတ်သည် တမန်တော်အပေါင်းတို့၏ အကြီးအကဲမကိုင်ရှိသရဖူ ဖြစ်သည်။ ထို့အတွက် တမန်တော်အပေါင်းတွင် တမန်တော်မြတ်သည် ဘေးဒုက္ခကို အများဆုံး ရင်ဆိုင်ခဲ့ရသည်။ ဤအတွက်ကြောင့်ပင် တမန်

တော်မြတ်အား သည်းခံတော်မူရရန် အကြိမ်ကြိမ်အခါခါ မိန့်ကြားတော်မူခဲ့လေသည်။ *

## فَاصْبِرْ كَمَا صَبَرَ أُولُوا الْعَزْمِ مِنَ الرُّسُلِ، قرآن (46:35)

"သို့ဖြစ်ရာ၊ (အို...တမန်တော်) အသင်တော် သက်ထွန်းကြီး ပမ်းဆောင်ရွက်ကြသော၊ ခမာခန္တီဂုဏ် အပြည့်အဝရှိကြသော အဓိဋ္ဌာန်ဆောင်ရွက်ကြသော၊ ခမာခန္တီဂုဏ် အပြည့်အဝ ရှိကြသော အဓိဋ္ဌာန်ပါရမီရှင်တမန်တော်များသည်းခံခဲ့ကြသကဲ့သို့ အသင်သည်လည်း သည်းခံပါလေ။"

ကုရ်အာန် (၄၆း ၃၅)

တမန်တော်မြတ် မီးရှူးသန့်စင်ဖွားမြင်တော်မမူမီအလျင်ပင် ခမည်းတော်ကွယ်လွန်ခဲ့၏။ ထိုနောက် ၂-နှစ်ခန့်ရှိသောအခါ အားထားရာ ဘိုးဘော်ဆုံးခဲ့ပြန်၏။ တမန်တော်ဂုဏ်ဖြင့် ချီးမြှင့်တော်မူခြင်း ခံရပြီးနောက် ကုရိုက်ရှ်မျိုးနွယ်၏ ကျူးကျော်စော်ကားမှုများကို ဒိုင်းကြီးပမာ ခုခံကာကွယ်ခဲ့သော ဦးရီးတော်အဗူဋ္ဌာလိဗ် ကွယ်လွန်ပြန်၏။ ထိုသည့် မရှေးမနှောင်းမှာပင် ဒုက္ခပင်လယ်ဝေနေစဉ် တမန်တော်မြတ်ကို အများဆုံးကူညီခဲ့သော၊ လက်ရုံးဘဆူဖြစ်ခဲ့သော ကြင်ရာတော် ခဒီဂျဟ်သခင်မသည်လည်း ကွယ်လွန်သေဆုံးတော်မူရပြန်သည်။

မိဘနှစ်ပါးနှင့် ဇနီးခင်ပွန်းတို့နောက် လူသားတို့မှာ ရင်ဖသွေးတို့ကို အများဆုံးချစ်ခင်ကြသည်။ သားသမီးများကွယ်လွန်လျှင် မိဘများသည် နှမြောတသ မဆုံးတော့။ တမန်တော်မြတ်၌ သားတော် အဆိုတရပ် (၂) ပါး၊ အဆိုတရပ်အရ (၈) ပါး၊ သမီးတော် (၈) ပါးရှိ၏။ သမီးတော် ဖာတွမဟ်မှအပ ကျန် သားတော်သမီးတော်အားလုံးတို့သည် အချို့ကလေးဘဝ၊ အချို့ပျိုရွယ်စဉ်ပင် ကွယ်လွန်သေဆုံးတော်မူခဲ့ကြ၏။

---

* ကြည့်- ကုရ်အာန် ၁၀း ၁၀၉။ ၁၁း ၁၁၅။ ၁၆း ၁၂၇။ ၁၈း ၂၈။ ၂၀း ၁၃၀။ ၃၀း ၆၀၊ ၃၁း ၁၇။ ၃၈း ၁၇။ ၄၀း ၅၅။ ၄၀း ၇၇။ ၄၆း ၃၅။ ၅၀း ၃၉။ ၅၂း ၄၈။ ၆၈း ၄၈။ ၇၀း ၅။ ၇၃း ၁၀၊ ၇၄း ၇။ ၇၆း ၂၄။

(ဿာဇီ)

ယင်းသို့ဖြင့် တမန်တော်မြတ်၏ သွေးချင်းများ အသီးသီး မရှေးမနှောင်းသေဆုံးကြသည့်အခါ တမန်တော်မြတ်မျက်ရည် ယိုဖိတ်ခဲ့ရသည်။ သို့ရာတွင်တစေ့ ရွှေနှုတ်တော်မှ မလျော်ကန်သော စကားတခွန်းတပါဒမျှပင် မထွက်ခဲ့ပေ။ အံ့ဖွယ်သရဲသည်းခံခဲ့သည်။

တမန်တော်မြတ်၏ အကြီးဆုံးသမီး ဇိုင်နပ်သည် ဟိဂျရီ ၈–ခုနှစ်တွင် ကွယ်လွန်ခဲ့၏။ သမီးတော်အား မြုပ်နှံသင်္ဂြိုဟ်ရေးလိုအပ်သည်များဆောင်ရွက်ရန် ကိုယ်တိုင်စီစဉ်ခဲ့၏။ ရုပ်ကလာပ်သင်းချိုင်းသို့ ရောက်ရှိလာသောအခါ မျက်ရည်များယိုဖိတ်နေသော်လည်း စကားမဆိုခဲ့ပါ။

သားရင်းပမာချစ်ခင်တော်မူခဲ့သော သာဝကကြီး ဇိုက်ဒ်နှင့် ဦးရီးတော်၏သား သာဝကကြီး ဂျအ်ဖရ်တို့နှစ်ပါးသည် မူတဟ်စစ်ပွဲတွင် ကျဆုံးသွားခဲ့ရရှာ၏။ ဤသတင်းကြားရသောအခါ တမန်တော်မြတ်မျက်ရည်တို့ယိုစီးလာခဲ့ရပြန်၏။ ထိုအချိန်၌ သာဝကကြီး ဂျအ်ဖရ်၏အိမ်မှ 'နောင်တော်' ငိုကြွေးသံကြားရသောအခါ လူလွှတ်၍တားမြစ်တော်မူခဲ့သည်။

တစ်ရက်၊ တမန်တော်မြတ်အလွန်ချစ်တော်မူသော မြေးလေးတဦး အသည်းအသန်ဖြစ်၏၊ သမီးတော်က တမန်တော်အား အခေါ်ခိုင်းရာတွင် တမန်တော်မြတ်က စလာမ်မေတ္တာပို့ပြီး အောက်ပါစကားကို ပြန်လိုက်၏။

إِنَّ لِلَّهِ مَا أَخَذَ وَلَهُ مَا أَعْطَى، وَكُلٌّ عِنْدَهُ بِأَجَلٍ مُسَمًّى، فَلْتَصْبِرْ وَلْتَحْتَسِبْ،

> အလ္လာဟ်အရှင် ယူတော်မူသောအရာသည် အရှင်မြတ်ပိုင်ဆိုင်တော်မူသော အရာသာဖြစ်သည်။ ထိုအရှင်မြတ် ပေးသောအရာသည်လည်း ၎င်းအရှင်မြတ်ပိုင်ဆိုင်သောအရာသာဖြစ်သည်။ အရာခပ်သိမ်းတို့သည် ထိုအရှင့်ထံ၌ သူ့အချိန်နှင့်သူ သတ်မှတ်ထားသည့်အတိုင်းသာဖြစ်သည်။ ထို့အတွက် သည်းခံရမည်သာ ဖြစ်သည်။ အကောင်းမျှော်ကိုးရမည် ဖြစ်၏။

သမီးတော်သည် ဒုတိယအကြိမ်မရအရ ခေါ်ခိုင်းပြန်၏။ ထိုအခါ တမန်တော်မြတ် တပည့်များနှင့်အတူ ကြွသွား၏။ မြေးကလေးကို တမန်တော်မြတ် ရင်မှာပွေ့လိုက်၏။ မြေးလေးမှာ အသက်ငင်နေရှာ၏။ ဤသို့ သနားစဖွယ်ဖြစ်အင်ကို မြင်ရသောအခါ မျက်ရည်များယိုစီးကျလာသည်။ သာဝကတပါးက "ဤကားအသို့ပါနည်း" ဟု မေးလျှောက်ရာ၊ တမန်

တော်မြတ်က "သနားကြင်နာမှုဖြစ်သည်၊ အလ္လာဟ်သည် ဤသနားကြင်နာမှုကို မိမိကျွန်များ၏နှလုံးသားတွင် ထည့်သွင်းထားတော်မူသည်။ မိမိ၏ကျွန်များအနက် သနားကြင်နာစိတ်ရှိသူတို့ကိုသနားကြင်နာတော်မူ၏" ဟု ဖြေလိုက်သည်။

တစ်ရက်၊ နေမကောင်းသော သားဝကကြီး စအဒ်ဗ်ဒ်ဗုနုအူဗါဒဟ်ထံ ကြွလာ၏။ အခြေအနေကိုကြည့်ပြီး တမန်တော်မြတ်က "ဆုံးပြီ" ဟု မိန့်ဆိုလိုက်၏။ တမန်တော်တို့က "မဆုံးသေးပါ" ဟု လျှောက်ကြသည်။ တမန်တော်မြတ် စတင်ငိုကြွေးတော်မူ သာဝကများလည်း ငိုကြွေးကြလေ၏။ ထိုနောက် တမန်တော်မြတ်က "အလ္လာဟ်အရှင်မြတ်သည် နှလုံးသားများ၏ ကြေကွဲမှုကို အားမြစ်တော်မူသည်မဟုတ်၊ သို့ရာတွင် (နှုတ်လျှာကိုညွှန်ပြကာ) ဤသည်ကြောင့် ပြစ်ဒဏ်ခံရတတ်သည်" ဟု မိန့်ဆိုလိုက်သည်။

သားတော် ဣဗ်ရာဟီမ် ကွယ်လွန်သည့်အခါ တမန်တော်မြတ်သည် မေတ္တာမျက်ရည်တို့ယိုစီးကျဆင်းလာသည်။ သာဝကကြီး အဗ်ဒုရ်ရဟ်မာန် ဣဗ်နုအောက်ဖ်က "ဤကား အသို့ပါနည်း" ဟု လျှောက်ရာ၊ "ဤသည် မေတ္တာ၊ ကရုဏာဖြစ်သည်" ဟု မိန့်ဆိုသည်။ သာဝကကြီး အဗ်ဒုရ်ရဟ်မန်က ထပ်၍လျှောက်ပြန်ရာ၊ တမန်တော်မြတ်က—

إنّ العين تدمع، والقلب يحزن، ولا نقول إلا ما
يرضى ربنا، وإنا بفراقك يا إبراهيم لمحزونون

မျက်လုံးမှမျက်ရည်ယိုစီးသည်၊ နှလုံးကြေကွဲသည်၊ အလ္လာဟ်
ကျေနပ်ခြင်းမရှိသည်ကို ငါမပြော၊ အို.... ဣဗ်ရာဟီမ်၊ မင်း
နှင့် ကွဲရသည်ကို ငါတို့ဝမ်းနည်းကြသည်။

ဤဖြစ်ရပ်များ(သေခြင်းများ)မှာ ယာယီပါ။ ယင်းတို့၏အရာထင်မှုမှာ သက်ဆိုင်ရာလူတို့အပေါ်၌ ကန့်သတ်ထားသည့်အချိန်အထိပဲ ရှိတတ်ပါသည်။ သို့ပင်တစေ နှစ်ရှည်လများ ခြားအန္တရာယ်ကြီးငယ်တို့ကို ရဲရင့်စွာ ရင်ဆိုင်နိုင်ခြင်းမှာကား ခဲ‌ဦးသည်။ မက္ကာမြို့မှမဒီနာမြို့သို့ မရွှေ့ပြောင်းမီ (၁၃)နှစ်တိုင်တိုင် သူယုတ်မာတို့က တမန်တော်မြတ်အား ဒုက္ခများပေးခဲ့ကြသည်။ မဒီနာမြို့တွင် ၈-နှစ်တိုင်တိုင် ရန်သူတို့အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ကြသည်။ ပြည်နှင်ရန်၊ လုပ်ကြံရန် အားထုတ်ခဲ့ကြသည်။ တမန်တော်သည်

ထိုဘေးမြားများကိုသည်းခံခြင်း–ဟူသော ဒိုင်းဖြင့် ကာကွယ်ခဲ့သည်။

ထိုထက်ပို၍ခဲယဉ်းခြင်းမှာ မိမိစေတနာအလျောက် ဖြစ်ပေါ်သည့် ဒုက္ခကြီးငယ်တို့ကို ခွင့်လွှတ်ခြင်းပင်တည်း။ စစ်ပွဲများတွင် စစ်ရေးသာလာသည်နှင့်အမျှ အစ္စလာမ့်ဘဏ္ဍာတော်မှာ ပြည့်၍ ပြည့်၍လာသည်။ သို့သော် အလှူဒါနပြုရာတွင် အတိုင်းမသိရက်ရောစွာ ဘဏ္ဍာတော်ရှိ ပစ္စည်းတို့ကို တခုမကျန်လှူဒါန်းပစ်သည်။ ထိုအတွက်ကြောင့်ပင် တမန်တော်နှင့်တကွ အိမ်တော်သူ/သားများမှာ ဆင်းရဲစွာ နေကြရရှာသည်။ မကြာခဏအငတ်ပြဿနာနှင့် ရင်ဆိုင်ကြရသည်။ တမန်တော်မြတ် ဤဒုက္ခတို့ကို ဘာကြောင့်ခံခဲ့ပါသနည်း။ သည်းခံခြင်းအရသာကား စားဖွယ်စုံလင်စွာသုံးရသော အရသာထက်လည်းကောင်း၊ လှပသော အဝတ်တို့ကိုဝတ်ဆင်ရ၍ ခံစားရသော အရသာထက်လည်းကောင်း မတူ ထူးခြားခြင်းကြောင့်တည်း။

ထိုထက်ပို၍ ခဲယဉ်းခြင်းမှာ ရန်သူများ ပစ်သောမြားမဟုတ်၊ မိတ်ဆွေရင်းခြာများပစ်သော မြားဒဏ်ခံရခြင်းပင်။ တမန်တော်မြတ် ဘဝတွင် ဤအဖြစ်မျိုးနှစ်ကြိမ်ရှိခဲ့သည်။ စိတ်စောသောလူငယ်တို့က တမန်တော်၏ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ စောဒကတက်ခဲ့ကြသည်။ (ယင်းဆောင်ရွက်ချက်မှာ အကျိုးမဲ့မဟုတ်) ထိုနည်းတူ ဟုနိုင်န်စစ်ပွဲမှရရှိလိုက်သည့် သုံ့ပန်းပစ္စည်းများကို ခွဲဝေပေးတော်မူသည့်ကိစ္စမှာလည်း အန်ဆွာရီလူငယ်တို့က သူတို့ရထိုက်သော ပစ္စည်းများကို သူတပါးအား အဘယ်ကြောင့် ပေးပါသနည်းဟုစိတ်နာစကားဆိုခဲ့ကြသည်။ တမန်တော်မြတ်က –

رحمة الله على موسى قد أوذي بأكثر من ذلك فصبر

တမန်တော်မူစာအပေါ် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော် သက်ရောက်ပါစေ၊ တမန်တော်မူစာသည် (မိမိ၏မိတ်ဆွေတို့ ဘက်မှ ဤထက်ပို၍ ဒုက္ခပေးခြင်းခံခဲ့ရသည်။ သို့တစေလည်း တမန်တော်မူစာ သည်းခံခဲ့ပါသည်.... ဟူ၍ ပြောကြားတော်မူလိုက်လေသည်။

# ပြင်ဆင်ဖတ်ရှုပါရန်

| အမှားစာတွင် | အစ္စလာမ်သာသနာရေးရာကောင်စီဟု ပြင်ဆင်ဖတ်ရှုရန် |
|---|---|
| မဖျော်လင့်မိပါ | မမျှော်လင့်ခဲ့ပါ |
| အစ္စလာမ်တိုင်းရင်းဘာသာ | အစ္စလာမ်ကို တိုင်းရင်းသားဘာသာ |
| ကျားကုတ်ကျားခဲ | ကျားကုတ်ကျားယက် |
| ယင်းကြောင့် ထာဝရ | ယင်းသည့် အကြောင်းများကြောင့် |
| အစ္စလာမ်ဘာသာဝင် | အစ္စလာမ်သာသနာဝင် |

| အမှား | အမှန် | စာမျက်နှာ |
|---|---|---|
| မိုရ်ကောင်းပဲပါသည် | ပိုရှိကောင်းပါသည် | ၁၆ |
| သနည်း၊ ဦးစွာမှထမ | တနည်း။ ဦးစွာ ပထမ | ၁၈ |
| ဟာရာမ်မဖြစ်ကြောင်း၊ | ဟာရာမ်ဖြစ်ကြောင်း | ၁၈ |
| စစ်ပဲ | စစ်ပွဲ | ၂၀ |
| များတင်၊ ၅၅း၄၅ | များတွင်၊ ၅း၄၅ | ၂၀ |
| က်သေ ၄ ဦး | သက်သေ ၄ ဦး | ၃၀ |
| ပညာ | ပညာ | ၄၂ |
| ည်သန့်ပြီး | ရည်သန် | ၄၉ |
| ပါအ | ပါက | ၅၃ |
| ရစ်တည် အရဖောက်၊ တဆွဝါ၊ | ရပ်တည်၊ အရဖောက်၊ ကတ်ဆွဝါ | ၅၄ |
| အဘင့်အဘန် | အဆင့်အတန်း | ၅၆ |
| အဖ်ဒူမွတ္တလိဒ် | အဗ်ဒူမွတ္တလိဒ် | ၅၉ |
| အော်ဟာစ်လှေ့ ရှိမိကြသည် | အော်ဟာစ်လှေ့ ရှိခဲ့ကြသည် | ၆၇ |
| စည်းမျဉ်းနှင့်၊ စည်းမျဉ်းနှင့်၊ | (နှစ်ခါဖြစ်နေသည်) | ၇၆ |
| ပြန်လည်စိစ | ပြန်လည်စိစစ် | ၇၈ |
| အိုင်ယာမီကရှုံက် | အိုင်ယာမိတရှုရိုက် | ၈၂ |
| ဆင်ခြေဖုံးအရမ် | ဆင်ခြေဖုံးအရပ် | ၈၇ |
| အဟ်ရိုပ်ဆွလာတ် | မဃ်ရိဗ်ဆွလာတ် | ၉၃ |
| ဖွာတွမော၊ အလှုန့်ချွမ်းတော၊ | ဖွာတီမဟ်၊ အလှန်ချစ်တော် | ၁၁၀ |
| ဖွာထွမဖ် | ဖွာတီမဟ် | ၁၁၆ |

| အမှား | အမှန် | စာမျက်နှာ |
|---|---|---|
| ခံစားခွန့၊ မူဟာဂျီဦ | ခံစားခွင့်၊ မူဟာဂျီရ် | ၁၁၇ |
| တ ီး(ဒွလ်ဒွလ်) | တ ီးဟ်(ဒွလ်ဒွလ်) | ၁၁၉ |
| စုဗ္ဗိူဟ် | စုဗ္ဗိူးယ | ၁၂၂ |
| အကိဘ်က | အကီလ် | ၁၂၅ |
| အအာပ | အလှအပ | ၁၂၆ |
| မထိစ်အူးဒ် | မတ်စ်အူးဒ် | ၁၂၈ |
| စား–ာကို၊ အ–ရာ၊ | စာများကို၊ အက္ခရာ | ၁၃၉ |
| သံချပ်အင်္ကျီ( )ထည်ကိုပင် | သံချပ်အင်္ကျီ(၂)ထည်ကိုပင် | ၁၃၉ |
| မစ္စံ၊ မှအထိ | မဒီနာမြို့၊ အထိ | ၁၅၀ |
| ငါးကြိုငါးခုံ၊ သုံးကြိ၊ | ငါးကြိမ်ငါးခါ၊ သုံးကြိမ် | ၁၅၈ |
| စူရယ်ဟီးန် | စူရယ်ဘီးန် | ၁၅၉ |
| အိမ်ထောင်၏ | အိမ်တော်၏ | ၁၇၁ |
| အိုးထိန်းတာ် | အိုးထိန်းတော် | ၁၇၆ |
| မူကွင်၊ ခဲ့ဖေသည် | မူတွင်၊ ခဲ့ပေသည် | ၁၉၂ |
| တပန် | တမန် | ၁၉၆ |
| အဗူလဟာဗ် | အဗူလဟဗ် | ၁၉၇ |
| ဤနှစ်ဒ ာက် | ဤနှစ်နောက် | ၂၀၁ |
| တပန်တော် | တမန်တော် | ၂၀၃ |
| ရဲ | ငရဲ | ၂၀၃ |
| ရှိခဲ့ပေသ | ရှိခဲ့ပေသည် | ၂၂၃ |
| ဆွလာပ်၊ စွန္နပ် | ဆွလာတ်၊ စွန္နတ် | ၂၂၆ |
| ငရဲ ီး | ငရဲမီး | ၂၂၉ |
| အနှားကွ | အနားကွပ် | ၂၃၃ |
| ပေါန်း၊ တန်မေသာ်၊ ၎ ရက် | ပေါင်း၊ တမန်တော်၊ ၁–ရက် | ၂၃၅ |
| ဆွောင်မိဝိဆွလာတ် | ဆွောင်မိမိဆွလာလ် | ၂၃၆ |
| အရှင်သင် | အရှင်သခင် | ၂၃၆ |
| အတူတစ်ကြိမ်၊ ပေါင်းကြိမ် | အတူ တစ်ကြိမ်၊ ပေါင်း(၄)ကြိမ် | ၂၃၉ |
| ဆူဒိုအာ | ဆုဒိုအာ | ၂၄၀ |

| အမှား | အမှန် | စာမျက်နှာ |
| --- | --- | --- |
| ထသွား | ဆွလာစာတ်ဝတ်ပြုရန် ထသွား | ၂၄၁ |
| ကုရ်အာနီကျမ်းမြတ် | ဝတ်ပြုရာတွင် ကုရ်အာန်ကျမ်းမြတ် | ၂၄၁ |
| ချမ်းမြေ့၊ ညဥ့်အချိန်တွင် | ဝမ်းမြောက်၊ ညဥ့်အချိန်ဝတ်ပြုရာ၌ | ၂၄၂ |
| ဖြစ်သည် တမန့်တော် | ဖြစ်သည်မှာ တစ်ရက်တမန်တော်မြတ် | ၂၄၂ |
| သွားသည်ဆိသော် | သွားသည်ဆိုသော် | ၂၄၃ |
| ဝိက်ရ်၊ ရကာအတ် ၂ | ဝိတ်ရ်၊ ကဏ္ဍ၂ | ၂၄၄ |
| ဓောင်မဟ် | ကိယာမ် | ။ |
| ရကာအတ်(၂)၊ ကောင်မဟ် | ကဏ္ဍ(၂)၊ ကိယာမ် | ၂၄၄ |
| အချို့စစ်သည် | အချို့မွတ်စလင်စစ်သည် | ၂၄၆ |
| မွတ်စလင်စစ်၊ ဟုမ္မဒ် | မွတ်စလင်များစစ်။ ဟုဗလ် | ။ |
| အတူတကူနေတော် | အတူတကွ ကျူးရင့်နေတော် | ။ |
| ရွှေ၊ အချိန်မီမပြု | မရွှေ၊ အချိန်မီဝတ်မပြု | ၂၄၇ |
| အစ်စ်လုဟ် | ကစ်ဗ်လဟ် | ၂၅၂ |
| အုဟိုင်ဟီရွှေဗ်နုဗ်ကာ | အုဗိုင်ယ်ဗ္ဗူဗ်နုကာအိမ် | ၂၅၂ |
| ဦးရီးတော်၊ လွှစတွေမဟ် | ဦးရီးတော်၊ ဖွာတွေမဟ် | ၂၅၃ |
| ရှိသေငြား | ရှိသေခန့်ညား | ၂၅၄ |
| အဖူဒါဝုဒ် | အဗူဒါဝုဒ် | ၂၅၅ |
|  | ကုရ်အာန် ၂း ၁၆၅ | ၂၅၈ |
| လူတစ်ယောက် | ကျွန်တစ်ယောက် | ၂၅၈ |
| ယင်း — ရကာအတ် | ယင်း ၂ ရကာအတ် | ၂၅၉ |
| တမှန့်တော်အရှင် | တမန်တော်မြတ် | ၂၆၀ |
| တ – ကူလ် | တဝက္ကုလ် | ၂၆၁ |
| အတွဲ ၁ ဆုံးပိုင် | အတွဲ ၁ အဲဆုံးပိုင်း | ၂၆၂ |
| စုရာကလ္လကူဗ်နုဂျိအ်ရှန်မ် | စုရာကဟ်ကူဗ်နုဂျုဗ်နှမ်မ် | ၂၆၃ |
| တဲ့ကော် | တဲတော် | ၂၆၆ |
| ထို ါ | ထိုအခါ | ၂၆၇ |
| မိန်းမမျိုး | အမျိုးသမီး | ။ |

| | | |
|---|---|---|
| ထိုမိန်းမပျို | အဆိုပါအမျိုးသမီး | ၂၇၀ |
| သူ၏ | တမန်တော်မြတ်၏ | ၂၇၁ |
| အရှင်အား | တမန်တော်မြတ်အား | ။ |
| စအ်ဒ် | စအ်ဒ် | ၂၇၄ |
| လူသားတို့မှာ ရင်သွေး | လူသားတို့မှာ မိမိတို့၏ ရင်သွေးတို့ကို | ၂၇၅ |
| အ ါ | အခါ | ၂၇၆ |
| တမန်တော်တို့က | သာဝကတို့က | ၂၇၆ |
| ထိုဘေးမြွား | ထိုသို့သော မြွားများ | ၂၇၇ |

ဟစ်ဂျရီသက္ကရာဇ် ၁၃၉၅၊ ထုံဟရမ်လ ၂၀-ရက်၊ ခရစ်သက္ကရာဇ် ၁၉၇၅ ခု ဖေဖော်ဝါရီလ ၃-ရက် တနင်းလာနေ့တွင် တမန်တော်မြတ် စတုတ္ထတွဲကို ရေးသားပြီးစီးပါသည်။

ဃာဇီ